www.burmeseclassic.com

# ဂျူး

# မြစ်တို့ငေါ်မောယာ

ဒုတိယအကြိမ်

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# ဂျူးစာပေ စာအုပ်အမှတ် (၁၂)

စာဘူး ၁၆၆၊ ဗဟိုစာတိုက်ကြီး၊ ရန်ကုန်။
အမှတ် ၈၅၊ အခန်း ၉၊ အထက်ကြည့်မြင်တိုင်လမ်း၊ ရန်ကုန်။

www.burmeseclassic.com

www.burmeseclassic.com

မျက်နှာဖုံးပန်းချီ ပိုပို
မျက်နှာဖုံး ခွင့်ပြုချက် ၅၅၆/၉၇ (၁၁)
စာမူခွင့်ပြုချက် ၄၂၈/၉၇ (၉)
ထုတ်ဝေသူ ဦးမိုးကြည်၊ မိုးကြည်စာပေ
၃၈၇/က၊ ဖျာပုံလမ်း
၇–ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း
ရန်ကုန်။
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် ဒေါ်ခင်ခင်ဝင်း
ကလျာအော့ဖ်ဆက်
၁၅၂၊ ကျွန်းချောင်းမြိုင်လမ်း၊ သုဝဏ္ဏ
ရန်ကုန်။
ပုံနှိပ်ခြင်း ဒုတိယအကြိမ်
၁၉၉၈ ခုနှစ်၊ နိုဝင်ဘာလ
ပထမအကြိမ် ပုံနှိပ်ခြင်း ၁၉၉၀ ခုနှစ်၊ ဒီဇင်ဘာလ
ဖြန့်ချိရေး ‘မိုး’ ဖြန့်ချိရေး
၁၄၊ အနောက်မြင်းပြိုင်ကွင်းလမ်း
တာမွေ၊ ရန်ကုန်။ ဖုန်း–၅၄၄၂၉၁
အုပ်ရေ 1800
တန်ဖိုး
စာအုပ်ချုပ် ကိုမြင့်

## ကျေးဇူးပင်ကျူး

ဤဝတ္ထုကိုပြန်ထိုးရာတွင် အောက်ပါပုဂ္ဂိုလ်များ၏ အကူအညီမပါဘဲ မည်သို့မျှ မဖြစ်နိုင်ပါ။
ထို့ကြောင့်...

(၁) ဒေါ်ယဉ်ယဉ်ထွန်း (မဟာဝိဇ္ဇာ)
မြန်မာစာဌာန၊ ရေနံချောင်းကောလိပ်။

(၂) ဒေါ်ခင်စန်းတင့် (မဟာဝိဇ္ဇာ)
မြန်မာစာဌာန၊ ရေနံချောင်းကောလိပ်။

BURMESE CLASSIC .com

(၃) ဦးအောင်စောဝင်း (မဟာဝိဇ္ဇာ)
မြန်မာစာဌာန၊ မန္တလေးတက္ကသိုလ်။

(၄) ဦးထွေးစိန်၊ ကိုခင်မောင်အေး (ရာမယွန်းထည်လုပ်ငန်း)
ကိုခင်မောင်ဇော် (မြန်မာ့ဟိုတယ်နှင့်ခရီးသွားဌာန)
မိသားစု၊ ပုဂံမြို့။

(၅) ကိုမြင့်အောင် (ကြည့်မြင်တိုင်မြို့နယ်)
တို့အား အထူး ကျေးဇူးတင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

*To Leslie*
*in loving memories*

ကေသီ

www.burmeseclassic.com

www.burmeseclassic.com

### အခန်း တစ်

ဤ အဖြစ်အပျက်အားလုံး ၁၉၈၇ ခုနှစ်တွင် မန္တလေး တက္ကသိုလ် မြန်မာစာဌာနၥှ စတင် မြစ်ဖျားခံခဲ့၏။

အဓိကတရားခံမှာ မြန်မာစာမဟာဝိဇ္ဇာဘွဲ့ယူကျမ်း ခေါင်းစဉ်များ ဖြစ်သည်။

ကေသီသည် ကျမ်းခေါင်းစဉ်နှင့် ပတ်သက်၍ ပထမဦးဆုံး သိုးနက်ချက်ကို ကျမ်းခေါင်းစဉ်များ ရွေးချယ်စုစည်းနေစဉ်ကတည်းက အမှတ်ထင်ထင် ခံခဲ့ရလေသည်။

သူမသည် အထက်တန်းကျောင်းသူ ဘဝမှာကတည်းက မြန်မာစာကို အလွန်စိတ်ဝင်စားခဲ့သူဖြစ်သည်။ မြန်မာစာပေ သမိုင်းကြောင်းကိုလည်း အတော်အတန် စိတ်ဝင်စားခဲ့သည်။ ထို့ကြောင့်လည်း အခြေခံ ပညာအထက်တန်း အောင်မြင်သောအခါ အင်္ဂလိပ်စာနှင့် သင်္ချာဂုဏ်ထူးရပါလျက် မြန်မာစာအဓိကဘာသာကို ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ရွေးချယ်ခဲ့သူ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မြန်မာစာ အဓိကကျောင်းသူဘဝ ရောက်သောအခါ မြန်မာ ကျောက်စာကို စိတ်ပါဝင်စားခဲ့သည်။ ထို့နောက် မဟာဝိဇ္ဇာတန်း ရောက် သည်အထိ ကေသီ စိတ်အဝင်စားဆုံး မြန်မာစာအမျိုးအစား မှာ ကျောက်စာသာ ဖြစ်ခဲ့သည်။ ထို့ကြောင့်လည်း သူမ၏ မဟာဝိဇ္ဇာ ဘွဲ့ယူကျမ်းခေါင်းစဉ် နှစ်ခုလုံးတွင် ကျောက်စာကို လိပ်ပြာသန့်စွာ ရွေးချယ်ခဲ့သည်။

'လိပ်ပြာသန့်စွာ...' ထိုစကားသည် ကေသီ့အတွက် အလွန် အရေးကြီးသော စကားလုံးဖြစ်ခဲ့ပါသည်။

ကေသီတို့ မြန်မာစာတွင် အလှဘုရင်မဘွဲ့ရသော မိမိခင် ဟူသည့် အတန်းဖော်တစ်ဦးက သူမကို စကားတင်းဆိုသည့် အချိန် အထိ သူတို့တန်ဖိုးထား စိတ်ဝင်စားသော ဆရာဦးရန်နိုင်ကို ကျမ်း ခေါင်းစဉ်များနှင့် ယှဉ်တွဲ၍ မမြင်ယောင်ခဲ့မိပါ။

"ငါတို့ဖြင့် ဆရာဦးရန်နိုင်ကို ရင်းနှီးချင်ရုံနဲ့တော့ ဒီလော ပျင်းဖို့ကောင်းတဲ့ ကျောက်စာကို သီးဆစ်(စ်)မတင်နိုင်ဘူးဟေ့ သိလား"

မိမိခင် ပြောသည်ဆိုသော ထိုစကားကို ကေသီ့ဆီ သယ် ဆောင် လာသူက ကေသီနှင့် ခုံနံပါတ်ချင်း ကပ်လျက် အေးအေးသွ ဖြစ်သည်။

ထိုစကားကို ပြန်ကြားလိုက်ရသောအခါ သူမ မမျှော်လင့်ဘ ရှက်သွေးမွှန်ကာ ဒေါပွသွားခဲ့၏။

"ဘာဖြစ်လို့ သူငါ့ကို အဲလိုပြောချင်ရတာလဲ ဟ အေးသွယ်"

သူမ စိတ်ထိခိုက်ရှက်ရွံ့စွာ၊ နားမလည်စွာ အေးအေးသွ ကို မေးမိတော့ သူငယ်ချင်းက ခပ်ပေါ့ပေါ့ ရယ်မောလေသည်။





"နင်ကလဲ မသိဘူးလား၊ အဲဒါ နင့်ကို သူ မနာလိုလို့ပေါ့"

သူမ ပို၍ပင် နားမလည်နိုင်အောင် ဖြစ်ရပြန်လေသည်။

"ဘာဖြစ်လို့ မနာလိုရမှာလဲ"

"ဪ... ကေသီကလဲ၊ သူက ကွင်း သာရထားတာ ကိုယ် လုံးကိုယ်ပေါက်က လှနေလို့သာ မျက်နှာကျပုံက နင်လို လှတာ မဟုတ် ဘူး၊ နင်ကမှ မျက်နှာလေးက အပြစ်ကင်းကင်းကလေး လှတာသိလား၊ နင့် မျက်နှာလေးကို ကြည့်လိုက်ရင်လေ ရင်ထဲကိုအေးသွားတာပဲ သိလား"

"အို..."

ကေသီ ခက်ခဲစွာ ပြုံးလိုက်ရင်း လက်ဖျားများဖြင့် ပါးနှစ် ဘက်ကို အသာအယာ ပွတ်သပ်လိုက်တော့သည်။ တကယ်လည်း ကေသီသည် အပြစ်ကင်းစွာ ချစ်စဖွယ်လှပသူဖြစ်သည်။

သူမကို ရုတ်တရက် မြင်လိုက်လျှင် ဖြူသွယ် မြင့်မားသော ကိုယ်ခန္ဓာကို ပထမဆုံးသတိပြုမိကြသည်။ ထို့ နောက် ရှန်းလဲ့ဝိုင်းစက် သော မျက်ဝန်းနက်နက်များ၊ ထို့နောက် အနည်းငယ် လေးထောင့် ပုံစံကျသည့် မေးရိုးများဖြင့် ဝန်းရံထားသော မျက်နှာခပ်သွယ်သွယ်၊ ထို့နောက် ပြေပြစ်သော ကကြီးပုံ နဖူး၏ အလယ်မှ ဆံညွန့်ချွန်ချွန် ကလေး၊ ထို့ နောက် အစဉ်အမြဲ တည်တံ့ ကြွေကြီးသော နှုတ်ခမ်းစိုစို ကလေးများ။

သူမ၏ မျက်ဝန်းများသည် ယောကျ်ား တစ်ယောက်ကို ရင်းနှီးကျွမ်းဝင်ရန် အလွန် ဝန်လေးမည့်ပုံစံ ဖြစ်သည်။ ခိုင်မာသော မေးရိုးများက ခေါင်းမာစွာ တစ်ဇွတ်ထိုး နိုင်မည့်ပုံ ဖြစ်သော်လည်း အနည်းငယ်ဖောင်းကြွသော နှုတ်ခမ်းများကမူ အမှန်တရားကို



www.burmeseclassic.com

www.burmeseclassic.com



ချစ်မြတ်နိုးသည့် မိန်းကလေးတစ်ယောက်ဖြစ်နိုင်ကြောင်း ထောက်ခံလျက်ရှိသည်။

"နောက်ပြီး မိမိခင်က နင့်လောက်လဲ စာတော်တာ မဟုတ်ဘူး၊ ဆရာဦးစားပေး စာရင်းထဲမှာလဲ ပထမနေရာမှာ မဟုတ်ဘူး၊ ဒီတော့ သူ နင့်ကို မနာလိုလို့ ဒီစကားမျိုး ပွင့်အန်ထွက်လာတာဟ"

အေးအေးသွယ် ဖြေရှင်းပြသည်ကို ကေသီ မယုံနိုင်စွာ ခေါင်းခါ ယမ်းလိုက်၏။

ဆရာ့ ဦးစားပေး စာရင်းထဲလည်း သူက ပထမနေရာမှာ မဟုတ်ဘူးတဲ့။

ဒါဖြင့် ဆရာ့ဦးစားပေး စာရင်းထဲတွင် မည်သူက ပထမနေရာမှာ ရှိသည်ဟု အေးအေးသွယ် ယူဆပါလိမ့်၊ ထိုမေးခွန်းကို ကေသီ မမေးပါ။ မေးရန် မသင့်တော်ဘူးဟု ထင်သည်။

ကေသီ့ စိတ်အထင်တော့ မိမိခင်သည် ဆရာ ဦးရန်နိုင်၏ ဦးစားပေး စာရင်းထဲတွင် ပထမနေရာ၌ ရှိနေပါသည်။ ဆရာ ဦးရန်နိုင်နှင့် မိမိခင်၏ အစ်ကိုမှာ သူငယ်ချင်းများ ဖြစ်ကြသည်တဲ့။ မိမိခင်နှင့် ဆရာကလည်း ခင်မင်ရင်းစွဲ ရှိခဲ့သည် တဲ့။ မိမိခင်က စာသင်ခန်း အပြင်ဘက်တွင် ဆရာ့ကို 'ကိုကိုနိုင်' ဟုခေါ်တတ်သည်တဲ့။ ဘယ်ကျောင်းသူမဆို 'မ' တတ်၍ နာမည် အပြည့်အစုံ ခေါ်တတ်သော၊ ဆရာမ ငယ်ငယ်ကလေးများကိုပင်လျှင် 'ဒေါ်' တပ်၍ နာမည် အပြည့်အစုံခေါ်လေ့ ရှိသော ဆရာ ဦးရန်နိုင်သည် မိမိခင်ကိုတော့ 'မိ' ဟု တစ်ခါတစ်ရံ ခေါ်တတ်သည် တဲ့။ သူမ သတင်းကြားပြီးပါပြီ။

သို့သော် ကေသီ့ စိတ်ထဲလည်း ဆရာဦးရန်နိုင်ကို မိမိထက် ရာထူးမြင့်သော လေးစားဖွယ် ဆရာတစ်ဦး အဖြစ်မှတစ်ပါး တစ်ခါမျှ





စိတ်လိုလက်ရ မတွေးမိဘူးခဲ့။ ဆရာ့အကြောင်းကိုလည်း စိတ်ဝင်တစား တစ်ခါမျှ မစုံစမ်းဘူးခဲ့တာ သေချာပါသည်။ ဒါနှင့်များတောင် ဘာဖြစ်လို့ ဆရာဦးရန်နိုင်ကို ကေသီက ရင်နှီးချင်သည်ဟု မိမိခင်က ကောက်ချက်ချပါသလဲ။

ဆရာဦးရန်နိုင်သည် ကေသီတို့ မြန်မာစာဌာနတွင်သာမက မန္တလေးတက္ကသိုလ် တစ်ခုလုံးတွင် ရုပ်ရည် ချောမော တည်ကြည်ဆုံး ယောက်ျားတစ်ဦးဖြစ်သည်ကို မည်သည့် ကျောင်းသူမျှ မငြင်းနိုင်ပါ။ ကေသီလည်း မငြင်းပါ။

သူသည် အရပ်မနိမ့်မမြင့်၊ ညိုစိမ့်စိမ့် စို၍ ဝင်းနေသော အသားအရေရှိသည်။ ဆံပင်က ဆရာတစ်ယောက် အနေနှင့် ရှည်မလို ထင်ရသော်လည်း ပါးလျားပျော့ပြောင်းသော ဆံပင်ညိုညိုတို့သည် ဆရာ့ရုပ်ရည်ကို ရင့်ကျက် မသွားစေနိုင်ခဲ့ပါ။ မျက်ခုံးကတော့ အနည်းငယ် ပါးလျား သေးမျှင် ချင်သည်။ မျက်တောင်ကော့များဝန်းရံထားသော မျက်လုံးများက အလျားနည်းနည်းရှည်ပြီး နက်မှောင် စူးရှနေလေ့ ရှိသည်။ နှာတံက ဖြောင့်စင်းပြီး ချွန်သည်။ ဥရောပ တိုင်းရင်းသားများ၏ နှာတံမျိုးဖြစ်၏။ နှုတ်ခမ်းကတော့ ဆရာ့တစ်မျက်နှာလုံးမှာ အလှပဆုံးဖြစ်သည်။ ပါးလှပ်ကာ ပုံပန်းကျသော်လည်း နီထွေးလှပလွန်းသောကြောင့် ဆရာ့အပြုံးမှာ တစ်ခါတစ်ရံ မိန်းမချော တစ်ယောက်၏ အပြုံးလှလှနှင့် တူချင်ချင်။သို့သော် လှပသော နှုတ်ခမ်းသည်လည်းကောင်း သွယ်ချွန်းသော မေးစေ့သည် လည်းကောင်း ဆရာ၏ ယောက်ျားပီသသော ဣန္ဒြေကို မဖျက်ဆီး နိုင်ချေ။

ဆရာ ဦးရန်နိုင် ပြောင်းလာခါစက ကေသီက တတိယနှစ် ဂုဏ်ထူးတန်း ကျောင်းသူဖြစ်သည်။ ပင်မတက္ကသိုလ်၊ မြန်မာစာဌာန ရှေ့တွင် ကျောင်းသူတွေ မသိမသာ ဖြတ်သွားရင်း ဆရာ့ကို ချောင်း



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လေ့ရှိကြောင်း သူငယ်ချင်း များက အသိပေးခဲ့စဉ်က သူမ မအံ့ဩခဲ့ပါ။ ဆရာ ရုပ်ရည် ချောမောတည်ကြည်တာရော၊ အနေအထိုင် ကြန့်ရေ့ရတာရော ကေသီ သတိထားမိသားပဲ။ ဆရာတစ်ဦး အနေနှင့် အထင်လည်း ကြီးမိသားပဲ။ သို့သော် ကေသီသည် ယောကျ်ားများစွာ၏ ယောကျ်ားအဖြစ် တည်ရှိခြင်းကို သတိမမူတတ်သူသာ ဖြစ်သည်။ ထို့ကြောင့်လည်း ဆရာ့ကို ယောကျ်ားအဖြစ်ထက် ဆရာအဖြစ်သာ မြင်မိပြီး လေးစားရုံ လေးစားခဲ့မိခြင်းကို ဘုရားအဆူဆူ၏ရှေ့မှာ ကျိန်တွယ် ပြောရဲခဲ့ပါသည်။

ထို့ ကြောင့်လည်း သူမ၏ ကျမ်းခေါင်းစဉ်များကို ရက်ရွဲ့စွာ ပြောင်းလဲပစ်ဖို့ စိတ်မကူးခဲ့။ ခေါင်းမာစွာပင် တင်းခံလျက် ယခင်ကထက်ပင် ဆုံးဖြတ်ချက် ပိုမိုခိုင်မာလာခဲ့သည်။

ဤကျမ်းခေါင်းစဉ်များကို မရွေးချယ်မီ အထက်ထက်က ဆရာ ဆရာမများ၏ ကျမ်းစာအုပ် စာရင်းများကို ရှာဖွေစိစစ်ပြီး၊ စဉ်းစားပြီးမှ ဆုံးဖြတ်ခဲ့ရခြင်းဖြစ်ပါသည်။ ကျောက်စာနှင့် ပတ်သက်၍ ကျမ်းများ ပြုစုခဲ့သော စာရင်းများမှာ သိပ်များများစားစား မရှိပါ။ ဦးဝင်းမောင်၏ ပုဂံခေတ် ကျောက်စာ စကားပြေ၊ ဒေါ်ခင်ပြုံး၏ ရှေးခေတ် မြန်မာကျောက်စာများ လေ့လာချက်။ ဒေါ်သန်းသန်း၏ ပုဂံခေတ်ကျောက်စာလာ စကားပြေ အရေးအသား (ဘာသာဗေဒ လေ့လာချက်)။ ဒေါ်သန်းသန်းဦး၏ ပုဂံခေတ်ကျောက်စာလာ ကြိယာပုဒ်များ (ကျစွာမင်း အမိန့်တော် ပြန်တမ်းဘာသာဗေဒ)။ ဦးရန်နိုင်၏ ပုဂံခေတ် ကျောက်စာများ၏ ဗျည်းနှင့်သရ (ဘာသာဗေဒ လေ့လာချက်)။ ဒေါ်စန်းစန်းမြင့်၏ မြကန် မွန်ကျောက်စာ၏ ဝါကျဖွဲ့ပုံ...။





ဤစာရင်းကိုကြည့်ပြီးမှ သူမ၏ ကျမ်းခေါင်းစဉ်များကို ရွေးချယ်ယူခဲ့သည်။

ပထမ ဦးစားပေး ရာဇကုမာရ် ကျောက်စာ။ ဒုတိယဦးစားပေး ပုဂံခေတ်ဦးနှင့် ခေတ်လယ်ပိုင်း ကျောက်စာများလေ့လာချက်။ တတိယဦးစားပေး ပုဂံခေတ် မင်စာစကားပြေ အရေးအသား လေ့လာချက်။

ကေသီ၏ ကျမ်းခေါင်းစဉ် ဦးစားပေးအဖြစ် ရာဇကုမာရ် ကျောက်စာကို ရွေးချယ် စီစဉ်ထားကြောင်း ဆရာဦးရန်နိုင် တစ်နည်းနည်းနှင့် သိသွားသောနေ့က ဆရာဦးရန်နိုင် သူမကို ကြည့်သော မျက်လုံးများကို ဘယ်တော့မှ မေ့နိုင်တော့မည် မထင်ပါ။

"ဒေါ်ကေသီ ရာဇကုမာရ် ကျောက်စာကို ပထမ ဦးစားပေး တင်မလို့ဆို"

ဆရာ့ မျက်လုံးများမှာ အနက်ရောင်ဖြစ်ပြီး မည်းနက်သော မျက်တောင်ကော့များဖြင့် အနားကွပ်ထားသောအခါ စိတ်ကို ဖောက်ထွင်း ကြည့်ရှုတတ်သောမျက်လုံးများ ဖြစ်သွားလေ့ ရှိသည်။ ထိုနေ့က ဆရာ့မျက်လုံးမှာ ကေသီ့ကို အနည်းငယ် သရော်လိုသော အထင်သေး မျက်လုံးများဟု ထင်မြင်ရ၏။

ဒါဖြင့် မိမိခင် လူတကာကိုလျှောက်ပြောသော စကားတင်းဒိုကို တစ်ဆင့်စကား တစ်ဆင့်နားဖြင့် ဆရာ ကြားသိပြီးဖြစ်လိမ့်မည်။ သို့မဟုတ် မိမိခင် ကိုယ်တိုင်ပင် ဆရာ့ကို ချဉ်းကပ်ကာ ရယ်ပွဲဖွဲ့သလို စကားဆိုပြီး ဖြစ်ပေလိမ့်မည်။

"ဟုတ်ပါတယ် ဆရာ"

သူမ တအံ့တဩ ဖြေရင်း ဆရာ့ရှေ့တွင် လေးစားသမှုဖြင့် တော်တတ်ရပ်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့် အထင်တော့ ရာဇကုမာရ် ကျောက်စာကို မတင်သင့်ဘူး လို့ ထင်တယ်၊ ဘောင်ကျဉ်းလွန်းတယ်လို့ ဒေါ်ကေသီ မထင်ဘူးလား"

ဆရာ့ စကားမှာ စေတနာက ပိုများသလား၊ အထင်သေးမှုက ပိုများသလား ကေသီ မဝေခွဲတတ်ချေ။

"ကျဉ်းတော့ ကျဉ်းပါတယ် ဆရာ၊ ဒါပေမယ့် အကြောင်းအရာပိုင်းနဲ့ အရေးအသားပိုင်းနှစ်ခု ခွဲလိုက်ရင်တော့ နည်းနည်း ပို ကျယ်ဝန်းလာ မလားလို့ပါ"

ဆရာက ခေါင်းယမ်းသည်။

"ကျွန်တော်တော့ အဲဒါဟာ တမ်း (မ်) ပေပါ လောက်နဲ့ပဲ သင့်တော်မယ်လို့ ထင်တာပဲလေ။ ဒေါ်ကေသီ မာတိကာ အကျဉ်းတွေဘာတွေ စီစဉ် အခန်း ခွဲပြီးသားလား"

"ဟုတ်ကဲ့"

"ကျွန်တော် ကြည့်ပေးလို့ ရမလား"

သူမ အနည်းငယ် အံ့ဩလျက်က 'ဟာ ရပါတယ်ဆရာ' ဟုဖြေလျက် လက်ပွေ့အိတ် အကြီးကြီးထဲမှ လက်နှိပ်စက် မရိုက်ရသေးသော စာရွက်များကို ဆရာ့ထံ လှမ်းပေးလိုက်သည်။ ဆရာက လှမ်းယူလျက် ကေသီ့ စားပွဲရှေ့တွင် ဝင်ထိုင်ကာ တစ်ရွက်ချင်း၏ တစ်ကြောင်းချင်းကို စိတ်ဝင်စားစွာ ကြည့်တော့သည်။ ကေသီ့ လက်ရေးကလေးများက ယောက်ျား လက်ရေးလို ခပ်စောင်းစောင်း ခပ်သော့သော့ ဖြစ်သည်။

အဆိုပြုကျမ်းခေါင်းစဉ် ရာဇကုမာရ် ကျောက်စာ
တင်သွင်းသူ အမည် မကေသီ





| | |
|---|---|
| ခုံအမှတ် | မ( )(မဟာဝိဇ္ဇာ နောက်ဆုံးနှစ်) |
| ပညာသင်နှစ် | ၁၉၈၆ ဇရ |
| ရည်ရွယ်ချက် | ရာဇကုမာရ်ကျောက်စာ၏ အရည်အသွေးကို ဆန်းစစ်တင်ပြရန် |
| အကျိုးကျေးဇူး | ပုဂံခေတ်ဦး၏ လူမှုရေး၊ ယဉ်ကျေးမှု၊ သာသနာရေးကို လေ့လာနိုင်သည့်ပြင်၊ ပုဂံခေတ်ဦး၏ စကားပြေအရေးအသားကို ဘာသာစကားလေးမျိုးဖြင့် ဆန်းစစ်လေ့လာနိုင်ပါသည်။ |

မာတိကာ အကျဉ်း
နိဒါန်း


| | |
|---|---|
| အခန်း (၁) | အကြောင်းအရာပိုင်း လေ့လာချက် |
| ၁:၁ | သာသနာရေး |
| ၁ : ၁ : ၁ | ကောင်းမှုပြုပုံ |
| ၁ : ၁ : ၂ | ကောင်းမှုပြုသော ရည်ရွယ်ချက် |
| ၁ : ၁ : ၃ | ရဟန်းတော် လောက |
| ၁ : ၁ : ၄ | ဘာသာရေး ယုံကြည်ချက် |
| ၁ : ၂ | လူမှုရေး |
| ၁ : ၂ : ၁ | ကျွန် လူတန်းစား |
| အခန်း (၂) | အရေးအသားပိုင်း လေ့လာချက် |
| ၂ : ၁ | မြန်မာ စကားပြေ |
| ၂ : ၂ | မွန် စကားပြေ |
| ၂ : ၃ | ပါဠိ စကားပြေ |




www.burmeseclassic.com

www.burmeseclassic.com



၂ : ၄ ပျူ စကားပြေ
နိဂုံး
နောက်ဆက်တွဲ
(က) ကျောက်စာတွေ့ရှိထိန်းသိမ်းထားပုံ
(ခ) အက္ခရာပုံ မှတ်ချက်
(ဂ) ခေတ်သစ်မြန်မာအက္ခရာပြန်
(ဃ) ခေတ်သစ်မြန်မာ စာလုံးပေါင်းပြန်
ကျမ်းကိုးစာရင်း

ဆရာက ပထမ ဦးစားပေး ကျမ်းစာရွက်ကို ဖတ်အပြီးတွင် ကေသီကို မော့ကြည့်၏။ ကေသီ ယခုတိုင် မတ်တတ်ရပ်ဆဲဖြစ်ကြောင်း မြင်ရသောအခါ လက်ဟန်ပြလျက် ထိုင်ခိုင်းလေသည်။

"နှမြောစရာပဲ" ဟု ခပ်တိုးတိုး ရေရွတ်သည်။

"ရှင်"

သူမ နားမလည်လိုက်ပါ။

ဆရာက သူမကို မျက်ခုံးပင့်ကြည့်၏။

"ဪ... ဒီလောက် ကြိုးစားပြီး စုဆောင်းလာခဲ့ရတဲ့ လုပ်အားတွေကို နှမြောစရာပဲလို့ ပြောတာပါ။ ဘာဖြစ်လို့လဲဆိုတော့ ဒီကျမ်းခေါင်းစဉ်ကို ပယ်ကြမှာမို့ပေါ့"

သူမ စိတ်ထဲမှ ခံပြင်းစွာဖြင့် ပြုံးလိုက်သည်။

"ရပါတယ်ဆရာ၊ ဒီကျောက်စာကို ကျွန်မ သိပ်သံယောဇဉ် တွယ်ထားတာ ဆရာရဲ့၊ တင်တော့ တင်ကြည့်ချင်တယ်"

"ပျူစကားပြေကို ဒေါ်ကေသီ ဘယ်လောက်ကျယ်ကျယ် ပြန့်ပြန့် ဆွေးနွေးနိုင်မယ်လို့ ထင်သလဲ"





ကေသီသည် ဆရာ့ကို ခပ်ငေးငေးကြည့်၍ ခေါင်းယမ်းမိသည်။

"ကျွန်မ ဆွေးနွေးမှာက ပျူ စကားပြေအားလုံးမဟုတ်ပါဘူး ဆရာ၊ ရာဇကုမာရ် ကျောက်စာ ပျူစာမျက်နှာမှာ ရေးထိုးထားတဲ့ စကားပြေ တစ်ခုတည်းပါ"

ဆရာက စိတ်အားထက်သန်လှသော ကေသီ့ကို 'စိတ်မကောင်းသလို ပြုံးပြ၏။

"ဟုတ်ပြီလေ ကျွန်တော်တို့ သိသလောက် အရှည်ဆုံး ပျူစကားပြေကလဲ ဒါပဲမဟုတ်လား။ အဲဒီကျောက်စာကို အခြေခံပြီး ဒေါက်တာ ဘလက်(ဂ်)ဒင် သတ်မှတ်ခဲ့တာက ပျူစကားလုံး ၁၀၀ လောက်ပဲ မဟုတ်လား"

"အားလုံးပေါင်း ပျူစကားလုံး ၁၁၆ လုံး တွေ့ထားပါတယ် ဆရာ"

ဆရာက ပခုံးတွန့်ပြသည်။

"ထားပါတော့ မွန်စကားပြေကျတော့ရော၊ ဒေါ်ကေသီ ဘာတွေ ထည့်ဆွေးနွေးမှာလဲ"

ဆရာဟာ ကျွန်မကို တော်တော် အထင်သေးထားတာပါပဲလား။

"မွန် စကားပြေမှာ ပထမဆုံး ဗျည်း ၃၅ လုံးနဲ့ သရ ၁၂လုံးကို အရင် ရှင်းပြမှာပါ ဆရာ၊ ပြီးတော့ ယှဉ် ဗျည်းတွေ၊ အသတ်တွေနဲ့ ဝေါဟာရတွေကို လေ့လာပြမှာပေါ့ ဆရာ၊ ဝေါဟာရ တစ်ခုချင်းရဲ့ အနက်အဓိပ္ပာယ်၊ အဲဒီစကားရဲ့ခေတ် မွန်ဝေါဟာရ အသုံးအနှုန်း၊ နောက်ပြီး ပြောင်းသုံးစနစ်တွေ၊ ရင်းမြစ်တွေ၊ စကားစိတ်၊ စကားပေါင်း သက်ရောက် အနက်တွေ အဲဒါတွေကို လေ့လာပြမှာပေါ့ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



ဆရာ ခေါင်းတစ်ချက် ဆတ်၍ အသိအမှတ် ပြုပါသည်။

ထို့နောက် နှုတ်ခမ်းထောင့်စွန်းလေးများ ကွေးညွတ်သွားရုံ သရော်ပြုံးကလေး တစ်ချက်ပြုံးသည်။

"ကျွန်တော်က ကျောက်စာ စိတ်ဝင်စားသူ အချင်းချင်း ရိုင်းပင်းကူညီတဲ့အနေနဲ့ ဆွေးနွေးကြည့်တာပါ။ ဒေါ်ကေသီကို ကျွန်တော် တတ်နိုင်သလောက် ကူညီချင်ပါတယ်"

"ဟုတ်ကဲ့ ကျွန်မ ကျေးဇူးတင်ပါတယ် ဆရာ"

ဒါပေမယ့် ဆရာ့အပြုံးကတော့ ကူညီတဲ့အပြုံးမျိုးမဟုတ်ပါဘဲလား ဆရာ။

ထို့နောက် ဆရာက ကေသီ၏ စာရင်းမှ ဒုတိယ ဦးစားပေး ကျမ်းခေါင်းစဉ်ကို ဖတ်သည်။

| | |
|---|---|
| အဆိုပြုကျမ်းခေါင်းစဉ် | ပုဂံခေတ်ဦးနှင့်ခေတ်လယ်ပိုင်း ကျောက်စာများလေ့လာချက်။ (ကျောက်စာ ၁၅ ချပ်) |
| ရည်ရွယ်ချက် | ပုဂံကျောက်စာများကို လေ့လာခြင်းဖြင့် မြန်မာတို့၏ လူမှုရေး ယဉ်ကျေးမှု စကားပြေ အရေးအသား အဆင့်ဆင့်တိုးတက် ပြောင်းလဲလာပုံကို လေ့လာ ဆန်းစစ်ရန် |
| အကျိုးကျေးဇူး (၁) | ကျောက်စာသည် စာပေအခြေခံအုတ်မြစ် အဖြစ် အသုံးဝင်ကြောင်း |
| (၂) | စာလုံးပေါင်း သတ်ပုံနှင့် စပ်လျဉ်း၍ အဖိုးတန်ကြောင်း |
| (၃) | ရာဇဝင်ရေးရာအတွက် အသုံးဝင်ကြောင်း |
| (၄) | ဝေါဟာရ ဖြစ်ပေါ် ထွန်းကားလာပုံ |





(၅) ဝါစင်္ဂရပဒေ သို့မဟုတ် စကားလုံးက အသံပြောင်းပုံ စသည်တို့ကို လေ့လာ သိရှိနိုင်ပါသည်။

မာတိကာ အကျဉ်း

နိဒါန်း

အခန်း (၁) အကြောင်းအရာပိုင်း လေ့လာချက်

အခန်း(၁) မှ ထပ်ခွဲထားသော သာသနာရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ လူမှုရေး၊ အုပ်ချုပ်ရေး ခေါင်းစဉ်များကို ဆရာက မျက်စိ ဝေ့ကြည့်ရုံ ကြည့်သွား၏။

"ဒေါ်ကေသီ တရားစီရင်ရေးကို အုပ်ချုပ်ရေး ခေါင်းစဉ် အောက်မှာ ထည့်မှာလား၊ ဒီမာတိကာထဲမှာတော့ တရားစီရင်ရေး မပါ ပါလား"

ကေသီ ဆရာ့ကို လေးစား ချီးကျူးလိုစိတ်ဖြင့် မော့ကြည့်ကာ အမှားကို ဝန်ခံလိုက်၏။

"ဟုတ်ကဲ့ ဆရာ၊ ကျွန်မ မေ့သွားပါတယ်။ ခေါင်းစဉ် သပ်သပ်နဲ့ အခန်းသေးသေးတစ်ခု ထပ်ခွဲပြီး ထည့်လိုက်ပါ့မယ်"

ဆရာက ခေါင်းတစ်ချက် ညိတ်ကာ ကေသီ့ တရွက်ကို ငုံ့ကြည့်လိုက်သည်။

အခန်း (၂) အရေးအသားပိုင်း လေ့လာချက်

၂း၁ စာလုံးပေါင်း လေ့လာချက်

၂း၂ ဝေါဟာရ လေ့လာချက်

၂း၂း၁ လုံးချင်းနာမ်

၂း၂း၂ လုံးတွဲနာမ်



www.burmeseclassic.com

www.burmeseclassic.com



၂း၂း၃ နာမ်ပေါင်းကြိယာ
၂း၂း၄ သက္ကတ မှအသွင်ပြောင်းလာသော ဝေါဟာရများ
၂း၂း၅ ပါဠိမှ အသွင်ပြောင်းလာသော ဝေါဟာရများ
၂း၃ ဝါကျ တည်ဆောက်ပုံ လေ့လာချက်
၂း၃း၁ ဝါကျရိုးရိုး
၃း၃း၂ ဝါကျပေါင်း
၂း၃း၃ ဝါကျပြွမ်း
၂း၄ စကားပြေရေးဟန် လေ့လာချက်
၂း၅ နာမဝိသေသန အသုံး
၂း၆ ကြိယာဝိသေသန အသုံး

ဆရာက ကေသီ့ စာရင်းအားလုံးကို ဖတ်ပြီး အနည်းငယ် ပြုံးလာသည်။

"ဒီကျမ်းခေါင်းစဉ်နဲ့ ပတ်သက်ပြီး ဒေါ်ကေသီ့မှာ ချို့ယွင်းချက် မရှိပါဘူး။ ဘိုင်ဗလီယိုဂရပ်ဖီမှာတော့ နည်းနည်း ညံ့သွားတယ်နဲ့ တူတယ်"

"ဘာများပါလိမ့် ဆရာ"

ဆရာက ကေသီ့မျက်လုံးကို တည့်တည့်မကြည့်ဘဲ ဆံချည်မျှင် တစ်စမှ မရှိသော ပြောင်ထင်းသည့်နဖူးပြင်ကိုသာ ကြည့်၍ ပြော၏။

"နာမည် အစီအစဉ်လေ၊ ဦးကုလားနဲ့ ပုပ္ပါးဦးကျော်ရင် ရှေ့နောက် လွဲနေတယ်"

"အို... ကျွန်မ ဒါစီစဉ်ပြီး ရေးထားတာ မဟုတ်သေးဘူးလေ ဆရာ၊ လက်နှိပ်စက်ရိုက်တဲ့ အခါကျတော့ အဘိဓာန်စဉ်နည်းအတိုင်း စဉ်သွားမှာပါ"





ဆရာက အနည်းငယ် သရော်ချင်ဟန် စွက်သော အပြုံးဖြင့် 'ကောင်းပါပြီ၊ ကောင်းပါပြီ' ဟုဆိုသည်။

"ဒါဆိုရင် ဒီထဲကအတိုင်း မဟုတ်ဘူးပေါ့၊ ပြီးတာပါပဲ။ တော်ကြာ ဦးဖိုးလတ်ကို ဦးဖေမောင်တင်ရဲ့ ရှေ့မှာ သွားထားမိဦးမယ်၊ ဂရုစိုက်ပြီး ပြင်ပေးလိုက်ဦး၊ သဘာပတိအကြောင်းလဲ ဒေါ်ကေသီ သိလျက်သားနဲ့"

ဆရာဟာ လူတစ်ဖက်သားကို အပြစ်လိုက်ရှာတဲ့ နေရာမှာတော့ သိပ်တော်မယ့်ပုံပဲ။

ဆရာသည် ကေသီ၏ တတိယဦးစားပေး ကျမ်းခေါင်းစဉ်ကိုတော့ ခဏသာလှန်ကြည့်လေသည်၊ ခဏလေး ကြည့်လိုက်တာတောင် ဆရာက ချို့ယွင်းချက်ကို တွေ့ဖြစ်အောင် တွေ့သွားသေး၏။

"ဒေါ်ကေသီ လောကထိပ်ပန် မင်စာရော သမ္မုလ မင်စာရော ဆိုရင် မများလွန်းဘူးလား"

"ဟုတ်ကဲ့ များတော့များပါတယ် ဒါပေမယ့်..."

ဆရာက ကေသီ့ စကားကို ဖြတ်လျက် "ကိစ္စမရှိပါဘူးလေ။ ဆရာကြီးတွေရဲ့ မှတ်ချက်ကို စောင့်ကြည့်ကြသေးတာပေါ့" ဟု ခပ်မြန်မြန်ပြောသည်။ ထို့နောက် ထိုင်ရာမှ ထရပ်သည်။

"ကျွန်တော်ထင်တာတော့ ဒုတိယ ဦးစားပေးကို ချပေးလိမ့်မယ်နဲ့ တူတယ်"

ထို့နောက် ဆရာ ခေါင်းတစ်ချက် ညိတ်ပြ နှုတ်ဆက်ပြီး ထွက်ခွာသွားတော့သည်။

ဇူလိုင် လဆန်းပိုင်းမှာတော့ ဆရာ ဦးရန်နိုင် နိမိတ်ဖတ်သည့်အတိုင်း ဖြစ်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျမ်းခေါင်းစဉ် စိစစ်ရေးအဖွဲ့မှ ကေသီတို့ကို တစ်ဦးချင်း ခေါ်ယူတွေ့ဆုံသောနေ့မှာ ဆရာဦးရန်နိုင်နှင့် ကေသီစကား အနည်းငယ် ပြောဖြစ်ကြသည်။

အခန်းထဲမှ ပြန်ထွက်လာသော ကေသီကို ဆရာက ခပ်တည်တည် လာနှုတ်ဆက်သည်။

"ဘယ့်နှယ်လဲ ဒေါ်ကေသီ"

ကေသီ ဆရာ့ကို ခပ်နွမ်းနွမ်းကလေး ပြုံးပြလိုက်၏။

"ဆရာ ထင်တဲ့အတိုင်း ဖြစ်လာတာပဲ ဆရာ၊ ရာဇကုမာရ် ကျောက်စာကို ကျဉ်းလွန်းလို့ဆိုတဲ့ ဝေဖန်ချက်နဲ့၊ ပုဂံခေတ် မင်စာ စကားပြေကျတော့ များလွန်းလို့ဆိုတဲ့ ဝေဖန်ချက်နဲ့ ပယ်လိုက်တယ်လေ"

"ဒါဖြင့်..."

"ဆရာပြောသလိုပဲ ဒုတိယ ဦးစားပေးကို ချပေးလိုက်ပါတယ်"

ဆရာက ငါမပြောဘူးလား ဟူသော အမူအရာမျိုး လုံးဝမပြဘဲ ခပ်တည်တည် စူးစိုက်အကြည့်ဖြင့်သာ ကေသီ့ကို ကြည့်သည်။

"ဒေါ်ကေသီ လိုအပ်တဲ့ အကူအညီတွေကို ကျွန်တော့်ကို အားမနာဘဲ ပြောနိုင်ပါတယ်။ ကျွန်တော် ပုဂံကျောက်စာ လေ့လာချက်ကျမ်းအတွက် အစစအရာရာ ကူညီဖို့အဆင်သင့်ပါပဲ"

သူမ တအံ့တဩ ပြုံးရယ်ပြလိုက်လေသည်။

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် ဆရာ"





ဤသို့ဖြင့် လက်ထောက်ကထိက ဆရာဦးရန်နိုင်သည် ကေသီ၏ ပုဂံကျောက်စာလေ့လာချက်ကျမ်းအတွက် တရားဝင် ခန့်ထားခြင်း မဟုတ်သော လက်ထောက်ကြီးကြပ်သူ သို့မဟုတ် ၁မ်းညွှန်ကူညီသူ တစ်ယောက် ဖြစ်လာခဲ့တော့သည်။

ဏ ဏ ဏ



www.burmeseclassic.com

www.burmeseclassic.com

## အခန်း နှစ်

အစစအရာရာ စနစ်တကျ ပြုလုပ်တတ်ပုံရသော ဆရာဦးရန်နိုင်သည် ကေသီအား ကျောင်းသူငယ်ကလေး တစ်ယောက်ပမာ သဘောထား၍ ကေသီပြုစုရမည့် ကျမ်းနှင့်ပက်သက်သမျှ အသေးအဖွဲ့ကမှအစ စီစဉ်ညွှန်ကြားပေးခဲ့သည်။

ကေသီ၏ ကျမ်းကြီးကြပ်သူ ဆရာမကြီးသည် မိသားစုနှင့် စစ်ကိုင်းမှာနေပြီး နေ့စဉ် စစ်ကိုင်းမှ မန္တလေးသို့ ကျောင်းတက်သူဖြစ်ရာ ကေသီသည် တစ်လ တစ်ကြိမ် စစ်ကိုင်းသို့ သွား၍ ကျမ်းအတွက် ဆွေးနွေးရ၏။ ဆရာမကြီးက စည်းစနစ်ကြီးသူဖြစ်ပြီး အစစကို စိတ်တိုင်းကျဖို့ တော်တော်ခက်ခဲသူဖြစ်၍ ကျောင်းသူအများ ရှိသေကြောက်ရွံ့ရသူလည်းဖြစ်သည်။ သို့သော် ကေသီ့အတွက်ကတော့ ပြဿနာမရှိပါ။ ဆရာ ဦးရန်နိုင် အထပ်ထပ် ညွှန်ကြားသည့်အတိုင်း သူမ လေ့လာ ရေးသားသည်ဖြစ်၍ ဆရာမကြီး စိတ်တိုင်း မကျဖွယ်ရာ အချက်အလက်ဟူ၍ မရှိသလောက်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာကလည်း သူမအား ကျမ်းဦးပိုင်း၊ ကျမ်းစာကိုယ်ပိုင်း၊ ကျမ်းနောက်ပိုင်း ခွဲခြားပုံကအစ စီစဉ်ညွှန်ကြားခဲ့သူ ဖြစ်သည်။

"ကျမ်းဦးပိုင်းမှာ တိုက်တယ်လ်ပေ့(ဂျ်) ပါရမယ်၊ နောက်တစ်မျက်နှာမှာ တင်သွင်းသူ၊ တက္ကသိုလ်အမည် ပါရမယ်။ နောက်တစ်မျက်နှာမှာ ကျေးဇူးတင်လွှာ ပါရမယ်၊ နောက်တစ်မျက်နှာမှာ ပရီဖေ့(စ်)ပေါ့ အချီးပါရမယ်၊ နောက်ပြီးမှ မာတိကာ လာမယ်။ အဲဒီမာတိကာထဲမှာတော့ ဒေါ်ကေသီရဲ့ ကျမ်းနဲ့သက်ဆိုင်တဲ့ ဝေါဟာရ ရှင်းလင်းချက်တို့ ဘာတို့ ထည့်ရမှာပေါ့"

ဆရာ့ကို သူမ မော့ကြည့်ပြီး မကျေနပ်ချက်ကို လွှတ်ခနဲ ပြောမိသွားတော့သည်။

"ကျေးဇူးပြုပြီး ကျွန်မကို ဒေါ် တပ်မခေါ်ပါနဲ့လား ဆရာ"

ဆရာက စူးရှသော မျက်ဝန်းနက်များဖြင့် သူမကို စိုက်ကြည့်ပြီး အလွယ်တကူပင် ခေါင်းညိတ်လိုက်သည်။

"ရတယ်လေ၊ ကျွန်တော်က အကျင့်ပါနေလို့ပါ။ မကေသီက ဆရာမအားလုံးထဲမှာ အသက်အငယ်ဆုံးဆိုတာ ကျွန်တော် ရိပ်မိပါတယ်"

ထို့နောက် ဆရာက ချိုမြစွာ ပြုံးရယ်လေသည်။

သူမသည် ချောမောလှပသော ဆရာ့ကို စိတ်မှတ်မထင် ငေးမော ပြုံးကြည့်ပြီးမှ အင်းလေ မသင့်တော်ပါဘူး ဟု မျက်နှာငံ့ချလိုက်သည်။

"ဒါနဲ့ ဆရာ ကျမ်း နောက်ပိုင်းစီစဉ်တဲ့အခါကျတော့ ကျမ်းကိုးစာရင်းကတော့ ရှင်းပါတယ်။ မှတ်စုတိုကလေးတွေကျတော့ ကျွန်မ ဘယ်ပုံစံနဲ့ ထည့်ရမလဲ ဆရာ။ နောက်ဆက်တွဲမှတ်စု (end notes) နဲ့သုံးရမလား၊ အောက်ခြေ မှတ်စု (foot notes) နဲ့ သုံးရမလား"





ဆရာက စောစောက ရယ်လိုက်သူမှာ သူ မဟုတ်သလိုပင် မျက်နှာ ချက်ချင်း တည်တံ့လျက် ခေါင်းတစ်ချက် ညိတ်သည်။

"ဒါကတော့ ရေးရင်းမှ သိမှာပဲ၊ ဘယ်လိုသုံးရင် ကိုယ့်ရဲ့စာကို ဖတ်ရတဲ့သူ လွယ်လွယ်ကူကူ ဖြစ်မလဲဆိုတဲ့ အချက်ပေါ်မှာ မူတည်တာပဲ၊ မဟုတ်ဘူးလား"

"ဟုတ်ကဲ့ ဆရာ"

သူမ စီစဉ်ထားသော ကျောက်စာတို့၏ စာရင်းတွင် နဘဲတောဘုရား ကျောက်စာကို ပယ်ဖျက်၍ တိုင်းချွတ်ဘုရား ကျောက်စာကို အစားထိုးနိုင်းသည်မှလွဲပြီး တခြား အစီအစဉ် ပြောင်းဖို့ ဆရာ မတိုက်တွန်းခဲ့ပေ။

'နဘဲတောနဲ့စာရင် တိုင်းချွတ်ဘုရား ကျောက်စာက ကဏ္ဍပိုစုံတယ်' ဟူသော အကြောင်းပြချက်ကို ဆရာ ပေးသည်။

ကေသီကတော့ ဆရာ့ကို အထင်ကြီးလက်စရှိသူပီပီ ဆရာ၏ သွယ်လျသော လက်ချောင်းများကိုသာ မသိမသာ အကဲခတ်ကြည့်လျက် အလွယ်တကူ ခေါင်းညိတ် လက်ခံခဲ့လေသည်။

"ပုဂံခေတ်ဦးပိုင်း ကျောက်စာထဲက အစောဆုံး ကျောက်စာတွေအဖြစ် ပေါ်တော်မူ ဘုရားကျောက်စာပါမယ်၊ တောင်ခစည်သဘင်ကျောက်စာ ပါမယ်။ ရာဇကုမာရ် ကျောက်စာပါမယ်၊ ဒါဆိုလုံလောက်ပြီပေါ့ မကေသီ၊ နဘဲတော ဖြုတ်လိုက်လို့ ဘာမှ မထိခိုက်နိုင်ပါဘူး"

"ဟုတ်ကဲ့ ဆရာ"

ဆရာ ဦးရန်နိုင်သည် ပေါ်တော်မူဘုရားကျောက်စာ တစ်ခုတည်းကို နမူနာအဖြစ် သုံးရက်လောက်ကြာအောင် လေ့လာပုံ လေ့လာနည်း ညွှန်ကြား ပြသခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီခေတ်မှာ ဝါကျလေးတွေက တိုပြီး ရှင်းတယ်။ နာမဝိသေသန အသုံးတော်တော် ရှားတယ်"

သူမ တတိယနှစ် ကျောင်းသူဘဝက သင်ခဲ့ရသော ဤကျောက်စာကို သူမ နည်းနည်းပင် မေ့နေပြီ။

"စသောဆိုတဲ့ စကားနဲ့ ဝါကျတိုကလေးတွေ ဖွဲ့ထားတာ ၁၁ ကြောင်း ရှိတယ်။ ဥပမာ... သိကြားစသော၊ မဟာထေရ်စသော၊ မင်းက စသော ဟုတ်တယ် မဟုတ်လား။ နောက်ပြီး အတိုင်းအဆပြ နာမဝိသေသန ဖြစ်တဲ့ တကာ ဆိုတဲ့ စကား၊ ဥပမာ... လူတကာ၊ သတ္တဝါတကာ၊ ငှက်တကာ"

သူမသည် ဆရာ့ စားပွဲတွင် မေးထောက်နေရာမှ ကိုယ်ကို မတ်မတ်ထိုင်၍ အရိုအသေ ပေးယူရလောက်အောင် ဆရာ့ အမူအရာက တည်ငြိမ် တင်းမာနေ၏။ ဆရာ့ အကျီလက်ရှည် အဖြူရောင်သည် မဲနယ်ပါးပါး ဆိုးထားဟန်ဖြင့် အနည်းငယ် ပြာလဲ့လဲ့ကလေး ဖြစ်နေသည်။ ဆရာက လူပျိုကြီးတဲ့။ မိဘတွေက အဝေးမှာတဲ့၊ ဆရာဟာ သူ့အဝတ်ကို ကိုယ်တိုင် လျှော်ဝတ်လေသလား မသိ။

ထိုသို့ နှိုက်နှိုက်ချွတ်ချွတ် သွားတွေးပြီး ကိုယ့်အတွေးကိုယ် သဘောကျစွာ လှစ်ခနဲ ပြုံးလိုက်မိသည်။ ဤ အပြုံးကိုပင် ဆရာက မြင်ဖြစ်အောင် မြင်လိုက်သည်။

ဆရာ အနည်းငယ် မျက်မှောင် တွန့်သွား၏။

'ကျွန်တော် ပြောတဲ့ စကားထဲမှာ ဘာသဘောကျစရာ ပါလို့လဲ မကေသီ' ဟုမေးလေသည်။

ကေသီ ရှိုးတိုး ရှန့်တန့်ဖြင့် ဆရာ့ကို အားနာသွားကာ ဘေးက အေးအေးသွယ်ကို လှည့်ကြည့်လိုက်သေး၏။ အေးအေးသွယ်





က မျက်နှာထား ခပ်တည်တည်ဖြင့် ကယ်ဆယ်မည့်ပုံ မပေါ်သောကြောင့် ကေသီ ကမန်းကတန်း အကြံထုတ်လိုက်ရသည်။

"သြော်... ဟိုဟာလေ ဆရာ၊ သူ့ ကောင်းမှုပြုတဲ့ အကျိုးခံစားခွင့်ကို ရစေလိုသမျှ သတ္တဝါအပေါင်းထဲမှာ ငါးလဲပါတယ် မဟုတ်လား။ အဲဒီငါးကြီးတွေဟာ ဘယ်လောက်များ ကြီးလိုက်မလဲလို့ ကျွန်မ သွားတွေးမိလို့ပါ"

ထိုအခါကျမှ အေးအေးသွယ်က ကူကယ်ဖို့ သတိရသွား၏။

"ကေသီက ဟင်းထဲမှာ ငါးအကြိုက်ဆုံးပဲ ဆရာ" ဟု ဝင်ပြောပေး၏။

ထိုအခါ ဆရာက နှုတ်ခမ်းပါးကလေးများ ကော့ပျံ့သွားအောင် ရယ်မောလိုက်လေသည်။

တော်ပါသေးရဲ့ ငါးပိန်ဂလာငါး ကယ်ပေလို့ပဲ။

"အင်း... ဘယ်လောက်ကြီးသလဲဆိုတော့ ယူဇနာ တစ်ထောင် အလျားရှိတဲ့ ငါးကြီးအာနန္ဒာဆိုတော့ တစ်ယူဇနာမှာ ဘယ်နှစ်မိုင်ရှိသလဲ ဒေါ်ကေသီ သိလား"

"ဟင့်အင်း... ကျွန်မမေ့နေတယ် ဆရာ"

ဆရာက ကေသီနှင့် အေးအေးသွယ်ကို တစ်လှည့်စီကြည့်ပြီး အနည်းငယ်ပြုံးကာ စာရွက်ကြမ်း တစ်ခုတွင် ချတွက်သည်။ ထို့နောက် ပြန်မော့ကြည့်ကာ ပြောပြ၏။

"၁၂ မိုင် ကျော်ကျော် ၁၃ မိုင်နီးပါး ရှိမှာပေ့ါ။ အဲဒါ တစ်ယူဇနာရဲ့ အလျားလေ"

"ဒါဖြင့် ယူဇနာတစ်ထောင်ရှိတဲ့ ငါးကြီးဟာ..."

သူမသည် ပခုံးတွန့်ကာ လှစ်ခနဲ ပြုံးလိုက်မိပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



အရာရာ ရယ်ရွှင်ဖွယ် သဘောထားသည့် အေးအေးသွယ်ကတော့ အသံထွက်၍ပင် ရယ်လိုက်လေသည်။

"ဩော် .. ဒါနဲ့ မကေသီ၊ ကျမ်းပြုစုတဲ့နေရာမှာ ဂဏန်းနဲ့ ဘယ်တော့မှ ဝါကျ မစရဘူးနော်။ ဥပမာ ၄၇၄ ခုလို့ မပြောဘဲ သက္ကရာဇ် ၄၇၄ လို့ ပြောရမယ်။ အဲဒါတော့ သိတယ် မဟုတ်လား"

"ဟုတ်ကဲ့ သိပါတယ် ဆရာ"

ဆရာက ကျွန်မကို ကလေးလို သဘောထားနေတာပဲ။

ထိုစကားကိုတော့ သူမ ဖွင့်မပြောလိုက်ပါ။

ဆရာနှင့် အနည်းငယ် ရင်းနှီးပုံရသော မိမိခင်သည် ဌာနထဲတွင် ကေသီနှင့်ဆရာ ပြုံးရယ် စကားပြောလျှင် စကားမရှိစကားရှာ၍ စားပွဲသို့ ရောက်လာလေ့ရှိ၏။

"ကေသီတို့များ သိပ်ကံကောင်းတာပဲ ဆူပါဗိုက်ဇာရော အက်(ဒ်)ဗိုက်ဇာရော နှစ်ယောက်တောင်"

ထိုစကားကိုပြောလိုက်သော မိမိခင်၏ မျက်နှာမှာ အပြစ်ကင်းစင် သူ တစ်ယောက်လို အပြုံးမျိုး တွေ့မြင် လိုက်ရသော်လည်း မျက်လုံးများ၏ မနာလိုသော အရိပ်အယောင်ကို မဖုံးဖိနိုင်ပါ။

ထိုအချိန်များတွင် ကေသီ စိတ်ပျက်မှုကို ဘယ်သူမှ မသိအောင် ဖုံးဖိဖို့ ကြိုးစားရင်း စကားကို လိုက်လျောညီထွေဖြစ်အောင် ထိန်းသိမ်း ပြောနေရတတ်သည်။ ဤအလုပ်မျိုးကို သူမ အလွန်မုန်းထီးသည်။

"အေးအေးသွယ်ရယ် မိမိခင်က ငါ့ကို ဘာဖြစ်လို့ ဒီလောက် ရန်စချင်နေရတာလဲ ဟင်"

အေးအေးသွယ်ကတော့ ထုံးစံအတိုင်း ပေါ့ပြက်ပြက် ရယ်မောတာပါပဲ။





"ငါ ခဏခဏပြောသလို သူ မနာလို လို့ပေါ့"

သူမသည် စိတ်ညစ်ညူးစွာ ဆရာဦးရန်နိုင်၏ အကူအညီများကို ဖြတ်တောက်ပစ်ဖို့အထိစိတ်ကူးလိုက်သေး၏။ သို့သော် ဆရာ့စေတနာ။ ဆရာဟာ ဆရာလုပ်ပြီး သရော်ဖို့သက်သက်မဟုတ်ဘဲ စေတနာနဲ့ပါ ငါ့ကိုကူညီတာ ဖြစ်မှာပါ။

"ဘာ မနာလိုတာလဲ၊ ငါထပ်ပြောရဦးမလား။ နင်သိပ် အရပ်မြင့်တာလဲ သူ မနာလိုဖြစ်မှာပဲ"

ကေသီသည် ငါးပေ ငါးလက်မနီးပါး မြင့်သောအရပ်နှင့် လိုက်လျောပြေပြစ်သော ကိုယ်လုံးရှိသူ ဖြစ်သည်။

"သူ့လိုတော့ နင်က ခါးသေးရင်ချီ မွန်ရှီးကိုယ်လုံးမဟုတ်ဘူးပေါ့ဟာ။ ဒါပေမယ့် အရပ်မြင့်ပြီး ခြေသလုံး လှတာကျတော့"

"တော်ပြီဟယ် မိန်းမ ဒီစကားမျိုးနင်မှ ပြောရဲတယ်"

ကေသီကတော့ အေးအေးသွယ်နှင့်စာလျှင် အရှက်ပိုသည်းသူ ဖြစ်လေသည်။ ကေသီ ရှက်ရွံ့လျှင် သွေးမျှင်ကြောစိမ်းပြာကလေးများ ဖြာနေသည့် ပါးပြင်နှစ်ဘက်က ပန်းသွေးရောင် ရဲသွားတတ်သည်။

"နောက်ပြီး ဆရာက နင့်ကို သိပ်ဂရုစိုက်တယ်လေကေသီ၊ နင့်အတွက် တက္ကသိုလ်ပညာ ပဒေသာ စာစောင်တွေကို ဘာတွေရှာရမယ်ဆိုတာ စိတ်ရှည်လက်ရှည် ညွှန်းပေးတယ်လေ။ ကိုယ်တိုင် စုဆောင်းမပေးရုံ တမည်ပါပဲဟာ။ အံ့မယ် ဒါတောင်ဆရာက မကောင်းတတ်လို့ ရှိမှာ။ တကယ်တော့ သူကိုယ်တိုင် စာအုပ်တွေထဲကနေ မှတ်စု ထုတ်ပေးချင်ဦးမှာ ဟ"

အေးအေးသွယ်က အတည်ပေါက် မျက်နှာဖြင့်ပြောပြီးမှ ခပ်ဟက်ဟက်ရယ်မောသည်။



www.burmeseclassic.com

www.burmeseclassic.com



ကေသီ သူမကို မျက်စောင်းထိုးလိုက်မိ၏။

တကယ်တမ်း ဆရာ၏ ပညာသားပါပါ နှိမ်ချကဲ့ရဲ့တာမျိုးကျတော့ သူတို့သိမှာမဟုတ်။ ဆရာ၏ သရော်တော်တော် အပြုံးများကိုလည်း သူတို့ခံစားရမှာမဟုတ်။ ကေသီ့မှာသာ ဆရာနှင့် တစ်ခါဆွေးနွေးတိုင်း အသိပညာလည်းရလျက် မခံချင်စိတ်များပါရခဲ့လေသည်။

တစ်ခါက ပုဂ်ခေတ် နာမဝိသေသနအသုံးကို ဆွေးနွေးကြသည်။

အညွှန်းနာမဝိသေသန ဟူသော ခေါင်းစဉ်ဖြင့် သူမ၏ ကျောက်စာများထဲမှ နာမဝိသေသနများ ရွေးထုတ်ထားသည်ကို ဆရာက ယူ၍ကြည့်၏။

ဤ၊ ထို၊ အကြင်ဟူသော နာမဝိသေသနများကို ဖတ်ကြည့်ရင်းက ဆရာက အပြစ်တင်ဖြစ်အောင်တင်၏။

"မကေသီ ပုဂံခေတ်မှာတောင် 'အကြင်' ပါတဲ့ ဝါကျနောက်ကနေ 'ထို' ပါတဲ့ ဝါကျလိုက်ပြီး သုံးရတယ်ဆိုတာသိကြတယ်။ ဒါကိုထောက်ပြရုံ လေ့လာရတဲ့ မကေသီက မသိဘူးဆိုတော့ တော်တော် ညံ့တာပဲ"

သူမက စကားလုံးများ ဝါကျများကို လိုက်ရှာရုံသာ ရှိသေးကြောင်း ဆရာ့ကို ဘယ်လို စောဒက တက်နိုင်ပါမည်နည်း။ သူမ နှုတ်ဆိတ်စွာ ငြိမ်သက်သွားခိုက် ဆရာက ဝါကျတစ်ကြောင်းကို အလွတ်ရွတ်ပြ၏။

"အကြင်မင်းကား မြတ်စွာသော တရားမင်းတည်း။ ထိုမင်း၏ အမတ်တျာကား အသဝတ်မည်၏တည်း"





သူမ နှုတ်ခမ်းများ အနည်းငယ်မဲ့ကွေးကာ ကလေးသဖွယ်ပင် ဝမ်းနည်းသွားလေသည်။

"ဦးဖေမောင်တင်ရဲ့ မြန်မာဝါကျ ဖွဲ့ထုံးကျမ်းကို မကေသီ သေသေချာချာ ပိုင်နိုင်အောင် လေ့လာဦး၊ နောက်တစ်ပတ်ကျရင် ဆွေးနွေးရအောင်"

ဆရာက ခပ်တည်တည်ပြောတော့ သူမ၏ မခံချင်စိတ်များ ပြည့်လျှံလာခဲ့သည်။

နေနှင့်ဦး၊ နောက်တစ်ပတ် ဆွေးနွေးတဲ့အခါမှာ နာမဝိသေသနတွေအားလုံး ကြေညက်နေစေရမယ်။ ဆရာ မျက်လုံးပြူးသွားစေရမယ်။

'သော' ပါသော နာမဝိသေသနများ၊ 'သော'မပါသော ဂုဏ်အရည်အချင်းပြ နာမဝိသေသနများကို သေသေချာချာ ဆွေးနွေးပြလိုက်မယ်။

ဆရာ ငါ့ကို လက်ဆွဲနှုတ်ဆက်ချင်လာစေရမယ်။ ထိုအတွေးကို အေးအေးသွယ်အား ဖွင့်ပြောတော့ အေးအေးသွယ်က ရယ်မောကာ 'စိတ်ကြီးလှချည်လားကွယ်' ဟု ခနဲ့သလို ချီးမွမ်းလေသည်။

သူမဘဝထဲသို့ ဆရာ ဝင်ရောက်လာပုံက အလွန်သိမ်မွေ့ညင်သာလွန်းသဖြင့် သူမ ဘယ်လိုမှ သတိမထားလိုက်မိစဉ်မှာ ဆရာက ကေသီနှင့် တော်တော် နီးကပ်နေပြီ။

ကေသီမြတ်နိုးသော ဘာသာရပ်တစ်ခုကို စိတ်ပါဝင်စားကျွမ်းကျင်သူ ဖြစ်သောကြောင့် သူမ ဆရာ့ကို အထင်ကြီးမိသည်က ဘယ်လိုမှ ငြင်း၍မရသောအချက်ဖြစ်သည်။သို့သော် ဤအချက်တစ်ခုတည်းကြောင့် သူမနှင့်ဆရာအကြားက ရင်းနှီးမှု ပိုမိုခိုင်မြဲလာ



www.burmeseclassic.com

www.burmeseclassic.com



ခြင်းတော့ မဖြစ်တန်ရာဘူးဟု ကေသီထင်သည်။ သို့သော် သူစိမ်းယောက်ျားတစ်ယောက်နှင့် သူစိမ်းမိန်းမတစ်ယောက်အကြားမှာ ဆက်သွယ်မှုတစ်ခု ရလာဖို့က တော်တော်ကို မဖြစ်နိုင်သော ကိစ္စတစ်ခုပဲ။ ဆရာနှင့် သူမ ကြားက အဖြစ်အပျက်ကို ကေသီဘယ်လိုမှ နားလည်နိုင်စွမ်းမရှိခဲ့ပါ။

ကျမ်းပြုဆဲ ပထမနှစ် ကုန်ဆုံးသွားသည်အထိ ဆရာနှင့်ကေသီ နှစ်ဦးတည်း စားပွဲတစ်လုံးတည်းမှာ တစ်ခါမျှ မထိုင်ခဲ့ဘူးသည်ကို အေးအေးသွယ်အသိဆုံးဖြစ်၏။

သူမ၏ ကျောင်းသားများကို စာသင်ချိန်မှတစ်ပါး အခြားအချိန်များတွင် ကေသီ့မှာ ရှိသမျှ ကိုယ်စွမ်း၊ ဉာဏ်စွမ်း အကုန်ကို သူမ၏ စာတမ်းအတွက် အသုံးချသားဖို့ ဆုံးဖြတ်ထားသည်။ ဆုံးဖြတ်သည့်အတိုင်းလည်း သူမစိတ်ကို ကျောက်စာများပေါ်တွင် ပုံအပ်ထားခဲ့သည်။ နောက်တစ်နေ့ ရတနာဘုမ္မိမှာ သူမ၏ ကျောင်းသားများ သင်ရမည့် သင်ခန်းစာကို လေ့လာရ၊ မှတ်စုပြန်ထုတ်ရသည်က တစ်ဖက်၊ ကျမ်းပြုစုရန် လိုအပ်သော စာအုပ်စာတမ်းများကို စာကြည့်တိုက်တွင်ရှာရ၊ မှတ်စုထုတ်ရသည်ကတစ်ဖက်၊ သည်ကြားထဲတွင် မီမီခင်၏ပြုံးထေ့ထေ့ နှုတ်ခွန်းဆက်စကားများကို ယဉ်ကျေးဖွယ်ရာ ဖြစ်အောင် စီစဉ်အဖြေပေးရသည်က တစ်ဖက်။ ကေသီ့မှာ စိတ်အားလပ်ချိန်ဆိုတာပင် မရှိသလောက် ဖြစ်ခဲ့သည်။

ထို့ကြောင့်လည်း သူမထံသို့ ဆရာတဖြည်းဖြည်း နီးကပ်လာသည်ကို ကေသီ သတိမပြုမိခဲ့ခြင်း ဖြစ်ပါလိမ့်မည်။

အေးအေးသွယ်ကတော့ ကေသီနှင့်စာလျှင် လည်ပတ်သူ အတွေ့အကြုံရှိသူဟု ဆိုရပေလိမ့်မည်။ အကြောင်းမှာ အေးအေးသွယ်သည် လွန်ခဲ့သော သုံးနှစ်ကတည်းက ချစ်သူ ရည်းစားရခဲ့ပြီး





ယောက်ျား တော်တော်များများ၏ မျက်လုံးများကို ဖတ်ရှုရာတွင် ကျွမ်းကျင်သောကြောင့်ဖြစ်လေသည်။ ထိုသို့သော အေးအေးသွယ်ပင်လျှင် ဆရာ့ မျက်လုံးကို ကြည့်ပြီး ဆရာ့စိတ်ဟာ မီမီခင်ဆီမှာလား၊ ကေသီ့ဆီမှာလား ဝေခွဲမရ ဖြစ်နေရလေ၏ အောင် ဆရာ့မျက်ဝန်းများ တည်ငြိမ်အေးစက်ခဲ့၏။ ထိုအကြောင်းကြောင့်လည်း ကေသီ အကဲမခတ်တတ်ခဲ့ခြင်း ဖြစ်ပါလိမ့်မည်။

တစ်နေ့တော့ အေးအေးသွယ်နှင့် ကေသီ ရတနာဘုမ္မိ မြန်မာစာဌာနထဲက စားပွဲတစ်လုံးမှာ နှစ်ယောက်ထိုင်လျက် ကျူတိုရီယယ်လ် အဖြေလွှာများခြစ်နေကြစဉ် ဆရာဦးရန်နိုင်ရောက်လာခဲ့သည်။ အခန်းပေါက်ဝနှင့် မျက်နှာချင်းဆိုင်ဖြစ်သော အေးအေးသွယ်က အလျင် စမြင်၏။

"ဟော... ဆရာ" ဟု ပြုံးနှုတ်ဆက်ကာ မတ်တတ်ရပ်လိုက်တော့ မှ ကေသီလည်း ကမန်းကတန်း ရပ်၍ နှုတ်ဆက်လိုက်ရသည်။

"ထိုင်ပါ ထိုင်ပါ။ ကျွန်တော် လမ်းကြုံလို့ ဝင်လာတာပါ။ ဦးသန်းမြင့်များ ရှိမလားလို့"

"ဆရာဦးသန်းမြင့် နေ့လယ် ၂ နာရီလောက် ပြန်သွားတယ် ဆရာ၊ မိန်းကိုဝင်ပြီးမှ ပြန်မယ်လို့ ပြောသွားပါတယ်"

သွက်လက်သော အေးအေးသွယ်၏ အနီးတွင် ကေသီက ခပ်ကြောင်ကြောင် ရပ်နေခဲ့သည်။

"ဪ... ဟုတ်လား၊ ဒါဆို ကျွန်တော်တို့ လွဲသွားကြပြီ"

ထို့နောက် ဆရာက ဦးသန်းမြင့်၏စားပွဲဆီမှ ကုလားထိုင်တစ်လုံးဆွဲယူကာ ကေသီတို့စားပွဲတွင် ဝင်ထိုင်၏။

"ဘယ့်နှယ်လဲ မအေးအေးသွယ်၊ သီးဆစ်(စ်)အတွက် တော်တော် အလုပ်ရှုပ်နေပြီလား"



www.burmeseclassic.com

www.burmeseclassic.com



အေးအေးသွယ်က မျက်စိပေါက် ပိတ်မတတ် ရယ်မော၍ ခေါင်းယမ်းလေသည်။

"မဟုတ်ဘူး ဆရာ၊ ဒါ ကျုပ်တို့ရိုးယယ်လ် အဖြေတွေပါ။ ကျွန်မဖြင့် စာအုပ်တွေတောင် အစုံမဖတ်ရသေးဘူး ဆရာရဲ့။ အခုမှ ဆရာကြီးပီမိုးနင်း တော်တော် စာရေးနိုင်တာပဲလို့ ချီးကျူးမိတယ်"

အေးအေးသွယ်၏ ကျမ်းခေါင်းစဉ်မှာ ပီမိုးနင်း၏ စကားပြေ ဖြစ်သည်။ ဆရာက ပြုံးရုံသာပြုံးလေသည်။ မတ်တတ်ရပ်ဆဲဖြစ်သော ကေသီကို မော့ကြည့်၍ ထိုင်ရန် မေးဆတ်ပြ၏။

"လက်မှုပညာသည်တွေ ဘယ်နှစ်မျိုးရပြီလဲ မကေသီ"

ဆရာ့ မျက်နှာမှာ သရော်ဟန်ကို ရှာကြည့်မိသေး၏။ မတွေ့ရပါ။ တည်တံ့သော၊ အနည်းငယ် ကြွေကြီးသော မျက်နှာထားကိုသာ တွေ့ရ၏။

"တိုင်းချုပ်ဘုရား ကျောက်စာမှာ လက်မှုပညာသည်တွေ သိပ်မတွေ့ရဘူးဆရာ၊ ဘုရားရုပ်တုတွေ၊ သျှင်သာရိပုတြာတို့၊ သျှင်မောဂ္ဂလာန်တို့ ရုပ်တုတွေ ရွှေရည်ရေးတယ်ဆိုတာပဲ ပါတယ်။ ပန်းပုသမားအဖြစ် ဘုရားရုပ်တုထုလုပ်ရွှေချတဲ့ အတတ်ပညာသည် တွေပေါ့ ဆရာ"

"တိုင်းချုပ်ဘုရား ကျောက်စာဆိုတာထက် သင်ကြီးအဘိနန္ဒသူ ကျောက်စာဆိုတာက ပိုသင့်တော်မယ် မကေသီ၊ ပါမောက္ခ ဦးဧမောင်ရဲ့ မူအတိုင်း ရေးပါ"

"ဟုတ်ကဲ့"

ဆရာ့နဖူးမှာ ချွေးစကလေးများစိုလျက် ညိုစိမ့်စိမ့် ဝင်းနေ၏။ သူမ အလွယ်တကူ ခေါင်းညိတ်လိုက်ပါသည်။ ထို့နောက်





တောင်ဂူနီဘုရားကျောက်စာတွင် သူမ တွေ့ရှိရသော လက်မှုပညာသည်များကို ရွတ်ပြလိုက်သည်။

"စည်သည်၊ ပသာသည်၊ ခွက်ခွင်းသည်၊ ကုလားပန်းတျာ၊ မြန်မာပန်းတျာသည်တွေပေါ့ ဆရာ"

ဆရာက ခေါင်းညိတ်ပြီး 'ဒါ အကြွင်းပဲ ဟုတ်လား' ဟု စသလိုမေးသည်။ ဆရာနှင့် တစ်စုံတစ်ခု ပြဿနာဖြစ်တိုင်း 'ဆရာ ဒါ ကျွန်မ အကြွင်းပဲရှိသေးတာ ဆရာ၊ အချောသပ်ကျတော့ စုံအောင် ထည့်မှာပေါ့' ဟု အမြဲဆင်ခြေပေးလေ့ရှိသော ကေသီသည် လျှာ ဘစ်လစ်ကလေး ထုတ်လျှက် ကလေးပမာ ရယ်လိုက်မိလေသည်။ ထို့နောက် သူမ၏ နဂို ကြွေ့အတိုင်း ပြန်၍တည်ငြိမ်အောင် ဂရုစိုက် ပြုပြင်လိုက်သည်။

"ဖုန်းသည်ဇေယျသိန်ကျောက်စာမှာ ကျတော့ ပန်းချီ အတတ်ပညာသည် အကြောင်းရော၊ ပန်းတိမ် အတတ်ပညာသည် အကြောင်းရော ပါလာတယ်"

"ဟုတ်လား၊ ဘာတွေလဲ"

ဆရာ့ နှုတ်ခမ်းမှာ သရော်တော်တော် အပြုံးကလေးတစ်ခု ချက်ချင်းရောက်လာပြီး ချက်ချင်းပျောက်ကွယ်သွား၏။ ဆရာက အမှားကို ချက်ချင်းထောက်ဖို့ အပြစ်ရှာ စောင့်နားထောင်မည့် ပုံစံမျိုးဖြင့် စားပွဲပေါ် လက်ထောက်ကာ သူမကို စူးစိုက်ကြည့်နေသည်။

"ဆရာသခင်ပြုသော၊ ဆေးရေးသော၊ တန်စာပြုသော၊ အင်္ဂတေလိမ်းသော၊ ဂူထွင်၍ တင်သော တဲ့ ဆရာ၊ အဲဒါရယ်။ နောက်ပြီး တော့ ပတ္တမြား လက်စွပ် တခြည်၊ ရွှေလက်စွပ် နဖားတခြည် ဆိုတာ လေ"



www.burmeseclassic.com

www.burmeseclassic.com



ဆရာက အသံထွက်ရယ်မောတော့သည်။ ဆရာ ဘာကြောင့် ရယ်တာလဲ။

သာမန် အချိန်ဆိုလျှင် 'ဘာကြောင့်လဲ ဆရာ' ဟုမေးမိမည်ဖြစ်သော်လည်း ယခုအချိန်မှာတော့ ကေသီ မမေးမိပါ။ ထိုကျောက်စာနှင့်ပက်သက်သော မေးခွန်းတစ်ခုကို မေးသင့် မမေးသင့် သူမ စဉ်းစားနေခိုက် ဆရာက မတ်တတ်ရပ်လိုက်သောကြောင့် ကေသီတို့ နှစ်ယောက်လုံး ရောယောင်၍ မတ်တတ်ရပ်လိုက်ရသည်။

"ဆရာ ဘာနဲ့လာတာလဲ ဟင်"

အေးအေးသွယ်က ဆရာနှင့် အခန်းပြင်သို့ ထွက်လိုက်ရင်းစပ်စုတော့ ဆရာကပြုံး၏။

"ဘာလဲ မအေးအေးသွယ်က ကျွန်တော် စက်ဘီးနဲ့လာလိမ့်မယ်လို့ မျှော်လင့်ထားသလား"

အေးအေးသွယ်က ရယ်မောရင်း ခေါင်းခါ၏။

"မဟုတ်ပါဘူးဆရာ။ ကားသံ မကြားလိုက်မိလို့ပါ"

ဆရာသည် မန္တလေးတက္ကသိုလ်သို့ အလုပ်ပြောင်းရွှေ့လာသည်မှာ နှစ် နှစ်ရှိပြီဖြစ်လျက် စက်ဘီး ဖြောင့်ဖြောင့်မစီးတတ်သူဟု နာမည်ကြီး၏။ ကေသီ အနည်းငယ် ပြုံးမိသည်။

"ကားပါပါတယ်၊ ဟိုရှေ့မှာလေ။ မအေးအေးသွယ်တို့အာရုံက စာထဲရောက်နေလို့ ဖြစ်မှာပါ။ ကျွန်တော့် ကားက ခါတိုင်းလို အသံစုံမြည်နေတာပဲ"

"အို…"

အေးအေးသွယ် ဘာဖြစ်လို့ ဒီလောက် ရယ်မောချင်နေမှန်း ကေသီ စဉ်းစား၍ မရပါ။ တစ်ရယ်တည်း ရယ်မောနေတော့သည်။ ကေသီက ရှိုင်းရာကျမည်စိုး၍ ပြုံးနေရသော်လည်း ဆရာ့စကားမှာ





ရယ်စရာမပါဘူးဟု ထင်သည်။ ဆရာ့ကားက အမြင်အားဖြင့် ခုတ်ပြတ်ပြီး စက်သံကလည်း အလွန်ဆူညံသည့် ဖိယက်ကားကလေးဖြစ်လေသည်။ ဆရာသည် သံတွဲဘက်မှ ငွေချမ်းသာသော မိဘများ၏ တစ်ဦးတည်းသော သားဖြစ်သတဲ့။ သိန်းပေါင်းများစွာ ချမ်းသာသည်ဟု သိရ သည်။ သို့ပါလျက် ဤဖိယက်ကားစုတ်ကလေးကိုဘာကြောင့် မက်မောစွာ ထိန်းသိမ်းထားသလဲ ကေသီ စဉ်းစား၍မရချေ။ သို့သော် ဤကိစ္စမှာ သူမနှင့်ဘာမှမဆိုင်၊ ဆရာ့ဘာသာ ဆရာ ဖိယက်ကားမက လို့ မောရစ် (စ်) မိုင်နားကားပဲစီးစီး ကေသီ့အပူ တပြားသားမှ မပါချေ။

"အအေးတစ်ခုခုသောက်မလား မကေသီ"

"အို…"

ကေသီ အံ့အားသင့်စွာ ဆရာ့ဘက်သို့ လှည့်ကြည့်မိသည်။ ဆရာ့မျက်နှာက ခပ်တည်တည်။ သို့သော် ဆရာ့ မျက်လုံးများက အနည်းငယ်နူးညံ့နေသလိုပဲ။ အင်းလေ ဒါ သူမ စိတ်ထင်ဖြစ်မှာပါ။ ဆရာဟာ ဘယ်တော့မဆို စူးရှာင်းမာသော မျက်လုံးများဖြင့်သာ ကြည့်လေ့ရှိသည်။

"နေပါစေ ဆရာ ကျွန်မတို့…" ငြင်းဖို့ကြိုးစားသော ကေသီ့စကားကို အေးအေးသွယ်၏ ထောက်ခံသံက ဖုံးလွှမ်းသွား၏။

"ကောင်းတယ်ဆရာ၊ ကျွန်မတို့ ရေငတ်နေတာနဲ့အတော်ပဲ။ ဒါပေမယ့် ဆရာ့ကို ကျွန်မတို့ ကြံရည် တိုက်ပါရစေ၊ ကျွန်မတို့ ရတနာဘုမ္မိရဲ့ အကောင်းဆုံး ကြံရည်လေ"

ထို့နောက် ဘယ်လိုမှ မျှော်လင့်မထားသော၊ ဆရာဦးရန်နိုင်နှင့် ကြံရည်အတူသောက်ခြင်းဟူသော အဖြစ်အပျက် ဖြစ်ပေါ်လာတော့သည်။ ဆရာသည် ဝတ်နေကျ တိုက်ပုံအင်္ကျီကို ချွတ်ထားခဲ့သည်။ လည်ကတုံး ရှပ်အင်္ကျီအဖြူလက်ရှည်နှင့် အဖြူပြောက်



www.burmeseclassic.com

www.burmeseclassic.com



ကလေးများပါသော ယောလုံချည် ရှားရောင်ကို သေသေသပ်သပ် ဝတ်ထား၏။ ဘာဖြစ်လို့များ ဆရာ ဒီလောက်ချောမောနေရတာပါလိမ့်။ ကျောင်းသူဘဝမှာကတည်းက ဆရာ့ဟန်ပန်အမူအရာတို့ သေသပ်စွာ တင့်တယ်မှန်း ကေသီ သတိထားမိပါသည်။ သို့သော် ဆရာ့ကို ယခုလို အလွန် နီးကပ်စွာ တွေ့ရသောအခါ သူမ၏ အံ့ဩစွာ ချီးကျူးလိုမှုကို မဖုံးကွယ်နိုင်တော့ချေ။ နောက်ပြီး ဆရာဦးရန်နိုင်နှင့် ယခုလို ရင်းနှီးစွာ အအေးဆိုင် ထိုင်ဖို့ဆိုတာက ဖြစ်တောင့်ဖြစ်ခဲကိစ္စမဟုတ်လား။

"ဒါနဲ့မကေသီ၊ စောစောက ဌာနရုံးခန်းထဲမှာ ကျွန်တော့်ကို တစ်ခုခု မေးမလို့လား"

ကေသီသည် ရှက်ကိုးရှက်ကန်းဖြစ်မသွားအောင် ဘယ်လိုမှ ထိန်းချုပ်၍ မရလိုက်တော့ချေ။ ကြည့်စမ်း ဆရာ ကျွန်မကို အရိပ်လို ကြည့်နေခဲ့ပါသလား။

"ဪ... ဟုတ်ကဲ့ ဆရာ၊ ဒါပေမယ့်..."

ဒါပေမယ့် ကျွန်မဘာသာ ကျွန်မပဲ ရှာဖတ်တော့မယ်ဟု ပြောလိုက်ဖို့ မကောင်းတတ်သောကြောင့် တစ်ပိုင်းတစ်စဖြင့် ရပ်ထားလိုက်ရသည်။

"ဘာလဲ မေးခွန်း မေ့သွားလို့လား၊ ဟုတ်လား"

"ဟင့်အင်း၊ ဘယ်မေ့မလဲ ဆရာ၊ ဟို မေးရမှာတွေ များသွားမလားလို့"

"စာတစ်ခါမေးရင်လဲ ကြံရည်ဖိုးကို မကေသီ ပေးရမှာပဲ။ ဆယ်ခါမေးရင်လဲ ကြံရည်ဖိုးကို မကေသီ ပေးရမှာပဲ။ ဒီတော့ မနစ်နာအောင် များများမေးပေါ့"





ဆရာ့ ဟာသက ကေသီ့အတွက် မရယ်ရပါ။ သို့သော် အရာရာကို ရယ်ရွှင်သဘောထားသော မရွှေအေးအေးသွယ်ကတော့ အသံထွက် ရယ်မောပြန်လေသည်။

"နေပါစေဆရာ၊ ကျွန်မ ဆရာ့ဆီကိုလာပြီး မေးဖို့ မေးခွန်းတွေ စုထားလိုက်ပါမယ်၊ အခုလို ဆရာ ဒီကိုတစ်ခါတစ်လေလာတုန်း ကျွန်မ ဘာမှ မေးဖို့မကောင်းဘူးနော်"

"ဟာ... ဘာဖြစ်လို့လဲ"

"ဟိုလေ ကျွန်မအနေနဲ့ ဆရာက သဘောကောင်းတိုင်း ရောင့်မတက်သင့်ဘူးလေ၊ ဆရာ့ဆီကို လေးလေးစားစားလာပြီး မေးရမယ့် မေးခွန်းတွေကို ဆရာလာတုန်း မေးလိုက်မိရင် ဆရာ့ကို မလေးစားရာ ကျမှာပေါ့"

"အို... မိကေသီ"

ထို့နောက် ဆရာက ပြုံးရုံပြုံးဆဲ၊ အေးအေးသွယ်က ခွက်ထိုးခွက်လန် ရယ်ပြန်တော့၏။ ဘာဖြစ်လို့ ဒီလောက်တောင် ရယ်ချင်နေဘာလဲ။ ကေသီ အနည်းငယ် မနေတတ် မထိုင်တတ် ဖြစ်သွားပါသည်။ ဖန်ခွက်ထဲက ရေခဲတုံးပေါ်လော ကလေးများကို စူးစိုက်ကြည့်ရင်း လက်ဖျားများပင် တုန်ခါနေသလိုထင်မိသည်။ ယောက်ျားတွေနဲ့ ဘစ်စားပွဲတည်း မထိုင်ဘူးတာကျနေတာပဲ မိကေသီ။ နင့်စိတ်တွေကို ဘင်းထားစမ်း။ ဒီလောက်မှုပျက်မနေနဲ့။ သူမသည် လက်များတုန်နေမှာစိုး၍ ဖန်ခွက်ကို လက်ဖဝါးနှစ်ဘက်ဖြင့် အုပ်ကိုင်ထားလိုက်မိသည်။

"ကျောင်းပိတ်ရင် ဘယ်ပြန်ကြရမှာလဲ"

ဟင်း... ဆရာ့မေးခွန်းကြီးက တုံးလိုက်တာ။

"ကျွန်မက မြင်းခြံကိုပြန်မှာ ဆရာ။ ကေသီက ပျဉ်းမနားက ခလေ"

www.burmeseclassic.com



"ဩော်..."

ဆရာ ဘာမှ ဆက်မပြောပါ။ တည်တံ့သော ဣန္ဒြေဖြင့်ကြံ့ရည် ကြိတ်ရာကိုသာ လှမ်းကြည့်နေ၏။ ဘေးတစောင်း မြင်ရသမျှ ဆရာ့မျက်နှာမှာ ညှိစိမ့်စိမ့် ချောမော ဝင်းပနေသည်။ သွယ်ချွန်သော မေးစေ့တစ်ဝိုက်မှာ မုတ်ဆိတ်ရိတ် ကိရိယာဖြင့် သေသေသပ်သပ် ရိတ်ထားခဲ့သလိုပင် စိမ်းလျက်ရှိသည်။ မားရှိရာတို့ ဘာတို့ ဘာအနာ ရွတ်မှုလည်း မတွေ့၊ တစ်ပင်တလေ ကျန်နေသော မုတ်ဆိတ်တို အစ အနမှုလည်းမတွေ့။

ဆရာနှင့် ပထမဦးဆုံးအကြိမ် ရင်းနှီးခွင့်ကြုံသော အတွေ့ အကြုံတွင် ကေသီတို့ နှစ်ယောက် သိပ်စကားမသွက်ကြဘဲ ဆရာ့ အပြောကို စောင့်နေကြ၏။ ဆရာကလည်း စကားနည်းသူဖြစ်ရာ ထို စကားဝိုင်းမှာ ပြောစရာစကား မရှိသလိုပင် တိတ်ဆိတ်နေခဲ့သည်။ ဆရာ့ အနီးမှာ ကပ်ထိုင်နေရတာ ကေသီ စိတ်ကျဉ်းကျပ်လှသည်။ သူမတို့က စပြီး နှုတ်ဆက်ဖို့လည်း မသင့်တော်ချေ။ နောက်တော့ ကေသီတို့ မနေတတ် မထိုင်တတ် ကြောင်စီစီဖြစ်နေသည်ကို ဆရာ ရိပ်မိသွားပုံရ၏။

"ကဲ... ပြန်မှပဲထင်တယ်။ ကြံ့ရည်အတွက် ကျေးဇူးတင်ပါ တယ်ဗျာ။ နောက်နေ့တွေကျမှ တွေ့ကြတာပေါ့" တဲ့။

ကေသီတို့ နှစ်ယောက်တည်း ရုံးခန်းရှိရာသို့ ပြန်လျှောက် လာကြသော အခါ အေးအေးသွယ်က...

"နင် ဆရာ့ကို ဘယ်လို မြင်လဲ" ဟုမေးသည်။

"ဘယ်လိုမြင်လဲ၊ ဟုတ်လား။ ဆရာက ချောတယ်၊ ဣန္ဒြေ ကြီးတယ်။ ဒါပေမယ့် ပညာဂုဏ် နည်းနည်းမောက်သလားလို့..."





"နင့် ဘိုးအေမှပဲ။ ငါမေးတာ အဲဒါမဟုတ်ဘူး။ ဆရာ ဒီကို သက်သက်လာတယ်လို့ မထင်ဘူးလား"

အေးအေးသွယ်ကို အကဲခတ်တော့ သူမ မျက်နှာက ပြုံး စုစုံ။

"ဘာလဲ နင် ဘာဇာတ်လမ်းတွေ ထွင်ဦးမလို့လဲ"

အေးအေးသွယ်က ရယ်မောကာ ခေါင်းယမ်းလေသည်။

"အေးလေ၊ တို့ ဒါတွေ ထင်မြင်ချက် မပေးကောင်းဘူးနဲ့ ဘူတယ်နော်။ ဒါပေမယ့် တစ်ခုတော့ သေချာတယ်၊ စောစောက မြင်ကွင်းမျိုး မီမီခင်မြင်သွားရင် နင့်ကို ပိုပြီး မနာလိုမှာတော့ သေချာ တယ်"

"မနာလို ခံရတယ်ဆိုကတည်းက ကိုယ့်မှာ သူ့ထက်သာတဲ့ အရည်အချင်း တစ်ခုခု ရှိလို့ပေါ့ အေးသွယ်ရဲ့။အဲဒါကို နင် ငါ့အတွက် ဂုဏ်ယူစမ်းပါဟာ"

ထိုစကားကို ဘာကြောင့် စိတ်ပါလက်ပါ ပြောလိုက်မိမှန်း သူမ မသိပါ။

"နောက်ပြီး သေချာတာ တစ်ခု ရှိသေးတယ် မိကေသီ နင် နောက်ပိုင်းမှာ ဒီ ပဲင်န်ဆယ်လ် ဟီးလ်တွေကို စွန့်လွှတ်ရတော့မယ်"

"အို... ဘာဆိုင်လဲ"

"ဆိုင်တာပေါ့၊ ဆရာ့အရပ်က အလွန်ဆုံးရှိလှရင် ၅ ပေ ဒ်လက်မပေါ့။ နင့်အရပ် ကလန်ကလားကြီးကို ဟိုက်ဟီးလ်ထပ်စီးပြီး ဆရာနဲ့ယှဉ်လိုက်တော့ ဆရာက နင့်ထက် အရပ်နိမ့်ချင်သလို ဖြစ်သွား ခရာ။ ယှဉ်လျှောက်တုန်းက ငါကြည့်ထားတယ်၊ မလိုက်ဘူး ကေသီ။ နင် ညှပ်ဖိနပ် ပါးပါးကလေးပဲ စီးတော့၊ ဒါမှ ဆရာက နင့်ထက်ပိုမြင့် သွားမှာ "



www.burmeseclassic.com

www.burmeseclassic.com



ကေသီသည် ကောလိပ်ကျောင်းသူ ဖြစ်ကတည်းက အွာ သေးသေး မျှင်မျှင်နှင့် ဖိနပ်အမြင့်များကို စီးလာခဲ့သည်မှာ ယခုဆိုလျှင် ခြောက်နှစ်ရှိပြီ။ ယခုမှ ကိုယ်နှင့်ဘာမှမဆိုင်သော၊ ဆိုင်မည်ဟုလည်း မျှော်လင့်ဖို့အကြောင်းမရှိသော ယောကျ်ားတစ်ယောက်အတွက် ချစ်စရာဖိနပ်ကလေးများကို စွန့်လွှတ်ရမလား။ ဝေးပါသေးသည်။

"ငါသေတဲ့အထိ ဒီဖိနပ်မျိုးပဲ စီးမှာ၊ သိလား" ဟု ခေါင်းမာစွာ ငြင်းလိုက်မိ၏။

"အေး အေး၊ ငါ စောင့်ကိုကြည့်လိုက်ဦးမယ်"

အေးအေးသွယ်က နှုတ်ခမ်းမဲ့ ပြုံး၍မျက်စောင်း ထိုးကာ ကြိမ်းဝါးလေသည်။

ဓ ဓ ဓ



## အခန်း သုံး

မန္တလေးတက္ကသိုလ် မြန်မာစာဌာန ဆရာ ဆရာမများ နားနေခန်းသည် စာသင်ခန်း နှစ်ခန်းစာ ရှည်လျားသော အခန်းရှည်ကြီးတစ်ခုဖြစ်သည်။ ဆရာမများအခန်းဟု ဆိုင်းဘုတ် တပ်ထားသည့် တစ်ဘက်ခြမ်းနှင့် ဆရာများအခန်းဟု ဆိုင်းဘုတ် ရေးထားသည့် တစ်ဘက်ခြမ်း သီးသန့် ရှိသော်လည်း ကြားမှာ ဘာနံရံမှခြားမထားချေ။ ထို့ကြောင့် ဆရာဦးရန်နိုင်၏ စားပွဲတွင် ကေသီနှင့်အေးအေးသွယ် ဝင်ထိုင်၍ တစ်စုံတစ်ရာ ဆွေးနွေးကြလျှင် ဟိုဘက်စွန်းရှိ ဆရာမများ နေရာမှ မိမိခင်က တစ်ချိန်လုံး အကဲခတ် ကြည့်နေတတ်သည်။

ကေသီသည် တတ်နိုင်သမျှ ဆရာ့ကို စာမမေးဖြစ်အောင် ဂရုစိုက်ပါသည်။ မိမိခင်၏ အကဲခတ်အကြည့်တို့ကို စိုးရိမ်ထိတ်လန့်၍ ချည်းတော့ မဟုတ်ပါ။ ဆရာ ဦးရန်နိုင်သည် ပျိုတိုင်းကြိုက်သည့် နှင်းဆီခိုင်ဖြစ်နေသောကြောင့်၊ ထိုမိန်းမအမျိုးအစားထဲသို့ ရောယောင်



www.burmeseclassic.com

www.burmeseclassic.com



ပါသွားမှာ စိုးရိမ်သောကြောင့်သာ ဖြစ်ပါသည်။ ကေသီသည် ယောက်ျားတစ်ယောက်ကို ချစ်မြတ်နိုးဖို့ မဆိုထားနှင့် ရင်းနှီးကျွမ်းဝင်ဖို့ပင် အလွန်ဝန်လေးသူ ဖြစ်ပါသည်။

ထို့ကြောင့်လည်း နားမလည်သော မကွဲပြားသော အချက်အလက်များကို တတ်နိုင်သမျှ စုဆောင်း ထားပြီးမှ ဆရာ့ထံသို့ ကေသီသွားရောက် ဆွေးနွေးခဲ့သည်။ အကြိမ်အရေအတွက် နည်းနိုင်သမျှ နည်းစေလိုသောကြောင့်ဖြစ်၏။ နောက်ပြီး ဆရာ့ဆီသွားလျှင် ဘယ်တော့မှု တစ်ယောက်တည်း မသွားဘဲ အေးအေးသွယ်ကိုအဖော်ခေါ်ခဲ့သည်။ သို့သော် ကေသီ ဘယ်လိုပဲ ရှောင်တိမ်းထိန်းချုပ်သည် ဖြစ်စေ မိမိခင်၏ ထိုးနှက်ချက်မှ မလွတ်ခဲ့ပါ။ သူမသည် ကေသီ့လို ပတ်ဝန်းကျင်ကို ဂရုမစိုက်သူတစ်ဦးပင် သူမ၏ ဝန်တိုမှုကို သတိမပြုဘဲ မနေနိုင်လောက်အောင် ကေသီ့အပေါ် မရှုဆိတ်နိုင်သူ တစ်ယောက်ဖြစ်၏။

ထိုနေ့တွင် ဆရာက ကျောက်စာစကားပြေနှင့် ပတ်သက်၍ ပုဂံခေတ် 'အ' အသုံးပြုပုံများကို ဝေါဟာရ ခေါင်းစဉ်အောက်တွင် သီးခြားကဏ္ဍ ထည့်သွင်း ပြုစုသင့်ကြောင်း ကေသီ့ကို အကြံပြု ဆွေးနွေးခဲ့လေသည်။

"အ- ဗျည်း အသုံးအနှုန်းနဲ့ အ သရ အသုံးအနှုန်းကို ပြောတာလားဆရာ။ ကျွန်မ အဲဒါကို အကြမ်းဖျင်း မှတ်ထားပြီးပါပြီ"

"ဟုတ်ပြီလေ၊ အကြမ်းဖျင်းထဲမှာ ထည့်မှတ်ရမှာတွေ ရှိသေးတယ်၊ 'အ' ကို အသတ်အဖြစ်သုံးတာရှိတယ်၊ အမြစ်အဖြစ် သုံးတာရှိတယ်၊ ဟုတ်ရဲ့လား"

"ဟုတ်ကဲ့"





"အဲဒါကို ဥပမာတွေနဲ့ထည့်ပြီး ပြရမယ်။ ဒီတော့ အမြစ်အဖြစ်သုံးတဲ့ ဥပမာ ၂ခု ၃ခု လောက် ကိုယ့်ကို ရွတ်ပြမလား"

ဒါမျိုး၊ အလွန် လွယ်ကူသော မေးခွန်းကလေးတွေပါ။

"ဥပမာဆရာရယ် ရာဇကုမာရ်ကျောက်စာထဲကပဲ ပြောပြမယ်နော်"

ဆရာက မပြုံးမရယ် စိုက်ကြည့်ကာ ခေါင်းညိတ်၏။

"မိန့် ဆိုတဲ့စကားကို သူတို့ ရေးထားတာက 'မိန' ရယ် 'အိ' ရယ် တွဲထားတယ်ဆရာ။ နောက်ပြီး 'တို့ ' ဆိုတဲ့ စကားကို 'တို ' နဲ့ 'အ် ' နဲ့ တွဲထားတယ်။ '၏' ဆိုတဲ့ စကားအတွက် '၏' နဲ့ 'အ် 'နဲ့ တွဲထားတယ်ဆရာ၊ အဲဒါမျိုးတွေကို ပြောတာ မဟုတ်လား။ အဲဒါဟာ 'အ' ရဲ့အမြစ် အသုံးအနှုန်းတွေ မဟုတ်လား"

ကေသီ၏လေသံတွင် သင်ခန်းစာကို ပိုင်နိုင်သော ကျောင်းသူ ပေါက်စကလေး၏ အားတက်ကျေနပ်ရိပ်မျိုး မပါဝင်အောင် ဘယ်လိုမှ ထိန်းသိမ်းထားနိုင်စွမ်းမရှိပါ။ ဆရာက မျက်မှောင်အနည်းငယ် တွန့်ကွေးကာ သရော်မလို ပြုံးစေ့စေ့လုပ်လျက် ခေါင်းထပ်ညိတ်သည်။

"ဒါထက်ပိုပြီး ရှင်းပြရဦးမယ် မကေသီ၊ 'အ်' အသတ်ကို ဖတ်တဲ့အခါ 'အ' ကို သတ်ထားတာဟာ သရလို သီးခြားဖတ်စေချင်လို့ မဟုတ်ဘူး၊ သရ မပါတဲ့ ဗျည်းရဲ့ သံစွန်းအနေနဲ့ဖတ်စေချင်လို့၊ ဗျည်းလို သဘောထားပြီး ဖတ်စေချင်လို့ အသတ်ပြထားတယ်ဆိုတဲ့ အကြောင်းကို မကေသီ ရှင်းပြရလိမ့်မယ်။ ဘယ့်နှယ်လဲ"

"ဟုတ်ကဲ့ ကျွန်မ မှတ်ထားပါမယ် ဆရာ။ နောက်ပြီးတော့ ဆရာ ဖြစ်စေချင်တာက အ သရ အသုံးတွေ၊ အ ဗျည်း အသုံးတွေကို



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရတဲ့ ကျောက်စာရဲ့ စာကြောင်းရေ၊ နာမည်တွေနဲ့ ဥပမာ ဖော်ပြပေးဖို့၊ အဲဒီလို ကျွန်မ ရှင်းပြပေးဖို့ ဟုတ်ပါတယ်နော် ဆရာ"

"ဟုတ်ပါတယ်"

"ဟုတ်ကဲ့၊ ကျွန်မ ကြိုးစားပါ့မယ် ဆရာ"

ကေသီက မှတ်စုထဲတွင် ထိုအချက်ကို မမေ့မိအောင် ခပ်သွက်သွက် ရေးမှတ်နေခိုက် ဆရာ့စားပွဲဆီသို့ မှတ်မိနေသော ချိုမြမွှေးပျံ့လှသော ရနံ့ ကလေးတစ်ခု လျှင်မြန်စွာ ဝေ့ဝဲရောက်လာခဲ့သည်။ ထို့နောက် ညင်သာသော မိန်းမပီသသော ခြေသံ ဖွဖွကလေး။

"ဩော်... မီ"

ဆရာ့အသံမှာ ကြင်နာမှုအပြည့် ထည့်ထားသလိုထင်ရသည်။ ကေသီ ခေါင်းမော့မကြည့်ဖြစ်အောင် ထွက်ထိန်းသိမ်းထားဖို့ မလိုအပ်သောကြောင့် မော့ကြည့်ပြီး ပြုံးပြလိုက်သည်။

မိမိခင်သည် ဆရာနှင့် နီးကပ်စွာ ယိုင်ယိုင်နွဲ့နွဲ့ကလေး ရပ်လျက် ပြုံးနေသည်။

"မီ အခုမှ သတိရလို့ လာပြောတာ။ ဒီနေ့ည မီတို့အိမ် ဘုရားကိုးဆူလေ၊ ကိုကိုနိုင့်ကို အိမ်က ဖိတ်ခိုင်းလိုက်တာနဲ့၊ လာမယ် မဟုတ်လားဟင်"

အံ့ဩစရာပဲ။ တစ်ချိန်လုံး အခန်းထဲမှာ ဟိုဘက်သည်ဘက် ရှိနေ မြင်နေပါလျက် မပြောခဲ့မိဘဲ ကေသီ လာချိန်ကျမှ သတိရတယ် ဆိုပါလား။

သူမ၏ စကားက ဆရာ ဦးရန်နိုင်ထံသို့ ဦးတည်နေသော်လည်း သူမ၏ မျက်လုံးများက ကေသီနှင့် အေးအေးသွယ် (အထူးသဖြင့် ကေသီ) ထံမှာ ဝေ့ခနဲ ဝေ့ခနဲ ရောက်လာသည်။ အလွန်ဆွဲငင်အားကောင်းလှသော မျက်နက်ဝန်းများသည် အရည်လဲ့ရွှန်းလျက်





ရှိသော်လည်း နူးညံ့မှု၊ သိမ်မွေ့မှု လုံးဝမရှိဘဲ ရဲတင်းစွာ ရူရှ တောက်ပနေကြသည်။ နောက်ပြီး ကေသီ့ အထင်ပေါ့လေ၊ မျက်ဝန်းကို ကစားလွန်းအားကြီးသည်။ အေးအေးသွယ်ကတော့ ပြောသားပဲ 'မိမိခင့် တစ်ကိုယ်လုံးမှာ ဆွဲဆောင်မှုရှိတဲ့အရာ နှစ်ခုပဲ ရှိတယ်၊ တစ်ခုက မျက်လုံး၊ တစ်ခုက ကိုယ်ခန္ဓာ၊ သူ အဲဒီ နှစ်မျိုးကြောင့် ကွင်း ရခဲ့တာပဲ' တဲ့။

"ဘုရားနဲ့ ကိုယ်နဲ့ နည်းနည်း ဝေးသေးတယ်လို့ မီ မထင်ဘူးလား"

ဆရာ့အသံက ရယ်မြူးဟန်နည်းနည်းကလေး ပါနေသော်လည်း မျက်နှာကတော့ ခပ်တည်တည်ပဲ ဖြစ်သည်။

"ဟာ... ကိုကိုနိုင်ကလဲ၊ မီ အဲဒါတွေမသိပါဘူး၊ မီသိတာက ည ဘုရားကိုးဆူရှိတယ်၊ ကိုကိုနိုင် လာရမယ်၊ ဒါပဲလေ"

ကြည့်စမ်း၊ ဆရာနှင့်မိမိခင် သည်မျှ ရင်းနှီးလိမ့်မည်ဟု မထင်ထားခဲ့ပါလား။

"နောက်ပြီး ကိုယ် မလာရင် မီက စိတ်ကောက်မယ်၊ ဟုတ်တယ် မဟုတ်လား"

မိမိခင်က မူနွဲ့သော အသံကလေးဖြင့် ချိုမြစွာ ရယ်မောလိုက်သောအခါ ကေသီ သူမကို တအံ့တဩ မော့ကြည့်မိလျက်သား ဖြစ်သွားသည်။ ဘယ်လောက်များ အသည်းနွေးဖို့ ကောင်းလိုက်တဲ့ ရယ်သံမျိုးလဲ။ ထိုရယ်သံမျိုးဖြင့် ရယ်တတ်အောင် ကေသီ တစ်သက်လုံး လေ့ကျင့်လို့တောင် ရမည်မထင်ပါ။ ဒါဟာ ရှေးဘဝက ဆုတောင်းနဲ့ပဲ ဆိုင်လေသလား။ သို့မဟုတ် ဗီဇနှင့်ပဲ ဆိုင်လေသလား၊ ညို့ငြိသော အတတ်ဆိုတာ ဒါပဲနှင့်တူပါရဲ့။



www.burmeseclassic.com

www.burmeseclassic.com



ကေသီ မျက်လုံးကို မှတ်စုစာအုပ်ဆီသို့ ပြန်ပို့လိုက်ပါသည်။

"ကေသီက သိပ်ကြိုးစားတာပဲနော် ကိုကိုနိုင်၊ ကေသီလို ကျောင်းသူမျိုးတွေချည်း ဆိုရင်တော့ တို့ကိုကိုနိုင် နားချိန်တောင် ရှိမှာမဟုတ်တော့ဘူး"

ကေသီ ရင်ထဲတွင် ပူလောင်စွာ ရှက်ရွံ့သွားသောကြောင့် ကိုင်ထားသည့် ဘောလ်ပင်ကို လွှတ်ချလိုက်မိသည်။ ဒါ ခနဲ့တာပဲ၊ မဟုတ်ဘူး၊မဟုတ်ပါဘူးလေ။ ဒါ အကောင်းမြင်ဝါဒနဲ့ အမှန်အတိုင်း ပြောတာ ဖြစ်မှာပါ။ ကေသီ စိတ်ကို ထိန်းချုပ်ထားလိုက်ပါသည်။

"ကျေးဇူးတင်ပါတယ် မိမိရယ်၊ ကိုယ်က ဉာဏ်သိပ် မကောင်းဘူးလေ။ ဒါပေမယ့် ဆရာ ဦးရန်နိုင် နားချိန်ရှိအောင် ဆွေးနွေးချိန်ကို ကိုယ် အတတ်နိုင်ဆုံး လျှော့ချထားပါတယ်"

"ဒါပေမယ့် မိ မြင်တာတော့ ကေသီ ခဏခဏ စာမေး နေတာပဲလေ"

သေချာသည်၊ ဒါကတော့ မိုက်မဲလွန်းတဲ့ ရန်လိုစကားပဲ။

ဆရာ့ကို အကဲခတ်တော့ အနေရကျပ်ဟန် တစ်စက်မှ မပေါ်။ ကေသီနှင့် မိမိခင်ကို တစ်လှည့်စီ ကြည့်၍ နှုတ်ခမ်းကလေး မဲ့ကွေးကာ ပြုံးပင်ပြုံးနေလိုက်သေး၏။ ဆရာ့ကို ကြည့်ရသည်မှာ ဖြစ်ပေါ်နေသည့် အခြေအနေကို ကျေနပ်နေပုံရ၏။ ကေသီ၏ပုံစံမှာ ပွဲကြည့်ပရိတ်သတ်ရှေ့ ရောက်နေသော တိုက်ကြက်တစ်ကောင်လိုများ ဖြစ်နေပြီလားဟု ခံစားလိုက်ရသည်။

"ကောင်းပြီ၊ ဒါဖြင့် ဆရာ့ကို အနှောင့်အယှက် ခဏခဏ ပေးမိတဲ့အတွက် ကိုယ် ဘယ်သူ့ကို တောင်းပန်ရမှာလဲဟင် ဆရာ့ ကိုလား။ မိမိ့ကိုလား"





အတတ်နိုင်ဆုံးသိမ်မွေ့နူးညံ့အောင် ကြိုးစားဟန်ဆောင် ထားလျက်က သရုပ်ဆောင် သိပ်မပီပြင်လောက်ဘူးဟု သိနေပါသည်။ ကေသီ့ မျက်နှာတွင် တင်းမာရိပ်များ ထင်ချင်ထင်ဟပ်နေနိုင်သည်။ ဤအဖြစ်အပျက်ကို ကေသီ အလွန် စိတ်ကုန်လှပါသည်။

မိမိခင်ထံမှ ဘာစကားသံမှ ထွက်ပေါ်မလာသောကြောင့် မော့ကြည့်၍ ကြိုးစားပြုံးပြလိုက်သောအခါ မိမိခင်က ပခုံးလေးတွန့်လျက် သရော်တော်တော်ပြုံးတာနှင့် ဆုံသွား၏။

"ကဲ... လောလောဆယ်တော့ မိုးကြောင့် အနှောင့်အယှက် ဖြစ်နေကြပြီ၊ မိ သွားမှပဲ၊ ကိုကိုနိုင် မိ ပြန်တော့မလို့၊ ည စောစော လာခဲ့နော်"

ကေသီသည် ယောင်ယမ်းပြီး ဆုပ်ထားသော လက်သီးဆုပ်ကို ဖြေချလိုက်၏။

ဟန်ဆောင်သိပ်ကောင်းတဲ့ မိန်းမ။

ထို့နောက် မိမိခင် လှည့်ထွက်သွားသည်။ ချီးကျူးစရာ ကောင်းတာတစ်ခုက မိမိခင်သည် ဘယ်လောက်ပဲ စိတ်တိုနေသည် ဖြစ်စေ ညင်သာဖွဖွကလေးချည်း ခြေလှမ်း လှမ်းတတ်ခြင်းပင် ဖြစ်သည်။ ဘယ်တော့မှ တရှပ်ရှပ် တဖျတ်ဖျတ်မကြားရ။

"မိမိခင်က ကလေးလိုပဲဗျ၊ သူ့ အိမ်မှာ သူ အငယ်ဆုံးဆို တော့"

ဒါပေမယ့် သူ ကျွန်မထက် အသက်ကြီးတာပဲ ဆရာ။

ဆရာက မိမိခင်ကို သက်သက်ညှာညှာ မြင်စေချင်ပုံရပါရဲ့။ သို့သော် ကေသီ၏ စိတ်ထဲတွင်တော့ သက်သက် ထိခိုက် စော်ကားခံရ သည်ဟုသာ ယူဆကြောင်း ဆရာ သိစေချင်လှသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်နော် ဆရာ၊ တချို့မိန်းမတွေဟာ အသက်ဘယ်လောက်ပဲကြီးကြီး စိတ်ဓာတ်က ရင့်ကျက်မလာတတ်ကြဘူး၊ ကလေးဆန်တတ်ကြတယ်၊ ဒါကို ကျွန်မတို့ ခွင့်လွှတ်ရမှာပေါ့"

သို့သော် ကေသီ တကယ်ခွင့်မလွှတ်ကြောင်း ဆရာ ရိပ်မိပုံရ၏။

"ကဲ... ကဲ ကိုယ်တို့ စောစောကအကြောင်း ပြန်ပြောကြရအောင်၊ ကိုယ်တို့ ဘာအကြောင်း ဆွေးနွေးနေတာလဲ"

အနားမှာ တစ်ချိန်လုံး သတိအနေအထားဖြင့် ထိုင်နေရသော အေးအေးသွယ်က စိတ်ပေါ့ပါးသွားဟန်ဖြင့် ကေသီရော ဆရာပါ ကြားရလောက်သည့် သက်ပြင်းတစ်ချက်ချလိုက်လေသည်။

"ပုဂံခေတ် 'အ' အသုံးအနှုန်းလေ ဆရာ"

"မဟုတ်သေးဘူးလေ၊ အဲဒီ အလျင်က"

"အဲဒီအလျင်က"

ကေသီ မှတ်စုကို ပြန်ကြည့်လိုက်သည်။

"အနက်ဖွင့် အထူးပြု နာမဝိသေသနအကြောင်း ဆရာ"

"ဟုတ်ပြီ မှတ်မိပြီ၊ နိပ္ဖာန်နဲ့ ပတ်သက်ပြီး အနက်ဖွင့်အထူးပြုတဲ့ စကားတွေ အများကြီးရှိတယ်၊ ဘုရားနဲ့ ပတ်သက်ပြီး အထူးပြုတဲ့ စကားတွေရှိတယ်နော်။ တောင်ဂူနီဘုရား ကျောက်စာတစ်ခုထဲမှာကို နှစ်မျိုးပါတယ်၊ ပထမပိုင်းမှာလေ၊ သူရေးထားတာ။ ဘာတဲ့..."

ကေသီ ပါမောက္ခဦးဇမောင်၏ ပုဂံကျောက်စာ လက်ရွေးစင် စာအုပ်ကို လှန်လိုက်၏။ ပထမဆုံး စာကြောင်းရေနှစ်ကို ဆရာ့ကို ဖတ်ပြလိုက်ပါသည်။

"သံသရာဆိုး ငရဲခပ်ကယ်သောကုန်ရာဖြစ်သော သဗ္ဗညုမည်သော ဘုရားအဖြစ်ကို လိုသောကြောင့်..."





ဆရာက ကေသီ၏ သွက်လက်ပြီး လေ့လာဉာဏ်ရှိပုံကို ချီးကျူးလိုဟန်ဖြင့် ခေါင်းတစ်ချက်သာညိတ်ပြ၏။

"ဟုတ်တယ်၊ အဲဒါ ဘုရားကို အနက်ဖွင့် အထူးပြုထားတာ။ နောက်ပြီး ရှိသေးတယ်၊ကျောက်စာ ကျောဘက်၊ နောက်ဆုံးစာကြောင်းမှာ ရဟန္တာကို အထူးပြု အနက်ဖွင့်ထားတာ"

သူမ ၎င်းစာကြောင်းကိုတော့ စာအုပ်ထဲ ဖတ်ကြည့်ဖို့ပင် မလိုပါ။

"ထင်ရှားစွာသော ပညာနှင့် ပြည့်စုံသော ရဟန္တာအဖြစ် ဆိုတဲ့ စကားလေ ဆရာ၊ ဟုတ်တယ် မဟုတ်လား"

ဆရာက သူမ၏ ဟန်ပန်ကို ကြည့်ကာ ရယ်ချင်ဟန်ဖြင့် ပြုံးစစ ဖြစ်သွားသည်။ သို့သော် ဘာမျှမပြောပါ။ ဆရာ့ပုံစံမှာ ကေသီ့ကို တစ်ခုခု ခနဲ့တော့မည်ဟု ကေသီ ထင်လာသောကြောင့် ဆရာ့ကို ငေးမောပြီး စောင့်ကြည့်နေလိုက်သည်။ ဆရာက ဘာတစ်ခုမှ မပြောချေ။

"ဒါနဲ့ဆရာ၊ ဟိုနေ့က ဆရာပြောတဲ့ ပန်းတိမ်သမား၊ ပန်းချီသမား၊ ပန်းပုသမားတွေကို ပန်းဆယ်မျိုး ခေါင်းစဉ်အောက်မှာ ကျွန်မ သပ်သပ်ခွဲလိုက်ပြီ ဆရာ၊ နောက်ထပ် ဘာတွေများ ရှိနိုင်သေးလဲ ဟင်"

ဆရာက စာအုပ်ကို လှန်လှောကြည့်ကာ ပြုံးစစဟန် မပျောက်သေးဘဲ ပြော၏။

"ပန်းပဲပေးသလေ ၄ ကျပ်တဲ့၊ ပန်းရန်ရေခ စပါး ၁၄၀ တဲ့၊ ဒါတွေကို မကေသီ စုစည်းတဲ့အခါ သူ့ အလိုလို မြင်လာပါလိမ့်မယ်။ လောလောဆယ် ရသမျှပဲ စုထားပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဆရာသည် သူမ အနည်းငယ် စိတ်အနှောင့်အယှက် ဖြစ်နေသည်ကို သိဟန်တူ၏။ လက်ချောင်းများဖြင့် စားပွဲကို တဒေါက်ဒေါက် ခေါက်လျက် ကေသီ မှတ်စု ရေးအပြီးကို စောင့်နေသေးသည်။ ကေသီ ရေးပြီး၍ ကိုယ်ကို မတ်လိုက်သောအခါကျမှ ဆရာ ပြုံးခနဲ မတ်တတ်ရပ်ကာ ကုလားထိုင်ကို အသံမြည်အောင် နောက်သို့တွန်း၏။ ဆရာက သင်ခန်းစာကို ဤမျှနှင့် ရပ်ပစ်စေချင်ဟန်တူပါရဲ့။ သူမ စိတ်ပေါ့ပါးလွတ်လပ်သွားပြီး မှတ်စုနှင့် ဘောလ်ပင်ကို ပခုံးလွယ်လက်ပွေ့ အိတ်ထဲသို့ ခပ်သွက်သွက် ထည့်လိုက်သည်။

"ဒါနဲ့ မကေသီရဲ့ အားလပ်ချိန် အပန်းဖြေနည်းက ဘာလဲ"

ဆရာ့ မေးခွန်းကြောင့် ငုံ့နေဆဲ ဖြစ်သော ကေသီ့ ဦးခေါင်း ဖျတ်ခနဲ မော့သွားပါသည်။ ဆရာက မတ်တတ်ရပ်ရင်းက ကုလားထိုင်တွင် ချိတ်ထားသော ပင်နီရောင်တိုက်ပုံအင်္ကျီကို သေသေသပ်သပ် ခေါက်နေ၏။ လောလောဆယ် ဖြစ်ပေါ်နေသော အမှုကိစ္စများနှင့် ဘယ်လိုမှမသက်ဆိုင်သော မေးခွန်းတစ်ခု ဖြစ်သောကြောင့် ကေသီ အူကြောင်ကြောင်ဖြစ်သွားစဉ် အေးအေးသွယ်က ယနေ့အဖို့ ပထမဦးဆုံး အကြိမ် ခစ်ခနဲရယ်၏။

"နှစ်မျိုးရှိတယ် ဆရာရဲ့" အေးအေးသွယ်က ဝင်ဖြေပေးပါသည်။

"မန္တလေးမှာ တစ်မျိုး၊ ပျဉ်းမနားမှာ တစ်မျိုး၊ သစ္စာဆောင်မှာ သူ့ရဲ့ အားလပ်ချိန် အပန်းဖြေနည်းက ဂစ်တာတီးတယ်၊ စာဖတ်တယ်၊ သူ့ အခန်းထဲက စာအုပ်တွေက ရယ်စရာကောင်းတယ် ဆရာ၊ ဆရာ စိတ်ဝင်စားမှာပဲ"

"ဟုတ်လား ဘာတွေပါလိမ့်"





ဆရာက ပါးလှစ်သော နှုတ်ခမ်းကို တင်းတင်းစေ့ထားသော်လည်း အခုချက်ချင်း အေးအေးသွယ်နှင့်လိုက်၍ ရယ်မောတော့မလိုဖြစ်နေသည်။ ကေသီ သူတို့ နှစ်ယောက်လုံးကို ခပ်တည်တည် စိုက်ကြည့်နေလိုက်၏။

"ဂျာမန် ဂွန္တဝင်ဆိုတဲ့ အညိုရောင် စာအုပ်ရှည်ကြီးရယ်၊ ခေတ်သစ် ဂျာမန်ဆိုတဲ့ ခပ်ကြောင်ကြောင် စာအုပ်ကြီးရယ်၊ ဒိုင်မင်းရှင်းဆိုလား အင်္ဂလိပ် ဘာသာပြန် ဂျာမန်စာအုပ်တစ်အုပ်ရယ်၊ နောက်ပြီး ဟာမန်းဟက်ဇ်ရဲ့ စာအုပ်တွေ ဆရာ၊ ကျွန်မ ဖတ်တတ်သမျှကတော့ စာအုပ်နာမည်တွေပဲ၊ သိဒ္ဓတ္တရယ်၊ သင်းကွဲ ဝံပုလွေရယ်လေ"

"ဟုတ်လား၊ အဲဒါ မရယ်ရပါဘူး မအေးအေးသွယ်ရဲ့"

"နေဦးဆရာ၊ ကျန်သေးတယ်၊ တောမတ်စ်မန်းရဲ့စာအုပ်တွေရော ဆရာ။ နောက်ပြီး ဟိုလီဒါလင်ရဲ့ ကဗျာစာအုပ်လဲ ပါတယ်။ ဒါပေမယ့် ကေသီက ဂျာမန်တွေကို သိပ်မုန်းတယ်ဆရာ။ ဒုတိယကမ္ဘာစစ်အကြောင်း ရုပ်ရှင်ရိုက်တဲ့ ဇာတ်ကားတွေဆို ဘယ်တော့မှ မကြည့်ဘူး"

ကေသီသည် ထိုင်ရာမှ ဖျတ်ခနဲထရပ်လိုက်ပြီး အေးအေးသွယ်ကို ပခုံးဖက်ပွေ့ ပစ်လိုက်၏။

"ကဲ... တော်လောက်ပြီ အေးသွယ်၊ ငါဂျာမန်မုန်းပြီး ဂျာမန်စာတွေကိုကြိုက်တဲ့ အဖြစ်အပျက်ကို နင်သာ ရယ်စရာကောင်းနေမှာ။ ဆရာက ဘယ်တော့မှ ရယ်မှာ မဟုတ်ဘူး၊ ဟုတ်တယ်မဟုတ်လား ဆရာ"

ဆရာက ပခုံးတွန့်ပြပြီး ခပ်တည်တည်မျက်နှာမှာ ပြုံးလာ၏။ ထို့နောက် သူ့ လက်ဆွဲအိတ်ကို ကောက်ကိုင်ကာ ရှေ့မှ ဦးဆောင်



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားသောကြောင့် ကေသီတို့က နောက်က ကပ်လိုက်သွားရပါသည်။

"နောက်တစ်မျိုးပြောဖို့ ကျန်သေးသလားလို့"

ဆရာက ကေသီ့ ဘက်သို့ ငဲ့ကြည့်၍ စူးစမ်းတော့ သူမ အနည်းငယ် ပြုံးလိုက်မိပါသည်။

"ပျဉ်းမနားမှာ အားလပ်ချိန်အပန်းဖြေနည်းလားဆရာ၊ မနက်ခင်းမှာ မေမေစိုက်မယ့် ပျိုးပင်လေးတွေအတွက် ခြံထဲမှာ မြေဆွပေးတယ်၊ ပေါင်းသင်ပေးတယ်။ အမှတ်(၁)ကျောင်းကို မေမေ့ကို စက်ဘီးနဲ့ လိုက်ပို့တယ်၊ ညနေ မေမေ့ကို သွားကြိုတယ်။ နောက် ညနေစောင်းတော့ မေမေနဲ့အတူ ကြက်တောင်ရိုက်တယ်။ ဒါထက် မိုးချုပ်တော့ မေမေ့ သစ်ပင်တွေကို ရေလောင်းတယ်"

"ကေသီ့ မေမေက လွန်ခဲ့တဲ့ နှစ်အစိတ်လောက်တုန်းက မွန္တလေးတိုင်း လက်ရွေးစင်တဲ့ ဆရာ"

"မကေသီရဲ့ ဖေဖေကရော"

ထိုမေးခွန်းမျိုးကြောင့် ကေသီ စိတ်အနှောင့်အယှက်လုံးဝ မဖြစ်တော့တာ ကြာပါပြီ။

"ဖေဖေက နောက်အိမ်ထောင်နဲ့ ရန်ကုန်မှာ နေပါတယ် ဆရာ။ ကျွန်မမောင်လေးလဲ ဖေဖေနဲ့ပဲ လိုက်နေတယ်"

"ဩော်..."

ဆရာ အနည်းငယ် အားတုံ့အားနာ ဖြစ်သွားပုံရ၏။ ဘာမှ ဆက်မပြောတော့ပါ။

ထိုနေ့က ဆရာ ကားပေါ်တက်ခါနီး ကေသီတို့က စက်ဘီးကိုယ်စီတွန်းလျက် လမ်းခွဲခဲ့ကြစဉ် ဆရာ့ အပြုံးမှာ ယခင်ကလိုပေါ့ ရွှတ်ရွှတ် အပြုံးမျိုးမဟုတ်ဘဲ ထူးခြားစွာ နက်နဲနေသည်ဟု ကေသီ





ထင်သည်။ ကေသီနှင့် အေးအေးသွယ် မိန်းအဆောက်အဦး၏ရှေ့တွင် အမိပတိလမ်းကို ဖြတ်ကျော်သွားကြစဉ် ဆရာ့ကားက သူမတို့ ဘေးမှ ကျော်လျက် ထွက်ပေါက်ဆီသို့ ကွေ့သွားသည်။ ဆရာ့ ကားစက်သံကို မှတ်မိစွာ နောက်လှည့်ကြည့်ကြတော့ ခပ်လှမ်းလှမ်း ကားပြတင်းပေါက်မှ ညာလက်ကို မြှောက်ကာ လက်ပြသွားသော ဆရာ့မျက်နှာမှာ နှစ်နှစ်ကာကာ ပြုံးလျက်ရှိသည်ကို ကေသီ အံ့သြစွာ တွေ့လိုက်ရတော့သည်။

ဏ ဏ ဏ



www.burmeseclassic.com

www.burmeseclassic.com



လူဆိုတာ ကိုယ့်အနီးအနားမှာရှိနေသော မေ့မေ့လျော့လျော့ တန်ဖိုးမထားဖြစ်သည့် အရာတစ်ခုကို အပြိုင်အဆိုင်လိုချင်သူတစ်ယောက်တလေပေါ်လာမှ လိုချင်ရကောင်းမှန်း သိလာတတ်ဟန်တူပါသည်။

ပထမတော့ ကေသီ့အတွက် ဆရာသည် ဘေးနားမှာ မသိမသာရှိနေသော အထင်ကြီးချင်စရာကောင်းသူ ဆရာတစ်ဦးသာ ဖြစ်သည်။ နောက်ပိုင်းတွင် ဆရာ့အနားမှာ ပြုံးရွှင်နေကြသော ကျောင်းသူငယ်ငယ်ကလေးများ၊ ဆရာမ ငယ်ငယ်ကလေးများကို ကြည့်ကာ ဆရာဟာ တန်ဖိုးကြီးသော ယောကျ်ားတစ်ဦးလည်း ဖြစ်လိမ့်မည်ဟု မတွေးတတ် တွေးတတ်နှင့် တွေးတောလာခဲ့မိသည်။ ဆရာ့ အသက်အရွယ် ၃၆ နှစ်အထိ အိမ်ထောင်မကျခဲ့ဘူးသေးသူဟု တစ်ဆင့်စကား တစ်ဆင့်နားဖြင့် ကြားခဲ့သည်ကို အများနည်းတူ မအံ့သြမိတာတော့သေချာသည်။ သူဟာသူ အိမ်ထောင်ပြုဖို့ စိတ်



www.burmeseclassic.com

www.burmeseclassic.com



မပါလို့ဘဲ ဖြစ်မှာပေါ့။ ဘယ့်နှယ် လူတစ်ယောက်ဟာ ထုံးတမ်းစဉ်လာတွေကို မသွေဖည်ရတော့ဘူးတဲ့လား။

မေမေဆိုလျှင် ကေသီ ငယ်ငယ် အလယ်တန်းကျောင်းသူဘဝကတည်းက၊ ဖေဖေ နောက်အိမ်ထောင်ပြုသွားကတည်းက တစ်ခုလပ်မိန်းမတစ်ဦးအဖြစ် နေခဲ့တာ ယနေ့အထိ။ မေမေ့အနားမှာ မည်သည့်ယောက်ျားမျှ မရှိခဲ့ပါ။ သူမသည်လည်း မေမေ့ထံမှ ယောက်ျားများကို စိတ်ကုန်ဖွယ်ရာ စကားများကို မကြာခဏ ကြားခဲ့ရသောကြောင့်လားမသိ၊ သူမ စိတ်ဝင်စားနိုင်လောက်သည့်ယောက်ျားဟူ၍ တစ်ယောက်မျှ မရှိခဲ့ချေ။

လွန်ခဲ့သော သုံးလေးနှစ် ကျောင်းသူတစ်ယောက်ဘဝကတည်းက သူမကို ချစ်မြတ်နိုးလှသည်ဆိုသော ကျောင်းသားနှစ်ယောက်ရှိခဲ့သည်။ တစ်ယောက်က ကေသီတို့ မြန်မာစာမှ ဖြစ်ပြီး ကေသီ့ထက် တစ်တန်းကြီး၍ ယခုတော့ သူ ကျောင်းပြီး၍ စီးပွားရေးလောကထဲ ဝင်နေပြီ။ ကေသီ၏ဌာနသို့ မကြာခဏလာဆဲ၊ မျှော်လင့်ချက်မကုန်သေးသော စကားတို့ကို အရိပ်အယောင်ပြဆဲ။ ကေသီကလည်း ယခင် ငြင်းခဲ့ပြီးသော ဆုံးဖြတ်ချက်အတိုင်း ယဉ်ကျေးစွာ ငြင်းပယ်မြဲ။ သူ့ရုပ်က လည်ပတ်သော သူဌေးသားတစ်ယောက်၏ ရုပ်ရည်မျိုး။ ဆံပင်အနည်းငယ်ကောက်လျက် အသားမှာ ဖြူဖွေးပြီး နီချင်ချင်။ သို့သော် သူ့မျက်လုံးများက နည်းနည်းမျှ မရိုးသားဘူးဟု ကေသီ ထင်သည်။ သူမကိုကြည့်လျှင် မျက်လုံးများက တောက်ပြောင်ပြီး အရည်လဲ့လာတတ်၏။ အမေရိကန်ရုပ်ရှင်တွေထဲမှာ မိန်းမတစ်ယောက်၏ ကိုယ်လုံးကိုယ်ထည်ကို ပြစ်မှားနေသူ ဇာတ်လိုက်တစ်ယောက်၏ အကြည့်မျိုး။ ထိုအကြည့်မျိုးကို ကေသီ ကြောက်လည်း ကြောက်သည် မုန်းလည်း မုန်းသည်။ သူ့ဟာသူ ကိုယ်ပိုင်ကား လဲ ပြောင်းစီးနိုင်တာ





ကေသီနှင့် မသက်ဆိုင်။ ငွေစကား အမြဲပြောသော ယဉ်ကျေးဖွယ်ရာမှု မရှိသည့် ထိုလူဘော်ကြောမျိုးကို သူမ နည်းနည်းမျှ အထင်မကြီးနိုင်ပါ။

နောက်တစ်ယောက်ကတော့ ကေသီနှင့် တစ်နှစ်တည်းကျောင်းသား၊ သို့သော် အဓိကဘာသာချင်း မတူကြချေ။ သူက စိတ်ပညာအဓိကယူသည်။ စိတ်ပညာယူသူပီပီ သူ့ အပြုံးတို့က လျှို့ဝှက်သည်။ မျက်လုံးများကတော့ သာမန်ပဲ။ သို့သော် နူးညံ့ဖော်ရွေသော မျက်လုံးမျိုး၊ အသားညိုစိမ့်စိမ့်၊ အောက်နှုတ်ခမ်း အနည်းငယ် ပိုထူသည်။ အရပ်ကတော့ ငါးပေငါးလက်မရှိသော ကေသီ့ထက် ခေါင်းတစ်လုံးလောက်မြင့်၏။ အေးအေးသွယ်ကတော့ သူ့ကို ကျောက်တိုင်ကြီးဟု ခေါ်လေ့ရှိသည်။ ရှည်ကိုင်းသောအရပ်ဖြင့် ပုဆိုးခပ်တိုတို ဖိုသီဖတ်သီဖြင့် သူ့ကို ကြည့်လိုက်လျှင် ဘယ်တော့မှ သပ်သပ်ခန့်ခန့် မရှိ။ သူ့တစ်ကိုယ်လုံးမှာ အလှဆုံးက သွားများဖြစ်သည်။ သူ့သွားတွေက နိုင်ငံခြားက သွားတိုက်ဆေးကြော်ငြာတွင်သုံးသော ရုပ်ရှင်မင်းသားများ၏ သွားတွေလို စီစီရီရီ လှပဖြူဖွေးနေလေ့ရှိသည်။ ဒါတောင်မှ သူက ပြုံးလျှင် သွားမပေါ်အောင် ပြုံးတတ်တာများသည်။

ထိုတစ်ယောက်ကိုတော့ ကေသီ ယခုတိုင် ခင်မင်ရင်းနှီးဆဲ။ သူက အေးအေးသွယ်နှင့် ပို၍ ရင်းနှီးသည်။ အဘယ်ကြောင့်ဆိုသော် အေးအေးသွယ်၏ ချစ်သူ ကိုဝင်းဇော်နှင့် သူက အလွန်ခင်မင်သော သူငယ်ချင်းများဖြစ်ပြီး စစ်ကိုင်းတစ်မြို့တည်း ကြီးပြင်းနေထိုင်ခဲ့ကြသောကြောင့်ဖြစ်သည်။

'နင် မိန်းမရပြီလား' ဟု သူ့ကိုတွေ့တိုင်း ကေသီ မေးတတ်ပြီး သူကလည်း 'ဟင့်အင်း၊ နင့်ကို စောင့်နေတာ' ဟု ရယ်၍လိုမောသလို ဖြေလေ့ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးဖွဲ့ဖွဲ့ကလေး စတင်ရွာချသော မေလ၏ ဒုတိယပတ်ညနေခင်းတစ်ခုတွင် သူ ကေသီရှိရာ သစ္စာဆောင်သို့ ရောက်လာသည်။ သူရောက်လာခြင်းမှာ ကေသီ့အတွက် ရေကြီးခွင်ကျယ် ဖြစ်လောက်စရာမရှိသော်လည်း အရေးပါသော အကျိုးဆက်တစ်ခု ဖြစ်ခဲ့သည်။

သူမထံသို့ ဧည့်သည်များ လာလေ့မရှိကြသောကြောင့် ဆရာမဒေါ်ကေသီ ဧည့်သည်ရောက်နေတယ် ဟု ကျောင်းသူလေးတစ်ယောက် လာပြောတော့ ကေသီ အလွန်အံ့ဩသွားပါသည်။ မေမေဆိုလျှင် ကေသီ့ အခန်းအထိ တိုက်ရိုက်ဝင်လာမှာပေါ့၊ မေမေမဟုတ်တာ သေချာသည်။ နောက်ပြီး မေမေက နံနက်ခင်းများတွင်သာ ရောက်လာလေ့ရှိသည်။ ကေသီ အဆောင်ဂိတ်ပေါက်သို့ တွန့်ဆုတ်စွာရောက်တော့ အဆောင်အပြင်ဘက် ယောကျ်ားအစုအဝေးအကြားတွင် အရပ်အမြင့်ဆုံးဖြစ်သော ထိုသူငယ်ချင်းကို ထိုးထိုးထောင်ထောင် လှမ်းမြင်လိုက်ရ၏။ တွေ့တွေ့ချင်း သူက ‘ငါ့ကို လက်ဖက်သုပ်ကျွေးမလား ’ဟု မေးလေသည်။ ကေသီကလည်း ‘အေး ကျွေးမှာပေါ့’ ဟု ချက်ချင်း သဘောတူလိုက်၏။ ခွင်းချက်တစ်ခုတော့ ထားရသည်။

“ဒါပေမယ့် နင် ငါ့ကို အလျင်တုန်းက စကားဟောင်းတွေ ပြန်ဖော်ပြီး မေးတာတွေ တောင်းဆိုတာတွေ ဘာမှမလုပ်ဘူးလို့ ကတိပေးရမယ်”

သူက လျှို့ဝှက်သော အပြုံးမျိုး ပြုံးလျက် ခေါင်းကို သုံးလေးကြိမ် ဆက်တိုက် ညိတ်ပြလိုက်လေသည်။ ထိုနေ့က အေးအေးသွယ် အဆောင်၌မရှိ။ နောက်တစ်နေ့ မြို့ပြန်တော့မည့် သူ့အတွဲနှင့် အပြင်ပါသွားသည်။ ထို့ကြောင့် မောနင်းစတားသို့ ကေသီနှင့်သူ နှစ်ယောက်တည်း လျှောက်သွားကြရပါသည်။





အဲဒီနေ့ကျမှပဲ ဆရာနှင့်မိမိခင်ကို ပထဝီဌာနရှေ့ရပ်ထားသော ဆရာ့ကားဘေးမှာ ယှဉ်ရပ်လျက် မြတ်မာဆောင်မှ အဆောင်နည်းပြ သူငယ်ချင်း တစ်ယောက်နှင့် စကားပြောနေသည်ကို တွေ့လိုက်ရသည်။ ဆရာတို့သုံးယောက်လုံးကလည်း ကေသီတို့နှစ်ယောက်ကို မြင်တွေ့သွားသည်။ မိမိခင်က ဆရာ့အနီးမှာ ကပ်နေလိုက်တာ အကျီချင်းထိတော့ မတတ်ဘဲ။ ဆရာက သူမတို့ကို မြင်မြင်ချင်း ဖျတ်ခနဲ မျက်နှာလွှဲလိုက်သောကြောင့် ပြုံးပြတော့မည့် ကေသီ့နှုတ်ခမ်းများကို အချိန်မီ ပြန်ပြင်လိုက်ရ၏။

ဆရာမ အများစု၏ ထင်မြင်ချက် မှန်နေပြီနှင့် တူပါရဲ့။ သူတို့ကပြောသည်မှာ ဆရာဦးရန်နိုင်နှင့် ဒေါ်မိမိခင်ကို မိဘများလည်း သဘောတူထားပြီးသား၊ သူတို့ချင်းလည်း ချစ်ကျွမ်းဝင်နေကြသည်တဲ့။ ဆရာတို့နှစ်ယောက်ကို စာသင်ခန်းပြင်ပ၊ မြန်မာစာဌာန၏ ပြင်ပတွင် နှစ်ယောက်တွဲလျက် ပူးပူးကပ်ကပ် တွေ့လိုက်ရတော့ ကေသီ့ရင်ထဲမှာ အနည်းငယ်တော့ အောင့်သက်သက် ဖြစ်သွားခဲ့တာ ဝန်ခံရပါမည်။ သို့သော် ယခင်ကတည်းက မျှော်လင့်ပြီးသား အဖြေတစ်ခုမို့ အများနည်းတူ လွယ်ကူစွာ လက်ခံလိုက်ရုံပဲပေါ့။ ဘာပဲဖြစ်ဖြစ် မိမိခင်က ကံကောင်းသည်ဟုတော့ မုဒိတာနှင့် တွေးလိုက်မိသည်။

သို့သော် ဆရာတို့နှစ်ယောက် ဘာကြောင့် လက်မထပ်သေးပါလိမ့်။ ကေသီနှင့် ဘာမျှ မပတ်သက်သော အတွေးတစ်ခုကို အူကြောင်ကြောင် သွားတွေးလိုက်မိသေး၏။ ထိုနေ့က မောနင်းစတားတွင် သူငယ်ချင်းက ဆရာတို့ကိစ္စကို အစဖော်၍ မေးသေးသည်။

“ဆရာဦးရန်နိုင်က မိနဲ့ လက်ထပ်တော့မှာလို့ သတင်းကြားတယ်၊ ဟုတ်လား ကေသီ” တဲ့



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့... ငါ ဘယ်သိမလဲ၊ ငါက မိမိခင်နဲ့ ခင်တာလဲ မဟုတ်ဘူး။ အံမယ် နင်က မိတွေ ဘာတွေနဲ့ နင်နဲ့ရော ခင်လို့လား"

"တစ်ခါမှတောင် စကားမပြောဖူးဘူး။ ဒါပေမယ့်တို့ ဆိုက်ကိုကကောင်တွေ အားလုံးရဲ့ စကားဝိုင်းထဲမှာ သူက မိပဲ။ ငါ သူ့ကို မိလို့ပဲသိတာ၊ နာမည်ရင်းတောင် မသိပါဘူးဟာ"

"အင်း... သူတို့ချင်း တော်တော်တော့ ရင်းနှီးတာပဲဟ။ တစ်နေ့နေ့မှာ လက်ထပ်ကြမယ်နဲ့ တူပါတယ်"

သို့သော် ကေသီ၏ ထင်မြင်ချက်မှာ သွက်သွက်ခါအောင် မှားခဲ့သည်ကို နောက်တစ်နေ့ကျတော့ သိရသည်။

နောက်တစ်နေ့မှာ ကေသီတို့ ရတနာဘုမ္မိကို ဆရာရောက်လာခဲ့သည်။

သူမက ပထမနှစ် မြန်မာစာသင်တန်းတွင် မြန်မာသဒ္ဒါကို သင်နေဆဲ ဖြစ်၏။ စာသင်ခန်း အပြင်ဘက် ကော်ရစ်ဒါမှာ ဆရာက ဆရာဦးသန်းမြင့်နှင့် ဖြတ်လျှောက်သွားရင်း ကေသီ စာသင်နေတာကို ခပ်ကြာကြာ စိုက်ကြည့်သွား၏။ ထိုနေ့က ကေသီ့ ဆံပင်မှာ ပန်းရောင်နှင်းဆီပွင့်တစ်ပွင့် ပန်ထားတာကို မှတ်မိသည်။ စာသင်ချိန်ပြီး၍ ကေသီ ဌာန ရုံးခန်းထဲသို့ ဝင်လိုက်ချိန်တွင် ဆရာဦးသန်းမြင့်၏ စားပွဲမှာ တစ်ယောက်တည်း ထိုင်နေသော ဆရာ့ကို တွေ့လိုက်ရသည်။ ဆရာ့ လက်ထဲမှာ နယူးစ်ဝိ(ခ်)(စ်)တစ်အုပ် ကိုင်ထားသော်လည်း ဆရာ စာဖတ်နေခြင်း မဟုတ်ပါ။

"မင်္ဂလာပါ ဆရာ" ဟု သူမ ပြုံး၍ နှုတ်ဆက်တော့ ဆရာက ပြန်ပြုံးမပြဘဲ ထိုင်ရာမှ ထရပ်၏။

"မင်္ဂလာပါ မကေသီ၊ အတန်းပြီးသွားပြီလား"





"ဟုတ်ကဲ့ ဆရာ"

"ဘယ်တော့လောက်ကြာရင် မကေသီ နာရီဝက်လောက် အချိန်ရမလဲ"

"ကျွန်မ အခု အားပြီဆရာ"

"ကောင်းပြီ။ ကိုယ် မကေသီကို ဆွေးနွေးစရာ နည်းနည်းရှိလို့၊ ကိုယ်တို့ ဘယ်သွားပြီး ဘာစားကြရင် ကောင်းမလဲ"

သူမ ဆရာ့ကို ဖျတ်ခနဲ ငေးကြည့်ပြီး ချက်ချင်း ဣန္ဒြေဆယ်လိုက်ရ၏။

"ကဲင်တင်းမှာ လက်ဖက်ရည်သွားသောက်ရင် အဆင်ပြေမလား ဆရာ"

ဆရာက ချက်ချင်း ခေါင်းယမ်းသည်။

"ဟာ... ကဲင်တင်းမှာဆို ဆရာ ဆရာမတွေ ကျောင်းသားတွေ အများကြီးဖြစ်နေမှာပေါ့။ အေးအေးဆေးဆေး စကားပြောလို့ကောင်းမယ့် ဆိုင်မျိုးရွေးပါလား"

သူမရင်ခုန်သံကို သူမ ပြန်ကြားနေရ၏။ ဘာအဓိပ္ပာယ်ပါလိမ့်၊ အပြေးအလွှား စဉ်းစားကြည့်သည်။ အဖြေ လုံးဝ မရပါ။ အင်းလေ၊ ဘာဆွေးနွေးချင်သလဲဆိုတာ ဟိုရောက်တော့ သိလိမ့်မပေါ့။ ကေသီက ၃၄ လမ်းထောင့်က လက်ဖက်ရည်ဆိုင်ကို အကြံပြုတော့ ဆရာ သက်ခံလိုက်၏။

"ဒါဖြင့် သွားစို့"

ခပ်လှမ်းလှမ်းမှာ အေးအေးသွယ်နှင့် ဒေါ်လှလှအေး လျှောက်လာနေတာကို မြင်ရတော့ ဆရာက ကမန်းကတန်း...

'မအေးအေးသွယ်ကို မခေါ်ဘဲ ကိုယ်နဲ့လိုက်ခဲ့ရင် မကေသီအတွက် ဘာမှ ဆိုးဆိုး ရွားရွား ဖြစ်မလာနိုင်ဘူး မဟုတ်လားဟင်' ဟု



www.burmeseclassic.com

www.burmeseclassic.com



မေးလေသည်။ ကေသီ လှစ်ခနဲ ပြုံးလိုက်မိရင်း ခေါင်းယမ်း ပြလိုက်ပါသည်။ အေးအေးသွယ်က ကေသီ့ကို လက်ပြ နှုတ်ဆက်ရင်း ဆရာ့ကိုပါ ပြုံးပြလိုက်သည်။

"အေးသွယ် ငါ ဆရာနဲ့ ဟိုဘက် ခဏလိုက်သွားမလို့။ ရော့၊ အံဆွဲသော့"

ကေသီ ပစ်ပေးလိုက်သော သော့ကို မိမိရရ ဖမ်းဆုပ်လျက် အေးအေးသွယ်က ဆရာ မမြင်အောင် မျက်စိမှိတ်ပြလိုက်လေသည်။

ဆရာက လမ်း ၈၀ ဘက်နီးသော စားပွဲတစ်လုံးကို ရွေးသည်။ ကေသီ့အတွက် ကော်ဖီနှင့် ဆရာ့အတွက် လက်ဖက်ရည်မှာပြီး နှစ်ယောက်သား လမ်းပေါ် သွားလာနေကြသော စက်ဘီးများ၊ ကားများကို ငေးကြည့်နေကြတာအကြာကြီး။ ဆွေးနွေးစရာရှိသည်ဟူသော ဆရာက စကားတစ်ခွန်းမှ မပြောဘဲနှင့် ကေသီကစပြီး အာလာပ သလ္လာပပြောဖို့လည်း မကောင်းတတ်ပေ။

ပြောမည့် ပြောတော့လည်း ဆရာက နိဒါန်း မပျိုးဘဲ ဖြန်းခနဲ မေးခွန်းတစ်ခု မေးချလိုက်ခြင်းဖြစ်၏။

"မနေ့ညနေတုန်းက မကေသီနဲ့အတူ တွေ့လိုက်ရတဲ့ ကျောင်းသားက မကေသီနဲ့ ဘယ်လို ပတ်သက်နေတာလဲ။ အဲ... အဲဒါ ကိုယ် မေးခွင့်ရောရှိရဲ့လား မသိဘူးနော်"

ဆရာ့ မေးခွန်းကလည်း တုံးလိုက်တာ။ သို့သော် စကားပြောရင်း အိုးတိုးအမ်းတမ်း ဖြစ်သွားသော ဆရာ့ကို မရယ်မောရက်ပါ။

"ရပါတယ် ဆရာ။ ကျွန်မ ဒီမေးခွန်းကို ဖြေလို့ရပါတယ်။ ပထမဆုံး ပြောရမှာတော့ အဲဒါ ကျောင်းသား မဟုတ်ပါဘူး ဆရာ။ ကျွန်မနဲ့ တစ်နှစ်တည်း အောင်တာပါ။ ဆိုက်ကိုက ပြီးတာလေ။





နောက်ပြီး ကျွန်မနဲ့ ဘယ်လိုမှ မပတ်သက်ပါဘူး ဆရာ။ အဲ ... ဟိုလေ သူ့ဘက်ကတော့ ... ဒါပေမယ့် ကျွန်မတို့ သူငယ်ချင်းတွေပါပဲ ဆရာ"

ဆရာက ကေသီ့ကို မည်းနက်သော မျက်ဝန်းများဖြင့် ငေးကြည့်ပြီး မရယ်မပြုံး ခေါင်းဆတ်ပြသည်။ ထို့နောက် စိတ်မတည် ငြိမ်လျှင် ပြုမူနေကျပုံစံအတိုင်း ဖော်မီကာခင်းစားပွဲကို လက်ထိပ်များဖြင့် တဒေါက်ဒေါက် ခေါက်လျက် ငြိမ်သက်နေပြန်သည်။ ဆရာ ဘာဖြစ်လို့ ဒီမေးခွန်းကို မေးပါလိမ့်။ သူမ စိတ်ထဲမှာ သိနေသလိုလို မသိဘူးလိုလို ရင်တဖျတ်ဖျတ် ခုန်လာလျက် ကော်ဖီပန်းကန်ကို မ,ယူကာ အသက်မရှူဘဲ သောက်ချလိုက်သည်။

ထို့နောက် ဆရာ၏ ပါးလှပ်သော၊ အနည်းငယ် ကျယ်ပြန့်သော နှုတ်ခမ်းက တင်းခနဲ စေ့သွား၏။ မျဉ်းဖြောင့်တစ်ကြောင်းလို စေ့သွားခြင်းဖြစ်ပါသည်။ ပြီးတော့ အနည်းငယ် သွယ်ချွန်သော မေးစေ့ကို လက်သီးဆုပ်ဖြင့်ထောက်ကာ ကေသီ့ကို စိုက်ကြည့်နေသည်။ သူမ ဆရာ့မျက်လုံးများကို သည်တစ်ခါလောက် ဘယ်တုန်းကမှ မထိတ်လန့်ခဲ့ဘူးပါ။ မျက်လုံးချင်းဆုံသွားတော့ ကေသီ ကမန်းကတန်း မျက်လွှာချပစ်လိုက်မိသည်။

"မထူးပါဘူးလေ၊ ရိုးလက်စနဲ့ ဆရာ မကေသီရဲ့ကိုယ်ရေးကိုယ်တာကို ထပ်ပြီး စပ်စုပါရစေဦး၊ မကေသီမှာ အိမ်ထောင်ပြုဖို့ အစီအစဉ်တွေ ဘာတွေများ ..."

"အို..." ဘယ်လို မေးခွန်းကြီးလဲ။

ကေသီ့ ပါးပြင်နှစ်ဘက် ရှိန်းခနဲ နွေးထွေးသွား၏။ အနည်းငယ် တုန်ရီမလိုဖြစ်သွားသည့် နှုတ်ခမ်းအစုံကို ခပ်တင်းတင်း ဖိစေ့လိုက်ပြီး ဆရာ့ကို အားတင်း၍ ကြည့်မိသည်။ ဆရာ မျက်နှာပျက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"စိတ်မရှိနဲ့နော်၊ ကိုယ် တောင်းပန်ပါတယ်။ ကိုယ်က... ဒီလိုလေ မကေသီကို လွတ်လပ်တဲ့ မိန်းကလေးတစ်ယောက်အဖြစ် သဘောချင်လို့ မေးတာပါ၊ ရတယ်နော်။ မဖြေချင်ရင်လဲ ကိုယ် ထွတ်မမေးပါဘူး"

သူမ ဆရာ့ကို ငေးစိုက်ကြည့်ရင်း အနည်းငယ် ပြုံးချင်လာ၏။ သို့သော် မပြုံးရဲပါ။

"အေးလေ ကိုယ်လဲ ဘာတွေမေးမိ ပြောမိမှန်းကို မသိတော့ပါဘူး။ နောက်ပြီး ကိုယ်က စာသင်ကောင်းတယ်လို့ နာမည်ကြီးပေမယ့် စကားပြောသိပ်ညံ့တယ် မကေသီ၊ အထူးသဖြင့်တော့ ကိုယ် လက်ထပ်ချင်တဲ့ မိန်းကလေးနဲ့ စကားပြောတဲ့အခါမျိုးမှာ ညံ့တတ်တယ်နဲ့တူပါရဲ့"

သူမ၏နှလုံးသည် ပြင်းထန်စွာ တစ်ချက်ခုန်ပြီးမှ တဒိတ်ဒိတ် မြန်ဆန်စွာ ခုန်နေပြန်၏။ ဆရာဆိုလိုသောအဓိပ္ပာယ်ကို ကေသီ သဘောပေါက်လိုက်ပါပြီ။ သို့သော် ဆရာ့စကားများက ကေသီ၏ အတွေးများလိုပဲ ကပေါက်တိ ကပေါက်ချာ ဖြစ်နေ၏။ နေဦး၊ ဆရာ တည်ငြိမ်စွာ စကားပြောနိုင်သည့် အချိန်ရောက်သည်အထိ သူမ ငြိမ်သက်စွာ နားထောင်နေရမည်။ ဘာစကားမှ ပြန်မပြောရ၊ ထောက် မမေးရ။ ထို့နောက် ဆရာက လျှို့ဝှက်ချက်တစ်ခုကို ဖွင့်ပြောသည့် သူလျှိုတစ်ယောက်၏ အမူအရာမျိုးဖြင့် သူမကို ခပ်သွက်သွက် ပြောချလိုက်တော့သည်။

"ဒီမယ်၊ ကိုယ်ပြောတာ နားထောင်စမ်း။ ကိုယ် မကေသီကို လက်ထပ်ချင်တယ်၊ ကြားလား"

အို...။ ဆရာဦးရန်နိုင်သည် သူမကို လက်ထပ်ခွင့်တောင်းနေတာလား၊ ညွှန်ကြားချက်တစ်ခု ပေးနေတာလား။ သူမ ဆရာ့





မျက်နှာကို ရဲဝံ့စွာ မော့ကြည့်ဖို့ တော်တော် ကြိုးစားအားတင်းယူရသည်။ ဆရာက ကေသီ့ကို မျက်မှောင်တွန့်၍ ကြည့်နေ၏။

"ကိုယ်ပြောတာ နားလည်ရဲ့လား"

"ဟုတ်ကဲ့ နားလည်ပါတယ် ဆရာ"

သူမ ပြုံးရယ်ချင်သော်လည်း မရယ်ရဲပါ၊ ဆရာ့ကို မလေးစားရာ ကျမှာပေါ့။ ဆရာက သူမကို လက်ထပ်ချင်သည်ဆိုသည့်စကားမှာ ကေသီ့အတွက် ယုံတမ်းစကားလိုဖြစ်နေ၏။ သို့သော် ဆရာ ကိုယ်တိုင်ဖွင့်ပြောသောစကားထက် မည်သည့်စကားတင်းများက မှန်ကန်နိုင်ပါမည်နည်း။ ခဏကြာတော့ သူမ တဖြည်းဖြည်း ပျော်ရွှင်လာ၏။ ကေသီ ဆယ်တန်းအောင်သည့်နှစ်က မေမေ ကေသီ့ကို ဆုချသော ငါးမူးသား ဆွဲကြိုးကလေးတစ်ကုံးကို ပထမဦးဆုံးအကြိမ် ဆွဲပြီးစဉ် ဖြစ်ပေါ်ခဲ့သော စိတ်ခံစားမှုမျိုးနှင့် ဆင်တူပါသည်။ မေမေ ဘယ်တုန်းက ပိုက်ဆံစုပြီး ဝယ်ထားမှန်းမသိရသော၊ ဘယ်တော့မှလည်း မမျှော်လင့်ခဲ့သော ဆွဲကြိုးကလေးလေ။ အံ့ဩလှိုက်လှဲစွာ ဝမ်းသာနည်းမျိုး ဖြစ်ပါသည်။

"မကေသီ ဘာတွေ တွေးနေတာလဲ၊ ကိုယ် သိခွင့်မရှိဘူးလား"

"ဩော်... ဟို... မီမီခင်လေ"

ဆရာက ကေသီ မြင်သာအောင် ပင့်သက်တစ်ချက် ရှိုက်ပါသည်။

"အင်း... မီက ကိုယ့်ညီမလိုပါပဲ"

"ဒါပေမယ့် မီမီခင်က ဆရာ့ကို အစ်ကိုအရင်းလို သဘောထားရဲ့လား ဆရာ" ထိုမေးခွန်းမျိုး ကေသီ မမေးသင့်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"အင်း… ဒါတော့ ကိုယ် မသိဘူး။ ဘာဖြစ်လို့လဲ၊ အဲဒါ မကေသီအတွက် အရေးကြီးလို့လား"

"ဟင့်အင်း… မကြီးပါဘူး ဆရာ"

"ကိုယ့်အကြောင်း မကေသီ ဘယ်လောက်သိလဲ"

"မသိပါဘူး ဆရာ"

"သိဖို့ရော လိုမယ် ထင်ရဲ့လားဟင်"

ကြည့်စမ်း၊ ဆရာက ဒီလိုဆိုပြန်တော့ ပါးနပ်သားပဲ။

"ဟုတ်ကဲ့၊ လိုမယ်လို့ ထင်ပါတယ် ဆရာ"

ထိုစကားကို သူမ ရှက်ရွံ့စွာ ပြောချလိုက်ပါသည်။

သူမ စကားကိုကြားတော့ ဆရာ ပြုံးရွှင်သွားသည်။ မျက်နှက်ဝန်းများ လက်ခနဲ တောက်ပသွား၏။ ဆရာ ပြုံးရယ်တော့ သွယ်ချွန်သော မေးစေ့မှာ ပို၍ ချွန်သွားသည်။ နှုတ်ခမ်းများ ကော့ပျံ့သွားပုံက မိန်းကလေးတစ်ယောက်၏ ရှက်ပြုံးနှင့် သွားတူနေသည်။

"ဟုတ်ပြီ၊ ဒီလိုဆိုရင် ကိုယ့်အကြောင်းတွေကို ပြောပြမယ်။ ကိုယ့်အသက်က ၃၆ နှစ်"

"ဟုတ်ကဲ့၊ ဆရာ့ အသက်ကို ၃၆နှစ်မှန်း သိနေပါတယ်။ ဆရာနဲ့ပတ်သက်ပြီး ကျွန်မ သိသမျှက ဆရာ့အသက်တစ်ခုပါပဲ ဆရာ။ ဒါနဲ့ အသက် ၃၆ နှစ်အထိ ဆရာ အိမ်ထောင်မပြုတာ ဘာဖြစ်လို့လဲ ဟင်"

"အဲဒါလား၊ အဲဒါ ဆရာမသိဘူး။ ဆရာ ထင်တာပြော ရရင်တော့ မကေသီကို စောင့်နေခဲ့တာ ဖြစ်လိမ့်မယ်"

"ဟင်.. ဆရာက ကျွန်မကို ဘယ်တုန်းကသိနေတာလဲ"

ကေသီက ခပ်တုံးတုံး မေးခွန်းတစ်ခု မေးလိုက်မိသေး၏။

"မနှစ်ကမှလေ"





"အိုး…"

ဆရာ့ဟာသကို သည်တစ်ခါတော့ သူမ ရယ်မောမိပါသည်။

သူမသည် အများစု မိန်းကလေးများကဲ့သို့ပင် 'မေမေ့ကို ဘိုင်ပင်ပါရစေ' ဟု အကြောင်းပြန်ခဲ့ပါသည်။ ဆရာက မကေသီရဲ့ အမေက ဘယ်လို အမေမျိုးလဲဟု စပ်စုသေး၏။ မေမေ စိတ်နှလုံး နူးညံ့သိမ်မွေ့သည့်အကြောင်း၊ သမီးကို လွတ်လပ်ခွင့် အတော်အသင့် ပေးထားကြောင်း၊ လူငယ်များ၏ စိတ်ထားကို နားလည်လွယ်သော အထက်တန်းပြဆရာမတစ်ဦးဖြစ်ကြောင်း သူမ ဆရာ့ကို အားတက် သရောပြောပြမိ၏။

ထို့နောက် ကေသီ မေမေ့ထံ စာရေး အကြောင်းကြားလိုက် လေသည်။

မေမေ့ပြန်စာမှာ နှစ်ပတ်အကြာတွင် ရောက်လာခဲ့၏။

"ဆရာ့ကို အားနာလိုက်တာ ဆရာ၊ မေမေက ဆရာ့ကို တွေ့ချင်နေတယ်"

ထိုစကားကို အေးအေးသွယ် ရှေ့မှာပင် ပြောချလိုက်သည်။ ဘာဖြစ်လို့လဲဆိုတော့ ဆရာက ပထမဆုံးအကြိမ် လက်ထပ်ဖို့ ပြောပြီး ကတည်းက ကေသီနှင့်နှစ်ယောက်ချင်းတွေ့ဖို့ မကြိုးစားတော့ဘဲ အေးအေးသွယ်ကို အဖော်ခေါ်ခိုင်းသောကြောင့်လေ။ ကေသီနှင့် ဆရာ၏ဆက်ဆံရေးတွင် အေးအေးသွယ် မသိလိုက်သော အရာဟူ၍ ဘာမျှမရှိပါ။

"ဟုတ်လား၊ ကိုယ် သွားတွေ့လိုက်မယ်လေ"

လူငယ်ကလေးတစ်ယောက်လို ရှက်ရွံ့စွာ တက်ကြွသွား သော ဆရာ့ကို သူမ ပြုံးရယ်ချင်စိတ်ဖြင့် ငေးကြည့်နေလိုက်သည်။

"ဆရာ ပျဉ်းမနားကို ရောက်ဖူးလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"မရောက်ဖူးဘူး၊ ဒါပေမယ့် သိပ်မခက်ခဲဘူး မဟုတ်လား"

"မခက်ခဲပါဘူး ဆရာ၊ ဘူတာကဆင်းလိုက်ရင် ဆိုက်ကား တစ်စီးကို မေးလိုက်၊ ရှမ်းကန်ရှေ့က ဆရာမဒေါ်ခင်ခင်ကြီးအိမ်လို့ ပြောရင် သူတို့သိပါတယ်။ စနေ၊တနင်္ဂနွေ တစ်ပတ်လောက် ဆရာ အားတဲ့အခါ သွားတွေ့လို့ရပါတယ် ဆရာ"

ဆရာက စားပွဲပေါ်မှ မှတ်စုစာအုပ်ကိုထုတ်လျက် မေမေ့ လိပ်စာကို ရေးမှတ်သည်။ ကေသီက ဖုန်းနံပါတ်ကိုပါ ပြောလိုက်ပါ သည်။ တစ်ဆက်တည်း ဒီ စနေ၊တနင်္ဂနွေတော့ ပျဉ်းမနားကိုပြန်ပြီး မေမေ့ကို ကိုယ်တိုင်အကျိုးအကြောင်းပြောပြထားမည်ဟု ဆုံးဖြတ်ချက် ချလိုက်လေသည်။

ထိုနေ့ညနေ အဆောင်မှာ သူမနှင့်အေးအေးသွယ် ထမင်း စားချိန်ရောက်တော့မှ အေးအေးသွယ်က ကေသီ့ကို မေးသည်။

"နင့် ဟိုက်ဟီးလ်တွေ စွန့်လွှတ်ဖို့ အဆင်သင့်ဖြစ်ပြီလား"

"အိုး... ဘာဆိုင်လဲ"

"နင်က ဆရာ့ထက် အရပ်ရှည်သလိုဖြစ်သွားမှာပေါ့"

"ဒီမယ် ယောကျ်ားတစ်ယောက်ရဲ့ ဘုန်းကံဆိုတာ နင် ယုံရဲ့ လား၊ မိန်းမနဲ့ ယှဉ်လျှောက်ရင် သူတို့အရပ်က အလိုလို မြင့်လာ သတဲ့"

"ထပ်တရီ နင် အဲဒီ ယုံတမ်းစကားတွေကို မယုံဘူး မဟုတ် လား ကေသီ"

"အေး"

သူမတို့နှစ်ယောက် ပြိုင်တူ ရယ်မောမိကြသည်။ ထို့နောက် ကေသီ မျက်နှာကို တည်ပစ်လိုက်ပြီး...





"ဒီမယ် အိမ်ထောင်တစ်ခုမှာ အရပ် အတိုင်းအတာထက် ပိုအရေးကြီးတာတွေ အများကြီးရှိတယ် သိလား" ဟု ခပ်တည်တည် ပြောလိုက်ပါသည်။

"ဥပမာ..."

"ဥပမာ လေးစားမှု၊ ယုံကြည်ကိုးစားမှု၊ အထင်ကြီးမှု၊ လိုက် လျောမှု ဒါတွေပေါ့ အေးအေးသွယ်ရာ"

အေးအေးသွယ်က ကေသီ့ကို စူးစူးစိုက်စိုက် ကြည့်လျက်

"အရေးကြီးတာတစ်ခု လိုသေးတယ်" ဟု ပြတ်တောက်စွာ ပြော၏။

"ဘာလဲ"

"အချစ်လေ"

အချစ်...။ အချစ်အကြောင်းကို သူမ တစ်ခါမျှ ထည့်မစဉ်း စားဘူးပါ။

"အချစ်ဆိုတာ ဘယ်လိုဟာမျိုးလဲ အေးအေးသွယ်"

"အလိုလေး... အံ့ဖွယ်ပါလား ကေသီ။ ယောကျ်ားတစ် ယောက်ကို လက်ထပ်ဖို့ စဉ်းစားနေတဲ့ မိန်းမတစ်ယောက်က အချစ်ဆို တာ ဘယ်လိုဟာမျိုးလဲလို့ မေးနေရသေးလား"

သို့သော် အေးအေးသွယ် ကေသီ့အကြောင်း အကုန်သိပါ သည်။ ဤအသက်အရွယ်ထိ ကေသီသည် ယောကျ်ားတစ်ဦးတလေ ၏ အပေါ်မှာမှ သာယာစိတ်မျိုးဖြင့် စိတ်ကစားခဲ့ခြင်း မရှိကြောင်း အေးအေးသွယ်သိပါသည်။ အေးအေးသွယ်က ကိုင်ထားသည့် ဇွန်း ခက်ရင်းကို ပစ်ချကာ မိန့်ခွန်းတစ်ခု ခြွေတော့မည့် သဘာပတိ ပုံမျိုး ဖြင့် ကေသီ့ကို အလေးအနက်ကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



"လူနှစ်ဦး ချစ်တယ်ဆိုတာ တဲ့ ဝိညာဉ်နှစ်ခုဟာ အတွေး တစ်မျိုးတည်းကို ပူးပေါင်းပြီး တွေးတာ၊ အသည်း နှလုံးနှစ်ခုဟာ တစ်ခု တည်းလို ခုန်တာ၊ အဲဒါမျိုးကို ခေါ်တယ်တဲ့"

"ဘယ်သူကပြောတာလဲ"

"ဂျာမန် စာရေးဆရာ တစ်ယောက်ပဲလေ၊ ငါ ဖတ်ဖူးတဲ့ ကောက်နုတ်ချက် စာအုပ်ထဲကတွေ့တာ။ အဲဒီ စာရေးဆရာ နာမည် က ခက်တယ် ငါ မမှတ်မိဘူး။ သူ့ ဆိုလိုရင်းအဓိပ္ပာယ်ကလေးက လှလို့ ငါ မှတ်မိနေတာ"

ပြောပြီး အေးအေးသွယ်က ပန်းကန်ပြားကို မ,လျက် ရေ ဆေးရန် အခန်းအပြင်သို့ ထွက်သွားတော့သည်။

ဝိညာဉ်နှစ်ခုဟာ တစ်မျိုးတည်း တွေးတာ၊ အသည်းနှလုံး နှစ်ခုဟာ တစ်ခုတည်းလို ခုန်တာတဲ့။ ဘယ်လောက်ကြောင်လိုက် သည့် စကားများလဲနော်။ လူနှစ်ယောက်ဟာ ဘယ်လိုနည်းနဲ့မှအတွေး တစ်မျိုးတည်းမရှိနိုင်ဘူး။ ဥပမာ ဆရာနှင့် ကေသီဆိုပါတော့။ ဆရာက လက်ဖက်ရည် ကြိုက်သည်။ သူမက ကော်ဖီကြိုက်သည်။ ဆရာက ကော်ပြန့်စိမ်း ကြိုက်သည်။ သူမက စမူဆာ ကြိုက်သည်။ ဆရာက ကေသီ့ကို အချိတ်ထဘီနှင့် သိပ်ကြည့်ကောင်းသည်တဲ့။ သူမကတော့ ဘီဘဲလ်ပြောင် လုံချည်များကို သူမနှင့် လိုက်ဖက်သည်ဟု ထင်သည်။ အကြိုက်ချင်း ဘယ်မှာတူလို့လဲ။

အသည်း နှလုံး နှစ်ခု၊ တစ်ခုတည်းလို ခုန်ရမယ်။

ဒုက္ခပါပဲ။

ဆရာ၏ ညိုမှောင်ဖြောင့်စင်းသော ဆံပင် မွှပ္ပကလေးများ ကို မြင်ယောင်လာခဲ့၏။ ဆရာ့ဆံပင်ပျော့ကလေးတွေက လေတိုက် လိုက်လျှင် လွင့်ခနဲ လွင့်ခနဲ ဝေ့ဖွာသွားသော်လည်း ခဏ အကြာတွင်





သူ့နဂိုအတိုင်း ပြန်ပြီး ပုံကျသွားတတ်သည်။ အဖြူရောင် ရှပ်လက် ရှည်ကို အမြဲတမ်း လက်ဖျံအထက်ဆီတွင် ခေါက်တင်ပြီး သပ်ရပ်စွာ ဝတ်လေ့ရှိသော ဆရာသည် ကေသီ့အတွက် အထင်ကြီး လေးစားဖွယ် ရာဖြစ်သည် ဆိုပါလျှင် မလုံလောက်သေးဘူးလား။ ဆရာက သက်ထပ်ခွင့် တောင်းမည်ဆိုလျှင် ထက,မည့်သူတွေ တစ်ပုံတစ်ပင် ကြီးရှိနေမှန်းလည်း သူမ သိသည်လေ။ သည်ကြားထဲက ကေသီ့ကို ဆရာ လက်ထပ်ချင်သည်ဆိုတော့ သူမ အလွန်ကံကောင်းသူဟု ယုံကြည်စွာ ပျော်ရွှင်သွားခဲ့သည်။

ဆရာသည် မိန်းမနှင့် ပတ်သက်၍လည်း နာမည်အစွန်း အထင်း မရှိခဲ့သူ၊ အရက်သေစာ သောက်စားခြင်းမှလည်း ကင်းရှင်းသူ၊ ဂုဏ်သရေရှိ လူကြီးလူကောင်း စာရင်းဝင်သူ၊ စကားပြောလျှင် ပညာ ဘတ်လေသံနှင့် မာနသံ နည်းနည်းပါသော်လည်း သူ လက်ထပ် ယူမည့် မိန်းကလေး၏ဂုဏ်သိက္ခာကို ထိန်းသိမ်းဖို့ သတိရသူ။ မိန်းမ တစ်ယောက်ကို အဆင့်အတန်း မြင့်မြင့် ထားနိုင်စွမ်းသူ။ ဤကဲ့သို့ လူတစ်ယောက်ကိုမှ သူမ လက်မထပ်လျှင် ဘယ်လိုလူကို လက်ထပ်ရ မည်နည်း။

"အေးသွယ်၊ နင်နဲ့ ကိုဝင်းဇော်နဲ့ သိပ်ချစ်ကြတာပဲလား ဟင်"

အေးအေးသွယ်က မျက်လုံးပြူးလျက် ကြည့်လေသည်။

"နင် ဒီမေးခွန်းမျိုး ငါ့ကို ၃ နှစ် ကြာတဲ့အထိ ဘာလို့ မမေး ပါလိမ့်လို့ ငါ အံ့ဩမိတယ် ကေသီရေ။ ငါနဲ့ ကိုဇော်နဲ့ သိပ်ချစ်ကြ တာပေါ့။ ဘယ်လောက်အထိ ချစ်သလဲလို့ မေးဦးမလား။ သူ မရှိရင် ငါ့ဘဝ ဘယ်လိုမှ ဆက်ပြီးရပ်တည်လို့ရမှာ မဟုတ်တော့ဘူး။ သူ မြစ်ကြီးနားကို ပြန်သွားရင် ငါ့ ရင်ထဲက ရှိသမျှ အင်အားတွေအကုန်



www.burmeseclassic.com

www.burmeseclassic.com



သူ နုတ်ယူသွားသလို ခံစားရတယ်။ သူကလွဲပြီး ဘာကိုမှ စိတ်အာရုံထဲ မထားချင်လောက်အောင် ချစ်တယ်လေ”

ထိုစကားကို ပြောနေစဉ် အေးအေးသွယ်၏ အနည်းငယ်မှို့၍၊ မှေးစင်းသော မျက်လုံးညိုကလေးများမှာ ရွှန်းလက်တောက်ပနေ၏။ နှုတ်ခမ်းထူထူ တွဲတွဲကလေးက ပြုံးယောင်သန်းလျက်ရှိသည်။ သူမ လက်ညှိုးက ကေသီ့ စာအုပ်စင်ထဲက စာအုပ်အနှောင့်များကို တစ်အုပ်ချင်း လိုက်တို့သွားသော်လည်း စာအုပ်နာမည်များကို မြင်ဟန်မတူပါ။

“ဒါဖြင့် နင်တို့ ဘာလို့မယူကြသေးတာလဲဟင်”

အေးအေးသွယ်က ဖျတ်ခနဲ လှည့်ကြည့်၏။

“ပိုက်ဆံလေ ကေသီ၊ အိမ်ထောင်တစ်ခုမှာ နောက်ထပ် အရေးကြီးတာ တစ်ခုပေါ့၊ ငွေကြေးလုံလောက်မှုမရှိတဲ့ အိမ်ထောင် တစ်ခုမှာ အချစ်ဆိုတာ ဘယ်တော့မှ အိမ်ရှင်မဖြစ်နိုင်ဘူးတဲ့။ ဧည့်သည်ပဲတဲ့”

အေးအေးသွယ် ပြောသမျှ စကားတွေက အဆန်းတကြယ် တွေပါလား။

ကေသီသည် ဇွန်းခက်ရင်းရော၊ ထမင်းပန်းကန်ရော ပစ်ထားလိုက်ပြီး သူမ အခန်း၏ တစ်ခုတည်းသော မှန်ပြတင်းပေါက်ကို အကျယ်ကြီး ဆွဲဖွင့်ပစ်လိုက်၏။ အဆောင်စည့်သည်နှင့်ပြီးစ အချိန်ဖြစ်၍ အပြင်ဘက်မှာ ကျောင်းသားများ၊ ဧည့်သည်များ ရှင်းလင်းနေပြီ။ အဆောင်ဂိတ်တံခါးဝကတော့ ခပ်ဟဟ ကလေး ပွင့်နေသေး၏။ သူမ အေးအေးသွယ်ဘက်သို့ ပြန်လှည့်ကြည့်လိုက် သည်။



“ဒါဖြင့် နင် ငါတို့နှစ်ယောက် လက်ထပ်ရင် ဘာတွေဖြစ် လာနိုင်မလဲလို့ ကြိုတင် နိမိတ်ဖတ်စမ်းပါ”

အေးအေးသွယ်က ပခုံးလေးအသာတွန့်ကာ ကေသီ့ ခုတင် ခေါင်းသို့ အိခနဲ ပစ်ထိုင်ချလိုက်သည်။ ထို့နောက် သူ့ နဖူးပေါ် ဝဲကျနေသည့် လှိုင်းတွန့်ဆံပင်ကောက်ကလေးများကို လက်ဖြင့် ဆတ်ခနဲ ပင့်တင်လိုက်ရင်း ကေသီ့ကို စကားပြောလေသည်။

“နင်နဲ့ဆရာနဲ့ လက်ထပ်ကြရင်...၊ နင် ဆရာ့ကို ရိုသေ ကြောက်ရွံ့ရမယ်။ ဆရာကတော့ နင့်ကို အမိန့်တွေ တစ်ခုပြီးတစ်ခု ပေးနေလိမ့်မယ်။ ဒါပေမယ့် ဆရာက နင့်အပေါ်မှာ ဘယ်တော့မှ ရက်စက်မှာ မဟုတ်ဘူး။ ဒါပေမယ့် နည်းနည်းတော့ ချုပ်ချယ်လိမ့် မယ်။ ပတ်ဝန်းကျင်က နင်တို့နှစ်ယောက်ကို သိပ်လိုက်ဖက်တဲ့ ဇနီးမောင်နှံလို့ မြင်လိမ့်မယ်။ မိန်းမတွေကတော့ နင်တို့ လက်ထပ်ပြီး လပိုင်းလောက်အထိ နင့်နေရာကို ဝင်လုချင်စိတ်နဲ့ မနာလို ဖြစ်နေကြ လိမ့်မယ်။ နင့် အိမ်မှာလို နင်က ခြေမွေးမီးမလောင် လက်မွေးမီး မလောင်နေလို့ရတော့မှာ မဟုတ်ဘူး။ ထမင်းဟင်း ချက်ရမယ်၊ ဆရာ့ကို မယားဝတ္တရား ငါးပါးနဲ့အညီ ပြုစုရလိမ့်မယ်”

“ငါ ပျော်မယ်ထင်လားဟင်”

သူမ ဗိုးရွံ့စွာမေးမိတော့ အေးအေးသွယ်က ဟက်ဟက် ပက်ပက် ရယ်မောလေသည်။ ပြီးမှ ရုတ်တရက် ပါးစပ်ကိုလက်နှင့် အုပ်ပိတ်ကာ...

“နင် ပျော်မှာပေါ့ ကေသီ။ ပထမပိုင်းမှာ နင် နည်းနည်း တော့ စိတ်ကျဉ်းကျပ်မယ်။ ဒါပေမယ့် နင် သိပ်ပျော်လာမယ်။ နောက် တဖြည်းဖြည်းနဲ့ နင်ဟာ အချစ်ဆိုတာကို သိလာလိမ့်မယ်၊ ဆရာ



www.burmeseclassic.com

www.burmeseclassic.com



တခြားမိန်းမတစ်ယောက်ယောက်နဲ့ စကားပြောရင်တောင် အဲဒီမိန်းမကို နင် သတ်ပစ်ချင်လာလိမ့်မယ်”

“ငါကလေ”

“အေးပေါ့၊ ဆရာ့ကို နင် မခွဲနိုင်လောက်အောင်ချစ်သွားလိမ့်မယ်”

“အို…”

ကေသီသည် ပူရှိန်းသွားသော ပါးပြင်နှစ်ဘက်ကို လက်ဖြင့်အသာအယာ ပွတ်သပ်ရင်း ကျေးဇူးတင်စကား ပြောလိုက်မိသည်။ ထို့နောက် သူမတို့ ထမင်းစားဆောင်ဘက်သို့ ကျောင်းသူများနှင့်အတူ လမ်းလျှောက် သွားကြလေသည်။

ဖ ဖ ဖ



ပိုးဝေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း တစ်

တာဂျိုးနီးယား ဆလင်း(မ်) ပရုတ်အေး စီးကရက် အသစ်တစ်ဘူး ဖောက်လိုက်ပြီး တစ်လိပ်ကို နှုတ်ခမ်းမှာ တပ်လိုက်စဉ် ဒီဆေးလိပ်ဟာ ဒီနေ့အဖို့ နောက်ဆုံးဆေးလိပ်ဖြစ်ရမည်ဟု ဆုံးဖြတ်လိုက်၏။ ဒါဟာ ၁၇ လိပ်မြောက် စီးကရက်လည်း ဖြစ်ချင်ဖြစ်မည်။ ၁၈ လိပ်မြောက် စီးကရက်လည်း ဖြစ်ချင်ဖြစ်မည်။ ဘာကြောင့်ဆို တာဂျိုးနီးယား ဆလင်း(မ်)စီးကရက် တစ်ဘူးမှာ ၁၄ လိပ်သာ ပါသောကြောင့်ဖြစ်သည်။ စောစောက သံရုံးကအပြန် မိတ်ဆွေတစ်ယောက်က သူ့ကို မွန်ထရီ နှစ်လိပ်လား၊ သုံးလိပ်လား တိုက်လိုက်သေး၏။ မနက်က ထုတ်သော ဆလင်း(မ်)တစ်ဘူး ၁၄ လိပ်၊ သူငယ်ချင်းက တိုက်သော ဆေးလိပ် ၂ လိပ်ပဲထား၊ ယခု သောက်သောတစ်လိပ် ပေါင်းလိုက်ရင် ၁၇ လိပ်။

သူ ပန်းတွန့်လိုက်ပြီး မီးခြစ် ခြစ်ကာ ဆေးလိပ်ကို မီးညှိလိုက်သည်။ ကော်ဖီ ပန်းကန်ကို ကောက်ကိုင်ပြီးမှ ပြန်ချလိုက်၏၊



www.burmeseclassic.com

www.burmeseclassic.com



နာရီကို အကျင့်ပါနေသော မျက်စိဖြင့် ငုံ့ကြည့်လိုက်တော့ ည ၉ နာရီ။ တစစ်စစ်ကိုက်နေသော နားထင်နှစ်ဘက်ကို မသိကျိုးကျွန် ပြုကာ စာအုပ်စင်ထဲမှ စာအုပ်တစ်အုပ်ကို ရွေးထုတ်လိုက်၏။

ဗွီ၊ စီ၊ စကော့ ဖိုကော်နား၏ မန္တလေးနှင့် အခြားမြန်မာ ရှေးဟောင်း မြို့တော်များ စာအုပ်ဖြစ်သည်။ ထို စာအုပ်ကို စတင် လှန်လှောရင်း စီးကရက်တစ်လှည့် ကော်ဖီကြမ်းတစ်လှည့် သောက် သော အလုပ်ကို ထုံးစံ ညများအတိုင်း ဆောင်ရွက်လေသည်။

သူသည် ရန်ကုန်မြို့တွင် ကြီးပြင်းသော အခြားလူငယ် များနှင့် သိပ်မတူသော လူငယ်တစ်ယောက်ဖြစ်၏။

ပြင်ပ ပုံသဏ္ဌာန်ကတော့ သာမန်သာ ဖြစ်သည်။

သူ့ အသက် ၂၇ နှစ် ရှိပြီ။ အသား အတော်အသင့် ဖြူဝင်းသည်။ ဆံပင်က မြန်မာလူမျိုးတို့၏ ဆံပင်အတိုင်း မည်းနက် သော်လည်း အနည်းငယ် ပျော့ပြောင်းသည်။ ဆံပင်ကို ခပ်တိုတို ညှပ်လေ့ရှိသည်။ ညာဘက်မှာ ခွဲကြောင်းထားပြီး ဘယ်ဘက်သို့ ခွဲချလေ့ရှိသော ခပ်တိုတိုဆံပင်ပျော့များသည် အနည်းငယ်ကျယ်သော နဖူးပြင်ကို မည်သို့မျှ အနှောင့်အယှက် မပေးနိုင်ချေ။ စာကို လွန်မင်း စွာ အာရုံစိုက် ဖတ်ရှုလေ့လာသူများ ထုံးစံအတိုင်း သူသည် မျက်မှန် တပ်ထားရတာ ၆ နှစ် နီးပါးရှိပြီ။ တစ်ဘက်က ၅၂၅၊ တစ်ဘက်က ၅၇၅ ရှိသော မှန်ဘီလူးခွက်များကို ကျွဲကော်ကိုင်း ပယင်းရောင်ဖြင့် တပ်ဆင်ထား၏။ မျက်လုံးမှာ သာမန်ထက် အနည်းငယ် မှေး သယောင်ယောင် ရှိသည်။ မျက်ခွံ အနည်းငယ် မို့သောကြောင့် ဖြစ်နိုင်၏။ နှာခေါင်းမှာ နှာတံပေါ်သော်လည်း နှာအိုးက မဆို စလောက်ကြီးမားသည်။ နှုတ်ခမ်းကတော့ ထူသည်ဟုလည်း ပြောလို့ မရ၊ ပါးသည်ဟုလည်း ပြောလို့မရ။ အထက်နှုတ်ခမ်းနှင့် အောက်





နှုတ်ခမ်းမှာလည်း ညီညာနေသည်။ နှုတ်ခမ်း၏ အနားရစ်များ ထင်ရှား၏။ မို့သောမျက်ခွံနှင့် ခပ်စူစူ ထားလေ့ရှိသော နှုတ်ခမ်းတို့ကို တွဲလိုက်သောအခါ အမြဲတမ်း မှုန်ကုပ်ကုပ် နေတတ်သူ တစ်ယောက် အဖြစ် ပုံစံ ကျသွားတော့သည်။

အရပ်က မြန်မာလူမျိုး တစ်ယောက်အတွက် မနိမ့်လှသော ၅ ပေ ၆ လက်မ အတိုင်းအတာ ဖြစ်သည်။

စားပွဲပေါ်ရှိ သံမဏိပန်းကန်ပြားကလေးထဲသို့ စီးကရက် ပြာကို ခြွေလိုက်သော သူ့ ညာလက်မှာ လက်တွေ့ကျသူများ၏ လက် အမျိုးအစား လေးထောင့်လက် ဖြစ်သည်။

သူသည် လိုက်လျောညီထွေ ဟူသော စကားနှင့် လုံးဝ မရင်းနှီးသူ ဖြစ်သည်။ နံနက်မိုးလင်းမှ ညအထိ သူ့ အလုပ်တာဝန် များမှာ သူ လုပ်သင့်သည့် အလုပ်များသာဖြစ်သည်။ တစ်စုံ တစ် ယောက်၏ ဆန္ဒကို လိုက်လျောစွာ လက်ခံတွေ့ဆုံခြင်းဖြင့် သူ အချိန် မဖြုန်းတတ်ချေ။ ထို့ကြောင့် သူ့ပတ်ဝန်းကျင်တွင် သူသည် လူ့ခွစာ ဟူသော နာမည်ကိုလည်းကောင်း၊ အတ္တကြီးသူ ဟူသော နာမည်ကို လည်းကောင်း၊ ကိုယ့်ကိုကိုယ် ချစ်သူ ဟူသော နာမည်ကိုလည်း ကောင်း ရထားသူ ဖြစ်သည်။

သူသည် လောကကြီးကို ကြည့်မြင်သောအခါ ငါ့အတွက် ဒီထဲက ဘာရနိုင်သလဲ ဟူသော အမြင်တစ်မျိုးတည်းဖြင့် ကြည့်လေ့ ရှိသည်။ မည်သူ့ အပေါ်မှာမျှ စိတ်မရှည်တတ်။ သူ စိတ်ရှည်သည်မှာ သူ့ အလုပ်တစ်ခုသာ ဖြစ်သည်။

စီးကရက် ကုန်သွားသောအခါ ပြာခွက်ထဲသို့ ဖိခြေပစ် လိုက်ပြီး ကော်ဖီကို အကုန်မော့ချလိုက်၏။ နောက်ထပ် စီးကရက် မထုတ်မိအောင် စီးကရက်ဘူးကို စာအုပ်စင် အပေါ်ဆုံးတန်းသို့



www.burmeseclassic.com

www.burmeseclassic.com



ပစ်တင် လိုက်သည်။ ထိုနောက် နားထင်နှစ်ဘက်ကို ဘယ်ဘက်လက်မနှင့် လက်ခလယ်တို့ဖြင့် ထောက်ကာ စာရွက်ကို လှန်လိုက်၏။

"မိုးဝေ"

သော့ခလောက် ဆွဲလှုပ်ခါသံနှင့် သူ့နာမည် ခေါ်သံကြောင့် ဖျတ်ခနဲ ခေါင်းထောင် ကြည့်လိုက်၏။ သော့ပိတ်ထားသော သံဆွဲတံခါးအပြင်ဘက်မှာ သူ့ သူငယ်ချင်းတစ်ယောက် မတ်တတ် ရပ်နေသည်။ သူ စိတ်ပျက် လက်ပျက် ဖြစ်သွားသည်ကို မျက်နှာတွင် မပေါ်အောင် ဖုံးဖိရင်း ကုလားထိုင်မှ နှေးကွေးစွာ ထလိုက်ရသည်။

သူ ဖွင့်ပေးလိုက်သော တံခါးမှ ဝင်လာသော သူငယ်ချင်းသည် သူ့ ထက် အရပ်မြင့်သည်။ သူ့လိုပဲ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သော နိုင်ငံခြားသား ဧည့်သည်များအတွက် ခရီးသွားဧည့်လမ်းညွှန်အဖြစ် လုပ်ကိုင်သူဖြစ်သည်၊ တစ်ခုပဲ ကွာသည်။ သူငယ်ချင်းက အစိုးရ လက်အောက်ရှိ မြန်မာ့ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းတွင် လုပ်ကိုင်ပြီး ၊သူက ကိုယ်ပိုင်အလုပ်(Pivate Guide) ဖြင့် အသက်မွေးဝမ်းကျောင်းသည်။ သူလိုပင် ၁၉၈၅ခုနှစ်က နိုင်ငံခြားဘာသာသင်ကျောင်းမှ ဂျာမန်ဘာသာ စကားသင်တန်း အောင်လက်မှတ်ရထားသူ ဖြစ်သည်။

"ထိုင်လေ ဘာကိစ္စ လာတာလဲ"

"စာအုပ်လာငှားတာ"

သူငယ်ချင်းက စောစောက သူ ထိုင်နေသော ကုလားထိုင်မှာ ဝင်ထိုင်ရင်း သူချထားခဲ့သော စာအုပ်ကို ကောက်ကိုင်ကြည့်သည်။

"မင်း ဒါ ဘယ်ကရသလဲ"

"ဟို တလောက ပြန်သွားတဲ့ ဂျာမန် မိတ်ဆွေ တစ်ယောက်က ပေးသွားတာ"





"ဟုတ်လား မင်း ကံကောင်းတာပေါ့၊ တော်တော်ရှားတဲ့ စာအုပ်ကွ"

"ကျေးဇူးတင်ပါတယ်" ပြောရင်း မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်လိုက်၏။ ဒီကောင် ဘာစာအုပ် ငှားချင်တာပါလိမ့်။ ဒီကောင်က ဒီလိုပဲ သူ့မှာ အချိန်တွေ တော်တော် ပိုနေသလား မသိဘူး။ တကယ်ဆို လိုချင်တဲ့ စာအုပ်ကိုယူပြီး ပြန်ရောပေါ့။

"မင်း အခု အလုပ် အားနေသလား

သူ ခပ်မြန်မြန် ခေါင်းယမ်းပစ်လိုက်၏။

"မနက်ဖြန် ငါ ခရီးထွက်ရမှာ"

"ဟာ... ဟုတ်လား၊ ဘယ်လဲ"

"မန္တလေး၊ ပြီးတော့ ပုဂံ"

"ဩော်... ဒါကြောင့်ကိုး"

သူငယ်ချင်းက အိုကော်နား၏ စာအုပ်ကို နောက်တစ်ကြိမ်ကြည့်၍ ပြုံး၏။

"ဘယ်အဖွဲ့လဲ၊ မင်းနဲ့ တွေ့ပြီးပြီလား"

တော်တော် အမေးအမြန်းထူတဲ့ကောင်။

"ဂျာမန်သုံးယောက်ပဲ။ အမျိုးသမီး တစ်ယောက် အမျိုးသား နှစ်ယောက်။ အမျိုးသား တစ်ယောက်က အိုရီယင်တယ်လ်စတပ်ဒီက ပရော်ဖက်ဆာ၊ နောက် အမျိုးသား တစ်ယောက်က အင်သရိုပေါ် လဂျစ် (စ်) (တ်) တဲ့။ မင်း လိုချင်တာ ဘာစာအုပ်လဲ"

သူငယ်ချင်းက ခပ်ဟားဟားရယ်လျက် ပခုံးတွန့်လေသည်။

"အိုကေ... အိုကေ၊ မင်းဆီမှာ ငါကြာကြာမနေပါဘူးကွာ။ ငါလိုချင်တာ ဗုဒ္ဓဘာသာနဲ့ ပတ်သက်တဲ့ စာအုပ်တစ်အုပ်ပါလေပေါ့၊



www.burmeseclassic.com

www.burmeseclassic.com



မင်း သင့်တော်မယ်ထင်တာ ပေးလိုက်ကွာ။ ဒီလူတွေနဲ့ စကားပြောတဲ့ အချိန်မှာ ငါ ကျွတ်နေမှာ မင်း မမြင်ရက်ဘူး မဟုတ်လား"

သူ အချိန်မဖြုန်းတတ်ပါ။ သူ ထိုင်ရာမှ ထလိုက်ပြီး စာအုပ်စင်ရှေ့မှာ ရပ်လိုက်၏။

"သူတို့က ဘာကို သိချင်တာလဲ ငါ့ပြောဦးမှပေါ့"

"သူတို့က ဘာမှ မသိချင်ဘူး။ သူတို့ သိပြီးသားတွေကွ။ သူတို့ ငါ့ကို ဆွေးနွေးရင်သာ ငါ မသိမှာစိုးရတာ"

ယနေ့အဖို့ ပထမဆုံးအကြိမ် သူ ပြုံးမိလေသည်။

"ငါ့ဆီမှာရှိတာ ဘာသာရေးက နည်းတယ်ကွ။ ဆူဇူကီးရဲ့ မဟာယာန ဗုဒ္ဓဘာသာ ရှိတယ်၊ လက်စတာရဲ့ အရှေ့တောင် အာရှ ထေရဝါဒ ဗုဒ္ဓဘာသာ ရှိတယ်၊ လန်ဒန်အောက် (တ်) (စ်) ဖို့ (ဒ်) က ထုတ်တဲ့ မက်ဒီတေးရှင်း ရှိတယ်၊ နောက်ပြီး"

"မက်ဒီတေးရှင်းကို ထားလိုက်ကွာ၊ ငါ့ကို ဟိုနှစ်အုပ်ပေးလိုက်"

ပြောရင်း သူငယ်ချင်းက မတ်တတ်ရပ်သည်။

"သိပ်မစိုးရိမ်ပါနဲ့ မင်းကိုရာ။ ဒီလူတွေက တို့မြန်မာနိုင်ငံသားတွေနီးပါး ဗုဒ္ဓဘာသာမှာ ကျွမ်းကျင်ကြပါတယ်"

"အေးလေကွာ၊ ငါကြောက်တာလဲ အဲဒါပေါ့ကွ"

"ဟော့ကောင် စာအုပ်တွေကို ဂရုတစိုက် ကိုင်နော်"

ထိုသူငယ်ချင်းသည် အလွန်မေ့လျော့တတ်သူဖြစ်၏။ တစ်ခါတုန်းက သူ့ဆီက ဒေါက်တာထင်အောင်၏ မြန်မာပြဇာတ် အင်္ဂလိပ်ဘာသာ စာအုပ်ကို ငှားသွားပြီး တစ်နေရာမှာ မေ့ကျန်နေခဲ့ဖူးသည်။





"အေးပါကွာ၊ မင်းစာအုပ်တွေကို ငါ အမြတ်တနိုး ကိုင်ပါ့မယ်။ ငါ့ရည်းစားလို သဘောထားပါ့မယ်၊ ဟုတ်ပလား၊ ဂွတ်ဒ်နိုက်(တ်)"

ရည်းစားလို သဘောထားပါ့မယ် ဆိုပါလား။ ရည်းစားထားရန် အချိန်မရသော မိုးဝေသည် ရည်းစားဆိုသည်မှာ မြတ်နိုးအပ်သော အရာ ဟုတော့ သိပါသည်။ ဒါဆိုရင် မဆိုးပါဘူး။ ဒီကောင် ကီလီကနေ မြေနီကုန်းကို စက်ဘီးနဲ့ နာရီဝက်အတွင်း ဘယ်လို ရောက်အောင် ပြန်မှာပါလိမ့်၊ အေးလေ ဒါ ငါ့အလုပ်မှ မဟုတ်ဘဲ။

မိုးဝေ၏ အလုပ်က မနက်ဖြန် နံနက် ၅ နာရီ ရထားဖြင့် မန္တလေးသို့ လိုက်ပါမည့် ဧည့်သည်များကို ကမ်းနား ဟိုတယ်လ်သို့ သွားခေါ်ရမည်။ မန္တလေးရောက်လျှင် အချိန်ရသမျှအတွင်း ဧည့်သည်များ လေ့လာချင်သော နေရာ စုံစေ့အောင် စီစဉ်ပေးရမည်။ မန္တလေးမှာ ၃ ရက်၊ ပုဂံမှာ ၄ ရက် နေကြမည်။ သူတို့ အဓိကလိုချင်သည့် အချက်အလက်များကို စာရင်းမှတ်ထားပြီးသား။ မဟာမြတ်မုနိဘုရားကို လေ့လာရုံ ဖူးမြော်ရုံသက်သက် ပြရမည်။ နောက်ပြီးတော့ မန္တလေး နန်းတော် ကျောက်စာချပ်များ၊ ကုသိုလ်တော်ဘုရားရှိ တိပိဋကတ် ကျောက်စာများ၊ ရွှေနန်းတော် ကျောင်းဟောင်း၊ မဟာအတုလ ကျောင်း တည်နေရာ။ ကုသိုလ်တော် ဘုရားရှိ ပိဋကတ်ကျောက်စာ ဘုရားများကို သူတို့ စိတ်ဝင်စားကြသည်။ ကမ္ဘာ့အကြီးဆုံးစာအုပ်ဟု ကမ္ဘာမှာ နာမည်ကြီးသော၊ ကျောက်စာ အများဆုံးကို တစ်နေရာတည်းတွင် တွေ့နိုင်သောကြောင့် ကမ္ဘာမှာ နာမည်ကြီးသော မင်းတုန်းမင်း၏ ကောင်းမှုတော် ကုသိုလ်တော်ဘုရားကို နိုင်ငံခြားသားတိုင်း စိတ်ဝင်စားကြသည်။ အချိန်ရလျှင်တော့ ရွှေပြားခတ်လုပ်ငန်းကို အနည်းငယ် ရှင်းပြနိုင်မည်။ ဗုဒ္ဓဘာသာအကြောင်းတော့



www.burmeseclassic.com

www.burmeseclassic.com



သိပ်မေးကြမည်ဟု မထင်ပါ။ သူတို့သည် မြန်မာတို့၏ ဘာသာရေး အမြင်ကိုသိရန် မြန်မာနိုင်ငံသို့ လာရောက်ခြင်းမဟုတ်ကြပါ။ မြန်မာတို့၏ မူလအစ ရင်းမြစ်၊ အစောဆုံး မြန်မာ နေပြည်တော်၊ လူမျိုး၊ ဓလေ့ ထုံးစံ၊ လူမှုရေး၊ ယဉ်ကျေးမှု စသည်တို့ကို လေ့လာကြသူများသာ ဖြစ်ပါသည်။ သူတို့ အလေ့လာချင်ဆုံးအရာမှာ လွန်ခဲ့သော နှစ်ပေါင်း ၈၀၀ ကျော်က မြန်မာတို့၏ ဝိသုကာ ပညာသာ ဖြစ်ပါလိမ့်မည်။

သို့သော် သေချာပေါက် တွက်ဆလို့တော့ မရ။

တစ်ခါတုန်းကလည်း မနုဿဗေဒ ပညာရှင်တစ်ယောက်သည် မြန်မာနိုင်ငံ၏ သမိုင်းကြောင်းကိုလေ့လာနေသူ။ ဟန်လင်း မြို့ဟောင်း အကြောင်း ဆွေးနွေးရင်းက ကြားဖောက်ကာ ဂေါတမ ဗုဒ္ဓ မွေးဖွား တော်မူသည့် ခုနှစ်၊ ပရိနိဗ္ဗာန် စံတော်မူသည့် ခုနှစ်တို့ကို သူ ဘယ်လို လက်ခံသနည်းဟု မေးမြန်းတော့သည်။

သူ တော်တော် အဖြေရခက်သွားပါသည်။ မသိ၍ မဟုတ် ပါ။ သူ သိပါသည်။ သို့သော် ဥရောပနိုင်ငံများတွင် လူအများစု လေ့လာကြသော ဗုဒ္ဓဘာသာမှာ မဟာယာန ဗုဒ္ဓဘာသာဖြစ်ရာ သူက မြန်မာနိုင်ငံသားဖြစ်နေသောကြောင့် ထေရဝါဒ ဗုဒ္ဓဘာသာဝင် ဖြစ်နေ သည်။ ဗုဒ္ဓဂေါတမ၏ ဗုဒ္ဓဝင်မှာ ဘာသာနှစ်မျိုးတွင် ကွဲပြားနေသော ကြောင့် သူ မည်သည့် ဘာသာအရ ဖြေဆိုရမည်လဲ၊ တော်တော် အတွေးရ ကျပ်သွား၏။

သို့သော် သူ ချက်ချင်း ဆုံးဖြတ်ချက် ချပြီး ချက်ချင်း ဖြေလိုက်သည်။

ခရစ်တော် မပေါ်မီ ၆၂၃ ခုနှစ်တွင် ဖွားမြင်ပြီး၊ ခရစ်တော် မပေါ်မီ ၅၄၄ ခုနှစ်တွင် ပရိနိဗ္ဗာန် စံပါသည်။





ထို အင်္ဂလိပ်လူမျိုးက ပခုံးတွန့်လျက် ပြုံး၏။

"ဗုဒ္ဓဘာသာနဲ့ ပတ်သက်ပြီး ခင်ဗျားရဲ့ ယုံကြည်မှုကို သိပါရစေ"ဟု မေးပြန်လေသည်။

ထိုအခါ သူက ဘာသာတရား တော်တော်များများကို (တာဝန်အရ) အတော်များများ လေ့လာခဲ့သူတစ်ဦး၏ ဘက်မလိုက်သော ဝေဖန်မှုမျိုးကိုသုံး၍ ဗုဒ္ဓဘာသာ၏ အမှန်တရားများကို အတတ်နိုင်ဆုံး ပြောပြခဲ့ရသည်။ ထို့နောက် ကမ္ဘာမှာ ခေတ်အမီဆုံး၊ အမှန်နဲ့ အနီးစပ်ဆုံး ဘာသာတရားဟာ ဗုဒ္ဓဘာသာပဲဆိုတာ လူကြီးမင်း လက်ခံပါ့မလားဟု သူက ပြန်မေးတော့ ဧည့်သည်က လိုက်လှဲစွာ လက်ခံကြောင်း ဖြေသည့်အခါ သူ တော်တော် ကျေနပ်သွားခဲ့သည်။

သူ့ ရုံးခန်းမှာ ၃၈ လမ်း အောက်ဘလောက်တွင် ရှိပြီး ၆ ပေ ၁၀ ပေ အခန်းကျဉ်းကလေးဖြစ်သည်။ ဆင်စွယ်ရောင် တယ်လီဖုန်း ကလေးတစ်ခု အိုလံပီယာ ခရီးဆောင် အင်္ဂလိပ် လက်နှိပ်စက် တစ်လုံး၊ နှင်းဆီပန်း ၃ ပွင့်သာ စိုက်နိုင်သော ဖန်အိုးရှည်ကလေး တစ်ခု။ စုစုပေါင်း ပစ္စည်းသုံးမျိုးတင်ထားသော ကျွန်းစားပွဲ တစ်လုံး။ ကုလားထိုင် ၃ လုံး။ နောက်မှီမပါသည့် ခွေးခြေ ၃ ခုံနှင့် နံရံကပ်စင် တစ်ခုထားလိုက်သောအခါ အခန်းကလေး ပြည့်ကျပ်သွားတော့သည်။

ဝင်ပေါက်နှင့် တည့်တည့် သုံးထပ်သား နံရံအထက်တွင် ပုဂံက ထီးလိုမင်းလို ဘုရား ကို နေဝင်ချိန် အမြင်ဖြင့် ရေးဆွဲထားသော ပန်းချီကားတစ်ချပ် ချိတ်ထား၏။ ထို ပန်းချီကားကို မြန်မာနိုင်ငံသို့ လာရောက် လည်ပတ်သော အနုပညာဆိုင်ရာ လေ့လာသူ ပြင်သစ် ကျောင်းသားတစ်ယောက်က လက်ဆောင်ပေးသွားခြင်း ဖြစ်သည်။ ထို ကျောင်းသားကိုယ်တိုင် ရေးဆွဲသော ပန်းချီကားတစ်ချပ်လည်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို ပန်းချီကား၏အောက်တွင် သူတို့ ရုံးခန်း ဆိုင်းဘုတ်ကလေးမှာ ပေါ်လစ်ရှိရောင် တောက်နေ၏။

ဤ ရုံးခန်းကို လွန်ခဲ့သည့် ၂ နှစ်မှစ၍ နှစ်ယောက်စပ်တူ ဖွင့်ကြရန် သဘောတူညီခဲ့ကြသည်။ ယခုနှစ်မှ သူတို့အဖွဲ့ထဲ ရောက်လာသူတစ်ယောက်နှင့် ပေါင်းလျှင် သူတို့ ၃ ယောက်ဖြစ်သည်။

အကြီးဆုံးဖြစ်သော ကိုခင်မောင်ဇော်မှာ အသက် ၃၅ နှစ်ခန့်ရှိပြီ။ တောင်ကြီး ဇာတိ။ ဒဿနိကဗေဒဖြင့် ဘွဲ့ရထားပြီး ဘာသာစကား ၄ မျိုး တတ်ကျွမ်းသည်။ ဂျာမန်၊ ပြင်သစ်၊ အီတာလျံနှင့် ယိုးဒယား ဘာသာများ ဖြစ်သည်။ သူသည် လွန်ခဲ့သော ၁၀ နှစ်ကများယွင်းစွာ အိမ်ထောင်ကျဖူးသည်ဟု ပြောသော်လည်း ထိုအိမ်ထောင် နှင့်ပတ်သက်၍ သူ့ လက်ဆောက်များကို ဘာမှ ဖွင့်မပြောခဲ့ချေ။ ခေါင်းဆောင်ပီသသော အနစ်နာခံမှုများ ရှိ၏။ မြန်မာလူငယ်များ တိုးတက်စေချင်သော ဆန္ဒ ရှိ၏။ ဖော်ရွေသော အပြုံးဖြင့် လူချစ်လူခင်များသူ တစ်ယောက်လည်း ဖြစ်သည်။

အငယ်ဆုံးဖြစ်သော သက်မြင့်ထွန်းမှာ အသက် ၂၅ နှစ်၊ ဤ အလုပ်၌ သူ့ လုပ်သက်မှာ ၆ လသာ ရှိသေး၏။ အင်္ဂလိပ်ဘာသာစကားက လွဲ၍ မည်သည့် ဘာသာစကားမျှ မတတ်သေး။ သူက မြန်မာစာ အဓိကဖြင့် ဘွဲ့ရထားသူ။ အဖေ အမေက ရန်ကုန်မှာပဲရှိပြီး မိဘထံမှ မုန့်ဖိုးတောင်းသုံးသောအကျင့်ကို ဖျောက်၍ မရသေးချေ။ စာဖတ်ရန် အနည်းငယ်ပျင်း နေသောကြောင့် ကိုခင်မောင်ဇော်က မကြာခဏ ကရုဏာ ဒေါသဖြင့် အဆူပူခံရသူ ဖြစ်၏။ အလွန်လှပချောမောသော ရည်းစား ခပ်ငယ်ငယ် အပျိုစားကလေးကို ရထားသူ ဖြစ်၍ သူ့ ဘဝ၏ တန်ဖိုးရှိလှသော အချိန် သုံးပုံတစ်ပုံကို သူ့ ရည်းစားကို ပေးဆပ်နေရသူလည်း ဖြစ်သည်။





သူတို့ သုံးယောက်လုံး မြန်မာ့ ဟိုတယ်နှင့် ခရီးသွားဌာနမှ ကျင်းပသော ဧည့်လမ်းညွှန် ခြောက်လသင်တန်းကို တက်ရောက် အောင်မြင်ပြီးသူများ ဖြစ်သည်။ သုံးယောက်လုံး၏ လိပ်စာမှာ ဤ ရုံးခန်းလိပ်စာ ဖြစ်၏။ ကိုခင်မောင်ဇော်က မြန်မာနိုင်ငံ မြောက်ပိုင်းဒေသ မေမြို့၊ တောင်ကြီး၊ ကလော၊ ပင်းဒယဒေသများ တွင် အထူးကျွမ်းကျင်သူဖြစ်၍ မန္တလေး၊ အမရပူရ၊ စစ်ကိုင်း၊ ရွှေဘိုမြို့ ပတ်ဝန်းကျင်ဒေသများတွင်လည်း အတော်အသင့် ကျွမ်းကျင်သူ ဖြစ်သည်။ မိုးဝေသည် မြန်မာနိုင်ငံ အလယ်ပိုင်းနှင့် အောက်ပိုင်း (အထူးသဖြင့် ပုဂံဒေသတစ်ဝိုက်နှင့် ပုဂံ သမိုင်းကြောင်း) ကို အထူးကျွမ်းကျင်သူ ဖြစ်ပြီး၊ မန္တလေး ပတ်ဝန်းကျင်ကို ကိုခင်မောင်ဇော်လောက် ကျွမ်းကျင်မှု မရှိ။ သက်မြင့်ထွန်းကိုတော့ အလုပ်သင်သာသာပဲ သဘောထားနိုင်သေးသည်။ ရန်ကုန် ပတ်ဝန်းကျင်လောက်ကိုတော့ မျက်နှာလွှဲ၍ ရပါသည်။

ဒါတောင် သိပ်တော့ စိတ်ချရသည် မဟုတ်သေးပါ။

တစ်ခါက ဧည့်သည်များကို ရွှေတိဂုံဘုရားသို့ သက်မြင့်ထွန်း တာဝန်ယူပြီး လမ်းညွှန် ပြောပြရသည်။ မဟာဂန္ဓခေါင်းလောင်းနှင့် စဉ့်ကူးမင်း ခေါင်းလောင်း အတူတူ ဖြစ်ကြောင်း သူ မသိခဲ့သောကြောင့် ရွှေတိဂုံဘုရားပေါ်မှာ မဟာဂန္ဓ ခေါင်းလောင်း လိုက်ရှာနေရကြောင်း ပြန်ပြောသောအခါ သူတို့ တော်တော် စိတ်ပျက်လက်ပျက် ရယ်မောမိခဲ့သေး၏။

သူတို့ အခန်းကလေးကို တံမြက်စည်းလှည်း၊ ဖုန်သုတ် တာဝန်ကို မညည်းမညူယူသည်မှာ သက်မြင့်ထွန်းတစ်ယောက်သာ ရှိ၏။ နှင်းဆီပန်းစိုက်အိုးကို ထားရန် သူ့ ကောင်မလေးကအကြံပြုပြီး သည့်နောက် ပန်းစိုက်အိုးတာဝန်မှာ သူ့ တာဝန်ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးဝေကတော့ ပန်းအလှပညာတို့ ဘာတို့ကို အပိုအလုပ်တွေဟု သဘောထား၏။

သူတို့ သုံးယောက်လုံး နေ့လယ်စာကို ကြုံသလို စားကြသည်။ အားလပ်ချိန်ချင်း တူညီသော ရံဖန်ရံခါတွင်တော့ သုံးယောက်အတူတူ စားသောက်ကြသည်။ သို့သော် ထိုနေ့ရက်မျိုးက တစ်လတွင် လေးငါးရက်သာ ကြုံလေ့ရှိပါသည်။ အများအားဖြင့်တော့တစ်ယောက်ချင်း တစ်ချိန်စီ၊ တစ်မျိုးစီ တစ်နေရာစီ ကိုယ့်နေ့လယ်စာ ကိုယ်စားကြရသည်က များသည်။

သူကတော့ အချိန်ရလျှင် ရသလို လှည်းတန်းက ကျိုင်းတုံမှာ ထမင်းသွားစားချင် စားသည်။ သို့မဟုတ် ကျောက်စိမ်းမြတ်မှာ ဆီချက်တစ်ပွဲလောက်နှင့် ပြီးလိုက်ရသည်လည်းရှိသည်။ သို့မဟုတ် ပန်းဆိုးတန်းစာအုပ်ဆိုင်များအနီးက မြန်မာထမင်းဆိုင် ကျဉ်းကျဉ်းကလေးမှာ စားသည့်အခါတွင်လည်းရှိသည်။ တစ်ခါတစ်ရံတော့ လက်ဖက်ရည်၊ မုန့်ဖြင့် ပြီးသွားခဲ့ဖူးသည်။

သူတို့ ရုံးခန်း၏ ရုံးဆင်းရုံးတက်ချိန်ကို မြန်မာနိုင်ငံ အခြားသောရုံးများ ထုံးစံအတိုင်း နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း သတ်မှတ်ထားသည်။ စနေ၊ တနင်္ဂနွေ ပိတ်ရက်မရှိ။ သင်တန်းများ ရှုပ်ယှက်ခတ်နေသော မိုးဝေက ညနေပိုင်း စောစောပြန်ချင်သည်ဖြစ်ရာ နံနက်ပိုင်းတွင် ကျန်နှစ်ယောက်ထက် စော၍ ရောက်လေ့ရှိသည်။ တစ်ခါတစ်ရံ သုံးယောက်လုံး အလုပ်ကိုယ်စီဖြင့် နယ်သို့ခရီးထွက်နေကြလျှင် ရုံးခန်းကလေးမှာ သော့ပိတ်လျက်ရှိသည်။ သို့သော် အများအားဖြင့် သက်မြင့်ထွန်းကတော့ ရုံးမှာ အမြဲလိုလို ရှိနေတတ်၏။





သူသည် တစစ်စစ် ကိုက်နေသော နားထင်နှစ်ဘက်ကို သျှစ်လျူရှ၍မရတော့သည့်အဆုံး စားပွဲပေါ်မှ ဒစ် (စ်) ပရင် ဆေးပြားကတ်ကို ဆွဲယူကာ ဆေးနှစ်ပြား ထုတ်ယူသောက်ပစ်လိုက်၏။ လေးပင်နေသောခေါင်းကို လက်နှစ်ဘက်ဖြင့် အုပ်ဖိထားရင်း 'မန္တလေးနှင့် အခြား မြန်မာ ရှေးဟောင်းမြို့တော်များ' စာအုပ်ကို အာရုံစိုက်၍ ကြည့်နေလိုက်လေသည်။

ဏ ဏ ဏ



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ၈

'ပုဂံသည် ဂုဏ်သရေများစွာဖြင့် ကမ္ဘာပေါ်တွင် အာရုံပြုဖွယ် အကောင်းဆုံး ဘာသာရေး မြို့တော် တစ်ခု ဖြစ်သည်။ ဂျေရုဆလင်၊ ရောမ၊ ကိ(ဗ်)၊ ဘယ်နရာ စသည့် မြို့ထဲက မည်သည့်မြို့တော်မျှ ဂူဘုရား ပေါ်များ ကြွယ်ဝခြင်းအတွက် ဝင့်ဝါနိုင်စွမ်း မရှိ။

'ဗိသုကာ ဒီဇိုင်းများ ကြွယ်ဝခြင်း၊ အဆင်တန်ဆာ လှပတင့်တယ်ခြင်းတို့ဖြင့် ဧရာဝတီမြစ်ကမ်းပေါ်မှ ခြောက်သွေ့သော မြို့တော်သည် အလွန် အံ့ဩဖွယ်ရာကောင်းလျက်ရှိတော့သည်။ ဒေသတစ်ခုလုံးသည် ပုံစံအမျိုးမျိုးသော၊ အရွယ်အစားအမျိုးမျိုးသော ဘုရားပေါင်းစုံဖြင့် ထူထပ်လျက်ရှိ၏။

'ပုဂံမြေသည် တရွေ့ရွေ့ ပျောက်ကွယ် ပျက်စီးသွားသော ဘုရားကျောင်းများ၏ ကြွေမွနေသော အကြွင်းအကျန်တို့ဖြင့် ဖုံးလွှမ်းလျက် ရှိရကား လူပြောများသော စကားအတိုင်းဆိုလျှင်



www.burmeseclassic.com

www.burmeseclassic.com



သင်သည့် ဘာသာရေးဆိုင်ရာ ပစ္စည်းတစ်ခုခုကို မထိဘဲ သင့်ခြေထောက် သို့မဟုတ် လက်ကို ရွှေ့လျားနိုင်လိမ့်မည်မဟုတ်ချေ"

အထက်ပါစာပိုဒ်ကို သူ ပုဂံ ရောက်တိုင်း သတိရလေ့ရှိသည်။

ရွှေရိုး အမည်ခံသော ဆာဂျိမ်း(စ်) စကော့(တ်)၏ မြန်မာ 'သူ့ဘာဝနှင့်အသိ' ဟူသော စာအုပ်ထဲမှ စာကြောင်းများဖြစ်သည်။ ဆာဂျိမ်း(စ်) စကော့(တ်)၏စာအုပ်ကို ရေးခဲ့စဉ်က ၁၈၈၀ ခုနှစ် လွန်နှစ်များ ဖြစ်သောကြောင့် နှစ်ပေါင်း ၁၀၀ ကျော်လွန်သွားသော ဤခေတ်တွင် ဤ အဆိုနှင့် နည်းနည်းတော့ ကွဲပြားခြားနားလျက်ရှိပြီ။

သို့သော် ကြီးမြတ်စွာ ထည်ဝါဂုဏ်သရေရှိခြင်း ဟူသော အချက်တွင်တော့ ပုဂံသည် ကမ္ဘာပေါ်တွင် ပြိုင်ဖက် မရှိထူးခြားဆဲဖြစ်သည်။

မြန်မာနိုင်ငံတွင် နေထွက်ခါနီး အရုဏ်ဦးအချိန်၌ အလှဆုံးသော ဒေသသည် ပုဂံဖြစ်သည်ဟု ဂျာမန်လူမျိုးများအား ကြွားဝါထားမိသော မိုးဝေသည် သူ့စကားနှင့်သူ ချည်နှောင်မိပြီး နံနက် ၄ နာရီခွဲကတည်းက အိပ်ရာထခဲ့ရ၏။ သူအိပ်ရာထ မျက်နှာသစ်ချိန်တွင် နိုင်ငံခြား ဧည့်သည် သုံးဦး၏ အုပ်စုခေါင်းဆောင်ဖြစ်သူ ဒေါက်တာ အီရစ်ချ်ဝေ့(ဗ်)သည် ဝတ်စုံပြည့် ဆင်ယင်ပြီးပြီ။ ထို့ကြောင့် မိုးဝေမှာ ရေချိုးခြင်း၊ ဝတ်စုံ ဝတ်ခြင်း အမှုကိစ္စအားလုံးကို ၁၅ မိနစ်နှင့်အပြီး ဆောင်ရွက်လိုက်ရသည်။

သူနှင့် ဒေါက်တာဝေ့(ဗ်)သည် တစ်ခန်းတည်း ဖြစ်ပြီး စကြိုခြားလျက် မျက်နှာချင်းဆိုင် အခန်းတွင် ကျန်နှစ်ယောက်က တည်းခိုကြသည်။ သူနှင့် မိတ်ဆက်ပေးစဉ်ကတည်းက ဒေါက်တာ





ဖရစ်(ဒ်)စတို(ဖ်)နှင့် ဖရောအက်ဒနာစတို့(ဖ်)ကို အကြင်လင်မယားအဖြစ် သိခဲ့သည်။ သို့သော် သူတို့သည် မန္တလေးမှာတုန်းကလည်း တစ်ယောက် တစ်ခန်းစီယူလျက် ယခု ပုဂံရောက်တော့လည်း တစ်ယောက် တစ်ခုတင်စီ ယူကြသည်။

လက်ခေါက်တင်စရာ မလိုသော ပြင်သစ်ပြည်ဖြစ် မိကျောင်းရုပ်ကလေးပါသော စပို့(တ်)ရှပ် အပြာနုရောင်ကို ဖြီးလွယ်စီးလွယ် လျှိုဝတ်လိုက်သည်။ သက္ကလပ်အပါးစား ဘောင်းဘီ ခပ်ပွပွကို ဝတ်ဆင်ခြင်း၊ ဖိနပ်စီးခြင်းတို့ကို ငါးမိနစ်အတွင်း ပြီးစီးခဲ့သည်။ အခန်းပြင်သို့ သူ ရောက်သောအခါ အမျိုးသမီးမှလွဲ၍ အားလုံး အဆင့်သင့် ဖြစ်နေပြီ။

အမျိုးသမီးဆိုတာကတော့ မြန်မာဖြစ်စေ ဂျာမန်ဖြစ်စေ မျက်နှာအလှ ခြယ်သရာတွင် ကြာတတ်ကြတာပဲနှင့် တူပါရဲ့။

မင်္ဂလာနံနက်ခင်းပါဟူသော စကားကို ဂျာမန်ဘာသာဖြင့် အမျိုးသား နှစ်ယောက်လုံးအား နှုတ်ဆက်ပြီး သုံးယောက်သား စကြိုတစ်လျှောက် ခပ်ဖြည်းဖြည်း လျှောက်လာကြသည်။ ထိုအချိန်ကျမှ ဖရောအက်ဒနာစတို့(ဖ်)၏ အခန်းဖြုန်းခနဲပွင့်သွားသံ ကြားရ၏။ ခဏကြာတော့ ခွာမြင့်ဖိနပ်သံ တခွပ်ခွပ်ဖြင့် သူတို့ အနားသို့ အမျိုးသမီး ရောက်လာသည်။

ဒေါက်တာ နှစ်ယောက်သည် ပုဂံကို လူကိုယ်တိုင် ယခုမှ ရောက်ဖူးခြင်း ဖြစ်သော်လည်း အရှေ့ဖျားဒေသဆိုင်ရာ စာအုပ်များစွာဖြင့် ပုဂံမြို့ဟောင်းအကြောင်း နည်းနည်းပါးပါး ရင်းနှီးပြီးပြီဟု သိရပါသည်။ အမျိုးသမီးကတော့ ပန်းချီနည်းပြတစ်ယောက် ဖြစ်သည်ဟု သိရသည်။ သူတို့၏ အသက်အရွယ်အရ သော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်း၊ ဘွဲ့ထူး ဂုဏ်ထူး အရည်အချင်းအရသော်လည်းကောင်း၊ မိုးဝေ တလေးတစား ဆက်ဆံပါသည်။

သူတို့ သုံးယောက်လုံး ကင်မရာ ကိုယ်စီ လွယ်ထားကြသည်။

ဟိုတယ်လ်မှ ထွက်ပြီး လမ်းအနည်းငယ် လျှောက်ပြီးသောအခါ ဂေါ်ဓောပလ္လင်ဘုရားသို့ ရောက်သည်။

"ညာဘက် အဆောက်အဦက ပုဂံပြတိုက် ဖြစ်ပါတယ်" မှောင်မည်းနေသေးသော ပတ်ဝန်းကျင်ဖြင့် ကွဲပြားစွာ မမြင်ရသော ဆိုင်းဘုတ်ရှိရာသို့ လက်ညှိုးညွှန်ပြလိုက်သည်။

ဂေါ်ဓောပလ္လင် ဘုရား၏ အတွင်းဝင်ပေါက် တံခါးများကို သော့ခတ်ပိတ်ထားလေ့ရှိသဖြင့် မိုးဝေမှာ ညကတည်းက ဘုရားဂေါပကလူကြီးများကို အကူအညီ သွားတောင်းရသည်။ သူ့နိုင်ငံခြားဧည့်သည်များ နံနက် အရုဏ်ဦးအချိန်တွင် ဘုရားရှိခိုးလိုကြောင်း၊ ဘုရား၏ အထက်ပစ္စယံမှ နေထွက်ချိန် ရှုခင်းကို ဓာတ်ပုံရိုက်လိုကြောင်း ပြောပြသောအခါ သူတို့ လွယ်လင့်တကူ ကူညီပါသည်။

နံနက် ဂေါပကအဖွဲ့နှင့်အတူ ဘုရားထဲသို့ ဝင်ရောက်ဖူးမြော်ခွင့် သူ ရခဲ့သည်။

ဂျာမန် လူမျိုးများသည် အာရုံစူးစိုက်မှုအား ကောင်းကြသည်။ ထို့ပြင် သဘာဝအလှများအပေါ်မှာ ခံစားတတ်ကြသည်။ အနုပညာကိုလည်း စိတ်ဝင်စားတတ်ကြသည်။

မိုးဝေတို့လေးယောက် ဘုရား၏ အရှေ့ပစ္စယံထောင့်မှ အကျအနထိုင်၍ အရှေ့ဘက်ဆီသို့ ဇွဲကောင်းကောင်းဖြင့် ထိုင်စောင့်နေကြသည်။ ထိုအချိန်မှာ နံနက် ၅ နာရီ ထိုးရန် ၁၅ မိနစ်





အချိန်ဖြစ်၍ ရောင်နီလာတော့မည်။ အရှေ့ကောင်းကင်သည် အလင်းရောင် တော်တော်များများ ပျို့လာလျက်ရှိသည်။

ထိုအခိုက်တွင် သူတို့သုံးယောက်လုံး စကားတစ်ခွန်းမှ မပြောကြဘဲ အရှေ့ကောင်းကင် စက်ဝိုင်းခြမ်းအောက်ခြေသို့သာ စောင့်ကြည့်ငြိမ်သက်နေကြသည်။ တဖြည်းဖြည်း လင်း၍ လာသော ကောင်းကင်တိမ်လွှာများထဲသို့ အရုဏ်ဦးနေခြည်ဖြာလာသည်ကို ဦးတဝါးမြင်ရချိန်တွင် သူတို့ဓာတ်ပုံရိုက်ကြသည်။ ပြာမှောင်သော ပတ်ဝန်းကျင် မြေပြင်၏ အထက်မှ ငွေရောင်ဖြာနေသော တိမ်လွှာများ နီကြင်စပြုသော အောက်ခြေ အလင်းရောင်များသည် ဘယ်တော့ ကြည့်ကြည့် မရိုးနိုင်သော အလှအပများဖြစ်ပါသည်။

ကောင်းကင်တစ်ဝိုက် နေရောင်ခြည် ခပ်လင်းလင်းဖြာလာသောအချိန်မှာ သူ ရှုခင်းကိုပြလျက် မြင်ရသောဘုရားများကို ရှင်းလင်းပြောပြလိုက်သည်။

"ဒီဘက်ဆုံးက ခပ်မြင့်မြင့် ပုံစံဆန်းဆန်းက ပုထိုးသားများဘုရား၊ သူ့ ဟိုဘက် ခပ်နိမ့်နိမ့်က နတ်လှောင်ကျောင်း၊ အဲ... ဝိညာဉ်များကို သိမ်းဆည်းသိုလှောင်ထားရာကျောင်း၊ ဟိုဘက်ဆုံးက အမြင့်ဆုံးဘုရားက သဗ္ဗညုဂူဘုရား ဖြစ်ပါတယ်"

နံနက်စာ စားသောက်ပြီးချိန်တွင် ဧည့်သည်များ သွားချင်သော ပြတိုက်သို့ သူ ခေါ်သွားလိုက်ပါသည်။ အတွင်းပြတိုက်သို့ မဝင်မီ ကျောက်စာများထားသော အပြင်ပြတိုက်စကြံ တစ်လျှောက်သို့ ဦးဆောင်ခဲ့ရစ် ခေါ်သွားလိုက်သည်။ နတ်လှောင်ကျောင်းမှ ရွှေ့ပြောင်းပြသထားသော ဗိဿနိုးနတ်ရုပ်တုကြီးကို ပြလိုသောကြောင့် ဖြစ်ပါသည်၊



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဘုရားတစ်ဆူချင်း၊ ကျောက်စာအုတ်ခုံတစ်တိုင်ချင်း သူတို့ စေ့စေ့စပ်စပ် ကြည့်ကြသည်။

"ကျောက်စာတွေကို ဝေဘူကျောက်နဲ့ စကျင်ကျောက် ပေါ်မှာ ရေးလေ့ရှိပါတယ်။ ကျောက်စာတစ်ချပ်ရေးတိုင်း ကျောက်စာအဆုံးနားမှာ ကျိန်စာအမြဲပါတယ်။ ဒေါက်တာငရဲကို ယုံကြည်ပါသလား" ဟု သူ မေးတော့ ဒေါက်တာဝေ့(ဇ်)က ပခုံးတွန့်လျက် "ဖြစ်နိုင် ပါတယ်" ဟု ပြန်ဖြေသည်။

"ကျွန်တော်တို့ ဗုဒ္ဓဘာသာမှာ ငရဲကြီး ရှစ်ဆင့် ရှစ်ထပ်ရှိပါတယ်"

ထိုငရဲတို့၏ အဓိပ္ပာယ်ကို သူ ဂျာမန်လိုလည်း မပြောတတ်၊ အင်္ဂလိပ်လိုလည်း ရှစ်မျိုးလုံး မပြောတတ်။ ပြတိုက်ထဲသို့ လှည့်ပတ်ခေါ်သွားရာ ထောင့်စွန်းရှိ ကျောက်စာ နံပါတ် ၄၆ ရှိရာသို့ ရောက်သွားလေသည်။

"မင်း ဒီကျောက်စာတွေ ဖတ်တတ်သလား"

"ဟင့်အင်း... ကျွန်တော် လေ့လာတုန်း ကြိုးစားတုန်းပါ"

ထို ကျောက်စာများမှာ ပုဂံခေတ် စာလုံးပေါင်းများ အက္ခရာများဖြစ်၍ ယခုခေတ် အက္ခရာများဖြင့် လဲပြောင်းရေးပြီး ပုံနှိပ်သော ကျောက်စာ စာအုပ်များကိုသာ သူ ဖတ်တတ်ကြောင်း ရှင်းပြလိုက်သည်။

သူတို့ သုံးယောက်သည် ထို ကျောက်စာ ရှေ့ဘက်မျက်နှာစာနှင့် နောက်ကျောဘက် မျက်နှာစာကို အပြန်ပြန် အလှန်လှန် ကြည့်လျက် လး ်ချောင်းကလေးများဖြင့် ထိတို့ စမ်းသပ်ကြည့်ကြသည်။ သူ အဟတ်နိုင်ဆုံး ကြိုးစားဖတ်ရှုသောအခါ သက္ကရာဇ် ၅၉၃ ဟု ထင်ရသည်။ ကျောက်စာရေးထိုးသူမှာ စောမင်းလတ် ဟုဖတ်၍ရ၏။





များပြားလှစွာသော ကျောက်စာများကို ဝေ့ခနဲ လှမ်းကြည့်ပြီးမှ ယခင်ကတည်းက သိထားပြီးသော ကျောက်စာနံပါတ် ၄၆ နှင့်ပတ်သက်သော အကျဉ်းအဓိပ္ပာယ်ကို ပြောပြလိုက်၏။

"ဒီကျောက်စာကို အမျိုးသမီး တစ်ယောက်က မှတ်တမ်းတင် ရေးထိုးပါတယ်။ သူက ဘုရားတည်တယ်။ ရွှေချတယ်။ ပုလ္လင်နဲ့ ဘက္ခ ဘုရားဆင်းတု ပူဇော်တယ်။ ဘုန်းကြီးကျောင်းဆောက်တယ်။ ဒီကျောင်းမှာ နေတဲ့ သံဃာတွေ ပေါများစွာ စားသုံးနိုင်ဖို့ လယ်တွေ အများကြီး လှူခဲ့ပါတယ်။ အဲဒီ နောက် သူ့ အလှူတွေကို မှတ်တမ်းတင်ဖို့ ဒီကျောက်စာကို ရေးထိုးခဲ့ပါတယ်"

"သူမက ဘယ်သူလဲ" ဟု ဖရောစတို့(ဇ်) ကစိတ်ဝင်စားစွာ မေး၏။

သူ ဘောင်းဘီအိတ်ထဲက မီးခြစ်ကို မေ့လျော့စွာ လက်နှင့် နှိုက်စမ်းထုတ်ယူပြီးမှ ပြန်ထည့်ထားလိုက်သည်။

"စောမင်းလတ်၊ အဲဒါ သူမရဲ့ နာမည်ပါ"ဟု တစ်လုံးချင်း ရွတ်ပြလိုက်၏။

"မိုးဝေ၊ ဟိုမှာ အလွန် ထူးခြားတာ တစ်ခုပါလား"

ဒေါက်တာဖရစ် (ဇ်)စတို့(ဇ်)က လက်ညှိုးညွှန်ပြသော ကြောင့် မိုးဝေ နောက်လှည့်ကြည့်လိုက်၏။ ဒေါက်တာညွှန်ပြသော နေရာမှာ အဝင်ဘက်နီးသော အစွန်းပိုင်း ဖြစ်သည်။ ကျောက်စာချပ်ဘစ်ခုရှေ့၌ အလုပ်ရှုပ်နေသော လူနှစ်ယောက်ရှိသည်။ တစ်ယောက်က အမျိုးသမီး၊ တစ်ယောက်က အမျိုးသား၊ သူတို့ နှစ်ယောက်လုံး မျက်နှာမှာ စိတ်ပျက်လက်ပျက် ဖြစ်နေ၏။

ပုံစံကို ကြည့်လိုက်ရုံနှင့် ကျောက်စာကို မင်လိမ့် ကူးရန် ဇိစဉ်နေကြောင်း သူ သိလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ထိုနှစ်ယောက်သည် ဤလုပ်ငန်းတွင် ကျွမ်းကျင်ဟန် မတူပါ။

ကျောက်စာ မင်ကူး ကျွမ်းကျင်သူများသည် ရေခွက်ထဲသို့ မှိုင်းကိုင်စက္ကူကို စိုရွှဲ နူးအိသွားအောင် နှစ်ပစ်လေ့ မရှိပါ။

အမျိုးသမီး၏ ဝတ်စားဆင်ယင်ပုံမှာ သူ့ အတွက် အလွန် ထူးခြားနေသည်။

မြင်နေကျ ပုံစံမျိုး မဟုတ်တာတော့ သေချာ၏။ ဖျတ်ခနဲ လှမ်းအကြည့်ဖြင့်ပင် သူမ တစ်ကိုယ်လုံး ထူးခြားမှုကို အကဲခတ်မိပြီးပြီ။

ဘယ်လောက် အံ့သြဖို့ ကောင်းလိုက်သလဲ။

သူမ အင်္ကျီမှာ ယခုခေတ် ဘယ်လို ငယ်ရွယ်သူ အမျိုးသမီးမှ ဝတ်လေ့မရှိသော အမျိုးအစား ဖြစ်သည်။

လွန်ခဲ့သော နှစ်ပေါင်း ၅၀ ခန့်က ပုံစံမျိုး။

လည်ပင်းမှာ စတစ် လည်ထောင်ကလေးပါသည့် ဘယ်ဘက်ရင်ညွှန့်သို့ ဖုံးသော ရင်ဖုံးအင်္ကျီ ဖြစ်လေသည်။ ရင်ဖုံး၏ ကြယ်သီးများကလည်း မိုးဝေ၏ မိခင် မြန်မာနိုင်ငံတွင် ရှိစဉ်က ဝတ်သည့် ပုံစံအတိုင်း ကွင်းတပ် ကြယ်သီးများ ဖြစ်သည်။ ကြယ်သီးကလေးများသည် ထွင်းဖောက်မြင်ရအောင် ကြည်လင်သော ကျောက်စိမ်းရောင် ဖန်ကြယ်သီးကလေးများ ဖြစ်သည်။ စုစုပေါင်း ငါးလုံးဖြစ်သည်။ လက်ကတော့ တံတောင်ဆစ်၏ အောက်သို့ ဖုံးသည် ဆိုရုံကလေးရောက်သော လက်အိုးပွပွ ဖြစ်သည်။အင်္ကျီအရောင်မှာ အဝါနုရောင်။ ဇာတော့ ဇာပါအင်္ကျီပဲ။ ဘာဇာလဲတော့ သူမသိ။ ပိတ်ဖောက်ဇာဟု သူ ယူဆသည်။ အင်္ကျီခါးက တိုပြီးပွသည်။ ထဘီကတော့ အဝါနုရောင် အခံပေါ်တွင် မရမ်းရောင်၊ အနီရောင်၊ အစိမ်းရောင် အမျှင်မျှင်များဖြင့် ချိတ်ထားသော ယောလုံချည် ဖြစ်၏။





"တော်တော် အံ့သြစရာ ကောင်းတာပဲ"

ထိုစကားသည် သူ့ ဘေးက ဒေါက်တာနှစ်ဦးထံမှ ပြိုင်တူ ထွက်လာခြင်းဖြစ်သည်။

အမျိုးသမီးသည် သူတို့ကို ခပ်စောင်းစောင်း အနေအထား ကျောပေးလျက် ကျောက်စာချပ်ဘက်သို့ မျက်နှာမူလိုက်၏။ သူမကို အံ့တသြ လှမ်းကြည့်နေကြတာ သိပုံမရပါ။

သူမ လက်ထဲတွင် ရေစိုရွှဲနေသော မှိုင်းကိုင်စက္ကူရှိပြီး ၎င်းကို ကျောက်ပြားပေါ်သို့ ကပ်ချလိုက်သည်။

"သေချာ ကိုင်ထားစမ်းပါဟာ၊ ဒီအတိုင်းဆိုရင် ဘယ်လိုလုပ်ပြီးတော့မှာလဲ"

အက်ကွဲကွဲ အသံ တိုးတိုးကလေးက မိုးဝေတို့ဆီ လွင့်လာ၏။ သူ ပခုံးတွန့်လိုက်ပြီး ထို နေရာမှ မျက်စိလွှဲလိုက်သည်။ ထိုအခိုက် ဒေါက်တာ ဝေ့(ဖ်)က အသံထွက်အောင် ရယ်လိုက်သည်။

ဒေါက်တာ့ မျက်လုံးများမှာ ထို နှစ်ယောက်ထံသို့ စူးစိုက်စွာကြည့်နေဆဲ၊ နှုတ်ခမ်းက ပြုံးနေသည်။ သူ မနေနိုင်၍ တစ်ချက်ပြန်လှည့် လှမ်းကြည့်လိုက်မိ၏။

ဒုက္ခပါလား။

သူ အသံထွက် ညည်းတော့မတတ် ဖြစ်သွားသည်။

အမျိုးသားက စာရွက် ထိပ်ပိုင်းကို ကိုင်လျက် ဆွဲဖြန့်လိုက်စဉ် မှိုင်းကိုင်စက္ကူက ပြဲသွားတော့၏။

"နင့်ကို ငါ ဘယ်နှစ်ခါ ပြောရမလဲ"

အမျိုးသမီး၏ သည်တစ်ခါ အသံမှာ ဒေါသကြောင့် နည်းနည်း ကျယ်လောင်သွား၏။ အသက် ငယ်ရွယ်သေးသော အမျိုးသားကလေးက ဟက်ခနဲ ရယ်မောသည်။



www.burmeseclassic.com

www.burmeseclassic.com



"မမ ဒါ ကျွန်တော် အစွမ်းကုန် ညင်ညင်သာသာ ကိုင်ထားတာပဲဗျ"

"ငါ မြင်ရသလောက်တော့ သူ စက္ကူတွေ ဆုတ်ဖြဲနေတာ ၃ ကြိမ် ရှိသွားပြီ" ဒေါက်တာဝေ့(ဗ်)က ပြုံးရယ်လျက် ခပ်တိုးတိုး ပြောတော့ သူ ရောယောင်၍ ပြုံးမိမတတ် ဖြစ်သွား၏။ ဒေါက်တာက သူ့ကို ပြုံးကြည့်ကာ...

"မင်းတို့ မြန်မာ မိန်းကလေးတွေဟာ စက္ကူတွေကို တော်တော် ဖြန်းတတ်တာပါလား" ဟု စလေသည်။

သူ့ ရင်ထဲမှာ မျက်ခနဲ အောင့်သွား၏။

ထို အမျိုးသမီးကို စိတ်တိုတာလား၊ မြန်မာတွေကို အထင်သေးဟန် အဓိပ္ပာယ်ရသော ဒေါက်တာ၏စကားကို စိတ်တိုတာလား သူ မသိတော့။

"ငါတို့ သွားကြည့်ကြစို့။ သူတို့ တော်တော် စိတ်ဝင်စားစရာကောင်းတယ်"

ထိုစကားကို ဒေါက်တာဝေ့(ဗ်)က ပြောလိုက်သောအခါ သူ ခေါင်းညိတ် သဘောတူလိုက်သည်။

"ဟုတ်ကဲ့ ကျွန်တော် သွားကူညီပေးချင်ပါတယ်။ ပြီးရင် ဟို ဘက်ကို ထွက်ကြမယ်"

သူမ အနီးသို့ သူ ရောက်သွားသောအခါ ပြသွားသော မိုင်းကိုင်စက္ကူ ကို ပြန်ခွာလျက်က အမျိုးသမီးက လှည့်ကြည့်၏။ ဩော်...အသက်က ငယ်လိမ့်ဦးမည်။ မိုးဝေ ထက် နှစ်နှစ်မက ငယ်နိုင်၏။ ငယ်နုသော မျက်နှာမှာ နဖူးပေါ်၌ ပြောင်ရှင်း နေအောင် သိမ်းဖြီးထားသော ဆံပင်ကြောင့် ခပ်ဝေးဝေးက ကြည့်လျှင် အသက်ပိုကြီးသလို ထင်ရသည်။





"ဟဲလို... မင်း ဒုက္ခရောက်နေတာကို ကိုယ် ကူညီနိုင်ပါလိမ့်မယ်"ဟု မေ့လျော့စွာ အင်္ဂလိပ်လို ပြောလိုက်မိတော့ သူမ မျက်မှောင် တွန့်သွား၏။ အင်္ဂလိပ်လို ပြောခြင်းအား စိတ်တိုသွားဟန် ရှိသော သူမ မျက်နှာထားကြောင့် သူ ချက်ချင်း မြန်မာလို ပြန်ပြောင်း ပြောလိုက်သည်။

"မင်းကို ကိုယ် ကူညီရမလား"

သူမက ရွှန်းလဲ့ဝိုင်းစက်သော မျက်ဝန်းများဖြင့် တစ်အောင့်လောက်ကြာအောင် သူ့ကို စိုက်ကြည့်ပြီးမှ သူ့ နောက်ဘက်သို့ လှမ်းကြည့်၏။ သူ့ နောက်တွင် နိုင်ငံခြား ဧည့်သည် သုံးယောက် ပါလာတာကို မြင်သွားသောအခါ အနည်းငယ် ရှိုးတိုးရှန့်တန့် ဖြစ်သွားပြီး နှုတ်ခမ်းများ တဖြည်းဖြည်း ပြုံးလာ၏။ တော်တော်အဆင်ပြေသော မျက်နှာကလေးပါလား။

"ဟုတ်ကဲ့ ကျွန်မ ဒီအလုပ်မှာ နည်းနည်း ညံ့ပါတယ်"

"ကိုယ်ကတော့ ဒီအလုပ်မှာ တတ်ကျွမ်းပါတယ်။ ဒါနဲ့ မင်း ဒီကျောက်တွင်း စာတွေထဲကို သေသေချာချာ ဖုန်သုတ်ပြီးသားလား"

သူမက စူးရှသော မျက်ဝန်းဖြင့် တစ်ချက် စိုက်ကြည့်ကာ ခပ်တည်တည် ဖြေ၏။

"ပြီးပြီ၊ ဘရပ်ရှ်နဲ့သုတ်ထားပြီးသား၊ ဘရပ်ရှ်မှ နှစ်မျိုး အကြမ်းရော အနုရော"

ဟာ... သူ့လေသံက ဘယ်လိုပါလိမ့်။သူမကို ကူညီသူ တစ်ယောက်ကို ပြောသော လေသံမျိုး မဟုတ်ဘဲ၊ အနှောင့်အယှက်ပေးသူ တစ်ယောက်ကို ပြောသော လေသံမျိုးပါလား။

'ကူလီကုမာစိတ်နဲ့ လာရောတာလို့တော့ မထင်နဲ့ အမိ၊ ဂျာမန်လူမျိုးတွေရှေ့မှာ မင်းကြောင့် ကျုပ်ပါ နာမည်ပျက်သွားမှာဦးဒို့



www.burmeseclassic.com

www.burmeseclassic.com



လာ ကူညီတာ ရှင်းလား'ဟု လွတ်ခနဲ ပြောမိတော့မလို ဖြစ်သွားသည်။ သို့သော် သူ ထိန်းချုပ်လိုက်ပါသည်။

သူက မိုင်းကိုင်စက္ကူ အသစ်တစ်ရွက်ကိုတောင်းကာ ရေဆွတ်လိုက်ပြီး ဘယ်သူ့ အကူအညီမှ မပါဘဲ ကျောက်စာချပ်မျက်နှာပြင်ပေါ်သို့ ကျွမ်းကျင်စွာ သေသပ်စွာ ဖိကပ်လိုက်၏။

"မင်းတို့က လက်နဲ့ တအားဆွဲပြီး ဖိပစ်တာကိုး၊ ကြမ်းကြမ်းတမ်းတမ်း ဖိလို့မရဘူး၊ မင်းကြောင့် မြန်မာ လူမျိုးတွေ နာမည်ပျက်သွားပြီ၊ မင်း သိရဲ့လား"

"ဘာပြောတယ်"

သူ ထပ်မပြောပါ။ ဘေးပတ်ဝန်းကျင်တွင် အဝတ်တစ်စုံတစ်ရာ ရှာကြည့်၏။ အုတ်ခုံ ပေါ်တွင် ခေါက်ထားသော လက်သုတ်ပဝါတစ်ထည်တွေ့ရ၍ ကောက်ကိုင်ကာ အဝတ်ကို လုံးစုလျက် စက္ကူပေါ်မှ ညင်သာစွာ လိုက်ဖိပေးသည်။

"ဒီစက္ကူနဲ့ မလောက်ဘူး။ နောက်တစ်ရွက် ရေဆွတ်၊ နည်းနည်းကလေး ဆွတ်နော်၊ ပျော့ဖတ်ပြန်ဖြစ်သွားအောင် စိမ်မပစ်နဲ့"

အမျိုးသမီး နှုတ်ခမ်းတင်းတင်းစေ့လိုက်တာကို သူ မြင်လိုက်ရပါ။

"ရော့..."

အမျိုးသမီး လှမ်းပေးသော စာရွက်ကို ယူ၍ သူ နှာခေါင်းရှုံ့လိုက်၏။ ဤပုံအတိုင်းဆိုလျှင် ဤစာရွက် ခြောက်အောင် အပူပေးကိရိယာတောင် သုံးရတော့မည့်ပုံပါပဲလား။ သို့သော် သူ ဘာမှစောဒကမတက်ဘဲ စာရွက်ကို ကျောက်ချပ်အောက်ပိုင်းမှာ ထပ်၍ ကပ်လိုက်၏။ ထို့နောက် အဝတ်လုံးဖြင့် ညင်သာစွာ လိုက်ဖိပေးလိုက်သည်။





"ရော့... မင်းဆက်ပြီး အဝတ်နဲ့ဖိနေလိုက်၊ စာရွက်တွေ နည်းနည်းခြောက်သွားမှ တိပ်နဲ့ကပ်ပြီး ဆက်ရမယ်၊ မင်းမှာ တိပ်ပါရဲ့လား"

"ဟုတ်ကဲ့"

အမျိုးသမီး၏ နဖူးမှာ ဆောင်းတွင်း ဝင်ခါစ ဖြစ်လျက် ချွေးစို့၍ ပြောင်လက် ဝင်းမွတ်နေ၏။ အလယ်တွင် ဆံညွှန့်အချွန်ကလေးပါသော အလွန်ရှားပါးသည့် နဖူးအမျိုးအစားဖြစ်သည်။ သူ သက်ပြင်းတစ်ချက်ချပြီး နောက်ဆုတ်လိုက်၏။

"မိုးဝေ၊ အဲဒီ မိန်းကလေးကို ဓာတ်ပုံ ရိုက်လို့ရမလား"

ဖရောစတို့(ဇ်)က မိုးဝေကို ခပ်တိုးတိုးကလေး မေး၏။

သူ မအံ့ဩပါ။

ယခုခေတ် မြန်မာ အမျိုးသမီးငယ်ကလေးများတွင် တွေ့ရခဲသော ဤ ဝတ်စား ဆင်ယင် ထုံးဖွဲ့မှုမျိုးကို သူလည်း စိတ်ဝင်စားပါသည်။

"ဟုတ်ကဲ့၊ ကျွန်တော် ကြိုးစားကြည့်ပါရစေ"

ကျောက်စာ အပေါ်ဘက် အနားကို လက်ဝါးစောင်းဖြင့် ခပ်ဆတ်ဆတ် ရိုက်လျက်ရှိသော တွန့်လိမ်ဖျင်းရိဟန် ပေါက်နေသော သူငယ်ကလေးကို အကဲခတ်သလို လှမ်းကြည့်ပြီးမှ သူ အမျိုးသမီးကို ခပ်တည်တည်ကြည့်လိုက်၏။

"ကိုယ့်နာမည် မိုးဝေလို့ခေါ်ပါတယ်၊ မင်းနာမည်ကို သိခွင့်ရှိလား"

သူမ ဖျတ်ခနဲ လှည့်ကြည့်ကာ မပြုံးမရယ် ကြွေနှမျက်နှာသားဖြင့် တိုးတိတ်စွာဖြေ၏။

"ကေသီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီ ကေသီ၊ ဒီဂျာမန်အမျိုးသမီးက မင်းကို ခတ်ပုံ ရိုက်ချင်တယ်တဲ့၊ အဲဒါ ခွင့်ပြုနိုင်မလား"

"အို…"

သူမ၏ ဖြူဝင်းသော ပါးပြင်နှစ်ဘက်မှာ ပန်းရောင် ရဲခနဲ နီသွား၏။ ပါးလျားသော ပါးပြင်ထက်မှ သွေးကြောစိမ်းကလေးများ သည် ပန်းရောင် နောက်ခံတွင်စိမ်းပြာရောင် အစင်းကြောင်းကွေးကွေး ကလေးတွေအဖြစ် လှပစွာ တည်ရှိနေလေသည်။ အင်း … တကယ့် ကိုဂန္တဝင်ပုံစံပါပဲလား။ သူကပဲ မိန်းမတွေကို မေ့မေ့လျော့လျော့ ထားခဲ့ မိလို့လား မသိ။ ယခုလို မိန်းမတစ်ယောက် ရှက်သွေးဖြန်းသွားပုံမျိုး တစ်ခါမှ အမှတ်ထင်ထင် မမြင်ဘူးပါ။

သူမသည် သူ့ အမိန့်အတိုင်း မိုင်းကိုင်စက္ကူကို ကျောက်ထွင်း စာလုံးကလေးများ အောက်ခြေအထိ နှစ်ဝင် ပျံ့နှံ့သွားအောင် အဝတ် စဖြင့် ညင်သာစွာ ဖိနှိပ်ပေးရင်းက တစ်အောင့်လောက် ငြိမ်သက်သွား ၏။ ပြီးမှ ဖျတ်ခနဲ ပြန်လှည့်ကာ…

"ကျွန်မ ငြင်းလိုက်ရင် ဘာဖြစ်သွားမလဲ" ဟု မေး၏။ သူ အနည်းငယ် စိတ်တိုသွားသည်။

"ငြင်းလိုက်ရင် မင်းကို ဘယ်သူမှ ဖွတ်တိုက်တွန်းမှာ မဟုတ်ဘူး မင်းမာနကြီးတယ်လို့ သူတို့ ထင်ချင် ထင်မယ်၊ ဒါမှ မဟုတ် အရှက်အကြောက် ကြီးတယ်လို့ သူတို့ ထင်ချင်ထင်မယ် ရိုင်းပင်းကူညီမှု မရှိဘူးလို့ ထင်ချင်ထင်မယ်"

"ရှင်ကရော ဘယ်လို ထင်မြင်ချက် ပေးမလဲ"

"ဒါကတော့ မင်းလွတ်လပ်ခွင့်နဲ့ မင်းပဲ။ လူ တစ်ယောက် မှာ ကိုယ်မသိတဲ့ နိုင်ငံခြားသားတွေရဲ့ ဓာတ်ပုံရိုက်လိုမှုကို လွတ်လပ်စွာ ငြင်းပယ်ခွင့် ရှိတယ်"





"ရှင် ပြောတဲ့ ရိုင်းပင်းကူညီမှု ဆိုတာရော"

တော်တော် လျှာရှည်တဲ့ မိန်းမ။

"အို… ဒါတွေ သိပ်ဂရုစိုက်စရာ မရှိပါဘူး၊ နောက်တွေ့မယ့် လူတွေမှ မဟုတ်တာ၊ ဘဝမှာ အရေးကြီးတာက ကိုယ့်အလုပ်ကို မှန်မှန်ကန်ကန် လုပ်ဖို့ပါပဲ"

သူမက တောက်ပသော မျက်ဝန်းများဖြင့် သူ့ကို တစ်ချက် စိုက်ကြည့်သည်။ သူမ၏ ရွှန်းလဲ့သော မျက်ဝန်းများအောက်တွင် ခပ်တင်းတင်း စေ့ထားသော မိုးဝေ၏ နှုတ်ခမ်းများ ကွေးညွတ်သွား မလို ဖြစ်သွား၏။ ဘုရားရေ ငါသူ့ကို ပြုံးပြမိတော့မလို့ ထင်ပါရဲ့။ မိုးဝေသည် ရှုတည်တည် မျက်နှာထားဖြစ်အောင် ပြန်ထိန်းလျက် သူမကို ငုံ့ကြည့်သည်။

"ကဲ… ဘယ်လိုလဲ ကိုယ် ဝမ်းနည်းကြောင်း ပြောပြီး ငြင်း လိုက်ရမလား"

"ဟင့်အင်း… မငြင်းနဲ့။ ကျွန်မ ဒီတစ်ခုကို လိုက်လျော နိုင်ပါတယ်"

မယ်မင်းကြီးမ တော်တော် ဟန်ကြီးပန်ကြီးနိုင်ပါလား။

အမျိုးသမီးက ကိုယ်ကို ကိုင်းထားရာမှ မတ်တတ် ရပ်လိုက် ၏။

အမျိုးသမီး၏ အရပ်သည် ၅ ပေ ၆ လက်မ ရှိသော သူ့ အရပ်ထက်ပင် မြင့်နေသည်။ သူ အံ့ဩသွား၏။ ဒီလောက် အရပ်ရှည် လိမ့်မည်ဟု မျှော်လင့်မထားပါ။ နောက်မှ အမျိုးသမီး၏ တစ်လက်မခွဲ လောက် ရှိနိုင်သော ခွာမြင့် ဖိနပ်ကို သတိပြုမိသည်။ ဒီလောက် ဘလန်ကလားနဲ့ ဒီပဲင်န်ဆယ်လ်ဟီးလ်ကို စီးတာ တောက်ရင် ဒီမိန်းမ ယောက်ျားတွေကို နည်းနည်းမှ ညှာတာစိတ် မရှိဘူးနဲ့တူတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ မင်းသဘောတူတယ်ဆိုရင် မင်းကို သူတို့အဖွဲ့နဲ့ မိတ်ဆက်ပေးမယ် ဟုတ်လား၊ ဒါနဲ့ သူက ဘယ်သူတဲ့လဲ၊ မင်းနဲ့ ဘာတော်သလဲ"

လူငယ်ကလေးက ကျောက်စာ၏ နောက်ဘက်တွင် သံပတ်ကုန်နေသော အရုပ်တစ်ခုလို ပျင်းတိ ပျင်းတွဲ မတ်တတ်ရပ်ဆဲ...

"သူက ကျွန်မရဲ့ မောင်လေး၊ စည်သူလို့ ခေါ်ပါတယ်"

မိုးဝေသည် ဖရောစတို့(ဖ်)ဘက်သို့ လှည့်လိုက်၏။

"သူက ဂုဏ်ယူစွာ သဘောတူတဲ့ အကြောင်း ပြောပါတယ်။ ခင်ဗျားတို့ကို မိတ်ဆက်ပေးပါရစေ"

ခွာမြင့်ဖိနပ်ချွန်း အတူတူ ဂျာမန်အမျိုးသမီးက ကေသီထက် အရပ် အနည်းငယ် နိမ့်ချင်ချင်။ သူ တစ်ယောက်ချင်း ညွှန်၍ မိတ်ဆက်၏။

"သူက အဖွဲ့ ခေါင်းဆောင် ဒေါက်တာ အီ ရစ်(ချ်) ဝေ့(ဗ်)၊ သူက ဒေါက်တာ ဖရစ်(ဇ်)စတို့(ဖ်)၊ ဒီ အမျိုးသမီးကတော့ ဒေါက်တာ စတို့(ဖ်)ရဲ့ဇနီး ဖရောအက်ဒနာစတို့(ဖ်)တဲ့"

ပြောပြီး တစ်လက်စတည်း ကေသီ့ကို လက်မြှောက် ညွှန်ပြလျက်...

"ဒီမိန်းကလေးကတော့ ကေသီ ဖြစ်ပါတယ်။ ခင်ဗျားတို့ သူ့နာမည်ကို စီ၊ အေ၊ တီ အိပ် (ချ်)၊ ဝိုင်နဲ့ပေါင်းနိုင်ပါတယ်၊ ဟုတ်ရဲ့လား ကက်သီ"

ကေသီက အနည်းငယ်ခေါင်းညွှတ်၍ လေးစားမှု ပြသည့်ဆိုရုံ ပြကာ လှပစွာ ပြုံးပြလေသည်။

ဘယ်လောက် ကိန်းကြီးခန်းကြီးနိုင်မယ့် မိန်းမလဲ။





"အဲ... သူကတော့ ကေသီရဲ့မောင်အငယ် နာမည်က စည်သူလို့ ခေါ်ပါတယ်"

"အို... ဒီနာမည်ကို ငါ သိတယ်" ဒေါက်တာဝေ့(ဗ်)က ဝမ်းသာအားရ အသံထွက်ပြ၏။

"စည်သူ၊ စည်သူတစ် စည်သူနှစ် တို့ဟာ ပုဂံမင်းတွေပဲ"

သူ ပြုံးလိုက်သည်။ ကေသီ ကလည်း လှစ်ခနဲ ပြုံးလိုက်တာ သူ သတိထားမိ၏။ ဒီ ကိုးရိုးကားရား အဝတ်အစား ပုံစံဟောင်းတွေနဲ့ တောင် တော်တော်လှတဲ့ မိန်းကလေးပဲ။

ထို့နောက် ကေသီကို သူတို့အားလုံး ခွင့်တောင်းကာဓာတ်ပုံရိုက်ကြတော့သည်။

"မိုးဝေ၊ ကက်သီကို စောစောကလို အလုပ် ပြန်လုပ်ပါစေ။ တို့ အဲဒီဟန်ကို လိုချင်တယ်"

ဤသို့ဖြင့် ကေသီသည် မူလပုံစံအတိုင်း ကျောက်စာရှေ့တွင် ကိုယ်ကို ကိုင်းကာ မှိုင်းကိုင်စက္ကူကို အဝတ်ဖြင့်ဖိသော အလုပ်ကို ပုံမှန်အတိုင်း ပြန်လုပ်သည်၊ ဖရော စတို့(ဖ်)က ရှုထောင့် အမျိုးမျိုးဖြင့် ဓာတ်ပုံရိုက်ယူ၏။ အနီးကပ်ပုံ၊ ခပ်ဝေးဝေးပုံ။

"ငါ့ကို မေးခွင့်ပြုပါ ကက်သီ၊အဲဒါ ဘာအတွက်လဲ" ဒေါက်တာဝေ့(ဗ်)က ကျောက်စာကို ညွှန်ပြ၍ ကေသီ့ကို အင်္ဂလိပ်ဘာသာစကားဖြင့် တိုက်ရိုက် စကားပြောလေသည်။ ကေသီက အင်း... အဲ... နှင့် ထစ်ငေါ့စွာ ရေရွတ်ရင်း သူ့ ကိုမော့ကြည့်ပြီး မြန်မာလို ဖြေသည်။

"ကျွန်မ မြန်မာစာနဲ့ မဟာဝိဇ္ဇာ နောက်ဆုံးနှစ် အောင်ပြီးသားပါ။ ဒီဟာက ကျွန်မ ပြုစုနေတဲ့ ကျမ်းအတွက် အနည်းအကျဉ်း အထောက်အကူ ဖြစ်ပါတယ်။ အဲဒါ ရှင်းပြပေးလိုက်ပါနော်"



www.burmeseclassic.com

www.burmeseclassic.com



သူ အနည်းငယ် ခေါင်းညွှတ်လျက် ဒေါက်တာ ဝေ့(ဖ်)ကို အင်္ဂလိပ်ဘာသာ တစ်ဝက်၊ ဂျာမန် ဘာသာ တစ်ဝက်ဖြင့် ဘာသာပြန် ပေးလိုက်၏။ ဒေါက်တာက ခေါင်းတညိတ်ညိတ်နှင့် သဘောကျစွာ ပြုံးနေ၏။

ထို့နောက်...

"ဒါ ဘာကျောက်စာလဲ" ဟု သူ့ကို မေး၏။ သူ ချက်ချင်း မဖြေနိုင်ဘဲ တွေဝေသွားစဉ် ကေသီက သူ့ကို မော့ကြည့်ကာ...

"ဒါ တိုင်းချွတ်ဘုရား ကျောက်စာလေ" ဟု အဖြေပေး၏။ သူက ဒေါက်တာကို တစ်လုံးချင်း နာမည် ရွတ်ပြလိုက်၏။

"မိုးဝေ ဒီကျောက်စာကို သူ ဖတ်တတ်မယ်လို့ ငါ ထင်တယ်"

"ဟုတ်ကဲ့ ဖြစ်နိုင်ပါတယ်"

"ဒါဖြင့် ဟို ကျောက်စာကိုလဲ သူ ဖတ်တတ်လိမ့်မယ်"

"ဖြစ်နိုင်ပါတယ်။ ခင်ဗျား ဆန္ဒရှိရင် သူ့ကို အကူအညီ တောင်းပေးပါမယ်"

ထို့နောက် စက္ကူကို ယပ်ခတ်ပေးနေသော ကေသီအနီးတွင် သူ ရပ်လိုက်၏။ အုတ်ခုံပေါ်တွင် တင်ထားသော တိပ်ပြားကလေးကို ကောက်ကိုင် ကြည့်လိုက်ရင်း..."ကေသီ၊ မင်း သူတို့ကို တစ်ခု ကူညီနိုင် မလား၊ ဟောဟို စောမင်းလတ် ကျောက်စာကို သူတို့ကို ဖတ်ပြနိုင် မလား" ဟု မေးလိုက်၏။

ကေသီ မျက်မှောင် တွန့်သွားပြန်သည်။

"စောမင်းလတ်၊ ကျောက်စာ ဓာတ်ပုံစာအုပ်ထဲမှာတော့ ကျွန်မ အားလုံး ဖတ်ဖူးပါတယ်။ ဒါပေမယ့် ဓာတ်ပုံနဲ့ အပြင်နဲ့ ကွာခြားမှု ရှိမရှိ မသိနိုင်ဘူးလေ၊ ဒါပေမယ့် ဒီ ကျောက်စာက ကျွန်မရဲ့





သီးဆစ်စိတ်ထဲမှာလဲ ပါနေတယ်။ ပုဂံခေတ်လယ်ပိုင်း ကျောက်စာဆို တော့ ဖတ်နိုင်ပါလိမ့်မယ်"

"ကျေးဇူးတင်ပါတယ် ကေသီ"

ကေသီသည် နံပါတ် ၄၆ ကျောက်စာတိုင်ရှေ့တွင် မတ်တတ် ရပ်ကာ မျက်ခုံးပင့်လျက် ခဏ ငြိမ်သက်စွာလေ့လာသည်။ ထို့နောက် လက်သည်းရှည်မထားသော ညီညာစွာ တိဖြတ်ထားသည့်လက်သည်း များရှိသော လက်ချောင်းသွယ်သွယ်ကလေးများဖြင့် ကျောက်ထွင်း အက္ခရာများကို တို့ထိ စမ်းသပ်ကြည့်ရင်း ခပ်ဖြည်းဖြည်း ဖတ်သွား သည်။

"နမော ဗုဒ္ဓါယ... သက္ကရစ် ၅၉၃ ခု စိဿနှစ် တော်သလင်းလဆန်း ၁၁ ရက် သောကြာနေ့အား..."

မိုးဝေသည် သက္ကရာဇ် ၅၉၃ ကို ဧည့်သည်များ အားလုံးစိုက် နိုင်ရန် ၆၃၈ ဖြင့် ပေါင်းပြီး ခရစ်သက္ကရာဇ် အဖြစ် တွက်ပေးလိုက်၏။ စိဿ နှစ်ကိုတော့ နိုင်ငံခြားသားများ နားလည်ရန် ဘယ်လိုမှ သူ မကြိုးစားနိုင်ပါ။ ပုဂံခေတ်တွင် ပြက္ခဒိန်နှစ်များကို အမည်များဖြင့် ဖော်ပြလေ့ ရှိကြောင်း ကောဇာသက္ကရာဇ်ကိုတည် ၂ နုတ်၊ ၁၂ နှင့်စားလျှင် ၃ ကြွင်းပါက စိဿနှစ်ဖြစ်ကြောင်း ရှင်းပြလျှင် သူတို့ ပျင်းရိငြီးငွေ့သွားနိုင်ပါသည်။

"ဘုရား၊ တရား၊ သံဃာ ရတနာ သုံးပါး၌ ရိုသေမြတ်နိုးစွာ သသော စောမင်းလတ်သည်...

ဤမျှအထိ မိုးဝေအတွက် ဘာသာပြန်ရန် အခက်အခဲမရှိပါ။

"သာသနာ၌ ကောင်းတော ယုံကြည်စွာ၍ သဒ္ဓါကြည်ညိုစွာ သဖြင့် ဆင်းရဲခပ်သိမ်းငြိမ်းရာဖြစ်သောနိဗ္ဗာန် ချမ်းသာကို လိုချင်သော ကြောင့်..."



www.burmeseclassic.com

www.burmeseclassic.com



"ခဏလေး ကေသီ"

သူသည် အတတ်နိုင်ဆုံး ဘာသာပြန်ဖို့ ကြိုးစားရင်း အနည်းငယ် ပြုံးမိမလို ဖြစ်သွား၏။ အင်း... မဖြစ်ပါဘူး၊ ညကျရင်တော့ ပါမောက္ခ ဦးဇမောင်၏ ပုဂံ ကျောက်စာလက်ရွေးစင်ကို ဖတ်ပြီး သူတို့ နားလည်အောင် အင်္ဂလိပ်လို ရိုမင်နိုင်ဒေးရှင်း လုပ်ပေးဦးမှနဲ့ တူတယ်။ သူ့မှာ ပုဂံ ခရီးအတွက် ဤကျောက်စာ စာအုပ် တစ်ခုသာ ပါသည်။

ကျောက်စာ၏ အလယ်ပိုင်းစာကြောင်းများမှာ စောမင်းလတ်၏ အလှူပြုပုံများ ဖြစ်၏။ လယ်ပေါင်း များစွာကို အရပ်တကာ၌ လှူ၏။ ဒါတွေက မခက်ခဲပါ။

ကြောက်စရာကောင်းသော ကျိန်စာကျမှ မိုးဝေ အတွက် အခက်အခဲ ဖြစ်နေတော့သည်။

"ဤ ငါလှူသောကို လုယက်ဖျက်ဆီးသ သူကား ဤ လူ လက်ထက်လည်း အပြစ်ရှစ်ပါး ရောက်စေသတည်း"

ဤ လူလက်ထက်လည်း ဟူသောစကားကို 'မသေမီ လူ အဖြစ်၌'ဟု ဘာသာပြန်ပေးနိုင်သော်လည်း အပြစ်ရှစ်ပါးကို သူ မရှင်းပြတတ်ချေ။

"ခန္ဓာပျက်၍ သေခသော်လည်း သည်းဖိုးငရဲ၊ ကာလသုတ်ငရဲ၊ တာပန ငရဲ၊ ပတာပန ငရဲ၊ သဃာတ ငရဲ၊ ယောယဝငရဲ မဟာရောရဝ ငရဲ၊ အဝီစိငရဲ..."

ကောင်းပြီ။ ထို ငရဲများ၏ နာမည်ကို သူ ခက်ခက်ခဲခဲ ရွတ်ပြရ၏၊ ကေသီက သူ့ အဖြစ်ကိုပဲ သဘောကျနေသလား၊ ကျောက်စာ၏ ကျိန်စာကိုပဲ သဘောကျလေသလား မသိ၊ နှုတ်ခမ်းများ ကွေးညွှတ်စွာ ပြုံးနေ၏။





ကျောက်စာအရ 'ဒေဝဒတ်ခံရသော ငရဲထက် အဆပေါင်းရာ၊ ထောင်၊ သိန်းချီ၍ တပြောင်းပြန်ပြန် ခံရစေသတည်း' ဟုပါရာ ဒေဝဒတ်သည် ဂေါတမဗုဒ္ဓ၏ ယောက်ဖတော် ဖြစ်ကြောင်း၊ ဗုဒ္ဓကို အမျိုးမျိုး နှောင့်ယှက် ဖျက်ဆီးသဖြင့် ငရဲတွင် ရောက်နေ ကြောင်း ရှင်းပြလိုက်ပါသည်။

စောမင်းလတ်သည် သူလှူသောမြေတို့ကို ယူမည့်ယောကျ်ား မိန်းမတို့အတွက် ကျိန်စာသပ်သပ် ထားခဲ့၏။ "အထူလည်း အရက် ၆ဝ သွား၊ အလျား အနံ အရက် ၆ဝ သွားသော ကျောက်ဖျာကြီးတွင် ခါးတိုင်နှစ်လျက် ရေလည်းမရ အစားလည်းမရ လှာငါးလံထွက် လျက် ခံစေသတည်း"

လူတစ်ယောက် နှစ်လကြာအောင် လမ်းလျှောက်သွားရသည့် ခရီး အကွာအဝေးခန့် အထူရှိသော၊ ထို အကွာဝေးခန့် အလျားအနံများရှိသော ကျောက်ဖျာသည် ဘယ်လောက်များ ကြီးမား ထုထဲလိမ့်မည်နည်းဟု ဟာသစွက်လျက် သူ တွေးလိုက်မိသေး၏။ လျှာငါးလံဟူသော စကားကိုတော့ ဦးဖေမောင်တင်၏ ပုဂံ ကျောက်စာလာ ဗုဒ္ဓဘာသာဟူသော အင်္ဂလိပ် ဘာသာပြန် ဆောင်းပါးထဲကအတိုင်း ငါးဖာသွန်ဟု ဘာသာပြန်ပေးလိုက် လေသည်။

ငါကွာ ဘာဖြစ်လို့များ ဘာသာပြန်ပြောဖို့ ခက်ခဲတဲ့ စောမင်းလတ်ကျောက်စာရှေ့မှ ရောက်အောင် ခေါ်သွားမိပါလိမ့်။ တော်ပါသေးရဲ့ ဆရာကြီးဦးဖေမောင်တင် ကယ်ပေလို့။

"ကေသီ မင်း ရှေးဟောင်း သုတေသန ဌာနမှာ အလုပ်လုပ်ဖို့ ကောင်းတယ်"

ဤသည်မှာ သူ့ဘဝတွင် မိန်းမတစ်ယောက်ကို လေးစားဟန်ဖြင့် အတတ်နိုင်ဆုံး ချီးမြှောက်သောစကား ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် ကျွန်မ မန္တလေး တက္ကသိုလ်မှာ မြန်မာစာနည်းပြ လုပ်နေပါတယ်"

သူသည် နောက်မှ မြင်နေရသော ကေသီ၏ ထူးဆန်းသော ဆံပင်ထုံးဖွဲ့မှုကို တအံ့တသြငေးမိသည်။ ဆံထုံးခပ်သေးသေးကို ဦးခေါင်း နောက်ဘက် အပေါ်ကျကျ နေရာတွင် ထုံးပြီး ရင်းဆံထုံးကလေးကို ရွှေရောင် အစွပ်ကလေးဖြင့် အုပ်ထားသည်။ ရှောက်သီး တစ်လုံးကို ထက်ခြမ်း ခြမ်းပြီး မှောက်ထားသည့် ပုံစံကလေး၊ ရှောက်သီးအခွံလို ရွှေရောင် အပိတ်ချည်း မဟုတ်ဘဲ၊ အထဲက ဆံပင်တွေကို တွေ့မြင်နေရအောင် ကျဲပါးစွာ စီထားသော ရွှေရောင် သံချောင်း ခုံးခုံးကလေးများဖြင့် ပြုလုပ်ထားသော ဆံအုပ် ဖြစ်၏။

"ကျိန်စာက သိပ် ပြင်းထန်တယ်။ ဒါတွေကို မင်း ယုံသလား"ဟု ဒေါက်တာ စတို့(ဖ်)က မေးသည်။

သူ ပခုံးတွန့်ကာ အနည်းငယ် ပြုံးလိုက်သည်။

"ယုံနိုင်စရာ အကြောင်းတွေရှိပါတယ်။ လှံအစင်း ၁၀၀ထိပြီး သေပါစေလို့ ကျိန်ထားတဲ့ ကျောက်စာတွေ ရှိတယ်။ ကျွန်တော်တို့ လူ့လောကမှာ မတော်တဆ ထိခိုက်ပြီး သေဆုံးတာတွေ အများကြီး ရှိနေပါတယ်။ ဥပမာ ဝါးအချွန်ပေါ် လိမ့်ကျပြီး ရင်ဘတ်ကနေ ကျောအထိ ပေါက်ထွက်တာမျိုး၊ ကားနဲ့ စက်ဘီးနဲ့ တိုက်မိပြီး ကားနောက်က သံပိုက်လုံးတွေ ရင်ဝကို စူးပြီး သေတာမျိုး"

ဂျာမန်များက လက်ခံချင်ပုံဖြင့် ခေါင်းညိတ်ကာ အသိအမှတ် ပြုကြသည်။

"ဒီကျိန်စာနဲ့ ပတ်သက်ရင်တော့ ကားတစ်စီး အပြည့် ဘိလပ်မြေအိတ်တွေနဲ့ ဝိပြီး သေတာမျိုး၊ မြေပြိုပိပြီး သေတာမျိုး၊





လျှော်ဒဏ် ဗုံးဒဏ်ကြောင့် အုတ်နံရံတွေ ပြိုကျပြီး ပိသေတာမျိုး၊ အဲလို ဆင်တူအဖြစ်မျိုးကို စဉ်းစားကြည့်သင့်တယ်"

"ဖြစ်ပျက်သွားခဲ့ဖူး သလား"

သူ ခေါင်းညိတ်ပြလိုက်သည်။

"ဘုရားတွေကို နိုင်ငံခြား ခိုးထုတ်တဲ့ သူတို့၊ ဌာပနာ ဖောက်ထွင်း ခိုးယူတဲ့ သူတို့ ဖြစ်ကြဖူးပါတယ်"

လွန်ခဲ့တဲ့ နှစ်ပေါင်း ၇၀ ကျော်လောက်က ပုဂံက အနုပညာဆိုင်ရာ ပန်းချီတွေ ခွာယူသွားတဲ့ ခင်ဗျားတို့ ဂျာမန်လူမျိုးတစ်ယောက်ရော ဘယ်လို ဇာတ်သိမ်းသွားပါသလဲ ဟု မေးလိုက်ဖို့တော့ မကောင်းပေ။ လူမျိုးတိုင်းမှာ ထိန်းသိမ်းသူမြတ်နိုးသူ ရှိသလို ဖျက်ဆီးသူလည်း ရှိမှာပေါ့။ နောက်ပြီး ထိုလူသည် ရှေးဟောင်းအမွေအနှစ်ကို ချီးကျူးအံ့သြစိတ်ဖြင့် မရမက ခိုးယူသွားတာ ဖြစ်နိုင်ပါသည်။

အဝင်ဝအနီးရှိ (ကေသီ မိုင်းကိုင်စက္ကူဖြင့် ကပ်ထားသော) တိုင်းချွတ်ဘုရား ကျောက်စာအနီးသို့ ရောက်သောအခါ စက္ကူမှာ ခြောက်သွေ့စ ပြုနေပြီ။

"ဒါနဲ့မင်း မင်ကူးဖို့ ကျောက်စာက ဒါတစ်ခုတည်းလား"

"မဟုတ်ဘူး၊ သံပျင်ရင်ကောင် ကျောက်စာ ကျန်သေးတယ်။ဟို အလယ်နားမှာ"

"ဟာ… ဒါဆိုရင် မင်း မိုင်းကိုင်စက္ကူကို ရေဆွတ်ပြီး ကျောက်စာပေါ် သွားဖိထားပေးဖို့ကောင်းတယ်။ ဒါမှ အချိန်သိပ် မစောင့်ရမှာ။ နေဦး ဒီကျောက်စာကို ကိုယ် မင်လိမ့်ပေးခဲ့မယ်။ ကိုယ်တို့ မြန်မာတွေရဲ့ ကျောက်စာ မင်လှိမ့်ကူးပုံကို ဂျာမန်လူမျိုးတွေ မြင်ရတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ကေသီက "ကျေးဇူးတင်ပါတယ်" ဟု ပြုံးရယ်မှု မရှိသော မျက်နှာထားဖြင့် ပြော၏။ တိုရေရှားရေ ကျေးဇူးစကားပါလား။

သူသည် မင်ဘူးကို ဖွင့်လိုက်၏။ ထို့နောက် ကတ်ထူဘူးဖြင့် ထည့်ထားသော မင်ခံ ပလိတ်ပြားကို ကေသီ့ အကူအညီဖြင့် ထုတ်ယူလိုက်သည်။ ပလိတ်ပြားပေါ်သို့ မင် အနည်းငယ် လောင်းချပြီး ကေသီ လှမ်းပေးသော မင်လှိမ့်လုံး (Roller) ဖြင့် ပလိတ်ပြားပေါ်မှာ ညီညာစွာ လှိမ့်လိုက်သည်။ လေးငါးခါလှိမ့်ပြီးသောအခါ ညာဘက်ဆီမှ မီးရောင်တစ်ချက် လတ်ခနဲ ပွင့်သွားတာကို သတိပြုမိလိုက်၏။

သူ အောင့်သက်သက်ဖြင့် ညာဘက်ဘေးသို့ လှည့်ကြည့်တော့ တောင်းပန်သလို ပြုံးပြနေသော ဖရောစတို့(ဖ်)က နောက်တစ်ကြိမ် ကင်မရာကို မြှောက်လိုက်ပြန်သောကြောင့် သူ ကမန်းကတန်း ကျောက်စာဘက်သို့ ပြန်လှည့်လိုက်သည်။ သူ့ မျက်နှာ ပို၍ မှုန်သွားဟန်ကို ကေသီက သရော်သလို လှမ်းကြည့်နေတာကို သတိပြုမိ၏။

သူ မင်လှိမ့်လုံးကို ကျောက်စာအပေါ် ပိုင်း စက္ကူအဖျားက စ၍ ခပ်ကြမ်းကြမ်း လှိမ့်ယူလိုက်သည်။ သူ ဒေါသအနည်းငယ် ထွက်နေသောကြောင့် သူ စကားပြောသောအခါ လေသံက မာသွား၏။

"ကိုယ့်ကို ကြည့်မနေနဲ့၊ ကိုယ် မင်လှိမ့်တဲ့ မင်အထူအပါးကိုသာ သတိထားကြည့်၊ ဒါမှ မင်းရဲ့ မင်ကူးကျောက်စာမှာ မင်တွေနည်းသွားတာတို့ များသွားတာတို့ မညီတာတို့ မရှိမှာ"

"ဟုတ်ကဲ့၊ ကျွန်မတို့ကျောင်းသူဘဝတုန်းက ဆရာမကြီးနဲ့ အဖွဲ့လိုက် ဒီလာပြီး လက်တွေ့ လုပ်ပြဖူးပါတယ်။ မင်လှိမ့်တာတော့ ကျွန်မ သိပ်ညံ့မှာ မဟုတ်ပါဘူး"

ရယ်ချင်သလို အသံစွက်နေသော ကေသီ စကားကို သူ သတိထားမိစွာ အောင့်သက်သက်ဖြင့် လှည့်ကြည့်ခိုက်မှာ မီးရောင်ဖျတ်ခနဲ ပွင့်သွားပြန်၏။





သူ့ မျက်နှာ စောစောကထက် ပို၍ တင်းမာသွားသည်။

"ရှင် ကြည့်စမ်း၊ ဒီ နှစ်ယောက်ဟာ သိပ်ခြားနားတဲ့ ဆန့်ကျင်ဘက်ဟန် နှစ်ခုပဲ"

ခပ်တိုးတိုး ပြောလိုက်သော ဖရောစတို့(ဖ်)၏ ဂျာမန်စကားကို သူ တစ်စွန်းတစ်စကြားလိုက်ရ၏။ သည်တော့မှ သူ ပြုံးမိသွားသည်။

ဟုတ်ပါရဲ့။ တစ်ယောက်က စပို့(တ်)ရှပ်နဲ့၊ ဘောင်းဘီကသနေ့ လူငယ်တွေဝတ်သော ခေတ်ရွှေ့ပြေးပုံစံ မဟုတ်ဘဲ၊ လူကြီးသူကောင်း တစ်ယောက်ဝတ်သော ဘောင်းဘီပုံစံ။ နောက်တစ်ယောက်က ရင်ဖုံးအင်္ကျီမှာမှ ရှားပါးသော ကွင်းကြယ်သီးတပ်၊ သဘီကလည်း ယနေ့မိန်းကလေးများ ဝတ်လေ့ မရှိသော ယောချိတ်သုံ့ချည်၊ နောက်ပြီး ဆံထုံး သေးသေးကလေးနှင့်။

အင်...ငါတို့နှစ်ယောက်တော့ ဟာသတွေ ဖြစ်ကုန်ပြီ။

သူ ကျောက်စာတစ်ချပ်လုံး မင်လှိမ့်ပေးနေလိုက်ရသော်လည်း တတ်နိုင်သမျှ ဤ နေရာက ခွာချင်လှပြီ။

"မြန်မာ ကျောက်စာ အက္ခရာပုံစံတွေက သိပ်လှတယ် "ဟု ပြောခဲ့ဖူးသော ဒေါက်တာ ဝေ (ဖ်) သည် အတွင်းပြတိုက် ဖွင့်ချိန်ကို စောင့်ရင်း ကျောက်စာတိုင်များကြားတွင် အလုပ်ရှုပ်နေဆဲ။

"ရှင့် ဧည့်သည် ဟို အရပ်ရှည်ဆုံးလူက ကျောက်စာတွေကို ငံဘ်ဝင်စားပုံရတယ်နော်။ သူက ဘာလဲဟင်"

ကေသီက မိုင်းကိုင်စက္ကူ အသစ်တစ်ရွက်ကို ရေဆွတ်နေရာမှ ခပ်တိုးတိုးကလေး စပ်စု၏။ သူ ကေသီ့ကို စိတ်လိုလက်ရ ပြုံးပြလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူက ဘွန်းတက္ကသိုလ် အိုရီယင်တယ်လ်စတာဒ်ဒီဌာန အဆိုဆီယိတ် ပရော်ဖက်ဆာ တဲ့"

"ဪ..."

"သူက ဗိသုကာပညာကို စိတ်ဝင်စားတယ်။ ဟို ဂျာမ အမျိုးသမီးက ပန်းချီနည်းပြတဲ့၊ သူ့ ယောကျ်ားကတော့ မနုသဗေ ပညာရှင် တဲ့"

"ကောင်းလိုက်တာ"

"ဟာ... ဘယ်ကောင်းမလဲ"

သူ နှုတ်ခမ်းကို ရွဲ့လျက် ခေါင်းခါယမ်းလိုက်မိ၏။

"ကိုယ် ပင်ပန်းတာပေါ့။ ဗိသုကာ လက်ရာတွေကို စေ့စေ့စပ်စပ် ပြရဦးမယ်။ နောက်ဆို တစ်ဖွဲ့တည်း တစ်မျိုးတည်းလာ လို့ မေတ္တာရပ်ခံရမယ့်ပုံ ပေါ်နေပြီ၊ အခုဟာက ရတဲ့ရက်က နည်းတယ်။ ပြရမယ့် အနုပညာက နှစ်မျိုးသုံးမျိုး၊ ဒါတောင် သူတို့ ယွန်းလုပ်ငန်းကို လေ့လာချင်သေးသတဲ့၊ ဒီကြားထဲက ကျောက်စာ စိတ်ဝင်စားလိုက်သေးတယ်"

ကေသီက နှာခေါင်းလေး ရှုံ့၍ ရယ်မောသောအ စောစောက တည်တံ့သော ဣန္ဒြေများ လွင့်စဉ်သွားသည်။

"ဒီမယ်ရှင့်ကို ကျွန်မ အကြံတစ်ခု ပေးမယ်၊ ရှင် သူများရဲ့ အကြံဉာဏ်ကို လက်ခံတတ်ရဲ့လား"

"သိပ်တော့ အလေ့အကျင့် မရှိဘူး၊ ဒါပေမယ့် ပြောလေ လိုအပ်ရင် လက်ခံမှာပါ"

"အဲဒီ ဧည့်သည်တွေကို အင်္ဂလိပ်ဘာသာပြန်ပြီးသာ ကျောက်စာတွေ ပေးဖတ်လိုက်ပါလား၊ တချို့တစ်ဝက် သူ ဖတ် တယ်လို့ ပြောသံ ကြားလိုက်ပါတယ်"





"ဒါတော့ မင်း ပြောမှလားကွာ၊ ကိုယ် တွေးမိသားပဲ။ ခက် ဘာက ကိုယ့်မှာ ပါမလာဘူးလေ၊ သူတို့ လိုချင်တဲ့ အချက်အလက်တွေ အကြမ်းဖျင်းဆွေးနွေး နေတုန်းက ဗိသုကာ ဆိုင်ရာနဲ့ နံရံဆေးရေး ပန်းချီပဲလို့ ပြောတာကိုး"

သူမ ပြုံးပြသည်။

"နေဦး ကျွန်မပြောတာ နားထောင်စမ်းပါဦး၊ ကျွန်မ ဆီမှာ မြန်မာနိုင်ငံ သမိုင်းကော်မရှင်က ထုတ်တဲ့ စာအုပ်အတွဲ ၃ ပါလာ ဘယ်။ အဲဒီထဲမှာ ဦးဖေမောင်တင်နဲ့ ဒေါက်တာလု(စ်) ဘာသာပြန်ပြီး ရှင်းထားတဲ့ မြန်မာကျောက်စာ ၁၀ ခုလောက်လား မသိဘူး ပါတယ် လေ။ မင်နိုပ်ကျောက်စာ စာလုံးတွေရော၊ အဲဒါ ရှင် လိုချင်ရင်..."

"ဟာ... အဲဒါဆို သိပ် အဆင်ပြေမှာပဲ၊ ကိုယ် ကျေးဇူးတင် လိုက်တာ။ တစ်ရက်လောက် ငှားမယ် မဟုတ်လား"

"ရတယ်၊ ကျွန်မ နောက် ထပ် ၃ ရက်နေမှာ၊ ၃ ရက်ကြာမှ ပြန်ယူမယ်"

"အိုကေ၊ ကိုယ်တို့လဲ သုံးလေးရက်ပဲ အချိန်ရတာပဲ၊ မင်း ဘယ်မှာ တည်းတာလဲ၊ ကိုယ် လာယူပါ့မယ်"

"ကျွန်မ အောင်သဟာယ တည်းခိုခန်းမှာ၊ တည်းခိုခန်းကို ကျွန်မတို့မောင်နှမ ညနေစာ စားပြီးမှ ပြန်တာ ဆိုတော့ သိပ်စောရင် ကျွန်မတို့ ရောက်ဦးမှာ မဟုတ်ဘူး"

သူတို့လေးယောက်ပြတိုက်ထဲသို့ ဝင်သွားချိန်အထိ ကေသီ တို့ မောင်နှမ ကျောက်စာတိုင်များကြားမှာ အလုပ်ရှုပ်နေဆဲ ဖြစ်သည်။

ဂျာမနီက ဘာလင်ပြတိုက်နှင့် တော်တော် ကွာခြားဟန်ရှိ သော ပုဂံပြတိုက် ကျဉ်းကျဉ်းကလေးကို သူတို့ တစ်ခွန်းမှ အပြစ်မပြော ဘဲ စိတ်ဝင်တစား ကြည့်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးဝေကသာ မျက်နှာအနည်းငယ်ပူလျက် ရှင်းပြရသည်။

"ကျွန်တော်တို့နိုင်ငံရဲ့ ငွေကြေး အခက်အခဲရော၊ နေရာဒေသ အကျယ်အဝန်း အခက်အခဲရောကြောင့် ပြတိုက်ကို လုံလောက်တဲ့ ကျယ်ဝန်းမှုနဲ့ မျက်စိအမြင် တင့်တယ်အောင် မဆောက်ရှက်နိုင်သေးပါဘူး။ ရုပ်တုတစ်ခုရဲ့ အမြင့်ပေအချိုး အဆအတိုင်း သူ့ရဲ့ ဘေး ပတ်လည်နေရာကွက်လပ်ကို တိုင်းထွာပြီး အနုပညာကို အာရုံဝင်အောင် လို့ကောင်းအောင် သုံးလေးဆ ချဲ့ထွင်ပြုပြင်သင့်တယ်ဆိုတာ ကျွန် တော်တို့အားလုံး သိကြပါတယ်။ အခြေအနေအရ ဒီလို စီတန်း စုပြုံထားရတာ စိတ်မကောင်းစရာပါပဲ"

ဒေါက်တာနှစ်ယောက်က ပြုံးလျက် 'ဖြစ်လာနိုင်ပါတယ်' ဟု နှစ်သိမ့်လေသည်။

"အခုတော့ ယူအင်(န်)ဒီပီက ကျွန်တော်တို့ကို အများကြီး ထောက်ပံ့နေပါတယ်"

"တို့ ဒီနေ့ ဘယ်ဘုရားတွေကို လေ့လာမလဲ"ဟု ဒေါက်တာ ဝေ့(ဇ်)က မေးသောအခါ သူ နည်းနည်း စဉ်းစားလိုက် ရသေးသည်။ ပညာရပ် တစ်ခုချင်းကို စုစည်းပြီး သွားမလား၊ သို့မဟုတ် ခရီးတူတာချင်း စုစည်းပြီး သွားမလား။

"နံရံဆေးရေးပန်းချီတွေကို အလျင်ပြပါ" ဟု ဖရောစတ္တ(မ်) က လောဆော်သည်။

သူ အားနာပါးနာ ခေါင်းယမ်းလိုက်ရ၏။

"နံရံပန်းချီတွေချည်း စုပြီး လေ့လာရင် ဘုရားတွေက နေရာအမျိုးမျိုးမှာ ရောက်နေပါတယ်။ ဥပမာ မြင်းကပါ အရပ်မှာ ဂူပြောက်ကြီး ဘုရား၊ အပယ်ရတနာ ဘုရား ရှိပြီး။ မင်းနန်သူ ရွာ ဟိုးအဝေးကြီးမှာ ဘုရားသုံးဆူ၊ သမ္ဗျုလ၊ နန္ဒမညာ ဘုရားတွေ ရှိပါတယ်။ တစ်နေ့တည်း မပြီးနိုင်တဲ့အတွက် ကျွန်တော်တို့ ခနရာဒေသကို ပိုင်းခြားပြီးသွားရင် အဆင်ပြေပါလိမ့်မယ်"





သူတို့ သဘောတူလိုက်ကြပါသည်။

"ဗိသုကာဆိုင်ရာ အနုပညာ အတွက်လဲ ကျွန်တော်တို့ အဲဒီနည်းကို သုံးရင် သင့်လျော်ပါလိမ့်မယ်"

"ကောင်းတယ်"

"ဒီနေ့တော့ ပုဂံမြို့ထဲက သဗ္ဗညုဂူဘုရားနဲ့ အာနန္ဒာ ဘုရားကို ကျွန်တော် လိုက်ပို့ပေးပါမယ်"

ဏ ဏ ဏ



www.burmeseclassic.com

www.burmeseclassic.com

## အခန်း သုံး

“ကိုယ် မြူဇီယမ်က ပြန်လာကတည်းက တစ်နေ့လုံး ငြိုးဘားနေခဲ့တာ၊ မင်းနဲ့ကိုယ် တွေ့ဖူးကြသလားဆိုတာ”

“မတွေ့ဖူးပါဘူး”

ကေသီသည် ယခု ညချမ်း အချိန်မှာတော့ ကျောလယ် ရောက်တရောက် ဆံပင်တို့ကို ဖြန့်ချထား၏။ သူ ရောက်ခါစက ကေသီ ရေချိုးနေကြောင်း စည်သူက လာပြောသည်။ စီးကရက် ကုန်သည်သောကြောင့် သူ တစ်လိပ် ယူသောက်ရင်း သူ့ စီးကရက်ဘူးကို စားပွဲပေါ် ချထားပေးလိုက်သည်။ ထို့နောက် ရေချိုးဦးမည်ဆိုပြီး ပြီသူ ပြန်ဝင်သွားတော့ သူ တစ်ယောက်တည်း စီးကရက်ဘူး နှစ်မျိုး နှင့် ခပ်ကြောင်ကြောင် ကျန်နေခဲ့၏။

သူ့ တစ်သက်မှာ ရေချိုးနေသည်ဆိုသောမိန်းမ တစ် ယောက်ကို တစ်ခါမှ ဧည့်ခန်းတစ်ခုမှာ ထိုင်မစောင့်ခဲ့ဘူး သောကြောင့် စနည်းငယ် ပျင်းရိငြီးငွေ့လာခဲ့သည်။ ဖတ်နေကျအိတ်ဆောင်



www.burmeseclassic.com

www.burmeseclassic.com



အဘိဓာန် တစ်ခုတစ်လေမှ မပါလာသောကြောင့် စီးကရက်ကိုသာ မဲ၍ ဖွာရင်း အတော် သည်းညည်းခံစိတ်မွေးခဲ့ရ၏။

ကိုယ်က သူ့ဆီက စာအုပ်လိုချင်တာ မဟုတ်လား။ မိနစ်နှစ်ဆယ်မကလို့ နာရီဝက် ကြာတော့ရော ဘာဖြစ်သေးလဲ။ စိတ်မတိုနဲ့။ သုံးလိပ်မြောက်စီးကရက် ကုန်ခါနီး အချိန်ကျမှ ကေသီ ရောက်လာသည်။

"ကိုယ် မင်းအဝတ်အစားမျိုးနဲ့ မင်းလို အရပ်အမောင်းမျိုးနဲ့ မင်းအသက်အရွယ် မိန်းမမျိုးကို ခဏခဏ မတွေ့ဘူး တာတော့ သေချာတယ်ကွာ၊ ခက်နေတာက မင်းက မန္တလေးတက္ကသိုလ်မှာ လုပ်တာဆိုတော့"

ပျော့ပျောင်းသော ပန်းနုရောင် ရင်ဖုံးအကျီကလေးမှာ တွယ်ထားသည့် အညိုရောင် ကြယ်သီးပြားကလေးများဆီ မျက်စိရောက်သွားပြီးမှ ကမန်းကတန်း မျက်နှာလွှဲပစ်လိုက်၏။

"ကိုယ်တွေ့ဖူးတဲ့ မင်းလို အမျိုးသမီး တစ်ယောက်က ရန်ကုန် ကပဲ ဖြစ်ရမယ်၊ ကိုယ် ရန်ကုန်မှာ တွေ့ခဲ့တာ။ အိုကွာ အဲဒါ မင်းပါပဲ"

နှုတ်ခမ်းထောင့်စွန်းကလေးကို ကွေးသည်ဆိုရုံ မဲ့မဲ့ကလေး ပြုံးကြည့်လိုက်သော ကေသီ့ အကြည့်အောက်တွင် သူ ဒေါသတကြီး ဖြစ်သွား၏။

"ကိုယ် စကားမရှိ စကားရှာပြီး ပြောနေတယ်လို့ မင်းထင်နေတယ် မဟုတ်လား။ ကိုယ် ဘယ်မိန်းမမှ ဂရုစိုက်တဲ့ကောင် မဟုတ်ဘူး ကေသီ"

"ဟော့တော်"





"ဘာမှမပြောနဲ့ဦး ကိုယ် မေးမလို့၊ မင်း မနှစ်က ဒါမှမဟုတ် တစ်နှစ်တုန်းက ကော်ပိုရေးရှင်း နိုင်းမှာ ဟိုလ်ဒါလင်ရဲ့ ကဗျာစာအုပ် ဝယ်ဖူးသလား"

မေးလိုက် မိပြီးမှ ဒီမိန်းမ ဒီလို ဂန္တဝင် ပုံစံမျိုးနဲ့ ဟိုလ်ဒါလင်ကိုမှ သိပ့်ါမလားဟု တွေးလိုက်မိသည်။

ကေသီက မျက်မှောင်တွန့်ကာ သူ့ ကို ငေးစိုက်ကြည့်နေသည်။

မကြည့်နဲ့ကွာ၊ အဲဒီလို ကိုယ့်ကို စိုက်မကြည့်စမ်းနဲ့။ သူ ဒေါသ အနည်းငယ် ပြေကာ မနေတတ် မထိုင်တတ် ဖြစ်သွား၏။

"ကျွန်မ သိပ် မမှတ်မိဘူး။ စာအုပ်တွေတော့ ခဏခဏ ဝယ်တာပဲ၊ ကျွန်မ ဆီမှာလဲ ဟိုလ်ဒါလင် စာအုပ် ရှိနေတာအမှန်ပဲ၊ ဒါပေမယ့် အဲဒီစာအုပ်ကို အဲဒီဆိုင်က ဝယ်ခဲ့တယ်ဆိုရင်ကော ဘာထူးခြားမှာမို့လဲ"

သူ စီးကရက်ကို မီးခြစ်ပေါ်တွင်ထိုးခြေ ငြိမ်းသတ်လိုက်ပြီး စားပွဲပေါ်မှာ ညင်သာစွာ ချထားလိုက်၏။ စားပွဲပေါ်မှာ စီးကရက် ပြာခံခွက် မရှိပါ။ ကေသီက စားပွဲအောက်ထပ်တွင် ရောက်နေသော ပြာခွက်ကို နှိုက်ယူ၍ တင်ပေး၏။

"အဲ... ကိုယ် မပြောတတ်ဘူးလေ။ ကိုယ်သိတာတော့ ရှိတယ်၊ အဲဒီတုန်းက ကိုယ်ယူမယ့် ဟိုလ်ဒါလင်ရဲ့ ကဗျာစာအုပ်ကို အဲဒီ မိန်းမက လုဝယ်သွားတာပဲ။ ကံဆိုးချင်တော့ ဟိုလ်ဒါလင်ကလဲ အဲဒီ တစ်အုပ်ပဲ ရှိတာလေ"

အလွန် ကြွေ့ရွကြီးသော ကေသီ့ မျက်နှာမှာ ရယ်မြူးမှုပုံ ကလေး မသိမသာ လွှမ်းသွား၏။ နောက်ကျောဘက်က ဆံပင်တို့ကို



www.burmeseclassic.com

www.burmeseclassic.com



လက်ဖြင့် စုဆုပ်သိမ်းယူပြီး ရင်ညွန့်ပေါ် အသာချလျက် သူ့ကို ဇဝေဇဝါ ကြည့်ပြန်သည်။

"လက်စသတ်တော့ အဲဒါ ရှင်ကိုး။ ဟုတ်တယ် ကျွန်မမှတ်မိပြီ။ ဒါပေမယ့် ဒါ ကျွန်မ လုဝယ်တာ မဟုတ်ပါဘူး။ ကျွန်မက အရောင်းစာရေးကို ဟိုလ်ဒါလင် စာအုပ် ပြစမ်းပါလို့ ပြောပြီးမှ ကျွန်မဘေးကို ယောကျ်ားတစ်ယောက် ရောက်လာတာပါ။ အရောင်းစာရေးက နောက်ဘက်စင်မှာ ဟိုလ်ဒါလင် ရှာနေတဲ့အချိန်ကျမှ အဲဒီယောကျ်ားက ဟိုလ်ဒါလင် စာအုပ်ကို လှမ်းတောင်းတာ၊ ဘာပဲ ဖြစ်ဖြစ် ကျွန်မက အလျှင် ဦးတာပါ"

သူမ ပုံစံက နည်းနည်းမျှ လျှော့ပေးမည့်ပုံ မပေါ်ချေ။

အဲသည်တုန်းက ကောင်တာပေါ် တင်ပေးသော ဟိုလ်ဒါလင် စာအုပ်ကို သူ လှန်လှော ကြည့်နေခိုက်မှာ အမျိုးသမီးတစ်ယောက် ရပ်နေမှန်း သိပေမယ့် ဂရုမစိုက်မိ။ 'ဒီစာအုပ် ကျွန်တော်ယူမယ် ဘယ်လောက်လဲ' ဟု မေးတော့မှ "အဲဒါ ကျွန်မ ယူမှာ" ဟု ခတ်ဆတ်ဆတ်ပြောသော မိန်းမသံ တစ်ခုကြောင့် သူ ဘေးသို့ ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။

အုံ့ဩစရာကောင်းသော စစ်ပြီးခေတ် ဆင်ယင်ထုံးဖွဲ့မှုမျိုးဖြင့် ထူးဆန်းစွာလှပသော အမျိုးသမီးတစ်ယောက်ကို မြင်ရသည်။ သူ့ ထက်ပင် အရပ်မြင့်မည်ဟု ခန့်မှန်းရသည်။ ရင်ဖုံးအင်္ကျီပေါ်မှ ကွင်းတပ် ရွှေကြယ်သီး အလုံးကလေးများကို အစစ်တွေမှ ဟုတ်ရဲ့လားဟု သရော်လိုစိတ်ဖြင့် ဝေ့ခနဲ ကြည့်လိုက်မိတာလည်း သူမှတ်မိ၏။

"ကျွန်မ ထင်တာ ပြောရရင်တော့ အဲဒီတုန်းက ရှင်နောက်တစ်အုပ် လှမ်းတောင်းတာကို အရောင်းစာရေးက မရှိတော့ဘူး၊





ဒီတစ်အုပ်ပဲရှိတာလို့လဲ ပြောလိုက်ရော၊ ရှင် ကျွန်မ ရှေ့မှာ အဲဒီစာအုပ်ကို ပစ်ချပြီး လှည့်ထွက်သွားခဲ့တာပဲ"

"ဟုတ်တယ်၊ ကိုယ် အဲဒီတုန်းက တကယ် စိတ်တိုသွားတယ်"

"ကျွန်မကလဲ ယောကျ်ားတန်မဲ့နဲ့ ဒီလူနှယ် သဘောထားမကြီးလိုက်တာလို့တောင် အပြစ်တင်မိသေးတယ်။ ဩော်... အဲဒါရှင်ကိုး။ အခုတော့ ကျွန်မ မအံ့ဩတော့ဘူး"

"ဘာကို မအံ့ဩတာလဲ"

"အဲဒီတုန်းက အဲဒီလူရဲ့ ကလေးဆန်တဲ့ ပုံစံကိုပေ့ါ။ ရှင်ဟာ နှစ်ပေါင်းများစွာ ဒီပုံစံအတိုင်း ကြီးပြင်းလာခဲ့ပုံရတယ်"

သူသည် အင်္ဂလိပ်ဘာသာဖြင့် ကျောက်စာများကို ဘာသာပြန်ထားသော စာအုပ်၏ အတွင်းစာမျက်နှာတို့ကို ရွရွကလေးဖွင့်ဖတ်ကြည့်ရင်း အနည်းငယ် အောင့်သက်သက်ဖြစ်သွားပြန်သည်။ သို့သော်ဘာမှ မချေပတော့ဘဲ မချိတရို ပြုံးနေလိုက်လေသည်။ စာရွက်များမှာ ဝါကျင့်ကျင့် အရောင်ဖြစ်ပြီးကြွပ်ဆတ်နေပြီ။ အပေါ်ပိုင်း တချို့စာရွက်များမှာ ကြွပ်ဆတ်၍လားမသိ ပဲ့ထွက်တော့မလို ဖြစ်နေသည်။ တိုင်းချွတ်ဘုရား ကျောက်စာ၊ မင်းအိုချမ်းသာဘုရား ကျောက်စာ...

"ဒီအတိုင်းဆိုရင် ရှင့်ကို လောကဝတ်စကားတစ်ခု မေးဖို့ကျွန်မမှာ တာဝန်ရှိနေပြီ။ ရှင် အဲဒီစာအုပ်မျိုး နောက်ထပ်တွေ့ရဲ့လား၊ ဝယ်ဖြစ်ရဲ့လား"

သူ စာအုပ်မှ မျက်နှာခွာကာ ကေသီကို မော့ကြည့်လိုက်၏။ မည်းနက်သော မျက်ခုံးထူထူတို့ကို ပုံသွင်း၍ နုတ်ထားဟန်မတူ။ သူတို့သည် မျက်ခွံရှိရာသို့ ခပ်ပါးပါးကလေးဆင်းနေ၍ ပေါ်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုမျက်ခုံးတွေကြောင့်များ သူမ မျက်လုံးတို့ သိပ်အစွမ်းထက်နေသလား မသိပါ။

"ကိုယ်လား၊ ကိုယ်က လိုချင်တာတစ်ခုကို လိုချင်တဲ့အချိန်မှာ ရအောင်ယူချင်တဲ့စိတ် ရှိတယ်။ အဲဒီလိုမှ မရဘူးဆိုရင်လဲ တခြားရတဲ့အချိန်မှာ မလိုချင်တော့ပြန်ဘူး။ ကိုယ် ဒီတစ်နှစ် နှစ်နှစ်အတွင်း ဟိုလ်ဒါလင် စာအုပ်ကို ပန်းဆိုးတန်းမှာ တစ်ခါတွေ့တယ်၊ လွှစ္စလမ်းမှာ တစ်ခါတွေ့တယ်၊ ဒါပေမယ့် ကိုယ် မဝယ်တော့ဘူးလေ"

"ဪ..."

အနည်းငယ် အံ့ဩသလို ငေးစိုက်သွားသော ကေသီ၏ မျက်ဝန်းများကို သူ ရှောင်လိုက်၏။ ထို့နောက် သူ ပြုန်းခနဲ မတ်တတ်ရပ်သည်။ "ကိုယ် ပြန်မှပဲ" သူ လှည့်ထွက်လာခဲ့စဉ် ကေသီက မတ်ဘတ် လိုက်ရပ်ဖော်ပင် မရချေ။

"ဟာ... ကိုမိုးဝေ ပြန်တော့မလို့လား ခဏလေး"

ခပ်သွက်သွက် လျှောက်လာသော စည်သူက သူ့ကို ခြံတံခါးဝတွင် မီလာ၏။ စည်သူ့မျက်ခုံးများက သူ့အစ်မမျက်ခုံးများထက်ပင် ထူထဲ နက်မှောင်သည်။ စည်သူက နုဖပ်သော အပြုံးကလေးဖြင့် သူ့ ကို မိတ်ဖွဲ့၏။

"ကျွန်တော့်ကို တစ်ခုကူညီစမ်းပါဗျာ၊ မမက ကျွန်တော်အပြင်သွားရင် တစ်ယောက်တည်း လွှတ်ချင်တာ မဟုတ်ဘူးဗျ။ သူ လိုက်မယ်ချည်း ပြောနေတယ်။ အဲဒါ အခု ကျွန်တော့်ကို ခေါ်ထုတ်သွားပေးစမ်းပါ"

"မင်းက ဘယ်ကို သွားချင်တာလဲ"





စည်သူက ခေါင်းကုတ်ဖွပ်ပြီး ဟက်ခနဲ တစ်ချက် ရယ်ကာ ..."သောက်စရာ တစ်ခုခုရတဲ့ နည်းနည်းလဲ သပ်ရပ်တဲ့ဆိုင် တစ်ခုခုပေါ့ဗျာ"

ဟု ဖြေ၏။ သူ အနည်းငယ် ပြုံးချင်ချင် ဖြစ်သွားသည်။

"စည်သူ..."

ခပ်ဆတ်ဆတ်ခေါ်သံနှင့်အတူ သမံတလင်းပေါ် တခွပ်ခွပ်လျှောက်လာသည့် ခွာမြင့်ဖိနပ်သံနှင့်အတူ အနီးသို့ ကေသီရောက်လာသည်။

"စည်သူနော်၊ နင် ဘာတွေ လျှောက်လုပ်မလို့လဲ"

ကေသီ့ မျက်နှာထားက ခပ်မာမာ။

"မမကလဲ ကျွန်တော် ဘာလုပ်မှာမို့လဲ၊ မနက်ဖြန် ဘုရားတွေကို မမပဲ စက်ဘီးနဲ့ သွားချင်လိုက်တာဆို၊ အဲဒါကြောင့် ကိုမိုးဝေကို စက်ဘီး နာရီနဲ့ ငှားတဲ့ဆိုင်တွေ ဘာတွေ မရှိဘူးလားလို့ မေးနေတာ"

"ဟောဒီရှေ့က ယွန်းပစ္စည်းဆိုင် တွေ့တယ်မဟုတ်လား၊ ထောင့်ကလေ။ အဲဒီဆိုင်က စက်ဘီး ငှားတယ်၊ တစ်နာရီကို ငါးကျပ်ပေးရတယ်။ ဒါပေမယ့် တစ်နေကုန် ငှားရင်တော့ နှစ်ဆယ်ပဲယူတယ်။ မင်းတို့ မောင်နှမ အဲဒါဆို အဆင်ပြေမှာပေါ့။ ဒါနဲ့ စည်သူ အသက် ဘယ်လောက်ရှိပြီလဲ"

"ကျွန်တော် ၂၂ နှစ်ရှိပြီ"

"ကေသီ၊ အသက် ၂၂ နှစ်ဆိုတာ လူလားမြောက်ပြီပဲ။ အစ်မတစ်ယောက်ရဲ့ နေရာတကာ စွက်ဖက်မှုကို ဒီအရွယ်မှာ မခံသင့်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် တော်တော်ရိုင်းတဲ့ လူပဲ ကျွန်မမောင်ကို ကျွန်မဘာပဲ စွက်ဖက်သည်ဖြစ်စေ ရှင့်အပူ တစ်ပြားသားမှ မပါဘူး"

သူ ဘောင်းဘီအိတ်ထဲ လက်နှစ်ဘက် နှိုက်ကာ မခိုးမခန့် ရယ်မောမိ၏။

"ကိုယ် အသက် နှစ်ဆယ် အရွယ်ကတည်းက ကိုယ့်အမေ နိုင်ငံခြား ရောက်နေတယ်၊ ကိုယ့် ဘဝလမ်းကို ကိုယ်တိုင်လျှောက်ခဲ့တာပဲ။ ဘယ်သူ့ရဲ့ မစမှု၊ ဘယ်သူ့ရဲ့ စောင့်ရှောက်မှု၊ ဘယ်သူ့ရဲ့ အကြံပေးမှုမှ မလိုဘဲ ကိုယ် ကြီးပြင်းခဲ့တယ်"

"လူတွေမှာ နှစ်မျိုး နှစ်စားရှိတယ် ကိုမိုးဝေ၊ တစ်စုံတစ်ယောက်ရဲ့ ထိန်းချုပ်ပေးမှုကို မလိုအပ်တဲ့ လူ အမျိုးအစားရယ်၊ ထိန်းချုပ်ပေးဖို့ လုံးဝလိုအပ်တဲ့ အမျိုးအစားရယ်၊ ကျွန်မ မောင်က ဒုတိယ အမျိုးအစားထဲမှာ ပါတယ်။ ရှင် ဘာပြောချင်သလဲ"

ဟာ... အသားလွတ် စော်ကားခံနေရပါလား။

"မပြောပါဘူး၊ ဘာမှ မပြောချင်ပါဘူး။ စည်သူ့ ကိုပဲပြောချင်တာပါ။ လူတွေဟာ ကိုယ့်တာဝန် ကိုယ် ယူတတ်ရတယ်။ တစ်ယောက်ယောက်ကို ခုတုံးလုပ်ဖို့လဲ မကြိုးစားရဘူးသိလား စည်သူ။ အခု မင်း ဆန္ဒရှိရင် ကိုယ်နဲ့ လိုက်ခဲ့လို့ရတယ်။ အဲ... အပြန်မှာ ရင်ဆိုင်ရမယ့် မင်းအစ်မရဲ့ ဒေါသကို မင်း မကြောက်ရင်ပေါ့"

စည်သူ့ မျက်နှာလေး ငယ်သွား၏။

"အရက်သောက်မလာပါဘူးလို့ ကတိပေးရင် လိုက်ခွင့်ပြုမယ်"

သူ ပခုံးတွန့်လိုက်ကာ စည်သူ့ကို ငါ ဘာမှ မတတ်နိုင်ဘူး ဟူသော အမူအရာဖြင့် ကြည့်လိုက်၏။





"ကဲ... ကတိပေးလိုက်ပါ စည်သူ၊ ကိုယ် မင်းကို လက်ဖက်ရည် တိုက်မယ်၊ နောက်ပြီး ကမ္ဘာပေါ်မှာ အရက်ထက် ပိုအရသာရှိတဲ့ အရာတွေ အများကြီး ရှိနေပါတယ်၊ အဲဒါကို မင်း သိစေချင်တယ် ခလေ"

"ရှင် ကျွန်မ မောင်ကို ဘယ်တွေ ခေါ်သွားဦးမလို့လဲ"

သူ ဒေါသ ထောင်းခနဲ ထွက်သွား၏။ လက်ထဲမှာ ကိုင်ထားသော စာအုပ်ကိုသာ ငုံ့မနေဘူးဆိုလျှင် ပက်ပက်စက်စက် ပြောပြီး ပြန်လှည့် ထွက်မိလိမ့်မည်။ ယခုတော့ သူ့ ဒေါသကို အတတ်နိုင်ဆုံး မျိုသိပ်ချလိုက်ရ၏။

"ကိုယ် မင်းရဲ့ မောင်ကို ပုဂံရဲ့ တကယ့်ည အလှစစ်စစ်နဲ့ မိတ်ဆက်ပေးမလို့ ကေသီ။ ဘာမှ စိတ်မပူပါနဲ့၊ ဒါနဲ့ စည်သူ ဘွဲ့ ရပြီးပြီလား"

"ဟုတ်ကဲ့"

"ဘာနဲ့ ပြီးတာလဲ"

"ဖိဆစ်(က်) (စ်)"

"တော်တော် ဆိုးတာပဲ၊ ဒါပေမယ့် လူတိုင်းမှာ အနုပညာ အမြင် အနည်းနဲ့အများတော့ ရှိတတ်ကြမှာပဲလို့ ကိုယ်ထင်တယ်"

ထို့နောက် ကေသီ့ ဘက်လှည့်၍ ကြိုစား ပမ်းစား ပြုံးပြလိုက်သည်။

"စည်သူ့ ကို တန်ဖိုးရှိတဲ့ ကိုယ့်အချိန်တွေထဲက ၄၅ မိနစ်လောက် ဖဲ့ပေးပြီး စိတ်ကြည်နူး ချမ်းမြေ့အောင် ဖန်တီးပေးမယ့် အတွက် မင်း ကိုယ့်ကို ကျေးဇူးတောင် တင်ဖို့ကောင်းတယ် ကေသီ"

ထို့နောက် ကေသီ့ စကားအပြန်ကို မစောင့်တော့ဘဲ ချာခနဲ လှည့်ထွက်လာခဲ့သည်။ ဘေးမှာ စည်သူ ကပ်လိုက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"မိန်းမတွေဟာ ဒီလိုပဲကွ၊ သူတို့ဟာ ဘဝမှာ တစ်စုံတစ်ယောက်ကို အမြဲတမ်း ချုပ်ချယ်နေချင်တာ။ သူတို့ရဲ့ မောင်တွေ၊ တကယ်လို့ အိမ်ထောင်ကျရင် သူတို့ရဲ့ ခင်ပွန်းတွေ၊ နောက် သူတို့ရဲ့ သားတွေပေါ့ကွာ။ အဲဒီလို ချုပ်ချယ်ဖို့ မိန်းမဆိုတာ ဖြစ်လာတာတဲ့"

*စည်သူက ခပ်ဟက်ဟက် ရယ်လေသည်။*

ဒီမိန်းမဟာ ဘယ်တော့ ကြည့်ကြည့် လှပတင့်တယ်နေတော့တာပါပဲလား။

အေးရိပ်သာယာ စားသောက်ဆိုင်ထဲသို့ ဝင်လိုက်လျှင် ဝင်လိုက်ချင်း သူ့ မျက်လုံးအာရုံက သူမထံ ချက်ချင်းရောက်သွားသည်။ သူမတို့နှစ်ယောက်က ဘယ်ဘက်ဒေါင့် လေးထောင့် စားပွဲခပ်သေးသေးမှာ ထိုင်နေကြ၏။ သူတို့ကလည်း သူ့ ကို မြင်သွားသည်။ ကေသီက ပြုံးပြ နှုတ်ဆက်ဖော်ပင် မရ။ အသိအမှတ်ပြုပုံ မရ။ စည်သူကသာ ဖြန်းခနဲ ထရပ်ကာ သူ့ထံ အူယား ဖားယား လျှောက်လာ၏။

"ဟာ... ကိုမိုးဝေ အတော်ပဲဗျာ၊ ကျွန်တော်တို့နဲ့ အတူ ဝင်ထိုင်ပါ"

"နေပါစေတော့ကွာ၊ ကိုယ် ဒီနားပဲ ထိုင်လိုက်မယ်"

"မဟုတ်ဘူးဗျ၊ လာပါ ခင်ဗျား တစ်ယောက်တည်းဆို ပျင်းစရာကြီး၊ ဟို ညီ့သည်တွေရော"

"သူတို့က ဟိုတယ်လ်မှာ နေ့လယ်စာ သွားစားကြတယ်လေ။ မနက်ဖြန်ကျရင်တော့ ကိုယ်နဲ့အတူ မြန်မာထမင်း လိုက်စားမယ်လို့ ပြောတယ်"





သူ ရုပ်ပျက်ဆင်းပျက် မငြင်းချင်သောကြောင့် စည်သူနှင့်အတူ လိုက်လာသည်။ သူ ဝင်ထိုင်လိုက်တော့ ကေသီက ခေါင်းညိတ်နှုတ်ဆက်ပြရုံပဲ။ ကြည့်ရတာ မိုးဝေကို အခဲကျေဟန်မတူပါ။

"ဟဲလို... ကေသီ၊ မင်္ဂလာနံနက်ခင်းပါ" ဟု သူ မေ့လျော့စွာ အင်္ဂလိပ်လိုနှုတ်ဆက်တော့ ကေသီက "မင်္ဂလာပါ" ဟု မြန်မာလို နှုတ်ဆက်သည်။

"ကိုမိုးဝေ ကျွန်တော်တို့ ဟင်းမှာပြီးပြီ။ ကုန်းဘောင်ကြီးကြော်ရယ်၊ ဝက်ပဲငါးပိရယ်၊ အစိမ်းကြော်ရယ်၊ ယိုးဒယား ဟင်းချိုရယ် မှာထားတယ်။ ခင်ဗျား ဘာထပ်မှာ ဦးမလဲ"

"မမှာတော့ပါဘူး။ ဒါနဲ့လုံလောက်မှာပါ။ တစ်ခုတော့ ရှိတယ်။ ဒီကုန်ကျစရိတ်ကို ကိုယ်ပေးရမှဖြစ်မယ်"

"ဟာ... ဘာဖြစ်လို့လဲ။ ခင်ဗျား မသိလို့ မမက ဘော်ဇဗျ"

သူ ကေသီ့ ကိုလှမ်းကြည့်တော့ ကေသီက သူ့ကိုစိုက်ကြည့်နေသည်နှင့် ဆုံသွား၏။ သူ့ ရင်ထဲမှ တစ်စုံတစ်ခုကို ထိုမျက်လုံးများက ဆွဲငင်ယူသွားတော့မလို ခံစားလိုက်ရသည်။ ဒီမိန်းမ ညှို့တတ်တယ်နဲ့ တူတယ်။ သူ ဖြန်းဆို မျက်စိ လွှဲပစ်လိုက်ရသည်။

"ဒါပေမယ့် ကိုယ်က သူစိမ်းမိန်းမတစ်ယောက် အလကား ကျွေးတဲ့ထမင်းကို မစားချင်ဘူးလေ၊ ကိုယ်ရဲ့ ကြောင်ကွက်တစ်ခုပဲလို့ ကောင်းနေဖက် မိန်းကလေးတွေ မှတ်ချက်ချဖူးတယ်။ ဘာပဲဖြစ်ဖြစ် အခုအချိန်အထိ ဘယ်မိန်းမကမှ ကိုယ့်ကို ထမင်းကျွေးခွင့် မရသေးဘူးကွ"

"ရှင် တော်တော် ကြီးကျယ်တဲ့လူပါလား"

ပြောရင်း အံ့ဩစရာကောင်းစွာ ကေသီက အသံထွက်ရယ်ခဲ့မောလေသည်။ ကေသီ့ ရယ်သံမှာ ဝါညက်ပြီး အနည်းငယ် အက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ မိန်းကလေးအများစုဆီမှာ ကြားနေကျ စူးရှသေးမျှင်သော ရယ်မောသံမျိုး မဟုတ်။

"ဒါဖြင့်ရင်လဲ ကျွန်မတို့မောင်နှမအတွက် ဂိုက်(ဒ်) လုပ်ပေးလေ ဒါဆိုရင် ရှင် ဒီထမင်းကို အလကားစားတာ ဘယ်ဟုတ်တော့လို့ လဲ"

"ဟာ... မမကလဲဗျာ"

သူ မျက်ခနဲ အောင့်သွား၏။ စိတ်ကိုထိန်းချုပ်မထားမိလျှင် ထိုင်ရာမှ ဝုန်းခနဲ ထထွက်သွားမိမည်။ ဒေါသဖြင့် ကေသီ မျက်နှာကို လှမ်းကြည့်တော့ လှပသော အပြုံးကလေး တစ်ခု။ သူ စိတ်သက်သာရာ ရသွားသည်။

"ထမင်းတစ်နပ်နဲ့တော့ ကိုယ် ဒီအလုပ်ကို ဘယ်လုပ်နိုင်မလဲ။ ကိုယ်ရဲ့ ဝင်ငွေက တစ်ရက်ကို မြန်မာငွေ နှစ်ရာရှိတယ်"

စည်သူက ရွှီခနဲ လေချွန်လျှက်"ဘယ်ဆိုးလို့လဲဗျ၊ ကျွန်တော် တောင် လုပ်ချင်စိတ်ပေါက်လာပြီ" ဟု ဝင်ပြော၏။

"သဘောက၊ ရှင် ကျွန်မတို့ကို လမ်းညွှန်ပေးဖို့ ကျွန်မတို့က ရှင့်ကို မြန်မာငွေနှစ်ရာ ပေးရမယ်ပေါ့"

"အင်း... အဲဒီလိုသဘောမျိုးပါပဲ။ ဒါပေမယ့် တစ်ခုတော့ ရှိတယ်။ ကိုယ်တို့ အချင်းချင်း သဘောတူညီမှုတစ်ခု ယူရအောင်။ ကိုယ်က မင်းတို့ကို ကိုယ်တို့သွားမယ့် နေရာတွေ အားလုံးခေါ် သွားပေးမယ်။ မင်းက ကိုယ့်ဧည့်သည်တွေအလွန်စိတ်ဝင်စားတဲ့ ကျောက်စာတွေ တွေ့ရင် ဖတ်ပြပေးရမယ်။ ဒါဆိုရင် ငွေကိစ္စ မလိုတော့ဘူးလေ"

ကေသီ နောက်တစ်ကြိမ် ရယ်မောပြန်လေသည်။

"ဒီအတိုင်းဆိုရင် ကျွန်မရဲ့ ကျောက်စာ ကျွမ်းကျင်မှုက ရှင့်ရဲ့လုပ်ငန်းကျွမ်းကျင်မှုနဲ့ တန်းတူ တန်ဖိုးရှိတယ်လို့ ယူဆလိုက်ရမလား"





သူ ကေသီ့ကိုကြည့်ရင်း ပြုံးလိုက်သည်။

"အဲဒီလို ယူဆလိုက်ပါ"

ထို့နောက် သူတို့သုံးယောက် ပြိုင်တူ ရယ်မောလိုက်ကြသည်။ ကေသီနှင့် သူ့ ကြားတွင် ရှိသော အာယာတများ တဖြည်းဖြည်း သွင့်ပျောက်တော့မည်ဟု ခံစားလို့ရနေသည်။

"ရှင့်ကို မနေ့ညက စကားတွေအရ အကဲခတ်ရတာ ရှင် အရက် သောက်တတ်လိမ့်မယ်လို့ ထင်တယ်၊ အဲဒါ ဟုတ်သလား"

"ဟုတ်တယ်၊ အရက်သောက်တာဟာ ဆေးလိပ်သောက်ဘာလောက်တောင် ပညာမလိုပါဘူး"

"အခုကော ရှင် သောက်မယ်လို့ စိတ်ကူး ထားသလား ဟင်"

တော်တော် စပ်စုတဲ့ မိန်းမပဲ။ သူ ချက်ချင်း မဖြေဘဲ အဖြေကို စဉ်းစားလိုက်သေး၏။

"ကိုယ်အလုပ်တွေက ကိုယ့်ကို သောက်ခွင့် မပေးဘူး။ ကိုယ်ဟာ လူကြီးလူကောင်း တစ်ယောက် ဖြစ်တယ်ဆိုတာ ဧည့်သည်တွေ ယုံဖို့ထက် ကိုယ့်ကိုယ်ကို ယုံဖို့လိုတယ်။ လူတွေဟာ ဘယ်အချိန်မှာ အရက်သောက်သင့်တယ်၊ ဘယ်အချိန်မှာ အရက် မသောက်သင့်ဘူး ဆိုတာ ဆုံးဖြတ်နိုင်ကြပါတယ်။ အနည်းဆုံး ကိုယ်ကတော့ ဆုံးဖြတ်နိုင်တယ်လေ"

ဤ အဖြေသည် ကေသီ့ အတွက် လုံလောက်လိမ့်မည်ဟု ထင်သည်။

"ဒါနဲ့ ကျွန်မတို့ ဘယ်တွေရောက်ပြီးပြီလဲလို့ ရှင် မမေး သေးဘူး"

ဒုက္ခပါလား။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား၊ ကိုယ် မေးသင့်သလား။ ဝမ်းနည်းပါတယ်၊ ကိုယ်မှ စိတ်မဝင်စားတာ"

"အို... စိတ်ဝင်စားရမှာပေါ့။ ပုဂံကို တစ်ခေါက်ပဲ ခဏ ရောက်ဖူးတဲ့ မောင်နှမ နှစ်ယောက် ဂိုက်(ဒ်) မပါဘဲ ဘယ်တွေ လျှောက်ရောက်မလဲဆိုတာ ရှင် စိတ်ကိုဝင်စားရမယ်"

သူမက အတင်းအကျပ် သဘောမျိုး ပြောတော့ သူ ပါးစပ် အဟောင်းသား ဖြစ်သွား၏။

"ကောင်းပြီ၊ ကိုယ် စိတ်ဝင်စားသွားပြီ၊ မင်းတို့ ဘယ်တွေ ရောက်ခဲ့သလဲ"

ကေသီက ပန်းလေးတွန့်ကာ အသံ မထွက်အောင် ရယ်လေသည်။

"သဗ္ဗညုဘုရားကို ရောက်တယ်။ မဟာဗောဓိ ဘုရားကို ရောက်တယ်၊ ဂေါ်ဓောပလင် ဘုရားကို ရောက်တယ်။ အဲဒါတွေက ပြဿနာ မရှိဘူး၊ သဗ္ဗညုဘုရားနားမှာ ကျွန်မ စိတ်ဝင်စားစရာ အဆောက်အဦ တစ်ခု တွေ့ခဲ့တယ်။ အဲဒီ အဆောက်အဦရဲ့ အပြင်နံရံမှာ ရုပ်တုထားဖို့ အပေါက်တွေ ရှိတယ်။ အထဲက အရမ်းလဲ မှောင်တယ်။ အထဲမှာ အုတ်တိုင်ကြီးတစ်ခုရှိတယ်၊ မြန်မာဘုရားတွေမှာ တွေ့လေ့ရှိတဲ့ အနေအထားမျိုး မဟုတ်ဘူး"

"နေဦး၊ အဲဒီ အဆောက်အဦ ရှေ့မျက်နှာစာက အုတ်ခုံ ခပ်မြင့်မြင့် အကျယ်ကြီးရှိတယ်၊ ဟုတ်သလား။ သူ့ ဘေးခပ်လှမ်းလှမ်းမှာ အပေါ်ပိုင်း ပြိုပျက်နေတဲ့ ဘုရားတစ်ဆူလဲ ရှိတယ်လေ"

"ဟုတ်တယ်"

"ဒါဆို မင်းတို့ ရောက်ခဲ့တာ နတ်လှောင်ကျောင်းပဲ ဖြစ်ရမယ်"





"ဟာ... ဟုတ်တယ်မမရဲ့။ ကျွန်တော်တို့နဲ့ တွေ့တဲ့ လှည်းသမားကြီး တစ်ယောက်က ပြောလိုက်သားပဲ"

"ကျွန်မ သိချင်တာ အဲဒီမှာ ဘာဘုရားတွေ ရှိခဲ့လဲ၊ ဘယ်သူ တည်ခဲ့တာလဲ"

"အင်း... ဘာဘုရားတွေလဲဆိုတော့ ဗုဒ္ဓဘာသာ မဟုတ်တဲ့ ဘုရားတွေပေါ့၊ ဟိန္ဒူ နတ်ဘုရားတွေလေ။ အဲဒီထဲက အဓိက နတ်ဘုရားရုပ်တွေက အဲဒီမှာ မရှိတော့ဘူး။ မင်း အံ့သြမှာပဲ၊ အဲဒီထဲက ဗိဿနိုး နတ်ဘုရားရုပ်တုက ဘာလင်ပြတိုက်မှာ ရောက်နေတယ်တဲ့။ အခု ကျန်နေတဲ့ အကြွင်းအကျန်တွေက ဗိဿနိုး လူဝင်စားတွေရဲ့ ရုပ်တုထဲက တချို့ တစ်ဝက်ပဲ၊ အဲဒါကို ပြတိုက်ကို ရွှေ့ထားတယ်။ မင်း ဗိဿနိုးနတ်ဘုရားတွေနဲ့ ပတ်သက်လို့ ဘာတွေသိလဲ"

ကေသီက စားပွဲပေါ် တံတောင်ဆစ်ထောက်၍ ထို လက်ဖဝါးပေါ်တွင် မေးတင်လျက် သူ့ကို ငေးကြည့်ကာ ခေါင်းယမ်းသည်။

"ကျွန်မ ဘာမှမသိဘူး၊ ဘာသာရေးနဲ့ ပတ်သက်ရင် ကျွန်မက အားနည်းတယ်။ မရှက်ဘဲ ဝန်ခံရမယ်ဆိုရင် ဗုဒ္ဓဘာသာ အကြောင်းတောင် မေမေ ပြောပြသလောက်ပဲ သိတာလေ"

သည်လို ဆိုပြန်တော့ သူမ မျက်နှာမှာ ယခင်က တွေ့ခဲ့ရသည့် မာန်မာနများ၊ တင်းမာမှုများ ကင်းစင်နေပြန်သည်။

"ကိုယ်သိသလောက် ပြောပြမယ်လေ၊ အင်း ကိုယ် ဖတ်ဖူးသမျှပေါ့၊ ဗိဿနိုးနတ်တွေဟာ ဟိန္ဒူတွေ ကိုးကွယ်တဲ့ ဘုရားတွေပဲ။ တို့ ဗုဒ္ဓဘာသာမှာ သိကြားမင်းက လူ့ပြည်က လူကောင်းတစ်ယောက် ဒုက္ခရောက်နေရင် သူ့ ကျောက်ဖျာက တင်းလာတယ်လို့ ပြောတယ်၊ သူ လူ့ပြည်ကို ကြည့်လိုက်တယ်။ အင်း... ဒီကောင်တော့ ငါမကယ်နိုင် သေဖွယ်ရာ ရှိတော့တယ်ဆိုပြီး တာဝတိံသာ နတ်ပြည်ကနေ လူ့ပြည်



www.burmeseclassic.com

www.burmeseclassic.com



ကို လူယောင်ဖန်ဆင်းပြီး ကြွလာတယ်။ ကယ်တင်တယ်၊ အဲဒီလို သဘောမျိုးပဲ၊ ဖြဟ္မဏ ဘာသာမှာလဲ လူ့ လောကမှာ သတ္တဝါတွေ ဒုက္ခရောက်လာရင် လိုအပ်တဲ့အချိန်မှာ ဗိဿနိုး နတ်ဘုရားဟာ လူ့ ပြည်ကို အသွင်အမျိုးမျိုးနဲ့ ဆင်းလာလေ့ရှိတယ်တဲ့။ အဲဒီလို အသွင်ပြောင်းပြီး လူဝင်စား ဖြစ်လာတဲ့ သူတွေကို အဝတာရလို့ ခေါ်တယ်တဲ့။ အခု နတ်လှောင် ကျောင်းထဲမှာ အလျင်တုန်းကတော့ အဲဒီ အဝတာရရုပ်တု ၁၀ ခုတောင် ရှိတယ်လို့ ဖတ်ရတယ်၊ အခုတော့ မတွေ့ရတော့ ဘူးလေ၊ ဗိဿနိုး နတ်ဘုရားက စိတ်ဝင်စားဖို့တော့ ကောင်းသားပဲ၊ သူက မဟာယာန ဗုဒ္ဓဘာသာနဲ့ နည်းနည်း နွယ်နေ တယ်လို့တောင် ပြောလို့ရတယ်"

စည်သူ့ကိုလှမ်းကြည့် လိုက်တော့ သူ့ စကားများကို ပျင်းရိ ငြီးငွေ့ ဟန်ဖြင့် စောစောက လာချသွားသော အစိမ်းကြော် ပန်းကန် ထဲမှ ဟင်းရွက်ဖတ်ကလေးများကို တူဖြင့် ကောက်ယူ စားနေသည်။

"ကျွန်မထင်တာက မှားချင်လဲမှားမှာပေါ့လေ၊ ပုဂံဟာ မဟာ ယာနဗုဒ္ဓဘာသာလဲ အနည်းငယ်ထွန်းကားခဲ့လိမ့်မယ်လို့ ထင်တယ်။ ဒါပေမယ့် ထေရဝါဒ ဗုဒ္ဓဘာသာ ပိုပြီး လွှမ်းမိုးပါတယ်၊ ကျွန်မ ပြော တာ မှန်ရဲ့လား"

"မှန်ပါတယ်"

"အင်းလေ...အဲဒီတော့ ဒီကျောင်းဟာ ပုဂံမှာ ဗုဒ္ဓဘာသာ မထွန်းကားခင်က ဆောက်ခဲ့တဲ့ ကျောင်း ဖြစ်ချင် ဖြစ်မယ်။ ဒါမှမဟုတ် အင်း...ကျွန်မ နားမလည်ဘူး။ ကျွန်မတို့ မြန်မာမင်းတွေထဲက ဘယ်ဘုရင်ကများ ဗုဒ္ဓဘာသာမဟုတ်တဲ့ ဘုရားကို ကိုးကွယ်ခဲ့ပါလိမ့် လို့။ ကျွန်မ စဉ်းစားလို့ရသလောက်တော့ အနော်ရထာ မတိုင်မီ မင်းတွေပဲ ဖြစ်ရမယ်"





သူ ကေသီ့ မျက်လုံးနက်နက်ကလေးများကို ခပ်ငေးငေး ဘစ်ချက်ကြည့်ပြီး ပြုံးရယ်လိုက်မိသည်။

"ကေသီ အဲဒီအချက်ဟာ မင်းစဉ်းစားဖို့ မလိုပါဘူး။ ရှေး ဟောင်း သုတေသနဌာနရဲ့ အလုပ်ပါ။ ကမ္ဘည်းကျောက်စာ ဌာနရဲ့ အလုပ်ပါ၊ မင်းက ကျောက်စာကျွမ်းကျင်တဲ့သူဆိုတော့ ချား(လ်)(စ်) ဒုရွိုင်ဆယ်လ်ကို သိမှာပေါ့နော်"

"အို... သိတာပေါ့"

"အေးလေ သူတို့ ကျောက်စာတွေ၊ ပေစာတွေကို ဖတ်ပြီး သုတေသန လုပ်ခဲ့ပြီးပြီ၊ နှစ်ပေါင်းများစွာတောင် ကြာခဲ့ပေါ့။ မင်း ကံကောင်းသွားတာပေါ့"

"မလှောင်ပါနဲ့"

"ဟာ... မလှောင်ပါဘူးကွာ"

သို့သော် မိုးဝေ၏ မျက်နှာမှာ ရယ်ကျဲကျဲ ပုံစံကို မြင်နေရ သော ကေသီသည် အလွန်လှပသော မျက်စောင်းတစ်ကြည့်ဖြင့် ယက်ခနဲ ကြည့်လေသည်။

ထို့နောက် ဟင်းပန်းကန်များ စုံလင်ပြီ ဖြစ်၍ သူတို့ထမင်း စားကြသည်။ ကေသီက အခဲမကျေဘဲ ထပ်ပြောသည်။

"ကိုယ့် အလုပ်ရှင်ကို ကိုယ် သရော်တဲ့ ဂိုက် (ဒ်) မျိုး ဒီတစ်ခါပဲ တွေ့ဖူးတယ်"

သူ တအံ့တသြဖြစ်သွားကာ ခပ်ကြောင်ကြောင် မော့ကြည့်မိ၏။

"ဟာ... ကိုယ်က မင်းတို့ရဲ့ ဂိုက်(ဒ်) ဖြစ်သွားပြီလား၊ ဘယ်တုန်းကလဲ"

"ရှင် ထမင်း စ, စားတဲ့ အချိန်ကတည်းကပဲ"



www.burmeseclassic.com

www.burmeseclassic.com



"သေလိုက်စမ်းပါကွာ၊ ကိုယ်မှ မသိခဲ့ဘဲ။ ကဲ... ကောင်း ကိုယ် မင်းကို မသရော်ဘဲ ပြောပြပါ့မယ်၊ ဒါပေမယ့် ကိုယ်သိပ်အချိန် မရဘူးနော်"

လက်မှနာရီကို တစ်ချက်ငုံ့ကြည့်ပြီး "နေ့လယ် တစ်နာရီ အချိန်မှာ ကိုယ် သူတို့နဲ့ ပြန်တွေ့ရမယ်။ ကိုယ်တို့ မြင်းကပါဘက် သွားမလို့၊ မင်းတို့ ရောက်ပြီးပြီလား"

"မြင်းကပါ... ဟင့်အင်း"

"လိုက်ချင် လိုက်ခဲ့လေ၊ လိုက်ခဲ့ဆို ကိုယ်တို့ကို မင်း ဂေါ်ဓာပလ္လင်နားက စေတီအဖြူကလေး ရှေ့ကနေ အဆင်သင့် စောင့်နေ၊ နေ့လယ် တစ်နာရီခွဲမှာ စထွက်လာခဲ့ကြမှာ"

"ဟုတ်ကဲ့"

သူ ထမင်းကို ဇွန်းခက်ရင်းဖြင့် ဂရုတစိုက်နယ်ရင်း ဘယ်လို အတိုချုပ်ပြီး ပြောရပါ့မလဲဟု စဉ်းစားနေမိ၏။

"ဒါနဲ့ မင်း ကျောက်စာစိတ်ဝင်စားရင် ဦးလူဖေဝင်းကို သိမှာပဲ"

"ကျောက်စာဝန် ဦးလူဖေဝင်းလေ၊ သိတာပေါ့"

"ဟိုကေ၊ ဦးလူဖေဝင်းကတော့ နတ်လှောင်ကျောင်းကို ခရစ် သက္ကရာဇ် ၉၃၀ ခုနှစ်မှာ တောင်သူကြီးမင်း တည်ခဲ့တယ်လို့ ပြော တယ်၊ ဒါပေမယ့် အဆောက်အဦ ပုံပန်းသဏ္ဌာန်နဲ့ ကျောက်ဆစ်ပညာ လက်ရာတွေကို ကြည့်ခြင်းအားဖြင့် အဲဒီလောက်မစောနိုင်ဘူးလို့ အိန္ဒိယပညာရှင် တစ်ယောက်က ပြောတယ်။ ဒူရှိုင်ဆယ်လ် ဖတ်ရ တယ်ဆိုတဲ့ လက်ရေးစာမူတစ်ခုအရလဲ အနော်ရထာမင်းဟာ သထုံ ကို တိုက်ခိုက်အောင်မြင်ပြီးမှ နတ်လှောင်ကျောင်း တည်ဆောက် တယ်လို့ ပါသတဲ့။ ဒါတွေဟာလဲ သိပ်အထောက်အထားရှိတာတော့





မဟုတ်ဘူးလေ။ နောက်ဆုံး ကောက်ချက်ချထားတာတော့ မြင်းကပါ အရပ်မှာ တွေ့တယ်ဆိုတဲ့ တမိးလ် ကျောက်စာတစ်ခု အရပဲ၊ အဲဒီ ကျောက်စာက ၁၃ ရာစုနှစ်က ရေးခဲ့တာလို့ ပြောတာပဲ။ အဲဒီထဲမှာ ဗိဿနိုး ဘုရားကျောင်းကို တံခါးပေါက် တစ်ခုလှူဒါန်းတဲ့အကြောင်း ပါနေတယ်၊ အားလုံးပေါင်းစပ်ကြည့်လိုက်တော့ အနော်ရထာမင်းရဲ့ ကောင်းမှုလို့ ယူဆရတယ်တဲ့။ အရှည်ကို မင်းသိချင်ရင်တော့ ဖတ်ရမယ့် စာအုပ်တွေ ကိုယ် ညွှန်ပေးနိုင်ပါတယ်"

ကေသီက ခေါင်းတစ်ချက်ညိတ်လျက်...

"ကျေးဇူးတင်ပါတယ်၊ ကျွန်မအားတဲ့အခါ ဖတ်ချင်တယ်။ ဒါနဲ့ ရှင်ညွှန်ပေးမယ့် စာအုပ်တွေက မြန်မာလိုလား အင်္ဂလိပ်လိုလား"

သူ ကေသီ့နဖူး ဝိုက်ဝိုက်ကလေးကို အမှတ်မထင်လှမ်းကြည့် လိုက်သည်။ ဖြူဝင်းသော နဖူးပြင်ကလေးပေါ်မှာ ဘာဆံနွယ်မှ မရှိ၊ ပြောင်ထင်းနေသည်။ အင်း... ဒါလည်း အလှတရား တစ်ခုပဲနဲ့တူပါရဲ့။

"မြန်မာလိုရော အင်္ဂလိပ်လိုရောပေါ့၊ ဘာဖြစ်လို့လဲ၊အင်္ဂလိပ် လိုဆိုရင် မဖတ်ချင်ဘူးလား"

ကေသီက ချစ်စဖွယ် နှာခေါင်းရှုံ့ရင်း ခေါင်းယမ်းသည်။

"မဟုတ်ပါဘူး။ အင်္ဂလိပ်ဘာသာလဲ ဖတ်ပါတယ်။ ဒါပေ မယ့် မြန်မာလိုဖတ်ရရင် ပိုပျော်မှာပေါ့"

သူ ကေသီ့ကို စ, နောက်ချင်စိတ်က လှစ်ခနဲ ပေါ်လာ၏။

"အင်း... ကိုယ့်သူငယ်ချင်းတစ်ယောက် ခဏခဏ ပြောတဲ့ စကားရှိတယ်။ ဘားမိ(စ်)မဂျာသမားတွေဟာတဲ့ အင်္ဂလိပ်စာ ဖတ် မလား၊ မြွေကို ကိုင်မလားဆိုရင် မြွေကိုင်ဖို့ကိုပဲ ရွေးချယ်ကြလိမ့်မယ် တဲ့။ ကေသီလဲ အဲဒီ အထဲကနဲ့တူတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒိုး... ရှင် ကျွန်မကို ဒါထက်ဆိုးသွားတဲ့စကားနဲ့ မနှိမ်တတ်တော့ဘူးလား"

ဖွဲ့ဖြစရာပါလား။ ကေသီ့ မျက်လုံးများ ခက်ထန်မှုကင်းစွာ ရယ်မြူးနေကြသည်။

"ဟင့်အင်း... အခုထိတော့ ဒါထက်ဆိုးတဲ့စကား ရှာမတွေ့သေးဘူး၊ စိတ်ချပါ၊ ရှာတွေ့ရင် ကိုယ် မင်းမခံချင် ဖြစ်လာအောင် နှိမ်ပြနိုင်ပါတယ်"

"ယုံပါတယ်၊ ရှင်ဟာ လူတစ်ယောက်ကို ချိုးနှိမ်းဖို့ထက် ကဲ့ရဲ့နှိမ့်ချဖို့ကို ပိုပြီးအလေ့အကျင့် ရထားတဲ့လူတစ်ယောက်ပဲ"

သူ ကေသီ့စကားကို ဘယ်လိုမှ မချေပတတ်တော့သဖြင့် ပခုံးတွန့်ပြလိုက်လေသည်။

ဟ ဟ ဟ



## အခန်း လေး

ကေသီသည် ယောက်ျားတစ်ယောက်လိုပင် စက်ဘီးစီးကျွမ်းကျင်သူဖြစ်၏။ မိုးဝေကတော့ ရန်ကုန်ကဲ့သို့ စက်ဘီးအသုံးပြုလေ့ မရှိသောမြို့၌ ကြီးပြင်းခဲ့ရသူပီပီ စက်ဘီးကို ကျွမ်းကျင်စွာ မနင်းနိုင်ချေ။ မလဲပြိုအောင် နင်းသွားနိုင်သော်လည်း ကိုယ့်အနီးသို့ တခြားစက်ဘီးတစ်စီး ကပ်လာလျှင် စိတ်လှုပ်ရှားမှုကြောင့် လက်ကိုင်က အလိုလို ယမ်းပြီး ယိုင်သွားတတ်၏။

ကေသီကတော့ ဒေါက်တာစတို့(ဗ်)၏ ကိုယ်စား တာဝန်ယူကာ ဖရောစတို့(ဗ်)ကို ကယ်ရီယာခုံပေါ် တွင်တင်လျက် လက်ကိုင်တို့ ငြိမ်သက်အောင် ထိန်းလျက် ကျွမ်းကျင်စွာ စီးနိုင်သည်။ ထိုင်းဖင်းမယ် လုံချည်ကလေးကို ခြေသလုံးထိတိုအောင် ဝတ်ထားသော သူမသည် ပဲင်နီဆယ်လ်ဟီးလ်၏ရှေ့ဖျားကလေးဖြင့် ခြေနင်းကွင်းကို ထောက်ရုံထောက်ပြီး သေသပ်စွာ နင်းနိုင်ချေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုမိုးဝေရေ ကျွန်တော့်ကိုမီအောင် နင်းနိုင်ရင် မာလ်ဘိုရို တစ်ဘူး ဆုပေးမယ်ဗျို့"

စည်သူက ခရီးအစကတည်းက သူ့ကို စိန်ခေါ်သွား၏။ သို့သော် မိုးဝေနှင့်မာလ်ဘိုရို တော်တော်ဝေးမှန်း ဘီးလေးငါးပြန်လိမ့်အပြီးတွင် သေချာသွားသည်။ သူတို့မောင်နှမကို ဘယ်တော့မှ မီနိုင်တော့မည် မဟုတ်။

ဒေါက်တာနှစ်ယောက်က ရှည်လျားသော အရပ်များဖြင့် အနည်းငယ် ကိုယ်ကိုကုန်းကာ ကိုးရိုးကားရား စက်ဘီးစီးကြသည်။ နောက်ဆုံးကျန်ခဲ့သူက မိုးဝေ ဖြစ်၏။ ကတ္တရာလမ်းပေါ်မှာ ဘာမှ ပြဿနာမရှိသော်လည်း သိရိပစ္စယာလမ်းကို ကျော်ပြီးသည့်အခါ နင်းရသော မြေကြီးက အခက်အခဲဖြစ်လာသည်။ မိုးရွာပြီးစ သဲရောသော မြေကြီးမှာ စက်ဘီးနင်းရန် အလွန်ခက်ခဲနေသောကြောင့် သူ့စက်ဘီးမှာ သဲထဲသို့ နစ်နစ်ဝင်ကာ ယိုင်တိယိုင်ထိုး ဖြစ်နေသည်။

"ကိုမိုးဝေ ဘယ်နှယ် လမ်းညွှန်မယ့်လူက နောက်ရောက်နေရတာတုန်း။ မြန်မြန် နင်းပါရှင့်"

ကေသီက မထိတထိ လှမ်းရန်စ တတ်သေး၏။ တစ်ခါတစ်ရံ မိုးဝေကို စချင်နောက်ချင်ဟန်ဖြင့် မိုးဝေမီလာအောင် စက်ဘီးကို အရှိန်လျှော့၍နင်းကာ မိုးဝေဘေးသို့ တအားကြီးကပ်ကပ် လာတတ်သေးသည်။

"ဟော့… ဟော့ ကိုယ့်အနားကို မကပ်နဲ့နော်။ ခပ်ခွာခွာကနေ နင်း"

ပြောရင်း ပြောရင်း မိုးဝေ၏ စက်ဘီး လက်ကိုင်မှာ ဘယ်ဘက်သို့ဆွဲကာ ကေသီ့ကို ဝင်တိုက်တော့မလိုဖြစ်သွားသည်။ ကေသီ





က ကျွမ်းကျင်စွာ လက်ကိုင်ကို ထိန်းရှောင်လျက် ကွေ့သွားသောကြောင့် သူတို့ချင်း မတိုက်မိချေ။ အဲသည်လို အကွက်မျိုး လေးငါးကြိမ်ဖြစ်လာသောအခါ ကေသီ့ စက်ဘီးကို ထိတ်လန့်လာပြီး သူ သတိထား၍ ရှောင်နေရတော့သည်။ သူ့လက်ကိုင် တစ်ခါ လည်ထွက်သွားတိုင်း ဒရောစတို့(ဗ်)က တစ်ချက်ရယ်လိုက်တိုင်း မိုးဝေမှာ သူတို့ မိန်းမနှစ်ယောက်၏ ဟာသလူရွှင်တော် ဖြစ်မှန်းမသိ ဖြစ်လာလေသည်။

ခပ်ဝေးဝေးမှာ မဂ်လာစေတီကို လှမ်းမြင်ရချိန်တွင် မိုးဝေက သူ့ရှေ့မှ ဒေါက်တာ နှစ်ယောက်ကို ခပ်ကျယ်ကျယ် အော်ပြောလိုက်ရသေးသည်။

"ခင်ဗျားတို့ရဲ့ ညာဘက်ကို ကျေးဇူးပြုပြီး ကြည့်လိုက်။ အဲဒီစေတီဟာ ပုဂံမင်းဆက်ရဲ့ နောက်ဆုံးစေတီပဲ။ နရသီဟပတေ့မင်းရဲ့ ကောင်းမှု စေတီပါပဲ"

ဒေါက်တာဝေ့(ဗ်)က မိုးဝေ မီလာအောင် စောင့်နင်းပြီး သူသိချင်သည်ကို မေးမြန်းတော့သည်။

"ဒါ တရုတ်တွေလက်ကနေ ထွက်ပြေးရတဲ့ ဘုရင် မဟုတ်လား"

"သေချာပါတယ်"

"သူ့သားက သူ့ကို အဆိပ်နဲ့ သတ်တယ်ဆိုတာရော မှန်သလား"

သူ ဒေါက်တာဝေ့(ဗ်)ကို တအံ့တသြကြည့်ပြီး ခေါင်းညိတ်ပြလိုက်သည်။ တော်တော် လေ့လာထားပုံပဲ။

"ဟုတ်ကဲ့။ ဒါကြောင့် သူ့ရဲ့ သေခါနီးအိပ်ရာပေါ်မှာ ဆုတောင်းသွားခဲ့ပါတယ်။ သူ နိဗ္ဗာန် မရမီ သံသရာမှာ ကျင်လည်သမျှ



www.burmeseclassic.com

www.burmeseclassic.com



ဘဝအားလုံးမှာ သားယောက်ျားလေးနောက်ထပ် မမွေးပါရစေနဲ့ဆိုတဲ့ စကားပါ"

ထို့နောက် ဤ မင်္ဂလာစေတီ၏ ဗိသုကာပညာသည် မြန်မာ ဘုရားများ၏ ဗိသုကာပညာအထွတ်အထိပ် ရောက်ခြင်းတို့ ကိုယ်စား ပြုကြောင်း တစ်လက်စတည်း ရှင်းပြလိုက်သည်။

"သိပ်စနစ်ကျတဲ့ စေတီပုံစံပါ" ဟု သူ၏ အဆိုပြုချက်ကို ဒေါက်တာဝေ့(ဗ်)က ချက်ချင်း မထောက်ခံဘဲ နောက်ပြန်လှည့်ကြည့် ရင်း အကဲခတ်နေသေးသည်။ တော်တော်ကြာမှ "ရွှေစည်းခုံဘုရားရဲ့ ဗိသုကာတည်ဆောက်ပုံနဲ့ ဆင်တူတယ်၊ ငါပြောတာ မှန်ရဲ့လား" ဟုမေးသည်။

"ဟုတ်ကဲ့"

အင်း... ဒီလူတွေကို ဧည့်လမ်းညွှန် လုပ်ရတာ သိပ်တော့ မချောင်ဘူးဟု တွေးမိသည်။

မိုး စိုစွတ်သော သဲချောင်းသေးသေးကလေးများကို ဖြတ် လိုက်၊ ကျောက်စရစ်မြေများကို ဖြတ်လိုက်ဖြင့် သူတို့အဖွဲ့ မြစေတီ ဘုရားနှင့် ဂူပြောက်ကြီးဘုရား အနီးသို့ ရောက်လာသည်။

"ဟောဟိုဘက်က အဖြူရောင်က မြစေတီဘုရား ဖြစ်ပါ တယ်။ ခင်ဗျားတို့သိပြီးဖြစ်တဲ့ ရာဇကုမာရ် ကျောက်စာကို အဲဒီ မြစေတီဘုရားအနီးမှာ တူးဖော် တွေ့ရှိတာ ဖြစ်တယ်။ ဒီဘက်က ဂူဘုရားကတော့ ရာဇကုမာရ်ကျောက်စာရဲ့ ပိုင်ရှင်အစစ် ဖြစ်ပါတယ်။ သူ့ ရဲ့နာမည်က ဂူပြောက်ကြီးတဲ့၊ ကျွန်တော်တို့ အဲဒီကို သွားကြမယ်"

"ရာဇကုမာရ်၊ ကျန်စစ်သားရဲ့သား ဟုတ်သလား"

"ဟုတ်ကဲ့"



ကေသီက မိုးဝေတို့ကဲ့သို့ စက်ဘီးပေါ်မှ မဆင်းသေးဘဲ ခပ်ဖြည်းဖြည်း ကွေ့ပတ်နင်းနေရင်း ဖရောစတို့(ဗ်)ကို မိုးဝေ ညွှန်ပြ ရာသို့ လက်တစ်ဘက်ဖြင့် ညွှန်ပြနေတာ မြင်ရသည်။

"မြန်မာဘာသာနဲ့ ရေးထိုးတဲ့ အစောဆုံး ကျောက်စာတွေ ထဲမှာ တစ်ခုအပါအဝင်ပဲ" ဟူသော အင်္ဂလိပ်စကား တစ်စွန်းတစ်စ ကိုလည်း ကြားလိုက်ရ၏။ အင်း... ဘယ်ဆိုးလို့လဲ၊ ကေသီတောင် နည်းနည်းတိုးတက်လာပြီ။ ဒီအတိုင်းဆိုရင် ငါ့နှစ်ရာထဲက သူ့တောင် ခွဲပေးရမယ့်ပုံပဲ။ တွေးရင်း သူ ပြုံးလိုက်၏။

သူ့ အပြုံးကို ကေသီက မြင်ဖြစ်အောင် မြင်လိုက်သည်။ သူမ မျက်နှာ ရဲခနဲ ဖြစ်သွားကာ စက်ဘီးပေါ်မှ ခုန်ဆင်းလိုက်လေ သည်။

"ဘာလဲ... ဘာလဲ ကျွန်မပြောတဲ့ ဘာသာစကား သိပ်ညံ့ နေလို့လား"

"ဟာ... မဟုတ်ပါဘူး ကေသီ၊ သိပ် အဆင်ပြေပါတယ်။ ကိုယ်ပြုံးတာက တခြားပါ"

သူတို့အားလုံး စက်ဘီးကိုတွန်းရင်း ရှေ့ဆက်လျှောက် လာ ကြ၏။ ကေသီက မိုးဝေ စက်ဘီး အနားသို့ ကပ်လာသည်။

"ဘာကို ပြုံးတာလဲ ပြော။ မပြောရင် စက်ဘီးစီးတဲ့အခါ တိုက်ပစ်မှာ သိလား၊ ယုံရဲ့လား"

"အား... ယုံတယ် ယုံတယ်။ ပြောမယ်"

ချွေးစို့နေသော ကေသီ့ နဖူးပြင် ဝင်းဝင်းကလေးကို သူ အမှတ်မထင် ကြည့်မိပြန်၏။ ထို့နောက် ရင်ထဲမှာ တုန်ရင်လှုပ်ရှားကာ သက်ပြင်းတစ်ချက်ချပြီးမှ ဖြေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပါ ကိုယ်တစ်ခု တွေးမိလို့၊ မင်းစောစောက ဖရော စတို့(ဇ်)ကို ရှင်းပြနေတာ မဟုတ်လား။ ဒီတော့ အင်း... ငါရမယ့် နှစ်ရာထဲကနေ ကေသီ့ကိုတောင် ခွဲပေးဖို့ ကောင်းနေပြီလို့ တွေးမိလို့ပါ"

ကေသီက ထူထဲသော မျက်ခုံးလေးများကို ပင့်တင်ကာ...

"အင်း... ဒီလိုဆိုတော့ ကျွန်မဟာ အဆစ်(စ်) တဲင့်နီ ဂိုက်(ဒ်) လောက်တော့ ဖြစ်နိုင်တယ်လို့ ရှင် ဆိုချင်တာပေါ့ ဟုတ်လား"

"အဲဒီ သဘောပါပဲ"

ကေသီက မျက်စောင်းလှဲ့လှဲ့ကလေးဖြင့် သူ့ကိုကြည့်လိုက်သောအခါ သူ့ လက်ဖျားတွေ အေးစက်သွား၏။ စက်ဘီးလက်ကိုင်ကို တင်းကျပ်နေအောင် ဆုပ်ကိုင်ထားလိုက်သည်။

ဒီမိန်းမ နောက်တစ်ကြိမ် မျက်စောင်းထိုးရင်တော့ ငါ ဒုက္ခရောက်တော့မှာပဲ၊ မိန်းမတွေဟာ သူတို့ မျက်လုံးကို ဘာဖြစ်လို့ အမျိုးမျိုး အသုံးချတတ်ကြပါလိမ့်။ သူ ခပ်ကြောင်ကြောင် တွေးမိပြန်သည်။

ဖရောစတို့(ဇ်)က လေတိုက်သဖြင့် လွင့်လွင့်သွားသော သူ့စကတ်ကို ခဲရာခဲဆစ် ထိန်းလျက် မျက်နှာနီမြန်းကာ တိုးတိုး ရေရွတ်နေ၏။ ကေသီက သူမ၏ ဂျာမန်စကားကို နားမလည်လိုက်သောကြောင့် သူ့ဘက်လှည့်ကာ တိုးတိုးမေးလေသည်။

"မစ္စစ်စတို့(ဇ်)က ဘာပြောလိုက်တာလဲဟင်"

"မင်း တော်တော် စပ်စုတာပဲ"

သူ၏ ခပ်တည်တည် အပြစ်တင်စကားကို ကေသီ မဖြုံပါ။

"ရှင် ဘာသာ ပြန်ပြစမ်းပါ၊ သူ့ စကားကို"

"ကိုယ့် အလုပ်ထဲမှာ အဲဒီ တာဝန် ပါသလားဟင်"





"ပါတယ်"

သူ သဘောကျစွာ ပြုံးလိုက်မိတော့သည်။ ခလုတ်တိုက်မိမလို ဖြစ်သွားသော ဖရောစတို့(ဇ်)အား "ဒီဘက်ကလျှောက်ပါ၊ ဒီမြေကြီးက ညီညာတယ်" ဟု လှမ်းပြောလိုက်ပြီးမှ...

"သူ ပြောတာက တော်တော် ဆိုးရွားတဲ့ လေပဲတဲ့။ နောက်ရက်ကျရင် သူ ဘောင်းဘီရှည်ပဲ ဝတ်ရတော့မယ်တဲ့။ ကဲ... မင်း ကျေနပ်ပြီလား"

"အို..."

ကေသီသည် ပထမဦးဆုံးအကြိမ် ခွက်ထိုးခွက်လန် ရယ်မောလေသည်။

"ရှေးဟောင်း သုတေသနဌာနကနေ ဘုရားသော့တွေ ငှားပေးတဲ့ မင်းရဲ့ ကျေးဇူးကိုဆပ်တဲ့ အနေနဲ့ အကြံဉာဏ်တစ်ခု ပေးချင်တယ်"

"ဘာ အကြံဉာဏ်လဲ"

"သိပ် မစပ်စုနဲ့"

ကေသီ၏ ပြုံးရယ်နေသောမျက်နှာမှာ တည်သွားလေသည်။

သူက တံတိုင်း အနိမ့်ပေါ် ထိုင်လျက် ဖိနပ်ရော ခြေအိတ်ရော ချွတ်လိုက်တော့ ဒေါက်တာနှစ်ယောက်လည်း ဖိနပ်ချွတ်ကြ၏။ သူသည် ဂျာမန်သုံးယောက်၏ရှေ့မှ ဦးဆောင်၍ အုတ်တံတိုင်း အနိမ့်ကလေး၏ ဝင်ပေါက် အုတ်ထစ်ကလေးများကို ကျော်ဝင်လိုက်သည်။

"လှူကြီးမင်းများ ခင်ဗျား၊ အရှေ့တိုင်းပန်းချီနဲ့ အနောက်တိုင်း ပန်းချီဟာ ပုံသဏ္ဌာန်အားဖြင့် လည်းကောင်း၊ ဖွဲ့ဆောင်မှု



www.burmeseclassic.com

www.burmeseclassic.com



အားဖြင့် လည်းကောင်း၊ ရည်ရွယ်ချက်အားဖြင့်လည်းကောင်း ကွာခြားပါတယ်"

ဘုရားကို သော့ခတ်ထားမည်ဟု မျှော်လင့်ခဲ့သော်လည်း ဘုရားအတွင်းရှိ နံရံဆေးရေး ပန်းချီထိန်းသိမ်းရေးအဖွဲ့မှာ အလုပ်ပြီးကြသေးဟန် မတူပါ။ သံတံခါးလည်း ပွင့်လျက် ဝန်ထမ်းများ အလုပ်သမားများ၏ အသံတို့ကို ကြားနေရသည်။

"အနောက်တိုင်း ပန်းချီဟာ အလင်း အမှောင်နဲ့ အရောင်တွေကို စပ်ပြီး ပုံပန်းသဏ္ဌာန်တစ်ခုကနေ တစ်ခု ပြေလျော့စွာ ကူးပြောင်းစေပါတယ်။ အရှေ့တိုင်း ပန်းချီကတော့ တစ်ကြောင်းဆွဲ မျဉ်းတွေနဲ့ တိတိကျကျ ခွဲခြား ရေးဆွဲလေ့ ရှိပါတယ်"

အနည်းငယ် မှောင်သော ဂူဘုရားထဲသို့ ဝင်လိုက်သောအခါ လင်းနို့ချေးနံ့ဖြင့် နံစော်လျက်ရှိသော်လည်း နိုင်ငံခြားသားများသည် စိတ်ဝင်စားမှုကြောင့် တက်ကြွလျက်ရှိ၏။

ဂန္ဓကုဋီတိုက်တွင်းမှ ဘုရားရုပ်တုတော်မှာ ပျက်စီးယိုယွင်းလျက် ပြန်လည်ပြုပြင်ရန် ငြမ်းဆင်ထားပြီးဖြစ်သည်။

"ကျွန်တော်တို့ မြန်မာ ပန်းချီမှာ အရေးအကြီးဆုံး၊ မပါရင် မဖြစ်တဲ့ ပညာကတော့ ကနုတ်ပန်း ဖြစ်ပါတယ်"

မိုးဝေသည် သူ့အိတ်ထဲမှ ငါးတောင့်ထိုး လက်နှိပ်ဓာတ်မီးကို ထုတ်ယူလိုက်၏။ ထိုအခါ ဒေါက်တာစတို့(ဗ်)ကလည်း သူ့ကျောပိုးအိတ်ထဲမှ ဓာတ်မီးတစ်ခု ထုတ်လိုက်သည်။ ထို့နောက် ကေသီနှင့် စည်သူက နောက်က သူတို့ လေးယောက်က ရှေ့က လက်ယာရစ် ပတ်၍ ကြည့်ကြသည်။

"လွန်ခဲ့တဲ့ နှစ်ပေါင်း ၉၀၀ နီးပါးတုန်းက အနုပညာတွေ မပျောက်ပျက်အောင် ထိန်းသိမ်းဖို့ ကြိုးစားနေပါတယ်"





အများအားဖြင့် ဘုရားနံရံဆေးရေးပန်းချီတို့မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီး မှိုင်းတက်ကာ မည်းမှောင်နေပြီ ဖြစ်သည်။ ပန်းချီထိန်းသိမ်းရေးအဖွဲ့က မှိုင်းများကို ဖျက်ပေးပြီးသားဖြစ်သော ဆေးရောင် သစ်လွင် လှပလျက်ရှိသော နံရံတစ်လျှောက် သူတို့ စေ့စေ့စပ်စပ် ကြည့်ရှုကြသည်။

"ပုဂံခေတ်မှာ ဒီဆေးရောင်တွေကို ဘယ်လို ရလာကြသလဲ"

ဖရောစတို့(ဗ်)က စပ်စုသည်။

"အနီရောင်ကို မြေနီက ဒါမှမဟုတ် ဟင်္သပြဒါးကနေ ရပါတယ်။ အဖြူရောင်ကို မြေဖြူကနေ၊ အနက်ရောင်ကို ရေနံချေးမှိုင်းကနေ၊ အဝါကို မြေဝါမှုန့်ကနေ ရတယ်လို့ သိရပါတယ်။ အပြာရောင်ကို မဲနယ်ကနေ၊ အစိမ်းကို ဒုတ္တာစိမ်းကနေ ဖော်စပ်ပါတယ်"

ဆေးရောင်စုံကြွလျက် တောက်ပနေသော ပန်းချီကွက်တစ်ကွက်ကို သူ ညွှန်ပြလိုက်၏။

"ဘုရင် ဘယ်ဟာလဲ" ဒေါက်တာ စတို့(ဗ်)က မိုးဝေကို မေး၏။

သူ လက်ဖြင့် မထိအောင် ထောက်ပြလိုက်သည်။

"ဘုရင်ကို သူတို့ရေးဆွဲတဲ့အခါ ဝတ်ရုံအရှည်ကို ရေးဆွဲလေ့ရှိပါတယ်။ မကိုင်မိပါချင်ပါမယ်။ တစ်ခါတလေလဲ ဆံထုံး သက်သက်နဲ့ ရေးတတ်တယ်။ ဝတ်စုံ ဒီဇိုင်းတွေကတော့ အမျိုးမျိုးပါပဲ"

"တို့ ဓာတ်ပုံရိုက်ယူလို့ ရမလား"

ဖရော စတို့(ဗ်)က ခွင့်တောင်းသလို မေး၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ တတ်နိုင်သမျှတော့ မရိုက်သင့်ဘူးလို့ ထင်ပါတယ်။ အားပြင်းတဲ့ အလင်းရောင်ကြောင့် နံရံဆေးရေးပန်းချီတွေ မှေးမှိန်တာ ချို့ယွင်းတာတွေ ဖြစ်လာနိုင်ပါတယ်။ ဒါပေမယ့် တစ်ကြိမ်ဆိုရင်တော့ ခွင့်ပြုနိုင်မယ်လို့ ထင်တာပဲ"

သူ ဝန်ထမ်းများရှိရာသို့ သွား၍ ခွင့်တောင်းပေး လိုက်ပါသည်။

"ဘာဆေးတွေနဲ့ မှိုင်းကို ဖျက်နေကြသလဲ"

ဖရော စတို့(ဇ်)ကမေးသည်။ သူ ပန်း တွန့်လိုက်ပြီး ဝန်ထမ်းတစ်ယောက်ကို မေးပေးလိုက်ရသည်။ ထိုလူက သဘောကောင်းစွာ သူတို့ နားအထိ လျှောက်လာပြီး သေသေချာချာ ရှင်းပြပေးလေသည်။ သူက နံရံအတွင်းထဲရှိ လှိုက်စားနေသော ပိုးများကိုသတ်ရန်၊ လိုဏ်သံအက်သံပေါ်နေသောနံရံအတွင်းသို့ ပလတ်စတာ ဆေးထိုးနည်းဖြင့် ထိုးသွင်းပြီး ပိုးသတ်ပေးရကြောင်းပါ ရှင်းပြပေးသွား၏။

ထို့နောက် ငါးရှာငါးဆယ် နိပါတ်တော်မှ ဇာတ်ကွက်များကို တစ်ကွက်ချင်း ပြည့်ကျပ်စွာ အတန်းလိုက် ရေးဆွဲထားသော နံရံတစ်လျှောက် သူတို့ အကြာကြီး ကြည့်ရှုမေးမြန်းလေတော့သည်။

နာမည်ကြီး ဆေးရေးပန်းချီကွက် တစ်ခုဖြစ်သော မြတ်စွာဘုရား တာဝတိံသာမှ သင်္ကာသနဂိုရ်မြို့ပြည်သို့ သက်ဆင်းဟန်ကို သူ ပြပေးလိုက်၏။ ဘုရားရုပ်တု၏ နောက်ကျောဘက်က နံရံ အပြင်စကြံဘက်တွင် ရေးဆွဲထားသော ပန်းချီ ဖြစ်သည်။

"တာဝတိံသာဆိုတာ နတ်ပြည် ဖြစ်ပါတယ်။ အဲဒီမှာ ဗုဒ္ဓရဲ့ မိခင်ဟာ နတ်သားအဖြစ် ရောက်နေပါတယ်။ အဲဒီကို သွားပြီး အဘိဓမ္မာတရားဟောပြီး အပြန်ခရီး ဖြစ်ပါတယ်"

ဟု သူ ရှင်းပြလိုက်၏။





ပန်းချီပုံက နည်းနည်းမြင့်သဖြင့် သူတို့အားလုံး၏ မျက်နှာအထက်နားမှာ ရှိနေသည်။ အရာရာကို စိတ်မဝင်စားတတ်သော ခည်သူပင်လျှင် မိုးဝေဆီမှ လက်နှိပ်ဓာတ်မီးတောင်း၍ မီးထိုးကြည့်လေသည်။

"သိကြားက လှေကားသုံးခုဖန်ဆင်းပြီး ဘုရားကို သက်ဆင်းစေပါတယ်။ အခု ဘုရားရဲ့ ခြေဖဝါးအောက်က လှေကားက ပတ္တမြားလှေကားလို့ ထင်ရပါတယ်"

တိမ်ညွန့် ကနုတ်ပန်းကလေးကို လည်းကောင်း၊ မြတ်စွာဘုရား၏ခြေဖဝါးတော်အောက်မှ ကြာပွင့်ကြောင့် ကနုတ်ပန်းများကို လည်းကောင်း၊ သူ ပြပေးလိုက်သည်။ ဘုရား၏ဦးခေါင်းထက်သို့ မိုးထားသော ထီးဖြူကို ကိုင်ထားသည့် ဗြဟ္မာကြီးပုံကိုလည်း လက်ညှိုးညွှန်၍ ပြလိုက်သည်။

နံရံပန်းချီများတွင် သစ်ရွက်သစ်ခက်များ၊ တိမ်ညွန့်များကို အများဆုံးတွေ့ရပြီး ၄င်းတို့မှာ နွဲ့ပျောင်းညွတ်ကွေးသော ကနုတ်လက်ရာများ ဖြစ်ကြောင်း သူ ရှင်းပြလိုက်ပါသည်။

ကြည့်ပါများသွားသောအခါ ဖရောစတို့(ဇ်)သည်ပင်လျှင် ဘုရင်၏ဝတ်ရုံကို ခွဲခြားသိသွားလေသည်။ အများအားဖြင့် ဘုရင်၏ ဝတ်ရုံရှည်ကို စက်ဝိုင်းပုံများဖြင့် အကွက်ဆင်ဖော် ထားသောကြောင့် ဖြစ်သည်။

"ဒီဟာ ဘာရေးထားတာလဲ"

ဖရောစတို့(ဇ်)က ငါးရာငါးဆယ် နိပါတ်တော် ဇာတ်ကွက်များထဲက တစ်ကွက်၏ အောက်ခြေက စာကြောင်းကို ထောက်ပြီး မေးသည်။ သူ မျက်မှန်ကို ချွတ်ပြီး မျက်လုံး အားစိုက်ကာ အနီးကပ်ကြည့်သော်လည်း မှုန်ဝါးသောကြောင့် တစ်ကြောင်း ပုဂံခေတ်



www.burmeseclassic.com

www.burmeseclassic.com



လက်ရေးအစစ် ဖြစ်သောကြောင့် တစ်ကြောင်း မပြောပြနိုင်ချေ။ ကေသီကို အကူအညီ တောင်းရသည်။

"ဒါ မွန်ဘာသာနဲ့ရေးထားတာလေ"

ထို မွန်ဘာသာကို သူ ဂျာမန်လို ဘာသာ မပြန်ပြတတ်ပါ။

ဘီလူး၊ ဂဠုန်၊ ကိန္နရာ စသော သတ္တဝါများ၏ ရုပ်ပုံများစွာ အပြင် ကြက်တူရွေး လင်းတငှက် များပါ ပါဝင်သဖြင့် နိုင်ငံခြားသား များ အံ့သြနေသည်။ သူ အနည်းငယ်ပြုံးလျက်...

"မြင်းကျားတောင် ပန်းချီထဲမှာပါတယ်" ဟု ဖြည့်စွက် ပေးလိုက်လေသည်။

ဂူပြောက်ကြီးမှ ထွက်ပြီး မြင်းကပါချောင်းကို ဖြတ်ကြတော့ စက်ဘီးစီး၍မရအောင် သဲနုန်းများပို့နေသဖြင့် အားလုံးတွန်း၍ လျှောက်ကြရသည်။ ယောက်ျားလေးယောက်အတွက် ပြဿနာ မရှိ သော်လည်း ခွာမြင့်ချွန်ချွန်ကလေးများ စီးထားသော အမျိုးသမီးနှစ်ဦး ဒုက္ခရောက်လေတော့သည်။ ပို၍ ဒုက္ခရောက်သူက ကေသီ။ သူက ခွာမြင့်ဖိနပ်ကိုလည်း စီးထားသည်။ စက်ဘီးလည်းတွန်းရသည် ဆိုတော့ သဲထဲတွင် အနည်းငယ် ယိုင်နေလေသည်။ ဖရောစတို့ (ဖ်) ကလည်း စကတ်ကို တစ်ဘက်က စုသိမ်း၍ အောက်ကို အစဉ်တစိုက် ငုံ့ကြည့်ကာ သဲထဲမှာ ရုန်းနေရသည်။

"ဖရော်လိုင်း၊ မနက်ဖြန်ကျရင် ခင်ဗျား ဖိနပ်လဲဖို့ ကျွန်တော် အကြံပေးပါရစေ"

"အိုး... ဟုတ်တယ်၊ သိပ်သင့်တော်တဲ့ အကြံဉာဏ်ပဲ၊ ကျေးဇူးတင်ပါတယ်" ဟု အမျိုးသမီးက ချိုပြုံးစွာ လက်ခံ၏။

မနုဟာဘုရားသို့ သူတို့အား ခေါ်ဆောင်၍ ဖူးမြော်ရန် ပြသသည်။





"နောက်ထပ် တွေ့ရမယ့် အဆောက်အဦကတော့ ကျောက်တုံး အလှထွင်းတဲ့ လက်ရာတွေ၊ အင်္ဂတေနဲ့ အလှတန်ဆာ ဆင်ယင်ထားတဲ့ လက်ရာတွေနဲ့ ထင်ရှားတဲ့နန်းဘုရား ဖြစ်ပါတယ်။ မြန်မာ ဘာသာအရ ပန်းတမော့ပညာ၊ ပန်းတော့ပညာလို့ ခေါ်ပါတယ်"

နန်းဘုရား၏ မုခ်ဝတံခါးပေါက်ကို သော့ခတ် ပိတ်ထား လေ့ရှိသောကြောင့် မျက်နှာချင်းဆိုင် ဘုန်းကြီးကျောင်းဝင်းမှ သော့ ထိန်းသိမ်းထားသူ ရွာသားဦးကြီးထံ သော့တောင်း၍ ဖွင့်ဝင်ရပါသည်။ စက်ဘီးများကို ထို အိမ်ရှေ့မှာပင် တန်းစီ၍ သော့ခတ်ထားခဲ့ကြသည်။

အတွဲညီသွားသော ဖရောစတို့(ဖ်)နှင့် ကေသီက မိုးဝေတို့၏ နောက်မှ၊ စည်သူက အမျိုးသမီးနှစ်ယောက်၏ နောက်မှ လိုက်လာ သည်။ မိုးဝေက ဂျာမန်လူမျိုးနှစ်ယောက်၏ အလယ်မှ ရှေ့ဆောင်၍ သော့ဖွင့်သည့် ချာတိတ်နှင့် ကပ်လျက် ဝင်သွားလိုက်ပါသည်။

အထဲထဲတွင် ဂူပြောက်ကြီးဘုရားလောက် မှောင်မည်းခြင်း မရှိပါ။ ထိုသို့ အလင်းရောင် ရခြင်းမှာ တိုးလျှိုပေါက် ပြတင်းများ (Perforated Windows)နှင့် အဆောက်အဦ၏ အထက်မှ စွေစောင်း၍ ဖောက်ထားသော အလင်းဝင်ပေါက်များကြောင့် ဖြစ် ကြောင်း သူ ဧည့်သည် များကို ရှင်းပြလိုက်ပါသည်။

"ခင်ဗျားတို့ မြင်ရတဲ့အတိုင်း နန်းဘုရားဟာ စတုရန်းပုံ ပန္နက်ချထားတာ ဖြစ်ပါတယ်။ ရှေ့မျက်နှာစာရဲ့ မုခ်ဝကနေ ဝင်ဝင် ချင်း ဗြဟ္မဏဘာသာရဲ့ အငွေ့အသက်များကို စတင် ခံစားရပါ လိမ့်မယ်"

ကျောက်ပြားကို ထွင်း၍ ရုပ်လုံးဖော်ထားသော ဖောင်းကြွ ဗြဟ္မဏဘုရားရုပ်တို့ကို ဧည့်သည်များအား အသေအချာ ပြလိုက် သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးခေါင်းသုံးလုံး မြင်နေရတဲ့ ရုပ်တုကို ကြည့်ခြင်းအားဖြင့် အဲဒီ ခေတ်က ထေရဝါဒအပေါ်မှာ လွှမ်းမိုးနေတဲ့ ဗြဟ္မဏ ဘာသာကို ခင်ဗျားတို့ သတိပြုမိပါလိမ့်မယ်"

ဧည့်သည်သုံးယောက်သည် ခပ်လှမ်းလှမ်းမှတစ်မျိုး အနီးကပ် တစ်မျိုး ဓာတ်ပုံတဖျတ်ဖျတ်ရိုက်ကြ၏။ စည်သူကတော့ အခန်း၏ အလယ်ဝဟိုမှ စတုရန်းပုံကွက်လပ်နှင့် အထက်ဆီက အလင်းရောင်တစ်ဆင့် သွင်းပေးသော ပြတင်းပေါက်ကို တစ်လှည့်စီ ငေးမောကြည့်ပြီး သူ့အစ်မကို တိုးတိုးတိတ်တိတ် ကပ်မေး၏။ သူ့အစ်မက ခေါင်းယမ်း ပြလိုက်တာ မြင်ရသည်။

"ဒါ မွန်ဘုရင်ရဲ့ ထောင်ဆိုတာ ဟုတ်သလား ကိုမိုးဝေ" ကေသီက လှမ်းမေးလိုက်သည့် အချိန်မှာ...

"ဒါမွန်ဘုရင်ရဲ့ နေရာဌာနဆိုတာ ဟုတ်လား" ဟု ဒေါက်တာစတို့(ဇ်)ကလည်း မေးလိုက်သည်။ မြန်မာအများ သိကြသည့် အသိနှင့် ဂျာမန်လူမျိုး တစ်ယောက်၏ အသိကိုယှဉ်၍ စဉ်းစားရင်း သူ အင်္ဂလိပ်ဘာသာဖြင့် တစ်ခါတည်း အဖြေပေးလိုက်ပါသည်။

"အဲ... ဒီမြေဟာ မွန်ဘုရင်ရဲ့ နေရာလို့ ပြောလို့ရပါတယ်။ ဒါပေမယ့် ဒီအဆောက်အဦထဲမှာ သူ နေထိုင်အကျဉ်းကျခဲ့တာ မဟုတ်ပါဘူး။ သူ သေဆုံးပြီး နှစ်တော်တော်များများ ကြာသွားတဲ့အခါ ဘုရင်ရဲ့ မြေးတော်စပ်သူ တစ်ယောက်က ဆောက်လုပ်ခဲ့တဲ့ အဆောက်အဦ ဖြစ်ပါတယ်"

ဖရော စတို့ (ဇ်) က ဦးခေါင်းသုံးလုံးနှင့် ကျောက်ပြားရုပ်ကို သူမ၏ လက်ညှိုးဖြင့် လိုက်ထောက်ပွတ်ဆွဲလျက် မိုးဝေဘက်သို့ ဖျတ်ခနဲ လှည့်ကြည့်သည်။

"သူ့ နာမည်က ဘာလဲ"





"ကျွန်တော့်ကို ခွင့်ပြုပါ ဖရော်လိုင်း၊ ခင်ဗျား ဘယ်သူ့ကို မေးတာလဲ"

"သူ"

သူမ၏လက်ညှိုးဖြင့် ကျောက်ပြားရုပ်၏မေးစေ့ကို ထောက်ပြီးညွှန်ပြသည်။ မိုးဝေ အနည်းငယ် ကြောင်အမ်းသွား၏။

ဒုက္ခပါလား။

အာနန္ဒာ ဘုရားမှာတုန်းကလို ကျန်စစ်သားရုပ်တု၊ ရှင်အရဟံရုပ်တုများကဲ့သို့ ဤရုပ်တုကိုလည်း နာမည်ပေးထားလိမ့်မည်ဟု သူမ ထင်မြင်နေသလား မပြောတတ်ပါ။

သို့သော် ဧည့်လမ်းညွှန်အဖြစ် တာဝန်ယူထားသူသည် သူ ဖတ်ဖူးသမျှ၊ သိဖူးသမျှကို စေတနာဖြင့် ဝင်ပြောပြဖို့ လိုလိမ့်မည်။ သူ ခဏ ငြိမ်သက်ကာ စိတ်ထဲ၌ စကားများကို စီစဉ်လိုက်ပြီးမှ တစ်လုံးချင်း ပြောပြလိုက်သည်။

"ဒီရုပ်တုက ဟိန္ဒူဘာသာရဲ့ နတ်ဘုရားရုပ်တု ဖြစ်ပါတယ်၊ ဟိန္ဒူဘာသာမှာ အနန္တတန်ခိုးတော်ရှင်ကနေ ဖန်တီးထားတဲ့ နတ်ဘုရား သုံးပါးရှိတယ်၊ အဲဒီ သုံးပါးကတော့ ဗရဟ္မာ၊ ဗစ်သျှနုနဲ့ ဆီဗတို့ ဖြစ်တယ်။ ဗရဟာမဟာ ဖန်တီးတဲ့ ဘုရား ဖြစ်တယ်။ ဗစ်သျှနုက ထိန်းသိမ်းတဲ့ ဘုရားဖြစ်တယ်။ ဆီဗကတော့ ဖျက်ဆီးတဲ့ဘုရား ဖြစ်ပါတယ်။ အဲဒီသုံးမျိုးရဲ့ ပေါင်းစုခြင်း ထာဝရဘုရားကိုတော့ ဗရဟာမန်လို့ ခေါ်ပါတယ်။ အဲဒီ ထာဝရဘုရားကို ရေးဆွဲတဲ့အခါ ဦးခေါင်းလေးလုံးနဲ့ ရေးဆွဲတာကို တွေ့ရဖူးတယ်လို့ စာအုပ်တွေထဲမှာ ကျွန်တော် ဖတ်ရပါတယ်။ ဒါကြောင့် တကယ်လို့သာ ဒီရုပ်တုဟာ ဦးခေါင်းသုံးလုံးမကဘဲ ဟိုဘက် မမြင်ရတဲ့ဘက်မှာ ဦးခေါင်းတစ်လုံး ရှိခဲ့လိမ့်မယ်လို့ ယူဆရင်တော့ ဒါကို ဗရဟာမန်ရုပ်လို့ သတ်မှတ်ရင်



www.burmeseclassic.com

www.burmeseclassic.com



မှားမယ် မထင်ပါဘူး။ အဲဒီလိုမဟုတ်ဘဲ ဦးခေါင်းသုံးလုံးသာရှိသူလို့ ယူဆရင်တော့ ဒါဟာ ဆိဗရုပ်တုလို့ ပြောရင်လဲ ဖြစ်နိုင်ပါလိမ့်မယ်။ သေချာတာ တစ်ခုကတော့ သူဟာ ဟိန္ဒူနတ်ဘုရားတစ်ပါး ဆိုတာပါပဲ"

ဘုရား၏ အပြင်နံရံရှိ လှပသော ကျောက်ထွင်း ပန်းစုလက်ရာများ၊ အဂ်တေ ကနုတ်ပန်း လက်ရာများကို ဧည့်သည်များ အချိန်ယူ၍ လေ့လာကြသည်။

"ဟောဒီ ကနုတ်က ထွင်းထားတာ၊ ဒါက ပုံသွင်းထားတာ"

နံရံထောင့်များရှိ အချွန်အတက်၊ အကွေးအဝိုက်များဖြင့် ခြယ်သထားသော ဘီလူးပန်းဆွဲများ၊ ခြူးပန်းဆွဲများ၊ ပန်းနွယ်များ ကြာရိုးကြာစွယ်များကို သူ တစ်ခုချင်း ညွှန်ပြရှင်းလင်းပေးလိုက်ပါသည်။

"ဒီ တိုးလျှိုပေါက် ပြဟင်းတွေဟာ မုတ်ကပ်တံကဲလို ပုံစံမျိုးနဲ့ အထွတ်ပြုလုပ်ထားတာ ဖြစ်ပါတယ်"

ပန်းခက်များဖြင့် ဝန်းရံထားသော အဝိုင်း တစ်ခုစီ၌ ဟင်္သာငှက်တစ်ကောင်စီ ထွင်းထားသည်ကို သူတို့ မျက်စိစူးရှစွာ မြင်တတ်၏။

"ဒီ ဟင်္သာငှက်ကလေးတွေဟာ မွန်တွေရဲ့ အထိမ်းအမှတ် ဖြစ်ပါတယ်"

"သိပ်လှပတဲ့ ပြတင်းပေါက်တွေပဲ" ဟု ဒေါက်တာဇော့(ဇ်) ချီးမွမ်းသည်။

"နောက်ပြီး သိပ်လဲ ခိုင်မာပြီး ထုထည်ကြီးပါတယ်၊ ဂူပြောက်ကြီး ဘုရားမှာလိုပဲ ပြတင်းပေါက် တစ်ခုနဲ့ တစ်ခု ဒီဇိုင်း ကွဲပြားခြားနားပါတယ်" ဟု သူ ဖြည့်စွက်ပေးလိုက်၏။





"ဗိသုကာပညာရှင်တွေဟာ အိန္ဒိယနွယ်တဲ့ ပုံစံတွေကို သုံးလေ့ရှိပေမယ့် တစ်ယောက်စီရဲ့ ခြားနားတဲ့စိတ်ကူးတွေနဲ့ ပေါင်းစပ်တီထွင်ပြီး ပုံဖော်ခဲ့ကြတာဖြစ်ပါတယ်။ ဒါကြောင့်လည်း တံကဲ ကနုတ်ပန်း ပုံစံတွေ ခြားနားတဲ့ အလျောက် ဂေါ်ဓောပလ္လင် ဘုရားရဲ့ ပုံစံကို ပေါ့ပါး သွက်လက်စေသလောက် နန်းဘုရားရဲ့ ပုံစံကိုတော့ ထည်ဝါစွာ ထုထည် ခိုင်ခံ့စေပါတယ်"

နန်းဘုရားမှ အထွက် အုတ်ခုံပေါ်မှ ဆင်းသောအခါ ကေသီက မိုးဝေ ဘေးမှ ကပ်လျက်ပါလာ၏။ သူမ၏ အရပ်သည် ခွာမြင့်ဖိနပ် မပါဘဲနှင့်ပင် မိုးဝေနှင့် ပခုံးချင်း မတိမ်းမယိမ်းရှိရာ ခွာမြင့်ဖိနပ်သာ စီးထားလျှင် သူမက သူ့ထက် ပို၍မြင့်မားမှာ သေချာသည်။

"မြန်မာမိန်းမထဲမှာတော့ တော်တော် မြင့်တဲ့ အရပ်ပဲနော်" သူ အမှတ်တမဲ့ ပြောမိတော့ ကေသီက သူ့ ဘက်ကိုလှည့်ကြည့်ပြီး သရော်သလိုပြုံးသည်။

"ဘာလဲ ဘာလဲ၊ ဒါ ချီးမွမ်းတာလား ကဲ့ရဲ့တာလား"

"တစ်ခုမှ မဟုတ်ပါဘူး မနာလို စကားပါ"

ထို့နောက် ဂျာမန်အမျိုးသားနှစ်ဦးအနီးသို့ လျှောက်သွားလိုက်သည်။

"လူကြီးမင်းများ ခင်ဗျား၊ ဒီကနေ ရှေ့ဆက်သွားရင် သိပ်စိတ်ဝင်စားဖို့ကောင်းတဲ့ ဘုရားသုံးဆူရှိပါတယ်။ ခရီးကတော့ နည်းနည်း ကြမ်းတယ်၊ တကယ်လို့ ခင်ဗျားတို့ဆန္ဒရှိရင် ကျွန်တော် ပို့ပေးချင်ပါတယ်၊ အဲဒီ ဘုရားတွေကတော့ အပယ်ရတနာဂူဘုရား၊ အရှေ့ဖက်လိပ်နဲ့ အနောက်ဖက်လိပ်ဘုရား၊ အဓိပ္ပာယ်ကတော့ လိပ်ထားသော အရွက်ခြောက်လို့ ဆိုလိုပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ဝင်စားစရာပဲ"

"ဟုတ်ကဲ့၊ အပယ်ရတနာ ဘုရားမှာ မဟာယာန ဗုဒ္ဓဘာသာဆိုင်ရာ နံရံဆေးရေးပန်းချီတွေ ရှိပါတယ်၊ ဖက်လိပ်ဘုရားတွေမှာတော့ စိတ်ဝင်စားဖို့ကောင်းတဲ့ ရှေးဟောင်း အုတ်ခွက်ဘုရားအချပ်တွေ ရှိပါတယ်"

"ကောင်းပြီ၊ ငါတို့ သွားကြမယ်"

"ဒါပေမယ့် မိုးရာသီ ကုန်ခါစ ဖြစ်လို့ လမ်းက ဆိုးရွားတယ်၊ ဒီတော့ စက်ဘီးကို ခင်ဗျားတို့ တစ်လျှောက်လုံး စီးနင်းလို့ရမယ် မထင်ဘူး"

"ကိစ္စ မရှိပါဘူး"

ဖက်လိပ်ဘုရားများရှိရာသို့သွားသော ခရီးသည် စည်သူကဲ့သို့ အရာရာကို ဟာသဉာဏ်ဖြင့် ကြည့်တတ်သော လူငယ်တစ်ယောက်အတွက် ရယ်စရာဖြစ်၏။ စက်ဘီးစီး မကျွမ်းကျင်သော၊ အရာရာကို အဆိုးမြင်ဝါဒဖြင့် ကြည့်တတ်သော မိုးဝေအတွက်တော့ စိတ်ပျက်စရာ ဖြစ်၏။

ဤလမ်းများသည် မြင်းလှည်းသွားရန် ခက်ခဲ ကြမ်းတမ်းသော လမ်းများဖြစ်သောကြောင့် နိုင်ငံခြား ဧည့်သည်များအတွက် သွားလာဖို့ မလွယ်ကူသောလမ်းများ ဖြစ်ကြသည်။ ဂျစ်ကား၊ လဲင်း(ဒ်)ရိုဗာ စသည့် ကားများဖြင့် သွားလျှင်တော့ အဆင်ပြေသည်။ သို့သော် ကားငှားဖို့ဆိုတာ လွယ်သောကိစ္စမဟုတ်။ ကားနှင့်စာလျှင် လှည်းကြမ်းကမှ တွက်ခြေကိုက်ဦးမည်။ သူ့ စိတ်အထင်တော့ စက်ဘီးသည် ခြေလျင်နှင့်စာလျှင် ဒုတိယ အညံ့ဆုံးယာဉ်ဖြစ်သည်။ ထို့ကြောင့် ခြေကျင် လျှောက်မသွားဘဲ စက်ဘီးဖြင့်သွားရန် အဆိုပြု လိုက်ခြင်း ဖြစ်ပါသည်။





အပယ်ရတနာတွင် မိနစ် နှစ်ဆယ်နီးပါး သူတို့ လှေ့လာနေစဉ် မိုးဝေ တစ်ချိန်လုံး ရှင်းပြနေရသည်။

ဧည့်သည်များသည် မိုးဝေ ပေးထားသော 'Glimpses of Glorious Pagan' စာအုပ်ကို လက်နှိပ် ဓာတ်မီးအလင်းရောင်ဖြင့် ဖွင့်ဖတ်လျှက် စိတ်ပါဝင်စားကြသည်။

လမ်းညွှန်စာအုပ်ထဲတွင် ပါဝင်သော 'အဝလောကိတေသရ' ဘုရားလောင်း၏ပုံကို နံရံတစ်လျှောက်လုံး များပြားစွာ တွေ့ရသောအခါ သူတို့ ကျေနပ်နှစ်သက်စွာ အထပ်ထပ် တိုက်ဆိုင်ကြည့်ကြ၏။ သူတို့အတွက် အခက်အခဲ တစ်ခုမှာ တစ်ကြောင်းဆွဲပန်းချီမှာ ရှင်းလင်းပြတ်သားလျက် နံရံဆေးရေးပန်းချီမှာ မှိုင်းတက်၍လည်းကောင်း၊ ဆေးတချို့ တစ်ဝက် ပျက်ပြယ်၍ လည်းကောင်း၊ မှေးမှိန်နေခြင်းပင် ဖြစ်သည်။ ထို့ကြောင့် သူတို့ သေချာအောင် မိုးဝေထံမှ ကောက်ချက်ကို တောင်းကြသည်။

"ဟုတ်ပါတယ်၊ သူဟာ ဒီပုံထဲကအတိုင်း ဘုရားလောင်းရဲ့ ပုံပါပဲ"

"သူ့ လက်တွေက ထူးခြားတယ်" ဟု ဒေါက်တာ စတို့(ဇ်)က ထင်မြင်ချက်ပေး၏။ ထို့နောက် တစ်ဆက်တည်း "ဒါ ဘာ မုဒြာလဲ"ဟု မေးလေသည်။ သူ အံ့ဩသွား၏။

ဘုရားရေ...ဒီလူဟာ အင်သရိုပေါလဂျစ်(စ်)(တ်) ဆိုတာ ဟုတ်မှ ဟုတ်ပါ့မလား၊ အိုက်ကိုနို ဂရပ်ဖာများ ဖြစ်နေမလား။

"ဒါ ဝရမုဒြာ ဖြစ်ပါတယ်"

ညာလက်ကို အောက်သို့ဆန့်တန်း၍ ညာဘက်ပေါင်နှင့်ဒူးပေါ်တွင် ဖြန့်၍ တင်ထားကြောင်း၊ လက်ဝဲလက်မှာကွေး၍ ရင်သို့



www.burmeseclassic.com

www.burmeseclassic.com



ကပ်ထားကြောင်း၊ ထိုလက်မှိုး၏ ဟန်ကို ဆုပေးနေသောလက်ဟု ခေါ်ကြောင်း သူ ရှင်းပြလိုက်ပါသည်။

"မမရေ ဒီမှာ လာကြည့်စမ်း"

စည်သူက ခပ်လှမ်းလှမ်းမှ ခေါ်လိုက်သောကြောင့် မိုးဝေ မျက်လုံးများ ထိုနေရာသို့ ရောက်သွား၏။ စည်သူက အရှေ့ဘက်နှင့် တောင်ဘက်နံရံတွင် မတ်တတ်ရပ်လျက် အရှေ့ဘက် နံရံအစွန်းသို့ မော့ကြည့်ရင်း လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်ကာ ပြုံးဖြီဖြီ ဖြစ်နေသည်။

"မမ ဒီမှာ လက်ခြောက်ဘက်တောင် ပါတယ်ဗျ၊ ကေ့ တွ မာရ်နတ်များလား မသိဘူး"

"ဟဲ့... မဦးမချွတ်၊ ဒါ မိန်းမပုံကြီး ဥစ္စာ။ ဒီမှာကြည့်"

ထို့နောက် သူတို့ မောင်နှမ အသံတိုးတိုးဖြင့် ဘာတွေ ပြောနေလဲ မသိ၊ တစ်စုံတစ်ရာပြောပြီး ကျိတ်ရယ်လိုက်ကြသည်။ ဧည့်သည်သုံးယောက်လည်း သူတို့မောင်နှမ အနီးသို့ ရောက်သွား ကြလေသည်။ ဒေါက်တာနှစ်ယောက်က စာအုပ်ကို လက်နှိပ် ဓာတ်မီးရောင်ဖြင့် ငုံ့ကြည့်ကြ၏။ သို့သော် စာအုပ်ထဲတွင် ပုံမပါ တော့ပါ။

မိုးဝေ သူတို့ဆီသို့ လိုက်သွား၏။

ထိုပန်းချီပုံမှာ ဘုရားလောင်း နတ်သားလို ကြီးမားစွာ ဆွဲထားခြင်း မဟုတ်ချေ။ သေးသေးကလေး ဆွဲထားသောပုံဖြစ်သည်။ အဝလောကီတေသရ ဘုရားလောင်းများ၏ ပုံအတန်းလိုက်ထပ် မြင့်သောနေရာတွင် ရှိသည်၊ ထိုပန်းချီသည် ဧည့်သည်များကိုလည်း ဆွဲဆောင်ပုံရသည်။





သူတို့လည်း ဂျာမန်ဘာသာစကားဖြင့် မိန်းမ ယောကျ်ား ခွဲခြား ငြင်းနေကြသေး၏။ နောက်တော့ အမျိုးသမီး ဖြစ်ကြောင်း အတည်ပြုလိုက်ကြသည်။

"လက်တွေအများကြီးပဲ၊ စောစောက ဘုရားမှာတွေ့တဲ့ ပုံစံ မျိုးလား" ဟု ဖရောစတို့(ဇ်)က မေး၏။ သူ ကမန်းကတန်း စဉ်းစားလိုက်သည်၊ သူမ ဆိုလိုသည်မှာ ဂူပြောက်ကြီးဘုရား အာရုံခံမှ ဝန္ဓကုဋိတိုက်တွင်း ဝင်ရာ ဝင်ပေါက်ဂူနံရံက ဘုရားလောင်းပုံ ဖြစ်ဟန် တူပါသည်။

"မတူပါဘူး၊ ဟိုမှာ လက်ခုနစ်ဘက်စီ အားလုံး ၁၄လက်၊ ဒီမှာက သုံးဘက်စီ ၆ ခု ပါတာ ဖြစ်ပါတယ်။ နောက်ပြီး ဟိုဟာက ယောကျ်ား၊ ဒါက အမျိုးသမီး"

"သူမက ဘယ်သူလဲ"

ဤမျှလောက် သေးကွေးသော ပန်းချီကို ဓာတ်မီးဖြင့် မရမက ထိုးကြည့်၍ ဝတ်စုံ အဆင်ဒီဇိုင်း ခွဲခြားနေသော ဒေါက်တာ တို့(ဇ်)က မေးခြင်း ဖြစ်ပါသည်။

"သူမ နာမည် တာရာဒေဝီ ဖြစ်ပါတယ်၊ ဟိန္ဒူဘာသာအရ ဘုရားလောင်း နတ်သမီး တစ်ပါးပါ"

"ဘာဖြစ်လို့ လက်တွေအများကြီး ပါဝင်နေတာလဲ"

"ဗုဂ္ဂပါလား" ဖရောစတို့(ဇ်)က အမျိုးသမီးပီပီ စပ်စပ်စုစု မေးတတ်လေသည်။ သူ ဘာပြောရမှန်း မသိဘဲ ကြောင်သွားသေး၏။ ကြီးနဲ့... မဖြီးနဲ့၊ အကျိုးသင့် အကြောင်းသင့်ရှင်း။ မသိရင် မသိပါဘူး ငြင်းလိုက်။ သို့သော် သူ အဖြေမပေးပါ။



www.burmeseclassic.com

www.burmeseclassic.com



"တချို့လက်က ကြာပွင့်ကို ကိုင်ဖို့၊ တချို့ လက်က ဓားလှံ လက်နက်ကိုင်ဖို့၊ တချို့လက်က သတ္တဝါတွေကိုဆုပေးဖို့ပါ" ဟု သူ ဖြေလိုက်သည်။

"လက်နက်က ဘာအတွက်လဲ"

"အမှန်တရားကို ဖျက်စီးစေတတ်တဲ့ အနှောင့်အယှက်တွေ ကို ရှင်းလင်းဖယ်ရှားဖို့ပါ"

မဖြစ်သေးပါဘူး၊ ပြန်ရောက်ရင် သီရိပျံချီ ဦးမြရဲ့ အပယ်ရတနာလိင်္ကာဂူဘုရား စာအုပ်ကို နောက်တစ်ခေါက် ပြန်ဖတ်ဦးမှပါပဲ။

"ကိုမိုးဝေ၊ ဒါ ကျွန်မတို့ ဗုဒ္ဓဘာသာရဲ့ သူရဿတီ နတ်သမီးနဲ့ တူသလားဟင်"

သူ နည်းနည်း ဦးနှောက်ခြောက်သွား၏။ ထို့ကြောင့် မေးခွန်းတစ်ခု ပြန်မေးခြင်းဖြင့် သူမ၏မေးခွန်းကို လမ်းလွှဲ ပစ်လိုက် သည်။

"ဒါနဲ့ ကေသီ ဗုဒ္ဓဘာသာမှာ သူရဿတီနတ်သမီး ရှိတယ်လို့ ဘုရားကဟောခဲ့တဲ့ အထောက်အထား ဘယ်နှစ်ခုများ တွေ့သလဲ"

ကေသီ နှာခေါင်းရှုံ့လျက် ရယ်သည်။

"အို... မေးပြန်ပြီ ဗုဒ္ဓဘာသာ အကြောင်း၊ ကျွန်မက ကျောက်စာပဲသိတာ"

"အိုကေ... အိုကေ ကေသီ တာဝန်က မနက်ဖြန်မှလာမယ်၊ မနက်ဖြန် 'တစ်နေကုန်နီးပါး မင်းနန်သူရွာမှာ အချိန်ဖြုန်းရ လိမ့်မယ်။ အဲဒီမှာ ဘုရားသုံးဆူဘုရားမှာ သိပ်ကောင်းတဲ့ နံရံပန်းချီ တွေပြဖို့ ရှိတယ်။ နောက်ပြီး မင်းနန်သူမှာ ကျောက်စာတွေလည်း အများကြီး၊ သူတို့မြင်ရင် စိတ်ဝင်တစား ဖတ်ခိုင်းလိမ့်မယ်။





ကိုယ်စဉ်းစားလို့ရသလောက်တော့ တပ်ကလေး ဘုရားကို ရောက်ဖြစ် ရင် (ရောက်ဖို့တော့ မလွယ်ဘူး) ရောက်ဖြစ်ရင် စောမွန်သင်ကျောက် စာကို သူတို့ကို ပြချင်တယ်၊ အဲဒီကျောက်စာကို သူတို့ မနေ့ညက ဖတ်ကြတယ်လို့ ကိုယ်ထင်တာပဲ၊ တကယ်လို့ တပ်ကလေးဘုရားမှ မရောက်ဖြစ်ရင်တော့ လေးမျက်နှာဘုရားဝင်ပြီး ကျောက်စာတွေ ပြမယ်"

"ဟာ... လေးမျက်နှာဘုရားမှာ ကျောက်စာတွေ အများကြီး နဲ့တူတယ်။ ရှင် ကျွန်မကို အပြီးနဲ့နှိပ်စက်တော့မယ် ထင်ပါရဲ့၊ ညာညာ တာတာလုပ်နော်၊ အရှည်ကြီးတွေ မဖတ်ခိုင်းနဲ့ ဒါပဲ"

"သိပ် မရှည်စေရပါဘူး၊ မင်း အနန္တသူ ကျောက်စာ ကျောက်တိုင် နှစ်တိုင်ဆို လုံလောက်ပါပြီ"

"သွား လူကို ဘယ်တုန်းကတည်းက မကျေနပ်နေသလဲ မသိဘူး"

ကေသီက မိုးဝေ ဘယ်လိုမှ ခံနိုင်စွမ်းမရှိသော မျက်စောင်း ကလေးဖြင့် ပြုံးလေသည်။

"ပြတိုက်မှာ မိုင်းကိုင်စက္ကူတွေကို ရေနှစ်ပြီး ဆုတ်ဖြဲနေ ကတည်းကပဲ"

ထိုအခါ ချုပ်တည်းထားဟန်တူသော ကေသီ၏ ကြွေမျှား လွင့်စဉ်၍ မိန်းကလေးငယ်ပမာ ဟက်ဟက် ပက်ပက် ရယ်မော လေသည်။

ဘယ်လောက်များ နားထောင်လို့ ကောင်းတဲ့ ရယ်သံမျိုးပဲ။

ဏ ဏ ဏ



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ငါး

မိုးရွာပြီးစ ပုဂံညနေခင်းသည် အစိမ်းရောင်နှင့် အုတ်နီရောင် ကွက်ကြား ရောယှက်လျက် လှပတင့်တယ်လျက်ရှိသည်။

"ဟော ဟိုမှာ သက်တန့်"

သက်တန့်ကို စ၍ မြင်သူက ကေသီ ဖြစ်သည်။ သူမ လက်ညှိုးညွှန်ရာသို့ အားလုံး ဝိုင်းကြည့်လိုက်ကြ၏။

ဓမ္မရံကြီးဘုရား၏ အထက်ကောင်းကင်တွင် သက်တန့် တစ်ခု ဖြာဆင်းနေသည်။ ပုဂံတွင် ထုထည် အကြီးမားဆုံး၊ အခံ့ညားဆုံး ဓမ္မရံကြီးဘုရားသည် ညနေ လေးနာရီခွဲ နေရောင်ခြည်အောက်တွင် ထီးမားစွာ ရပ်တည်လျက်ရှိသည်။ ဧည့်သည်များ ထိုဘုရားရှိရာသို့ ကင်မရာ တဖျတ်ဖျတ်ရိုက်လျက် အလုပ်ရှုပ်နေကြစဉ် ကေသီက အုတ်စကြံ လက်ရန်းအနိမ့်ကို လက်ထောက်လျက် သက်တန့်ဆီကို ငေးမောကြည့်နေသည်။

"လှလိုက်တာနော်" ဟု ရေရွတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ဒါ ပင်နီရာမစ်ဖြူးပဲ၊ ခဏနေရင်ဆင်းမယ်။ သဗ္ဗညုပေါ်ကနေ နေဝင်တာကို စောင့်ကြည့်ကြမယ်၊ သူတို့ ဓာတ်ပုံရိုက်ပြီးရင်ပေါ့"

"ကျွန်မလေ ပုဂံဘုရား အထက်ပစ္စယ်တွေကနေ တခြားဘုရားတွေကို ကြည့်ရတာများပြီ၊ ဒါပေမယ့် ဟောဒီ ဘုရားလောက် ကျွန်မရဲ့စိတ်ကို ဘယ်သူမှ မညှို့နိုင်ဘူး"

"ဒီ စူဠာမဏိလား"

"အို... ဘယ်ဟုတ်မလဲ၊ ဟောဟို ဓမ္မရံကြီး ဘုရားပေါ့"

သူ အံ့ဩစွာ ပခုံးတွန့်လိုက်ပါသည်။

"ဘယ်လိုညှို့နိုင်သလဲ သူက ကြောက်စရာ ကောင်းတာလား၊ ချစ်စရာကောင်းတာလား"

ကေသီက သူ့ဘက်သို့ တစ်ချက်လှည့်ကြည့်ပြီးမှ ဘုရားဘက်သို့ ငေးမောနေသည်။ ခဏကြာမှ ခေါင်းခါယမ်း၏။

"ကျွန်မ မသိဘူး၊ ကျွန်မ အဲဒီဘုရားကို အမြဲ လှမ်းကြည့်ချင်နေတယ်။ သူက ကျွန်မကို ညှို့နေတယ်၊ အဲဒါပဲ ကျွန်မသိတယ်။ ဒါပေမယ့် သေချာတာ တစ်ခုက အဲဒီ ဘုရားကို မကြောက်ဘူးရှင့်၊ ကြောက်စရာကောင်းလို့လား"

သူ တစ်ချက် ရယ်လိုက်သည်။

"အင်း... မင်းကို စာပိုဒ်ကလေးတစ်ခု ရွတ်ပြမယ်၊ ဒေါက်တာဂျီအိပ် (ချ်) လု (စ်) ရဲ့ ဓမ္မရံကြီးဘုရားအပေါ် ဝေဖန်ချက်ကလေး။ သူက ပြောတယ်။ အဲ.. မင်းကို အင်္ဂလိပ်လို ရွတ်ပြရမလား ဘာသာပြန်ပြီးသား ရွတ်ပြရမလား"

သူမက မိုးဝေကို လှပသော မျက်စောင်း တစ်ကြည့်ဖြင့် ကြည့်ပြီး ပြုံးလေသည်။





"ကျေးဇူးကြီးမားလှပါတယ်ရှင်၊ မြန်မာလိုပြန်ပြီး ပြောပြပေးပါ"

"အချိန်ကာလဟာ ဓမ္မရံကြီးဘုရားကို မူလက ကြံရွယ်ထားတာ မဟုတ်တဲ့ ကြမ်းကြုတ်ခြင်း၊ ကြောက်မက်ဖွယ်ကောင်းခြင်း အရောင်တစ်ခုနဲ့အတူ တောင်ကဲ့သို့ ထုထည်တစ်ခု ဖြစ်သွားအောင် လုပ်လိုက်တယ်တဲ့။ ယခုဆိုရင် ရှည်လျား ကျဉ်းမြောင်းတဲ့ ခုံးတွေရဲ့ နက်ရှိုင်းမှုနဲ့ အမှောင်။ နောက်ပြီး ကြွင်းကျန်ရစ်ခဲ့တဲ့ အချိုးအစားမကျအောင် အထပ်ထပ် အသေးစိတ် စီမံပုံသွင်းခြင်း၊ အဲဒါတွေဟာ ဗိသုကာ ပညာရှင်မှာ မကောင်းဆိုးဝါး၊ တစ္ဆေ ခြောက်တတ်စေလိုတဲ့ စိတ်ကူးရှိတဲ့ အကြောင်း ဆင်ခြေတက်လျက် ရှိတယ်တဲ့"

"အဲဒီ စာအုပ်ထဲပါတာလား"

သူ့လက်ထဲမှာ ကိုင်ထားသော Insight Guides, Burma စာအုပ်ကို မေးငေါ့၍ မေးသည်။ သူ ခေါင်းယမ်းပြီး သူမကို စာအုပ်ကမ်းပေးလိုက်သည်။

"မြန်မာနိုင်ငံ သုတေသနအသင်းဂျာနယ်က ဆောင်းပါးထဲမှာ ရေးထားတာပါ"

"ဘာပဲဖြစ်ဖြစ် ဓမ္မရံကြီး ဘုရားကို ကျွန်မ မကြောက်ပါဘူးရှင်"

သူမသည် သူလှမ်းပေးသော စာအုပ်ကိုယူကာ (ခဏခဏ ဖတ်ပြီးပြီဖြစ်၍ ကျွမ်းကျင်စွာ) ပုဂံဘုရားများ အကြောင်း စာမျက်နှာရှိရာ ချက်ချင်း လှန်လှောလိုက်လေသည်။ ထို့နောက် လက်ညှိုးထိပ်ကလေးဖြင့် လိုက်ထောက်လျက် ဖတ်ကြည့်သည်။

"ဒီထဲမှာ ဓမ္မရံကြီးဘုရား တည်တဲ့နှစ် မပါဘူးနော် ကိုမိုးဝေ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း... အဲဒီဘုရား တည်တဲ့နှစ်ကို အမျိုးမျိုး ပြောနေကြတာပဲ"

"ဒီမှာ ကြည့်စမ်း ကိုမိုးဝေ၊ မေဆဲင်(န်)ဆိုတာ ပန်းရန်သမားကို ပြောတာ မဟုတ်လား၊ အုတ်ချပ်တွေရဲ့ကြားမှာ အပ်တစ်ချောင်း ထိုးသွင်းလို့ရရင် အဲဒီ ဆောင်ရွက်တဲ့ ပန်းရန်သမားကို..."

"သတ်ပစ်တယ်"

"အေးလေ၊ ဒါလောက်တောင်ပဲတဲ့လား"

"အင်း... ယုံတော့ ယုံချင်စရာပဲ၊ ကေသီ အဲဒီ ရောက်ရင် အုတ်ချပ်တွေကို လက်နဲ့ကိုင်ကြည့်ဖြစ်အောင်ကြည့်၊ နှစ်ပေါင်း ၁၀၀ ကျော် ကြာတဲ့အထိ ဘာမှ ပြန်မပြုပြင်ရသေးဘူး အကောင်းအတိုင်းပဲ၊ စောစောက စုဠာမဏိ ဝင်ပေါက်လိုပေါ့"

"ဟုတ်လား ဒါနဲ့ နရသူ နန်းတက်တဲ့နှစ်က ဒီ စာအုပ်နှစ်အုပ်မှာ ကွဲနေပါလား၊ ဟိုလမ်းညွှန်စာအုပ်ထဲမှာ ၁၁၆၃ မှ ၁၁၆၅ လို့ ပါတယ်။ အခု ဒီ အင်္ဂလိပ်စာအုပ်ထဲ ကျတော့ ၁၁၆၇ မှ ၁၁၇[illegible] လို့ ပါတယ်။ ဘယ်ဟာ အမှန်ယူရမှာလဲ"

"ရှူး... ဟိုညှော်သည်တွေတောင် မမေးမိတဲ့ မေးခွန်းတို ကိုယ့်ကို လာမေးနေပြန်ပြီ။ အဲဒါ ဖြေဖို့က အထောက်အထားတွေ အများကြီးပြောရမယ်ကွ၊ ရှုပ်တယ်"

"ဟာ... မလိုချင်ဘူး၊ ပြောပြ၊ မပြောရင် မသိလို့ဘဲ"

"ဟာ... ကြောက်နေရပါလား"

သူ အနည်းငယ် စိတ်ပျက်လက်ပျက် ပြုံးလိုက်ပြီး ထောင့်တစ်နေရာတွင် ထိုင်လျက် စီးကရက်သောက်နေသော စည်သူရှိရာသို့ ညွှန်ပြလိုက်သည်။





"ဟိုမှာ ကြည့်စမ်း၊ ဘယ်လောက် ဇိမ်ကျသလဲ၊ မင်းလို မစပ်စုဘူး"

"ထားလိုက်စမ်းပါ၊ ဒီကောင်လေးက မိန်းမပိုးဖို့ကလွဲပြီး ဘာမှ စိတ်ဝင်စားတာ မဟုတ်ဘူး"

"ကဲ... မင်းတို့ မြန်မာစာမှာ ဘယ်နှစ်ခုနှစ်လို့ သင်ရသလဲ"

"ဟာ... မေးမနေနဲ့ မေးမနေနဲ့ မသင်ရဘူး။ ဒါက သမိုင်းဘာသာရဲ့ အလုပ်၊ ရည်ညွှန်းစာအုပ်တွေ အများကြီးသာ လိုက်ပြောရရင်လဲ မဆုံးတော့ဘူး။ မင်းတွေရဲ့ နန်းတက်နန်းကျ သက္ကရာဇ်တွေက တစ်အုပ်နဲ့တစ်အုပ် တူတာမှ မဟုတ်တာ၊ ဒါမျိုးတော့ ရှင် ပြောမှလား၊ ဦးကုလား ရာဇဝင်ဆိုရင် နရသူဟာ ၁၁၅၈ မှာတောင် မင်း ဖြစ်နေပြီ။ နောက်ပြီး နရသူရဲ့ နောက်မှာ မင်းယဉ် နရသိခ်ဆိုတာ ရှိသေးတယ်တဲ့"

"အေး... ဒေါက်တာ သန်းထွန်းကတော့ အဲဒီမင်း မရှိဘူးလို့ ပြောတယ်"

"ဒေါက်တာသန်းထွန်းက သက်စိုးတောင်ဘုရား ကျောက်စာကို ကြည့်ပြီး ပြောတာရှင့်။ အဲဒီကျောက်စာက ကျွန်မရဲ့ သီးဆစ်(စ်)ထဲမှာ ပါနေတယ်၊ ကျွန်မ မှတ်မိတယ်။ သူက မင်းဆက် ၅ ခု ဆက်ရေးတယ်၊ 'ထိလိုင်မင်း လက်ထက်လေလွတ်၏ သက်တော်ရှည် လက်ထက်လေလွတ်၏ ဤမ်တော်သျှလက်ထက်လေလွတ်၏ နရပတိလက်ထက်လေ လွတ်၏' လို့ ရေးထားတယ်၊ နောက်မင်းရဲ့ နာမည်က ကျောက်စာမှာ ပျက်နေတယ် ဖတ်လို့မရဘူး၊ ဘာပဲ ဖြစ်ဖြစ် ဤအိမ်တော်ရှင်နဲ့ နရပတိကြားမှာ မင်းယဉ်နရသိခ် မပါဘူးလေ၊ ဘားပါတော့ ကျွန်မက ရှင့်ယူဆချက်ကို သိချင်လို့ပါ"

သူ စိတ်ညစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကေသီ ကိုယ်က သမိုင်းပါမောက္ခလဲ မဟုတ်ဘူး၊ သုတေသန ဌာနမှူးလဲ မဟုတ်ဘူး၊ ကိုယ်က ဂိုက်(ဒ်)လေ၊ မင်းမေ့မသွားနဲ့။ ဂိုက်(ဒ်) ဆိုတာ သူများ ပြုစုပြီးသား အချက်အလက်တွေကို အသုံးပြုပြီး သူများကို တစ်ဆင့် ညွှန်ပြပေးရတဲ့ သူကွ၊ ကိုယ့်မှာ ကိုယ်ပိုင်ယူဆချက် ဘယ်လိုလုပ်ရှိမှာလဲ"

သူတို့နှစ်ယောက်အနားသို့ ဒေါက်တာ စတို့(ဖ်)ရောက်လာသည်။ သူတို့နှစ်ယောက် စကား ပြတ်သွားကြသည်။ တော်ပါသေးရဲ့။

"တော်တော် စိတ်ဝင်းစားစရာကောင်းတဲ့ ဘုရားပဲ"

ဓမ္မရံကြီးဘုရားသို့ လက်ညှိုးညွှန်ပြ၍ ဒေါက်တာက သူ့ကို တိုင်တည် ပြောသည်။

သူအနည်းငယ် ပြုံးမိသွား၏။

"ဟုတ်ပါတယ်၊ မနက်ဖြန် ရသမျှအချိန်အတွင်း ကျွန်တော် လိုက်ပို့ပါ့မယ်"

"တည်ဆောက်သူက နရသူလို့ ဖတ်ရတယ်၊ ဟုတ်သလား"

မြတ်စွာဘုရား၊ သူ ပခုံး တွန့်လိုက်ပြီး ပိုမို ပြုံးရယ်မိသည်။

"နှစ်မျိုးဖြစ်နိုင်ပါတယ်၊ ဓမ္မရံကြီးဘုရားရဲ့ တည်ဆောက်သူဟာ နရသူလို့လဲ ပြောတယ်၊ စည်သူ တစ် လို့လဲ ပြောလို့ ရတယ်"

ကေသီရော ဒေါက်တာ စတို့(ဖ်)ရော လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။ အင်း... ငါတော့ ဒီနေ့ တစ်နေ့လုံး ဘယ်သွားသွား နရသူနဲ့ချည်း မလွတ်တော့ပါဘူး။ ရွှေဂူကြီးဘုရား ကျောက်စာ အကြောင်း ပြောကြတုန်းကလည်း 'အလောင်းစည်သူကို နရသူက အဝတ်နဲ့ ဖိသတ်တာ အဲဒီ ဘုရားထဲမှာ မဟုတ်လား' ဟု မေးကြမြန်းကြသည်။





"ဘာကြောင့် စည်သူတစ်လို့ပြောနိုင်သလဲ" ဒေါက်တာက စိတ်ဝင်တစား မေး၏။

"ဘာကြောင့်လဲဆိုတော့ မိုက်ကယ် အောင်သွင်ရဲ့ အဆိုအရဆိုရင် အဲ ဒီဗင်ဂလာ ကျောက်စာမှာ ပါတဲ့အတိုင်းဆိုရင် သီဟိုဠ်က ဝင်တိုက်တဲ့ အချိန်မှာ စည်သူတစ်ဟာ ဘုရင်ဖြစ်နေတုန်းပဲ၊ အဲဒါဟာ ၁၁၆၅ ခုနှစ်ပါ။ ဒီတော့ ဒီစာအုပ်ထဲမှာ (Insight Guides, Burma ကိုညွှန်လျက်) ပါတဲ့အတိုင်း ၁၁၆ရ ခုနှစ်မှာ သူ ကွယ်လွန်တယ် ဆိုတာ ဖြစ်နိုင်တယ်။ မိုက်ကယ်အောင်သွင် ရေးသလိုဆိုရင် စည်သူ တစ်ဟာ ၁၁၆၉ သို့မဟုတ် ၇၀ ကျမှ ဆုံးတယ်လို့ ယူဆစရာ ရှိတယ်တဲ့။ နောက်ပြီး ဓမ္မရံကြီး ဘုရားတည်တဲ့ ခုနှစ် အတိအကျ မသိပေမယ့် ကျောက်စာတစ်ခု ရှိသေးတယ်။ ဓမ္မရံကြီးဘုရားထဲက ကျောက်စာ ဖြစ်ပါတယ်။ အဲဒါက အလတ်မင်းသမီးတစ်ပါးဖြစ်တဲ့ အထောလတ်ရဲ့ ကျောက်စာပါ၊ အဲဒီ ကျောက်စာရေးထိုးတဲ့ ခုနှစ်က ၁၁၆၅ ခုနှစ် ဖြစ်ပါတယ်၊ သူဟာ စည်သူတစ်ရဲ့ သမီးတစ်ယောက် ဖြစ်နိုင်ပါတယ်။ ဓမ္မရံကြီးဘုရားထဲမှာ ဒီကျောက်စာရှိနေတဲ့အတွက် ၁၁၆၅ ခုနှစ်မှာ ဘုရားကို တည်ဆောက်နေပြီလို့ တွက်ယူနိုင်ပါတယ်။ ဒီအတိုင်းဆိုရင် စည်သူတစ်ရဲ့ လက်ထက်မှာ တည်ဆောက် ခဲ့တာလို့ ကျွန်တော်တို့ ယူဆစရာအကြောင်း ရှိပါတယ်။ စည်သူတစ်ရဲ့ မပြီးသေးတဲ့ လုပ်ငန်းကို နရသူက ဆက်လုပ်တဲ့သဘောပေါ့။ ဒါပေမယ့် မြန်မာနိုင်ငံ သမိုင်းဌာနကတော့ ဒီဘုရားကို နရသူ ကွယ်လွန်ခါနီးမှာ တည်ခဲ့တယ်လို့ ယူဆထားပါတယ်၊ ၁၁၇၀ ခုနှစ်လောက်လို့ သူတို့ ခန့်မှန်းထားတယ်။ အတိအကျ ကျွန်တော်တို့ မသိနိုင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာက ခေါင်းတညိတ်ညိတ်နှင့် လက်ခံသွားသော်လည်း ကေသီက စောဒကတက်ချင်ဟန် ရှိ၏။ မေးချင်ရာမေးနိုင်ရန် ခွင့်ပြုသည့်အနေဖြင့် ကေသီ့ကို လှမ်း အကဲခတ်ကြည့်ခိုက်မှာ...

"တို့ ပြန်ကြမယ်၊ သဗ္ဗညုဘုရားဆီ သွားကြမယ်" ဟူသော ဒေါက်တာဝေ့(စ်)၏ လောဆော်ချက် ထွက်ပေါ်လာ၏။ ထို့ကြောင့် သူ ဒေါက်တာ နှစ်ယောက်ကြားမှ လိုက်လာခဲ့သည်။ ဖရောစတို့(စ်)က ကေသီနှင့် ရှေ့ဆင့် နောက်ဆင့် လှေကားသေးသေးကလေးများ အတိုင်း ဆင်းသွားနှင့်သည်။

သူ ညှော်ခန်းသို့ ဝင်သွားလျှင် သွားချင်း စားပွဲတွင် စာအုပ်များ ဘေးချလျက် စာရေးနေသော ကေသီကိုတွေ့ရသည်။ ကေသီက ဖိနပ်သံကြောင့် မော့ကြည့်၏။ မျက်လုံးနက်နက်ကလေးများ လက်ခနဲ တောက်ပသွားအောင်ပြုံးရယ်လိုက်၏။ ဖန်ချောင်း မီးရောင်အောက်မှ ကေသီ့ ပါးမို့ကလေးများ ပြောင်လက်နေသည်။

"ဟဲလို... မင်္ဂလာ ညနေခင်းပါ ကေသီ" သူ အင်္ဂလိပ်လို နှုတ်ဆက်တော့ ကေသီက နှာခေါင်းရှုံ့၏။ ထို့နောက် "မင်္ဂလာပါ"ဟု မြန်မာလို နှုတ်ဆက်လေသည်။ သူဘောင်းဘီဒူးဆစ် အထက်နားဆီမှ နည်းနည်းဆွဲမလျက် ကေသီ့ ရှေ့တွင် သေသပ်စွာ ဝင်ထိုင်လိုက်သည်။ ထို့ နောက် အိတ်ထဲမှ ကေသီ့ စာအုပ်ကို ထုတ်၍ ပေးလိုက်သည်။

"အလုပ်ရှုပ်နေသလား"





"ဟင့်အင်း... ရှုပ်တယ်လဲ မဟုတ်ပါဘူး ကိုမိုးဝေရယ်၊ ဒီအလုပ်နဲ့ ကျွန်မနဲ့ ရင်းနှီးကျွမ်းဝင်နေတာ ၂ နှစ် ရှိပါပြီ။ ဒီလိုပဲ ဟိုကျောက်စာ ဖတ်လိုက် ဒီကျောက်စာဖတ်လိုက် စာရေးလိုက်ပေါ့"

သူ ကေသီရေးနေသော စာအုပ်ကို ဇောက်ထိုးလှမ်းကြည့်၏။ ကျောက်စာ စာရင်းများကို တွေ့ရသည်။

"ကေသီရဲ့ သီးဆစ်(စ်)ခေါင်းစဉ်က ဘာလဲ"

"ပုဂံ ခေတ်ဦးနှင့် ခေတ်လယ်ပိုင်း မြန်မာ ကျောက်စာများ လေ့လာချက်"

"ဟာ... အကုန်လုံးလား"

"အကုန်တော့ ဘယ်ဟုတ်မလဲ၊ ကျောက်စာချပ်ရေ ကန့်သတ် ထားပါတယ်။ အားလုံး ၁၅ ချပ်လေ"

ပုဂံခေတ် အုပ်ချုပ်ရေး၊ တရားစီရင်ရေးနှင့် ဖြစ်လေ့ဖြစ်ထရှိသော အမှု ဟူသော ခေါင်းစဉ်ကလေးများ ခွဲထားသည်ကို တွေ့ရသည်။

"ကေသီ ပုဂံခေတ်မှာ ဖြစ်လေ့ဖြစ်ထရှိတဲ့အမှုဟာ တရားမမှုပဲလို့ ကိုယ်ထင်တယ်၊ ဟုတ်ရဲ့လား" သူ စကားမရှိ စကားရှာ၍ မေး လိုက်မိ၏။

ကေသီက မျက်ခုံးပင့်ကြည့်ရင်း သူမလက်ထဲမှ ဘောလ်ပင်နောက်ပိတ်ကလေးကို နှုတ်ခမ်းဖြင့် ခပ်ဖွဖွ ထိလိုမ့်လျက် "အင်း "ဟု ဖြေသည်။

"တရားမမှုတွေပေါ့၊ မြေမှုတွေပါပဲ၊ ကျွန်မ ပြုစုသမျှ ကျောက်စာတွေအရ ဆိုရင်ပေါ့လေ"

သူမ၏ ပါး၍ ပိတ်ဆည်းသော အသားရောင် အင်္ကျီပျော့ပျော့ ကလေးပေါ်တွင် ဆွဲကြိုး မျှင်မျှင်ကလေးကျနေပြီး မီးရောင်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



လက်ခနဲ လက်ခနဲ ဖြစ်နေသည်ကို သူ အမှတ်တမဲ့ ငေးမောမိလျက်သား ဖြစ်သွားသည်။ ထို့နောက် စာအုပ်ဆီသို့ မျက်နှာလွှဲလိုက်၏။

"ပုဂံလာတဲ့ လေးငါးရက်နဲ့ ကျောက်စာတွေ စုံမှာလား"

"အို... ကိုမိုးဝေကလဲ ပုဂံကို မလာဘဲတောင် ကျောက်စာတွေ စုံတာပဲ။ ကျောက်စာ ဓာတ်ပုံစာအုပ်ကြီးတွေ ရှိနေတာ ဥစ္စာ၊ ကျွန်မတို့ လိုအပ်တာ စာကြည့်တိုက် တစ်ခုပဲလေ၊ နောက်ပြီး ပြတိုက်ပေါ့။ ဒီကို လာရတာက ကျွန်မရဲ့ သီးဆစ်(စ်)ဟာ အင်စပီရေးရှင်းကောင်းကောင်းကလေးနဲ့ ပုဂံအငွေ့အသက်ကလေးတွေ လွှမ်းနေချင်လို့ ရှင့်"

"သြော်... သြော်" သူ အနည်းငယ် ပြုံးလိုက်လေသည်။

"နေကြာစေ့ စားပါဦး ကိုမိုးဝေ"

သူ မျက်နှာ ရှုံ့မဲ့သွား၏။

"ကိုယ် မစားတတ်ဘူး၊ သိပ်စိတ်ညစ်တဲ့ အလုပ်ထဲမှာ နေကြာစေ့စားတဲ့အလုပ် ပါတယ်၊ အချိန်သိပ်ကုန်တယ်လို့ မထင်ဘူးလား ကေသီ"

"အိုး... ဘာအချိန်မှ မကုန်ပါဘူး၊ကျွန်မ ညာလက်က စာရေးတယ်၊ မျက်စိက စာအုပ်တွေကို ယှဉ်ကြည့်သွားတယ်၊ ဘယ်လက်နဲ့ ပါးစပ်နဲ့က နေကြာစေ့စားတဲ့ အလုပ်ကို လုပ်တယ်လေ။ ဘယ်မှာ အချိန်ကုန်လို့လဲ"

သူ အသံထွက် ရယ်မောလိုက်တော့သည်။

"ကောင်းပါပြီ၊ ဒါပေမယ့် ကျေးဇူးတင်ပါတယ် မစားပါရစေနဲ့၊ ဒါနဲ့ စည်သူရော"





"ကျွန်မ အလုပ်ရှုပ်နေတာကို အခွင့်ကောင်းယူပြီး ထွက်သွားပြီလေ၊ ည ရှစ်နာရီလောက်ကတည်းက ထွက်သွားတာပဲ၊ အခုတောင် ကိုးနာရီ ထိုးတော့မယ်။ ဘယ်ရောက်နေမယ်လို့ ရှင် ထင်လဲ"

"ဟာ... ဘယ်ထင်တတ်မလဲ၊ ဘာလဲ လိုက်ရှာပေးရဦးမှာလား"

"ဟင့်အင်း... မရှာပါနဲ့၊ သူ ပြန်လာပါလိမ့်မယ်"

သူတို့နှစ်ယောက် စကားပြောစရာ မရှိတော့သလို တိတ်ဆိတ် ငြိမ်သက်သွားကြ၏။ သူက မျက်နှာချင်းဆိုင်မှ ကေသီ့ကို ငေးမောနေမိသလို ကေသီကလည်း သူ့ကို ငေးကြည့်နေတာ သတိထားမိသည်။ သူ အနည်းငယ် ခွေးစိုလာ၏။ အနေရ အထိုင်ရ ခက်လျက်ရှိသည်။ ငါလာရင်းကိစ္စပြီးပြီပဲ၊ ပြန်သွားသင့်ပြီနဲ့တူပါရဲ့၊ သို့သော် သူ မပြန်ချင်သေးမှန်း သူ ကိုယ်သူ သိသည်။ ဘာစကားပြောရရင် ကောင်းမလဲ။

"ကိုယ် အဲဒီစာအုပ်ထဲက ဦးကျော်ငြိမ်းရဲ့ ဆောင်းပါးကို သူတို့ကို အသေအချာပြတော့ သူတို့ သိပ်စိတ်ဝင်စားသွားကြတယ်။ ပုဂံခေတ် ကြွေထည်မြေထည်စက်ရုံ ဆောင်းပါးလေ"

"သြော်... အင်း၊ ကျွန်မ နည်းနည်းပါးပါး ဖတ်လိုက်ပြီးသားပါ။ ဘယ်လောက် တော်လိုက်ကြသလဲနော်။ ဟိုးရှေးနှစ်ပေါင်းများစွာကတည်းက လက်မှုပညာ အလွန်ထူးခြားခမ်းနားတဲ့ နိုင်ငံတစ်ခုဟာ အခုဆိုရင် သူများ နိုင်ငံထက်မသာရင်တောင် နိမ့်မနေသင့်ပါဘူး"

"အင်း... ဒါကတော့"

မပြောသင့်သည့်စကားကို ပြောဖြစ်တော့မည်ဆဲဆဲ သူ စကားကို တိုးလိုးတန်းလန်း ရပ်ထားလျက် ဖတ်ခဲ့ရသော [illegible]



www.burmeseclassic.com

www.burmeseclassic.com



ကို ပြန်စဉ်းစားနေလိုက်သည်။ အပူချိန် ၃၅၀ ဒီဂရီစင်တီဂရိတ်မှ ၁၀၅၀ စင်တီဂရိတ်အတွင်းတဲ့။ ဖြစ်နိုင်စရာ ပင်မရှိပါ။ စဉ့်ပထိုးတို့၊ ငကြွေနားဈေး ဘုရားတို့ဟာ ဟိုးတုန်းကဆို ဘယ်လောက်များ လှလိုက်မလဲ။

"ဩော်... ဒါနဲ့ ကိုမိုးဝေ၊ မနက်ဖြန် မနက် ရွှေမှုဓာကြီးဘုရားကို သွားမယ်ဆို၊ ကြားလိုက်မိသလားလို့"

"ဟုတ်တယ် မနက်ခင်းပေါ့။ ကေသီတို့ လိုက်မယ် မဟုတ်လား"

"လိုက်ခဲ့မယ်လေ မခွဲခင်၊ ခွဲခွာခါနီး ဆုံဆည်းခြင်းပေါ့"

ကေသီ့ စကားကြောင့် ရင်ထဲမှာ တစ်မျိုးဖြစ်သွားသည်။ တစ်စုံတစ်ရာကို ဆုံးရှုံးရသလို ခံစားမှုမျိုး၊ မာမီ ကနေဒါ နိုင်ငံသို့ သွားခါနီး ခံစားချက်မျိုးနှင့် ဆင်တူသည်။ အဲသည်လောက်တော့ နက်ရှိုင်းမှုရှိဟန် မတူပါဘူးလေ။ သူသည် သူ့ ခံစားမှုကို ဖော့၍ တွေးလိုက်သည်။

ကေသီ့လိပ်စာကို မတောင်းမိအောင် ကြိုးစား အားတင်းလိုက်၏။ ဘာလုပ်မှာလဲ၊ ဒါ အပိုအလုပ်တွေပါ။ နောက်ပြီး သူ မိန်းမတစ်ယောက်၏ လိပ်စာကို ( အလုပ်ကိစ္စကလွဲ၍) ဘယ်တုန်းကမှ မတောင်းခဲ့ဘူးပါ။

သူသည် သာစည်ဘူတာသို့ လိုက်ပို့မည့် မြန်မာ့ဟိုတယ်နှင့် ခရီးသွား၌ာန ဟီးနိုးကားပေါ် ရောက်သည်နှင့် တစ်ပြိုင်တည်း ကေသီတို့ မောင်နှမကို မေ့သွားမည့်သူသာ ဖြစ်ကြောင်း ကိုယ့်ဟာကိုယ် သိသည်။

"ကျွန်တော် ဆေးလိပ်သောက်မယ်နော်"





"အို... သောက်ပါ ရပါတယ်။ ရှင် တော်တော် စီးကရက်သောက်တာပဲနော်"

"ဟုတ်တယ်၊ ဘာဖြစ်လို့လဲ"

သူ စီးကရက် မီးညှိပြီး မီးခြစ်ကို အင်္ကျီအိတ်ထဲ ပြန်ထည့်လိုက်၏။

"ဩော်... သိပ်သောက်လွန်းတော့ ဘယ်ကောင်းမလဲ"

လာပြီ။ မိန်းမတွေဟာ သူတို့ခေါင်းထဲမှာ တစ်စုံတစ်ယောက် ကို ဆရာလုပ်ဖို့၊ ချုပ်ချယ်ဖို့ကို အမြဲ စဉ်းစားနေကြတာပဲ။

"ဘယ်လို မကောင်းတာလဲ"

"အိုး ရောဂါရတာပေါ့ရှင့် "

"အဆုတ်ကင်ဆာလား"

"ကျွန်မတို့ ဖျဉ်းမနားမှာ အသိတစ်ယောက် ခြေထောက်ပုပ်တဲ့ ရောဂါနဲ့ သေသွားတယ်။ ခြေမ ခြေဖျားက စပြီး တဖြည်းဖြည်း သွေးကြောပိတ်လာတာတဲ့။ သူ နည်းနည်းချင်း ဖြတ်ရတယ်။ ပေါင်လဲ ဖြတ်ပြီးရော၊ သေရော"

"အဲဒါ ဘာဖြစ်လဲ"

သူ ကေသီ့ကို စနောက်ချင်လာပြန်၏။

"အိုး ရှင် သိပ်မတုံးစမ်းပါနဲ့ရှင်။ အဲဒါ စီးကရက် သိပ်သောက်လွန်းလို့ ဖြစ်တာတဲ့"

"စီးကရက်သောက်တဲ့ လူတစ်သောင်းမှာ တစ်ယောက်လောက်ဖြစ်တဲ့ ရောဂါမျိုးနဲ့ လာမခြောက်စမ်းပါနဲ့ကွာ။ အဲဒီတစ်သောင်းထဲမှာ အလွန်မတန်ရှားပါးစွာဖြစ်တဲ့ တစ်ယောက်က ကိုယ်ဖြစ်နေရင် ဒါ ကိုယ် ကံဆိုးလွန်းလို့ပဲပေါ့။ ဒီလောက်မှ ကံဆိုးရင် သေပေါ့ ကေသီရဲ့၊ မကြောက်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘေးအန္တရာယ်ရှိနေတဲ့ စွန့်စားမှုမျိုးကို လုပ်တာနဲ့တရင် ဘေးထွက်နေရတာက ကိုယ့်အတွက် မလုံခြုံဘူးလား ကိုမိုးဝေရယ်"

"ဩော်... ဒါကတော့ လူ့ဘဝကြီးထဲမှာ အဲဒီစွန့်စားမှုမျိုးတွေရှိနေလို့ လူတွေပျော်နေကြတာပဲ။ ဒီRisks ဆိုတာတွေ မရှိရင် ကိုယ်တို့ကမ္ဘာလောကကြီးဟာ ဘယ်လောက် သမားရိုးကျနိုင်လိုက်မလဲ၊ ဒါကော ကေသီတွေးမိရဲ့လား"

"တော်ပြီ၊ ရှင့်ကို ကျွန်မ အရှုံးပေးတယ်"

ကေသီ သူ့ထံ လိပ်စာတောင်းလျှင် ကောင်းမှာပဲဟု တွေးနေမိ၏။ ဘယ် ဖြစ်မလဲ၊ သူက မိန်းမပဲ၊ နောက်ပြီး ဒီမိန်းမ ငါ့ကို သူ့ကျောက်စာတွေလောက် စိတ်ဝင်စားတာ မဟုတ်ပါဘူး။ မိုးဝေသည် သူ့အိတ်ထဲမှာ 'Visiting Card' ကလေးထည့်ထားသည်။ ကေသီ သို့မဟုတ် စည်သူ (စည်သူက ပို၍ ဖြစ်နိုင်သည်) လိပ်စာတောင်းလျှင် ပေးဖို့။ သို့သော် ကေသီက လုံးဝ စကားမစပ်ပေ။ သူက စ၍ ပေးလိုက်ဖို့လည်း မကောင်းတတ်ဘူးထင်သည်။

အင်း... သည်လိုနှင့်ပင် သူတို့နှစ်ယောက် ခွဲရမည်။

နောက် သုံးလေးလ၊ အလွန်ဆုံး ခြောက်လ ကြာလျှင် သူ မြန်မာနိုင်ငံက ထွက်သွားတော့မည်။ သူတို့သည် တစ်လမ်းစီ သွားကြသူများဖြစ်ပြီး နောက်ထပ် ဆုံဆည်းရန် အကြောင်းမရှိချေ။ အကြောင်းရှိရန်လည်း မကြိုးစားသင့်ဟု သူ ထင်သည်။

ကေသီ၏ ပန်းနုရောင်ပြေးနေသော နှုတ်ခမ်း စိုစို ဖောင်းဖောင်း ကလေးကို သူ ငေးကြည့်ကာ ပင့်သက်တစ်ချက်ကို တိုးညင်းစွာ မှိုက်လိုက်၏။ ငါ ပြန်မှဖြစ်မယ်။





"ကိုယ်သွားမယ် ကေသီ"

မြုန်းခနဲ ထရပ်ကာ လှည့်ထွက်လာခဲ့သည်။ နောက်ကို လုံးဝ ပြန်လှည့်မကြည့်ခဲ့ချေ။ ကေသီကလည်း ယဉ်ကျေးဖွယ်ရာစွာ ဆိုင်ရာမှ ထပေးမည့်သူ မဟုတ်မှန်း သူ သိသည်။

၉၉ ၉၉ ၉၉



www.burmeseclassic.com

www.burmeseclassic.com



ပုဂံက ပြန်လာကတည်းက သူ အစစ အရာရာ အယောင်ယောင် အမှားမှားတွေ ဖြစ်နေခဲ့သည်။ ဤသုံးလေးရက်အတွင်း မိုးဝေ၏ နေ့စဉ်အချိန်ဇယားထဲတွင် ဆေးလိပ်သောက်ရင်း ကေသီ့ကို သတိရနေသော အချိန်များက နေရာယူလာတတ်၏။

ဘတ်စ်ကားပေါ်တွင် ဟိုတွေးသည်တွေးနှင့် ပန်းဆိုးတန်း မှတ်တိုင်ကို တစ်ခါကျော်သွားဖူးပြီ။ နံနက် ကော်ဖီသောက်ချိန်တွင် ကေသီနှင့်မျက်နှာချင်းဆိုင်ထိုင်၍ လက်ဖက်ရည်ဆိုင် ထိုင်ခဲ့ရဖူးသော ပုဂံ နံနက်ခင်းတစ်ခုကို သတိရတတ်ပြီ။ ညအချိန်များတွင် စာကို အာရုံစိုက်ကြည့်လျက်က အာရုံစိုက်၍မရဘဲ ကေသီ၏ မျက်ဝန်း နက်နက်လေးများကို မြင်ယောင်လာတတ်ပြီ။ စိတ်အပြောင်းအလဲ ဖြစ်အောင်ဟု စာအုပ်ကို ချထားလျက် ( တစ်ခါတစ်ရံ စိတ်မတည်ငြိမ်လျှင် ပြုလုပ်နေကျ အလုပ်ဖြစ်သော) ပြင်သစ် သတင်းဌာနက အသံလွှင့်အစီအစဉ်ကို နားထောင်ဖို့ ကြိုးစားကြည့်သည်။ ခါတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ဆိုလျှင် လိုင်းတို့ ၂၅ မီတာအတွင်း ဖျတ်ခနဲဖမ်းမိလျက် မီတာထိုး တိကျစွာညှိဖို့ အလွန်လွယ်ကူ၏။ သည်တစ်ခါတော့ လက်များ အနည်းငယ် တုန်ယင်သလိုဖြစ်ကာ စိတ်လှုပ်ရှားထိခိုက်စွာဖြင့် တော်တော်နှင့် ဖမ်းမရဘဲ ရှိသည်။ ဖမ်းမိပြန်တော့လည်း ပြောနေသည့် စကားလုံးများအပေါ် ဘယ်လိုမှ အာရုံစိုက်၍ မရ။

သူ့မှတ်စုထဲမှ ပြင်သစ်စာကြောင်းများစွာကို အမှတ်တခဲ့ မြင်ပြီးသွားသည့်နောက် ကေသီပြောခဲ့သော စကားကို သူ သတိရနေပြန်သည်။

"အို... ရှင်က ဂျာမန်စာတင်မဟုတ်ဘဲ ပြင်သစ်စာလဲ တတ်သလား" ဟု သူမ တအံ့တသြမေးခဲ့ဖူး၏။ သူသတိရသလောက်တော့ မင်းနန်း ဦရှာ၊ သမ္မုလဘုရားထဲမှာနှင့် တူသည်။ နံရံပေါ်က မင်စာများကို သူ့ မှတ်စုထဲကူးထားသော မင်စာများနှင့် တိုက်၍ ဖတ်ကြည့်နေတုန်းက၊ ကေသီ သူ့ မှတ်စုကို လိုက်ကြည့်နေခဲ့တုန်းက...

"ဟာ... နည်းနည်းပါးပါးပါ ကေသီ၊ ကိုယ့်အလုပ်က ဒီလောက်မှ မသိရင် မကောင်းလို့ပါ" ဟု သူ ပြန်ပြောတော့ ကေသီက တစ်ချက် ရယ်ကာ...

"အင်း... ပြင်သစ်စကားထဲမှာ ကျွန်မသိတာ တစ်မျိုးတည်းပဲရှိတယ်" ဟု ကလေးသဖွယ် ခေါင်းကိုငုံ့ကာပြောသည်။ သူ စိတ်ဝင်စားသွား၏။

"ဟုတ်လား၊ ဘာစကားလဲ"

"နှုတ်ဆက်စကားလေ 'အော်ဗွား' ဆိုတဲ့ စကားပေါ့"

ကေသီသည် သူတို့ပြန်သည့်နေ့က စက်ဘီးချင်း ခွဲကြခါနီးတွင် သူတို့အားလုံးအား လက်မြှောက်ပြလျက် 'အော်ဗွား' ဟု ပြုံးချိုစွာ နှုတ်ဆက်သွားခဲ့သည်။





သူ ထိုစကားလေးကို မကြာခဏ သတိရသည်။ သူ မတွေးချင်သောကြောင့် စိတ်ကို မကြာခဏ ထိန်းချုပ် ကြည့်၏။ မရချေ။

သူ့စိတ်ကိုသူ ဘယ်လိုမှ ချုပ်တည်း၍ မရသောအခါ သူ စိတ်လျှော့လိုက်သည်။ တွေးစမ်းပါကွာ၊ မိန်းမတစ်ယောက်အကြောင်း တွေးတယ်ဆိုတာ အလွန် ထူးဆန်းပြီး အလွန်နှစ်သက်ဖို့ ကောင်းတဲ့ အလုပ်ပဲ။

သူမ၏ ဆန်းပြားသော ခေတ်နောက်ကျသော ဆင်ယင်ထုံးဖွဲ့မှုကို အသေးစိတ် မြင်ယောင် နေခဲ့သည်။ ကွင်းတပ်ကြယ်သီးကလေးများ၊ အညိုရောင် ကန့်ကမာပြားဝိုင်းကလေးများ၊ ဖန်ကြယ်သီးအကြည်ကလေးများ။ တံထောင်ဆစ်ဖုံးသော လက်ပွပွ ရင်ဖုံးအကျႌအရောင်အနုကလေးများ။ ယော၊ ချိတ်၊ ဇင်းမယ် လုံချည်များ၊ ကျောက်စာကို ထောက်၍ ဖတ်ကြည့်နေသော လက်ချောင်း သွယ်သွယ် ဖြူဖြူကလေးများ။

သူ မိန်းမ တစ်ယောက်ကို သည်မျှသတိရတတ်လိမ့်မည်ဟု မထင်ပေ။

ယနေ့ သူသည် သူ့ ဘဝမှာ တစ်ခါမှ မလုပ်ဘူးသော အလုပ်ကို ပထမဆုံးအကြိမ် လုပ်မိသည်။

ရုံးခန်းရောက်ကတည်းက ပညာရပ်ဆိုင်ရာ စာအုပ် လုံးဝ မဖတ်ဘဲ အချစ်နှင့် ပတ်သက်သော စာအုပ်တစ်အုပ်ကို ဖတ်နေခြင်း ဖြစ်သည်။

အီရစ်ချ်ဖရွမ်း၏ 'ချစ်ခြင်း၏ အနုပညာ' ဟူသော စာအုပ် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



စီးကရက်ကို သောက်လိုက် တစ်လိပ်ကုန်သွားလျှင် ပြာခွက်ထဲ ထိုးခြေလျက် အသစ်တစ်လိပ် ညှိလိုက် စာအုပ်ဖတ်လိုက်နှင့် ဘာကိစ္စကိုမှ ခေါင်းထဲမထည့်ဘဲ နေလိုက်သည်။

"ကိုဝေ ဒီနေ့ ကိုဇော်က သုံးယောက် ထမင်းဆုံစားမယ်တဲ့ ကိုဝေ ဘယ်မှ သွားစရာ မရှိဘူး မဟုတ်လား"

"ဩော်... အေး"

သူ သက်မြင့်ထွန်းကို တစ်ချက်သာ လှမ်းကြည့်လျက် စာအုပ်ဆီ ပြန်အာရုံစိုက်လိုက်သည်။

"အချစ်သည် အနုပညာတစ်ခု ဖြစ်သလား၊ ဤသို့ ဆိုလျှင် အချစ်သည် အသိဉာဏ်နှင့် အင်အားစိုက်ထုတ် ကြိုးပမ်းမှုကို လိုအပ်သည်။ သို့မဟုတ် အချစ်သည် ၎င်းကို တွေ့ကြုံရဖို့ ကံကြမ္မာ၏ ကိစ္စတစ်ခုသာ ဖြစ်သော စိတ်ကြည်နူးဖွယ်ရာ အာရုံခံစားမှုတစ်ခု ဖြစ်သလား။ တစ်စုံ တစ်ယောက်သည် ကံကောင်းထောက်မလျှင် ထို အချစ်ထဲသို့ ကျရောက်နိုင်ပါသလား။ ဤ စာအုပ်သည် ရှေ့က အဆိုကို အခြေခံထားပါသည်"

ထိုအစပိုဒ်ကစ၍ သူ့ကို ဆွဲဆောင်ခေါ်သွားသည် ဖြစ်ရာ သူသည် အနီးတွင် ကိုခင်မောင်ဇော်ရော၊ သက်မြင့်ထွန်းရော ထိုင်နေကြသည်ကို သတိမပြုမိပေ။

'အကယ်၍ ကျွန်ုပ်တို့သည် မည်ကဲ့သို့ ချစ်ရမည်ဟု သင်ယူတတ်မြောက်လိုပါလျှင် အခြား အနုပညာတစ်ခုကို သင်ယူ လေ့လာသကဲ့သို့ လိုအပ်သည်များကို အတူတူ ဆက်လက်ဆောင်ရွက်ရမည်။ ဥပမာ... ဂီတ၊ ပန်းချီ၊ လက်မှု အတတ် သို့မဟုတ် ဆေးပညာနှင့် စက်မှုပညာဆိုင်ရာ အနုပညာများ ကဲ့သို့ပင် ဖြစ်သည်။'





သူ့ကို စိတ်ဝင်တစားကြည့်နေကြသော ဘေးက လူနှစ်ယောက်ကို သူ လုံးဝသတိမပြုမိပေ။ ကိုခင်မောင်ဇော်သည် မြန်မာ့ဟိုတယ်နှင့်ခရီးသွားဌာနမှ အသိတစ်ယောက်နှင့် တယ်လီဖုန်း ပြောနေစဉ်တစ်လျှောက်လုံး မိုးဝေကို အကဲခတ်ကြည့်လျက်ရှိသည်။

မိုးဝေသည် သူ ရုံးလာတိုင်း သိပ်ဝတ်လေ့မရှိသော ဘောင်းဘီကို ဝတ်လာသည်။ ဘောင်းဘီပုံစံကလည်း လူကြီးလူကောင်းဝတ်သည့် ဘောင်းဘီမဟုတ်။ ဖိနပ်၏ အထက်ခြေချင်း ဝတ်ဆီတွင် သိမ်၍သွားသော အပေါ်ပိုင်း ခပ်ပွပွ ဂျင်းဘောင်းဘီ အပြာဖျော့ဖျော့ဖြစ်သည်။ ရှပ်အင်္ကျီဝတ်ရမှာ အလွန်အလုပ်ရှုပ်သည်ဟု ခဏခဏ ညည်းလေ့ရှိသည့်အတိုင်း အဖြူရောင်စပို့ရှပ်ကို ဝတ်ထားသည်။

ရုံးသို့ မိုးဝေ နောက်အကျဆုံး ရောက်သည်။

ရောက်ရောက်ချင်း သူတို့ကို ပြုံး နှုတ်ဆက်ပြီး နှင်းဆီပန်းအိုးကို တစ်ချက်ကြည့်လျက် "သိပ်လှတဲ့ပန်းတွေပါလား" ဟု စိတ်လိုလက်ရ ပြောသည်။ ကိုခင်မောင်ဇော်နှင့် သက်မြင့်ထွန်း တစ်ယောက်ကိုတစ်ယောက်ကြည့်၍ ပြုံးလိုက်ကြ၏။

ဘယ်တုန်းကမှ ပန်းအိုးကိုလှသည်ဟု မပြောဘူးသော မိုးဝေသည် အနည်းငယ် ရှူးတိုးရှန့်တန့် ဖြစ်နေသည်ဟု သူတို့ ထင်သည်။

သူတို့ ထမင်းစားရန် သင့်တော်ပြီဟု သတ်မှတ်သော အချိန်အထိ မိုးဝေ စာအုပ်မှ မျက်နှာမခွာသေး။

"မိုးဝေ တို့ ထမင်းသွားစားဖို့ အချိန်ရောက်ပြီ"

ကိုခင်မောင်ဇော်၏အသံကိုကြားမှ ကမန်းကတန်း မော့ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

သူသည် ရောက်နေသော စာမျက်နှာကို 'Visiting Card'တစ်ခုဖြင့် ညှပ်၍ပိတ်လိုက်သည်။ သူ ဖတ်လက်စ စာကြောင်းများသည် သူ့ ကို ဒုက္ခပေးလျက်ရှိ၏။

'မရင့်ကျက်သူတို့၏ အချစ်သည် ဤကဲ့သို့ပြော၏ (ကျွန်ုပ်သင့်ကိုချစ်သည်၊ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်သင့်ကို လိုအပ်သောကြောင့် ဖြစ်သည်)'

'ရင့်ကျက်သူတို့၏ အချစ်သည် ဤကဲ့သို့ပြော၏ (ကျွန်ုပ်သင့်ကိုလိုအပ်သည်၊ အဘယ်ကြောင့်ဆိုသော် ကျွန်ုပ်သင့်ကို ချစ်သောကြောင့် ဖြစ်သည်)' တဲ့။ တော်တော် ကြောင်တဲ့ စကားလုံးတွေပါလား။

သူ မတ်တတ်ရပ်လိုက်ပြီး စာအုပ်ကို အိတ်ထဲသို့ ထည့်လိုက်၏။

ကျိုင်းတုံစားသောက်ဆိုင်သို့ သွားရာ လမ်းတစ်လျှောက်တွင် သူသည် တိတ်ဆိတ်ငြိမ်သက်စွာ ပါလာသည်။ ကိုခင်မောင်ဇော်က မေးခွန်းတစ်ခုမေးတာကို သူ မကြားချေ။ သူ တွေးနေသည်က ယခုအချိန်တွင် မန္တလေး ပြန်ရောက်နေမည်ဖြစ်သော ကေသီ၏အကြောင်း။

သူ့ ပခုံးကို ကိုဇော်က ခပ်ပြင်းပြင်းတစ်ချက်ပုတ်လျက်...

"ဟ... ကိုဝေ၊ မင်းကိုမေးနေတာကွ" ဟု ပြောကာမှ သူကြားသည်။

"ဟင်... ဘာလဲ၊ ကျွန်တော်မကြားလိုက်ဘူး" သူတို့နှစ်ယောက် ကျယ်လောင်စွာ ရယ်မောလိုက်ကြ၏။





"ပေါလ်စထရပ်ဂင်ရဲ့ ပုဂံစာအုပ် အသစ်ထွက်ပြီလားလို့ မေးနေတာ"

သူ အနည်းငယ် ရှက်သွား၏။

"ဪ... ထွက်ပြီနဲ့တူတယ်၊ ကျွန်တော် နေ့လယ် ဦးဘကြည်ဆိုင်ရောက်ရင် မေးလိုက်ပါမယ်"

သူတို့သုံးယောက်ထဲတွင် စာအုပ်ဆိုင်သို့ ဒိုင်ခံသွားသူမှာ မိုးဝေတစ်ယောက်သာရှိသည်။

စားသောက်ဆိုင်တွင် ဟင်းများ မှာပြီးသည့်နောက် သက်မြင့်ထွန်းနှင့် ကိုခင်မောင်ဇော်က မိုးဝေ ပုဂံ ရောက်နေစဉ် သူတို့နှစ်ယောက် တွေ့ကြုံရဟန်တူသည့် မိုးဝေ မသိသော အဖြစ်အပျက်များကို ပြောရင်း ရယ်မောနောက်ပြောင်နေကြသည်။ မိုးဝေက ခပ်ငေါင်ငေါင် ထိုင်လျက် စီးကရက်ကိုသာမဲ၍ ဖွာရှိုက် နေလိုက်သည်။

သူ စဉ်းစားနေသည်မှာ တစ်ခုတည်းဖြစ်၏။

အချစ်သည် အချိန်ပြည့် အလုပ်ရှုပ်နေသော လူတစ်ယောက်၏ဘဝထဲသို့ ဘယ်လိုပုံစံမျိုးဖြင့် ဝင်ရောက် လာနိုင်ပါသနည်း။

ပုဂံပြန်လာကတည်းက သူ့တွင် တစ်စုံတစ်ခု လိုအပ်နေသည်ဟု ခံစားရပြီး ထို တစ်စုံတစ်ခုမှာတော့ ဘာမှန်းမသိ။

ကေသီ၏ ညှို့ယူတတ်သော မျက်နက်ဝန်းကလေးတွေလား၊ သို့မဟုတ် သူမ၏ ဂန္ထဝင်ဝတ်စုံနှင့် ဘယ်လိုမှတွဲဖက်၍ မရသော တစ်လက်မခွဲ နှစ်လက်မခန့် မြင့်နိုင်သော ပင်နံဆယ်လ်ဟီးလ်ကလေးတွေလား၊ သို့မဟုတ် ကေသီ့ ရင်ဖုံးအင်္ကျီမှ တစ်နေ့တစ်မျိုး ပြောင်းလဲတပ်ဆင်လာသော ကွင်းတပ် ကြယ်သီးကလေးတွေလား၊ သို့မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ဝါညက်အက်ကွဲသော ကေသီ၏ ရယ်မောသံကလေးလား။ စက်ဘီးနင်းစဉ် ထဘီတိုတို၏အောက်မှာ ရင်ခုန်ဖွယ်ရာ မြင်နေရသော ဝင်းမွတ်ပြေလျှောသည့် ခြေသလုံးကလေးတွေလား။

သူ ဆုံးဖြတ်ချက် ချလိုက်၏။

"ကိုဇော် ကျွန်တော် တစ်ခုမေးချင်တယ်"

ကိုဇော်က မျက်ခုံးပင့်ကြည့်၏။ သူ အနည်းငယ် အားယူပြီး ပြုံးပြလိုက်သည်။

"ဟိုဟာလေ၊ လူတစ်ယောက်ဟာ မိန်းမတစ်ယောက်ကို ချစ်နေပြီလို့ သတ်မှတ်ဖို့ ဘယ်အချက်အလက်တွေနဲ့ ပြည့်စုံရမလဲဟင်"

"အိုး... ဂေါ့ဒ်" ကျယ်လောင်စွာ အော်ဟစ် ရယ်မောလိုက်သူမှာ သက်မြင့်ထွန်း ဖြစ်သည်။ သူ ထူးဆန်းစွာပင် ဒေါသမထွက်ဘဲ ရှက်ရယ် ရယ်လိုက်မိသည်။ ကိုခင်မောင်ဇော်ကတော့ သူ့ကို မပြုံးမရယ် ငေးမော စိုက်ကြည့်နေ၏။

သူသည် စီးကရက်ကို လက်မှာကိုင်ထားလျက်က မေ့လျော့ကာ မရှိုက်မှာမိဘဲ စိုက်ငေးနေလေသည်။ သူတို့ ထမင်းဝိုင်းကလေး ခဏငြိမ်သက်သွား၏။ စကား စပြောသူမှာ ကိုခင်မောင်ဇော်ဖြစ်သည်။

"တော်တော်ကြောင်တဲ့ မေးခွန်းပဲ၊ ဒါပေမယ့် ဖြေဖို့လဲ တော်တော်ခက်မှာပဲ၊ ဘာဖြစ်လို့ ဆိုတော့ ဒါဟာ အချစ်ရဲ့အဓိပ္ပာယ်ကို ဖွင့်ရမယ့် မေးခွန်း ဖြစ်နေတာကိုး၊ နေဦးကွ မင်းကို ငါ မေးခွန်း ထပ်မေးရလိမ့်မယ်၊ မင်းမှာ လောလောဆယ် ခံစားချက်တစ်ခုခုတော့ ရှိနေရမယ်၊ ရှိသလား"

"အင်း ရှိတယ်၊ အဲဒါကတော့ စိတ်ညစ်နေတာပဲ"

"ဘာကို စိတ်ညစ်နေတာလဲ"





သူ စဉ်းစားလိုက်သည်၊ ငါ ဘာကို စိတ်ညစ်နေတာပါလိမ့်။

"သူ့ကို မေ့လို့မရတာ၊ အဲဒါကို စိတ်ညစ်နေတာပဲ၊ အမြဲလိုလို သတိရနေတာ... အဲဒါ..."

"ကိုဝေ မေ့လို့မရတာ အချစ်မဟုတ်ဘူးဗျ" သက်မြင့်ထွန်းက ဝင်ပြောသည်။ သူ သက်မြင့်ထွန်းကို ပထမဦးဆုံးအကြိမ် အားကိုးတကြီး ကြည့်လိုက်၏။

"ဟုတ်တယ်ဗျ၊ လူတစ်ယောက်ကို နာကြည်းရင် အခဲမကျေရင်လဲ မေ့မရဘူးဗျ"

"ဟာကွာ၊ ဟော့ကောင် စကား ကောင်းကောင်း ပြောစမ်း" ကိုဇော်က ဝင်ဟန့်တော့မှ သက်မြင့်ထွန်း ပြုံးဖြဲဖြဲဖြင့် ငြိမ်သွားသည်။

"နေဦး မိုးဝေ၊ အမြဲလိုလို သတိရနေတာဆိုတာ ဘယ်လောက် ကြာပြီလဲ"

"အဲ... လေးရက်"

"ဟိုက်..." သက်မြင့်ထွန်း၏ အာမေဋိတ်သံက လိုအပ်သည်ထက် ပို၏။ သူ ရှည်လျားနေပြီဖြစ်သော စီးကရက်ပြာတောင့်ကို ဆတ်ခနဲ ခြွေပစ်လိုက်ပြီး အနည်းငယ် ပြုံးနေမိသည်။

ကိုဇော်၏ ခပ်တည်တည် မျက်နှာမှာ တဖြည်းဖြည်း ပြုံးလာ၏။

"သူ့ကို စ သိတာ၊ တွေ့တာကော ဘယ်လောက်ကြာပြီလဲ"

သူ ရက်များကို တွက်ကြည့်၏။ ပုဂံကို ရောက်သည့်ည၏ နောက်နေ့ ပထမဦးဆုံး အပြင်ထွက်သည့် နေ့၊ ပုဂံမှာ လေးရက်။

"ရှစ်ရက်ပေါ့"

"အိုး... ဂေါ့ဒ်" သည်တစ်ခါတော့ သက်မြင့်ထွန်းသာမက တော့ဘဲ ကိုဇော်ကပါ လိုက်၍ ရယ်မောလေတော့သည်၊ သူ



www.burmeseclassic.com

www.burmeseclassic.com



ရှက်သွားသည်။ ပါးပြင်များ နွေးခနဲ ပူသွား၏။ စိတ်လည်းတိုသွား၏။

"ဒါသိပ်များ ရယ်စရာ ကောင်းနေသလား"

"ဟာ ရယ်စရာပေါ့ မိုးဝေရ၊ တွေ့တာ ရှစ်ရက်ပဲရှိသေးတယ်၊ လေးရက်က သူ့ကို မေ့မရဘူးဆိုတော့ ဒီဟာအချစ်ဆိုရင် တော်တော် ပြင်းအားများတဲ့ အချစ်ပဲ"

သူ စီးကရက်ကို တအားရှိုက်ပစ်လိုက်ပြီး လက်တစ်လုံးလောက် ကျန်နေလျက်သားနှင့် ပြာခွက်ထဲသို့ အပြုံးတကြီး ဖိခြေပစ်လိုက်သည်။

"ဒါဖြင့် မင်း အခုတစ်ခေါက် ခရီးမှာ တွေ့ခဲ့တာပေါ့နော်"

"ဟုတ်တယ်"

"သူက ဘယ်မှာနေတာလဲ"

"မသိဘူး"

"ဘာ"

"မသိဘူးဆိုတာ သူ့ ဇာတိမြို့ကို မသိဘူးလို့ ပြောတာ။ အဲ... ဒါပေမယ့် သူ ကျွန်မတို့ ပျဉ်းမနားမှာလို့ ပြောဖူးတယ်၊ ပျဉ်းမနားသူ ဖြစ်ချင် ဖြစ်မှာပေါ့။ ဒါပေမယ့် သူ့ အလုပ်ကို သိတယ်။ သူက မန္တလေးတက္ကသိုလ်မှာ ကျူတာလို့ ပြောတယ်"

"မင်းကို လိပ်စာပေးသလား"

"မပေးဘူး"

သက်မြင့်ထွန်းက ရယ်သံစွက်လျက် "လိပ်စာ မပေးဘူးဆိုရင် သူ့ ဘက်ကအခြေအနေ ဒီပ်မကောင်းဘူးကိုဝေ" ဟုညည်း၏။ သူ မချိပြုံး ပြုံးလိုက်သည်။

"ဒါပေမယ့် မင်းလိပ်စာတော့သူ့ကို ပေးခဲ့တယ် မဟုတ်လား"





"မပေးဘူး"

"ဟိုက်..." သက်မြင့်ထွန်းကညည်းရုံတင်မကဘဲ နဖူးပေါ်လက်ဝါးဖြင့်ရိုက်လျက် "သေလိုက်စမ်းပါကိုဝေရာ" ဟု ရယ်မောပြန်လေသည်။

"ဒါဆို မင်းတို့ဇာတ်လမ်းက ပြတ်နေပြီပေါ့ကွ၊ တစ်ယောက်ကို တစ်ယောက် လိပ်စာတောင် မပေးကြတဲ့ လူနှစ်ယောက်ဟာ တစ်ယောက်ကို တစ်ယောက် ချစ်မနေမှာ သေချာတာပေါ့"

"ဒါပေမယ့် ကျွန်တော်... သူဘေးမှာ ရှိမနေရင် ဘာလုပ်လုပ် အဆင်မပြေတော့ဘူးဗျ၊ အားလုံး တလွဲတချော်တွေချည်းဘဲ"

သူ့စကားကို မရယ်မောရက်စွာ ငိုင်သွားသူက ကိုဇော်ဖြစ်သည်။ ကိုဇော်က ခေါင်းကို တစ်ချက်ညိတ်ပြီး ခဏငေးမောနေပြီးမှ နောက်တစ်ကြိမ် ခေါင်းထပ်ညိတ်ပြန်၏။

"ကောင်းပြီ ငါမေးဦးမယ်၊ အဲဒီတော့ အခု မင်းစိတ်ထဲမှာ ဘာဖြစ်နေသလဲ၊ ဘာလုပ်ချင်နေသလဲ"

"ကျွန်တော်လား၊ ဒီတစ်ခေါက် ကိုဇော် မန္တလေးသွားဖို့ကြုံလာတဲ့အချိန်မှာ ကိုဇော့် ကိုယ်စား ကျွန်တော်လိုက်သွားချင်တယ်"

"မင်းဟာက မသေမချာကြီးပါလားကွာ။ သူတို့ကျောင်းတွေက အောက်တိုဘာ ကျောင်းပိတ်ရက် ရှိသလား မရှိဘူးလား၊ မင်းဘယ်လိုသိမှာလဲ၊ မင်း မန္တလေးကို အသွားကြီးသွားပြီး"

"ကိစ္စမရှိဘူးကိုဇော်၊ မြန်မာစာဌာနကို သွားကြည့်မယ်။ ကျောင်းတွေပိတ်တယ်ဆိုရင် ဖွင့်ချိန်မှာ နောက်တစ်ခေါက် သွားကြည့်မယ်။"

"ဟာ... မင်း အဲဒီလောက် ကြိုးစားချင်စိတ်ရှိနေရင် [illegible] ဟို မေးခွန်းကြီးကို မေးနေရသေးတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူ ရှက်သွား၏။

"ကျွန်တော် ကိုယ့်ကိုကိုယ်ဘာဖြစ်နေသလဲဆိုတာ သိချင်လို့၊ နောက်ပြီး ဘာဆက်လုပ်ရမှန်းလဲ မသိလို့ပေါ့။ ကိုဇော်က ဒီလောက်ကလေးမှ အကူအညီမပေးချင်ဘူးလား"

"ဟုတ်ပါပြီ၊ ငါ ကူညီနိုင်သလောက်တော့ ကူညီမှာပေါ့။ ဒါပေမယ့် အခု မင်းခံစားနေရတဲ့ခံစားချက်ကို အချစ်လို့ ငါ သတ်မှတ်မပေးချင်သေးဘူး။ မင်း ဒီလို ခံစားချက်မျိုးတစ်ခါမှ မခံစားဖူးဘူးလား"

"ဟုတ်တယ်၊ တစ်ခါမှ မခံစားဖူးဘူး"

"ငါအဲဒီလို ခံစားချက်ဆင်တူမျိုး နှစ်ခါ ခံစားဖူးတယ်၊ ငါ့အတွက်တော့ အဲဒါ အချစ်မဟုတ်ဘူးကွ"

ယနေ့အဖို့ သူ ပထမဆုံးအကြိမ် စိတ်သက်သာရာ ရသွား၏။ သို့သော်ချက်ချင်း စိတ်မောပန်းသွားပြန်၏။

အင်း... ဒီဟာသာအချစ်မဟုတ်သေးဘူးဆိုရင် အချစ်ဟာ ဘယ်လောက်များ ပြင်းအားများလိုက်မလဲ။

ဟင်းပန်းကန်များ လာချသော်လည်း သူ အနည်းငယ်ငိုင်တွေနေဆဲ။ သူ့အတွက် ထမင်းနှင့်ဟင်း ခက်ရင်းကို သက်မြင့်ထွန်းက စီစဉ်ပေး၏။

ထမင်းကို စိတ်မပါစွာစားရင်း သူ ရှေ့ဆက် ဘာလုပ်ရမလဲဟု စဉ်းစားနေမိသည်။ ဘာမှန်းမသိတဲ့ ဒီခံစားချက်ကြီးကို နောက်ထပ်ဘယ်လောက်ကြာအောင် ခံစားနေရဦးမှာလဲ (နောက်ထပ် သူ့ ဘက်က ဘာမှဆက်မလှုပ်ရှားဘဲ ထားလျှင်ပေါ့) အချိန်တန်လျှင် ပျောက်ပျက်သွားမည့် ခံစားချက်မျိုးပဲဖြစ်ပါစေ။





"ကိုဇော် တကယ်လို့ ဒီကြားထဲမှာ ကျွန်တော် မန္တလေးကို မသွားဖြစ်အောင် ထိန်းချုပ်ထားနိုင်ခဲ့မယ်ဆိုရင် ဒီခံစားချက်ကြီး ဘယ်လောက်ကြာမယ်ထင်သလဲ ဟင်"

ကိုဇော်က စိတ်ပါလက်ပါပြုံး၏။

"အေး... ငါ့စိတ်ထင်တော့ နှစ်ပတ်လောက်၊ အလွန်ဆုံး ဘစ်လလောက်ကြာရင် မင်း အဲဒီခံစားချက်ပျောက်သွားမှာပါ။ ဒီကိစ္စမျိုးက ထပ်တွေ့နေရင် သံယောဇဉ်တွေ ထပ်ရစ်ပြီး ရှုပ်ကုန်တတ်တယ်။ တတ်နိုင်ရင် တွေ့ဖို့မကြိုးစားနဲ့ပေါ့။ မင်း ပတ်စ်ပို့(တ်)က ကျတော့မှာမဟုတ်လား"

"အင်း..."

"မင်း ဆက်ကြိုးစားရင် မင်းလဲ ဒုက္ခရောက်မယ်၊ သူလဲ ဒုက္ခရောက်မယ်။ မင်းက ဟိုမှာ ဘယ်လောက်ကြာအောင် နေဖြစ်မလဲ မသိဘူး။ တစ်သက်လုံး ဖြစ်ချင်လဲ ဖြစ်နိုင်တာပဲ။ အနည်းဆုံး လေးငါးနှစ်တော့ ကြာမယ်၊ ကျောင်း ပြီးဖို့လေ"

"ဟုတ်တယ်"

"နောက်ပြီး အရေးကြီးဆုံးအချက် မေးရဦးမယ်။ သူက မင်းကို သံယောဇဉ်ဖြစ်ပုံတော့ မရဘူးမဟုတ်လား"

"အင်း... အဲဒါ ကျွန်တော် မသိဘူး။ သူ ကျွန်တော့်ကို ခင်မင်တာတော့ အမှန်ပဲ။ နောက်ဆုံး နှုတ်ဆက်ကြတော့လဲ စိတ်မကောင်းတဲ့အရိပ်အယောင် မတွေ့ရဘူး။ ပြုံးချိုနေတာပဲ။ ဒါ ကျွန်တော့်ဘက်က သက်သက်အရှုးထတဲ့ ခံစားချက်နဲ့ တူပါရဲ့ ကိုဇော်ရာ"



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ မသက်မသာ ပြောလိုက်မိစဉ် မိန်းမ တစ်ယောက်အပေါ် ဒါ သူ၏ ပထမဆုံး အရှုံးပဲလားဟု မခံချိ မခံသာတွေးလိုက်မိသည်။

"ကောင်းပြီ၊ ငါအကောင်းဆုံး အကြံဉာဏ် ပေးလိုက်မယ်။ မင်းတို့နှစ်ယောက်တွေ့ဖို့ လမ်းစက မင်းဘက်ကပဲ လျှောက်လို့ရတယ်။ မင်းအပေါ်မှာ မူတည်နေတယ်။ မင်းသာနည်းနည်းလေး ထိန်းချုပ်လိုက်ရင် မင်း ဘဝထဲမှာ သူနဲ့ ဘယ်တုန်းကမှ မတွေ့ခဲ့ဘူးသလိုနေသွားဖို့ ဘယ်လောက်မှ ကြိုးစားလိုက်ရမှာ မဟုတ်ဘူး။ မင်းသွားဆက်လိုက်ရင် မင်းစိတ် ပိုညစ်ရမယ်၊ သွားလို့ ဟိုက မင်းကို စိတ်မဝင်စားရင် ဒါမှမဟုတ် သူမှာ ရည်းစားရှိပြီးသားဆိုရင် ဒါမှမဟုတ် သိပ်ကံဆိုးလွန်းစွာ ယောကျ်ားတောင် ရှိပြီးသားဆိုရင် မင်းပိုထိခိုက်ရမယ်၊ အဲဒီလိုမဟုတ်ဘဲ သူကလဲ မင်းအပေါ် စိတ်ဝင်စားလာရင် သံယောဇဉ်တွယ်လာရင် နောက်ဆုံး ချစ်သွားရင်တောင် မင်းတို့ရဲ့ အချစ်က သိပ်ပျော်ရမယ် မထင်ဘူး"

"ဒီတော့"

"ဒီတော့ မင်း သူ့ကို အတတ်နိုင်ဆုံး မေ့ပစ်လိုက်တော့။ အခုအခြေအနေမှာ မေ့ပစ်ဖို့ဘက်က ၉၀ ရာခိုင်နှုန်းတောင် ရှိနေတယ်"

"ကျေးဇူး တင်ပါတယ်"

သူ့ စိတ်ကို အတတ်နိုင်ဆုံး ထိန်းချုပ်ဖို့ သူ ဆုံးဖြတ်ချက်ချလိုက်သည်။

မိန်းမတစ်ယောက်ကို မေ့ဖို့ ကြိုးစားရတာဟာ လန်ဒန်က R.S.A အောင်လက်မှတ်ရဖို့ ကြိုးစားခဲ့ရသလောက်ခက်မှာ မဟုတ်ပါဘူး။





သို့သော် ဤကိစ္စသည် သူ ထင်သလောက်တော့ မလွယ်ခဲ့ပါ။

စားသောက်ဆိုင်မှ အပြန်တွင် သူ လက်နှိပ်စက်ရှေ့မှာ ထိုင်လိုက်သည်။ စိတ်ကိုအနားမပေးဘဲ လေ့ကျင့်နေဖို့ ဆုံးဖြတ်လိုက်ပြီး မထိတွေ့ရတာ နှစ်ပတ်လောက်ရှိသွားပြီဖြစ်သော လက်နှိပ်စက် ခလုတ်များကို စတင်နှိပ်တော့သည်။ သူ့ အာရုံထဲတွင် မကြာခဏရှိနေသော ဝါကျများသည် စာရွက်ပေါ်တွင် အင်္ဂလိပ်စာကြောင်းများအဖြစ် ပေါ်လာကြသည်။

'အလုပ်သမား နေ့သည် စက်တင်ဘာလ၏ ပထမဆုံး တနင်္လာနေ့ဖြစ်ပြီး ကနေဒါတစ်နိုင်ငံလုံးတွင် အများပြည်သူ ရုံးပိတ်ရက်ဖြစ်သည်။ ၄င်းသည် ကျွန်ုပ်တို့အား နိုင်ငံကို မည်ကဲ့သို့ တည်ထောင်ခဲ့ရသည်ကို အမှတ်ရစေပြီး ယခု အချိန်အထိ ရှေ့ဆက်လုပ်ကိုင်ရမည့် လုပ်ငန်း ဆောင်တာများကိုလည်း အမှတ်ရစေသည်'

ထိုနေရာတွင် ခဏတန့်သွားပြီး လက်က ဆက်ရိုက်သွားသည်။

'၁၈၆၇ ခုနှစ်တွင် ဖွဲ့စည်းသော ပြည်နယ် ၄ ခုမှာ နိုဗာစကော့ရှာ၊ နယူးဘရန်း (စ်)ဝစ်(ခ်)၊ ကွိဘက်နှင့် အွန်တာရီယိုတို့ဖြစ်သည်'

သို့သော် သူ့ မျက်စိအာရုံထဲတွင် မာမီရှိနေမည်ဖြစ်သော အွန်တာရီယို ပြည်နယ် မြေပုံကို အလျင်ကလို မြင်ယောင်ကြည့်၍ မရ။

သွေးကြောစိမ်းကလေးများ တလှုပ်လှုပ် ခုန်နေတတ်သော ကောသိ၏ဖြူဝင်းသွယ်လျသော လည်တိုင်ကလေးကို မြင်နေသည်၊ ထို့နောက် နှုတ်ခမ်းကလေး...



www.burmeseclassic.com

www.burmeseclassic.com



'သူမ၏ ဖောင်းကြွသော ပန်းရောင် နှုတ်ခမ်းကလေးသည် အမြဲစိုစွတ်နေဟန်ရှိပြီး ပြုံးရယ်တော့မယောင် ကွေးညွတ်နေတတ်သည်'

"ဟာ သေတော့မှာပဲ"

သူ ထို စာကြောင်းကို ရိုက်မိသွားမှန်း သိသောအခါ ထို စာကြောင်းပေါ်တွင် အမြောက်လက္ခဏာများ ဆက်တိုက်ရိုက်ချပစ်လိုက်ခြင်းဖြင့် ဖျက်ပစ်လိုက်မိသည်။ သူ ထိုအလုပ်ကို လက်လျှော့လိုက်၏။

စားပွဲပေါ်တွင် လက်ဖဝါးနှစ်ဘက်ကို ဖြန့်၍ မှောက်ချထားကိုယ့်လက်ခုံများကို ကိုယ်မမြင်ဘူးသလို စိုက်ကြည့်နေလိုက်သည်။

ဇ ဇ ဇ



# အချစ်သည် စီရင်ချက်တစ်ခု ဖြစ်သည်

www.burmeseclassic.com

www.burmeseclassic.com

## အခန်း တစ်

တစ်စုံတစ်ယောက်ကို ချစ်ဖို့ဆိုသည်မှာ အားပြင်းသော ခံစားချက်တစ်ခု မဟုတ်ချေ။ တစ်စုံတစ်ယောက်ကို ချစ်ဖို့ ဆိုသည်မှာ ဆုံးဖြတ်ချက်တစ်ခု ဖြစ်သည်။ ၎င်းသည် စီရင်ချက်တစ်ခုဖြစ်သည်။ ၎င်းသည် ကတိတစ်ခုဖြစ်သည်။ အကယ်၍ အချစ်သည် ခံစားချက်တစ်ခုမျှသာ ဖြစ်သည်ဆိုလျှင် တစ်ယောက်ကိုတစ်ယောက် ထာဝရ ချစ်သွားကြရန် ကတိတစ်ခုအတွက် မည်သည့် အခြေခံမျှရှိတော့မည် မဟုတ်ချေ။ ခံစားချက်တစ်ခုသည် လာရောက်ပြီးလျှင် အချိန် မရွေး ပြန်ထွက်သွားနိုင်ပေသည်။

သူမ ဘဝတွင် အချစ်ကို ဘာသာရပ်တစ်ခုအဖြစ် သဘော မထားခဲ့ဘူးသော ကေသီသည် ယောကျ်ားတစ်ယောက်၏ ဖွင့်ဟ ဝန်ခံသော အချစ်ကို ဖတ်ရှုနေရင်း တခြားယောကျ်ားတစ်ယောက် အပေါ် မိမိ ချစ်မြတ်နိုးမိသွားပြီ ဖြစ်ကြောင်း စတင် သိရှိသွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



နေ့စွဲ ၁၆ ၁၀ ၈၉
စစ်တွေ

ကေသီ

ကိုယ် အလျင်လက စာတစ်စောင် ထည့်လိုက်သေးတယ်။ ရတယ် မဟုတ်လား၊ ကေသီ့ဆီက စာပြန်မလာတော့ ကိုယ့်စာ မရလို့လားလို့ စိတ်ပူသွားတယ်၊ ဒီစာရရင် ကိုယ့်ဆီကို စာပြန်ပါဦး၊ အလျင် စာထဲမှာ ကေသီမေးထားတဲ့ အမတ်အသဝတ်မွှာမယား ကျောက်စာအကြောင်း တော်တော်များများ ရေးပေးလိုက်တယ်။ကျမ်း (အကြမ်း) မတင်မီ ကိုယ့်စာ အမီရောက်လိမ့်မယ်လို့ ထင်ပါတယ်။ ကျောက်စာခေါင်းစဉ်ကို အသဝတ်မွှာ သချိုင်းဂူဘုရားလို့ တပ်စေ ချင်တယ်လေ၊ ဦးဇမောင်ရဲ့ မူအတိုင်း ရေးပါ (မင်းနန်သူရွာက စောလှဝန်းဘုရားနဲ့ မှားမှာစိုးလို့ မှတ်ချက်ရေးထားတဲ့ အတိုင်းပဲပေါ့) အဲဒီထဲက ပုဂံခေတ် စီးပွားရေး၊ မွေးမြူရေး၊ လက်မှုပညာသည်တွေကို ရွေးထုတ် ပေးလိုက်တယ်။ ဥပမာ... ပန်းပဲ၊ပန်းချီ၊ ဆင်းတုထုတဲ့ ဘုရားသမား၊ အင်္ဂတေထောင်းတဲ့လူ စသည်ဖြင့်ပေါ့။ အဲဒီအကြောင်း ကိုယ့်ဆီ စာရေးပါနော်။

ကိုယ် ကေသီနဲ့မတွေ့ရတာ တစ်နှစ်နီးပါး ရှိတော့မယ်။ ကေသီ့ရဲ့ သီးဆစ်(စ်)တင်ပြီးရင်တော့ ကိုယ်တို့ လက်ထပ်ကြစို့နော်။

ကေသီ့ကို ကိုယ် မရှက်ဘဲ ဝန်ခံချင်တာ တစ်ခု ရှိတယ်၊ ကလေးကလားစကားတွေလို့ ကိုယ့်ကို အထင်မသေးလိုက်နဲ့ဦးနော်။





ကိုယ် ကေသီ့ကို မြတ်မြတ်နိုးနိုးချစ်တယ် သိလား။

စေ့စပ်ပြီး တစ်နှစ်ကြာမှ ဒီစကားပြောရတာ နည်းနည်းကြောင်မှန်း ကိုယ်သိပါရဲ့။ ဒါပေမယ့် ဒါကေသီ့အတွက် အဆန်းမှ မဟုတ်တာ။ ကေသီပဲ ခဏခဏ ပြောတယ် မဟုတ်လား။

'ဆရာက သိပ်ကြောင်တာပဲ' ဆိုတာလေ...။

ဆရာ့စာကို ဖတ်နေရင်းက ကေသီ့ ဘဝထဲသို့ ပထမဆုံး ဝင်ရောက်လာသော ယောကျ်ားမှာ ဆရာဦးရန်နိုင်ပါပဲလား ဟု သတိရသွားသည်။

အို... မဟုတ်ပါဘူးလေ။

ကေသီ ပထမဆုံး စတင်ရင်းနှီးခဲ့တဲ့ ယောကျ်ားဟာ ဆရာတော့မှန်ပါရဲ့၊ သို့သော် ဒါဟာကေသီ့ ဘဝတစ်ခုလုံးအတွက် ပထမဆုံးယောကျ်ား မဟုတ်ဘူး။

ကေသီ့ ဘဝတစ်ခုလုံးအတွက် အရေးကြီးဆုံး ယောကျ်ားက 'မောင် ' ပါကွယ်။

ကေသီ သူ့ကို စိတ်ထဲမှ 'မောင်'ဟု ခေါ်မိသည့် အကြိမ်ပေါင်း မရေတွက်နိုင်တော့ပါ။

ကေသီ၏ ပိတ်ဆီး ကာရံထားသော ဣန္ဒြေထုတည်ကို ချိုးဖျက်လျက် ဝင်ရောက်လာခဲ့သော သူ သည် ကေသီ့ကို လိပ်စာကလေးမျှပင် ပေးမသွားသော လူစိမ်းတစ်ယောက်သာ ဖြစ်သည်။ သူ့အာရုံထဲတွင် ကေသီ ဟူသော မိန်းမတစ်ယောက် ဘယ်တုန်းကမျှ ရှိနေလိမ့်မည် မဟုတ်ကြောင်း သူမ သိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူမ သူ့ကို ချစ်မိပြီးသည့်နောက်တော့ အရာရာကို သူမ ဂရုစိုက်လိမ့်မည် မဟုတ်ပါ။

ပုဂံမှပြန်ရောက်စရက်များတွင် အေးအေးသွယ်နှင့် အများဆုံး ဆွေးနွေးမိသည်က အချစ် အကြောင်းသာ ဖြစ်လေသည်။ ပထမဆုံး အေးအေးသွယ်ကို အချစ် အကြောင်း စပြောခဲ့သော ညနေခင်းကို သူမ မှတ်မိ၏။

"ယောကျ်ားတစ်ယောက်နဲ့ စေ့စပ်ထားတာ တစ်နှစ်လောက် ရှိကာမှ နင်က ဘာ စိတ်ကူးပေါက်ပြီး အချစ်အကြောင်း ပြော နေရတာလဲ၊ နင် ပြောသင့်နေတာကြာလှပြီ"

"အခုမှ ဘာဖြစ်လို့ပြောရတာလဲဆိုတော့ ငါ အခုမှ ချစ်တတ်သွားလို့ပေါ့ဟယ်"

အေးအေးသွယ်က မျက်စောင်းထိုး၏။

"မိန်းမ၊ နင် ဆရာ့ကို ချစ်သင့်နေတာ ကြာလှပြီ"

ကေသီက အေးအေးသွယ်ကို မလုံမလဲ တစ်ချက်ကြည့်ကာ မျက်နှာ လွှဲပစ်လိုက်၏။

"မဟုတ်ဘူး အေးသွယ်၊ ငါ ဆရာ့ကို မချစ်ဘူး"

"ဟင် ဒါဖြင့် နင် ဘယ်သူ့ကို ချစ်သွားတာလဲ"

"သူ့နာမည်က မိုးဝေ တဲ့"

အေးအေးသွယ် တအံ့တသြ ငြိမ်သက်သွားလေသည်။

အေးအေးသွယ်ကို ဤပြဿနာနှင့် ပတ်သက်၍ ဘာမှ မချန်ဘဲ အစအဆုံး ဖွင့်ပြောလိုက်ပြီးသောအခါ သူမရင်ထဲက အချစ်မှာ ပို၍ သေချာသွားသည်။





"နင် ၄ ရက်ပဲ တွေ့လိုက်ရတဲ့လူကို ချစ်သွားတယ် ဟုတ်လား။ အံ့ဖွယ်ပါလား ကေသီ၊ မဖြစ်နိုင်ဘူးဟာ။ နင် စိတ်လှုပ်ရှားတာ တစ်ခုကို အချစ်လို့ ထင်ရင် မှားသွားမယ်၊ စဉ်းစားဦး"

"ဟင့်အင်း... သေချာတယ်။ ငါ့ဘဝမှာ သူ့ကို ချစ်မိသွားတာလောက် သေချာတာ ဘာတစ်ခုမှ မရှိဘူး"

"နေစမ်းပါဦး၊ ဘယ်တုန်းကမှ အချစ်ကို မသိခဲ့ဘူးတဲ့ နင်လို မိန်းမဟာ အခုလဲမသိနိုင်ပါဘူး ကေသီရယ်၊ ငါ နင့်ထက် ပိုသိပါတယ်။ နင် သူ့ကိုချစ်တာမဟုတ်ပါဘူး၊ ရင်ခုန်တာပါ"

"အို... အေးသွယ် အချစ်ဆိုတာ ဘာရယ်လို့ တိတိကျကျ မသိနိုင်ပေမယ့် လူတစ်ယောက်ကို တကယ်ချစ်သွားတဲ့ အဖြစ်အပျက်ကတော့ သိပ်ကိုသိသာပါတယ်ဟာ။ ငါ့ကိုယ်ငါ သိနေပါတယ်"

အေးအေးသွယ် စိတ်ပျက်လက်ပျက် ဖြစ်သွား၏။

"ကိုင်း... ထားပါတော့။ နင် သူ့ ကို ချစ်နေတယ်ပဲထားပါတော့၊ နင့်ကိုလိပ်စာတောင်မပေးသွားတဲ့ လူတစ်ယောက်ဟာ မယားကြီးရှိနေတာ မဖြစ်နိုင်ဘူးလားဟင်။ သူ့မှာ ချစ်စွာသော ဇနီး သားသမီးတွေ ရှိမနေနိုင်ဘူးလား"

ဘုရား... ဘုရား။

ဤအချက်ကို သူမ လုံးဝထည့်မစဉ်းစားခဲ့မိပါလား။

ကိုမိုးဝေ၊ မောင့်မှာ မိန်းမ ရှိနေသတဲ့လား။ အို... ဒီလူဟာ သူ့ဘဝမှာ သူ့ကိုယ်သူကလွဲပြီး ဘယ်သူ့ကိုမှ ချစ်တတ်မယ့်သူ မဟုတ်ဘူး။ သူမ သိသလောက်တော့ မောင်သည် သူ့ အလုပ်ကို ပြည့်စုံစွာ ကျွမ်းကျင်လိုစိတ်ကလွဲ၍ တခြားဆန္ဒ ဘာမှမရှိပါ။

"မရှိနိုင်ပါဘူး။ သူ့ပုံစံကိုကြည့်ရတာ မိန်းမတစ်ယောက်ကို လက်ထပ်ဖို့ အချိန်ပေးချင်တဲ့လူတစ်ယောက်နဲ့ မတူဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အင်း… နင်တော့ ဒုက္ခပဲကေသီ။ ကဲ… ဒီတော့ နင်ဘာလုပ်နိုင်မှာလဲဟာ။နင်သူ့ကိုချစ်နေတာ သေချာတယ်ပဲထားပါတော့။ နောက်ပြီး မိန်းမမရှိဘူးလို့ ထင်ရတယ်ပဲ ထားပါတော့။ နာမည်လေးတစ်ခုပဲ သိတဲ့လူတစ်ယောက်ကို နင်ဘယ်လောက်ကြာအောင်ချစ်နေနိုင်မှာလဲ။ တစ်ပတ်လား၊ တစ်လလား၊ တစ်နှစ်လား"

အေးအေးသွယ်၏ သမာသမတ်အမြင်ကို ကေသီ လက်ခံပါသည်။ နောက်ပြီး မောင်သည် ကေသီ့ကို မြန်မာစာဌာနမှ နည်းပြတစ်ယောက်အဖြစ် သိနေသူဖြစ်သည်။ (အကယ်၍ ကေသီပြောခဲ့ဖူးသော စကားကို မှတ်မိခဲ့လျှင်ပေါ့လေ) သို့ပါလျက် ကေသီ့ထံ စာတစ်စောင်မျှ မဆက်သွယ်ခဲ့ချေ။ ယခုပုဂံကပြန်လာခဲ့တာ တစ်လနီးပါးရှိနေပြီ။ သည်လောက်ဆိုလျှင် သူ့ဘက်က အခြေအနေကို သူမအကဲခတ်မိပြီ။ သို့သော် သူ့ကိုဘယ်လိုမှ မမေ့နိုင်သည်က ကေသီ့ပြဿနာဖြစ်သည်။

အစကတည်းက ကေသီ ထိန်းချုပ်ခဲ့ပါသည်။

ကေသီ့မှာ သီးဆစ်(စ်)ပြီးသွားလျှင် လက်ထပ်ရမည့် စေ့စပ်ပြီးသူတစ်ယောက်ရှိနေကြောင်း ကိုယ့်ကိုယ်ကို သတိပေးနေခဲ့ပါသည်။ သူ့ ထံမှ လိပ်စာတောင်းဖို့၊ မိမိ လိပ်စာကိုပေးဖို့ ဆိုသော မျှော်လင့်ချက်များကို အတတ်နိုင်ဆုံး ပယ်ဖျက်ပစ်ခဲ့ရသည်။ ငါဟာ ၉၀ခုနှစ်မှာ အိမ်ထောင်ပြုရမယ့် မိန်းမတစ်ယောက်ပဲ။ ထိုအတွေးသည် ပုဂံမှာလမ်းခွဲကြသည်အထိ ကေသီ၏ စိတ်ဆန္ဒများကို ထိန်းချုပ်ဖို့ လုံလောက်သော သတိပေးချက်တစ်ခုဖြစ်သည်။

သို့သော်…

ပြဿနာမှာ မန္တလေးပြန်ရောက်မှ စပါသည်။





ကျောက်စာများကို ခွဲခြမ်းစိတ်ဖြာနေစဉ် တစ်ချိန်လုံး သူ့ပုံရိပ်များစွာကို မြင်ယောင်နေသည်။မျက်မှန်အောက်မှ ရိုးသားသန့်စင်သော သူ့ မျက်ဝန်းများ ( ထိုမျက်ဝန်းများမှာ ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချမှု အပြည့်ရှိနေသည်)ကို မြင်ယောင်နေသည်။ နံရံပေါ်မှ မင်စာတစ်ခုကိုဖြစ်စေ၊ မထင်ရှားလှသော ကျောက်စာထဲမှ ခုနှစ်သက္ကရာဇ် တစ်ခုခုကို ဖြစ်စေ ဖတ်သည့်အခါတိုင်း မျက်မှန်ကို မ၍ တင်ကာ စူးစိုက်၍ဖတ်လေ့ရှိသော သူ့မျက်လုံး ညိုညိုများကို မြင်ယောင် နေတတ်သည်။ သူ၏ချောမွေ့ သွက်လက်သော အင်္ဂလိပ်စကားများ၊ တစ်ခါတစ်ရံ ကြားညှပ်၍ ပြောတတ်သည့်ဂျာမန်(ဟုထင်ရသည့်) စကားပြတ်တောက်တောက် ကလေးများကို ကြားယောင်နေသည်။ တွေတိုင်း တွေတိုင်း 'ဟဲလို' ဟုနှုတ်ခွန်းဆက်လေ့ရှိသည့် သူ့ အမူအရာများ။ အိတ်ထဲကလက်ကိုင်ပဝါဖြင့် မျက်မှန်ကိုချွတ်၍ ချွေးသုတ်တိုင်း အနည်းငယ် စူထားသော သူ့ နှုတ်ခမ်းများ။

ကေသီသည် သူမအာရုံထဲမှာ မိုးဝေ ဟူသော လူတစ်ယောက်ကို အလွယ်တကူ လက်ခံ တွယ်တာခဲ့သူတော့ မဟုတ်ပါ။

နည်းမျိုးစုံဖြင့် တွန်းဖယ်ထုတ်ပစ်ခဲ့ပါသည်။

သူမမှာ လူတစ်ယောက်ကို အတွေးအာရုံထဲ ဝင်မလာအောင် နှင်ထုတ်နည်းတွေ အများကြီးရှိသည်။ အကောင်းဆုံးနည်းမှာ ဂစ်တာတီးခြင်းဖြစ်သည်။ ယခင်ကတော့ ဂစ်တာကြိုးများပေါ် သူမလက်များ တင်လိုက်သည်နှင့် တစ်ပြိုင်တည်း အရာအားလုံးကို မေ့သွားလေ့ရှိသည်။သည်တစ်ခါတော့ ဤအကောင်းဆုံးနည်းပင်လျှင် မအောင်မြင်ပါ။

သူမအား လိပ်စာပင်ပေးမသွားသော သူစိမ်းယောက်ျားတစ်ယောက်ကို သူမ ဘယ်အချိန်အထိ ချစ်မြတ်နိုးနိုင်မည်နည်း။



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်ကို မိမိချစ်မြတ်နိုးမှန်းသာသိ၍ ထိုအချစ်သည် သူမလက်ထဲသို့ ရောက်မလာပါ။ သည်အတိုင်းနေ၍ အချစ်က မိမိထံ ရောက်မလာလျှင် မိမိက ထိုအချစ်ထံသို့ သွားရပေလိမ့်မည်။

ကဲ... မောင့်ကို ကျွန်မ ဘယ်လိုတွေ့နိုင်မလဲ။

သူ့လိပ်စာ ကေသီ့ထံတွင်မရှိ။ ရန်ကုန်မှာနေသည်ဟု ထင်ရသော မောင့်ကို လိပ်စာမသိဘဲ ဘယ်လိုရှာနိုင်မည်လဲ။

သူမ မောင့်အလုပ်အကိုင်ကို သိနေသားပဲ။ မောင်သည် ဧည့်လမ်းညွှန်တစ်ယောက် ဖြစ်သည်မဟုတ်လား။ မြန်မာ့ ဟိုတယ်နှင့် ခရီးသွားဌာနတွင် အလုပ်မလုပ်လို့ မောင် ဘယ်သွားပြီး အလုပ်လုပ်နိုင်မှာလဲ။

သူမ ဆုံးဖြတ်ချက် ချလိုက်သည်။

မောင်ဟာ ကျွန်မကို ချစ်ကိုချစ်လာစေရမယ်။ မောင့်ကို ကျွန်မ ရအောင်ယူမယ်...။

ထိုဆုံးဖြတ်ချက်ဖြင့် ကေသီသည် ခရစ္စမတ်(စ်) ကျောင်းပိတ်ရက်ထက် နှစ်ရက်စောကာ ကျမ်းကိုတင်လိုက်သည်။ ထို့နောက် ပျဉ်းမနားကို မပြန်တော့ဘဲ ရန်ကုန်မှ ဖေဖေ့ထံ ခေတ္တသွားချင်ကြောင်း မေမေ့ထံ အကြောင်းကြားလိုက်သည်။ ထို့နောက် ညရထားဖြင့် ရန်ကုန်သို့ လိုက်ပါသွားလေသည်။ သို့မှသာ ခရစ္စမတ်(စ်)အပြီး မန္တလေးသို့ လာမည့်ဆရာနှင့် လွဲပေလိမ့်မည်။

ရန်ကုန်မြို့တွင် မိုးဝေ ဧည့်လမ်းညွှန် ဟူသော အချက်ကလေးနှစ်ခုဖြင့် လူပျောက်ရှာရမည့် အဖြစ်မှာ အေးအေးသွယ် ခဏခဏ ပြောသလိုပင် ကောက်ရိုးပုံထဲ အပ်ရှာရသည်ထက် နည်းနည်းသာ လွယ်ကူလိမ့်မည် ဖြစ်သည်။ သို့သော် ကေသီ၏ စွဲမြဲသော





အချစ်သည် ဤမျှ အခက်အခဲကိုတော့ အောင်မြင်စွာ ကျော်ဖြတ်နိုင်လိမ့်မည်ဟု ယုံကြည်သည်။

ရန်ကုန်မှာ ပထမဆုံးတွေ့ရသည့် အခက်အခဲမှာ တစ်ခါမျှ မဝင်ရောက်ဘူးသော မြန်မာ့ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ဌာနရုံးခန်းထဲသို့ ဝင်ရသည့်အချိန်ဖြစ်သည်။ ဆူးလေဘုရားလမ်းမှာ ဖြတ်သွားတိုင်း မြင်မြင်နေရသည့် မြန်မာ့ဟိုတယ်နှင့် ခရီးသွားဌာန ရုံးခန်းသို့ တစ်ခါမျှ မရောက်ဘူးပါ။ အသိမိတ်ဆွေလည်း တစ်ယောက်မျှ မရှိပါ။ စည်သူကို ခေါ်လျှင် ဖြစ်နိုင်သော်လည်း ဤကိစ္စကို စည်သူ မသိလျှင် ပိုကောင်းမည်ဟု ထင်သောကြောင့် မခေါ်ဖြစ်ဘဲ တစ်ယောက်တည်း အရဲစွန့်သွားဖို့ ဆုံးဖြတ်လိုက်၏။ မနက်ပိုင်းဆိုလျှင် အများဆုံးလေယာဉ်ဆိုက်ချိန် ဖြစ်နိုင်သောကြောင့် နေ့လယ်ကျမှ သွားရသည်။ သူမ လူတွေအများကြီးနှင့် မဆုံချင်ပါ။

သူမသည် အေးစက်သော လက်ဖျားများဖြင့် မှန်တံခါးကို တွန်းဖွင့်၍ ဝင်သွားချိန်တွင် ရင်တဒိတ်ဒိတ် ခုန်လျက်ရှိသည်။ မောင်နှင့် မျက်နှာချင်းဆိုင်ပြန်းခနဲ တွေ့ဖို့တော့ မမျှော်လင့် စကောင်းပါ။

ကံကောင်းထောက်မစွာ ဧည့်ကြို သတင်းဌာနတွင် အမျိုးသမီး ခပ်ငယ်ငယ် တစ်ယောက်နှင့် အမျိုးသားတစ်ယောက်ကို တွေ့သည်။

"ကျွန်တော် ဘာကူညီရမလဲ" ဟု ယဉ်ကျေးဖွယ်ရာသော ကြိုဆိုမှုကြောင့် ကေသီ အားတက်သွား၏။

"ဟို... ကျွန်မတစ်ခု အကူအညီ တောင်းပါရစေရှင်။ ဒီဌာနမှာ အလုပ် လုပ်တယ်လို့ ထင်ရတဲ့ လူတစ်ယောက်အကြောင်း စုံစမ်းချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ထင်ရတဲ့...၊ ဟုတ်လား၊ နာမည်က ဘယ်သူလဲ"

"သူ့နာမည် ကိုမိုးဝေ ပါ"

သူတို့ နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်ကြ၏။ အမျိုးသမီး ကလေးက ခေါင်းယမ်းပြသည်။

"ကျွန်တော် ဒီဌာနမှာ အလုပ် ဝင်တာ ၂ နှစ်ရှိပြီ၊ ဒီနာမည်ကို မသိဘူး။ ဒါပေမယ့် ဌာနခွဲတွေ ရှိနေတယ်၊ ဥပမာ မြန်မာ့ခရီးသွားလုပ်ငန်း၊ အရောင်းဌာန၊ စသည်ဖြင့်ပေါ့။ ခင်ဗျားရဲ့မိတ်ဆွေက ဘယ်ဌာနမှာ လုပ်တာလဲ"

"ဟင့်အင်း... ကျွန်မ မသိဘူး။ အဲ... ဒီလိုလေ သူ့ကို အောက်တိုဘာလတုန်းက ကျွန်မ ပုဂံမှာ တွေ့ခဲ့တယ်၊ သူမှာ ဧည့်သည်သုံးယောက်ပါတယ်၊ ဂျာမန် လူမျိုးတွေပဲ။ ကျွန်မရဲ့ အရေးကြီးတဲ့ စာရွက်တစ်ခု သူ့ဆီမှာ ပါသွားတာ အခုမှ သိလို့ပါ အဲဒါ"

အင်း... ငါ့အကြောင်းပြချက်က ဟုတ္တသပဲ။

ကန့်လန့်စင်း ပုဆိုးကိုဝတ်ထားသော ထိုလူသည် ယဉ်ကျေးသိမ်မွေ့စွာ ပြုံးလေသည်။

"ဒါဆိုရင် ခင်ဗျား ဒီမှာ သူ့ကိုရှာလို့ မတွေ့နိုင်ဘူးဗျ။ ပုဂံမှာ ရှာမှ တွေ့မယ်။ ပုဂံက တိုးရစ်(စ်)ဘားမားရုံးမှာ သွားမေးကြည့်ပါ၊ ပုဂံမှာ တာဝန်ကျတဲ့ ဧည့်လမ်းညွှန်တွေဟာ ပုဂံမှာပဲ နေကြပါတယ်"

"ဟာ... မဟုတ်သေးဘူးရှင့်၊ သူ ရန်ကုန်ကို ပြန်သွားတာပဲ။ ဧည့်သည်တွေနဲ့အတူ သူပါ ပြန်သွားတယ်"

သူမ၏ မရေရာသော အကူအညီ တောင်းခံမှုကို အမျိုးသားက နည်းနည်း စိတ်ပျက်သွားပုံရ၏။ သက်ပြင်းတစ်ချက် လေးလေးလံလံ ချပြီးမှ...





"အင်း... ဒါဆိုရင်တော့ ဝန်ထမ်းစာရင်းကို ရှာကြည့်မှ သိမှာပဲ။ သူ့ ပုံစံက ဘယ်လိုမျိုးလဲ ခင်ဗျ"

"အသား ဖြူဖြူ၊ အရပ်က ကျွန်မထက် လက်တစ်လုံးလောက်ပဲ မြင့်တယ်၊ မျက်မှန် ထူထူနဲ့၊ ဘောင်းဘီ အမြဲဝတ်တယ်"

"ကောင်းပါပြီ၊ ကျွန်တော် တတ်နိုင်သမျှ စုံစမ်းပေးပါ့မယ်၊ အခုအချိန်ကတော့ လူလဲမစုံဘူး၊ နောက်ပြီး ကျွန်တော်တို့ ချိ(ဖ်)လဲ မရှိဘူး၊ ခင်ဗျား အချိန်ရရင် ညနေ အဲ... ညနေ ကျွန်တော် ဒီမှာရှိမှာ မဟုတ်ဘူးဗျ။ မနက်ဖြန် ဒီလို အချိန်မှာ ဒီရုံးခန်းကို ပြန်လာနိုင်မလား"

"အို... ကျေးဇူး တင်လိုက်တာရှင်၊ ဟုတ်ကဲ့ မနက်ဖြန် ကျွန်မ ပြန်လာပါမယ်၊ ဒါနဲ့ ရှင့်ကိုမတွေ့ရင် ကျွန်မ ဘယ်နာမည်နဲ့ မေးရမလဲဟင်"

"ကျွန်တော့် နာမည် ထွန်းဇော်ပါ"

သို့သော် နောက်တစ်နေ့ သူမ ရောက်သွားချိန်တွင်သူမ၏ မျှော်လင့်ချက်များ ရေစုန် မျောရတော့သည်။

"ကျွန်တော် ဝန်ထမ်းတွေရဲ့ နာမည်စာရင်း၊ လစာ စာရင်း ထဲမှာကို ရှာကြည့်ပြီးပြီ၊ ခင်ဗျားပြောတဲ့ ကိုမိုးဝေဆိုတဲ့ နာမည်နဲ့လူ မရှိပါဘူး။ ဒီရန်ကုန်မှာလဲ မရှိဘူး၊ ပုဂံမှာလဲ မရှိဘူး"

"အို... ဒုက္ခပါပဲ"

သူမ ဣန္ဒြေမဆည်နိုင်ဘဲ မျက်နှာပျက်စွာ ညည်းညူတော့ ထိုလူက စိတ်မကောင်းဟန်ဖြင့် ကြည့်သည်။

"ကျွန်တော် မေးပါရစေဦး၊ သူက ဒီဌာနမှာ လုပ်တယ်လို့များ ပြောလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း... မပြောဘူးရှင့်။ ကျွန်မဟာ ကျွန်မ စဉ်းစားကြည့်တာပါ။ ဒီဌာနမျိုး မြန်မာနိုင်ငံမှာ ဘယ်နှစ်မျိုးရှိလို့လဲ"

"ဒီတစ်မျိုးပဲ ရှိတာပါ။ ဒါပေမယ့် အစိုးရအလုပ် မလုပ်ဘဲ ပရိုက်ဗိတ်ဂိုက်(ဒ်) အနေနဲ့ လုပ်တဲ့လူတွေလဲ ရှိကြတယ်ဗျ။ ခင်ဗျားရဲ့ မိတ်ဆွေဟာ အဲဒီလူမျိုး ဖြစ်ချင်ဖြစ်မယ်။ သူ ပုဂံမှာ တိုးရစ်ဘားမားကားနဲ့ အမြဲ လိုက်လေ့ရှိသလား၊ ဒါမှမဟုတ်..."

"သူလား...သူ ကျွန်မတို့နဲ့အတူ စက်ဘီးနဲ့၊ ဒါမှမဟုတ် မြင်းလှည်းနဲ့ သွားတာပဲ။ ဟို ဂျာမန်တွေရောပေါ့၊ ဂျာမန်အမျိုးသမီးကိုတောင် ကျွန်မ စက်ဘီးပေါ် တင်နင်းခဲ့ပါသေးတယ်"

"ဪ... ဒီလိုဆိုရင် သေချာပါတယ်။ သူဟာ တိုးရစ်ဘားမားက မဟုတ်ဘဲ ပရိုက်ဗိတ်ဂိုက်(ဒ်) ဖြစ်မှာပါ။ မှတ်ပုံတင်ဧည့်လမ်းညွှန်လေ။ ခင်ဗျား အပြင်မှာ စုံစမ်းကြည့်မှ ရတော့မယ်"

အခြေအနေကတော့ စကတည်းက အားလျှော့ချင်စရာပါလား မောင်ရေ။ အခုနေများ မမျှော်လင့်ဘဲ ဝတ္ထုတွေ ရုပ်ရှင်တွေထဲကလို မောင်နဲ့ တွေ့လိုက်ရင် ဘယ်လောက်ကောင်းမလဲ။

သဘောကောင်းသော ဧည့်လမ်းညွှန် အမျိုးသားသည် ကေသီ၏ ခေတ်နောက်ကျသော ဆင်ယင်ထုံးဖွဲ့မှု ခပ်ဆန်းဆန်းကို သဘောကျသော အကြည့်ဖြင့် ပြုံးနေပြီး...

"ဘာသိချင်ပါသေးသလဲ" ဟုမေးတော့သည်။ အင်း... ငါ ပြန်သင့်ပြီလို့ နှင်တာပဲ။ သူမ စိတ်အားငယ်စွာ ပြုံးရင်း ပခုံးတွန့်လိုက်သည်။

"ဒါနဲ့ အဲဒီ ရှင်ပြောတဲ့ ပရိုက်ဗိတ်ဂိုက်(ဒ်) တွေကို စုံစမ်းကြည့်ဖို့ နည်းလမ်းကလေး ဘာလေးများ..."





"ဪ...: အဲဒါ နည်းနည်းခက်မယ်ဗျ"

"ဒီနားနဲ့ အနီးဆုံးမှာ ဘယ်သူ့ရဲ့ရုံးခန်း ရှိနေသလဲ။ ရှင် နည်းနည်းပါးပါး သတိထားမိသေးလား ဟင်"

"ကျွန်တော် မသိဘူးဗျ"

ကဲ... ကိစ္စပြတ်ပြီ။

"ဟုတ်ကဲ့၊ ကျွန်မကို အခုလို အချိန်ပေးပြီး ကူညီတဲ့အတွက် အများကြီး ကျေးဇူးတင်ပါတယ်ရှင်"

သူမ နွေးထွေးသော ခြေလှမ်းများဖြင့် တံခါးဆီသို့ လျှောက်သွားလိုက်၏။ တံခါးကို ဆွဲအဖွင့်တွင်...

"ဒီမယ် ခဏ ကျွန်တော် စဉ်းစားမိတာ တစ်ခုရှိတယ်ဗျ" ဟူသော စကားသံကို ကြားရ၏။ အားတက်သရော လှည့်ကြည့်လိုက်သည်။

"ဒီလိုလေ အဲ... သိပ်တော့ မသေချာဘူးပေါ့။ နီးတော့ နီးစပ်တယ်။ နိုင်ငံခြား ဧည့်သည်တွေဟာ ရန်ကုန်မှာ တည်းခိုနေကျ နေရာတွေရှိတယ်။ သူတို့ တည်းခိုတတ်တဲ့ နေရာတွေမှာ အဲဒီ ပရိုက်ဗိတ်ဂိုက်(ဒ်) ရုံးခန်း လိပ်စာ ကတ်ပြားကလေးတွေ ပေးထားတတ်တယ်။ ဒီတော့ ခင်ဗျားရဲ့ မိတ်ဆွေဟာ အဲဒီ အလုပ်ကို လုပ်ကိုင်ရင်း အသက်မွေးတဲ့လူဆိုရင် သူ့လိပ်စာဟာ အဲဒီ ဟိုတယ်လ် တစ်ခုခုမှာ ရှိနိုင်တယ်"

"အို...ကျေးဇူးတင်လိုက်တာ၊ အဲဒီ ဟိုတယ်လ်တွေက ဘာတွေလဲရှင်"

"အစိုးရ ဟိုတယ်လ်တွေပေါ့ဗျာ၊ အင်းလျားလိတ်(ခ်) သမ္မတ၊ စထရင်းဟိုတယ်လ်၊ နောက်ပြီး ဒဂုံဟိုတယ်လ်၊ အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



ဟိုတယ်လ်တွေကလွဲပြီး နိုင်ငံခြားသား ဧည့်သည်တွေ သိပ်တည်းလေ့ မရှိပါဘူး။ ဪ... ပြီးတော့ စခန်းသာ”

“ဟုတ်ကဲ့”

ကျေးဇူး ကြီးမားလှပါသည်။

ကေသီသည် ထိုနေ့ နေ့လည်မှစ၍ သူမ၏ လုပ်ငန်းကို စတင် အကောင်အထည်ဖော်ပါသည်။ ထို ဟိုတယ်လ် ငါးခုအနက် စထရင်းဟိုတယ်လ်ဖြင့် စရသည်။ ကေသီနှင့် သိကျွမ်းသူ ( ဖေဖေ့ တပည့်) တစ်ယောက်သည် စထရင်းဟိုတယ်လ်၏ စားဖိုဆောင်တွင် အလုပ် လုပ်သူ ဖြစ်သည်။

ကေသီ တစ်ခါမျှ မရောက်ဘူးသော နေရာသို့ အရဲစွန့်၍ သွားရပြန်သည်။ စထရင်းဟိုတယ်လ် ဧည့်ကြို မှတ်ပုံတင်ဌာနတွင် စုံစမ်းပေးစေလိုသည့် နာမည်ကို သူမ ပြောပြလိုက်၏။ ကိုမိုးဝေ ဆိုသော နာမည်နှင့် လိပ်စာကတ်ပြား တစ်ခုများတွေ့လျှင် ကေသီ့ထံ ဖုန်းဆက်စေလိုကြောင်း အကူအညီတောင်းရလေသည်။ နောက် တစ်နေ့တွင် သူမထံ ထိုအမျိုးသမီးက ဖုန်းဆက်၏။

ဤတွင် ကေသီ့မျှော်လင့်ချက် တစ်ခုတော့ ပျက်သွားရပြန် သည်။

စထရင်းဟိုတယ်လ် ဧည့်ကြိုဌာန မှန်ကောင်တာအောက် တွင် အမြဲရှိနေသော လိပ်စာကတ်ပြား သုံးခု ရှိနေပါသည်။ ထိုသုံးခု လုံးတွင် မိုးဝေ ဟူသော နာမည်မတွေ့ပါတဲ့။ ကေသီစိတ်ညစ်သွားလေ သည်။

“ဒါဖြင့် တစ်ခု ကျေးဇူးပြုပါဦး အစ်မရယ်။ အခု အစ်မ ဘယ်က ဆက်တာလဲဟင်”





“ဧည့်ကြိုဌာနကပဲ”

“ဟုတ်ကဲ့၊ အဲဒီထဲက အစ်မကြိုက်တဲ့ ကတ်ပြားတစ်ခုကို ကျွန်မကို ဖတ်ပြပါလားရှင်”

ဟိုဘက်က ခဏ တိတ်ဆိတ်သွားပြီးမှ အသံ ထွက်လာ သည်။

“ဦးအောင်ကျော်မင်း၊အမှတ်( )မဟာဗန္ဓုလပန်းခြံလမ်း၊ အလယ်ဘလောက်၊ ဖုန်း( )”

သူမ ကျေးဇူးတင်စွာ လိုက်ရေးမှတ်လိုက်၏။

ထို့နောက် ထို ဖုန်းနံပါတ်ဆီ ချက်ချင်း ကောက်လှည့် မေးမြန်း စုံစမ်းတော့သည်။

“ကျွန်မ မန္တလေးတက္ကသိုလ် မြန်မာစာဌာနက ဒေါ်ကေသီ ပါရှင်။ ကျေးဇူးပြုပြီး ကျွန်မကို တစ်ခုလောက်ကူညီနိုင်ပါသလား” ဟု အစချီ၍ မေးမြန်းရ၏။

“ကိုမိုးဝေ ဟုတ်လား၊ ကျွန်တော်သိတာကတော့ ကိုမျိုး အောင်ပဲဗျ”

အို... ခက်လှပါလား။ သူမ စိတ်ပျက် အားလျော့စွာ တယ်လီဖုန်းကို ပြန်တင်လိုက်ပါသည်။

မဖြစ်တော့ဘူးနဲ့တူတယ်၊ စည်သူ့ကို အကူအညီတောင်းမှ ဖြစ်တော့မှာပဲ။ ဒီဟိုတယ်လ်တွေ အကုန်လုံး ငါလိုက်မေးလို့ ရမှာ မဟုတ်ဘူး။ ဒို့ စည်သူ့ကို ပြောဖို့မဖြစ်နိုင်ဘူး၊ ငါဘာသာ ငါသွားမယ်။ ကဲ... ဧည့်ကြိုဌာနတွေ ရောက်ပြီ ဆိုပါတော့ ငါ ဘယ်လိုမေးမှာလဲ။

ရှင်တို့ ကိုမိုးဝေ ဆိုတဲ့ ဧည့်လမ်းညွှန် တစ်ယောက်ကိုများ မသိကြဘူးလားရှင်၊ သူက တာကျီးနီးယားဆလင်း(မ်) ပရော်ဖက်ဆာ အေး စီးကရက်ကို အမြဲသောက်တယ်လေ။ နောက်ပြီး ဆွစ်စ်ဘူ(တ်)(ဒ်)



www.burmeseclassic.com

www.burmeseclassic.com



နာရီရဲ့ လက်ပတ်ကြိုး အနက်ကလေးပေါ်မှာ ဘတ်ဝက်လောက်ရှိတဲ့ 'Hand Chain'ကလေးတစ်ခုကို မြွေလိမ် မြွေကောက် ရစ်ပတ်ထားတယ်။ သူ့ ပုံစံဟုတ်လား၊ အင်း...သူ့ ပုံစံက ပယင်းရောင် ကျွဲကော်ကိုင်းမျက်မှန်နဲ့ ပညာတတ်တဲ့ ကလေးတစ်ယောက်လို ခပ်ပုပ်ပုပ်မျက်နှာထားမျိုးနဲ့လေ။

ထို့နောက် ကိုယ့်အတွေး ကိုယ်သဘောကျစွာ အသံထွက်၍ ရယ်လိုက်၏။

မောင်ဟာ ကျွန်မကို ဒီလောက်ထိဒုက္ခပေးနိုင်လိမ့်မယ်လို့ မှမထင်ခဲ့ပါဘူးကွယ်။

ရန်ကုန်ရောက်ပြီး သုံးရက် ကြာသောအခါ ကေသီ့ထံတွင် ရှိပြီးမှကက်ပြား ငါးခု၏ လိပ်စာကို ရပြီးပြီ။ ထိုလိပ်စာထဲတွင် မိုးဝေဟူသော နာမည် မပါပါ။ သူမစိတ်ကို တင်းထားရသည်။ တင်းသာမထားလျှင် သူမ ပျဉ်းမနားသို့ ချက်ချင်း ပြန်မိတော့မည်။

မဟုတ်ဘူး။ တွေ့ကို တွေ့ရမယ်၊ ဟောဒီ ဒီဇင်ဘာ ကျောင်းပိတ်ရက်မပြည့်ခင် မောင့်ကို တွေ့ရမယ်။

သူမ ရရှိထားသော လိပ်စာငါးခုမှ ဦးအောင်ကျော်မင်းကို ပယ်လိုက်လျှင် လေးခု။ သူမ ဇွဲကောင်းစွာ တယ်လီဖုန်းတစ်ခုပြီးတစ်ခု ဆက်တော့သည်။

"ကျေးဇူးပြု၍ ကူညီပါရှင်။ ရှင်တို့ ရုံးခန်းမှာ ကိုမိုးဝေဆိုတဲ့ 'Tourist Guide'တစ်ယောက်ကိုများ သိပါသလား" ထိုမေးခွန်းဖြင့် နှုတ်ခွန်းဆက်၍ မေးမြန်းရလေသည်။ သုံးခုမြောက် လိပ်စာရှင်ထံမှ ပြန်ကြားချက်ရသည်။

"ဟုတ်ကဲ့ ကျွန်တော်တို့ဆီမှာ ကိုမိုးဝေ ရှိပါတယ်"





အမယ်လေး။ သူမ စိတ်ချမ်းသာမှုဖြင့် တုန်ရီသွားသော လက်များကို တစ်ဘက်နှင့်တစ်ဘက် ထိန်း၍ တယ်လီဖုန်းကို ဘင်းကျပ်နေအောင် ဆုပ်ကိုင်ထားလိုက်လေသည်။

တဒိတ်ဒိတ် မြန်ဆန်စွာ ခုန်နေသော ရင်ညွန့်ကို တယ်လီဖုန်းဖြင့် ဖိထားရသည်။ နောက်ဆုံးတော့ မောင့်ကို ကျွန်မ တွေ့ပြီပေါ့။ သူမသည် မျက်စိကို ခဏ မှိတ်ပစ်လိုက်ပြီး ပြန်ဖွင့်လိုက်သည်။

"ဟဲလို... အဲဒီဘက်က ဖုန်းမချသေးဘူး မဟုတ်လားဟင်"

"ဟုတ်ကဲ့၊ မချသေးပါဘူး"

"ကျွန်မ ကိုမိုးဝေနဲ့ စကားပြောပါရစေလား ရှင်"

"ဟာ... ကိုမိုးဝေ မရှိဘူး ခင်ဗျ၊ ခရီးထွက်သွားပါတယ်"

"မြတ်စွာဘုရား" သူမသည် မေ့လျော့ကာ ရေရွတ်လိုက်မိသော နှုတ်ခမ်းကို လက်ဖြင့် အချိန်လွန်စွာ အုပ်ပိတ်လိုက်၏။

"သူ ဘယ်သွားတာလဲ၊ ဘယ်တော့ ပြန်ရောက်မလဲ"

"ပုဂံကို သွားပါတယ် ခင်ဗျာ။ အများအားဖြင့် ခရီးတစ်ခေါက်ကို ခုနှစ်ရက်ကြာတတ်ပါတယ်။ သူ မနက်ဖြန် ညနေ ပြန်ရောက်မယ်လို့ ထင်ပါတယ်။ ဘာပြောလိုက်ရမလဲ ခင်ဗျ"

"အို... နေပါစေရှင်။ ကျွန်မ မနက်ဖြန်ညနေ ပြန်ဆက်ပါမယ်"

"ဟာ... ကျွန်တော်တို့ ရုံးခန်းက ညနေ ၅ နာရီဆို ပိတ်တယ်ခင်ဗျ။ အဲဒီအချိန်မှာ ဖုန်းဆက်ရင် ဘယ်သူနဲ့မှ တွေ့မှာမဟုတ်ဘူး။ သူ ရောက်မှာကလဲ ရုံးပိတ်ချိန်လောက်မှ ရောက်မှာ"

"ဒါဖြင့် သန်ဘက်ခါပေါ့နော်"

"ဟုတ်ကဲ့၊ နာမည် ပြောခဲ့မလား ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း... ကျွန်မပဲ ဆက်လိုက်ပါမယ်။ ဒါနဲ့ စိတ်မရှိပါနဲ့နော်၊ ကိုမိုးဝေမှာ အိမ်ထောင်ရှိသလား"

တစ်ဘက်မှ အနည်းငယ် ရယ်မောချင်ဟန်ဖြင့်...

"မရှိပါဘူး ခင်ဗျာ" ဟုဖြေသည်။

အို...။ထိုနေ့သည် သူမ စိတ်အချမ်းသာဆုံးနေ့ ဖြစ်သည်။

ကဲ... မောင် နောက်ထပ် ဘယ်လိုနည်းနဲ့မှ ကျွန်မတို့ မကွဲစေရဘူး ကြားလား။

မောင့်ကို ကျွန်မမှာ ရှိသမျှ ဉာဏ်နီဉာဏ်နက်တွေ အကုန်သုံးပြီး ဖြားယောင်းတော့မယ်။

ဏ ဏ ဏ





ယောကျ်ား တစ်ယောက်ကို အစွမ်းကုန် ဖြားယောင်း သွေးဆောင်ဖို့ ဆုံးဖြတ်ထားသော ကေသီသည် မောင့်ကို တွေ့တွေ့ချင်းပင် စိတ်ပျက်လက်ပျက် လက်လျှော့ရလုနီးပါး ဖြစ်သွားခဲ့သေးသည်။

ပထမဆုံးစတွေ့သောနေ့တုန်းက မောင်သည် တံတောင်ဆစ် အထက်တွင် အပြားကြီးကြီး ခေါက်တင် ထားသော အဖြူခံတွင် သေသေချာချာ ကြည့်မှ သစ်ရွက်သေးသေး ရေးရေးထင်သော ရှပ်လက်ရှည် အင်္ကျီကို ဝတ်ထားသည်။ လုံချည်က ရှားရောင်ခံပေါ်တွင် အဖြူရောင် ချည်တစ်ချောင်းစာ ထူသော အကွက်ကျဲကလေးများ။ ထိုအကွက်ကလေးများထဲတွင် အဖြူစက် ချည်ပြောက်ကလေးများ ပါသော ယောလုံချည် ဖြစ်လေသည်။ သူဟာ လုံချည်နဲ့ဆိုရင် အလွန် နူးညံ့ သိမ်မွေ့ပြီး ချစ်စရာ ကောင်းသွားတာပါပဲလား။



www.burmeseclassic.com

www.burmeseclassic.com



ရင်တသိမ့်သိမ့် ခုန်လျက် အားတင်းကာ ရုံးခန်းထဲသို့ ဝင်လာသော ကေသီ့ကို ရုတ်တရက် မြင်လိုက်ရသော မောင်သည် တအား အံ့ဩသွားသလို ထိုင်ရာမှ ဖြုန်းခနဲထရပ်လိုက်သည်။ မျက်မှန်ထူထူအောက်မှ မျက်ဝန်းညိုများမှာ ဝမ်းသာခြင်း အရိပ်အယောင်ဖြင့် ရွှန်းလက် သွားသည်ဟု သူမ ကိုယ်လိုရာ ဆွဲတွေးလိုက်ပါသည်။ သူ ငေးမောရာမှ တဖြည်းဖြည်းပြုံးလာသည်။ ရွှန်းရွှန်း ဝေအောင် အရေး တယူ နှုတ်ဆက်လိမ့်မယ်လို့ အစကတည်းက မမျှော်လင့်ပါ။

"ကေသီ..."

တော်ပါသေးရဲ့။ သူ သူမကို မှတ်မိရှာသားပဲ။

သူမ ချိုမြစွာ ပြုံးရယ် ပြလိုက်ပါသည်။

"ကေသီ ဘာလာလုပ်တာလဲဟင်"

သူမ ရင်ထဲမှာ ဆို့နင့်သွား၏။ ဘာလဲ နင်က ဘယ်လို နှုတ်ခွန်းဆက် စကားမျိုးကို မျှော်လင့်ထားလို့လဲ မိကေသီ။ သူမ လျော့ရဲသွားတော့မည့် အပြုံးကို အတတ်နိုင်ဆုံး အားဖြည့်လိုက်သည်။

"ကိုမိုးဝေကိုပြောဖို့ စကားတစ်လုံး ကျန်နေသေးတာ အခုမှ သတိရလို့လေ"

သူ ကြောင်တောင်တောင် ကြည့်နေ၏။

"ဘာ... ဘာစကားလဲဟင်"

"ကျွန်မ ပြင်သစ်စကားဆိုလို့ အော်ဗွားဆိုတဲ့ နှုတ်ဆက်စကား တစ်ခုပဲတတ်တယ်လို့ ပြောခဲ့တယ်မဟုတ်လား။ အဲဒါမှားတယ်၊ သိလား။ အခုမှ ကျွန်မ သတိရတယ်။ ကျွန်မ ပြင်သစ်စာလုံး တစ်ခု တတ်သေးတယ်။ အဲဒါက ရော်(န်)ဒေဗူး(Rendez-vous) လေ"





သူ ကေသီ့ကို ခပ်ငေးငေး ကြည့်ရာမှ လှိုက်လှိုက်လှဲလှဲ ရယ်မောသောအခါ သူမ သိပ်ပျော်ရွှင်သွားခဲ့တော့သည်။

"ထိုင်ပါ ကေသီ၊ ကိုယ့်ဆီကို တစ်နေ့က ဖုန်းဆက်တယ်ဆိုတာ ကေသီပဲလား"

သူမ မျက်နှာ နွေးခနဲ ပူသွား၏။ ခေါင်းညိတ် ပြရင်း ရုံးခန်း ပတ်ပတ်လည်ကို စိတ်ဝင်စားချင်ယောင်ဆောင်နေလိုက်သည်။ ဒါဆို အိမ်ထောင်ရှိသလားလို့ မေးခဲ့တာလည်း သူ ပြန်ကြားသိမှာပဲပေါ့။ ဩော်...ငါ့နှယ် ဘာဖြစ်လို့များ မာယာပရိယာယ် မကြွယ်ဝလိုက်ပါလိမ့်။

"ကိုယ့်လိပ်စာ ကေသီ ဘယ်လို ရလာတာလဲ"

အမယ်လေး... မေးရက်လိုက်တာ မောင်ရယ်။

"ကျွန်မ စကော့ဈေးထဲမှာ ကောက်တွေ့တာလေ"

သူ တဟားဟား ရယ်ပြန်လေသည်။ ဩော်... ဒီရယ်သံမျိုးကို ကြားရဖို့၊ ဒီ မပွင့်တပွင့် အပြုံးမျိုးကို မြင်ရဖို့ ကေသီ ဘယ်လောက် ကြိုးစားခဲ့ရသလဲကွယ်။

ထို့နောက် ဗီရိုရှေ့မှာ ကြက်မွေးတစ်ချောင်းနှင့် အလုပ်ရှုပ် ချင်ဟန်ဆောင်နေသော အရပ်ရှည်ရှည် လူငယ်နှင့် မိတ်ဆက် ပေးခဲ့ပါသည်။ သူ့ နာမည်က သက်မြင့်ထွန်းတဲ့။ ကေသီနှင့် ဖုန်းထဲမှာ စကားပြောသောသူမှန်း ကေသီ သိသည်။

"မကေသီက အပြင်မှာ ပိုလှတယ် ကိုဝေ"

"ဟာ... ဟုတ်ပါရဲ့။ ဟို တစ်နေ့ကမှ ကေသီ့ ဓာတ်ပုံတွေ ရထားတာ"

"ဓာတ်ပုံ"

"အင်းလေ... ပဒေသာစတို့(ဇ်) ရိုက်သွားတဲ့ ပုံတွေ"



www.burmeseclassic.com

www.burmeseclassic.com



"အို... ဟုတ်လား၊ သူတို့က ဘယ်လို ပို့ပေးလိုက်တာလဲ"

"ဒီကို တိုရင်း(န်)လာတဲ့ ဂျာမန် မိတ်ဆွေတစ်ယောက်နဲ့ ထည့်ပေးလိုက်တာ။ မနက်ဖြန်ကျမှ အိမ်က ယူခဲ့မယ်"

ထို့နောက် မောင်က ရှက်ပြုံးဖြင့် "ကိုယ့်မျက်နှာကတော့ ဓာတ်ပုံထဲမှာ တင်းမာနေတာပဲ" ဟု အားနာသလို ဆိုသည်။

ကျွန်မ သိပါရဲ့၊ ကျွန်မတို့ နှစ်ယောက် ကျောက်စာ မှင်လိမ့်နေတုန်းက မောင့်မျက်နှာ စူနေတာ ကျွန်မ တွေ့သားပဲ။ မောင်ဟာ ဓာတ်ပုံရိုက် ခံရမှာ တော်တော်ကြောက်ဟန်တူပါရဲ့။

ကေသီ ပြုံးလျှင် သိပ်လှတာပဲဟု ကေသီ သိဖူးသော ယောကျ်ားများက ပြောဖူးသဖြင့် မောင့်ရှေ့မှာ အမြဲ ပြုံးနေမိဖို့ ကြိုးစားရသည်။ သို့သော် မောင်က သူမကို ငေးမောမကြည့်ပါ။ အနည်းငယ်ပင် မျက်နှာ လွှဲထားသလိုပဲ။

"ကိုမိုးဝေ လက်ဖက်ရည် သောက်ခဲ့ပြီးပြီလားဟင်"

"ကိုယ် အိမ်က ကော်ဖီ သောက်လာတယ်လေ၊ ဘာဖြစ်လို့လဲ ကေသီရော"

"ကျွန်မ မနက်ထဲက ဘာမှ မစားရသေးဘူး"

ယခုအချိန်ကစပြီး မုသား တော်တော်များများနှင့် ရင်းနှီးရတော့မည်။

"ဟာ... ဟုတ်လား၊ အဲဒါဆို ကိုယ် မှာခိုင်းလိုက်မယ်နော်၊ ကိုသက်ရေ"

ဟွန်း၊ မောင်ဟာ သိပ်တုံးတဲ့ လူရင်လည်း ဖြစ်ရမယ်။ ဒါမှမဟုတ် သိပ် အရှောင်အတိမ်းကောင်းတဲ့ လူရင်လည်းဖြစ်ရမယ်။ ကေသီ့ မျက်နှာမပျက်အောင် ဖွတ်ထိန်းချုပ်ပြုံးနေရသည်။





"ကိုဝေကလဲ ကိုဝေတို့နှစ်ယောက် သွားသောက်လိုက်ပေါ့။ ကျွန်တော် ရှိနေမှာပဲ ဥစ္စာ"

ကဲ... ကိုသက်ကမှ အလိုက်သိသေးတယ်။

"ဟာ... မဖြစ်ပါဘူးကွာ၊ မင်းပဲ သွားမှာပေးပါ"

ပထမဆုံးနေ့မှာပင် ကေသီ လက်လျှော့လိုက်ရလုနီးပါး ဖြစ်ခဲ့သည်။

အင်းလေ... ဘယ်လုပ်ငန်းမဆို အချိန်ကာလ လိုတယ်။

ကေသီကတော့ ချစ်မြတ်နိုးစွာသော မောင့် မျက်နှာကို မောင် မရိပ်မိအောင် ဖျတ်ခနဲ ဖျတ်ခနဲ ခိုးကြည့်ရင်း ကိုသက် မှာပေးသော လက်ဖက်ရည်ကို အကြာကြီး အချိန်ဆွဲ၍ သောက်နေလိုက်သည်။ တော်တော်ကြီးကြာမှ မောင်က "စည်သူ မပါဘူးလား" ဟု တစ်ခွန်းသာ မေးသည်။ မပါတာ မြင်လျက်သားနဲ့၊ ဒီစကားပြောဖို့တောင် မောင့်စိတ်ထဲမှာ စဉ်းစားချင် စဉ်းစားနေရဦးမှာ။ မေးသင့် မမေးသင့် ဆိုတာမျိုးလေ။ ကေသီ ထိုင်နေသမျှအချိန်တွင် တယ်လီဖုန်း နှစ်ခါလာသည်။ နိုင်ငံခြားသား ဧည့်သည်တစ်ယောက် လာသည်။ မောင် အလုပ်ရှုပ်နေလို့ စိတ်ကျဉ်းကျပ်နေတာလား၊ (သို့မဟုတ်) ကေသီ ရှိနေလို့ စိတ်ကျဉ်းကျပ်နေတာလား။

ရုံးခန်းနံရံမှာတော့ မိုးဝေ ဟူသော ဆိုင်းဘုတ် နာမည်ကလေး ရှိသားပဲ။

ဘာကြောင့် မောင့်မှာ ကိုယ်ပိုင်ကတ်ပြား မထားသေးတာလဲ။ ဘာကြောင့် ဦးခင်မောင်ဇော်၏ လက်အောက်ခံ ဖြစ်နေရတာလဲ။ မောင်သာ ဦးမိုးဝေ ဆိုပြီး ကိုယ်ပိုင်ကတ်ပြားထားရင် ကျွန်မ မောင့်ကို နှစ်ရက်လောက်စောပြီး တွေ့နိုင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ပထမဆုံး ပြန်တွေ့သောနေ့မှာ သူမသည် သူ့ကို မိနစ်လေး ဆယ်လောက်သာ အချောင့်အယှက် ပေးခဲ့သည်။

"ကျွန်မ ပြန်မယ် ကိုမိုးဝေ၊ဖေဖေ ခိုင်းထားတဲ့ ကိစ္စကလေး တစ်ခုရှိသေးတယ်" ထိုနေ့ အဖို့ ဒုတိယ မုသားစကားဖြစ်သည်။

ကေသီ ပြန်ရန် ထိုင်ရာမှထတော့ ရုံးခန်းမျက်နှာစာအထိ လိုက်လာသော သူ့ မျက်နှာမှာ စိတ်လွတ်လပ်သွားသူ တစ်ဦး၏ မျက်နှာမျိုးဟု သူမ ထင်လိုက်သည်။ အင်း... ငါစိတ်ထင်လို့နဲ့ တူပါရဲ့လေ။ သူမ အနည်းငယ် စိတ်ပျက်သွားတာတော့ အမှန်ပဲ။

တကယ်ဆို ကေသီ ဘယ်မှာတည်းတာလဲ မေးဖို့ မကောင်း ဘူးလားကွယ်။

မောင်က တစ်ခွန်းမှ စကားစပ်၍မမေးသောအခါ ကေသီ့ ရင်ထဲမှ နဂိုကရှိပြီး အခုမှ လျှော့ချထားရသော မာနများ ချက်ချင်း လျှံထွက်လာခဲ့သည်။ သို့သော် သူမ ပြန်လျှော့လိုက်ပါသည်။

"ကေသီ ဓာတ်ပုံတွေယူသွားမယ် မဟုတ်လား။ မနက်ဖြန် ရုံးကို ကိုယ်လာရင် ဓာတ်ပုံတွေ ယူလာခဲ့မယ်နော်"

"မနက်ဖြန် ကျွန်မ အားရင်လျှောက်ခဲ့မယ်လေ။ မအားရင် လဲ နောက်နေ့တွေပေါ့" တတိယ မုသားစကား ဖြစ်သည်။

တကယ်တော့ ကေသီ မအားဘဲ ဘယ်နေပါ့မလဲ။ ရန်ကုန် ကို လာတာကိုက မောင့်ကို တွေ့ဖို့ လာတာပဲ။ သို့သော် သင်ခန်းစာ တစ်အနေနှင့် မောင့်အာရုံထဲသို့ ကေသီ ဆိုသော မိန်းမ စိမ့်ဝင်သွား နိုင်အောင် အချိန်ပေးရမည်။

တကယ်ပင် နောက်တစ်နေ့မှာ ကေသီ မောင့်ထံ မသွား ချေ။





အိမ်မှာ တယ်လီဖုန်းနားသို့ နာရီဝက် တစ်ခါလောက် ရောက်၏။ ဖုန်းဆက်ပြီး စကားပြောရလျှင် ကောင်းမလား။ သို့သော် သူမ စိတ်ကို ထိန်းချုပ်ထားနိုင်ခဲ့သည်။ ထို့နောက် ဗိုလ်ချုပ်ဈေးသို့ သွား၍ လိုအပ်သောပစ္စည်းများ ဝယ်ခြင်းဖြင့် အချိန်ဖြုန်းပစ်လိုက် သည်။ ဗိုလ်ချုပ်ဈေးဆိုင်ခန်းသို့ ပြောင်း၍ ဖွင့်ထားသော ကော်ပိုရေး ရှင်း နိုင်း စာအုပ်ဆိုင်ထဲ ဝင်၍စာအုပ်များကို ကြည့်နေခိုက်မှာ မောင့် ကို ပြင်းပြင်းထန်ထန် သတိရမိပြန်လေသည်။

အေးအေးသွယ် စီးသော ညှပ်ဖိနပ် အဖြူပါးပါးကလေးမျိုး ကို မက်မက်မောမော လိုက်ရှာသည်။ စီးနေကျ ခွာမြင့်ဖိနပ်ကြီးတွေ ကများ မောင်နဲ့ ကျွန်မကို စိမ်းကားစေသလားကွယ်။ မောင်နှင့် ယှဉ်လျှောက်လာတော့ မောင့်ပခုံးက ကေသီ့ ပခုံးထက်ပင် နိမ့်မ ယောင်ယောင်ရှိသည်။ မောင်ဟာ ငါ့သူ့ထက် အရပ်မြင့်သလို ဖြစ်နေ တာကို မကြိုက်ဘူးနဲ့တူတယ်။ အိမ်ပြန်ရောက်သောအခါ စီးလာသော ခွာမြင့်ဖိနပ်များကို အငြိုးတကြီးဖြင့် ချွတ်ကာ ဆောင့် ကန်ပစ်လိုက် သည်။

နောက်တစ်နေ့ မောင့်ရုံးခန်းသို့ ပထမနေ့ထက် နည်းနည်း နောက်ကျပြီးမှ ရောက်သွားသည်။ ခြေညှပ်ဖိနပ်ပါးပါး ကလေးဖြင့် ပေါ့ပေါ့ရှုပ်ရှုပ်ကလေး လမ်းလျှောက်ရသော အရသာကို ပထမဦး ဆုံးအကြိမ် နှစ်သက်သွားလေသည်။

ကေသီ ဝင်သွားသောအခါ မောင်က ပြောလက်စ တယ်လီ ဖုန်းကို ပြန်တင်လျက် ပြုံးရွှင်စွာ နှုတ်ဆက်သည်။

"ဟဲလို မင်္ဂလာနံနက်ခင်းပါ ကေသီ" လာပြန်ပြီ ဒီအင်္ဂလိပ် စကားကြီး၊ အင်းလေ သူ အကျင့်ပါနေလို့ ဖြစ်မှာပါ။ သူမ အနည်း ငယ် နှာခေါင်းရှုံ့လိုက်မိပြီးမှ ပြုံးကာ...



www.burmeseclassic.com

www.burmeseclassic.com



"မင်္ဂလာပါ"ဟု နှုတ်ဆက်လိုက်၏။

"ကေသီ ပုံစံပြောင်းလာတယ် ထင်တယ်"

မဆိုးဘူး၊ မောင် ပထမနေ့နဲ့စာရင် နည်းနည်း သွက်လာပြီ။

"ဟင့်အင်း ဘယ်မှာ ပြောင်းလို့လဲ" သူမ အင်္ကျီကို ငုံ့ကြည့်လိုက်သည်။ အင်္ကျီက ချည်ဇာ မရန်းနုရောင်ရင်ဖုံး လက်က ပခုံးအောက် လက်သုံးလုံးသာချထားသော လက်လျှော။ ကြယ်သီးကို မရမ်းရောင် ဘယ်လိုမှ ရှာမရသဖြင့် အနက်ရောင် ဆန္ဒင်းမကင်းတုံးလို ကျောက်သေးသေးကလေးများ တွယ်ခဲ့ရသည်။ လုံချည်က ဘီလဲလ်မရန်းရင့်ရောင် ခြေသလုံးတစ်ဝက်လောက် တိုအောင်ဝတ်ထားသည်။

"ပြောင်းတယ်။ ဆံပင်နဲ့ဖိနပ်"

"အို..."

မောင် ကျွန်မကို ဂရုစိုက်မိသားပဲ။

သူမ ပျော်ရွှင်စွာ ရယ်မောလိုက်လေသည်။

ဒါဆို ပုံစံပြောင်းလာရကျိုး နပ်သွားပြီပေါ့။ ကေသီ၏ ဆံပင်မှာ ခါတိုင်းလို ဆံထုံးမြင့်မြင့် ပိုက်အုပ် တစ်မျိုးမျိုးဖြင့်မဟုတ်ဘဲ ကျစ်ဆံမြီးနှစ်ဘက်ခွဲ၍ ကျစ်ကာ ဆံဖျားမှာ ဇာဖဲကြိုးအဖြူကလေးများဖြင့် ချည်နှောင်ထားလေသည်။

ထိုနေ့က စားပွဲတွင် မောင်နှင့် မျက်နှာချင်းဆိုင် ထိုင်လျက် မောင် ထုတ်ပေးသောဓာတ်ပုံလေးပုံကို ကြည့်ရသည်။ ကေသီတစ်ယောက်တည်းက နှစ်ပုံ။ မောင်နှင့် နှစ်ယောက်တွဲပုံက နှစ်ပုံ။ ဓာတ်ပုံနှစ်ပုံလုံးတွင် မောင်နှင့်ကေသီမှာ အလွန်နီးကပ်နေသလို ထင်ရ၏။ ကေသီ့မျက်နှာက ခပ်ပြုံးပြုံး မောင့်မျက်နှာက ခပ်ပုပ်ပုပ်၊ အင်း...





ဒါပေမယ့် မောင်ဟာ အဲလို နှုတ်ခမ်းခပ်စူစူနဲ့ဆို ပိုတောင် ချစ်ဖို့ကောင်းသေး။

"ကျွန်တော်တို့ မင်းသားကတော့ ခပ်တင်းတင်းပဲ နော် မကေသီ"

ကိုသက်က မှန်ဗီရိုဖွင့်ရင်း နှုတ်ခမ်းကိုမဲ့လျက် ဝင်ပြော၏။

"ဟုတ်ပ့ါရှင်၊ တစ်ကမ္ဘာလုံးကလူတွေက သူ့အချိန်တွေကို လိုက်လုနေသလို မျက်နှာထားမျိုးရှင့်"

မောင်က ခပ်ရှက်ရှက်ဖြင့် ရယ်လေသည်။ သူမ စကားက မောင့်ကို တိုက်ရိုက်ထိသွားပုံရပါရဲ့။

တကယ်တော့ မောင့်အချိန်တွေကို လိုက်လုနေတဲ့ သူက ကျွန်မတစ်ယောက်တည်း မဟုတ်လား မောင်။ အခုကိုပဲ မောင်က ကျွန်မရှေ့မှာကို စာအုပ်တစ်အုပ်ကို ရှေ့ထုတ်ပြီး ချပြထားတယ်။ မောင် စာဖတ်ဦးမယ်ဆိုတဲ့ သဘော။ အလိုက်သိစွာနဲ့ ကျွန်မက ပြန်ချင်ပြန်၊ ဒါမှမဟုတ် ကျောက်ရုပ်တစ်ခုလို ထိုင်နေ ဟုတ်လား။ ဘယ်ရမလဲ ကျွန်မ မောင့်ကို အစွမ်းကုန် နှောင့်ယှက်ဖို့ ဆုံးဖြတ်ပြီးသား။

"ခဏနော် အဲဒီစာအုပ်"

စပ်ထွန်းမှတ်ဝင်း၏ မြန်မာ့ရှေးရာ ပန္နမာသိပ္ပံပညာ မုဒြာများတဲ့။ သူမ စာရွက်တွေကို ဖြည်းဖြည်းချင်း လှန်ကြည့်နေလိုက်သည်။ ဓာတ်ပုံများ၊ ပန်းချီများဖြင့် ဖော်ပြထားသော မုဒြာပေါင်းများစွာကို ကြည့်ရင်း ကြည့်ရင်း စိတ်ဝင်စားသွား၏။

"အများကြီးပါလား ကိုမိုးဝေ"

သူက ဘာမှ မပြောဘဲ၊ စီးကရက် တပ်လိပ် မီးညှိ၍ သောက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မုဒြာလေးဆယ့်ငါးမျိုး တဲ့။ တန္တရယာန မုဒြာတစ်ရာ့ရှစ်မျိုး တဲ့။

"ကိုမိုးဝေ တန္တရယာနဆိုတာ ဘာလဲဟင်၊ ကျွန်မ ကြားဖူးနေလို့"

သူက စီးကရက်မီးခိုးများကို ကေသီ့ထံ ခပ်ဖြည်းဖြည်း မှုတ်ထုတ်ရင်း ...

"မဟာယာနလိုပဲပေါ့၊ ဗုဒ္ဓဘာသာ တစ်မျိုးပဲလေ" ဟု ဖြေသည်။

ဒုတိယနေ့တွင် ထူးခြားသော အဖြစ်အပျက် တစ်ခုမှာ တစ်လမ်းတည်း၊ တစ်ဘလောက်တည်း ဖြစ်သော ပုဂံ စာအုပ်ဆိုင်သို့ မောင်နှင့် နှစ်ယောက်အတူ သွားခွင့်ရခြင်း ဖြစ်သည်။ ကေသီက မောင့်ကို နှုတ်ဆက်ပြီး ပုဂံ စာအုပ်ဆိုင်ဘက်သွားမည်ဖြစ်ကြောင်း ပြောတော့ အံ့သြဖို့ကောင်းစွာ သူလည်းသွားစရာ ရှိသည်ဟု လိုက်လာခဲ့လေသည်။ သည်လိုဆိုလျှင် ကေသီ နည်းနာနိသယ သိပ်မဆိုးလှဘူး ထင်ပါရဲ့။

စာအုပ်ဆိုင်က ဦးလေးကြီးနှင့် သူ တော်တော် ခင်မင်သလားမသိ။ ရောက်ကတည်းက သူမကို တစ်ယောက်တည်း ပစ်ထားပြီး၊ စားပွဲတွင် နှစ်ယောက်သား စကား ထိုင်ပြောနေကြ၏။ ကေသီက စာအုပ်စင်များရှေ့ တွင်ရပ်လျက် စာအုပ်လိုက်ရွေးနေသည်။ ဤဆိုင်မှ ကေသီ စာအုပ်နှစ်ခါ ဝယ်ဖူးသည်။ ယခုရှာနေသော စာအုပ်မှာ ယခင်တုန်းကလို နာမည်ဖွင့်မေး၍ ရသော စာအုပ်မျိုးမဟုတ်။ အလျှင်ကတော့ ကျွန်မ ဟာမန်းဟက်ဇ်ရဲ့ စတက်ဖဲင်(န်)ဝု(လ်)(ဖ်) လိုချင်ပါတယ်၊ သို့မဟုတ် တောမတ်(စ်) မန်း၏ သည်မက်ဂျစ်မောင်းတိန်း(န်) လိုချင်ပါတယ်ဆိုလျှင် ပြီးပြီ။ ယခုသူမ လိုချင်သည်က





သည်လို စာအုပ်မျိုးမဟုတ်။ အချစ်ကိုဖွင့်ဆိုရှင်းပြသော စာအုပ်မျိုး။ သည်တော့ ဘာသာရပ်ဆိုင်ရာ စာအုပ် စာတန်းများ၏ နောက်ဘက်အထိ သွား၍ ရှာရသည်။

ထိုအခိုက်တွင် သူနှင့်ဆိုင်ရှင်ဦးလေးကြီး သူမ မသိသော ဘာသာစကားတစ်ခုခုဖြင့် ခပ်တိုးတိုး ပြော၍ ရယ်မောနေကြသည်။ ဘာစကားပါလိမ့်၊ ပုဂံမှာ လေးရက်အတွင်း မကြာခဏ ကြားခဲ့ရသော စကားမျိုးမဟုတ်။ သူ့မျက်နှာကို မသိမသာ လှည့်ကြည့်တော့ မျက်နှာအထားရခက်ကာ မပွင့်တပွင့်ရယ်နေတာကို မြင်လိုက်ရသည်။ အင်း... ဒါတော့ သေချာသည်။ သူမ၏အကြောင်း ပြောနေကြတာပဲ။

ထို့နောက် သူမ ဖတ်ချင်သော စာအုပ်အမျိုးအစားကို တွေ့သွား၏။ 'ချစ်ခြင်း၏ အနုပညာ' ဟူသော စာအုပ်တစ်အုပ်ဖြစ်သည်။ ထိုစာအုပ်ကို သူမ နည်းနည်း မြည်းကြည့်သည်။ အချစ်၏ သဘောတရား၊ လက်တွေ့ နှစ်မျိုးပါသည်။ အချစ်အမျိုးအစားကို ထပ်၍ ခွဲခြားပြသေးသည်၊ မိခင်အချစ်၊ ညီရင်းအစ်ကိုအချစ် သို့မဟုတ် မိတ်ဆွေအချစ်၊ ပေါင်းစပ်သောအချစ်၊ ကိုယ့်ကိုယ်ကို ချစ်သော အချစ်တဲ့။ ကေသီ သူတို့စားပွဲရှိရာသို့ လျှောက်သွားလိုက်၏။

"လိုချင်တဲ့စာအုပ် တွေ့လား ကေသီ"

သူမ တွေ့သော စာအုပ်ကို စားပွဲပေါ် ချပြလိုက်တော့ မောင်က မျက်မှန် နှာထောက်ကိုလက်ညှိုးဖြင့်တင်ကာ မဲ့ပြုံး ပြုံးတော့သည်။

"ဒီစာအုပ်ဆိုရင်တော့ ဝယ်မနေပါနဲ့ ကေသီ၊ ကိုယ့်ဆီမှာ ရှိပါတယ်။ ကိုယ် မင်းကို ပေးဖတ်ပါ့မယ်"

ဤစာအုပ်သည် သူမဘက်မှ ရေလာမြောင်းပေး စကားတစ်ခုလည်း ဖြစ်ကြောင်း သူ ထင်မှ ထင်တတ်ပါ့မလား။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုပွတာပဲ။ ကျွန်မ ပိုက်ဆံကုန် သက်သာသွားပြီ။ ဒါနဲ့ ဒီစာအုပ်ကို ရှင် ဖတ်ပြီးပြီထင်ပါရဲ့၊ ဘယ့်နှယ်နေလဲဟင်"

သူ ခပ်ကြောင်ကြောင် မော့ကြည့်သည်။

"စိတ်ထဲရှိတာကို ပြောခွင့် ရှိသလား"

"အို... စိတ်ထဲရှိတာ မပြောလို့ ရှင်က ဘယ်ထဲရှိတာ ပြောချင် သေးလို့တုန်း"

"သိပ်မစွံပါဘူး။ အေးလေ အချိန်တွေ သိပ်ပိုနေတဲ့ လူတွေ မှာတော့ ဒီချစ်ရေး ချစ်ရာတွေဟာ အချိန်ဖြုန်းဖို့ နည်းကောင်းတွေပဲ။ ဒါပေမယ့် ကိုယ့်အတွက်တော့ အဲဒါတွေမလိုဘူး ကေသီ"

သူမ မျှော်လင့်ခဲ့သော ရွှေရောင် ပျော်ရွှင်မှုများ တစ်ချို့ တည်းနှင့် ဝုန်းခနဲ ပြိုလဲကျသွားသည်။ သူ တကယ်ပြောနေတာမှ ဟုတ်ရဲ့လား။ သို့သော် သူ့ မျက်မှန်ထူအောက်မှ ရိုးသားသော မျက်လုံးများတွင် အမှန်တရားကို မြင်နေရသည်။ သူမ အံကြိတ်၍ ပြုံးလိုက်၏။

"ရှင် ဆိုလိုတာက ရှင့်အနေနဲ့ မားသားလီးလပ်(ဗ်) ဆိုတာ ကိုတောင် မလိုဘူးဆိုတဲ့သဘောလား၊ ရှင် ဘရားသားလီးလပ်(ဗ်)ဆို တာတောင် မလိုဘူးလား"

"နားထောင် ကေသီ။ မာမီနဲ့ ကိုယ်နဲ့ ပစိဖိတ် သမုဒ္ဒရာ ခြားနေကြတာ ခုနစ်နှစ်ရှိပြီ။ တစ်နှစ်နေလို့ စာတစ်စောင်မရေး ဖြစ်ကြဘူး၊ မာမီ့မှာ သူ့ အလုပ်နဲ့သူ၊ ကိုယ့်မှာလဲ ကိုယ့်ဘဝအတွက် တိုးတက်အောင် ကြိုးစားရသေးတယ်၊ မိတ်ဆွေဆိုတာကတော့ မရှိမကောင်း၊ ရှိမကောင်း အမျိုးအစားပဲ။ တကယ်တမ်းပြောရရင် အချစ်ဆိုတာထက် လူသားတွေမှာ ပိုလိုအပ်တာတွေ အများကြီးရှိတယ်။ ဥပမာ ... တာဝန်ကျေပွန်မှု ကိုယ်ကျင့်တရား၊ ဆင်ခြင်တုံတရား..."





ကေသီ ရင်ထဲမှာ တနုံ့နုံ့ ဖြစ်လာသော ဒေါသကို ဖွတ် ဖန်တီးထားသော အပြုံးဖြင့် ကာကွယ်လိုက်ရင်း...

"နောက်ပြီးတော့ အတ္တ၊ ဟုတ်တယ်မဟုတ်လား ကိုမိုးဝေ" သူ ပခုံးတွန့်လိုက်ပါသည်။

"ဒါကတော့ အတ္တ ဆိုတာ တကယ်လိုအပ်တာပဲ၊ အဲဒီ ကိုယ့်အတ္တက သူတစ်ပါးရဲ့ အတ္တကို မထိခိုက်မချင်းပေါ့လေ"

ထို့နောက် သူ့ ဘက်က ပြောစရာစကား ပြည့်စုံသွားဟန် နှင့် သူ ယူဖို့မှာထားဟန်ရှိသော ကြွေစက္ကူဖုံးနှင့် ခုံထည်သောနက်ပြာ ရောင် စာအုပ်ရှည် တစ်အုပ်ကို ကောက်ယူလိုက်သည်။

ဒါပေမယ့် ရှင့်အတ္တက ကျွန်မရဲ့အတ္တကို ထိခိုက်နေတယ်။

ထိုစကားကို သူမ မျိုချပစ်လိုက်ပါသည်။

"ဒါဖြင့် မေးပါရစေ ရှင်၊ အဲဒီစာအုပ်ကို ရှင် ဘာဖြစ်လို့ လက်ဝယ် သိမ်းထားသလဲ၊ ဘာလို့ ဖတ်သလဲ"

သူ နည်းနည်းမျှ တွန့်မသွားပါ။

"ဒါကတော့ ဘာသာရပ်တစ်ခုကို မသိလို့ အထင်မကြီးတဲ့ အဖြစ်မျိုးထက် သိပြီး အထင်မကြီးတာမျိုးကို လိုချင်လို့ပေါ့ကေသီ။ ကိုယ့်အနေနဲ့ အားလုံးကို ဖတ်ရမယ်၊ ကိုယ့်ကလေး ဘဝကို ဘယ်လို ကုန်ခဲ့လဲ မင်း သိချင်လိမ့်မယ်။ ကိုယ်ဟာ တခြားကလေးတွေ ကစား ကွင်းထဲသွားနေချိန်မှာ စာကြည့်တိုက်ထဲရောက်နေတဲ့ လူမျိုး"

သည်ပွဲတွင် ကေသီ လှလှပပကလေး ရှုံးသွားပါသည်၊ ထို့ကြောင့် လက်ပတ်နာရီကို ငုံ့ကြည့်လျက်...

"၁၁ နာရီမှာ ကိုယ် ဧည့်သည်တစ်ယောက်ကို သွားတွေ့ရ မယ်" ဟု ယဉ်ယဉ်ကျေးကျေးကလေး လမ်းခွဲသောအခါ ကေသီ ထူးပြီး စိတ်မထိခိုက်နိုင်တော့ချေ။



www.burmeseclassic.com

www.burmeseclassic.com



မောင်ဟာ တော်တော် နားလည်ရခက်တာပဲ။

"ကိုမိုးဝေ ကျွန်မရဲ့ဖုန်းနံပါတ်ကလေး ရေးမှတ်ထားလို့ ရှင့်အတွက် သိပ်မနှစ်နာဘူးဆိုရင် ကျွန်မ ဖုန်းနံပါတ်ပေးချင်ပါတယ်" ဟု ခနဲ့တဲ့တဲ့ ပြောတာကို မောင်က အတည်ပေါက်တွေးသည်။

"ရတယ်လေ ကေသီ။ ကိုယ်မှတ်ထားမှာပေါ့။ ကျောက်စာအကြောင်း မေးချင်ရင် လွယ်တာပေါ့" တဲ့။

သူ့ အနက်ရောင်စာအုပ်ပါးပါးကလေးထဲသို့ ဖေဖေ့ ဖုန်းနံပါတ်ကို ချရေးနေသော သူ့ လက်ချောင်းများသည် လေးထောင့်လက်မျိုးဖြစ်သည်။ သိပ်အံ့ဩစရာမကောင်းသော ထူးဆန်းမှုတစ်ခုမှာ သူ့ လက်မများသည် လက္ခဏာဗေဒကျမ်းများ အဆိုအတိုင်းဆိုလျှင် တင်းပုတ်လက်ဟု ခေါ်ရမည့် အဖျားတုတ်တိုသော လက်မမျိုးဖြစ်နေခြင်းပင်။ ဤလက်မျိုးသည် ဘယ်သူသေသေ ငတေမာလျှင်ပြီးရောဟု အမိန့်ပြာယ်ရပေလိမ့်မည်။

ဩော်... ကျွန်မဟာ အလွန်အတ္တကြီးတဲ့ ယောကျ်ားတစ်ယောက် ကိုမှ မြတ်မြတ်နိုးနိုး ချစ်မိပါပြီကောလား မောင်ရယ်။

ထို တတိယမြောက်နေ့တွင် ကေသီ လက်လျှော့ပြီးပျဉ်းမနားကို ပြန်တော့မည့်ဆဲဆဲ ဖြစ်သည်။ သို့သော် သူမသည် ငယ်စဉ်ကတည်းက ဇွဲကောင်းသူတစ်ယောက်ဖြစ်သည်။ လက်လျှော့ အရှုံးပေးခြင်းဟူသည်ကို မလိုလားသူ ဖြစ်သည်။

ငါ့မှာ တတ်နိုင်သမျှ ကြိုးစားကြည့်ဖို့ တာဝန်ရှိတယ်။

စတုတ္ထမြောက်နေ့တွင် သူ့ ရုံးသို့ သူမ ရောက်သွားသောအခါ သူ အပြင်ထွက်သွားခိုက်ဖြစ်သည်။ ဦးခင်မောင်ဇော်နှင့်သာ ဆုံရသည်။ ဦးခင်မောင်ဇော်ကို ပထမဦးဆုံး အကြိမ်တွေ့ဖူးခြင်းဖြစ်သည်။ ရုပ်ရည်သန့်ပြန့်ပြီး ဖော်ရွေသောမျက်လုံးမျိုးရှိသည်။ လူမှုရေး





ဗေဒကို အထူးကျွမ်းကျင်ဟန်ရှိသည်။ အသက်လည်း ပိုကြီးဟန်တူသည်။ လူတစ်ဖက်သားကို နေရာပေးတတ်သူမျိုးလည်း ဖြစ်သည်။

ကေသီ့ကို သူက ဧည့်ခံစကားပြောနေစဉ်တစ်လျှောက်လုံး မောင့်ရှေ့တွင်ထိုင်နေရသည်ထက် စိတ်မှာအေးထွေးလုံခြုံမှုကို ရရှိသည်။ မောင်နှင့် စကားပြောတိုင်း ရရှိသည့် ကိုယ့်ကိုယ်ကို အားမရမှု၊ မောင့်ကို ဒေါသဖြစ်မှု စသည်တို့ကို မခံစားရချေ။ မြန်မာစာအကြောင်းကို ကေသီနှင့်တစ်နာရီခွဲနီးပါး ဆွေးနွေးခဲ့ပြီးသည့်နောက် ဘာမှမဆိုင်သော မေးခွန်းတစ်ခုကို သူ မေးသည်။

"မကေသီ မိုးဝေနဲ့ သိကျွမ်းခင်မင်ရသလောက် သူ့အပေါ် ဘယ်လိုမြင်သလဲ "

ကိုခင်မောင်ဇော်၏ မေးခွန်းကို သူမ ချက်ချင်း ဖြေနိုင်၏။

"အလွန်တစ်ကိုယ်ကောင်းဆန်ပေမယ့် အလွန်ထက်မြက်တဲ့ လူတစ်ယောက်လို့ ထင်ပါတယ်"

ကိုခင်မောင်ဇော်က ရယ်လေသည်။

"အဲဒါလဲ မမှားပါဘူး။ တစ်ခုရှိသေးတယ်၊ သူက ဟန်မဆောင်တတ်ဘူး၊ ဟန်မဆောင်တတ်လို့ သူဟာ လူမှုရေးကျတော့ သိပ်ညံ့သွားတာတွေ ရှိတယ်။ သူက သိပ်ဖြောင့်မှန်လွန်းတယ်လေ။ သူဟာ လူ့လောကထဲမှာ လူတစ်ယောက် လာဖြစ်ဖို့ မကောင်းဘူး။ အဖိုးတန် စာအုပ်တစ်အုပ်ပဲ ဖြစ်ဖို့ကောင်းတဲ့လူ"

ကေသီ မရှင်လန်းစွာရယ်မောရင်း စားပွဲပေါ် ချထားသည့် စာအုပ်တစ်အုပ်ကို ကောက်ကိုင် လှန်လှော ကြည့်နေလိုက်သည်။

'အဘာဒင်းတက္ကသိုလ်' ဟူသော စာအုပ်ဖြစ်သည်။ တက္ကသိုလ်ကျောင်းသားများ အတွက် အကျဉ်းချုပ် စာအုပ် ဟူ၏။ စာအုပ်၏



www.burmeseclassic.com

www.burmeseclassic.com



ပသမဆုံး စာမျက်နှာတွင် မောင့် နာမည်ဟု သိသာသော လက်မှတ်တစ်ခုကို တွေ့သည်။

"နောက်ပြီး ဆုံးဖြတ်ချက်တစ်ခု ချပြီးရင် သူ မပြင်တော့ဘူး မကေသီ" သူမ မော့မကြည့်ရဲလောက်အောင် ဖြစ်သွား၏။

သူ့ရဲ့ အဲဒီဂုဏ်သတ္တိတစ်ခုက ကျွန်မနဲ့ သက်ဆိုင်တယ်လို့ ရှင် ပြောချင်နေတာလား။ သူမ မမေးဖြစ်ပါ။ ထိုမေးခွန်းအစား တခြားမေးခွန်း တစ်ခုကိုသာ မေးလိုက်သည်။

"လောလောဆယ်မှာရှိတဲ့ သူ့ရဲ့ ဆုံးဖြတ်ချက်က ဘာလဲ ဟင်"

"နည်းနည်း ကြီးကျယ်တယ်လို့ မကေသီ ထင်မှာပဲ၊ အရှေ့တိုင်း ပညာပါရဂူ တစ်ယောက်ဖြစ်ဖို့တဲ့။ မြန်မာတွေ ကိုယ့်တိုင်းပြည်ကို တကယ်သိလာအောင်၊ နောက်ပြီး တကယ် ဂုဏ်ယူတတ်လာအောင် စာအုပ်တွေ ပြုစုပေးဖို့တဲ့"

ထို့နောက် ဦးခင်မောင်ဇော်က တစ်ချက် ရယ်မောလိုက်လေသည်။ သူမ လိုက်မရယ်ပါ။ ပြည့်ကျပ် မွန်းသိပ်သော ခံစားမှုတစ်ခုက သူမ မရယ်မောနိုင်အောင် ဖိစီးထားသည်။

"သာမန်ဂိုက်(ဒ်)တစ်ယောက်ပြောတဲ့ စကားတစ်ခွန်း အနေနဲ့ မရယ်ချင်ဘူးလား မကေသီ"

"ဟင့်အင်း ကျွန်မ မရယ်ပါဘူး၊ သူဟာ ပြောတဲ့အတိုင်း ဖြစ်အောင်လုပ်နိုင်ပါလိမ့်မယ်။ သူ့အတွက် ကျွန်မ ဂုဏ်ယူနိုင်ပါလိမ့်မယ်။ ဒါပေမယ့် ဒါဟာ ပျော်စရာ တစ်ခုတော့ မဟုတ်ဘူး ဦးခင်မောင်ဇော်"

သိပ်မကြာမီ သူ ရောက်လာသည်။ ခါတိုင်းလိုပင် အင်္ဂလိပ်စကား ဖြင့် နှုတ်ဆက်သည်။





"ဟဲလို... မင်္ဂလာ နံနက်ခင်းပါ ကေသီ"

"ဟုတ်ကဲ့ မင်္ဂလာပါ" ခါတိုင်းလိုပင် ကေသီကလည်း မြန်မာစကားဖြင့် ပြန်နှုတ်ဆက်သည်။

"ကိုဝေ အဆင်ပြေရဲ့လား"

"ဟုတ်ကဲ့၊ အဆင်ပြေပါတယ်၊ သူတို့ စထရင်းမှာ တည်းကြတယ်၊ ဒီနေ့ နေ့လယ်နဲ့မနက်ဖြန် တစ်နေကုန် ကြည့်စရာရှိတာ နည်းနည်းပါးပါး ကြည့်ပြီးရင် သန်ဘက်ခါမှာ ပုဂံကို သွားကြမယ်"

သူ ဝင်ထိုင်မည်ပြုပြီးခါမှ မထိုင်သေးဘဲ ဗီရိုဆီသွားကာ စာအုပ်တစ်အုပ် ထုတ်ယူလိုက်လေသည်။ ထို့နောက် စားပွဲဆီပြန်လာပြီး ကိုခင်မောင်ဇော့် အနီးတွင် ဝင်ထိုင်သည်။

သန်ဘက်ခါ ပုဂံကိုသွားမယ်ဆိုတော့ အဲဒါ မောင်က လမ်းညွှန်ပို့ရမယ့် အဖွဲ့နဲ့တူပါရဲ့။ ဒါဆိုရင် ကျွန်မနဲ့ မောင်ဟာ ရန်ကုန်မြေပေါ်မှာ မနက်ဖြန်တစ်ရက်ပဲ တွေ့နိုင်တော့မှာပေါ့။

ဤအတွေးသည် မွန်းကျပ်ပြီးသား သူမ၏ နှလုံးသားကို ပို၍ နာကျင်စေတော့သည်။

"ဘာလူမျိုးတွေလဲ၊ ပြင်သစ်တွေလား"

"ဟုတ်ကဲ့၊ ဂျာမန်တစ်ယောက်လဲပါတယ်"

သူ စာအုပ်ကို စားပွဲပေါ်တင်လိုက်၏။ ဆရာ ယုဒသန်၏ မြန်မာ အင်္ဂလိပ် အဘိဓာန် စာအုပ်အကြီးကြီး ဖြစ်သည်။ ဘုရားစူးရစေ့ သူမ တစ်သက်တွင် သည်တစ်ခါသာ မြင်ဖူးသည်။ အင်းလေ သူတို့အတွက်တော့ မရှိမဖြစ်တဲ့ အဘိဓာန်ပေါ့။

"ကိုယ်တို့ ဒီနေ့ ဧည့်သည်တစ်ယောက်ကို ထမင်းကျွေးဖို့ စီစဉ်ရအောင် နေ့လယ်စာ ဘယ်သွားစားရင် ကောင်းမလဲ"



www.burmeseclassic.com

www.burmeseclassic.com



ကိုခင်မောင်ဇော့် စကားကြောင့် စာအုပ်ကို အလောတကြီး လှန်နေသော သူက ခပ်ကြောင်ကြောင် မော့ကြည့်သည်။

"ဟင်..ဘယ်ညွှန့်သည်လဲ"

"ဟောဒီ ဒေါ်ကေသီလေ"

"ဩော်..." ကြည့်ပါလား။ ကေသီဟာ သူ့ ညွှန့်သည် မဟုတ်ဘဲ ကိုခင်မောင်ဇော့်ညွှန့်သည် ကျနေတာပဲ။

သူ အနည်းငယ်ပြုံးသွား၏။ ထို့နောက် "ကျွန်တော် နေ့လယ် တစ်နာရီမှာ စထရင်းကို သွားရမှာဆိုတော့ နီးနီးနားနား ဆိုင်တစ်ခုခုပဲစားမှဖြစ်မယ်။ ထုံးစံအတိုင်း ကျိုင်းတုံ့ပဲပေါ့ကိုဇော်"

ပုဂံတွင် ထမင်းလက်ဆုံစားခဲ့ရပြီး နှစ်လခန့် အကြာတွင် မောင်နှင့် ပထမဆုံးအကြိမ် တစ်စားပွဲတည်း ထမင်းစားခဲ့ရသောနေ့သည် ကေသီ့အတွက် အမှတ်တရ နေ့များထဲတွင် ပါဝင်နေတော့မည်။

ကေသီ့ ပန်းကန်ထဲသို့ ဘဲကင်သုပ်တွေ ဇွန်းဖြင့် ထည့်ပေးတော့ ကေသီ အံ့ဩလွန်း၍ သူ့ကို မော့ကြည့်မိ၏။ သူက မျက်မှောင်ကြုတ်ကာ ကိုယ် ဘာများအမှားလုပ်မိလို့ပါလိမ့်၊ မင်းဘဲသား မစားဘူးလား ဟုမေးတော့သည်။

"အို... မဟုတ်ပါဘူး၊ စားပါတယ်။ ရှင် ဘာမှ မမှားပါဘူး"

"ဒါဖြင့် ဘာလို့ပြူးပြဲကြည့်ရတာလဲ"

"ဩော်..."သူမ အသံထွက်ရယ်လိုက်မိပြီးမှ "ဒီနေ့တော့ ကိုမိုးဝေက တော်တော် လူမှုရေး တိုးတက်နေတာပဲ၊ အဲဒါအံ့ဩလို့ပါ"

သူ ငြိမ်သက်သွား၏။ ခဏနေမှ ပြုံးလာပြီး ဝန်ခံသည်။

"ကိုယ် အခုတော်တော် လူမှုရေးလိုက်နာသူ ဖြစ်နေပါပြီကွာ။ ဒါပေမယ့် မင်း ပန်းကန်ထဲ ဟင်းထည့်ပေးတာဟာ လူမှုရေး သက်သက်လို့ မထင်ပါနဲ့"





"အို... ဒါဖြင့် ဘာပါသေးလို့လဲ"

"စေတနာရယ်၊ ခင်မင် ရင်းနှီးမှုရယ်"

သူမ ပျော်ရွှင်စွာ ရယ်မောလိုက်မိတော့၏။ ဘယ်ဆိုးလို့လဲ...မောင့်ပါးစပ်က ဖွင့်ပြောပြီး ခင်မင်ရင်းနှီးမှုကိုပြတာ ကျေးဇူးတင်ပါတယ် မောင်။

"ရယ်တယ်။ မယုံဘူးပေါ့"

"အို...ယုံပါတယ်။ ကိုမိုးဝေ ကျွန်မကို ခင်တာ ကျွန်မသိပါတယ်။ ရှင်ဟာ ရှင့်ကိုယ်ရှင် ထင်ထားတာထက်တောင် ကျွန်မကို ပိုခင်တာပါ။ ကျွန်မ သိတာပေါ့"

သူမ၏ စကားသည် သူ့ကို မျက်နှာအထားရခက်သွားစေနိုင်သည်ဆိုလျှင် သူမ ကျေနပ်ပြီ။

ထိုနေ့ညက ထူးဆန်းစွာ သူ ကေသီ့ထံ ဖုန်းဆက်လေသည်။ ဖေဖေက ကေသီတဲ့ဟု လှမ်းခေါ်လိုက်တုန်းက သူမ လုံးဝ မျှော်လင့်ခဲ့ခြင်းမရှိ။ ဆရာ့ကို ထိုဖုန်းနံပါတ်ပေးထားဖူးသောကြောင့် ဆရာဖြစ်ချင် ဖြစ်မည်။ သို့မဟုတ် မေမေဖြစ်ချင် ဖြစ်မည်ဟု တွက်လိုက်သည်။

"ကျွန်မ ကေသီပါရှင်"

"ကေသီ ကိုယ်ပါ၊ မိုးဝေလေ"

အို...။ သူမ တအံ့တဩဖြစ်သွားပြီး နှလုံးခုန်နှုန်း မြန်လာ၏။ သူ သူ ဘာဖြစ်လို့ ဖုန်းဆက်တာပါလိမ့်။

"အံ့ဩစရာပါလား ကိုမိုးဝေ၊ ဘာကိစ္စရှိလို့လဲ ဟင်"

"ကိုယ် မေးစရာတစ်ခု ရှိလို့"

သူမ မျက်မှောင် ကြုတ်လိုက်၏။ ကိုယ်ရေးကိုယ်တာ ကိစ္စမဖြစ်နိုင်ကြောင်း တစ်ယောက်ယောက်နှင့် လောင်းရဲသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ ကျွန်မ တတ်နိုင်သလောက် ဖြေဖို့အသင့်ပါပဲ"

"ဒီလိုလေ ကိုယ်ဖတ်ဖူးသလောက် စာတွေထဲမှာ နားတောင်းမျှားမင်းကြီးရဲ့ နန်းတက်သက္ကရာဇ်ကို ၅၇၃ လို့တွေ့ရတယ်။ နောက်ဆုံး လက်ခံထားတာလေ"

သူမ အနည်းငယ် ပင့်သက်ရှိုက်ကာ မချိပြုံး ပြုံးမိ၏။

"ကေသီ နားထောင်နေရဲ့လား"

"ဟုတ်ကဲ့ နားထောင်နေပါတယ်။ ၅၇၃ ကို အမှန်လို့ယူဆထားကြပါတယ်။ ဒေါက်တာ သန်းထွန်းရဲ့ အသစ်မြင် ဗမာသမိုင်းရော၊ ဒေါ်သန်းဆွေရဲ့ ဆောင်းပါး တစ်ခုထဲမှာရော အဲဒီအတိုင်း လက်ခံထားကြပါတယ်။ အဲဒါ ဇေယျပွတ် ကျောက်စာအရလေ။ ဘာပြဿနာ ပေါ်နေလို့လဲ"

"အင်း ပြဿနာကတော့ ခေမာဝရဘုရားကျောက်စာပဲ"

သူမ အပြင်းအထန် စဉ်းစားယူလိုက်သည်။ ခေမာဝရဘုရားကျောက်စာ၊ ပါမောက္ခ ဦးဖေမောင်၏ ပုဂံကျောက်စာ လက်ရွေးစင်တွင်ပါသည်။

"အဲဒီ ခေမာဝရဘုရား ကျောက်စာကို စာရင်းထဲမှာ နားတောင်းမျှားမင်းကြီး ကျောက်စာလို့ ဖော်ပြထားတယ်။ ဒီနှစ်ခု အတူတူပဲလို့ ပြောတာပဲ မဟုတ်လား"

"ဟုတ်တယ်"

"အခု ကိုယ့်ပြဿနာက အဲဒီ ခေမာဝရဘုရားကျောက်စာကို နားတောင်းမျှားမင်းကြီး ရေးခဲ့တာလို့ ထင်ရတယ်။ သက္ကရာဇ်ကတော့ ၅၆၉ ခုနှစ် ဖြစ်နေတယ်။ ကိုယ့်ကို အဲဒါလေး ဖြေရှင်းပေးနိုင်မလား"





သူမ စိတ်ညစ်သွားသည်။ နားတောင်းမျှားမင်းကြီး သက္ကရာဇ် ၅၇၃ ခုနှစ်မှာ နန်းတက်ကြောင်း အထောက်အထား ခိုင်လုံစွာ တွေ့နေရပြီး ဖြစ်ပါလျက် ဘာဖြစ်လို့ နောက်တစ်မျိုးကို သံသယဖြစ်နေရပြန်တာလဲ။

"နားတောင်းမျှားလို့ ကျောက်စာထဲ အတိအကျပါသလား ကိုမိုးဝေ"

"ဟာ... ပါတယ် ကေသီ၊ ကျောက်စာမှာ 'နား' ဆိုတဲ့ စကားလုံးတော့ ပျက်နေတယ်။ ဒါပေမယ့် သူ့ရဲ့ဘွဲ့က အပြည့်အစုံပါတယ်။ သျှရီတြိ ဘုဝနာ ဒိတျာ ပဝရဓမ္မရာဇာတဲ့"

"အဲဒါ ဒုက္ခပဲ ကျွန်မ မပြောတတ်တော့ဘူး ကိုမိုးဝေ"

"ကိုယ်က ကေသီများ သိမလားလို့။ လောလောဆယ် သီးဆစ်(စ်)လုပ်ထားတဲ့ လူမို့လေ"

"ဟုတ်ပါရဲ့ ကျွန်မ စိတ်မကောင်းပါဘူး။ အဲဒီ ကျောက်စာ ကျွန်မ သီးဆစ်(စ်)ထဲလဲမပါဘူး။ ဒါပေမယ့် ဒီကိစ္စက ကျွန်မတို့ မြန်မာစာဌာနနဲ့ သိပ်မဆိုင်ဘူးလေ ကိုမိုးဝေရဲ့။ ရှေးဟောင်း သုတေသနဌာနဖြစ်ဖြစ်၊ သမိုင်းဌာန ဖြစ်ဖြစ်"

"ကိုယ်သိပါတယ်။ ဒါပေမယ့် ကိုယ် မင်းများ ဖြေရှင်းနိုင်မလားလို့ အနှောင့်အယှက်ပေးမိတာ ဝမ်းနည်းပါတယ် ကေသီ"

ကြည့်၊ ဒါလေး ပြောမိတာနဲ့ သူ စိတ်တိုသွားပြီ။ သူမ အံတင်းတင်းကြိတ်ထားမိသည်။

"ကိုမိုးဝေကြောင့် ကျွန်မ အနှောင့်အယှက်မဖြစ်ပါဘူး။ ရှင်နဲ့ စကားပြောရတာ ကျွန်မ ပျော်တောင် ပျော်ပါသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပျော်တယ်၊ ဘယ်လောက်ထူးဆန်းလိုက်တဲ့ စကားလဲ၊ ကိုယ်ဟာ မိန်းမတစ်ယောက်အတွက် ပျော်စရာဖြစ်နေလိမ့်မယ်လို့ တစ်ခါမှ မတွေးခဲ့မိဘူး"

သူမ စိတ်တိုသွား၏။

"အခု အဲဒါသိလိုက်ရတော့ ရှင် ဘယ်လိုခံစားရသလဲ"

တစ်ဘက်မှ ခဏငြိမ်သက်သွား၏။ စကားလုံး ရွေးချယ်နေတာဖြစ်မှာပါ။

"အံ့ဩတာပါပဲ" သူ့အသံက ခပ်ပြတ်ပြတ်။

"အံ့ဩရုံပဲလား။ နောက်ထပ် ခံစားမှု မရှိတော့ဘူးလား" လွှတ်ခနဲမေးပြီးမှ ရှက်သွားသည်။ အို...ခုမှတော့ မထူးတော့ပါဘူးလေ၊ မျက်နှာချင်းဆိုင် ပြောရတာမှ မဟုတ်တာ။

"အင်း...နောက် ခံစားမှုတစ်ခု ထပ်ထည့်ရင် ဝမ်းသာတာပေါ့"

အဲဒီလို ဖြောင့်မှန်စမ်းပါ မောင်ရယ်။

"ဒီလိုလေ ကိုယ်ဟာ တစ်စုံတစ်ယောက် ပျော်ရွှင်ဖို့ အသုံးကျတယ်ဆိုတာ သိရတော့ ဝမ်းသာတာပေါ့"

သွား၊ ခံစားချက်ကို လျှော့ချဖို့ သူ စဉ်းစားနေပြန်ပြီ။

"ဒါပေမယ့် ကိုယ် စိတ်မကောင်းဖြစ်မိတယ်။ မင်း အနေနဲ့ ကိုယ်နဲ့စကားပြောပြီး ပျော်ရွှင်မှုယူဖို့ နောက်ပိုင်းမှာတော့ မဖြစ်နိုင်တော့ဘူးလေ"

ဘုရား...ဘုရား။

"ဘာ...ဘာဖြစ်လို့လဲဟင်"

သူ အနည်းငယ် အားယူသလို ငြိမ်သက် သွားပြန်၏။ ခဏကြာမှ ခပ်ဖြည်းဖြည်း ပြော၏။





"ကိုယ် လပိုင်းအတွင်း မြန်မာနိုင်ငံက ထွက်ခွာ သွားတော့မှာ"

လပိုင်း အတွင်း။ ထို စကားသည် သူမ၏ နားထဲသို့ ကျယ်လောင်စွာ မြည်ဟည်း၍ ဝင်သွားလေသည်။ သူမ တုန်လှုပ်သွားသည်။ စကားပြောခွက်ကို ကျစ်ကျစ်ပါအောင်ဆုပ်၍ အသက်ကို မျှင်း၍ ရှူလိုက်မိသည်။

"ကေသီ"

"ဟုတ်ကဲ့ ပြောပါ ကိုမိုးဝေ" ဘုရားရေ ငါ့အသံ တုန်များသွားမလားမသိဘူး။ ထိန်းစမ်း မိကေသီ၊ ထိန်းထားစမ်း။

"ကေသီ ဘယ်တော့ မန္တလေး ပြန်ရမလဲ"

မောင် ရန်ကုန်ကထွက်ခွာတဲ့နေ့ဟာ ကျွန်မ ပျဉ်းမနားပြန်တဲ့နေ့ပဲ၊ အဲဒီလိုဖြေလိုက်ချင်သည်။ သို့သော် ကေသီသည် မိန်းမတစ်ယောက် ဖြစ်နေပါသည်။ ထိုထက်ပို၍ အရေးကြီးသည်မှာ သူမသည် မြန်မာစာဌာန ဆရာမတစ်ယောက်ဖြစ်နေပါသည်။

"နောက် သုံးလေးရက်ကြာရင်ပေါ့ ကိုမိုးဝေ၊ ဖေဖေနဲ့ က တစ်နှစ်မှာ တစ်ခါလောက် တွေ့ရတာကိုး"

ခပ်လှမ်းလှမ်းမှာ သတင်းစာ ဖတ်နေသော ဖေဖေက မျက်မှန်ပေါ်မှ ကျော်၍ မျက်လုံးပြူးကြည့်သည်။ ဖအေဆီ တစ်နှစ်နေ၍ တစ်ခါ စာရေး သတင်းမေးဖော် မရသော ကေသီအကြောင်း ဖေဖေ အသိဆုံး ဖြစ်မှာပေါ့။ ကေသီ ဖေဖေ့[illegible] မှိတ်ပြလိုက်လေသည်။

"ဒါနဲ့ ကိုမိုးဝေ ဘယ်နိုင်ငံ သွားမှာလဲဟင်၊ စကော့တလန်လား" သူ့စားပွဲပေါ်မှ အဘာဒင်း တက္ကသိုလ်စာအုပ်ကို ပြုံးယောင်ရင်း မေးလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်သေးဘူး ကနေ့ဒါ။ မင်း ပတ်ဝန်းကျင် လေ့လာဖူး တော်တော်ကောင်းသားပဲ"

သူမ အသံထွက် ရယ်လိုက်သည်။

"ဒါဟာ မိန်းမတွေရဲ့ မွေးရာပါ အတတ်ပညာလေ၊ ဒါနဲ့ ကျွန်မ ဖုန်းချလိုက်ရတော့မလားဟင်" အခု ခဏမှာတော့ သူမ အနိုင်နှင့် ပိုင်းလိုက်ချင်သည်။ တစ်သက်လုံး ရှုံးမှာကို သိလျက်နှင့်လေ။

"မချနဲ့ဦး ကိုယ်ပြောဦးမလို့။ မနက်ဖြန် ကိုယ် တစ်နေကုန် ရုံးကို ရောက်ဖြစ်မှာ မဟုတ်ဘူး ကေသီ။ ကိုယ် ပဲခူးကို သွားရမယ်"

အို... ဒါ ကျွန်မကို ရုံးမသွားနဲ့လို့ သတိပေးချင်တာ မဟုတ်လားမောင်။ သူမ မျက်နှာ ဖြန်းခနဲ ပူနွေးသွား၏။ မရှက်နဲ့တော့ ကေသီ၊ ညည်း အခုမှတော့ မရှက်နဲ့တော့။ သို့သော် သူမ ဟန်ဆောင်ကြည့်ချင်သေး၏။

"အဲဒီတော့"

"အဲဒီတော့ ကိုယ် မင်းကို နှုတ်ဆက်လိုက်ပါတယ် ဆိုတာ ပြောချင်လို့ပါ"

နောက်တစ်ကြိမ် နှုတ်ဆက်ရတော့မယ့် အချိန်ပါလား။

တော်ပါသေးရဲ့၊ မျက်နှာချင်းဆိုင် မဟုတ်ပေလို့။ လက်စသတ်တော့ ဒါဟာ တစ်သက်တာ နှုတ်ဆက်ခြင်းလို့ မောင် ခံယူနေပါပြီကောလား။

သူမ မျက်ရည်များဖြင့် မျက်လုံးတွေ ဝေဝါး သွား၏။

မောင့်ကို တစ်သက်လုံး ဆုံးရှုံးရတော့မှာဆိုတာကို အခုလို ကြိုတင်အသိပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် မောင်ရယ်။





"ကေသီ ကိုယ့်ကို မနှုတ်ဆက်တော့ဘူးလား၊ ကိုယ် ဖုန်း မချသေးဘူးလေ"

သူမ အံကြိတ်လိုက်၏။ အခုအချိန်ကျမှတော့ မာန ဆိုတာတွေ အရှက်တရားဆိုတာတွေ မေ့လက်စနဲ့ မေ့လိုက်ပါတော့မယ်။

"ဟုတ်ကဲ့ နှုတ်ဆက်မှာပေါ့။ ဒါပေမယ့် ရှင် မြန်မာပြည်က ထွက်မသွားမီမှာ ကျွန်မအတွက် အသုံးကျကျကလေး နေပေးချင်စိတ်များပေါ် ရင် ကျွန်မဆီကို စာရေးနိုင်ပါတယ်နော်။ ဒေါ်ကေသီ၊ မြန်မာစာဌာန၊ မန္တလေးတက္ကသိုလ်ဆိုတဲ့ လိပ်စာနဲ့လေ" (ကျွန်မကတော့ ရှင့်ဆီကို စာစပြီး မရေးတော့ဘူးလို့ ဆုံးဖြတ်ထားပြီးပြီ) ထိုစကားကိုတော့ သူမ မျိုချလိုက်ပါသည်။

တစ်ဘက်မှ ပင့်သက် ရှိုက်သံကို ပီပီသသ ကြားလိုက်ရ၏။

"ကောင်းပြီလေ၊ အတ္တဟိတ ပရဟိတ ဆိုတာ ရှိတယ် မဟုတ်လား၊ ကိုယ် အတ္တဟိတလုပ်ငန်းတွေချည်းလုပ်လာတာ ၂၇နှစ်ရှိပြီ။ ဒီတစ်ခါတော့ မြန်မာပြည်က မထွက်ခင် ပရဟိတ လုပ်ငန်းလေး လုပ်သွားသေးတာပေါ့။ မင်း ကိုယ့်စာဖတ်ပြီး ပျော်ရအောင် ကိုယ်အတတ်နိုင်ဆုံး ကြိုးစားပါ့မယ် ကေသီ"

ညှာတာမှုမရှိသော ဤ စကားသည် သူမ၏ ဂုဏ်သိက္ခာနှင့် မိန်းမဘဝကို ဟိုး ဖိနပ်အောက်ခြေသို့ ရောက်သွားစေသော စကား ဖြစ်၏။ တတ်နိုင်လျှင် တယ်လီဖုန်းခွက်ကို ဆောင့်ချပစ်လိုက်ချင်သည်။ သို့မဟုတ် ရှင် တစ်နေရာရာမှာ သွားသေလိုက်။ ကျွန်မ ပရဟိတလုပ်ငန်းအနေနဲ့ အကောင်းဆုံး ပန်းခွေတစ်ခု ပို့ပေးလိုက်မယ်ဟူသော စကားဖြင့် အော်ဟစ်ရန်တွေ့ ပစ်လိုက်ချင်သည်။

သို့သော်...



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်ရှင်၊ ကျွန်မ ရှင့်ကို နှုတ်ဆက်လိုက်ပါတယ်။ ပုဂံမှာ ကံကောင်းပါစေ၊ အောင်မြင်ပါစေ၊ အောင်ပွား နေဉ်"

သူ့ အသံ မကြားရမီ ဖုန်းကို ခပ်မြန်မြန် တင်လိုက်၏။

ထို့နောက် ကျလုဆဲဆဲ မျက်ရည်များကို မျက်တောင် တဖျတ်ဖျတ် ခတ်၍ ပြန်သွင်းလိုက်သည်။

နောက်ဆုံးကျတော့ ကေသီဟာ အရှုံးနဲ့ ရန်ကုန်က ပြန်ရမှာပါလား မောင်ရယ်။

ဏ ဏ ဏ



## အခန်း သုံး

ကျွန်မ ထင်ခဲ့တယ်...

သေသေချာချာ ဆုံးရှုံးရတော့မယ့် အရာတစ်ခုအပေါ် ထားတဲ့ လူတစ်ယောက်ရဲ့ မက်မောမှုမှာ ဥပေက္ခာနဲ့ ရောင့်ရဲခြင်းတွေ တွဲပြီး ပါလာမှာပဲ၊ ဒီတော့ အဲဒီလူဟာ ဆုံးရှုံးရတော့မယ့် အရာဝတ္ထုအပေါ်မှာ နတ္ထိဝါဒအမြင်နဲ့ မြင်နိုင်မှာပဲလို့။

တကယ်တော့ ကျွန်မတွက်နည်းက သွက်သွက်ခါအောင် မှားယွင်းခဲ့တာပါလား မောင်ရေ။

မောင့်ကို လက်လွှတ်ဆုံးရှုံးရမှာကို သိလေ မောင့်အပေါ်မှာ ဘယ်တော့မှ ရောင့်ရဲမှုမရှိတဲ့ တွယ်တာမှုမျိုးနဲ့ ယစ်မူးလေပါပဲ။ ဆုံးရှုံးမှုကို အလွယ်တကူ ရင်မဆိုင်ရဲတဲ့ သာမန်လူတစ်ယောက်ရဲ့ ခံစားချက်ထက် ပိုပါတယ်ကွယ်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နှစ်အတွင်း ဆရာနှင့် ပထမဆုံးအကြိမ် မျက်နှာချင်းဆိုင်ရသောနေ့တွင် မလွဲမသွေ ရင်ဆိုင်ရမည့် ပြဿနာတစ်ခုကို မြန်မြန် ဖြေရှင်းပစ်လိုက်ချင်စိတ်ဖြင့် မောပန်းနေတော့သည်။

ဆရာသည် ယခင်က သူမ လေးစားအထင်ကြီးခဲ့သည့် ရုပ်သွင်အတိုင်း တည်ကြည်လေးနက်သောအပြုံးဖြင့် သူ့ဇနီးလောင်းအား ယဉ်ကျေးသိမ်မွေ့စွာ စတင်စကားပြောခဲ့သည်။ ဆရာပြောခဲ့သောစကားများမှာ ဆရာ့မိခင် ကျန်းမာရေး ခဏခဏ ချူချာကြောင်းသံတွဲသို့ မကြာခဏသွားရကြောင်း၊ ကျောင်းမှာ စာသင်ရတာ အဆင်ပြေကြောင်း၊ ကျောင်းသားများမှာ ဆရာ ဆရာမများအပေါ် (ပို၍ပင်) ရှိသေချစ်ခင်ကြသည့်အကြောင်းများ ဖြစ်သည်။

ဆရာ ဒီဇင်ဘာ ကျောင်းပိတ်ရက်တွင် ဖျဉ်းမနားသို့လာလည်ဦးမည်ဟူသောစကားကို မသိကျိုးကျွန်ပြုလျက် ဘာကြောင့် ရန်ကုန် သွားနေသနည်းဟု တစ်ခွန်းမျှ မမေးချေ။

"တော်ပါသေးရဲ့၊ ကေသီ ကျောင်းမဖွင့်ခင် ဖျဉ်းမနားပြန်ရောက်လာပေလို့၊ မဟုတ်ရင် ကိုယ့်ကျောင်းပိတ်ရက်အားလုံး ကေသီနဲ့ မတွေ့လိုက်ရဘဲ ဖျဉ်းမနားမှာ အချိန်ကုန်တော့မယ်"

ထိုစကားသည် ကေသီ့အတွက် လုံလောက်သော အပြစ်ဆိုမှုများ ပါဝင်နေကြောင်း ကေသီ သိ၏။

ထို့နောက် လက်ထပ်ဖို့ကိစ္စကို ဆရာပြောနိုးနှင့် စောင့်နေသော ကေသီမှာ ဆရာ၏ ကျောက်စာအကြောင်း သုတေသနစကားများအောက်တွင် မလှုပ်သာ မလှည့်သာ ရှိနေသည်။ နောက်ဆုံး ကေသီ ဘယ်လိုမှ အောင့်အည်း သည်းညည်းခံ၍ မရသည့်အဆုံး သူမကပင် စ၍ စကားခေါ် လိုက်လေသည်။





"ဆရာ ကျွန်မတို့ လက်ထပ်ဖို့ကိစ္စလေးအတွက် ဆွေးနွေးဖြေရှင်းစရာလေးတစ်ခု ရှိနေပါတယ်"

စူးရှနက်မှောင်သော ဆရာ့မျက်ဝန်းများ အနည်းငယ် မှုန်ဝေသွားသလိုပဲ။ ဆရာက ကေသီ့ နောက်ဘက်က နံရံတွင်ချိတ်ထားသော ဓာတ်ပုံကို ငေးကြည့်နေသည်။ ထို ဓာတ်ပုံမှာ ၁၉၈၈ခုနှစ် ထုတ် ပန်းရိုးမပြက္ခဒိန်မှ ဖြတ်ယူပြီး မှန်ပေါင်သွင်းထားခြင်းဖြစ်၏။ ငွေရောင်တိမ်မျှင်စများ ဖြာနေသည့် ကောင်းကင်ပြင် အကျယ်ကြီးအောက်မှ ပုဂံဘုရားများ၏ အပြာရောင်ကဲသော မှောင်ရိပ် ဝိုးတဝါးရှုခင်းပုံ ဖြစ်သည်။

"ဘာ ဆွေးနွေးမှာလဲ။ ကိုယ်တို့ လက်ထပ်ရက်ကို ကေသီကျမ်းအပြီးထိ ကိုယ် နောက်ဆုတ်ပေးခဲ့ပြီးပြီလေ၊ အခု ထပ်ဆုတ်ပေးရဦးမှာလား"

ဆရာ့မျက်ဝန်းများမှ အနည်းငယ် စိတ်ပျက်အားလျော့မည့်ပုံစံကို မြင်နေရသော ကေသီသည် နောက်ထပ်ပြောရမည့် စကားအတွက် ကိုယ့်ကိုယ်ကို ရှက်ရွံ့မဆုံး ရှိတော့သည်။

"မဟုတ်ဘူး ဆရာ၊ ဒီ ကိစ္စက ရက်နောက်ဆုတ်ရုံနဲ့မပြီးဘူး"

ဆရာ့မျက်လုံးများ အနည်းငယ် မှေးစင်းသွားပြီး ကေသီ့ကို စိုက်ကြည့်လိုက်သည်။ ကေသီ ရှက်ရွံ့စွာ ကြောက်စိတ်ဖြင့် မျက်လွှာချလိုက်မိ၏။ ကေသီ့နှလုံးသည် ဖြည်းလေးစွာခုန်လျက် ရှိသော်လည်း ကေသီ့ ရင်ညွန့်သို့ တစ်ချက်ချင်း လာတိုးနေသည်ကို လေးပင်စွာ ခံစားရ၏။

"ဒါဖြင့် ကေသီက ဘယ်လိုဆန္ဒရှိသလဲ"

ကေသီ အားယူ၍ ပြောချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ... ကျွန်မ ဆရာ့ကို လက်ထပ်ဖို့ မဖြစ်နိုင်ဘူး ဆရာ"

ဆရာ ငြိမ်သက်သွား၏။ ကေသီ တဖြည်းဖြည်းမော့ကြည့်လိုက်သောအခါ ဆရာ့မျက်လုံးများ ကေသီ့ကို ငေးစိုက်နေကြသည်။ အလွန်အမင်း အံ့ဩဟန်ကို ဆရာ ဖုံးကွယ်မထားပါ။

"ကိုယ့်ကို လက်မထပ်ဘူးလို့ ပြောချင်တာလား" ဆရာ့ အသံ နည်းနည်း မာလာသည်။

"ဟုတ်ကဲ့"

ဆရာက ကုလားထိုင် လက်ရန်းကို လက်ချောင်းထိပ်ကလေးများဖြင့် တဒေါက်ဒေါက် ခေါက်ရင်း...

"ယောကျ်ား တစ်ယောက်ရဲ့ လက်ထပ်ခွင့် တောင်းတာကို လက်ခံပြီး နှစ်ဘက်လူကြီးတွေနဲ့ စေ့စပ်ပြီးတာတောင် တစ်နှစ်ကြာမှ အဲဒီယောကျ်ားကို လက်ထပ်ဖို့ ငြင်းတယ်ဆိုတာ၊ အဲဒီယောကျ်ားဆီမှာ မနှစ်သက်စရာ အမူအကျင့် တစ်ခုခုတွေ့သွားလို့လား၊ ကေသီ ကိုယ့်ကို ဘာမကျေနပ်သလဲ" ကေသီ ကမန်းကတန်း အားနာပါးနာ ခေါင်းယမ်းလိုက်သည်။ '

"မဟုတ်ဘူး ဆရာ။ ဒီကိစ္စက ဆရာနဲ့ ဘာမှကို မဆိုင်ပါဘူး။ ကျွန်မဘက်က ခံစားချက်သက်သက်ပါ"

ဆရာက အံ့ဩဟန်ဖြင့် ကေသီ့ကို ခပ်စိုက်စိုက် ကြည့်ကာ ခေါင်းယမ်းလေသည်။

"ဘာဖြစ်လို့လဲ"

"ရှင်..."

"သြော်... ဘာဖြစ်လို့ ကိုယ့်ကို လက်ထပ်ဖို့ ငြင်းရတာလဲ၊ အကြောင်းပြချက်ကို ကိုယ်သိချင်တယ် ကေသီ"





ဆရာ့စကားက မာထန်သည်။ အတန်းထဲတွင် စာမေးရာ၌ စာမရသော ကျောင်းသူတစ်ယောက်ကိုကြည့်သော စိတ်ပျက်လက်ပျက် ဒေါသအကြည့်မျိုးဖြင့် စူးစိုက်စွာ ကြည့်တော့ ကေသီ့ ရင်ထဲမှာ လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

"အကြောင်းပြချက် ဟုတ်လား ဆရာ"

"အေးလေ၊ ခိုင်လုံတဲ့ အကြောင်းပြချက်ပေါ့။ မခိုင်လုံရင် ကိုယ် နောက်ဆုတ်မပေးနိုင်ဘူး"

ကေသီ ရင်ထဲ၌ စူးစူးရှရှ အောင့်သွားသည်။

"ဆရာ့ကို လက်ထပ်ဖို့ သဘောတူတုန်းက ကျွန်မသဘောတူရခြင်း အကြောင်းကို မပြောခဲ့မိဘူးနဲ့ တူပါတယ်"

"ဒါကတော့ လက်ခံတာကိုး၊ အခုဟာက ငြင်းပယ်တာလေ"

"လက်ခံတဲ့ကိစ္စမှာ အကြောင်းပြချက်မလိုရင် ငြင်းပယ်တဲ့ကိစ္စမှာလဲ အကြောင်းပြချက်မလိုဘူး ထင်ပါတယ် ဆရာ"

ဆရာက နှုတ်ခမ်းကလေး ကော့ပျံသွားအောင် ပြုံးလိုက်လေသည်။

"ဒါက ဒီလိုရှိတယ် ကေသီ၊ လက်ခံတဲ့ အရာဝတ္ထုနဲ့ ငြင်းပယ်တဲ့ အရာဝတ္ထုတစ်မျိုးစီဆိုရင် ဟုတ်ချင် ဟုတ်မှာပေါ့။ အခုဟာက ကေသီက အရာဝတ္ထုတစ်မျိုးတည်းအပေါ်မှာ ပြောင်းလဲသွားတဲ့ ခံယူချက်ကိုး။ လွန်ခဲ့တဲ့ တစ်နှစ်က ကိုယ့်ကို လက်ခံတယ်၊ ဒီနှစ် ကိုယ့်ကို ငြင်းပယ်တယ်။ ဒီအတွက် ကေသီ ကိုယ့်ကို အကြောင်းပြချက် ပေးကို ပေးရမယ်"

ကေသီ ခေါင်းမာစွာ ခေါင်းယမ်းပစ်လိုက်၏။

"ဒါဟာ ကျွန်မရဲ့လွတ်လပ်ခွင့်ကို ထိခိုက်တာပဲ ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



ဆရာက စားပွဲကို ဖြန်းခနဲ ပုတ်ပစ်လိုက်သောအခါ ကေသီ ထိတ်ခနဲ ရင်တုန်သွား၏။

"လွှတ်လပ်ခွင့် ဟုတ်လား၊ ကိုယ်နဲ့ စေ့စပ်ထားတဲ့ မိန်းကလေးကို ကိုယ့်ကို လက်မထပ်ချင်တဲ့ အကြောင်းရင်းကို မေးမိတယ်။ ဒါဟာ နိုင်ငံတကာ လူ့မှုအခွင့်အရေး ချိုးဖောက်တာလား"

သူမသည် နဂိုတည်းက ရှိသေကြောက်ရွံ့ခဲ့ရသော ဆရာ့ကို ခံပြောရန် အားအင်များ ဘယ်ကရလာသလဲ မသိနိုင်။ သူမသိသည်က ဆရာ့ရှေ့တွင် မတ်မတ်ထိုင်၍ ဆရာ့ကို စူးစိုက်စွာ ပြန်ကြည့်ရဲသည့် သတ္တိ အလိုလိုရလာခြင်း ဖြစ်သည်။

"ကောင်းပါပြီ ဆရာ၊ ဆရာမေးလို့ ကျွန်မ ဖြေပါမယ်။ ဆရာ့ကို ငြင်းပယ်ရဖို့ အကြောင်းပြချက် ဘာမှမရှိပါဘူး ဆရာ"

ဆရာ ဒေါသတကြီး သူမကို ကြည့်သည်။

"မရှိဘူး ဟုတ်လား။ အဲဒါ ဘာသဘောလဲ။ မင်းမှာ အကြောင်းပြချက် ရှိကိုရှိရမယ်"

"ဟင့်အင်း၊ ကျွန်မ ဆရာ့ကို လက်မထပ်ချင်ဘူး။ အဲဒါပဲ ကျွန်မသိတယ်"

"အရူးလိုပဲ"

ဆရာ၏ ခပ်ကျယ်ကျယ်ရေရွတ်သံက သူမ၏ မျက်လုံးများ ပြာဝေသွားစေသည်။

"ဒီခေတ်ဟာ အကြောင်းပြချက်တွေရဲ့ခေတ် မဟုတ်တော့ဘူးဆရာ၊ ၁၇ ရာစု ၁၈ ရာစုတွေတုန်းကလို အကြောင်းပြချက်နဲ့ တစ်ခုခု လုပ်ရတာမျိုးကို လက်မခံတော့ဘူး။ အခုဟာက နှစ်ဆယ်ရာစုလေ့ ဆရာ၊ ဘာအကြောင်းပြချက်မှ မလိုဘူး"



"ဒီအဓိပ္ပာယ်မရှိတဲ့ စကားတွေ မင်း ဘယ်ကတတ်လာသလဲ"

"ကျွန်မ ဖတ်တဲ့ စာအုပ်တွေထဲကလေ ဆရာ။ ဆရာ ဆာ့(တ်) ကို သိတယ် မဟုတ်လား"

"ဆာ့(တ်)၊ ယန်းပေါလ်ဆာ့(တ်)လား။ သူလဲ အရူးပဲ၊ ဘာမှ လက်တွေ့အသုံးချလို့မရတဲ့ ဒဿနိကတွေ၊ ဒီလို ခပ်ကြောင်ကြောင်စာတွေနဲ့ ကိုယ့်ကိုလာပြီး အရူးမလုပ်နဲ့ ကေသီ။ ကိုယ် ကေသီ့ကို လက်ထပ်မယ်။ ကိုယ် ဆုံးဖြတ်ချက်ချပြီးသား၊ ဘယ်လိုနည်းနဲ့မှ နောက်ဆုတ်မပေးနိုင်ဘူး။ ကေသီ့မှာ အကြောင်းပြချက် ရှိရှိ မရှိရှိ အဲဒါဟာ ကိုယ့်အတွက် ဘာမှအနှောင့်အယှက်မပေးဘူး၊ ကိုယ် ကေသီ့ကို ရအောင်ယူမယ် ကြားလား"

ကေသီ တင်းဆည်ထားခဲ့ရသော အားအင်များ ရုတ်ခြည်းလျှော့ကျသွား၏။ မတ်နေသော ကိုယ်လုံးကလေးက ကုလားထိုင်နောက်မှီပေါ်သို့ ပုံကျသွားတော့သည်။ သူမ၏ တိုက်ကွက်က အစကတည်းက မှားခဲ့သည်။ အလွန်မာနကြီးသော ဆရာ့ကို မာနချိုးနှိမ်မည့် စကားမျိုးဖြင့် စခဲ့မိသည်။

ငါ ဘာလုပ်ရမလဲ။ ဆရာနဲ့လက်ထပ်ဖို့ ပျက်ပြယ်သွားအောင် ငါ ဘယ်လို ချဉ်းကပ်ရမလဲ။

"ဆရာ"

စောစောက တည်တံ့ပြတ်သားသော ကေသီ့အသံမှာ မောလျစွာ အသနားခံမှုများ ပါသွား၏။ ဆရာက ပါးလှစ်သော နှုတ်ခမ်းကို တင်းနေအောင်စေ့ကာ စူးရှနိုင်မာသော မျက်ဝန်းများဖြင့် ကြည့်သည်။ ထို့နောက် ဘာလဲဟူသော အဓိပ္ပာယ်ဖြင့် မေးဆတ်ပြ၏။



www.burmeseclassic.com

www.burmeseclassic.com



"သိပ်အရေးကြီးတဲ့ အကြောင်းပြချက်တစ်ခု ကျွန်မ ပေးမယ်လေ။ အဲဒါကို ဆရာနားထောင်ကြည့်ပါဦး"

ဆရာ၏ တင်းမာသောမျက်နှာမှာ အနည်းငယ်ပျော့ပြောင်းသွားပြီး ခေါင်းတစ်ချက် ညိတ်၏။

"ကျွန်မ... ကျွန်မ ဆရာ့ကို မချစ်ဘူး ဆရာ"

ထိုအခါ ဆရာက အသံထွက်အောင် လှိုက်လှိုက်လှဲလှဲ ရယ်မောလေတော့သည်။

ခနိုးခနဲ့ ရယ်သံမျိုး ရယ်ဟန်မျိုး မဟုတ်။ တကယ်ကို နှစ်သက်ကျေနပ်စွာ ရယ်မောခြင်းဖြစ်၍ ကေသီ ကြောင်အ သွားသည်။

"ကေသီ၊ ဖြစ်မှဖြစ်ရလေ ကေသီရယ်"

ထို့နောက် ဆရာက ရယ်မောရာမှ ပြန်တည်သွားပြီး နူးညံ့သော အပြုံးဖြင့် ကေသီ့ကို ငေးကြည့်လေသည်။

"ကိုယ့်ကို မချစ်ဘူးလို့ ရင်ထဲရှိတဲ့အတိုင်း ပြောပြတာ ကိုယ် ဝမ်းသာပါတယ်။ ဒါပေမယ့် မိန်းမ ၁၀၀ မှာ ၈၀ လောက်က ကိုယ့်ဟာကိုယ် ဘယ်သူ့ကို ချစ်လို့ ချစ်ရမှန်းမသိတဲ့ မိန်းမတွေချည်းပဲ။ ဒီစကားကို ကေသီ မနာနဲ့။ အဲဒီ ၈၀ ထဲမှာ ကေသီလဲပါတယ်။ ကေသီ ကိုယ့်ကို ဘယ်လိုချစ်ရမယ်ဆိုတာ သိမှာလဲ မဟုတ်ဘူး။ ဒါပေမယ့် ကိစ္စမရှိဘူး၊ ဒါ ကေသီ့တာဝန် မဟုတ်ဘူး၊ ကေသီ ကိုယ့်ကို ချစ်လာဖို့က ကိုယ့်မှာပဲ တာဝန်ရှိတယ်"

"အို..."

ထူးဆန်းသော ဆရာ့စကားကို ကေသီ ရှက်ရွံ့စွာ နားထောင်လျက်က ခေါင်းယမ်းလိုက်သည်။





"ကိုယ့်ကို ယုံစမ်းပါ ကေသီ။ ကေသီ ကိုယ့်ကို ယုံယုံကြည်ကြည် လက်ထပ်စမ်းပါ။ ဘာလဲ ကေသီက ကိုယ်နဲ့လက်ထပ်ရင် ကေသီ စိတ်ဆင်းရဲရမလားလို့ တွေးပူနေတယ် မဟုတ်လား။ လက်ထပ်ခါနီး မိန်းကလေးအများစုက အဲလိုပဲ တိမ်းတိမ်းမွေ့မွေ့ ဖြစ်တတ်ကြတယ်"

"မဟုတ်ဘူးဆရာ"

ဆရာက ပြုံးလျက် ခေါင်းညိတ်၏။

"ဟုတ်ပါတယ်၊ ကေသီ ကိုယ့်ကိုချစ်လာဖို့ ကိုယ် သိပ်တတ်နိုင်ပါတယ်၊ ဒီအတွက် စိတ်မပူပါနဲ့ ကေသီ၊ ကိုယ့်ကို လက်ထပ်လို့ ကေသီ နောင်တ မရစေရပါဘူး"

ကေသီ ပင့်သက်တစ်ချက်ကို လေးလေးပင်ပင် ရှိုက်လိုက်သည်။

"မဟုတ်ဘူး ဆရာ။ ကျွန်မတို့ ပြဿနာ အဲဒီလောက် မလွယ်ပါဘူး"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆိုတော့"

ကေသီ အံတင်းတင်းကြိတ်ကာ အားယူလိုက်၏။

"ဘာဖြစ်လို့လဲဆိုတော့ ကျွန်မ သိပ်ချစ်ရတဲ့လူတစ်ယောက် ရှိနေလို့ပါဆရာ"

ထိုစကားကြောင့် ဆရာ ငြိမ်သက်သွားပုံကို ကြည့်ကာ ကေသီ ကိုယ့်ကိုယ်ကို နာကြည်းသွား၏။ ဆရာသည် အသက်ရှူဖို့ မေ့လျော့သွားသူကဲ့သို့ စားပွဲပေါ်မှာ (ဆရာ မလာမီက) ကေသီ တင်ထားသော စာအုပ်ကို ငေးကြောင်ကြည့်နေသည်။ ထိုစာအုပ်မှာ နက်ပြာရင့်ရောင် ကတ်ထူဖုံးဖြင့် ဖြစ်သည်။ စာအုပ်အနောင့်ကို



www.burmeseclassic.com

www.burmeseclassic.com



ဆရာ့ဘက်က ကြည့်လျှင် ငွေရောင် ပုံနှိပ်အင်္ဂလိပ်စာလုံးများကို မြင်နိုင်ပါလိမ့်မည်။

အီရစ်ချ်ဖရွမ်း 'ချစ်ခြင်း၏ အနုပညာ'။

ဆရာသည် မိနစ်ပေါင်းများစွာ ငြိမ်သက်နေရာမှ ကေသီ့ကို တစ်ချက်လှမ်းကြည့်သည်။ ကေသီ တစ်ခါမှ မမြင်ဘူးသော အရိပ်အယောင် တစ်ခုကို ဆရာ့ မျက်ဝန်းများထဲတွင် တွေ့လိုက်ရသောအခါ ကေသီ နာကျင်စွာ မျက်နှာ လွှဲပစ်လိုက်ရ၏။

ဆရာ့ မျက်လုံးများမှာ အရှုံးကို ရင်ဆိုင်ရသူတစ်ဦး၏ မျက်လုံးများ ဖြစ်နေသည်။

ငါ တော်တော် မကောင်းတဲ့ မိန်းမပဲ။

ဆရာ စကား စပြောသောအခါ ဆရာ့အသံမှာ တိုးတိတ်စွာ မာကျောနေသည်။ သို့သော် စကားမှာ ပြေပြစ်ဖွယ်ရာ၏။

"အဲဒီ ကေသီ သိပ်ချစ်ရတဲ့လူက ကိုယ်နဲ့စေ့စပ်တုန်းက ဘယ်ရောက်နေလို့လဲ"

ကေသီ နည်းနည်း အသက်ရှူချောင် သွားပါသည်။

"ဟို...ကေသီ သူ့ကို အောက်တိုဘာလတုန်းကမှ တွေ့ခဲ့တာ ဆရာ"

"ဪ..."

ဆရာက ကေသီ့ကို ပြင်းထန်စွာ ရှုတ်ချလိုသော မျက်ဝန်းများဖြင့် စူးစူးစိုက်စိုက် ကြည့်သည်။

"ကိုယ့်ရဲ့ ဇနီးလောင်းက ကိုယ့်ကွယ်ရာမှာ သစ္စာပျက်ယွင်းခဲ့တယ်ဆိုပါတော့"

သူမ ရင်ထဲမှာ စူးနစ်စွာ နာကျင်သွား၏။

"ဆရာ အဲဒီလောက်ထိပြောဖို့ မကောင်းဘူး ထင်ပါတယ်"





"မကောင်းဘူး၊ ဟုတ်လား။ ကောင်းတယ် ကေသီ၊ ဒါထက်မကတဲ့ စကားနဲ့ ပြောဖို့ကို ကောင်းတယ်။ ငါ့မှာ ခင်ပွန်းလောင်းတစ်ယောက်ရှိနေတယ်ဆိုတဲ့ အသိဟာ စေ့စပ်ပြီးသား မိန်းမရဲ့ ဦးနှောက်ထဲမှာ အမြဲ စိမ့်ဝင်နေရမယ်။ လူတစ်ယောက်နဲ့စေ့စပ်တာဟာ တာဝန်တစ်ခုကို ယူလိုက်တာပဲ။ အဲဒီတာဝန်ကို ကျေပွန်အောင် လုပ်ရမှာပဲ။ စေ့စပ်တယ်ဆိုတာ ကတိတစ်ခုပဲ။ အဲဒီ ကတိကို ချိုးဖောက်တယ်ဆိုတာ သစ္စာဖောက်တာပဲ"

ကေသီသည် ဆရာ့ စွပ်စွဲချက်များအောက်တွင် ကျောက်ရုပ်တစ်ခုလို မလှုပ်မယှက် ငြိမ်သက်သွားခဲ့သည်။

"ကိုယ့်ရဲ့ ဇနီးလောင်းက ကိုယ့်ကျင့်တရား ကောင်းမွန်တဲ့ မြန်မာစာနည်းပြဆရာမလေးတစ်ယောက်လို့ ကိုယ် ဂုဏ်ယူခဲ့လေသမျှ အခုတော့ ကိုယ် ရှက်ရတော့မှာပေါ့လေ"

ထိုစကားသည် ကေသီ့အား မိန်းမောနေရာမှ လှုပ်နှိုးလိုက်သော စကားဖြစ်သည်။ ကေသီ လုံးဝသည်းညည်းမခံနိုင်သော စကားလည်း ဖြစ်သည်။

"တဆိတ် ကျေးဇူးပြုပြီး ကျွန်မ အလွှန် တန်ဖိုးထားတဲ့ ကျွန်မရဲ့အလုပ်ကို မထိခိုက်ပါနဲ့ ဆရာ"

"ကေသီ့ရဲ့အလုပ်ကို ကိုယ် မထိခိုက်ရခင်မှာ ကေသီက ထိခိုက်ပြီး ဖြစ်နေပြီ။ ဒါကို ကေသီ သိရဲ့လား။ ကေသီ အစကတည်းက စဉ်းစားဖို့ ကောင်းတယ်။ ဂုဏ်သရေရှိ မိန်းမတစ်ယောက်ဟာ လူသိရှင်ကြား စေ့စပ်ပြီးသား ခင်ပွန်းလောင်းတစ်ယောက်ရဲ့ ရင်ခွင်ထဲကနေ တခြားယောက်ျားရဲ့ ရင်ခွင်ထဲကို ဘယ်တော့မှ မပြောင်းရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် အခုပြောနေတာ ဂုဏ်သရေကိစ္စ မဟုတ်ဘဲ အချစ်ကိစ္စ ဖြစ်နေတယ် ဆရာ။ အဲဒါကို ဆရာ နည်းနည်းတွေးကြည့်ဖို့ ကောင်းတယ်"

"ဘာ ဂုဏ်သရေကိစ္စ မဟုတ်ဘူး၊ အချစ်ကိစ္စ ဟုတ်လား ကေသီ။ အဲဒီ စကားမျိုး လက်လွတ်စပယ် ပြောရလောက်အောင် သိက္ခာမမဲ့ချင်စမ်းပါနဲ့ ကေသီ"

ဆရာ့စကားလုံးများနှင့်အတူ ဆရာ့မျက်နှာထားကလည်း မာကျောလှသည်။ ဆရာ့မျက်လုံးများသည် မှားယွင်းသော တပည့်တစ်ယောက်ကို အပြစ် ဝန်ခံခိုင်းနေသည့် ဆရာတစ်ယောက်၏ မျက်လုံးများ ဖြစ်၏။

"မင်း ကိုယ်နဲ့ကွဲပြီး တခြားလူတစ်ယောက်ကို လက်ထပ်မယ့်ကိစ္စမှာ အဓိက အရေးကြီးဟာက ဂုဏ်သိက္ခာပဲ။ မင်းရဲ့ ဂုဏ်သိက္ခာရော၊ ကိုယ့်ရဲ့ဂုဏ်သိက္ခာရော"

ကေသီ နာကျင်ခံခက်စွာ အော်ဟစ်ပစ်လိုက်တော့သည်။

"ဘယ်သူက ဘယ်သူ့ကို လက်ထပ်မှာမို့လဲ"

ထို့နောက် ကေသီ့ မျက်လုံးများတွင် ရုတ်တရက် ရစ်ဝိုင်းလာသော မျက်ရည်များကြောင့် ရှေ့မှ ဆရာ့ မျက်နှာမှာ ဝေဝါးသွားသည်။ ကေသီသည် ဆရာ့ကို အော်ဟစ်လိုက်မိသဖြင့် နောင်တရသွားပြီး တိုးတိတ်အက်ကွဲသော ‌ေသသံကလေးဖြင့် တောင်းပန်လိုက်လေသည်။

"ကျွန်မ...ကျွန်မကို ခွင့်လွှတ်ပါ ဆရာ။ ကျွန်မ အဲဒီလို အော်ပစ်ဖို့ မကောင်းဘူး"

သူမ မျက်လုံးများကို အားစိုက်၍ ညှစ်ပိတ်ပစ်လိုက်သော အခါ ပြည့်လျှံနေသော မျက်ရည်များ မျက်လုံးအိမ် အပြင်ဘက်သို့





ရောက်သွား၏။ ဆရာ့ကို ကြည့်မိတော့ ဆရာက နေရာမှာ ပျော့ခွေစွာ ထိုင်နေဆဲ။ ထို့နောက် ဆရာ့ စကားသံက ကေသီ့ စကားသံထက်ပင် တိုးတိတ်စွာ ထွက်ပေါ်လာ၏။

"ကိုယ် နားလည်ထားသလောက်က မင်းကိုယ့်ကို လက်မထပ်ချင်ဘူး၊ မင်းကိုယ့်ကိုမချစ်ဘူး။ နောက်ပြီး မင်းတခြားယောကျ်ားတစ်ယောက်ကို ချစ်တယ်၊ အဲဒီလူကို လက်ထပ်မယ်။ ကိုယ် အဲဒီလို နားလည်ထားတယ်။ ကိုယ့်နားလည်မှုတွေ ဘယ်နေရာမှာ လွဲချော်ကုန်သလဲ"

ကေသီသည် တုန်လှုပ်စပြုနေသော နှုတ်ခမ်းနှစ်လွှာကို တင်းတင်းစေ့ပိတ်လျက် အားယူ ပြုံးပြလိုက်မိလေသည်။

"အဲဒီလူကို လက်ထပ်မယ်။ အဲဒီနေရာမှာ ဆရာ နားလည်မှု လွဲသွားတာပါ ဆရာ။ ကျွန်မ အဲဒီလူကို လက်ထပ်မယ်လို့ ဆရာ့ကို မပြောခဲ့မိပါဘူး"

ဆရာသည် အံ့သြမှုကို ဘယ်လိုမှ မထိန်းသိမ်းနိုင်ဘဲ သူမကို ငေးကြောင် စိုက်ကြည့်နေတော့သည်။

"မင်း ပြောချင်တာက အဲဒီလူကို လက်မထပ်ဘူး ဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

သူမ ခေါင်းငုံ့ချလိုက်၏။ ဆရာ့ မေးခွန်းကို ရင်မဆိုင်ရဲသောကြောင့် ဖြစ်သည်။ သို့သော် သူမကို ဆရာ တိုးတိတ်စွာပင် မေးပါသည်။

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆိုတော့ သူက ကျွန်မကို မချစ်ဘူး ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



ဆရာ့အသံ တော်တော်နှင့် ထွက်မလာပါ။ သူမသည် လုံချည်ပေါ်မှ ပန်းပွင့်အခက်ကလေးများကို လက်ညှိုးနှင့် လိုက်ထိတို့ရင်း မျက်ရည်စက်များ တစ်လိမ့်ချင်း ကျနေတော့သည်။

"ဒါဖြင့် ကေသီက ကေသီ့ကို မချစ်တဲ့ ယောကျ်ား တစ်ယောက်အတွက်နဲ့ ကေသီ့ကို ချစ်တဲ့ ယောကျ်ား တစ်ယောက်ကို စွန့်လွှတ်ဖို့ ဆုံးဖြတ်ထားပြီပေါ့၊ ဟုတ်လား"

ဆရာ့အသံမှာ နူးညံ့ရှိမှုမက ကြေကွဲနာကျင်မှုပင် ရောစွက်နေသလို ထင်ရသည်။ သူမသည် မျက်ရည်များကို လက်ခုံဖြင့် ခပ်မြန်မြန် ပွတ်တိုက် သုတ်ရင်း ခေါင်းညိတ်ပြလိုက်၏။

"သူ ချစ်လာတဲ့အထိစောင့်မယ်၊ အဲဒီလိုလား။ ကိုယ်က ဘေးမှာပဲ ပွဲကြည့်ပရိသတ် လုပ်နေရတော့မယ်ပေါ့ ဟင်"

သူမ ဆရာ့ကို မေးမောကာ ခေါင်းညိတ် ခေါင်းခါဖို့ လုံးဝ အားယူ၍မရဘဲ ဖြစ်နေသည်။ ဆရာ၏ ပါးလှစ်သော နှုတ်ခမ်း များမှာ စိတ်ထိခိုက်မှုကို ထိန်းချုပ် ထားရဟန်ဖြင့် မဲ့လုနီးပါး ဖြစ်နေသည်။ ဘာဖြစ်လို့များ ကျွန်မ ဆရာ့ကို မချစ်မိပါလိမ့်။

"သူ ချစ်လာတဲ့အထိ စောင့်လို့လဲ မရပါဘူးဆရာ။ သူ...သူက လအနည်းငယ်အတွင်း ကနေဒါကို သွားတော့မှာပါ။ ကျွန်မလေ..."

စကားကို ဆက်ပြောရန် အင်အား လုံးဝ မရှိတော့ဘဲ အသံတိမ်ဝင် အက်ကွဲလျက် ဆရာ့ထံမှ မျက်နှာ လွှဲပစ်လိုက်မိသည်။ ကျွန်မလေ ကျွန်မ သူ့ကို မက်မက် မောမော ချစ်မြတ်နိုးမိနေတာ ဆရာ။

ဆရာ့ထံမှ သက်ပြင်းရှိုက်သံကို သိသိသာသာ ကြားလိုက်ရ၏။





ထို့နောက် ဆရာ ထိုင်ရာမှ ထရပ်ကာ ကုလားထိုင်ကို နောက်သို့ တွန်းပစ်လိုက်သည်။ ထို့နောက် စားပွဲကို ပတ်၍ ကေသီ့ထံ လျှောက်လာလေသည်။ ကေသီ ထိတ်ခနဲ ရင်ခုန်ကာ ကမန်းကတန်း မော့ကြည့်လိုက်သည်။ ဆရာက ကေသီ့ ဘယ်ဘက်တွင်ကပ်၍ ရပ်လိုက်ပြီး ကေသီ့ကို ငုံ့ကြည့်လေသည်။ ဆရာ့ မျက်လုံးများမှာ စောစောက မာကျောမှုများ လုံးဝ မရှိတော့ဘဲ တည်ငြိမ် အေးစက်နေကြသည်။

"တော်တော် စိတ်ကူးယဉ်တဲ့ မိန်းကလေးပါလား ဟင်"

သူမ ဆရာ့ကို ရှက်ရွံ့စွာ မေးကြည့်လျက် ပြုံးပြရန် အားယူလိုက်သည်။ သို့သော် သူမ ဘယ်လိုမှ ပြုံး၍ မရချေ။

ဆရာ့ လက်တစ်ဘက်က ကေသီ့ မျက်ရည်များကို အသာအယာ သုတ်ပေး၏။ ဆရာ့ လက်ချောင်းများက အနုပညာလက်ဟုခေါ်ရမည့် သွယ်လျသော အမျိုးအစား ဖြစ်သည်။ ဟင့်အင်း နေပါစေ ဆရာ၊ ကျွန်မကို ဆရာ အဲဒီလောက်ယုယဖို့ မကောင်းပါဘူး။ ကေသီ တစ်ချက်ရှိုက်လိုက်သောအခါ ဆရာက ကြည်လင်စွာ ပြုံးပြ၏။ သူမ ဆရာ့ အပြုံးကြောင့် အံ့ဩသွားလေသည်။

"သနားစရာကောင်းလိုက်တဲ့ ကလေးမ။ ကိုယ့် ဘာသာကိုယ် ဘာလုပ်သင့်မှန်းကို မသိရှာဘူး"

သူမ ဆရာ့ကို အားကိုးတကြီး ကြည့်လိုက်သည်။

"ကျွန်မ... ကျွန်မ ဘာလုပ်သင့်သလဲ ဆရာ"

ဆရာက ကေသီ၏ ပြောင်တင်းနေသော နဖူးကလေးကို လက်ဖြင့် အသာအယာ ထိကိုင်ပြီးမှ ဖျတ်ခနဲ နောက်ဆုတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကေသီလုပ်သင့်တာကတော့ သူ့ကို မေ့ပစ်လိုက်ပြီး ကိုယ့်ကို လက်ထပ်ဖို့ပဲ"

ဟင့်အင်း မဖြစ်နိုင်ဘူး ဆရာ။ သူမ ခေါင်းကို ဖြည်းညင်းစွာ ယမ်းခါလိုက်သည်။

စီးကရက်ကိုရှိုက်ဖွာလျက် စာအုပ် တစ်အုပ်ကို စိတ်ဝင်စားစွာ ငုံ့ဖတ် နေတတ်သော မောင့် မျက်နှာကို ဖျတ်ခနဲ မြင်ယောင်လာသည်။ ကေသီ့ ဆင်ခြင်တုံတရား မှန်သမျှကို ဘေးသို့ ယိုင်သွားစေသော မောင့်အပြုံးများ၊ မောင့် မျက်ဝန်းများ၊ ကေသီ ဘယ်တော့မှ မေ့ပျောက်၍ ရနိုင်တော့မည် မဟုတ်သော ရီဝေသော အကြည့်များ။

မောင့်ကို ကျွန်မ ချစ်မိတာဟာ ခံစားချက်တစ်ခု မဟုတ်ဘူး ဆရာ။ နောက်ပြီး ရွေးချယ်မှု တစ်ခုလည်း မဟုတ်ဘူး ဆရာ။ မောင့်ကို ကျွန်မ ချစ်တာဟာ စီရင်ချက် တစ်ခုသာ ဖြစ်ပါတယ်။

"ဒီတော့ ကိုယ် စောင့်မယ်၊ တစ်နှစ်ကျော်ကျော် စောင့်ခဲ့ရတဲ့ လူတစ်ယောက်ဟာ နောက်တစ်လတော့ စောင့်နိုင်ပါတယ်။ ကေသီ သူ့ကို မေ့ဖို့အချိန် တစ်လပေးမယ်"

တစ်လ... ။ သူမ ဆရာ့ကို ထိတ်လန့်တကြား မော့ကြည့်မိ၏။

ဆရာက သိမ်မွေ့သော အပြုံး တစ်ခုဖြင့် ကေသီ့ကို ချစ်မြတ်နိုးစွာ ကြည့်လေသည်။

"နောက်တစ်လကြာရင် ကိုယ်တို့ လက်ထပ်မယ်၊ ဒီ.... အဓိပ္ပာယ် မရှိတဲ့ စိတ်ကူးယဉ်မှုကို ဒီအတိုင်း ကြည့်နေရလောက်အောင် ကိုယ် အညာတာ မမဲ့ဘူး သိလား ကေသီ"

ကေသီ ကြောင် အ လျက် ခေါင်းကိုသာ တွင်တွင်ယမ်းနေလိုက်သည်။





"တစ်လောကလုံးမှာ ကေသီ့ကို ကယ်တင်နိုင်တဲ့ ပုဂ္ဂိုလ်ဆိုလို့ ကိုယ်တစ်ယောက်ပဲ ရှိတယ်။ ကေသီ လက်ခံရဲ့လား၊ ဟင် ကလေးမ"

ဆရာသည် ဟာသတစ်ခု ပြောသလို ခပ်သွက်သွက် ရယ်ချလိုက်၏။ သို့သော် ဆရာ့ဟာသသည် ကေသီ့ အတွက် မရယ်ရပါ။

၀ွ ၀ွ ၀ွ



www.burmeseclassic.com

www.burmeseclassic.com

# မြစ်တို့၏မာယာ

www.burmeseclassic.com

www.burmeseclassic.com

### အခန်း တစ်

'လူ့ဘဝဆိုသည်မှာ ပြည့်စုံစွာ ရေးထားပြီးသော စာအုပ်တစ်အုပ် ဖြစ်သည်' ဟူသော အဆိုတစ်ခုကို သူမ လက်မခံချင်သော်လည်း လက်ခံရပြီဖြစ်သည်။ 'မိမိတို့သည် တစ်နေ့တွင် စာမျက်နှာတစ်ခုကိုသာ လှန်လှောဖတ်ခွင့်ရှိသည်။ နောက်ထပ် စာမျက်နှာများမှာ ရေးသားထားပြီးဖြစ်သော်လည်း သူမတို့ ဖွင့်ကြည့်ခွင့်မရှိ မည်သည့်နေ့ရက် မည်သည့်အချိန်တွင် မည်သည့်အဖြစ်အပျက် ဖြစ်ပေါ်လာမည် ဆိုသော ဖြစ်စဉ်အားလုံး သူ့ နေ့ရက်နှင့်သူ နေသား တကျရှိပြီးဖြစ်သည်' တဲ့လေ။

ဘယ်လောက်များ အားလျော့ချင်စရာ ကောင်းသော အဆိုအမိန့် တစ်ခုများလဲ။

ဘာပဲဖြစ်ဖြစ် ကေသီ ယုံကြည်စွာ လက်ခံလိုက်ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဤကဲ့သို့ ယုံကြည်စွာ လက်ခံဖို့ သူမ၏ မျှော်လင့်ချက်များ ချစ်ခြင်းမေတ္တာများ၊ ခွန်အားများ၊ ဂုဏ်သိက္ခာများ အားလုံးဖြင့် ရင်းနှီးခဲ့ရသည်။

ကံကြမ္မာသည် ဘက်လိုက်တတ်သော ဒိုင်လူကြီး တစ်ဦးဖြစ်လျှင် သူမသည် အလွန် ညံ့ဖျင်း နုံအ လှသော လောင်းကစားသမား တစ်ဦးပဲ ဖြစ်လိမ့်မည်။

ယခုတော့ သူမ လှလှပပကြီးပင် ရှုံးနိမ့်ခဲ့ရပြီ။ အေးစက်သော ကိုယ့်သချိုင်းဂူပေါ်မှာ ကိုယ်ဖြတ်သန်းသွားရသလို ကြက်သီးမွေးညင်းထသော ခံစားမှုတစ်မျိုးဖြင့် သူမ၏ အရှုံးပေါ်မှာ သူမ မတ်တတ်ရပ်နေရပြီဖြစ်သည်။ သူမမှာ အချိန်ကာလ ဆိုသည်လည်း မရှိတော့၊ နေရာဒေသ ဆိုသည်လည်း မရှိတော့၊ အရာအားလုံး လက်လှမ်း မမီအောင် ဝေးသထက် ဝေးကွာလာခဲ့ပြီ။

ယခုမှတော့ သူမသည် ပဝါစကလေးတစ်ခု ပုံလျက်ကျသွားသလို အလှပဆုံးသော ကျဆုံးခြင်းမျိုး ဖြစ်ရလေအောင် အတတ်နိုင်ဆုံး ဘဝကို ခြယ်မှုန်းရပေတော့မည်။

ပရဟိတလုပ်ငန်း အနေဖြင့် သူမထံ စာလှမ်းရေးလိုက်ပါမည်ဟု ကတိပေးခဲ့သော ကိုမိုးဝေသည် သူမထံ လုံးဝ စာမရေးခဲ့ပေ။

ဆရာ အချိန်ပေးထားသည့် ဇန်နဝါရီတစ်လလုံး ကောသီသူ့ထံမှစာကို သွေးရူးသွေးတန်း မျှော်လင့်ခဲ့သည့် အကြောင်းကို အေးအေးသွယ် အသိဆုံးဖြစ်သည်။ တစ်နေ့တစ်နေ့ စာဝေချိန်ကို စောင့်မျှော်ရင်း၊ ညနေ ဧည့်သည်ချိန်ကို စောင့်မျှော်ရင်း နေ့ရက်များသည် လျင်မြန်စွာ ကုန်ဆုံးသွားခဲ့သည်။





ဂျာမန်ဧည့်သည် အမျိုးသမီးရိုက်ပေးသော နှစ်ယောက်တွဲ ဓာတ်ပုံမှ ခပ်စောင်းစောင်း မြင်ရသော သူ့ ရုပ်ရည်ကို အကဲခတ်ကာ အေးအေးသွယ်က နှုတ်ခမ်းမဲ့သည်။

"ဟွန်း...ကိုယ့်ဆရာမို့ ကိုယ်ပြောတာ မဟုတ်ပါဘူး။ နင့်လူနဲ့ ဆရာနဲ့ဖြင့် ရုပ်ရည်ချင်းက မိုးနဲ့မြေလို ကွာတယ်။ ဆရာက ချောမောတဲ့အပြင် နူးညံ့တယ်၊ သိလား။ နင့်လူက တင်းမာ မှုန်ကုပ်နေတာပဲ"

သူမ မရွှင်လန်းစွာ ရယ်မောလျက် ထောက်ခံခဲ့ပါသည်။

"ရုပ်ချောတဲ့ ဆရာ့ကျတော့ မချစ်ဘဲနဲ့ ရုပ်မလှတဲ့ ဒီလူကျမှ နင် ဘာဖြစ်လို့ ချစ်ရတာလဲ"

အချစ်ဆိုတာ အရေပြားတစ်ထောက်ပေါ်က အလှအပနဲ့ ဆိုင်တဲ့ ကိစ္စမျိုး မဟုတ်ဘူးဟု သူမ ညည်းညူပြခဲ့မိသည်။

စိတ်ဖြေသာအောင် ဂစ်တာတီးပြီး သီချင်း ညည်းမိတိုင်း မောင်ဟာ ဂီတကို စိတ်ဝင်စားသူ မဖြစ်နိုင်ဟု ကောက်ချက်ချမိပြန်၏။

အမျိုးသမီး ရော့(ခ်) အဆိုတော် ပက်(တ်)ဘနာတာ၏ 'အချစ်ဟာ စစ်မြေပြင်တစ်ခု ဖြစ်တယ်' ဆိုသော သီချင်းကိုချည်း မကြာခဏ တီးခတ်မိလေ့ရှိသည်။

"ကိုယ်တို့ဟာ ငယ်ရွယ်သူတွေ ဖြစ်ကြတယ်x x x နှလုံးသားနာကျင်မှု တစ်ခုကနေ တစ်ခုx x x အဲဒီလိုပဲ ကိုယ်တို့ရပ်တည်ကြတယ်x x x ဘာကတိတွေမှ မထားကြေးx x x ဘာတောင်းဆိုမှုတွေမှ မရှိကြေးx x အချစ်ဟာ စစ်မြေပြင်တစ်ခုပါx x x ကိုယ်တို့ဟာ အားပြင်းကြတယ်x x x ဘယ်သူမှ ကိုယ်တို့ မှားတယ်လို့ မပြောနိုင်ကြပါဘူးx x x"



www.burmeseclassic.com

www.burmeseclassic.com



ကေသီသည် မောင့်မျက်မှန် ထူထူ အောက်မှ တစ်ခါတစ်ခါ သူမကို ငေးစိုက်ကြည့်တတ်သော မျက်ဝန်းညိုများကို မကြာခဏ သတိရနေတတ်သည်။ မောင့်ဘဝမှာ အချစ် မလိုအပ်ဘူးတဲ့လား ကွယ်။ အဲဒါဟာ မှန်သောစကားပဲ ဖြစ်ပါစေ။ ဘာဖြစ်လို့လဲဆိုတော့ အချစ်ရဲ့ ပူလောင်မှု သောကဖိစီးမှုဒဏ်တွေကို ခါးညွတ်လုမတတ် ခံနေရသော မိန်းမတစ်ယောက်၏ ကိုယ်ချင်းစာစိတ်ဖြင့် မောင့်ရင်မှာ ဘာပူပင်သောကမှ မတွယ်စေလိုသောကြောင့်ပါ။

တစ်လလုံးလုံး ညခြား ရက်ခြားလျက် မောင့်ကို အိပ်မက်တွေ မက်ခဲ့သည်။

အိပ်မက်ဆိုတာ ဝိညာဉ်ချင်း ဆက်သွယ်တာဆိုပဲ။

မောင်ဟာ ကေသီ ဆိုတဲ့ မိန်းမတစ်ယောက်ကို သတိရနေမလားဟု မယုံကြည်နိုင်စွာ တွေးရင်း တစ်နေ့ထက်တစ်နေ့ နီးလာသော လက်ထပ်ရက်ကို တွန်းဖယ်လိုစိတ်ဖြင့် ပင်ပန်းမောလျနေခဲ့သည်။

မောင့် ရုံးခန်းလိပ်စာဖြင့် စာရေးဖို့၊ အလွတ်ရနေသော နံပါတ်ဖြင့် ဖုန်းဆက်ဖို့ လေးငါးကြိမ် စဉ်းစားခဲ့ဖူးသည်။

အို…တစ်သက်လုံးခွဲရမယ့်အတူတူ၊ သူကလဲ သံယောဇဉ်ကင်းတဲ့အတူတူ ကိုယ့်မာနနဲ့ကိုယ် နေစမ်းပါ။ ကိုယ့် ဂုဏ်သိက္ခာနဲ့ ကိုယ်နေစမ်းပါ။ ဤကဲ့သို့ ကိုယ့်ကိုယ်ကို မာန်တင်းလျက် ထိန်းချုပ်ခဲ့သည်။ ကိုယ့်ကို ခါးသီးမှုတွေသာ ပေးချင်တဲ့၊ နှလုံးသားခက်ထန်တဲ့ ယောက်ျားတစ်ယောက်ကို စိတ်ကူး မယဉ်ချင်စမ်းပါနဲ့တော့၊ ကိုယ့်ကို ကြင်နာမှုတွေ ပေးချင်တဲ့၊ နှလုံးသားနူးညံ့တဲ့ ယောက်ျားတစ်ယောက်ကိုပဲ လက်ထပ်လိုက်စမ်းပါ။

အချစ် ဆိုတာ မပါဘဲနဲ့လား။





နင်ဟာ တစ်ချိန်ကျရင် ဆရာ့ကို ချစ်သွားလိမ့်မယ်။ ဆရာ တခြား မိန်းမတစ်ယောက်နဲ့ စကားပြောရင်တောင် နင် အဲဒီမိန်းမကို သတ်ပစ်ချင်လာလိမ့်မယ်။

ဟင့်အင်း…မဖြစ်နိုင်ဘူး၊ မောင်ကလွဲပြီး ကေသီ့ကိုချစ်တတ်လာအောင် ဘယ်သူမှ ဖန်ဆင်းမပေးနိုင်ဘူး။

ဘဝကို လက်တွေ့ကျကျ စဉ်းစားစမ်းပါ။ ဆရာဟာ ကေသီ့ဘဝအတွက် အကောင်းဆုံး ထာဝရအဖော် မဟုတ်ဘူးလား။ ဆရာ့အကြင်နာ၊ စိတ်ရှည်မှု၊ ဆရာ့ကိုသာ ကေသီ လက်ထပ်လိုက်လျှင် အများတကာက အားကျသော လှပသည့်ဘဝတစ်ခုကို ကေသီ ရရှိလိမ့်မည်။

ဒါပေမယ့် အဲဒီ ဘဝဟာ အပြင်ကျကျ လှပမှာလား။ အတွင်းစိတ် အနှစ်သာရအထိ လှပမှာလား။

ဘာပဲ ဖြစ်ဖြစ်ကွယ်…။

ကေသီသည် မိန်းမ မာန၊ မြန်မာစာဆရာမ တစ်ယောက်၏ ဂုဏ်သိက္ခာ၊ မိဘဆွေမျိုးနှင့် လုပ်ဖော်ကိုင်ဖက် ဆရာ ဆရာမများ၏ မျက်နှာ…။ ထိုအခြင်းအရာများ၏အောက်တွင် အချစ်ကို မြေမြှုပ်သင်္ဂြိုဟ်လိုက်၏။

၁၉၉၀ ခု ဖေဖော်ဝါရီလဆန်းတွင် ဆရာနှင့်သူမ လက်ထပ်လိုက်တော့သည်။

မောင်ရန်နိုင်(မဟာဝိဇ္ဇာ)
လက်ထောက်ကထိက၊ စစ်တွေကောလိပ်
နှင့်
မကေသီ(မဟာဝိဇ္ဇာ)
နည်းပြ၊ မန္တလေးတက္ကသိုလ်



www.burmeseclassic.com

www.burmeseclassic.com



ထို လက်ထပ်ပြီးစီးခြင်း ဖိတ်စာကလေးသည် ကေသီ၏ ဘ၀ကို အသစ်ပြန်စနိုင်ပါစေဟု သူမ ဆုတောင်းရင်း ဆရာ့ဇနီးအဖြစ် ကိုယ့်ဘ၀ကိုယ် ပြောင်းလဲယူရန် ကြိုးစားလိုက်သည်။

ကေသီတို့ မင်္ဂလာလက်ထပ်ပွဲကို ပျဉ်းမနား မင်္ဂလာကန်တော်ခန်းမတွင် ကျင်းပခဲ့သည်။

မောင့်ထံ ဖိတ်စာ လှမ်းပို့ဖို့ ကေသီ စဉ်းစားသေး၏။

သို့သော် အားလပ်ချိန်မရှိသော သူ့ဘ၀မှာ သူ့အချိန် ဇယားနှင့်သူ အလုပ်ရှုပ်နေပါစေတော့။ ဘ၀မှာ ဘယ်တုန်းကမှ မမှားခဲ့ဘူးသူ မောင်သည် ယခုအချိန်ကျမှတော့ မှားသွားသလားဟု မတွေဝေပါစေနှင့်တော့။ မောင့်ကို မခံချင်စိတ်နှင့် မောင့်ထက်သာသော ယောကျ်ားတစ်ယောက်ကို ကောက်ယူပြလေသလားဟုလည်း ယောကျ်ားတစ်ယောက်အား ဘ၀င်မြင့် အတွေးမျိုး မ၀င်စေချင်တော့ပေ။

ဆရာက လုပ်သက်ခွင့် တစ်လဖြင့် (လစာအပြည့်) ခွင့်ယူလျက်၊ ကေသီကတော့ ဆယ့်ငါးရက် ခွင့်ယူလျက် မင်္ဂလာဦး နေ့ရက်များကို မန္တလေးမှာ အချိန်ကုန်စေခဲ့သည်။

မန္တလေးတက္ကသိုလ်မှ ဆရာ ဆရာမများအား သီးသန့်ညစာစားပွဲ ကျင်းပပေးရသည်ဖြစ်ရာ ထိုညစာစားပွဲသို့ မိမိခင်ရောက်မလာခဲ့ချေ။

ထို ညစာစားပွဲအပြီးညက ဆရာနှင့် ကေသီ တစ်ယောက်ကို တစ်ယောက် မယုံသင်္ကာစိတ်မျိုးဖြင့် မကြည့်မိအောင် အားတင်းထားသော်လည်း မအောင်မြင်ခဲ့ပါ။

ထိုနေ့က ကေသီ့အတွက် ဆရာ စီစဉ်ငှားရမ်းပေးထားသော ရန်မျိုးလုံရပ်ကွက်က ခြံ၀င်း၏ ရှေ့ကွက်လပ်မှာ သူမတို့ နှစ်ယောက် ညချမ်း ဆည်းဆာကို ကုန်လွန်စေခဲ့သည်။

"ဆရာ မိမိခင်လဲ မလာဘူး နော်"





သူမ ဆရာ့ မျက်၀န်းများကို ရင်ဆိုင် အကဲခတ်လျက် ထိုမေးခွန်းကို မေးမိသောအခါ ဆရာက မျက်နှာ လွှဲမပစ်ဘဲ သူမကို ပြန်စိုက်ကြည့်လေသည်။

"တစ်အချက် ကိုယ့်ကို ဆရာလို့ ခေါ်နေတာကို ကိုယ် မကျေနပ်ဘူး။ နှစ်အချက် ကိုယ်တို့ နှစ်ယောက်တည်း ဆိတ်ဖလူးပန်းနံ့ကလေးနဲ့ နူးညံ့ သာယာစိတ် ၀င်နေသင့်တဲ့ အချိန်မှာ ကိုယ်နဲ့ မဆိုင်တဲ့ နာမည်တစ်ခုကို ဆိုင်ခဲ့ဖူးသလို ပုံစံမျိုးနဲ့ ပြောခံရတာ ကိုယ် မကျေနပ်ဘူး"

ခုံတန်းလျားကလေးက နည်းနည်း ကျဉ်းသဖြင့် ဆရာ့ကိုယ်လုံးနှင့် ကေသီ့ ကိုယ်လုံးက ထိလုနီးပါး ဖြစ်နေ၏။ ကေသီ အနေရကျပ်နေတာကို သိလျက်နှင့် ဆရာ့ ဘက်မှာ နေရာလွတ် နည်းနည်း ပိုနေပါလျက် ဆရာက ဟိုဘက် တိုးမပေးချေ။

"ကျွန်မ ဆရာ့ကို ဆရာလို့ ခေါ်ရတာပဲ အားရတယ်။ ဆရာက ကျွန်မထက် ဆယ်နှစ်ကြီးတယ် မဟုတ်လား၊ ခေါ်ရင် အစ်ကိုကြီးလို့ ခေါ်ရမှာပေါ့၊ အဲဒီ နာမည်ကြီးကို မုန်းပါ"

ကေသီ မပြုံးတပြုံးနှင့် နှာခေါင်းရှုံ့ပြောတော့ ဆရာက တင်းမာတော့မည့် မျက်၀န်းကို နူးညံ့စေလျက် ခပ်ဟက်ဟက် ရယ်မောလေသည်။

"ဆယ်နှစ်ကြီးတဲ့ ယောကျ်ားတစ်ယောက်ကို အစ်ကိုကြီးဆိုတဲ့ အသုံးအနှုန်းကလွဲပြီး ခေါ်လို့ မရတော့ဘူးတဲ့လားကွာ"

"အို... မသိဘူး၊ ကိုကိုနိုင်လို့တော့ ဘယ်တော့မှ မခေါ်ဘူး ဆရာ၊ ဒါပဲ"

"ခက်နေပါလား"

ဆရာက ညည်းညူလျက် ရယ်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကေသီ၏ မဆီဆိုင်သော မနာလို ဝန်တိုသံကြောင့် ဆရာ ကိုယ့်ကိုယ်ကို ယုံကြည်စိတ်ချသွားဟန်တူ၏။ ကေသီ၏ မနာလိုစိတ်သည် အချစ်စိတ်နှင့် သိပ်မဝေးကွာဘူးဟု ဆရာ ထင်ဟန်တူပါသည်။ ထို့နောက် ဆရာသည် ကေသီ၏ ကိုယ်ခန္ဓာကိုသာမက စိတ်ဝိညာဉ်ကိုပါ ပိုင်ဆိုင်သည်ဟု ထင်သွားပြီး တောင်းဆိုချက်တစ်ခုကိုစ၍ ပြောတော့သည်။

"ကေသီ ဟိုဓာတ်ပုံကို ဘာဖြစ်လို့ ဖျောက်ဖျက် မပစ်သေးတာလဲ"

"ဘယ်ဓာတ်ပုံလဲ ဆရာ"

"ဘယ်ဓာတ်ပုံဖြစ်ရမလဲ။ ကျောက်စာ မင်လိုမ့်နေတဲ့ နှစ်ယောက်တွဲပုံပေါ့"

သူမ ဆရာ့မျက်နှာကို ခပ်မှောင်မှောင် ညဆည်းဆာတွင် သဲကွဲစွာ မမြင်ရသော်လည်း အနည်းငယ် တင်းမာနေလိမ့်မည်ဟု ထင်သည်။

"အဲဒီဓာတ်ပုံကို ဆရာ မတွေ့အောင် ကျွန်မ သိမ်းထားခဲ့မိတယ်လို့ထင်တာ စာအုပ်သေတ္တာထဲမှာလေ။ ဆရာ ဘယ်လို တွေ့သွားတာလဲ"

"ကိုယ် ဖွင့်ကြည့်တာပေါ့"

သူမ ဒေါပွကာ ဆတ်ခနဲ ကိုယ်ကို ယို့ပစ်လိုက်သည်။

"ဘာလဲ ဒါလဲ လူ့အခွင့်အရေး ချိုးဖောက်မှုပဲလားဟင် ကေသီ"

"စောစောက ဆရာ့စကားအတိုင်း ကျွန်မ ပြောရလိမ့်မယ်။ ဆရာ ဒီညအကြောင်းအရာ ရွေးတာ သိပ်ညံ့သွားပြီ။ ဒီစကားကို ဒီအချိန်မှာ မပြောသင့်ဘူးထင်တယ် ဆရာ"



"ဟုတ်လား၊ ဒီစကားကို ကိုယ် ဘယ်အချိန်ကျမှပြောရမလဲ၊ အိပ်ရာပေါ် ရောက်မှလား"

သူမ မျက်နှာ နွေးခနဲပူသွား၏။

"ဆရာ ကျေးလူပြပြီး စကားရိုင်းရိုင်းမပြောပါနဲ့"

ဆရာက မရယ်ချင့်ရယ်ချင်ဖြင့် အသံထွက် ရယ်လေသည်။

"ကောင်းပြီ ကေသီ၊ အလွန်ရှက်ကြောက်တတ်တဲ့ နှလုံးသားနူးညံ့တဲ့ ကိုယ့်ဇနီးရှေ့မှာ စကားရိုင်းသွားတယ်ဆိုရင် ကိုယ် တောင်းပန်ပါတယ်၊ ဒါပေမယ့် ဒီဓာတ်ပုံကို ကိုယ်မကျေနပ်တာကိုတော့ သည်းခံမျိုသိပ်မနေနိုင်ဘူး ကေသီ။ အဲဒီ ဓာတ်ပုံဟာ ကိုယ့်ရဲ့ ယောကျ်ားမာနကို လာလာ ထိနေတယ်"

သိပ်ခက်တာပဲ။ ကေသီ စိတ်ပျက်လက်ပျက် ဖြစ်သွား၏။ ဓာတ်ပုံဟာ သူ့ဘာသူ သေတ္တာထဲနေရင် ဆရာ မမြင်ရင် ဆရာ့ရဲ့ ယောကျ်ားမာနကို ဘယ်လို လာထိနိုင်မလဲ ဆရာ။ သို့သော် ကေသီ မပြောပါ။

"ကေသီပြောတော့ ခြောက်ပြစ်ကင်း သဲလဲစင် ဇနီးကောင်းတစ်ယောက်ရဲ့ ဘဝကို လိုချင်တယ်ဆို"

"ဟုတ်တယ်လေ အဲဒါဘာဖြစ်လဲ"

"ကေသီ့သေတ္တာထဲမှာ အဲဒီဓာတ်ပုံရှိနေရင် ကေသီဟာ ဘယ်လိုလုပ်ပြီး ဇနီးကောင်းတစ်ယောက်ဖြစ်တော့မှာလဲ"

အိုး... လက်စသတ်တော့ ကေသီဟာ ဖောက်ပြန်တဲ့ ဇနီးတစ်ယောက်ဆိုတဲ့ စွဲချက်တင်နိုင်အောင် ဆရာ ကြိုးစားနေတာပါပဲလား။

သူမ ဆရာ့ကို အထိတ်တလန့် ကြည့်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



အမှောင်ရိပ်ထဲတွင်ပင်လျှင် ဆရာ့ မျက်ဝန်းများကအရောင်တလက်လက် ထွက်နေသလို ထင်မိသည်။

"ဒီဓာတ်ပုံကို ဖျောက်ဖျက်ပစ်သင့်တယ်လို့ ဆရာ ပြောနေတာလားဟင်"

"ဟုတ်တယ်၊ ဒီဓာတ်ပုံဟာ ကိုယ်နဲ့ကေသီကြားမှာ နံရံတစ်ခုလိုဖြစ်နေတယ်။ အဲဒီဓာတ်ပုံကို ကိုယ့်ရှေ့မှာပဲ ဖျက်ဆီးပစ်လိုက်ဖို့ ကိုယ်တောင်းဆိုရလိမ့်မယ်"

သူမ နာကျင်စွာပြုံးလိုက်၏။

"ကောင်းပါပြီဆရာ၊ ကျွန်မမီးရှို့ ပစ်လိုက်ပါမယ်"

ထိုညက တကယ်ပင် လျှပ်စစ်မီးဖိုပေါ်သို့ နှစ်ယောက်တွဲဓာတ်ပုံ နှစ်ပုံလုံးကိုတင်ကာ ခလုပ်ဖွင့်လျက် မီးရှို့ပစ်လိုက်၏။ အနည်းငယ် ဝဲချင်နေသော မျက်ရည်များကို အားစိုက်၍ ခမ်းခြောက်စေရင်း ညော်နံ့ပြင်းပြစွာဖြင့် တွန့်လိမ်ကာ မီးလောင်ကျွမ်းနေသော ဓာတ်ပုံကလေးများကို ကြည့်ရင်းကြည့်ရင်း သူမ၏ရင်ထဲသို့ ထိုးဖောက် ဝင်ရောက်လာသော အင်အားတစ်ခုကို အထိတ်တလန့် ခံစားမိ၏။ ဓာတ်ပုံထဲမှ မောင်သည် မီးခိုးငွေ့များအဖြစ် ဝေ့ဝဲလျက် သူမ၏ရင်ထဲသို့ မြဲမြံစွာဝင်ရောက်သွားသည်ဟု ခံစားလိုက်ရခြင်းဖြစ်သည်။

ကဲ ဆရာ အဲဒီဓာတ်ပုံ အခုမရှိတော့ဘူး။ သူမနှုတ်ခမ်းကို တင်းနေအောင် စေ့ပစ်လိုက်၏။

ဆရာနဲ့ ကျွန်မကြားမှာ နံရံတစ်ခုလို ဖြစ်နေတယ်ဆိုတဲ့ ဓာတ်ပုံလေ...။

ဒါပေမယ့်ဆရာ၊ ဆရာနဲ့ကျွန်မကြားမှာ အခုမှပဲ မမြင်ရတဲ့ စည်းရိုးတစ်ခု ခြားသွားပြီဆရာ။

"ကေသီ"





ကေသီ့ မေးစေ့ကို လက်ဖြင့် ပင့်တင်လျက် ခနဲ့သလို ပြုံးကြည့်သော ဆရာ့အကြည့်တို့အောက်တွင် ကေသီ့ မျက်ဝန်းများ မှုန်မှိုင်း အေးစက်သွားသည်။

"ကေသီ့မျက်လုံးမှာ မျက်ရည်တွေ့ရမယ်လို့ကိုယ် ထင်ခဲ့မိတဲ့အတွက် ကိုယ် တောင်းပန်ပါတယ် ကေသီ"

ကြည့်စမ်း၊ ဆရာ့စကားဟာ ကေသီ့ကို ဘယ်လောက် အထိ ခံရခက်စေ လိုက်သလဲ။

"မိန်းမတစ်ယောက်ရဲ့ အချစ် အတိုင်းအဆဟာ သူ့မျက်ရည်ပမာဏနဲ့ ပြောင်းပြန် အချိုးကျတယ်ဆရာ"

ထိုစကားကို မပြောသင့်မှန်း သိလျက်နှင့် အခံရခက်စွာ ပြောလိုက်မိပြီးသည့်နောက်တွင် ကေသီ နောင်တရသွား၏။ သို့သော် စကားကျွံမိပြီ၊ ဆရာကလည်း မယုံသင့်မှန်း သိလျက်နှင့် အခံရခက်စွာ ယုံလေသည်။

ဆရာက နောက်ဆုတ်ကာရပ်၏။

ပထမတော့ ကေသီ့ကိုကြည့်သော အကြည့်မှာ ဇနီး တစ်ယောက်ကို ကြည့်သောအကြည့်နှင့် မတူဘဲ ရန်သူ တစ်ယောက်ကို ကြည့်သော အကြည့်မျိုးဖြစ်သည်။ ကေသီ နောင်တရ စွာ ဆရာ့ကို တောင်းပန်ဖို့ အားယူခိုက်မှာ ဆရာက ချက်ချင်းပြုံးလာသည်။ ဆရာ့ အပြုံးက နားလည်ခွင့်လွှတ်ပြုံးဖြစ်၏။ နှုတ်ခမ်းများ ကော့ပျံ့သွားအောင် ပြုံးသော မိန်းမချောတစ်ယောက်လို အပြုံး။

"ကိစ္စမရှိဘူး။ ကေသီ့ကို ပြုပြင် ပြောင်းလဲပေးဖို့က ကိုယ့်တာဝန်ပဲလို့ ကိုယ်အမြဲတမ်း တွေးထားတယ်၊ ကေသီ့ကို အမြဲတမ်း နားလည်နိုင်ဖို့ ကိုယ် ကြိုးစားနေပါတယ်။ ဒါပေမယ့် တစ်[illegible]တစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



ဝန်တိုစိတ်ကြောင့် ပြောမိတဲ့ ကိုယ့်စကားတွေဟာ ကေသီ့ကို နာကျင်စေတယ်ဆိုရင်လဲ ကိုယ့်ကို ခွင့်လွှတ်ဖို့ ကြိုးစားပါနော် ကေသီ"

ဆရာ့အပေါ်မှာ စောစောက ထားခဲ့မိသော အာဃာတများ ချက်ချင်း ကြေမွပျက်စီးသွားပြီး လေးစားစွာ ကိုးကွယ်လိုစိတ်ဖြင့် ဆရာ့ကိုနှုတ်ဆက်မှုဖို့ ကြိုးစားဆဲ ဆရာက ကေသီ့ပခုံးကို မြဲမြံစွာ ဖက်ပွေ့လိုက်လေသည်။

ကေသီနှင့်ဆရာ၏ လက်ထပ်ပြီးစ နေ့ရက်များတွင် အဆင်ပြေသာယာမှုကို နှောင့်ယှက်သော အကြောင်းအရာမှာ မောင်နှင့်ပက်သက်သော အကြောင်းအရာသာဖြစ်သည်။

ကေသီ့ကို အမြဲတမ်း နားလည်ဖို့ ကြိုးစားမည် ဆိုသော ဆရာသည် ကေသီ့ကိုကြည့်တိုင်း ဓာတ်ပုံထဲကလူကိုချည်းမြင်ယောင်နေမိသလား မပြောနိုင်။ ကေသီ ဘာလုပ်လုပ် ထိုအမှုကိစ္စသည် ဓာတ်ပုံထဲက လူကြောင့်ဟု ဆရာက စွပ်စွဲချင်နေတာတော့ သေချာ၏။

တစ်ခါတစ်ရံ ကေသီ ဂစ်တာတီးရင်း စိတ်မပါ၍ သီချင်းတစ်ပိုင်းတစ်စနှင့် ရပ်ပစ်လျှင်လည်း ဆရာ ကေသီ့ကိုစူးစမ်းကြည့်ဖြင့် ကြည့်လေ့ရှိသည်။

"ဆက်တီးလေ ကေသီ၊ နားထောင်ကောင်းသားပဲ"

"ဟင့်အင်း မရတော့ဘူးဆရာ။ ကျွန်မ စိတ်မပါဘူး"

ဆရာက ကေသီ့ မျက်လုံးများထဲကို စိုက်ကြည့်လျက် ဘာလဲ သတိရစရာတွေ ဖြစ်ကုန်ပြီလားဟု စပ်စုသလို၊ သရော်သလိုအပြုံးရိပ်ရိပ်ဖြင့် မေးတတ်သည်။ ကေသီ သည်းညည်းခံ၍ပြုံးကာ ခေါင်းယမ်းပြရ၏။ မကြာခဏ ထိုအဖြစ်မျိုးဖြစ်လာသောအခါ ကေသီ တစ်ချက်တော့ ပြန်ဖြေရှင်းမိသည်။





"ဆရာ ဘာဖြစ်လို့ အဲလို ခနဲ့ချင်ရတာလဲ၊ သူ့ဟာသူ အေးအေးနေပါစေလားဆရာ။ ဆရာ သိသင့်တာ တစ်ခုက သူဟာ ဂီတကို လုံးဝ အာရုံ စူးစိုက်တတ်သူ မဟုတ်ဘူး၊ သူ့ အတွေးထဲမှာ ရှိနေတာက အရှေ့ဖျားဒေသဆိုင်ရာ နိုင်ငံများ၏ အနုပညာနှင့် ဗိသုကာပညာဆိုတဲ့ ဘာသာရပ် တစ်ခုတည်းပဲ"

ထိုစကားသည် ကေသီ မရည်ရွယ်ပါဘဲနှင့် ဆရာ့ကိုပြင်းထန်စွာ နာကျင်စေဟန်တူပါရဲ့။ ဆရာက မျက်နှာ အနည်းငယ်ပျက်သည်ကို ကာကွယ်လိုဟန်ဖြင့် လှုကြီးဆန်ဆန် တစ်ချက်ရယ်လိုက်၏။ ပြီးမှ ခေါင်းတဆတ်ဆတ် ညိတ်ကာ...

"အင်း... အင်း၊ သူ့ခေါင်းထဲမှာ ဘာခေါင်းစဉ် ရှိနေတယ်ဆိုတာတောင် သေချာပေါက် ပြောနိုင်လောက်အောင် အတိုင်းအတာတစ်ခုအထိ ကေသီတို့ ရင်းနှီးခဲ့ကြတယ် ဆိုပါတော့"

သူမ စိတ်ထိခိုက်ခြင်းများစွာဖြင့် ဆရာ့ထံမှ မျက်နှာလွှဲလိုက်တော့သည်။

တစ်ခါကလည်း ကေသီ စိတ်လိုလက်ရ နှင်းဆီပင် သုံးပင်စိုက်ခဲ့မိသည်။

နန်းရှေ့မှာနေသော ကေသီ၏တပည့်မလေး တစ်ယောက်ထံ မှာထားသောကြောင့် သူတို့ ပျိုးပင်ထဲမှ အကောင်းဆုံး ပျိုးပင်ကလေး သုံးပင်ကို လာပို့ရှာလေသည်။

"ဆရာမရဲ့ခေါင်းမှာ နှင်းဆီပန်းကလေး ပန်ထားရင် သမီး သိပ်ချစ်တာပဲ" ဟု ပြောပြီး မကြာခဏ နှင်းဆီပန်းများ ပေးခဲ့ဖူးသော တပည့်မကလေးဖြစ်သည်။

သူမထံ နှင်းဆီပျိုးပင်များရောက်လာသောအခါ သုံးရက်မြောက် နံနက်ခင်းတွင် ကိုယ်တိုင် မြေဆွလျက် နှင်းဆီပင်သုံးပင်ကို



www.burmeseclassic.com

www.burmeseclassic.com



တန်းစီ၍စိုက်တော့သည်။ ဆရာက ခြံထဲလိုက်လာကာ ကေသီလုပ်သမျှကို အစအဆုံး ရပ်ကြည့်နေခဲ့သည်။ နှင်းဆီကိုင်း သေးသေးကလေးမှာ တွဲလောင်းချိတ်ထားသော နာမည်ကတ်ပြားကလေးများကို ရေမစိုအောင် သတိပြုပြီးရေလောင်းတော့လည်း ဆရာက ဘေးမှာ လက်ပိုက်ကာရပ်လျက် ကြည့်နေခဲ့သည်။ ကွင်းအယ်လစ်ဇဘတ်၊ ထို့နောက် မာရီးယား၊ ထို့နောက် ဆူပါစတား။

အားလုံးပြီးစီး၍ ဆရာ့ဘက် လှည့်လိုက်တော့ ပြုံးပြတော့မည့် သူမ၏ မျက်နှာမှာ တန့်သွားသည်။

ဆရာ၏ ခပ်တည်တည်မျက်ဝန်းများမှာ နံနက်ခင်း နေခြည်အောက်တွင် အေးစက် စူးရှနေကြသည်။

"ဘာအတွက်လဲ ကေသီ"

"ရှင်..."

"ဪ... ဒီ နှင်းဆီပင်တွေကို ဘာ အထိမ်းအမှတ်နဲ့ စိုက်တာလဲလို့"

သူမ တအံ့တဩ ဖြစ်သွားသည်။

"ဟင့်အင်း၊ ဘာအထိမ်းအမှတ်နဲ့မှ မဟုတ်ပါဘူး ဆရာ"

ဆရာ့ မျက်ဝန်းမှာ ယခု အချိန်အထိ နူးညံ့မလာသေးပါ။ သူမသည် ဆရာ့လက်မောင်း၌ ခိုတွယ် မှီလိုက်ရင်း ပြုံးလိုက်၏။

"ဆရာ ကေသီဖျော်တဲ့ကော်ဖီ မနေ့ကထက် ကောင်းတယ်မို့လားဟင်"

"အင်း၊ ကောင်းပါတယ်"

ဆရာ့ ဖြေသံက စိတ်မပါ့တပါ။ အိမ်ဆီသို့ လျှောက်လာကြသောအခါ ဆရာ့ကိုယ်လုံးက ပျော့ပြောင်း ညင်သာမှုမရှိဘဲ သတိထားနေသလို ခပ်တောင့်တောင့် ဖြစ်နေ၏။





"ဆရာ ဘာ မကျေနပ်လို့လဲဟင်"

ဆရာက သူမဘက်သို့ လှည့်ကြည့်၏။ ဆရာ့ မေးစေ့နှင့် သူမမေးစေ့မှာ မတိမ်းမယိမ်းပဲ။ ဒါတောင် သူမ ခွာချွန်ဖိနပ်မြင့်များကို စွန့်လွှတ်ခဲ့သောကြောင့် ဖြစ်၏။ အကယ်၍သာ သူမ ခွာမြင့်ဖိနပ်စီးထားလျှင် ဆရာ့ပခုံးက သူမ ပခုံးထက်ပင် နိမ့်လိမ့်ဦးမည်။

"ကိုယ် ဘာမှ မကျေနပ်မရှိပါဘူး၊ နားမလည်တာ တစ်ခုပါပဲ"

"ဘာကိုလဲ ဟင်"

ဆရာက ခပ်ရှင်ရှင် ပြုံးပြ၏။

"ဪ... ကိုယ်နဲ့အတူ မျက်နှာချင်းဆိုင် ကော်ဖီသောက်နေကျအလေ့အကျင့်တစ်ခုကို စွန့်လွှတ်ပြီး နှင်းဆီပင်တွေ သွားစိုက်နေရအောင် အဲဒီ နှင်းဆီစိုက်ပျိုး လုပ်ငန်းဟာ ကေသီ့အတွက် ဘာများ ထူးခြားစေနိုင်မလဲလို့ ကိုယ် နားမလည်ဘူးလေ"

"ဆရာဟာ ဘာကိစ္စများ နှင်းဆီပင်တွေနဲ့ ရန်ဖြစ်ချင်ရတာလဲဟင်"

သူမ ပြေလည်စေလိုသော ဆန္ဒဖြင့် ခပ်မြူးမြူးကလေး မေးလိုက်မိသော်လည်း ထို မေးခွန်းသည် သူမတို့နှစ်ယောက်ကြားရှိ ပြဿနာကို ပို၍သာ ကြီးထွားစေခဲ့၏။

"ကိုယ် နှင်းဆီပင်တွေနဲ့ ရန်မဖြစ်တတ်ပါဘူး။ တကယ်လို့ အဲဒီ နှင်းဆီပင်တွေဟာ သွေးရိုးသားရိုး ပန်းပင်တွေ ဆိုရင်ပေါ့"

သူမ တအံ့တဩ ဆရာ့ကို ငေးမောကြည့်မိတော့သည်။

"ဆရာ ဘာဆိုလိုတာလဲ ဟင်"

"ဘာမှ မဟုတ်ပါဘူး၊ ထားပါတော့ ကိုယ်မင်္ဂလာဆောင်လိုက်ပို့မယ်၊ အဝတ်အစား လဲဦးမှာလား"



www.burmeseclassic.com

www.burmeseclassic.com



ဆရာက စကားလွှဲပစ်သောအခါ သူမ၏ မခံချင်စိတ်က ပို၍ ကြီးမားလာသည်။

"မဟုတ်ဘူး၊ စောစောက သွေးရိုးသားရိုးကိစ္စကို ပြန်ပြောပါဦး ဆရာ၊ ကျွန်မ နားကိုမလည်ဘူး"

ဆရာက စိတ်ပျက်သလို သက်ပြင်းရှိုက်လျက် သူမနှင့် တည့်တည့် မျက်နှာချင်းဆိုင်၍ ကြည့်သည်။

"ကောင်းပြီ ကိုယ်ထင်တာ ပြောမယ်၊ ကိုယ် ထင်ခဲ့တာနော်၊ အဲဒီ နှင်းဆီပင်တွေကို အထိမ်းအမှတ် တစ်ခုခုနဲ့ စိုက်နေတာလားလို့ ပထမ ထင်မိတာ"

"အထိမ်းအမှတ်"

"အေးလေ။ တစ်ယောက်ယောက်ရဲ့ မွေးနေ့တို့၊ ဒါမှ မဟုတ် တစ်ယောက်ယောက်နဲ့ တွေ့ဆုံတဲ့ရက်တို့၊ ဒါမှမဟုတ် ခွဲခွာတဲ့ အထိမ်းအမှတ်တို့ "

"အို..."

သူမ ဆရာ့ကို စိတ်ပျက်စွာ ပြုံးကြည့်လိုက်သည်။

"ဒီနေ့ဟာ ဘာနေ့မှ မဟုတ်ဘူးဆရာ။ ဘာ အထိမ်းအမှတ်မှ မရှိပါဘူး။ ဖြစ်ချင်းဖြစ်ရင် ဆရာနဲ့ကျွန်မနဲ့ လက်ထပ်တဲ့ ၁၄ရက် မြောက်နေ့ပဲ ဖြစ်ချင်ဖြစ်မှာပါ"

ဆရာ့ မျက်နှာမှာ နည်းနည်းမှ ရွှင်လန်းမလာခဲ့ပေ။

ဒုက္ခပဲ။ နှင်းဆီပင်ကိစ္စဟာ ဘယ်လောက်များ ဆရာ့ကို ထိခိုက်စေပြီလဲ။

"ဒါဖြင့် ကျွန်မ ဒီနှင်းဆီပင်တွေကို ပြန်နုတ်ပစ်လိုက်ရမလား ဆရာ။ နုတ်ပစ်ရင် ဆရာ စိတ်ချမ်းသာမှာလား"

ဆရာ့ မျက်နှာထားက တင်းမာသွား၏။





"ကေသီ ကိုယ့်ကို ကလေးကလား မေးခွန်းတွေနဲ့ သိက္ခာချ မနေစမ်းပါနဲ့"

"ခက်ပါလား၊ ဒါဖြင့် ဆရာ့ အတွေးထဲမှာ ဘာတွေရှိနေလို့ ဆရာ မရွှင်မလန်း ဖြစ်နေတာလဲ၊ အဲဒါကို ကျွန်မ သိချင်တယ်"

"ကိုယ့်မတွေးထဲမှာ၊ ဟုတ်လား"

ဆရာက ချောမောလှပစွာ ပြုံးရယ်လိုက်လေသည်။ သည်လို ပြုံးလိုက်ပေမယ့် သူ့ နှုတ်ခမ်းများ၏ အပြုံးနောက်သို့ မျက်လုံးများ လိုက်မလာခဲ့ပေ။

"ကိုယ်တွေးနေတာကတော့ မိန်းမတွေဟာ တစ်ယောက် ယောက်ကို လွမ်းတဲ့စိတ်တွေ ပျောက်သွားအောင် သစ်ပင် စိုက်တတ် ကြတယ်ဆိုတာပဲ"

ဘုရား... ဘုရား။

ကေသီ နှင်းဆီပင်များကို ဓားနှင့် နုတ်နုတ်စဉ်းပစ်ချင်စိတ်ဖြင့် လက်သီးများကို တင်းကျပ်စွာ ဆုပ်ထားမိသည်။ ဘာဆက်လုပ်ရမှန်း၊ ဘာဆက်ပြောရမှန်းပင် မသိတော့အောင် ဖြစ်သွား၏။ ညှော်ခန်းထဲ ဝင်သွားပြီးသည့် နောက်တွင်လည်း ကုလားထိုင်တစ်လုံးပေါ်မှာ ခပ်လေးလေး ထိုင်ချရုံကလွဲ၍ စကားတစ်ခွန်းမှ ပြန်မပြောမိတော့ချေ။ ဆရာက ကေသီ့ကုလားထိုင်ရှေ့တွင် မတ်တတ်ရပ်လျက် ကေသီ့ကို ပြုံးကြည့်နေသည်။ ဆရာဟာ လူတစ်ယောက်ရဲ့ ဒေါသတွေကို ဆွပေးနိုင်တဲ့ အပြုံးမျိုးကို ဘာဖြစ်လို့ ကျွမ်းကျင်စွာ ပြုံးတတ်ရတာလဲ။

"ကိုယ်ထင်နေတာ မဟုတ်ဘူးလို့ ငြင်းပါဦးလား ကေသီ"

"ကျွန်မ ငြင်းတာကို ဆရာက ယုံယုံကြည်ကြည် လက်ခံမှာ မို့လို့လား" ဆရာက သူ့ အကျင့်အတိုင်း ပခုံးမြှင့်၍ ရယ်မောလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"လက်ခံမှာပါ၊ ကေသီ့ စိတ်ထဲမှာ ဘာပဲရှိရှိလေ" စိတ်ထဲမှာ ဘာပဲရှိရှိတဲ့လား။

ကေသီ တလိပ်လိပ်တက်လာသော ဒေါသကို မသိကျိုးကျွန်ပြု၍ မရတော့ပေ။

"ဆရာကလေ လူတစ်ယောက်ကို မဆင်မခြင်စွပ်စွဲဖို့ သိပ်လွယ်တာပဲ။ ဆရာ မြန်မာစာ လက်ထောက်ကထိက လုပ်ဖို့မကောင်းဘူး။ ရှေ့နေလုပ်စားဖို့ပဲကောင်းတယ် သိလား"

ဆရာက အပြစ်ကင်းစင် နားမလည်သူ လူငယ် တစ်ယောက်၏ ပုံစံမျိုးဖြင့် အသံထွက်၍ ရယ်တော့သည်။

"ကိုယ့်ဇနီးရဲ့ ကိုယ့်ကို ချီးကျူးစကားတွေထဲမှာ ဒီစကားကို အကြိုက်ဆုံးပဲ"

နှင်းဆီပင် ပြဿနာမှာ ဖြေရှင်း၍မရဘဲ ဤကဲ့သို့ ပြီးဆုံးသွားခဲ့သည်။

ဏ ဏ ဏ



## အခန်း နှစ်

သည်ကနေ့ နံနက်ခင်းတော့ ဆရာနှင့် သူမ ရှားပါးစွာ ပြေလည်၍ စိတ်ကြည်လင်သော နံနက်ခင်းတစ်ခု ဖြစ်ခဲ့သည်။ ကေသီ အိမ်ထောင်ကျပြီးမှ ပထမဦးဆုံး ကျောင်းထဲသို့ ရောက်သည့်နေ့လည်း ဖြစ်လေသည်။

ဆောင်းနှောင်း နှင်းကြွင်းများက မန္တလေးတစ်မြို့လုံးကို ဝိန်းဝိတ်အောင် ကာဆီးထားသည့်အထဲတွင် ကေသီတို့ခြံဝန်းကလေးက နှင်းအကျဆုံး ဖြစ်နိုင်သည်။ နံနက်လင်း၍ ပြတင်းတံခါး ဖွင့်လျှင် ဖွင့်ချင်း နှင်းထုကို မြင်ရသောအခါ သူမ စိတ်ကြည်လင်စွာ ပေါ့ပါးသွားသည်။

"ဆရာရေ နှင်းတွေ သိပ်လှတာပဲ၊ ထကြည့်စမ်းပါ" ဟုပင် ဆရာ့ကို တိုင်တည်၍ ပျော်ရွှင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာကလည်း သည်ကနေ့မှ ထူးထူးခြားခြား မိုးလင်းကတည်းက အိပ်ရာပေါ်မှာ ဇိမ်ယူလျက် 'ချစ်ခြင်း၏ အနုပညာ' ဟူသော စာအုပ်ကို ဖတ်နေလေသည်။ ဤစာအုပ်ကို 'မာတ်ပုံထဲမှလူ' က သူမ ဖတ်ရန် ငှားထားခြင်းဖြစ်ကြောင်း ဆရာ့ကို ပြောလျှင် ဆရာ ဤစာအုပ်ကို နံရံဆီသို့ လွှင့်ပေါက်ပစ်မှာ သေချာသည်။ ထိုအတွေးဖြင့် သူမ တိတ်တိတ်ကလေး ပြုံးနေခဲ့လေသည်။

သူမ ကျောင်းသွားခါနီး အဝတ်အစားလဲတော့ ဆရာက စာအုပ်ကို လက်ညှိုးဖြင့် ညှပ်ပိတ်ထားရင်း ခုတင်ပေါ် တင်ပါးလွှဲထိုင်ကာ လှမ်းကြည့်နေ၏။

"ကေသီ့ အင်္ကျီကြယ်သီးတွေထဲမှာ အဲဒီ ကြယ်သီးလေးတွေကို ကိုယ်အကြိုက်ဆုံးပဲ"

သူမသည် တွယ်လက်စ ကွင်းတပ် ကြယ်သီးလေးတွေကို ငုံ့ကြည့်ကာ ဆရာ့ကို စိတ်လိုလက်ရ ပြုံးပြလိုက်မိသည်။ ကြယ်သီးကလေးများမှာ လက်သန်းလုံးလောက် လုံးပတ်ရှိသော ချယ်ရီသားဂျပန်မရုပ်ကလေးများဖြစ်၏။ အရုပ်က အရှည်တစ်လက်မကျော်သဖြင့် ထိုကြယ်သီးကို ပျော့ပျောင်းပါးလျားသော အင်္ကျီစဖြင့် ပြုလုပ်သည့် ကွင်းသေးသေး ကျယ်ကျယ်ကလေးများထဲတွင်သာ တပ်လို့ရသည်။ မဟုတ်လျှင် ဇာလို ထူပိတ်သော ချည်ဖြင့်ပြုလုပ်သည့်ကွင်းဆိုလျှင် အရုပ်တစ်ကိုယ်လုံး ကွင်းထဲသို့ ထည့်သွင်း၍မရချေ။

"ဒါ မေမေ့ရဲ့ လွန်ခဲ့တဲ့ အနှစ် နှစ်ဆယ်ကျော်ကျော်က ကြယ်သီးကလေးတွေလေ ဆရာ၊ ဆရာကြိုက်တယ်ဆိုရင် မေမေ့ဆီက ကေသီ ဓားပြတိုက်ခဲ့ရကျိုးနပ်သွားပြီ"

ရခိုင်လုံချည်ချိတ်ကို ဆရာ့ သဘောကျဝတ်လိုက်ပြီးနောက် လွယ်နေကျ လက်ပွေ့အိတ် အကြီးကြီးကို ပခုံးမှာ လွယ်ပြီး အိမ်ရှေ့





ထွက်လိုက်သောအခါ ဆရာက စာအုပ်ကို လက်ကညှပ်ကိုင်လျက် ကေသီထွက်ရာ ခြံဝင်းပေါက်အထိ လိုက်ပို့သည်။

"ဆရာ ဌာနကို ဘယ်အချိန်လောက် လာမှာလဲ ဟင်"

စက်ဘီးဘဲလ်ကို ဆရာက အသံမြည်အောင် ဆွဲဖိကြည့်ရင်းက ပြုံးသည်။

"နေ့လယ် ထမင်းစားချိန်လောက်ပေါ့။ ၁၁နာရီ လောက်နော်"

"ဟုတ်ကဲ့၊ ဟို မိန်းမတစ်သိုက် စနောက်ကြမယ့် ဒဏ်ကို ဆရာ ခံနိုင်အောင် အားတင်းခဲ့နော်" စိတ်ပူသလို လှမ်းပြောမိတော့ "ကျေးဇူးတင်ပါတယ်" ဟု ပြောရင်း ဆရာက သူ့ လက်ထဲမှ စာအုပ်ဖြင့် ကေသီ့ နဖူးကို ခပ်ဖွဖွ လှမ်းရိုက်လေသည်။

"ဆရာ တာ့တာ" ဟု မျက်စိတစ်ဘက်မှိတ်လျက် ကလေးဆန်ဆန် နှုတ်ဆက်ခဲ့ချိန်အထိ သူမ ရင်ထဲမှာ စွဲစွဲမြဲမြဲ ချစ်ခဲ့ဖူးသော ယောကျ်ားတစ်ယောက်ကို လုံးဝ သတိမရခဲ့တာ အမှန်ပါပဲ။

ရန်မျိုးလုံမှ မင်္ဂလာလမ်းတစ်လျှောက် စက်ဘီးနင်းရင်း လေကလေးပင် ချွန်လိုက်မိသည်။

"အင်... ဆရာက ငါလေချွန်တာကို မကြိုက်ပါဘဲလား" ဟု သတိရကာမှ ကမန်းကတန်း နှုတ်ခမ်းတင်းတင်း စေ့ပစ်လိုက်သည်။

"ကျောင်းမှာ ဆံထုံးသေးသေးမြင့်မြင့်ကလေးနဲ့ ကွင်းကြယ်သီးတပ် ရင်ဖုံးအင်္ကျီပွပွကလေးနဲ့ ဆရာမလေးဟာ အိမ်မှာတီရှပ်အပွကြီးတွေ ဖားလျားဖားလျား ဝတ်ပြီး 'စမုတ်ကီး' သီချင်းတွေ လေချွန်လိမ့်မယ်လို့ ကိုယ် နည်းနည်းမှ မတွေးခဲ့မိဘူးကွာ" ဟု ဆရာက ခပ်ညည်းညည်းပြောတတ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ ဒါဖြင့် ကျွန်မကို လက်ထပ်မိတာကို မှားတယ်လို့ မှားနောင်တရသွားသလား" သူမ စိုးရိမ်တကြီး မေးမိသည်။ ဆရာက နှုတ်ခမ်းပါးကလေး ကော့ပျံသွားအောင် ရယ်မောရင်း...

"ကိုယ် ဘယ်နောင်တရပါ့မလဲ၊ ကိုယ့်မိန်းမရဲ့ နှစ်ကိုယ်ခွဲ ပုံစံကို ပိုတောင်ချစ်မိသေးတယ်" ဟု ပြောခဲ့ဖူး၏။ သူမ ဆရာ့စကားကြောင့် အနည်းငယ် ရှက်သွားကာ "ကျေးဇူးတင်ပါတယ်ဆရာ" ဟု ခပ်တိုးတိုးကလေး ပြန်ပြောခဲ့ရသည်။

ဆရာ့ဇနီးအဖြစ် အိမ်ထောင်သည်ဘဝမှာ နေသားကျသွားပြီဖြစ်သော ကေသီကို စိတ်ကြေကွဲမှုတစ်ခုဆီသို့ တွန်းပို့လိုက်သော အဖြစ်အပျက်သည် နေ့ခင်း ထမင်းစားချိန်မတိုင်မီကလေးမှာ ဖြစ်သွားသည်။

"ဒေါ်ကေသီ... ဧည့်သည်" ဟု အခန်းဝမှ ဆရာမ တစ်ယောက် လှမ်းအော်လိုက်ချိန်အထိ သူမ စိတ်ထဲမှာ ဆရာသာ ရှိနေခဲ့သည်။

ဆရာကလည်း သူတို့ စနောက်လို့ကောင်းအောင် လှမ်းခေါ်နေရသေးလား။ ကိုယ် ၂နှစ် နေခဲ့ဖူးတဲ့ အခန်းပဲ ဝင်လာလိုက်ပြီးရောဟု သူမ ဒေါပွပွ ခပ်ရှက်ရှက်ဖြင့် တွေးလိုက်သေး၏။ ပြီးမှ ဆရာ့ကို သူမ ကိုယ်ချင်းစာသွားသည်။

အေးလေ သူသဘောနဲ့သူ ဒီကျောင်းနဲ့ ခွဲသွားပြီးတဲ့နောက် ပထမဆုံးအကြိမ် ဌာနထဲက ကိုယ့်မိန်းမဆီ လာရတဲ့ လက်ထောက်ကထိက တစ်ယောက်ဟာ နည်းနည်းတော့ ရှိုးတိုးရှန့်တန့် နေမှာပဲ။

ထိုအတွေးဖြင့် အနည်းငယ်ပြုံးလျက် အခန်းဝသို့ ခပ်သွက်သွက် လျှောက်သွားလိုက်၏။





အခန်းထဲပြန်ဝင်လာသော ဆရာမနှင့် မျက်နှာချင်းဆိုင်မိစဉ် ဆရာမ မျက်နှာမှာ မျှော်လင့်ထားသလို ပြုံးစေ့စေ့ အမူအရာမတွေ့ရသဖြင့် တယ်ဟုတ်ပါလားဟု ကျေနပ်နေဆဲ...

အခန်းပြင်ထွက်လိုက်တော့မှ မမျှော်လင့်သော လူတစ်ယောက်ကို ဖြန်းခနဲ မျက်နှာချင်းဆိုင်လိုက်ရတော့သည်။

"မင်္ဂလာနံနက်ခင်းပါ ကေသီ"

ဘုရားရေ...။

သူမ ရှေ့ကလူသည် ဇန်နဝါရီတစ်လလုံးလုံး သူမ သွေးရူးသွေးတန်း မျှော်လင့် စောင့်စားခဲ့သူ ပါတကား။

မျက်မှန်ထူထူအောက်မှ ညိုလဲ့သော မျက်ဝန်းများသည် နှုတ်ခမ်းများနှင့်အတူ ကြည်လင်စွာ ပြုံးနေကြသည်။ သူမ၏ နှလုံးသည် စည်းမဲ့ကမ်းမဲ့ပင် မြန်ဆန်စွာ ခုန်လျက်ရှိ၏။ သူမ နှုတ်ခမ်းများ ရုတ်တရက်ခြောက်သွေ့သွားသည်။

"ကိုမိုးဝေ" သူမ တအံ့တသြ ရေရွတ်မိပြီး ခဏကြာမှ... "မင်္ဂလာပါ" ဟု နှုတ်ဆက်လိုက်ရသည်။

သူသည် အဝါနုဖျော့ဖျော့ အစင်းကလေးများ ပါသော ရှပ်အင်္ကျီကို တံထောင်ဆစ်အထက်၌ အပြားကြီးကြီးခေါက်လျက်ဝတ်ထား၏။ ခါးမှာတော့ အပြာနုရောင် ဂျင်းဘောင်းဘီ။ ဝေါလ်ကင်းရှူး၏ အထက်ဆီကျမှ သိမ်၍ သွားသော ခပ်ပွပွ အသားပျော့ပျော့ ဘောင်းဘီ ဖြစ်သည်။ ဖြူဝင်းသော သူ့ ဘယ်ဘက်လက်ဖျံမှာ နာရီလက်ပတ်ကြိုးအနက်ကလေးပေါ်၌ ဟိုတုန်းကလိုပင် သံလမ်းပုံကြိုးသုံးကြိုးတွဲ ရွှေကြိုးပျော့ကလေးကို မွေ့လိမ်မွေ့ကောက် ရစ်ပတ်ထားဆဲဖြစ်သည်။

"ရှင် ရှင် ဘာလာလုပ်တာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



သူကထုံးစံအတိုင်း မပွင့်တပွင့် ပြုံး၏။

"မန္တလေးကိုလား၊ ဒါမှမဟုတ် မြန်မာစာဌာနကိုလား"

သူ့အသံမှာ ယခင်ကထက် နူးညံ့သိမ်မွေ့သွားသလိုပဲ။

"နှစ်ခုလုံးပေါ့"

"မန္တလေးကို ကိုယ်ဂိုက်(ဒ်)အဖြစ် လိုက်လာတာပါ။ ပြင်သစ်လူမျိုးနှစ်ယောက်နဲ့ ဂျာမန်လူမျိုး တစ်ယောက် အဖွဲ့လေ။ ကိုယ်တို့ မနေ့ကမှရောက်တယ်။ မြန်မာစာ ဌာနကို လာတာတော့ မင်းဆီကို လာတာပေါ့"

ဒုက္ခပါပဲလား။ ကျွန်မကိုသတိရလို့ ဝင်လာခဲ့တာလို့တော့ ကျေးဇူးပြုပြီး မပြောလိုက်ပါနဲ့လားကွယ်။ သူမ လက်ဖျားများ ချက်ချင်း အေးစက်တုန်ယင်လာကြသည်။

"ကျွန်မဆီ"

"အေးလေ ကိုယ့်ကို စာအုပ်ကလေးများ ငှားနိုင်မလားလို့"

"ဘာစာအုပ်လဲ"

"ပုဂံတုန်းက ငှားတဲ့စာအုပ်ပေါ့။ တစ်ရက်ပဲငှားပါ။ မနက်ဖြန် ညနေ ကိုယ်ပြန်ပေးမှာပါ"

သူမ သူ့ မျက်နှာကိုသတိလက်လွတ် ငေးမော ကြည့်နေမိတော့သည်။

ဘာသဘောလဲကွယ်။ မောင့်မှာ အဲဒီစာအုပ်ရှိရဲ့ မဟုတ်လား၊ သူမ၏ နှလုံးသည် ပူပင်သောကဖြင့် ရုတ်ခြည်း လေးလံလာခဲ့သည်။

သူက ကေသီ၏ရင်ဖုံးအကျီမှ ချယ်ရီသား အရုပ်ကလေးများကို သဘောကျသလို ခပ်ပြုံးပြုံးကလေး စိုက်ကြည့်ပြီး "ဘယ့်နှယ်လဲ၊ ကိုယ့်ကို ယုံကြည်စွာ ငှားမယ် မဟုတ်လားဟင်" ဟုမေးသည်။





"ဟုတ်ကဲ့၊ အဲ... ဒါပေမယ့် အခုတော့ ဘယ်ပါမလဲ"

"သိပါတယ်။ မနက်ဖြန်မနက် ကျောင်းလာရင်သာ ယူလာခဲ့ပေါ့။ ကိုယ် မနက်စောစော ဝင်ယူမယ်နော်"

"ဒါမှမဟုတ် အခု ညနေ အိမ်ကို လာယူပါလား ကိုမိုးဝေ"

"အိမ်"

သူမ ခက်ခဲစွာ အားတင်းပြုံးပြလိုက်၏။

"ကျွန်မ မနက်ဖြန် ကျောင်းလာဖြစ်ဖို့ မသေချာလို့ပါ"

နောက်ပြီး ကျွန်မရဲ့ခင်ပွန်းနဲ့လဲ မိတ်ဆက်ပေးချင်လို့ပါ။ ထိုစကားကို သူမ ပြောဖို့အားယူလျက် ပြောမထွက်ခဲ့ပါ။

ပြောလိုက်လေ ကေသီ၊ ဒါမှ သူအိမ်လာလို့ မိတ်ဆက်ပေးတဲ့အခါ သူ မျက်နှာမပျက်အောင် ကြိုတင်ထိန်းချုပ်ထားနိုင်မှာပေါ့။

မဟုတ်ဘူး၊ ကေသီ့ ခင်ပွန်းအကြောင်း အခုပြောလိုက်ရင် သူ အိမ်ကိုလာဖြစ်ဦးမယ်များ ထင်လို့လား။ သူ လုံးဝ လာတော့မှာ မဟုတ်ဘူး။

ဒီလိုရော မဖြစ်နိုင်ဘူးလား၊ ကေသီ အိမ်ထောင်ကျသွားတဲ့ ကိစ္စကို သူ ဘယ်လိုမှခံစားရမှာတောင် မဟုတ်ဘဲလည်း နေနိုင်တာပဲ။

နောက်ဆုံးအတွေးကို သူမ အတည်ပြုလိုက်၏။ အကြောင်းမှာ သူက လက်ပတ်နာရီကို ငုံ့ကြည့်လိုက်ရင်း သူလွယ်နေကျ အဝတ်အိတ်အနက်ထဲက မှတ်စုစာအုပ် အနက်ဖုံး ပါးပါးကလေးကို ထုတ်ယူလိုက်သောကြောင့်ဖြစ်သည်။

မောင့်အာရုံထဲမှာ ကေသီဆိုတာ မရှိဘဲ ရှေးဟောင်းသုတေသန စာအုပ်သာ ရှိတယ်နဲ့တူပါရဲ့။

"ကဲ ကောင်းပြီ၊ ညနေ ကိုယ်လာယူရမယ့် အိမ်လိပ်စာကလေး"



www.burmeseclassic.com

www.burmeseclassic.com

သူမ၏ ရန်မျိုးလုံ အိမ်လိပ်စာကို ခပ်သွက်သွက် ရေးမှတ်နေသော သူ့ မြန်မာလက်ရေး ယိုင်ယိုင်ကလေးများကို နာကျင်စွာ တစ်ချက်ကြည့်လိုက်သည်။ ထိုစဉ်မှာပင် ရှေ့တူရူမှ နွဲ့နွဲ့ကလေး လမ်းလျှောက်လာသော မီမီခင်ကို တွေ့လိုက်ရသည်။ သိပ်စပ်စုတဲ့ မျက်လုံးတွေနဲ့ မောင့်ကို အကဲခတ်ကြည့်မှာကို ကေသီ မခံနိုင်ပါဘူး ကွယ်။

မီမီခင်၏ မျက်လုံး အကြည့်သည် အပေါက်ဝဘေးမှာ မျက်နှာချင်းဆိုင် ရပ်နေသော ကေသီတို့နှစ်ယောက်ထံမှာသာ စွဲမြဲစွာ တည်နေ၏။

"ကဲ ကိုယ် ပြန်မယ် ကေသီ၊ ကိုယ့်ကို ကူညီတဲ့အတွက် သိပ်ကျေးဇူးတင်ပါတယ်" ပြောပြောဆိုဆို အချိန်နှမြောလှသော သူ့ထုံးစံအတိုင်း၊ ကသောကမျော နှုတ်ဆက်ကာ ချာခနဲ ပြန်လှည့် ထွက်သွားသည်။

သူနှင့် မီမီခင် နီးကပ်စွာ ရှောင်လိုက်ချိန်တွင် မီမီခင်၏ မျက်ဝန်းများက ကိုမိုးဝေအပေါ်မှာ စူးစိုက်လျက်ရှိသည်ကို သူမ မခံချိမခံသာ တွေ့လိုက်ရ၏။ မီမီခင်သည် ကျောပေးပြီးဖြစ်သော သူရှိရာသို့ နောက်ပြန် လှည့်ကြည့်လိုက်လေသည်။

တစ်ကိုယ်လုံး လေးလံထိုင်းမှိုင်းသွားသော ကေသီကတော့ ပြဿနာသည် ညနေအိမ်ရောက်သည်အထိ စောင့်ဆိုင်းနေလိမ့်မည် မဟုတ်ကြောင်း ရိပ်မိလိုက်၏။

ကေသီ ခန့်မှန်းသည့်အတိုင်း ပြဿနာသည် နေ့ခင်းထမင်း စားချိန်မှာပင် စတော့သည်။

ဆရာသည် သူမှာသည့်အချိန်အတိုင်း ၁၁နာရီ ခွဲပြီးချိန်တွင် မြန်မာစာဌာနသို့ ရောက်လာခဲ့သည်။ ဆရာများ၏ စားပွဲတွင် ဆရာ





သွားရောက် နှုတ်ဆက်နေခိုက်မှာ ရယ်မော ရွှင်ပျနေသော ဆရာ့ မျက်နှာကို ဖျတ်ခနဲ ဖျတ်ခနဲ လှမ်းလှမ်းကြည့်ရင်း ဤအပြုံးများ သိပ် ကြာရှည်ခံမှာမဟုတ်ဟု တွေးလိုက်မိလေသည်။

မီမီခင်တစ်ယောက် ဆရာ့ဆီသွား၍ ရယ်မော နှုတ်ဆက် နေသည်ကို မြင်ရသောအခါ သူမ၏ ထင်မြင်ချက်မှာ ပို၍ သေချာ သွားတော့သည်။ သူတို့ ဘာစကားတွေ ပြောနေမှန်း မကြားရ သော်လည်း ကိုမိုးဝေနှင့် ပက်သက်လိမ့်မည်ဟု သူမ ခံစားလို့ရနေ သည်။

တမာမြေ စားသောက်ဆိုင်သို့ လမ်းလျှောက်သွားချိန်မှာပင် ဆရာက စကား စတော့၏။

"စောစောက ကေသီ့ဆီကို ဧည့်သည် တစ်ယောက်လာ သွားတယ်ဆို"

"ဟုတ်တယ် ဆရာ"

"အဲဒီလူဟာ မိုးဝေပဲ မဟုတ်လား"

သူမ တအံ့တဩ ဆရာ့ကို လှည့်ကြည့်လိုက်၏။

"ကျွန်မ ဆရာ့ကို အဲဒီနာမည် တစ်ခါမှ မပြောဖူးဘူးနဲ့တူပါ တယ်။ဆရာ ဒီနာမည်ကို ဘယ်က သိခဲ့လဲ"

ဆရာက မထူးဆန်းသလို ခပ်ပြုံးပြုံးပြန်ပြောငေးမောလျက်...

"မအေးအေးသွယ်ဆီ ကိုယ် ကြားခဲ့ထားတာ" ဟု ဖြေသည်။

ဆရာ၏ မနာလို ဝန်တိုစိတ်ကို အကဲခတ်မိကာ ဘာဆက် ပြောရမှန်းပင် မသိတော့ချေ။

"သူ ဘာလာလုပ်တာတဲ့လဲ။ ကေသီ ပြောတဲ့ သူနဲ့ အဆက် အသွယ် မရှိဘူးဆိုတဲ့ စကားကို ကိုယ် ယုံထားပြီးခါမှလေ"



www.burmeseclassic.com

www.burmeseclassic.com



ဆရာဟာ စကားပြောရင် အနှောင့်အသွား လွတ်အောင်ကို မကြိုးစားဘူး။

"သူ ကျွန်မဆီက စာအုပ်တစ်အုပ် လာငှားတာပါ ဆရာ"

"ဘာ စာအုပ်လဲ"

သူမသည် တရားရုံးရှေ့ ရောက်နေသော တရားခံ တစ်ယောက် ပမာ ခံစားလိုက်ရ၏။ သို့သော် သူမ စိတ်ကို အတတ်နိုင်ဆုံး လျှော့ချထား၍ ဖြေပါသည်။

"ဦးဖေမောင်တင်နဲ့ ဂျီအိပ်(ချ်)လု(စ်)ရဲ့ ကျောက်စာ အင်္ဂလိပ်ဘာသာပြန်တွေပါ ဆရာ"

ဆရာက ဟက်ဟက်ပက်ပက် ရယ်သောအခါ သူမ ဒေါပွသွား၏။ ဒါ ခနဲ့တာလား ဆရာ။

"ရန်ကုန်ကနေ မန္တလေးအထိ လာငှားရအောင် အဲဒီ စာအုပ်က ရှားတာကိုး"

"ဆရာ ကျေးဇူးပြုပြီး ကျွန်မကို မသရော်ပါနဲ့။ သူလာတဲ့ အကြောင်းပြချက်ကတော့ အဲဒီဟာပါပဲ။ နောက်ပြီး သူ့ အလုပ်က မန္တလေးတို့ မေမြို့တို့ကို မကြာခဏ သွားနေရတဲ့ တိုးရစ်(စ်)ဂိုက်(ဒ်) တစ်ယောက်ဆိုတာ [illegible] ကျွန်မ ပြောဖူးပါတယ်"

"ကိုယ့်ကို [illegible] သံမာမာနဲ့ မပြောနဲ့ ကေသီ"

ဆရာ့ရေ [illegible] ခပ်မာမာ။ ဆရာ့မျက်လုံးများက အနည်းငယ် မှေး၍ မျက်တောင်များ စင်းနေ၏။

"ဒီတော့ ကဲ ပြောစမ်းပါဦး၊ ကျွန်မမှာ အိမ်ထောင်ရှိပါတယ်လို့များ ပြောလိုက်သေးသလား"

"မပြောဘူး ဆရာ"

"ကိုယ်လဲ ထင်ပါတယ်"





"မဟုတ်ဘူး" သူမအသံ ခပ်ကျယ်ကျယ် အော်ဟစ်လိုက်တော့ ဆရာက မျက်မှောင်ကြုတ်၏။

"တိုးတိုးပြောပါ ကေသီ၊ ကိုယ်တို့ လူတွေဝမ်းသာအောင် ရန်ဖြစ်မပြကြစို့နဲ့လား"

ကေသီသည် စိတ်လှုပ်ရှားမှုကို စနစ်ကျကျ ထိန်းချုပ်ဖို့ ဘယ်လိုမှ မတတ်နိုင်ချေ။

"နားထောင်ပါဦး ဆရာ၊ တစ်မိနစ် နှစ်မိနစ်လောက်ကလေး စာအုပ်ငှားတဲ့ကိစ္စ လုံးပန်းနေရတဲ့ အချိန်မှာ အိမ်ထောင်ရှိတဲ့ အကြောင်းကို မဆီမဆိုင်"

"မဆီမဆိုင် ဟုတ်လား ကေသီ"

သူမ စိတ်ပျက်လက်ပျက်ဖြင့် ညည်းညူမိတော့မလို ဖြစ်သွား၏။ မဟုတ်ဘူး၊ ဒါ ငါကိုက စကားအသုံး နေရာမကျတာ။

"ဆောရီး၊ ကျွန်မ ပြောချင်တာက ဒီလိုလေ။ ဟို...စကား အဆက်အစပ် မရှိဘဲနဲ့ သက်သက်ကြီး စွပ်ပြောလိုက်ရင် သူ့ရဲ့ ရိုးသားမှုကို စော်ကားရာကျသွား မလားလို့ပါ"

"ရိုးသားမှု"

ဆရာသည် ထိုစကားကို တမာမြေစားသောက်ဆိုင်ထဲ ဝင်ချိန်တွင် နောက်တစ်ကြိမ် ထပ်၍ ရေရွတ်ပြန်သည်။ စားပွဲတွင် နှစ်ယောက်တည်း ထိုင်မိကြတော့မှ...

"ရိုးသားတဲ့ လူတစ်ယောက်ဟာ စာအုပ်ကို ဇန်းပြီး မိန်းမ မပိုးဘူး ကေသီ၊ မှတ်ထား" ဟု ခပ်တိုးတိုး ပြော၏။ သူမ ခါးသီးစွာ ခေါင်းယမ်း ငြင်းပယ်လိုက်သည်။ ဒီစကားကိုတော့ ကိုမိုးဝေဘက်က နာခံရလိမ့်မယ် ဆရာ။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဟာ ရိုးရိုးသားသား အဖြစ်တစ်ခုလို့ ဘာဖြစ်လို့ မမြင်နိုင်သေးတာလဲ ဆရာ"

ဆရာက သူမကို စေ့စေ့ကြည့်၍ နှုတ်ခမ်းကလေး ချွန်သွားအောင် ပြုံးလေသည်။

"ဘာဖြစ်လို့ မမြင်နိုင်သလဲဆိုတော့ ဒါဟာ တကယ်ကို မရိုးသားလို့ပေါ့။ ကဲ ထားပါတော့ ဒီ ရိုးသားမှုအကြောင်း၊ အဲဒီစာအုပ်ကိစ္စက ဘယ်လိုဖြစ်သွားပြီလဲ"

သူမ စိတ်ကို နောက်တစ်ထစ် ထပ်လျှော့လိုက်ရပြန်၏။

"ကျွန်မ ဒီနေ့ညနေ အိမ်မှာ ချိန်းထားတယ်ဆရာ။ သူ စာအုပ် လာယူတဲ့အချိန်မှာ ဆရာနဲ့လဲ မိတ်ဆက်ပေးပြီးသားဖြစ်သွားအောင်ပေါ့။ တစ်ခုတော့ကူညီပါဆရာ၊ ဟိုလေ မိတ်ဆက်ပေးတဲ့အခါ..."

"ဘာလဲ ယဉ်ယဉ်ကျေးကျေးကလေး လက်ဆွဲ နှုတ်ဆက်ပေးရမလား"

"မဟုတ်ပါဘူးဆရာ။ ကျွန်မရဲ့ဂုဏ်သိက္ခာနဲ့ သူ့ရဲ့ ဂုဏ်သိက္ခာကို အတတ်နိုင်ဆုံး ဖြည့်ပြီးကြည့်ပေးဖို့ပါ"

"ဪ... ဪ"

ထို့နောက် ဆရာက ပြုန်းဆို ဟက်ဟက်ပက်ပက် ရယ်မောလိုက်တော့သည်။ သူမ ရှက်သွေးဖြင့် မျက်နှာနီရဲသွားပြီး ငါ စကားအသုံး မှားသွားပြန်ပြီဟု သတိရမိ၏။

"ကျွန်မ ပြောချင်တာက သူ သူဟာ ရိုးသားတယ်ဆိုတာကို ဆရာ တွေ့ရရင်ပြောတာပါ"

"လာပြန်ပြီ ဒီရိုးသားတဲ့ကိစ္စ"





ဆရာက မချိမချဉ် ပြုံးလျက် စားပွဲကို လက်ချောင်းကလေးများဖြင့် တဒေါက်ဒေါက် ခေါက်ကာ ကေသီ့ကို စိုက်ကြည့်နေသည်။

"ကဲ ကိုယ်တို့ အလောင်းအစားလေး တစ်ခု လုပ်လိုက်ကြရအောင်၊ အပျင်းပြေပေါ့။ တကယ်လို့ သူဟာ ကေသီအပေါ်မှာ မရိုးသားဘူးဆိုရင် ကေသီက စစ်တွေကို ထရန်စ်ဖာတင်ရမယ်၊ တကယ်လို့ သူဟာ ရိုးသားတယ်ဆိုရင် ကိုယ်က ကေသီရှိရာ မန္တလေးကို ထရန်စ်ဖာတင်မယ်၊ ဟုတ်ပြီလား"

သူမရင်မှာ ကျပ်ဆို့စွာ နာကျင်သွား၏။

"ဆရာ ကျွန်မပြောတဲ့ ရိုးသားမှုက သူ့ရဲ့မကွယ်ဝှက်တတ်၊ မကောက်ကျစ်တတ်တဲ့ စိတ်ရင်း အဖြောင့်အမှန်ကိုဆိုလိုတာပါ။ကျွန်မပြောတဲ့ ရိုးသားမှုဟာ သူမှာရှိချင်ရှိနေနိုင်တဲ့ လွတ်လပ်တဲ့ ချစ်ခြင်းမေတ္တာနဲ့ ဘာမှမဆိုင်ဘူး"

"ဟော ဒီလိုကျတော့လဲ ကေသီက ရှောင်တတ် တိမ်းတတ်ပါလား"

ထို့နောက် ဆရာကရယ်ပြန်သည်။ ဆရာ့ရယ်သံတွင် ခက်မာသော အစွန်းအထင်းတစ်ခု ပါနေ၏။ ကေသီ စိတ်ညစ်ညူးစွာဖြင့် လာချသော ကော်ဖီပန်းကန်ကို ငုံ့ စိုက်ကြည့်နေလိုက်သည်။

"ဒါဖြင့် ကေသီ ဆိုလိုတာကို ကိုယ်သဘောပေါက်ပါပြီ။ တကယ်လို့ သူဟာ ကိုယ့်ချစ်ဇနီးကို ချစ်နေတာကို ကိုယ်မြင်နေရရင်တောင် ဒါဟာ ရိုးသားတာပဲလို့ ကိုယ်ကောက်ချက်ချပြီး လက်ဆွဲနှုတ်ဆက်ရမယ် ဆိုပါတော့။ ကောင်းပြီ"

"ဆရာ"

သူမသည် ဆရာ့ကို ဘယ်လိုမှ ချေပ မပြောနိုင်တော့သဖြင့် ချက်ချင်း ရစ်ဝဲပြည့်လျှံလာသော မျက်ရည်များဖြင့် ငြိမ်သက်ဌိုင်နေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



နေစမ်းပါဦး၊ ဆရာနားလည်မယ့်၊ လက်ခံနိုင်မယ့် စကား တစ်ခွန်းကို ဘာဖြစ်လို့များ ရှာမတွေ့နိုင်ရတာလဲ။

"ဒီလိုပါဆရာ။ သူဟာ ကျွန်မ လက်ထပ်လိုက်တာကို မသိရသေးတဲ့ လူတစ်ယောက်ဖြစ်လို့ ဆရာ့ကို ကျွန်မခင်ပွန်းအဖြစ် မိတ်ဆက်ပေးတဲ့အခါ သူ့မျက်နှာမှာ အနည်းနဲ့အများတော့ ပြောင်းလဲသွားမှာပါ"

ပြောင်းချင်မှလဲ ပြောင်းမှာပေါ့။ သူဟာ ဟန်ဆောင်တတ်သူတော့မဟုတ်ဘူး။ သို့ပေမယ့် ကေသီ အိမ်ထောင် ရှိခြင်းမရှိခြင်းသည် သူ့ အသိအာရုံထဲတွင် ဘယ်လိုမှ အနှောင့်အယှက်မဖြစ်ဘဲလည်း နေနိုင်သည်လေ။

"အဲဒီ မျက်နှာထား ပြောင်းလဲမှုဟာ အံ့ဩမှုဖြစ်ချင်ဖြစ်မယ်၊ စိတ်မကောင်းမှု ဖြစ်ချင်ဖြစ်မယ်။ ဆရာ ကျေးဇူးပြုရမှာက စိတ်မကောင်းတဲ့ မျက်နှာထားမျိုးဖြစ်သွားတာကို သူနဲ့ကျွန်မအတိုင်းအတာ တစ်ခုအထိ ပတ်သက်ခဲ့ဖူးတယ်လို့ တစ်ဖက်သတ် ကောက်ချက် မချဖို့ပါပဲ ဆရာ"

တစ်လုံးချင်းအားယူ၍ ဖြေရှင်းပြနေသော ဇနီးသည်ကို သနားသွားဟန်ဖြင့် ဆရာ ခေါင်းတစ်ချက် ညိတ်လိုက်တော့သည်။

"သူ့ရဲ့ရိုးသားမှုကို ကျွန်မ အိမ်ထောင်သည်မှန်း မသိခင်မှာ ဖြစ်ပေါ်ချင် ဖြစ်ပေါ်ခဲ့ဖူးနိုင်တဲ့ သူ့ရဲ့မေတ္တာနဲ့ အကဲမဖြတ်မိဖို့လိုတယ်လို့ ကျွန်မထင်တာပဲဆရာ။ ဒီညနေရဲ့ နောက်ပိုင်းမှာ ဖြစ်မယ့် အဖြစ်အပျက်တွေ အပေါ်မှာသာ အကဲဖြတ်ဖို့ သင့်တော်မယ်လို့ ကျွန်မထင်ပါတယ်"

ညနေ ငါးနာရီခွဲ အချိန်တွင် သူ အိမ်ခြံဝန်းထဲ ဝင်လာသည်ကို ဧည့်ခန်းမှာ ဂစ်တာတီးချင်ယောင်ဆောင်ရင်း သူမ လှမ်းမြင်လိုက်သည်။





ကိုမိုးဝေသည် စက်ဘီးကို ခြံထဲအထိ တွန်းဝင်လာခဲ့သည်။

သူ့ကို အိမ်ရှေ့ ထွက်ကြိုဆိုရမလား၊ ဧည့်ခန်းထဲမှာ ဂစ်တာတီးရင်း စောင့်ကြိုရမလား ဝေခွဲမရ ဖြစ်နေခိုက်မှာ သူက ဧည့်ခန်းအပေါက်ဝနားသို့ ရောက်လာ၏။ စက်ဘီးကို ဒေါက်ထောက်လျက် အိမ်ဧည့်ခန်းထဲ လှမ်းကြည့်သည်။ သူမသည် တုန်ယင်သော နှုတ်ခမ်းများကို အားယူ၍ ပြုံးပြလိုက်ရသည်။

သူ တစ်လှမ်းချင်း ဝင်လာသည်။

မနက်က အင်္ကျီ၊ မနက်က ဘောင်းဘီပဲ။

သူမ မတ်တတ်ရပ်ပြီး ကြိုဆိုသောအခါ သူ တအံ့တဩ ပြုံးပြ၏။

ဆံပင်ဖားလျားနှင့် တီရှပ်အင်္ကျီအပွကြီးနှင့် ဂစ်တာကို လက်မှ ကိုင်ထားသော သူမ၏အိမ်နေရင်းပုံစံကို သူ ပထမအကြိမ် မြင်ဖူးခြင်း ဖြစ်သည်။

"ထိုင်ပါ ကိုမိုးဝေ"

သူမ ဂစ်တာကို နံရံတွင် ထောင်ထားလိုက်၏။

"အချိန် နာရီဝက်လောက်ရရဲ့လား ကိုမိုးဝေ၊ ကျွန်မ သံပရာရည် သွားဖျော်လိုက်ချင်လို့"

သူ ညနေချိန်များမှာ သံပရာရည် သောက်တတ်တာကို သူမ မမေ့သေးပါ။

သူက မရယ်မပြုံး လှမ်းကြည့်ပြီး နာရီကို ဖျတ်ခနဲ ငုံ့ကြည့်ပြီးမှ ခေါင်းညိတ်၏။ သူမသည် သူ့ကို ဧည့်ခန်းမှာထားပြီး မီးဖိုခန်းဘက် ဝင်လာခဲ့ရသည်ကို စိတ်ပေါ့ပါး လွတ်လပ်လျက်ရှိသည်။ မီးဖိုထဲမှာ သံပရာရည် နှစ်ခွက် ဖျော်ရင်း လက်များတွေ တုန်ယင် အေးစက် နေကြသည်။ သတိထားစမ်း၊ လက်တွေကို မငြိုစေနဲ့။



www.burmeseclassic.com

www.burmeseclassic.com



သူ့ ရှေ့မှာ လင်ပန်းလွတ်ကျကွဲလို့ကတော့ ဆရာဟာ လွဲမှားတဲ့ ကောက်ချက်တစ်ခုကို ခပ်လွယ်လွယ် ချပစ်လိုက်လိမ့်မယ်။

ကျွန်မ အိမ်ထောင်ကျနေတဲ့အကြောင်း မောင့်ကို ဘယ်လို များ အသိပေးရပါမလဲကွယ်။ မောင် အခံရ မခက်မည့် အသက်သာ ဆုံးနည်း တစ်ခုခုဖြင့်သာ အသိပေးချင်သည်။

ကြည့်စမ်း၊ ငါ ဘယ်လောက် စိတ်ကူးယဉ် လိုက်သလဲ။ တကယ်တမ်းတော့ မောင်ဟာ ကေသီ၏မိန်းမဘဝကိုပင် စိတ်ဝင် စားသူ မဖြစ်နိုင်ပါ။ သူစိတ်ဝင်စားသည်က အရှေ့တိုင်း ပညာပါရဂူ ဘွဲ့ရဖို့တဲ့။ နောက်ပြီး ဘာတဲ့ မြန်မာနိုင်ငံသားတွေ ကိုယ့်နိုင်ငံကို ဂုဏ်ယူတတ်ဖို့ဆိုလား ဘာလား။

ပုဂံမှာကတည်းက သံပရာရည်ကို ခပ်ချဉ်ချဉ် ငန်ငန် သောက်တတ်သော သူ့အလေ့အကျင့်ကို မှတ်မိနေပြီး သူ့စိတ်ကြိုက် ဖြစ်လောက်အောင် သူမ ကြိုးစား၍ ဖျော်သည်။ တစ်ခွက်ကတော့ ဆရာ့ဖို့။ ဆရာကတော့ သံပရာရည်ကို သကြားများမှ ကြိုက်တတ်သူ။

သူမ လင်ပန်းပေါ် ဖန်ခွက်များနှင့် လက်သုတ်ပဝါ တင် လျက် ဧည့်ခန်းကို ထွက်လာတော့ သူ ဆေးလိပ်သောက်နေသည်ကို တွေ့ရသည်။ သူ့ မျက်နှာမှာ ဘာအရိပ်အယောင်မျှ သူမ ရှာမတွေ့ပါ။ သူမ သူရှေ့မှာ ဖန်ခွက် ချပေးလိုက်သည်။

"ခဏသောက်နှင့်ဦး ကိုမိုးဝေ၊ ကျွန်မ စာအုပ် သွားယူလိုက် ဦးမယ်"

အပေါ်ထပ် အခန်းထဲရောက်တော့ ဆရာက ပြတင်း မှာ မတ်တတ်ရပ်လျက် ခြံဝန်းထဲလှမ်းကြည့်နေသည်၊ သူမ စားပွဲပေါ်မှ ရှေးဟောင်း သုတေသန စာအုပ်ကို ယူလိုက်ပြီး ဆရာ့အနားသို့ ကပ်သွားလိုက်၏။





"ဆရာ ဧည့်သည်ရောက်နေပြီ ဆရာ။ အောက်ခဏ လိုက် ခဲ့ပါဦး"

ဧည့်ခန်းကို ဆရာနှင့်အတူယှဉ်တွဲ၍ ရောက်သွားချိန်တွင် ကေသီ့နှလုံးသည် နာကျင်စွာခုန်လျက်ရှိသည်။ သူက ဆရာနှင့်ကေသီ ကို မြင်လိုက်တော့ မျက်နှာ မဆိုစလောက်သာ ပြောင်းလဲသွား၏။ ထိုပြောင်းလဲမှုမှာ အံ့ဩခြင်းသာ ဖြစ်ပါလိမ့်မည်။

"ကိုမိုးဝေနဲ့ မိတ်ဆက်ပေးမလို့လေ။ ဒါ ကျွန်မရဲ့ ခင်ပွန်း ဦးရန်နိုင်တဲ့၊ စစ်တွေကောလိပ်မှာ အေအယ်လ်ပေါ့။ ဆရာ သူက ကျွန်မမိတ်ဆွေ ကိုမိုးဝေပါ"

ထို့နောက် ဖြစ်ပျက်သွားသော အဖြစ်အပျက်မှာတော့ သူမ ဘယ်လိုမှ မမျှော်လင့်ခဲ့သော ထိန်းသိမ်း ကာကွယ်ဖို့လည်း မတတ်နိုင် သော အခြင်းအရာသာဖြစ်လေသည်။

သူ့မျက်နှာမှာ ချက်ချင်း မှုန်မှိုင်းသွား၏။ မျက်မှန်အောက်မှ မျက်ဝန်းညိုများမှာ အလွန်အမင်း အံ့ဩ တုန်လှုပ်ဟန်ကို ဘယ်လို မှ မထိန်းသိမ်းနိုင်ခဲ့ပေ။ သူသည် ထိုင်လျက်က အသက် ကင်းမဲ့သွား သလို ခပ်တွေတွေ တောင့်တောင့်ကြီး ဖြစ်သွား၏။ ဘုရား... ဘုရား မောင်ရယ် နည်းနည်းကလေးများ ပြုံးဖို့ ကြိုးစားလိုက်စမ်းပါ။ နည်းနည်းကလေး ပြုံးပြနိုင်ရင်ကို လုံလောက်ပါပြီကွယ်။

"တွေ့ရတာ ဝမ်းသာပါတယ် ကိုမိုးဝေ"

ဆရာကတော့ နှုတ်ခမ်းပါးကလေးများ ကော့ပျံသွားအောင် ချိုမြစွာ ပြုံးရယ်ရင်း လက်ဆွဲနှုတ်ဆက်ရန် ကိုယ်ကို ကိုင်းလိုက်၏။

ကိုမိုးဝေ၏ လက်ထဲမှာ ကိုင်ထားသော ရွှေရောင်မီးခြစ် ကလေးမှာ လွှတ်ချလိုက်တာလား၊ လွတ်ကျသွားတာလား မသိနိုင်ဘဲ အောက်သို့ ဒေါက်ခနဲ ကျသွားသည်။ ထို့နောက် သူ ကမန်းကတန်း



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ရာမှ ထရပ်ကာ ဆရာ ကမ်းပေးသော လက်ကို သံပတ်ကုန်နေသော အရုပ်တစ်ရုပ်ကဲ့သို့ လေးပင်စွာ ဆုပ်ကိုင်လိုက်၏။ ပြုံးရယ်နေသော ဆရာ့မျက်နှာနှင့် ချက်ချင်း အိုမင်းလျက် နှုတ်ခမ်းများ မဲ့ကွေးသွားသော သူ့မျက်နှာကို ပြိုင်တူ မြင်နေရသော ကေသီသည် လက်ထဲက စာအုပ်ကို တင်းကျပ်စွာ ဆုပ်ထားလိုက်၏။

စကားတစ်ခွန်းလောက် ပြောလိုက်ပါမောင်ရယ်။ တွေ့ရတာ ဝမ်းသာပါတယ် ဆိုတဲ့ စကားကို အင်္ဂလိပ်လိုပဲ ဖြစ်ဖြစ်လေ။ မောင် အကျင့်ပါပါ ရွှတ်နေကျ မဟုတ်ဘူးလား။

ကိုမိုးဝေသည် ဆရာနှင့် မျက်နှာချင်းဆိုင်ရပ်လျက် ဆရာ့ကို စကားပြောရန် နှုတ်ခမ်းပြင်လိုက်သေး၏။ သို့သော် သူ အသံထွက်မလာပေ။ ဆရာကသာ ဘာအမှုအရာမှ မရှိသော ပကတိ သန့်စင်သော အပြုံးမျိုးဖြင့် ပြုံးလျက်...

"ထိုင်ပါ ကိုမိုးဝေ၊ ကေသီနဲ့ စကားပြောရစ်ကြပါဦး။ ကျွန်တော် တင်းနစ်(စ်)ရိုက် သွားရမှာမို့ပါ" ဟု ချိုသာစွာ ပြောဖြစ်လေသည်။

ထို့နောက် ဆရာက ကိုမိုးဝေ၏ ဟန်ဆောင်ဖို့ သတိမရလောက်အောင် ရုပ်ပျက်ဆင်းပျက် တုန်လှုပ် အံ့ဩနေသော အမူအရာ ကို မသိချင်ယောင်ဆောင်လျက် ကေသီ ရှိရာသို့ လျှောက်လာသည်။

"ဆရာရော သံပရာရည် သောက်မှာ မဟုတ်လားဟင်။ ကျွန်မ နှစ်ယောက်စာ ဖျော်ထားတာ"

ထိုစကားသည် အားကုန်နေသော မိန်းမတစ်ယောက်ထံမှ ပြတ်တောက်စွာ ထွက်လာသော လောကဝတ် စကားတစ်ခုအဖြစ် ခပ်တောင့်တောင့်ကြီး နှုတ်ခမ်းမှ ထွက်သွားသည်။ ဆရာက မျက်ခုံးပင့်ကာ ရယ်မောတော့၏။





"ဟေး ဘယ်လိုလဲ၊ ကိုယ့်ကို သေကြောင်း ကြံဖို့တောင်စီစဉ်နေပြီလား၊ ကိုယ် အခုလေးတင် နွားနို့သောက်ထားတဲ့အကြောင်း ကေသီ့ကို ပြောထားလျက်သားနဲ့"

"အို..." သူမ ပါးပြင်များ ရဲခနဲ ဖြစ်သွားသည်။

ဟင့်အင်း၊ ဆရာ ဘယ်တုန်းက နွားနို့ သောက်လိုက်တာလဲ။ သူမ မသိလိုက်ပါ။ ဒါသက်သက် ဆရာ လူလည်ကျတာ။ ဆရာ ဆိုလိုချင်သော အဓိပ္ပာယ်ကို သူမ ကောင်းစွာသိလိုက်၏။

ထို့နောက် ဆရာက ကေသီ့အနားမှ ထွက်ခွာတော့မည့် ဟန်ပြင်ပြီးမှ သတိရသွားသလို အသံခပ်တိုးတိုးဖြင့် ပြောသည်။

"ဒါနဲ့ ကေသီ... မနေ့က ခြေအိတ်အပြာရောင်လေး ကေသီ လျှော်လိုက်သလား၊ ကိုယ်ရှာမတွေ့လို့..."

ထို တိုးတိတ်သော စကားသံကလေးသည် သူမ၏နားထဲသို့ မိုးချုန်းသံလို ကျယ်လောင်စွာ ဝင်ရောက်သွားတော့သည်။ သူမ မျက်နှာမှာ ရွှေးခနဲ ပူသွားကာ ဆရာ့ကို အံ့ဩတကြီး ငေးကြည့်မိသွား၏။ ဆရာသည် သူမကို အိမ်ထောင်ကျပြီးကတည်းက တစ်ခါမျှ ခြေအိတ်လျှော်ရန် မတောင်းဆိုဘူးပါ။ သူမကလည်း ခြေအိတ်လျှော်ပေးဖို့ တစ်ခါမျှ သတိမရခဲ့ဘူးပါ။ ဤစကားသည် ကိုမိုးဝေအတွက် သီးသန့်ဖြစ်ကြောင်း ကေသီ ရိပ်မိ၏။

သူမသည် ရုတ်ခနဲ ဝဲလာသော မျက်ရည်စများကို ကိုမိုးဝေ မမြင်နိုင်အောင် လှေကားဘက်သို့ လှည့်လိုက်ရသည်။

"ဟင့်အင်း" ထို ငြင်းပယ်စကားသည် ရင်ထဲမှာပဲ ပြောလိုက်သလား။ နှုတ်က ပွင့်ထွက်သွား သလား မသေချာပါ။

"အေးလေ... ထားပါတော့ နောက်မှပဲ ရှာကြစို့၊ တခြားဟာနဲ့ ဖြစ်ပါတယ်။ ညေ့သည်ကို ညေ့ခံနှင့်ဦးနော်..."



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ကေသီ့ မျက်နှာကို စေ့စေ့စပ်စပ် အကဲခတ်သလို ခပ်ပြုံးပြုံးကြည့်ပြီးမှ လှေကားဆီသို့ ဆရာလျှောက်သွားသည်။ လှေကားပေါ် ရောက်မှ ခပ်ငိုင်ငိုင် ရပ်ကျန်ခဲ့သော ကေသီ့ ထံသို့ တစ်ချက် ပြန်လှည့်ကြည့်ကာ ဆရာ ပြုံးပြန်သည်။

"ကေသီ... နေ့လယ်က အလောင်းအစားမှာ ကိုယ် နိုင်သွားပြီနော်၊ ကေသီ စစ်တွေကို ထရန်စ်ဖာတင်ဖို့ ပြင်တော့"

လဲသေလိုက်ပါလား ဆရာ။

ထို့နောက် ဆရာ မြင်ကွင်းမှ ပျောက်ကွယ်သွားသည်။

သူမသည် လေးပင်သော ကိုယ်ခန္ဓာကို ဖြည်းညင်းစွာ လှည့်လိုက်၏။

ကိုမိုးဝေသည် မတ်တတ်ရပ်လျက်က ကုလားထိုင်ကိုနောက်သို့ ခပ်ကြမ်းကြမ်း တွန်းကန်ပစ်လိုက်လေသည်။ သူ့ မျက်နှာမှာ ချက်ချင်း မိုးရွာချတော့မည့် ကောင်းကင်လို မှိုင်းမှုန်လျက်ရှိပြီး နှုတ်ခမ်းနှစ်ခုမှာ တင်းကျပ်နေအောင် စေ့ပိတ်ထား၏။

မောင်ရယ်၊ မောင် ဒီလောက် ဟန်ဆောင် ညံ့မယ်မှန်းသိရင် အခုလို အိမ်ကို မခေါ်ပါဘူးကွယ်၊ နောက်ပြီး ကျွန်မရဲ့ခင်ပွန်းနဲ့ ပက်သက်ပြီး ဒီလောက် စိတ်ထိခိုက်လွယ်မှန်း သိရင်ပေါ့။

သူက ကေသီ့ကို တစ်ချက် လှမ်းကြည့်လိုက်သေး၏။ ကေသီ သူ့ကို ပြုံးပြဖို့ ဘယ်လိုမှ အားစိုက်၍မရပါ။

သူ့မျက်ဝန်းများထဲမှာ ဒေါသနှင့် နာကြည်းမှုများ၊ ရှက်ရွံ့ ထိတ်လန့်မှုများ အားလုံးကို မြင်လိုက်ရသော ကေသီသည် သူရှိရာသို့ ခပ်သွက်သွက် လျှောက်သွားလိုက်သည်။ သို့သော် သူက စကား တစ်ခွန်းမျှ မပြောဘဲ ချာခနဲ လှည့်ထွက်သွားလေသည်။

"ကိုမိုးဝေ"





သူမ၏အသံမှာ မမျှော်လင့်သော လက်ရှိအခြေအနေများကြောင့် တွန့်ဆုတ်အက်ကွဲသွား၏။ ဧည့်ခန်းပေါက်ဝသို့ ရောက်သွားသောသူသည် သူ့ နောက်မှ ကပ်လိုက်သွားသော ကေသီ့ကို တုန့်ခနဲ ရပ်ကာ လှည့်ကြည့်၏။ ဖျော့ဝင်းသော သူ့ ပါးပြင်များမှာ ပန်းသွေး ရောင်ရဲလျက်ရှိသည်။

နီးကပ်စွာရပ်မိကြတော့မှ သူ့နှုတ်ခမ်း ဒေါင့်စွန်းကလေးများ တဆတ်ဆတ် တုန်လှုပ်နေတာကို သူမ အံ့သြတကြီး မြင်လိုက်ရသည်။ ထို့ထက်ပို၍ အံ့သြစရာမှာ သူက သူမကို နာကြည်းသော မျက်ဝန်းများဖြင့် စိုက်ကြည့်ရာက သူ့ ညာလက်ကိုမြှောက်ကာ ရွယ်လိုက်ခြင်းပင်ဖြစ်သည်။

ကေသီ ရုတ်တရက် လန့်ဖျပ်ကာ နောက်ဆုတ်ဖို့ ဟန်ပြင်ဆဲမှာပင် သူက ဖြုန်းခနဲ လက်သီးကိုသာဆုပ်လျှက် နောက်ဘက် လှည့်လိုက်လေသည်။ ထို့နောက် အုတ်နံရံကို ထိုလက်သီးဖြင့် ခပ်ပြင်းပြင်းတစ်ချက် ထိုးလိုက်တော့သည်။ ထို့နောက် ကျယ်လောင်စွာ တောက်ခေါက်လိုက်သေး၏။

အံ့သြမှု၊ ရှက်ရွံ့မှု၊ ခံစားမှုမျိုးစုံဖြင့် သူမ ကိုယ်လုံးသည် အနည်းငယ် ယိုင်နွဲ့ကာ မျက်ရည်များ ရုတ်ချည်းရစ်ဝဲလာခဲ့သည်။ သူမသည် မလိုအပ်ဘဲနှင့် နောက်သို့ တစ်လှမ်းချင်း တစ်လှမ်းချင်း ဆုတ်ခွာနေတော့သည်။

ကေသီ့ဘက်သို့ နောက်ကျောပေးလျှက်က ကိုမိုးဝေသည် အပြင်သို့လျင်မြန်စွာရောက်သွား၏။ သူစက်ဘီးကို ခပ်ကြမ်းကြမ်း ဆွဲယူတွန်းထွက်သွားတာကို ငေးကြည့်နေရင်းကျမှ သူမကိုင်ထားသောကျောက်စာ စာအုပ်ကို သူမ ဘယ်မှာလွှတ်ချခဲ့မိပါလိမ့်...ဟု သတိရသွားသည်။ သူမ လက်ထဲတွင် ထို စာအုပ်မရှိတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်မှာပင် တိုးတိုးတိတ်တိတ် ရယ်မောသံ တစ်ခုကို နောက်နားဆီမှကြားလိုက်ရ၍ သူမ လှည့်ကြည့်လိုက်သည်။

ဆရာသည် လှေကားမှ ဆင်းလာပြီး သူမဆီ ဖြည်းဖြည်းချင်း လျှောက်လာခဲ့သည်။ ဆရာ့နှုတ်ခမ်းများက စေ့ပိတ်လျက် ပြုံးနေကြ၏။

"ကဲ... ဒီကိစ္စကို ကေသီ ဘယ်လိုဖြေရှင်းမှာလဲ၊ အတိုင်းအတာတစ်ခုအထိ မပတ်သက်ခဲ့ဘူးတဲ့ ယောကျ်ားတစ်ယောက်ဟာ ခင်ပွန်းရဲ့ရှေ့မှာ ဟန်မဆောင်နိုင်လောက်အောင်......"

"မဟုတ်ဘူးဆရာ......."

"ဟုတ်တယ်၊ ကေသီဟာ သူ့ဘဝထဲကို နက်နက်ရှိုင်းရှိုင်း ဝင်ခဲ့ဖူးလို့သာ..."

"မဟုတ်ဘူး......"

သူမ အသံကုန်အော်ဟစ်ပစ်လိုက်၏။

"ဆရာ ယုံချင်မှယုံပါ... ကျွန်မတို့ နှစ်ယောက်ဟာ လက်ဖျားချင်းထိပြီးတောင် စကားပြောခဲ့ဖူးတာ မဟုတ်ပါဘူး ဆရာ..."

သို့သော် အင်အားမရှိသော သူမ၏ ဖြေရှင်းချက်သည် ဆရာ၏ကောက်ချက်ကို မည်သို့မျှ ဖျက်ဆီး မပစ်နိုင်တာကို သူမ သိထား၏။ ကေသီသည် မျက်နှာကို လက်ဝါးနှင့်အုပ်ကာ ကုလားထိုင်မှာ တုန်လှုပ်စွာ ထိုင်ချလိုက်ရသည်။

"ဟုတ်လား...ဒါဖြင့်လဲ ကျေးဇူးတင်ပါတယ် ကေသီ..."

ထို့နောက် သူမတို့ ငြိမ်သက်သွားကြသည်။

စားပွဲပေါ်မှာ ဗာဂျီးနီးယား ဆလင်း(မ်) ပရုတ်အေးဟူသော စီးကရက်ဘူးကလေးရှိနေသည်။ မောင် မေ့သွားပြီ၊ စီးကရက်ဘူး အဖုံးကလေးကို ဖွင့်ကြည့်သောအခါ အထဲတွင် ဆေးလိပ် ၁၀ လိပ် တွေ့ရသည်။ သမားရိုးကျ ဆေးလိပ်ထက်တိုသော၊ အနည်းငယ်သေး





သော အဖြူရောင်ဆေးလိပ်ကလေးများ။ ထို့နောက် စားပွဲအောက်မှာ ကျနေသော ရွှေရောင်မီးခြစ်ကလေးကို သူမ ကောက်ယူလိုက်၏။ မောင့်ရှေ့ချပေးထားသော သံပရာရည်ခွက်မှာ တစ်ငုံမျှတောင် သောက်လိုက်ရ သေးဟန်မတူပါ။

သူ ဘယ်လောက်များရှက်ကြောက် နာကြည်းသွားလိုက်သလဲကွယ်။

သူမ သူ့ကို အကဲခတ် မှားခဲ့သည်ပဲ။ လက်စသတ်တော့ မောင်ဟာ ကျွန်မကို ချစ်မြတ်နိုးနေခဲ့တာပါလား။

ထိုအတွေးသည် သူမရင်ထဲသို့ ထူးနစ်နာကျင်စွာ ဝင်ရောက်သွားသည်။

ဟင့်အင်း မဖြစ်နိုင်ဘူး၊ မဖြစ်ရဘူး။

အခု မောင် ပေါက်ကွဲသွားတာဟာ ကျွန်မကို ချစ်လို့မဟုတ်ရဘူး၊ မောင့်ရဲ့ ယောကျ်ားမာနကို ထိခိုက်သွားလို့ပါ။ ဟုတ်တယ် မဟုတ်လား မောင်၊ မောင့်ကို ကျွန်မတို့ လင်မယားနှစ်ယောက် အိမ်ကို ဖိတ်ခေါ်ပြီး အကွက်ကျကျ စော်ကားလှောင်လိုက်တယ်လို့ မောင် နာကြည်းသွားလို့မဟုတ်လားကွယ်။

အခုအချိန်ကျမှတော့ မောင့်ကို အချစ်နှင့် မပတ်သက်သူသာ ဖြစ်စေချင်လှသည်။

မောင်နှင့် ပတ်သက်ပြီး သူမ ရင်နင့် ကြေကွဲရသည့် ခံစားချက်မျိုးကို မောင် မခံစားစေလိုပါ။

သူမသည် ထိုင်သာ နေရသော်လည်း ကိုမိုးဝေကို စိတ်မချသည့် စိတ်များ ဖိစီးကာ ပူပင်သောကဖြင့် ရုတ်တရက်လေးလံသွား၏။ သူ စိတ်ထိခိုက်ပြီး စက်ဘီး လက်ကိုင်တွေဘာတွေများ ယိမ်းယိုင်သွားလေမလား။ စက်ဘီးစီး သိပ်မကျွမ်းကျင်သူမို့ ထိခိုက်ဒဏ်ရာရ ဖြစ်သည်အထိ သူ သတိလက်လွတ် ဖြစ်သွားမှာကို ပူပန်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



အို ဒါဟာ မမျှတတဲ့ အတွေးပဲ။ တကယ်ဆို ဒီအဖြစ်အပျက်ကြောင့် ဆရာ စိတ်ထိခိုက်သွားသလားဆိုတာကိုသာ ဇွဲကွက်ရမှာ မဟုတ်လား။

သူမ လှမ်းကြည့်ခိုက်မှာ ဆရာက သူမကို ငေးမောကြည့်နေတာနှင့် ဆုံသွား၏။ သူမ ကြိုးစား ပမ်းစား ပြုံးပြလိုက်သည်။

"ဆရာ တဲင်းနစ်(စ်)သွားရိုက်မှာဆို၊ ကျွန်မ ကျောင်းက ပြန်လာကတည်းက ဆရာ့ ကင်းန်ဗတ်(စ်)ရှူးကို ကျွန်မ တိုက်ထားပြီးသားလေ"

ဆရာက ပခုံးတွန့်ကာ ပြုံး၏။

"ကိုယ် မသွားတော့ဘူး ကေသီ။ နောက်ပြီး ကိုယ်တဲင်း(န်)နစ်(စ်) မကျင့်တော့ဘူး။ ကိုယ် လေ့ကျင့်ရမှာက သေနတ်ပစ်နည်းပဲ"

"ဟင်... ဘာဖြစ်လို့လဲ"

ခပ်တုံးတုံး ကေသီသည် ဆရာ့ စကားကို ရုတ်တရက် နားမလည်လိုက်ချေ။

"ဘာဖြစ်လို့လဲဆိုတော့ တစ်ချိန်ချိန်မှာ အလက်ဇန္ဒြားပုသျှကင်တို့လို ကိုယ်တို့နှစ်ယောက် သေနတ်ချင်း ယှဉ်ပစ်ချင်ပစ်နေရမှာမို့ပေါ့"

ဘုရား ဘုရား။

"ဆရာ ဆရာ ကျွန်မရဲ့ ဆင်ခြင်တုံ တရားရော၊ သူ့ရဲ့ ဆင်ခြင်တုံတရားရောကို စော်ကားလိုက်ပြန်ပြီ"

"တော်စမ်းပါ ကေသီ"ဆရာက ဒေါသတကြီး လက်ကို ဝှေ့ယမ်းပစ်လိုက်၏။ ထို့နောက် ကေသီ့နောက်သို့ လာရပ်ကာ ကေသီ့ဆံပင်များကို နောက်မှ စုသိမ်း ဆွဲရစ်ချလိုက်သည်။

"အို"





"ဒီမယ် နားထောင်စမ်း ကေသီ၊ စောစောက ကိုယ့်ရှေ့မှာ ဖြစ်ပျက်သွားတဲ့ အပြုအမူမျိုးတွေဟာ ဆင်ခြင်တုံတရားရှိတဲ့ လူတွေရဲ့ အပြုအမူမျိုး မဟုတ်ဘူး၊ ကြားလား"

တင်းကျပ်စွာ ဆွဲဆောင့်ထားသော ဆံပင်များကြောင့် နာကျင်မှုဖြင့် ကေသီ တစ်ချက်စုတ်သပ် ညည်းညူလိုက်တော့မှ ဆရာက ဆံပင်များကို လွှတ်ပေးလိုက်သည်။ ထို့နောက် ထိုကေသီ့ ဆံပင်များကိုပဲ လက်နှစ်ဘက်နှင့် ဖွဖွကလေး မ, ကိုင်ကာ နမ်းလိုက်လေသည်။

"ကဲ ကေသီ၊ ကိုယ့်ရဲ့ သည်းခံနိုင်စွမ်းကို ဂုဏ်ပြုတဲ့အနေနဲ့ ဝင်းလိုက်မှာ ကိုယ်နဲ့အတူ ရုပ်ရှင်လိုက်ကြည့်ပေးမယ် မဟုတ်လား၊ ထ"

ထို့နောက် ဆရာက လှိုက်လှိုက်လှဲလှဲ ရယ်ကာ သူမကို ညင်သာနူးညံ့စွာ ဆွဲထူ၏။ သူမ ဆရာ့ကို တအံ့တသြကြောက်သွားသည်။

"ဆရာ ဆရာ သိပ်ပျော်နေသလား ဟင်"

"ဟာ ပျော်တာပေါ့ ကေသီ။ ကိုယ့် ပြိုင်ဖက်တစ်ယောက် ကိုယ့်ရှေ့မှာ အလဲလဲ အကွဲကွဲ ကျဆုံးသွားတဲ့ ကိစ္စပဲ၊ ကိုယ်မပျော်သင့်ဘူးလား"

သူမ အံ့ကြိတ်ကာ ပြုံးလိုက်၏။

ဒါပေမယ့် အခုလို ဆရာ ပျော်ရတာ ဒီတစ်ကြိမ်နောက်ဆုံး ဖြစ်ပါစေလို့ ကျွန်မ ဆုတောင်းလိုက်တယ်၊ သိလား ဆရာ။

၍ ၍ ၍



www.burmeseclassic.com

www.burmeseclassic.com

## အခန်း သုံး

ဆရာ၏ လုပ်သက်ခွင့် တစ်လမပြည့်မီ ကျန်သော ဆယ့်ငါးရက်မှာ သူမတို့ နှစ်ယောက်ကြားတွင် ပဋိပက္ခအသေးကလေးများဖြင့် စိတ်လှုပ်ရှားဖွယ် မင်္ဂလာဦးရက်များသာ ဖြစ်တော့သည်။

ထို ပဋိပက္ခများသည် များသောအားဖြင့် ဆရာ၏ ဝန်တိုမှု ခနိုးခနဲ့နိုင်မှုတို့မှ ဖြစ်ပေါ်လေ့ ရှိသော်လည်း တစ်ခါတစ်ရံတော့ နှလုံးသားပျော့ပျောင်းနူးညံ့သော ကေသီ၏အားနည်းချက်များကြောင့် ဖြစ်ရသည်။

ကေသီနှင့်ဆရာ တစ်ရက် ကုသိုလ်တော်ဘုရားသို့ စက်ဘီးဖြင့် သွားကြသည်။

ဆရာ၏ သုံးဆယ့်ခုနစ်နှစ်မြောက်မွေးနေ့ဖြစ်သောကြောင့် ဆရာကလည်း ပုတီးစိပ်မည်ပေါ့။ ကေသီကလည်း ဆရာ့ကို ပါရမီဖြည့်သည့်အနေနှင့် ဘုရားရှိခိုး ပုတီးစိပ်မည်ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



အသွားတုန်းကတော့ ကေသီတို့ စိတ်လွတ်လပ် ပေါ့ပါးလျက် ရှိသည်။ စက်ဘီးတစ်စီးတည်းကို တစ်ယောက်တစ်လှည့် စီတင်နင်းလျက် အိမ်ထောင်သည်ဘဝ ထုံးစံအတိုင်း အနာဂတ်ကို စိတ်ကူးယဉ်သည့် အတွေးလှလှကလေးများနှင့် ကြည်နူးလျက်ရှိသည်။

ဟသ်ာတ မိသားစု မုန့်ဟင်းခါး တစ်ယောက် နှစ်ပွဲစီဝင်စားကြသေး၏။ ထို့နောက် ကုသိုလ်တော် ဘုရားထဲသို့ဝင်ကာ ခရေပင်ရိပ်ဇရပ်တစ်ခုတွင် တစ်ယောက်တစ်နေရာစီထိုင်၍ ပုတီးစိပ်ကြသည်။ အားလုံး နှစ်နာရီလောက်တော့ ကြာမှာပဲ၊ ပြန်အထွက်ကျမှ ပြဿနာ စသည်။

ကေသီတို့အထွက်မှာ မြန်မာ့ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း ဌာန နာမည်ရေးထားသော တိုးရစ်(စ်)ဘားမား ဟီးနိုးကားလေး ရပ်လိုက်ပြီး နိုင်ငံခြားဧည့်သည် ငါးယောက်နှင့် မြန်မာအမျိုးသား တစ်ယောက်ဆင်းလာကြသည်။ သူမ ဖြူန်းခနဲ စိတ်လှုပ်ရှားကာ ကိုမိုးဝေ မဖြစ်ပါစေနှင့်ဟု ဆုတောင်းလိုက်မိသေး၏။ အင်းလေ မောင်ဆိုရင် တိုးရစ်(စ်)ဘားမားကားနဲ့ ဘယ်လာမလဲ။ စက်ဘီးနဲ့ ဖြစ်ဖြစ် မြင်းလှည်းနဲ့ ဖြစ်ဖြစ်။

ကားဘေးမှ ကေသီတို့ ဖြတ်အလျှောက်တွင် သူတို့ခြောက်ယောက်နှင့် မျက်နှာချင်းဆိုင် ကျော်ဖြတ်သွားကြရ၏။ မသဲမကွဲ အင်္ဂလိပ် စကားသံသဲ့သဲ့ကို တစ်ယောက်တစ်ပေါက် တစ်ခွန်း တစ်စ ပြောသံကြားလိုက်ရ၏။

အစစအရာရာ စိတ်ကိုထိန်းချုပ် မေ့ပျောက် မထားနိုင်သူပီပီ ကေသီ့စိတ်က ကိုမိုးဝေထံ ချက်ချင်းရောက်သွား၏။ သူ အရှက်တကွဲ ပြန်ထွက်သွားရသောရက်မှ ခုနစ်ရက်ပင်လွန်ခဲ့ပြီ။ သူ ဘဝကို အဆင်ပြေပြေမှ ရင်ဆိုင်နိုင်ပါရဲ့လား။ ကေသီ၏ အပြုံး စကားတို့





လျော့ရိလျော့ရဲ ဖြစ်သွားသည်ကို ကေသီ့အား အရိပ်တကြည့်ကြည့် အကဲခတ်နေသူပီပီ ဆရာကလည်း ရိပ်မိလိုက်၏။ ကေသီ့ကို စာအုပ်တစ်အုပ်ဖတ်သလို စေ့စေ့စပ်စပ် (သိသာစွာ) အကဲခတ်သော ဆရာ့ မျက်လုံးများအောက်တွင် ကေသီ အနေ ကျဉ်းကျပ် သွားလိုက်သည်မှာ စကားစရှာ၍ မရလောက်အောင်ပင် ဖြစ်လေသည်။

"ဆက်ပြောလေ ကေသီ။ သိပေါမင်း တရားထိုင်တယ်ဆိုတဲ့ ရွှေကျောင်းက ပလ္လင်အကြောင်း"

စကားထောက်ပေးသော ဆရာ့ အပြုံးမှာလည်း ကြည်လင်မှု ပျက်ပြားသွားပြီဟု သူမ ထင်လိုက်သည်။ ဘာပဲဖြစ်ဖြစ် ဆရာဟာ ဟန်ဆောင်တော့ ကောင်းတာပဲ။

"အဲဒါ အကုန်ပဲလေ ဆရာ၊ ဒါထက် ဆက်ပြောစရာမှမရှိတော့ဘဲ" ကေသီ့အသံက နည်းနည်း စိတ်ညစ်ညူးသံ ပါသွားပုံရ၏။ ဆရာက ဘာစကားမှ မဆက်တော့ဘဲ ငြိမ်သက်သွားသည်။

အပြန်ခရီးတွင် ဆရာက ကေသီ့ကို တင်နင်းရသည့် အလှည့်ဖြင့် စသည်။

"နောက်ကြည့်မှန် မပါတာ ဆိုးတာပဲကွာ၊ ကိုယ့်မိန်းမရဲ့ မျက်နှာကို အကဲခတ်လို့ မရတော့ဘူးပေါ့"

ဆရာ့စကားက ဘယ်ကို ဦးတည်နေသည်ဆိုတာ သူမ သိပ်သိတာပေါ့။

"ဆရာ ကျွန်မတို့ ရန်မဖြစ်ကြစို့နဲ့လေ။ ကျွန်မကို တစ်ခုခု ပြောပြီး စွပ်စွဲဦးမှာ မဟုတ်လား"

"ကေသီကရော ကိုယ်စွပ်စွဲတာကို မဟုတ်ဘူးလို့ ငြင်းနိုင်အား ရှိလို့လား"



www.burmeseclassic.com

www.burmeseclassic.com



သူမ စိတ်မောပန်းစွာ ပင့်သက် တိုးတိုးကလေး ရှိုက်ပြီး ဆရာ့ ခါးကို ဖက်လိုက်၏။

"ဒါကတော့ ဆရာ့ စွပ်စွဲချက်က ဘာလဲ ဆိုတာ အလျင် ပြောဦးပေါ့"

"ကိုယ့် စွပ်စွဲချက်ကတော့ ကေသီ ဟိုရိုးသားတဲ့လူကို ချက်ချင်း သတိရသွားခဲ့တယ်ဆိုတာပဲ။ ကဲ ငြင်းလေ ကေသီ၊ ဆရာ စွပ်စွဲတာ မှားတယ်လို့ ငြင်းလေ"

ရိုးသားတဲ့ လူ။ ကေသီသည် ရုတ်တရက် ဖြစ်ပေါ်ပြောင်းလဲ သွားသော သူမ၏စိတ်ခံစားမှုကို ကြေကွဲမှုဟုသာ အလွယ်တကူ နာမည်တပ်လိုက်၏။ တကယ်တော့ ခံစားမှုမှာ သည့်ထက်မက ပိုပါ လိမ့်ဦးမည်။

သူမ ညာပြောဖို့လည်း အလေ့အကျင့် လုံးဝ မရှိခဲ့သူမို့ ခပ်လေးလေး ဝန်ခံလိုက်၏။

"မငြင်းပါဘူး ဆရာ။ ဆရာ စွပ်စွဲတာ ဒီတစ်ခါတော့ မှန်ပါ တယ်"

ဆရာ့စိတ် လှုပ်ရှားမှုကို သိသာစေအောင်ပင် ဆရာ့ လက်ကိုင်က ယိမ်းခါလျက် ရှိသည်၊ ဆရာသည် ခဏကြာမျှငြိမ်သက် တိတ်ဆိတ်စွာ စက်ဘီးကို အားပြု နင်းနေသေး၏။ ပြီးမှ အသံ ခပ်တိုးတိုး ထွက်လာသည်။

"တကယ်ဆို ကေသီ ငြင်းလိုက်ပါလား"

အို...

"ကိုယ် စွပ်စွဲသလို မဟုတ်ဘူးလို့ မျက်စိမှိတ် ငြင်းလိုက် ရောပေါ့ ကေသီရယ်။ ကေသီ့ မျက်နှာကို ကိုယ် လှည့်ကြည့်နိုင်တာမှ မဟုတ်ဘဲ"





ဖြစ်ရပြန်ပြီ။

"ဆရာ အမှန်တရားကို လိုလားတယ်လို့ ကျွန်မ ထင်ထား တာ" သူမ ပြောရင်း ဆရာ့ခါးကို ဖက်ထားသည့် လက်တွေကို ရုပ်သိမ်းလိုက်မိ၏။

"အမှန်တရားဆိုတာ လူတစ်ယောက်ကို တစ်ခါတစ်ခါ ကျတော့ ကြေကွဲစေတတ်တယ် ကေသီ။ နောက်ပြီး သူတစ်ပါး အကျိုး ထိခိုက်စေမယ့် အမှန်တရားမျိုးကို ပြောဖို့ တော်တော်စဉ်းစားဖို့ ကောင်းတယ်"

အခုတော့ ကျွန်မဟာ ဆရာ စိတ်ထိခိုက်အောင် လုပ်မိပြန် ပြီပေါ့။ သူမ တွေဝေတိတ်ဆိတ်စွာပင် ကျုံးရေပြင်ဆီသို့ ငေးမောနေခဲ့ သည်။

"ထားပါတော့လေ၊ တခြားလူတစ်ယောက်ကို စွဲစွဲလမ်းလမ်း ချစ်နေတဲ့ မိန်းမတစ်ယောက်ကို ကယ်တင်ရှင်လုပ်ပြီး လက်ထပ်ခဲ့တာ က ကိုယ့်အမှားပဲလေ၊ ကေသီ့အမှားမှ မဟုတ်တာ"

သူမ စိတ်ထိခိုက်စွာ ဆရာ့ နောက်ကျောကို ပါးပြင်ဖြင့်ဖိ ကပ်ထားလိုက်၏။ တစ်ခုခု ပြောလိုက်လေ။ ဆရာ့အသံတွေ တိမ်ဝင် နေတာ မကြားဘူးလား။ ဆရာ သိပ်စိတ်ထိခိုက်သွားပြီ။ သို့သော် သူမ နှုတ်ခမ်းများကို လှုပ်ရှား၍မရ။

"တကယ်တော့ လူတစ်ယောက်ကို ကယ်တင်တယ် ဆိုတဲ့ အဖြစ်အပျက်ဟာ ကယ်တင်ရှင်ရဲ့ တစ်ဖက်သတ်အလုပ်တစ်ခုတည်း နဲ့ ဖြစ်မှာမှ မဟုတ်ဘဲ။ အကယ်တင်ခံပုဂ္ဂိုလ်ရဲ့ လုံ့လ စိုက်ထုတ်မှု ပေါ်မှာလဲ မူတည်တယ်"

ထိုစကားများကို ဆရာက ညည်းညည်းညူညူ ပြောသော အခါ သူမ ဘယ်လိုမှ ထိန်းချုပ်၍ မရတော့ချေ။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာက ကျွန်မနဲ့ လက်ထပ်ခဲ့တာကို နောင်တရနေပြီ ပေါ့နော်"

"ဟင့်အင်း မရပါဘူး။ ကိုယ် မှားမှန်းတော့ သိတယ်၊ ဒါပေမယ့် နောင်တ မရဘူး။ ဘယ်တော့မှလဲ နောင်တရမှာ မဟုတ်ဘူး။ လက်ထပ်ခဲ့မိတဲ့အတွက် ကိုယ်က တလောကလုံးကိုတောင် ကျေးဇူးတင်နေဦးမှာပါ။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီအမှားကြီးကိုပဲ နှစ်သက်မြတ်နိုးနေရလောက်အောင် ကိုယ် ကေသီ့ကို ချစ်ခဲ့မိတာကိုး"

အို… ဖြစ်မှဖြစ်ရလေ။

ပြောလိုက်လေ ကေသီ၊ ဆရာ့ကိုလည်း ကျွန်မ ချစ်နေပါပြီလို့ ပြောလိုက်လေ။ ဘယ်လိုစကားကိုကြားရင် ဆရာ စိတ်ချမ်းသာမယ်ဆိုတာသိရင် အဲဒီ စကားကို ပြောလိုက်ပေါ့။

ကေသီသည် ခေါင်းမာစွာပင် တင်းခံနေလိုက်သည်။

ဆရာ့ မွေးနေ့သည် စိတ်ကြည်လင်မှုများ ဆုံးရှုံးခြင်းဖြင့် ပြီးဆုံးသွားခဲ့သည်။

နောက်ပြဿနာတစ်ခုက မေမြို့တွင် ဖြစ်ပွားခဲ့သည်။

ကေသီနှင့်ဆရာ ပွဲကောက်ရေတံခွန်သို့ သွားသောနေ့ခင်း တစ်ခုတွင် ဖြစ်၏။

ကေသီက ဆံထုံးမထုံးဘဲ လွတ်လပ်စွာ နေလိုသောကြောင့် ဆံပင်ကိုဖြန့်ချကာ အိမ်နေရင်း ဝတ်စုံပုံစံဖြစ်သော တီရှပ်အပွကြီးနှင့် ထဘီပြောင် အရောင်တောက်တောက်ကို ဆင်ယင်ထားသည်။ကေသီ၏ နုနယ်လှပသော မျက်နှာကို မကြာခဏငေးမောလျက် ဆရာက ချစ်မြတ်နိုးစွာ ရေဖြင့်မထိတထိလှမ်းပက်ရင်းမှ ပဋိပက္ခ တစ်ခု ဖြစ်သွား၏။





အရှိန်ဖြင့် အလျားလိုက်ကျနေသော ရေထုထည် များကို သူမ ငေးမောရင်းမှ သူမ ခေါင်းထဲမှ ကြားဖူးသော နာမည်တစ်ခုကို လွှတ်ခနဲ ထွက်သွားခြင်းက စသည်။

"ဒီရေတံခွန် သေးသေးကလေးတောင် ဒီလောက်လှနေရင် နိုင်ယာဂရာရေတံခွန်ဆိုတာ ဘယ်လောက်များ လှလိုက်မလဲ မသိဘူးနော် ဆရာ"

ဆရာ့ အပြုံးများက လျော့ရဲရှုံ့မှုမက မျက်နှာထားပင် နည်းနည်း သုန်မှုန်သွားခဲ့သည်။

"ဒီ မေးခွန်းကို ကေသီရဲ့ ရှိုးသားတဲ့လူကို မမေးဘဲ ဘာဖြစ်လို့ ကိုယ့်ကို လာမေးရတာလဲ"

သူမ တအံ့တဩ တုန်လှုပ်ကာ လက်ထဲရောက်လာသော ရေတို့ဖြင့် ဆရာ့ကိုပက်မည် ကြံရွယ်ချက်ကိုပင် မေ့လျော့သွားလေသည်။

"ဆရာ ဘာပြောလိုက်တာလဲဟင်။ ဘာဖြစ်လို့ အဲဒီလူက ပါလာရပြန်တာလဲ"

"ကေသီ သူ့ကို သတိရသွားလို့ ဒီမေးခွန်း မေးတာ မဟုတ်ဘူးလား"

ဒုက္ခပါပဲလား ဆရာရယ်။

"ဟင် ဆရာ၊ ဘာဖြစ်လို့ အဲလို မဟုတ်က ဟုတ်ကတွေ စွပ်စွဲချင်ရတာလဲ" ကေသီ စိတ်တိုတိုဖြင့် ဆရာ့ကိုအသံကျယ်ကျယ်ပင် အော်လိုက်မိ၏။

"မဟုတ်ဘူးဆိုရင်လဲ ပြီးရောပေါ့ ကေသီ။ ထားလိုက်ပါတော့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း မရဘူး ဆရာ၊ မထားရဘူး ပြောပါဦး။ အဲဒီ စွပ်စွဲချက်က ဘာဖြစ်လို့ ဆရာ့ခေါင်းထဲ ရောက်လာရတာလဲ"

ဆရာက ကေသီ့အနားမှ နည်းနည်းခွာကာ နောက် ဆုတ်ထိုင်လိုက်၏။ ဆရာ့စကားကို ဘယ်လိုမှ နားမလည်နိုင်သော ကေသီက "ပြောလေဆရာ ဘာဖြစ်လို့ အဲဒီလူကို ကျွန်မ သတိရ တယ်လို့ ထင်သွားရတာလဲ" ဟု နောက်တစ်ကြိမ် ထပ်မေးမိ၏။

"မသိနိုင်ဘူးလေ။ ကိုယ် ထင်တာကတော့ တစ်အချက် ကေသီ အဲဒီလူကိုသတိရနေမယ်၊ နှစ်အချက် သူ သွားတော့မယ်ဆိုတဲ့ ကနေဒါနိုင်ငံကို တွေးမိမယ်၊ သုံးအချက် ကနေဒါမှာ ရှိတဲ့ နိုင်ယာဂရာ ရေတံခွန်ကို သတိရသွားမယ်။ အဲဒီ အစီအစဉ်အတိုင်း ဖြစ်သွားသလားလို့"

ဘုရား ဘုရား။

"ဖြစ်မှဖြစ်ရလေ ဆရာရယ်၊ ဆရာကလေ ပေါက်ပေါက်ရှာရှာ တော်တော်တွေးတတ်တယ်။ ကျွန်မဖြင့် နိုင်ယာဂရာ ရေတံခွန် ဆိုတာ ဘယ်မှာရှိမှန်းတောင် မသိပါဘူး၊ တစ်အချက် ဒီ ရေတံခွန်သေးသေး နိမ့်နိမ့်ကလေးကို ကြည့်တယ်။ နှစ်အချက်က ဒါထက်ကြီးတဲ့ ရေတံခွန်ဆိုရင် သိပ်လှမှာပဲလို့ တွေးမိတယ်။ သုံးအချက် နိုင်ယာဂရာရေတံခွန် ဆိုတာကို သတိရသွားတယ်၊ ဒါပဲဆရာ။ ကျွန်မအတွေးထဲမှာ ကိုမိုးဝေလဲ မရှိဘူး၊ ကနေဒါလဲ မရှိဘူး"

ဆရာ့မျက်နှာ တော်တော်နှင့် မရွှင်လန်းဘဲ ရှိနေတော့သည်။

ဪ... ငါနှယ် ဘာဖြစ်လို့များ ဒီလောက် အတွေး ခေါင်ခေါင် သဝန်တိုပြတတ်တဲ့ လူတစ်ယောက်ကို လက်ထပ်ခဲ့မိပါလိမ့်။

ဘာဖြစ်လို့လဲဆိုတော့ ဒါလုပ်သင့်တဲ့ အလုပ်မို့ပေါ့။





ဒါဖြင့် နောက်ထပ်လုပ်သင့်တဲ့ အလုပ်တစ်ခုကို လုပ်လိုက်ဦးလေ။

ဘာ အလုပ်လဲ။

မဖြစ်နိုင်တော့တဲ့ လူတစ်ယောက်ရဲ့ အချစ်ကို ပြန်တွေးပြီး ကြေကွဲမနေတော့ဘဲ မေ့ပစ်လိုက်ဖို့ပေါ့။

ထိုထက် ဆိုးရွားသော ပြဿနာကတော့ ကိုမိုးဝေထံမှ မမျှော်လင့်သော စာတစ်စောင်ကြောင့် ဖြစ်ရသည်။

၂၀ ၂ ၉၀

ကေသီ

မင်းနဲ့ ကိုယ်နဲ့ ကိုယ်သိသလောက်တော့ ရန်သူတွေ မဖြစ်ခဲ့ ကြဖူးဘူးလို့ ထင်တယ်။ ဒါပေမယ့် ဖြစ်ပျက်သွားတဲ့ အဖြစ်အပျက်က ကြိုတင်ကြံစည်မှုနဲ့ လက်စားချေခံလိုက်ရသလိုပါပဲ။ အဲဒီအဖြစ်ကို မေ့နိုင်ဖို့ ကိုယ် လပေါင်းများစွာ ကြိုးစားယူရတော့မယ်၊ ကိုယ့်ဘဝမှာ အမှားဆိုတာ ဘယ်တုန်းကမှ မရှိခဲ့ဖူးဘူးလို့ ကိုယ် ထင်ထားတာ။ အခုတော့ မိန်းမတစ်ယောက်နဲ့ လိုအပ်တာထက် ပိုရင်းနှီးခဲ့မိတဲ့ အမှားဒဏ်ကို ကိုယ့်ဂုဏ်သိက္ခာ ကြေမွသွားတဲ့အထိ ခံလိုက်ရတာပဲ။ ဘယ်လို အကြောင်းမျိုးကြောင့်မှ မိန်းမတစ်ယောက်ကို ကိုယ်ထိလက်ရောက်ရိုက်ဖို့ စိတ်မကူး သင့်ဘူးဆိုတာတော့ ကိုယ့် ဆင်ခြင်တုံတရားအရ ပြန်သတိရသွားပါတယ်၊ ဘာပဲဖြစ်ဖြစ် မင်းကို ရိုက်ဖို့ ကြိုးစားခဲ့မိတဲ့



www.burmeseclassic.com

www.burmeseclassic.com



အတွက် ကိုယ်စိတ်မကောင်းဘူး။ ဒါပေမယ့် တကယ် ရိုက်ဖြစ် ရင်တောင် အဲဒါဟာ မင်းနဲ့တကယ် ထိုက်တန် ပါတယ်။

မင်းရဲ့ ရိုးသားသော
မိုးဝေ

စာကြွင်း။ လင်ရှိမိန်းမတစ်ယောက်ရဲ့ ဖြားယောင်းမှုအောင် မြင်လုနီးပါး ဖြစ်ခဲ့တယ်လို့ ကိုယ်ဝန်ခံရင် ဒီစာ ဟာ မင်းအတွက် ပျော်ရလိမ့်မယ်လို့ ကိုယ်ထင် ပါတယ်။

ထိုစာကိုဖတ်ပြီး သူမ ရှိုက်ကြီးတငင် ငိုကြွေးနေချိန်မှာ ဆရာကတော့ သူ့ ထုံးစံအတိုင်း ပြုံးစေ့စေ့ ဖြစ်နေ၏။ ကေသီ ငိုနေသည်ကိုလည်း ချော့ဖို့ စိတ်မကူးဘဲ လက်ရေး ခပ်ယိုင်ယိုင် ကလေးများကို နောက်တစ်ကြိမ်ပင် ထပ်ဖတ်လိုက်သေး၏။

"မင်.ရဲ့ ရိုးသားသော မိုးဝေဆိုပါလား" ဟု ခပ်ပြုံးပြုံး ရေရွတ်ပြီးနောက် ပြုန်းဆို ဟက်ဟက်ပက်ပက်ကြီး ရယ်မောလိုက် ပြန်လေသည်။

ကေသီ ဆံပင် ကပိုကရိုကြားမှ ဆရာ့ကို စိုးရိမ်တကြီး လှမ်း ကြည့်တော့ ဆရာက ချက်ချင်း အရယ်ရပ်ပြီး စာကို အိတ်ထဲသို့ အသေအချာကလေး ပြန်ထည့် ပေးလိုက်၏။ ထို့နောက် အခန်းထဲမှ ထွက်သွားသည်။

တစ်ညနေလုံး ကေသီ စိတ်ထိခိုက်စွာ အခန်းထဲမှာ ထိုင်လိုက် ထလိုက် လမ်းလျှောက်လိုက် ဖြစ်နေချိန်တွင် ဆရာက မန္တလေးမြို့၏ တစ်နေရာရာတွင် အရက်သွားသောက်နေခဲ့၏။





ညကိုးနာရီကျမှ ဆရာ အိမ်ပြန်ရောက်လာသည်။ ကေသီ ညစာ ထမင်းမစားဘဲ ဧည့်ခန်းမှာ ဆရာ့ကို ထိုင်စောင့်နေခဲ့တာ နှစ်နာရီလောက် ကြာသည်။ ဆရာ့ ခြေလှမ်းအနည်းငယ် ယိုင်နေရုံက လွဲ၍ ဆရာ့မျက်နှာထား မပျက်ချေ။ ဧည့်ခန်းမှာထိုင်လျက် ဂစ်တာ ကို(မတီးဘဲ) ကိုင်ထားသော ကေသီ့ထံ ဆရာ လျှောက်လာ၏။ ထို့ နောက် ကေသီ ထိုင်နေသော နှစ်ယောက်ထိုင် ကုလားထိုင်တွင် ကေသီနှင့် ပူးကပ်သွားအောင် ဝင်ထိုင်လိုက်၏။

"ဆရာ ထမင်းစားတော့ မလားဟင်"

ဆရာက ကေသီ့ မေးစေ့ကို လက်ဖြင့် မ,တင်လျက် ကေသီ့ မျက်နှာကို မော့စေပြီး စူးစမ်းကြည့်ဖြင့် ကြည့်သည်။ အနည်းငယ် နီမြန်းပြီး မို့နေဆဲဖြစ်သော မျက်ခွံများကို ဆရာ သတိထားမိသွား၏။

"အဲ-" ဘယ်သူ့အတွက် ကျတဲ့မျက်ရည်လဲဟင် ကေသီ"

သူမ စိတ်ညစ်ညူးစွာ ခေါင်းယမ်းခါလိုက်သည်။

"ဘယ်သူ့အတွက်မှ မဟုတ်ဘူး ဆရာ၊ ကျွန်မရဲ့ ဂုဏ် သိက္ခာအတွက်ပါ"

သို့သော် ကေသီ ညာပြောမှန်း ပါးနပ်သော ဆရာက သိ သွားပါသည်။ ဆရာက ကေသီ့ မျက်နှာကို စေ့စေ့စပ်စပ် ကြည့်ပြီးမှ မေးစေ့ကို ကိုင်ထားသော လက်ကို ရုပ်သိမ်းလိုက်သည်။ ထို့နောက် နောက်မှီကို လေးပင်စွာမှီလိုက်ပြီး မိနစ်တော်တော်များများ ငြိမ်သက် သွား၏။ ဆရာ့လက်များက ကုလားထိုင် လက်ရန်းကို တဒေါက်ဒေါက် ခေါက်နေသည်၊ ဆရာ့ကို စကားတစ်ခွန်းပြောဖို့ အားယူပြီးမှ ကေသီ လက်လျှော့လိုက်သည်၊ အချိန်တော်တော်ကြာ သွားသောအခါ ဆရာ က ကေသီ့ ဘက်သို့ ရုတ်တရက် လှည့်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် စစ်တွေကိုပြန်တဲ့အခါ ကေသီ လိုက်ခဲ့ရမယ်"

"ဟင် ဘာဖြစ်တယ်"

သူမ တအံ့တဩ တုန်လှုပ်သွားသည်ကို အရသာခံ၍ ဆရာက မျက်လုံးမှေးစင်း၍ ကြည့်နေပြီးမှ...

"ကေသီ့ကို မန္တလေးမှာ လွတ်လွတ်လပ်လပ်ကြီး ထားပစ်ခဲ့ဖို့ ကိုယ်စိတ်မချဘူး"

လွတ်လွတ်လပ်လပ်ကြီး။ ဆရာဟာ ဒါထက် ဇော်ကားတဲ့ စကားမျိုး မပြောတတ်တော့ဘူးလား။ ကေသီ တစ်ညနေလုံး မျိုသိပ်ထားရသော ဒေါသများ ပေါက်ကွဲထွက်သွား၏။

"မလိုက်ဘူး ဆရာ။ ကျွန်မအလုပ်က မန္တလေးမှာ ရှိတယ်။ အလုပ်ကိုပစ်ပြီး ယောက်ျား တစ်ယောက်ရဲ့ အထင်လွဲမှုကို ဖြေရှင်းဆိုဖို့ အထိ၊ ကျွန်မမှာ စိတ်ကူး မရှိဘူး"

ဆရာက ကေသီ့ ခါးကို ဘယ်လက်ဖြင့်သိုင်းဖက်၍ ပြုံးလေသည်။ ဆရာ့ အပြုံးက မခံချိမခံသာ အပြုံး။

"အလုပ်မှမရှိတာပဲ ကေသီရဲ့။ စာသင်ရမယ့် ကျောင်းသားတွေမရှိဘူး။ ကေသီ လစာမဲ့ ခွင့်ယူလိုက်"

"ဒါပေမယ့် ကျွန်မရဲ့ တာဝန်"

"ဟား ဟား... တော်စမ်းပါ ကေသီရာ၊ တာဝန်ဆိုတဲ့ စကားလုံးကို အလွဲသုံးစားလုပ်ပြီး ကိုယ့်ကွယ်ရာမှာ ကာယကံ၊ ဝစီကံ၊ မနောကံ သုံးပါးလုံးနဲ့ ဖောက်ပြန်မှာကို ကိုယ်ခွင့်မလွှတ်နိုင်ဘူး"

ဆရာ့စကားသည် ကေသီ့ ရင်ထဲသို့ ချွန်မြစွာ ထိုးဖောက်ဝင်ရောက်သွား၏။ ကေသီ ဆရာ့လက်ထဲမှ ရုန်းထွက်ဖို့ ကြိုးစားသည်။ ဒေါသတကြီးဖြင့် လက်များကို ဆွဲဖယ်ပစ်နေသော ကေသီ့ကို





ဆရာက မလွှတ်ဘဲဖက်ထားရင်း သရော်ပြုံးပြုံးနေ၏။ ကေသီ မျက်ရည် ပိုးပိုးပေါက်ပေါက်ကျကာ တစ်ချက် ရှိုက်ငင်လိုက်သည်။

"ဆရာ သိပ်ဇော်ကားတယ်၊ ဆရာအဲဒီလို ပြောတာကို ကျွန်မ ဘယ်တော့မှ မကျေဘူး၊ သိလား"

ဆရာက ကေသီ၏ နာကြည်းမှုက သူနှင့် မဆိုင်သလိုပင် ပြုံးလျက် ငြိမ်သက်နေသည်။

"ဆရာ ဒီလောက် ကျွန်မကို မယုံသင်္ကာဖြစ်နေရင် ဘာဖြစ်လို့ ကျွန်မကို ကွာရှင်းမပစ်သေးတာလဲ"

ထို စကားကို သူမ နာကျင်ထိခိုက်စွာ ရေရွတ်သောအခါ ဆရာက အသံထွက် ရယ်တော့သည်။

"အို... ဘယ်ဖြစ်မလဲ ကေသီ၊ ကိုယ်သေတဲ့အထိ မင်းက ကိုယ့်မိန်းမ ဖြစ်နေရမယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကေသီ့ကို ကိုယ် သိပ်ချစ်တာကိုး။ နောက်ပြီး အခုအချိန်မှာ ကေသီ အဖြစ်ချင်ဆုံး ဆန္ဒဟာ ကိုယ်နဲ့ ကွာရှင်းဖို့ပဲ ဆိုတာလဲ ကိုယ်သိနေတာကိုး"

သူမသည် ဆရာ့ မျက်နှာကို စေ့စေ့ကြည့်ရင်း ဆရာ နာကျင်ထိခိုက်မည့် စကားမျိုး ဘယ်လိုပြောရပါ့မလဲဟု အပြင်းအထန် စဉ်းစားနေ၏။ သို့သော် သူမ၏ ရင်ထဲမှာသာ ထိခိုက်စွာ နာကျင်နေရသည်။

"ဆရာ့ကို ကွာရှင်းဖို့ ကျွန်မ ဆန္ဒရှိတယ်လို့ ဆရာ ပြောလိုက်တာ ကျွန်မ စိတ်မကောင်းပါဘူး"

"ဒါပေမယ့် အဲဒါ အမှန်ပဲမဟုတ်လား ကေသီ"

"မဟုတ်ဘူး" သူမ အော်ဟစ်ပစ်လိုက်၏။

ဆရာက သူမ၏ ဆံပင်များကို လက်ဖြင့် ညင်သာစွာ ကိုင်တွယ်ပွတ်သပ်လျက် "ကျေးဇူးတင်ပါတယ် ကေသီ" ဟု ခပ်တိုးတိုး



www.burmeseclassic.com

www.burmeseclassic.com



ပြော၏။ ဆရာ့ မျက်လုံးမှာ စိုစွတ် တောက်ပနေသည်။ ဆရာက သူမကို မကြည့်ဘဲ ငေးမောကာ နှုတ်ခမ်းတင်းတင်း စေ့ထား ခိုက် ဆရာ့ဟန်ဆောင်အပြုံးများ ကွာကျကာ ဆရာ့ရင်ထဲအထိ သူမ ထွင်းဖောက်မြင်လိုက်ရသည်။

သူမသည် ဆရာ၏လက်ကို တွန်းဖယ်ဖို့ မကြိုးစားရုံမျှမက သူမလက်ဖြင့် ဆရာ့လက်များကို ခပ်ဖွဖွ အုပ်ကိုင်လိုက်သေး၏။ ထို့နောက် ဆရာ့ရင်ခွင်တွင် နဖူးအပ်ကာ မှိန်မှိန်ပစ်လိုက်သည်။ ထိုအခိုက်တွင်ပင် နှစ်ဦးစလုံး၏ စိတ်အာရုံများမှာ အဝေးဆီသို့ ပြန့်လွင့်နေကြသည်။

“ဆရာ ကျွန်မတို့ ဘယ်အချိန်အထိ အခုလို ရန်ဖြစ်နေကြရဦးမှာလဲ ဟင်”

ကေသီ့ အသံကလေးက တိုးတိုးအက်အက်ကလေး ထွက်ပေါ်လာ၏။ ဆရာက သူမကို လှည့်မကြည့်ဘဲ ရှေ့တည့်တည့်ကို ငေးမောရင်းက သူမ၏ခါးကို တင်းနေအောင် ပို၍ဖက်လိုက်သည်။ ထို့နောက် ပင့်သက်တစ်ချက် ရှိုက်ကာဖြေသည်။

“ကေသီ ကိုယ့်ကို မချစ်လာသေးသမျှပေါ့”

တော်တော်ကြာအောင် စဉ်းစား ငြိမ်သက်ပြီးမှ နောက်တစ်ခွန်း ထပ်ပြောသည်၊ “နောက်ပြီး ဟို တစ်ယောက်ကို ကေသီ ချစ်နေသမျှပေါ့”

ထို့နောက် ဖြုန်းခနဲ ရင်ခွင်ထဲမှ ကေသီ့ကို တွန်းဖယ်လျက် ထိုင်ရာမှ ထထွက်သွားသည်။ ဆရာ့နောက်က ထက်ကြပ်မကွာလိုက်သွားပြီး ချော့မြှူသင့်မှန်း သိလျက်နှင့် သူမ ထိုင်လျက် ကျန်နေခဲ့သည်။





နောက်တစ်နေ့ နံနက်တွင်လည်း စစ်တွေသို့ ကေသီ လိုက်ဖို့ကိစ္စဖြင့် နှစ်ယောက်သား စကားများကြရပြန်၏။

“မလိုက်ဘူးဆရာ၊ ဆရာ စိတ်မချရင် ဆရာပဲ ခွင့်ယူပြီး ကျွန်မအနားမှာ နေလိုက်ပေါ့၊ ကျွန်မက စိတ်မချတဲ့ လူမှ မဟုတ်ဘဲ”

ဆရာက ခေါင်းကို မျှသိပ်လျက် ခပ်မဲ့မဲ့ပြုံးသည်။

“စစ်တွေကိုလဲ မလိုက်နိုင်ဘူး။ နောက်လ စာစစ် မသွားနဲ့လို့ ကိုယ် တားရင်လဲ ကေသီ ဇွတ်သွားမှာပဲ၊ ဟုတ်တယ်မို့လား။ ဘာဖြစ်လို့လဲဆိုတော့ စာစစ် သွားရင်းနဲ့ တခြားအလုပ်တွေပါ လုပ်နိုင်သေးတာကိုး”

ကေသီ စိတ်ကို အတတ်နိုင်ဆုံး ထိန်းချုပ်ကာ ဖျော်လက်စကော်ဖီပေါ်မှာ အာရုံစူးစိုက်ထားရ၏။ ပြောပါစေ။ ဆရာ့အကျင့်က သူများ မခံချိမခံသာဖြစ်အောင် ပြောမှ စားဝင်အိပ်ပျော်တဲ့အကျင့်မျိုး။ နှင့်စိတ်ကို ထိန်းထား ကေသီ။

ဆရာက ကေသီ၏ ဖြန့်ချထားသော ဆံပင် ပျော့ကလေးများကို လက်ညှိုးဖြင့် ထိတို့လျက် ပြုံးစေ့စေ့လုပ်ကာ ကေသီကို ကြည့်နေ၏။ ကော်ဖီပန်းကန် နှစ်ခုထဲသို့ ကော်ဖီကို လောင်းထည့်သောအခါ သူမလက်များ နည်းနည်း တုန်နေသည်။

“ကိုယ့် စွပ်စွဲချက်ကို ငြင်းဦးလေ။ ကေသီ”

ကေသီ ဆံပင်များကို ဖွာခနဲ ခါယမ်းကာ ဆရာ့ဘက်သို့ လှည့်ကြည့်လိုက်၏။ ကေသီ့မျက်လုံးမှာ နာကျင်မှုနှင့် ဒေါသကို မြင်လိုက်ရသောအခါ ဆရာ့ အပြုံးက လျော့ရဲသွားသည်။

“မငြင်းတော့ပါဘူး ဆရာ၊ ဆရာ စိတ်ချမ်းသာ[illegible] စွပ်စွဲပါတော့။ စစ်တွေကို မလိုက်နိုင်တာလဲအမှန်ပဲ၊ [illegible]စစ်သွားမှာ[illegible]



www.burmeseclassic.com

www.burmeseclassic.com



အမှန်ပဲ။ စာစစ်သွားရင်းနဲ့ သူ့ကိုတွေ့တဲ့ အလုပ်ကို အနည်းဆုံးတစ်ခါ တော့ လုပ်မိမှာလဲ အမှန်ပဲ”

ဆရာ့မျက်နှာမှာ အပြုံးကပျောက်သွား၏။ ကေသီ့ကို မကြည့်ဘဲ ကောဖီပန်းကန်ကို စူးစိုက်ကြည့်လိုက်သော ဆရာ့ မျက်လုံး များမှာ ချက်ချင်း မှုန်မှိုင်းအေးစက်သွားသည်။

“ဘာဖြစ်လို့လဲဆိုတော့ ကျွန်မကို အလျင်ကတည်းက လင် ရှိပြီးသားမိန်းမတစ်ယောက်အဖြစ် သူ မြင်နေတဲ့အချက်ကို မဟုတ် တဲ့အကြောင်း ဖြေရှင်းပြဖို့ ကျွန်မမှာ တာဝန်ရှိနေလို့ပဲ”

ဆရာက သူမဘက်သို့ ပြန်းခနဲ လှည့်ကြည့်သည်။

“အဲဒါက မလိုအပ်ပါဘူး ကေသီ။သူ့ဟာသူ ဘာထင်ထင်”

“လိုအပ်တယ်ဆရာ။ အနည်းဆုံး ကျွန်မရဲ့ ကိုယ်ကျင့် တရားကို သူ သိဖို့ လိုအပ်တယ်”

ဆရာက မရယ်ချင့်ရယ်ချင် ဖျစ်ညှစ်၍ ရယ်၏။

“အခု ကေသီ ကြိုးစားနေတဲ့ လုပ်ပေါက်တွေက ကိုယ်နဲ့ကွဲ ပြီး သူနဲ့ယူဖို့ ရည်ရွယ်ချက်တွေပဲ”

ကေသီသည် တလိပ်လိပ်တက်လာသော ဒေါသကို ဇွတ် မျိုချပစ်လိုက်ပြန်သည်။

“အဲဒီလို အထင်ခံရတာ ကျွန်မ စိတ်မကောင်းပါဘူး ဆရာ။ ဒါပေမယ့် ကျွန်မက ဆရာနဲ့ အကွဲခံနိုင်ရင်တောင်မှ သူက ကျွန်မကို ယူမှာမဟုတ်ပါဘူး၊ အဲဒါ ကျွန်မ သိပါတယ်။ အဲဒါ သူ့မာနနဲ့ အတ္တကို ကျွန်မသိနေလို့ပါ။ ဒီတော့ ဆရာ ဒီကိစ္စကို ပူပင်သောက ရောက်မ နေပါနဲ့တော့”

ဆရာက မျက်လုံးမှေးစင်း၍ သူမကိုကြည့်သည်။

“ကေသီက သူ့ကို သိပ်ကိုအထင်ကြီးတာပါပဲလား”





ထိုဝေဖန်ချက်ကို သူမ ဘာမှထင်မြင်ချက်မပေးပါ။ ကေသီ ဆရာ့ကို ကော်ဖီပန်းကန် လှမ်းပေးလျက် ကြိုးစား ပြုံးပြလိုက်သည်။

“သောက်ကြည့်ပါဦး ဆရာ။ သိပ်တော့ ချိုမှာ မဟုတ်ပါ ဘူး”

ဆရာက ကော်ဖီပန်းကန်ကို မြန်ဆန်စွာ လှမ်းယူပြီး လက် ဆေးကန်ရှိရာ အုတ်နံရံဆီသို့ပြန်းခနဲ ပေါက်ခွဲပစ်လိုက်၏။ ခွမ်းခနဲ ကွဲဖြတ်သွားသံကြောင့်လား၊ ဆရာ့ဒေါသမျက်လုံးတို့၏ အရောင်လက် မှုကြောင့်လား၊ ထိုတစ်ခုခုကြောင့် သူမ ရင်တဒိတ်ဒိတ် မြန်ဆန်စွာခုန် သွား၏။ ကော်ဖီပန်းကန် လွင့်စဉ်သွားရာ စားပွဲနှင့်သမံတလင်း တစ် လျှောက်မှာ ကော်ဖီစက်များ ဖိတ်စဉ်စွန်းထင်းလျက်ရှိသည်။ သူမ အလန့်တကြား နောက်ဆုတ်ရပ်လိုက်သည်။

ဆရာက သူမကိုလှည့်ကြည့်သောအခါ ဆရာ့ မျက်လုံးများ တဖြည်းဖြည်း ရီဝေလာသည်ကို သူမ တအံ့တသြ တွေ့လိုက်ရ၏။ ဆရာ သူမကိုငေးရင်း တဖြည်းဖြည်း ပြုံးလာသည်။ ဆရာ့အပြုံးက အပြုံးနှင့်မတူဘဲ နာကျင်မှုကိုဖော်ပြနေသလိုရှိ၏။

“ဆရာ”

သူမအသံ တိုးတိုးကလေးသည် လေသံသဲ့သဲ့မျှသာ ဖြစ် သွားသည်။ ဆရာက သူမကိုလှမ်းပွေ့ဖက်ကာ သူ့ရင်ခွင်နှင့်တင်းကျပ် စွာ ဆွဲကပ်ထားလိုက်သည့်အခါ သူမ စိတ်မထိန်းနိုင်ဘဲ ရှုတ်တရက် ရှိုက်လိုက်မိ၏။

“မကြောက်ပါနဲ့၊ ကိုယ် ကေသီ့ကို ဘာတစ်ခုမှထိခိုက်နစ်နာ အောင်မလုပ်ဘူး။ စောစောက ကိုယ် နည်းနည်းကြောင်သွားတယ်နဲ့ တူတယ်”



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဆရာ ဲကျပြင်းရိုက်လိုက်သည်ကို သူမ အသံမကြားရသော်လည်း ကိုယ်ခန္ဓာလှုပ်ရှားမှုအရ သိလိုက်သည်။

"ကိုယ် ကေသီ့ကို စိတ်ချလက်ချ ယုံထားလိုက်ပါမယ်နော်။ ဘာဖြစ်ဖြစ် ကေသီ သင့်တော်မယ်ထင်တာကိုသာလုပ်ပါ။ ကေသီက ဆင်ခြင်တတ်တဲ့ မိန်းကလေးပဲ"

ဆရာ့ကို ငဲ့ကြည့်လိုက်တော့ ဆရာက တည်ကြည်စွာ ပြုံးနေသည်။

ထိုယုံကြည်စိတ်ချသော ဆရာ့အပြုံးက သူမကိုမလှုပ်သာအောင် တုပ်နှောင်လိုက်သော ကြိုးတစ်ချောင်း ဖြစ်သွားမှန်း ကေသီ ဝမ်းနည်းစွာ အသိအမှတ်ပြုလိုက်ပါသည်။

ဢ ဢ ဢ



## အခန်း လေး

မတ်လ၏ ညနေငါးနာရီ နေသည့် ကေသီ၏နဖူး ဆံစများတွင် ချွေးများစို့လာအောင် ပူအိုက်လျက်ရှိသေးသည်။ ဘတ်စ်ကားပေါ်မှ ဆင်းလိုက်ကတည်းက သူမ လက်ဖျားများ အေးစက်စိုစွတ်လာခဲ့ရာ ရှစ်လမ်းကို ချိုးကွေ့လိုက်သည်နှင့် တစ်ပြိုင်တည်း ရင်ထဲမှာ ချက်ချင်း နာကျင် ပူပြင်းသွား၏။

လမ်းရဲ့ ဘယ်ဘက်ခြမ်းတဲ့။ မြေညီထပ်တဲ့။ သူနဲ့ မျက်နှာချင်း ဆိုင်မှာ သွားဘက်ဆိုင်ရာ ဆေးခန်းတစ်ခုရှိတယ်တဲ့။

ကိုခင်မောင်ဇော် ပြောလိုက်သည့် စကားအရဆိုလျှင် ဟောဟို သံဆွဲတံခါးနှင့် တိုက်ခန်းအဝါနုရောင်ကလေးပဲ ဖြစ်ရမည်။

ထိုတိုက်ခန်းရှေ့သို့ တွန့်ဆုတ်စွာ မတ်တတ်ရပ်မိသောအခါ သံဆွဲတံခါး စေ့ထားသည်ကို စိတ်ပျက်စွာ မြင်တွေ့လိုက်ရသည်။ သို့သော် သူမ ကံကောင်းတာလား၊ ကံဆိုးတာလားမသိ။ စေ့ပိတ်ထား



www.burmeseclassic.com

www.burmeseclassic.com



သော သံဆွဲတံခါး၏ နောက်မှာ နံရံနှင့်ကပ်လျက် စားပွဲ၌ လူတစ်ယောက် ကျောပေးထိုင်နေသည်ကို မြင်ရ၏။

သူ ကိုမိုးဝေပဲ ဖြစ်မှာပါ။

တိုကပ်သော ဆံပင်သည် လည်ကုပ်အထက်၌ ခပ်ပါးပါးကလေးသာ ရှိနေ၏။ သူ့ရှေ့က စားပွဲတွင် သူ တစ်စုံတစ်ရာရေးမှတ်နေသည်။ စားပွဲပေါ်က ကက်ဆက်မှ သူမ နားမလည်သော ဘာသာစကားများကို ခပ်မြန်မြန် ရေရွတ်နေသံကြားရ၏။

သူမသည် အားတင်းကာ ဆုံးဖြတ်ချက်ချလိုက်ပြီး သံဆွဲတံခါး၏အတွင်းမှ သော့ခလောက်ကြီးကို အသံမြည်အောင် ခပ်ကြမ်းကြမ်း လှုပ်ခါပစ်လိုက်သည်။

သူ လှည့်ကြည့်သည်။

မျက်မှန်ထူထူအောက်မှ မျက်ဝန်းညိုများသည် ရုတ်တရက်စူးရှတင်းမာသွားသည့်အခိုက် သူမ၏ ရင်ညွန့်ဆီမှာ စူးနစ်စွာ နာကျင်မှုကို သိသိသာသာ ခံစားလိုက်ရသည်။ အဲဒါ နာကြည်းမှုတွေ မဟုတ်လားကွယ်။

သူသည် ထိုင်ရာမှထဖို့ မလိုအပ်သလို သူမကို ခပ်တည်တည်ပင် စိုက်ကြည့်လျက်ရှိသည်။ သူ့နှုတ်ခမ်းများ တင်းခနဲ စေ့သွားသည်ကို ကေသီ အားတုံ့အားနာဖြင့် သတိထားလိုက်မိပါသည်။

သူမ တတ်နိုင်သမျှ ချိုသာစွာ မျက်နှာထား ပြင်လျက် ပြုံးပြလိုက်သည်။

"ကိုမိုးဝေ"

သူ အနည်းငယ်မှ မလှုပ်ပါ။ သူ့မျက်နှာ တဖြည်းဖြည်းမှုန်ကုပ်လာသည်ကိုသာ သူမ ရင်တဒိတ်ဒိတ်ခုန်လျက် စောင့်မြင်နေရသည်။





"တံခါး ဖွင့်မပေးတော့ဘူးလား ကိုမိုးဝေ၊ ကျွန်မ ရှင့်ပစ္စည်းတွေ လာအပ်တာပါ"

သူသည် ကက်ဆက်ခလုပ်ကို ပိတ်ပစ်လိုက်ပြီး မတ်တတ်ရပ်လိုက်၏။ ခဏရပ်ပြီး စဉ်းစားသလို အားယူလိုက်သေးသည်။ ထို့နောက် သူမကို တည်ငြိမ်သော မျက်ဝန်းများဖြင့် လှမ်းကြည့်ပြီး...

"မင်း ဒီကို မလာသင့်ဘူးလို့ မသိဘူးလား" ဟု မေးတော့သည်။ သူမသည် လျော့ရဲသွားသော အပြုံးကို ဇွတ်ထိန်းသိမ်းအားဖြည့်လျက် ခပ်သွက်သွက် ခေါင်းညိတ်လိုက်၏။

"သိတာပေါ့၊ ဒါပေမယ့် ကျွန်မ အမှန်တရားကို သိပ်မြတ်နိုးသလို ကိုမိုးဝေလဲ မြတ်နိုးလိမ့်မယ်ထင်လို့ လာတာပါ၊ ကျွန်မ ဆွေးနွေးစရာတစ်ခု ရှိလို့ပေါ့"

သူ မရယ်မပြုံး လျှောက်လာ၍ သံဆွဲတံခါး ဖွင့်ပေး၏။

သူမသည် လက်ကိုင်အိတ် အကြီးကြီးကို ရင်ခွင်တွင် ပွေ့လျက် သူ ဖွင့်ပေးသော တံခါးမှ ကိုယ်ကိုယ်တိုင်ကာ ဝင်လိုက်သည်။

"မင်္ဂလာပါ ကိုမိုးဝေ၊ ဟဲလို...လို့ နှုတ်မဆက်တော့ဘူးလား"

သူ ခပ်မှုန်မှုန် မျက်နှာထားကို မပြင်ဘဲ...

"ဟဲလို...မင်္ဂလာ ညနေခင်းပါ" ဟု ခပ်ဆောင့်ဆောင့်နှုတ်ဆက်သည်။ သူမ တစ်ကွက်တော့ နိုင်သွားပြီ။ ကေသီ ချိုမြစွာ ပြုံးရယ်ရင်း ဧည့်ခန်းသေးသေးကလေးမှ ကုလားထိုင်တစ်ခုတွင် ဝင်ထိုင်လိုက်၏။ သူကတော့ စောစောက အလုပ်စားပွဲ ကုလားထိုင်မှာ စောစောက ပုံစံအတိုင်း ထိုင်၏။ ပြီးမှ ကေသီဘက်သို့ ကိုယ်တစောင်း လှည့်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ပါးပြင်မှာ အနည်းငယ် ပန်းသွေးရောင်လျှမ်းနေသောကြောင့် သူ ရှက်ရွံ့နာကြည်းဆဲဖြစ်ကြောင်း သူမ သေချာသွားသည်။

"ကိုယ်တို့ ဘာဆွေးနွေးကြမှာလဲ" သူ့အသံက တိုးတိတ်ခြောက်သွေ့လျက် မပြေပြစ်စွာ ထွက်ပေါ်လာသည်။

"အမှန်တရားအကြောင်းလေ"

ထို့နောက် သူမ လက်ပွေ့အိတ်ထဲမှ သူ့ပစ္စည်း သုံးခုကို ထုတ်ယူလိုက်သည်။

ကာတီယေ ရွှေရောင် မီးခြစ်ကလေး၊ ၁၄ လိပ်သာ ဝင်သော ဘာဂျီးနီးယား ပရုတ်အေး စီးကရက်ဘူးကလေး။ ထို့နောက် အီရစ်(ခ်)ဖရွမ်း၏ 'ချစ်ခြင်း၏ အနုပညာ' ကတ်ထူဖုံး စာအုပ်နက်ပြာရောင်ကလေး။ ထိုပစ္စည်းများကို ဆက်တီစားပွဲပေါ်တွင်စီလျက် တင်နေသော သူမကို သူက မျက်နှာထား ခပ်တင်းတင်းဖြင့် စိုက်ကြည့် လျက်ရှိ၏။

ထို့နောက် ကေသီက လက်ပွေ့အိတ်ထဲမှ မင်္ဂလာပွဲ ဖိတ်စာကလေးကို ထုတ်ယူလိုက်သည်။

ဖိတ်စာသည် ဆရာနှင့်ကေသီ၏ မင်္ဂလာဖိတ်စာ ဖြစ်သည်။ အများတကာ ဖိတ်စာတွေကို သမားရိုးကျ အရွယ်မျိုးမဟုတ်ဘဲ သေးသေးရှည်ရှည် ကန့်လန့် ဖိတ်စာကလေး ဖြစ်သည်။ ဖိတ်စာ၏ ဘယ်ဘက်အစွန်းမှာ အပေါက်နှစ်ပေါက်ဖောက်ထားပြီး ထိုအပေါက်နှစ်ခုထဲမှာ ရွှေရောင်ပိုးကြိုးသေးသေးကလေး ထိုးပြီး ချည်နှောင်ထားသည်။

သူမ မတ်တတ်ရပ်ပြီး သူ့ထံလျှောက်သွားကာ ထိုဖိတ်စာကလေးကို ကမ်းပေးလိုက်၏။

"အဲဒါ ဘာလဲ"



"ဒါ ဆရာဦးရန်နိုင်နဲ့ ကျွန်မ လက်ထပ်တဲ့ဖိတ်စာ။ ရှင်ဟာ အမှန်တရားကို မြတ်နိုးတဲ့လူဆိုရင် အဲဒီ ဖိတ်စာရဲ့ ရက်စွဲကို ကြည့်ချင်မှာပဲ"

သူမ အသံကို ဒေါသသံ မပါအောင် အတတ်နိုင်ဆုံး ချုပ်တည်းထား၏။ သူက နည်းနည်းမျှ မတွန့်ဆုတ်ဘဲ ဖိတ်စာ ကတ်ပြားကလေးကို လှမ်းယူသည်။

ကြွေစက္ကူကလေးပေါ်မှ ရွှေရောင် အသည်းကလေးနှစ်ခု ထပ်နေသည်ကိုလည်းကောင်း၊ မောင်ရန်နိုင်(မဟာဝိဇ္ဇာ)နှင့် မကေသီ (မဟာဝိဇ္ဇာ) ဆိုသော ရွှေရောင် စာလုံးကလေးများကို လည်းကောင်း မဲ့ပြုံးပြုံးလျက် ဖတ်ပြီးနောက် ရက်စွဲကို ကြည့်သည်။

၃-၂-၉၀ (စနေနေ့)

သူ့မျက်နှာ နည်းနည်းတော့ ပြောင်းလဲသွားသည်။ သို့သော် သူက ခပ်ကြောင်ကြောင် ကေသီ့ကို မော့ကြည့်၏။ ကေသီက သူ့ကုလားထိုင်ရှေ့မှာ မတ်တတ်ရပ်လျက် သူ့ကို ငုံ့ကြည့်နေလိုက်သည်။

"အမှန်တရားဆိုတာ ဘာလဲ"

"အဲဒါပဲပေါ့ ကိုမိုးဝေ။ ရှင် စွပ်စွဲသလို ကျွန်မဟာ အလျင်ကတည်းက အိမ်ထောင်ကျထားတဲ့ မိန်းမ မဟုတ်ဘူး။ ကျွန်မ ဖေဖော်ဝါရီလ ၃ ရက်နေ့ကမှ လက်ထပ်ခဲ့တာ။ ဒီတော့ ရှင့်စာထဲမှာ ပါတဲ့ လင်ရှိ မိန်းမတစ်ယောက်ရဲ့ ဖြားယောင်းမှုဆိုတဲ့ စကားကို အခုချက်ချင်းရုပ်သိမ်းပေးပါ"

သူမ ထိန်းချုပ်ထားလျက်က ဒေါသငွေ့နည်းနည်းပါသွား၏။

သူသည် အနည်းငယ် အနေရကျပ်ဟန်ဖြင့် တံတောင်ဆစ်အထက်ထိ ခေါက်တင်ထားသော ရှပ်အင်္ကျီလက်ကို ဖြေချသည်၊



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် တစ်ကြိမ်ပြန်၍ ခေါက်တင်ပြန်၏။ သူမ စိတ်မရှည်တော့ပါ။

"ဘယ်လိုလဲ ကိုမိုးဝေ၊ ရှင် အဲဒီစကားကို ရုပ်သိမ်းမပေးနိုင်ဘူးလား"

သူ ကေသီကို မော့ကြည့်၏။ သူ့ မျက်ဝန်းများမှာ တင်းမာဆဲ။ သူက စိတ်ရှုပ်ထွေးဟန်ဖြင့် မျက်မှန်ကိုချွတ်ပြီး အင်္ကျီအိတ်ထဲမှ လက်ကိုင်ပဝါ အဖြူခေါက်ကလေးဖြင့် မှန်ကို ပွတ်သုတ်သည်။ ထို့နောက် မျက်မှန်ကို ပြန်တပ်လိုက်၏။ သူ ပင့်သက်ရှိုက်လိုက်သံကို သူမ ကြားရသည်။

"ကောင်းပြီ၊ ကိုယ်ရုပ်သိမ်းပါတယ်။ လင်ရှိမိန်းမတစ်ယောက်ဆိုတဲ့ စကားအတွက် ကိုယ်တောင်းပန်တယ်။ ဒါပေမယ့် ဖြားယောင်းမှုဆိုတဲ့စကားကိုတော့ ကိုယ် ရုပ်သိမ်းပေးဖို့ မလိုဘူးလို့ ထင်တယ်၊ မှန်ရဲ့လား"

သူမ မျက်နှာနွေးခနဲ ပူသွား၏။ သို့သော် သူမ ရှက်ရွံ့စိတ်ကို ချက်ချင်း ကြိုးစား ဖယ်ထုတ်လိုက်သည်။ သူ နားလည်အောင် ဘယ်လိုရှင်းရမှာပါလိမ့်။

သူမ တွေဝေစွာ ငြိမ်သက်သွားသည်ကို သူက မျက်လုံးမှေးစင်းလျက်ကြည့်နေသည်။

"ကဲ… ကဲ အမှန်တရားကို မြတ်နိုးတဲ့ ဒေါ်ကေသီ၊ ကျွန်တော့်ကို အဲဒီအဖြေကလေး ပေးပါဦး"

ကေသီ နှုတ်ခမ်း တင်းတင်းစေ့ပစ်လိုက်သည်။

"မိန်းမတစ်ယောက်ကို မညှာမတာ ချောင်ပိတ် မေးခွန်းထုတ်ရက်တဲ့အတွက် ကျွန်မ ရှင့်ကို ချီးကျူးလိုက်ပါတယ် ကိုမိုးဝေ၊





ရှင်ပြောသလိုပဲ ဖြားယောင်းမှုဆိုတဲ့စကားကို ရှင် ရုပ်သိမ်းပေးဖို့ မလိုပါဘူး၊ ဒါပေမယ့်…"

သူမ သူ့ကို ငုံ့စိုက်ကြည့်ရင်း ရင်ထဲမှာ နာကျင်လာသည်။ သို့သော် သူမ အားတင်းလိုက်ပါသည်။ ဒါဟာ ကျွန်မနဲ့မောင်ရဲ့ နောက်ဆုံးတွေ့ဆုံခြင်းဖြစ်စေရမယ်၊ နောက်ဆုံးတွေ့တဲ့အချိန်မှာ လူတွေဟာ ဘာမှ ဟန်ဆောင်ဖို့မလိုဘူး။

"ဒါပေမယ့် ဖြားယောင်းမှုဆိုတဲ့ စကားရဲ့ အဓိပ္ပာယ်အကျယ်ကိုတော့ ရှင်စဉ်းစားကြည့်ဖို့ လိုလိမ့်မယ်။ ရွေးချယ်ခွင့် သိပ်နည်းတဲ့ မိန်းမသားတွေရဲ့ဘဝမှာ တတ်နိုင်သမျှ ကြိုးစားအားထုတ်မှုကို ဖြားယောင်းမှုလို့ ရှင် နာမည်တပ်ရက်တဲ့အတွက်လဲ ကျွန်မ ရှင့်ကိုချီးကျူးပါတယ်"

မထင်မှတ်သော ဖွင့်ဟဝန်ခံမှုကြောင့် သူ ငြိမ်သက်စွာ တွေဝေသွား၏။

သူထံမှ ရေမွှေးနံ့နှင့် ကိုယ်နံ့ ရောနေသည့်အနံ့ သင်းသင်းကလေး ကို သူမ ဂရုမပြုဘဲ မနေမိအောင် သူမတို့နှစ်ယောက် နီးကပ်လျက်ရှိကြောင်း သတိထားမိသောအခါ သူမ နောက်သို့ တစ်လှမ်းဆုတ်လိုက်ပါသည်။ ထို့နောက် သူမ၏စကားကို ဆက်လိုက်သည်။

"ဘာပဲဖြစ်ဖြစ် လိုအင်ဆန္ဒတစ်ခုကြောင့် တတ်နိုင်သမျှ ကြိုးစားအားထုတ်ရတဲ့ အလုပ်ကို ဖြားယောင်းမှုလို့ နာမည်တပ်ရင်တောင် မိန်းမတွေရဲ့ ဖြားယောင်းမှုဟာ အပြစ်ကင်းပါတယ်။ အနည်းဆုံး အသိအမှတ်ပြု ချီးကျူးဖို့တော့ ကောင်းတယ်"

သူ ဝုန်းခနဲ မတ်တတ်ရပ်လိုက်၏။

"ဘာ ၊ ချီးကျူးဖို့ကောင်းတယ်၊ ဟုတ်လား။ သိပ်ချီးကျူးသင့်တာပေါ့ ကေသီ။ မင်း ပြန်သွားတဲ့နောက် ရန်ကုန်မှာ ကိုယ်ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



ကျန်ခဲ့တယ်ဆိုတာ ဘုရားမှ သိမှာပဲ၊ ကိုယ့်ရဲ့ အနည်ထိုင်ခါစဘဝကို လှုပ်ခတ်သွားအောင် ဆွပေးခဲ့တဲ့ မင်းရဲ့ အဲဒီအပြစ်ကင်းတဲ့ ဖြားယောင်းမှုကို ကိုယ် တကယ် ချီးကျူးပါတယ်"

ပေါက်ကွဲစွာ လက်ဝှေ့ယမ်းလျက် အော်ဟစ်လိုက်သော သူ့မျက်နှာကို ကေသီ ကျေနပ်မှုတစ်ဝက် ဝမ်းနည်းမှုတစ်ဝက်ဖြင့် ငေးစိုက်ကြည့်နေမိသည်။ ဒါဖြင့် မောင် ကျွန်မကို ချစ်မြတ်နိုးတယ်ပေါ့။ အနည်းဆုံး မောင် ချစ်မြတ်နိုးလာအောင် ကျွန်မ စွမ်းဆောင်နိုင်ခဲ့တယ်ပေါ့။

သူမ၏ မျက်နှာမှ အမူအရာကို သတိထားမိသွားသော သူသည် ဖြုန်းခနဲ ပြန်လည်ငြိမ်သက်သွား၏။ ပန်းသွေးရောင် လျှမ်းသော သူ့ပါးပြင်များမှာ ဖြူသွားလိုက် နီလာလိုက် အမျိုးမျိုး ပြောင်းလဲနေလေသည်။

"ဆောရီး၊ ဒီစကားကို ကိုယ် မပြောသင့်ဘူး"

သူ့အသံသည် တိုးတိတ်သွားပြီး လက်ကိုင်ပဝါဖြင့် မျက်နှာကို အထပ်ထပ်အခါခါ သုတ်နေတော့သည်။ သူမ သူ၏ စိတ် ကျဉ်းကျပ်သွားမှုကို ညှာတာဖို့ သတိမရဘဲ မေးခွန်းတစ်ခု မေးလိုက်၏။

"ကိုမိုးဝေ နောက်တစ်ပတ် မြန်မာနိုင်ငံက ထွက်မယ်လို့ ကိုခင်မောင်ဇော်က ပြောတယ်။ ကျွန်မ မေးခွန်းတစ်ခု မေးချင်တယ်။ ဖြေမလား"

သူ စားပွဲရှေ့မှာ ခပ်ငိုင်ငိုင်ရပ်လျက် ခေါင်းညိတ်၏။

"မန္တလေးကို ရောက်တုန်းက ကျွန်မဆီကို ဝင်လာတာဟာ တကယ်ပဲ စာအုပ်ငှားဖို့လား"

သူ့ မျက်နှာ ရဲခနဲ နီသွား၏။





အလှည့်ကျတော့ မန္တလေးကြစတမ်းနော် မောင်၊ မောင် အမှန်အတိုင်းဖြေ။

"ဒါကိုသိရတော့ ကိုယ်တို့နှစ်ယောက်အတွက် ဘာတွေများ ထူးခြားပြောင်းလဲသွားမှာမို့လဲ ကေသီ"

ကြည့်။ သူခေါင်းရှောင်ပြီ။

"ထူးခြားတာပေါ့ ကိုမိုးဝေ၊ အရှုံးနဲ့ မန္တလေးကို ပြန်သွားရတယ်လို့ စိတ်ထဲမှာ စွဲနေတဲ့ မိန်းမတစ်ယောက်ဟာ ရှုံးတာမဟုတ်ဘဲ သရေဖြစ်သွားတယ်ဆိုရင် သူ ပျော်နိုင်မှာပေါ့"

သူ သူမကို ဖျတ်ခနဲ လှည့်ကြည့်သည်။ သူ့မျက်ဝန်းများမှာ မှုန်မှိုင်းလျက်ရှိပြီး နှုတ်ခမ်းက မဲ့မဲ့ကလေး ပြုံးနေ၏။ သူ့ မျက်ဝန်းများမှာ မညာတတ်သူတစ်ယောက် ညာဖို့ ကြိုးစားနေသော မျက်ဝန်းများ ဖြစ်သည်။

"တကယ်ပဲ အဲဒီစာအုပ် လာငှားတာပါ ကေသီ၊ တခြားဘာကိစ္စများ ရှိသေးလို့လဲ"

မောင် တကယ် ညာပြောရက်လေသည်။ သူမ သူ့ကို စူးစူးဝါးဝါး ကြည့်ပစ်လိုက်၏။

"ကောင်းပြီ၊ ကျွန်မ သိချင်တာ ဒါပါပဲ၊ ကျွန်မ ပြန်တော့မယ်"

သူမ ချာခနဲ လှည့်လျက် ဆက်တီစားပွဲပေါ်က လက်ပွေ့အိတ်ကို ခပ်မြန်မြန်ကောက်ယူကာ တံခါးဆီလျှောက်သွားလိုက်သည်။

"ကေသီ"

သူမ လှည့်မကြည့်ပါ။ သို့သော် သံဆွဲတံခါးအနီးတွင် တုံ့ခနဲ ရပ်လိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



"အမှန်တရားဆိုတာ တစ်ချိန်မှာ တန်ဖိုးရှိပေမယ့် တစ်ချိန်မှာ တန်ဖိုးမဲ့တဲ့အပြင် အကျိုးယုတ်စေတတ်တာမျိုး ရှိတယ် ကေသီ။ ကေသီ့စိတ်ကိုလျှော့ပြီး ခဏပြန်ထိုင်ပါ။ ကိုယ်တို့နှစ်ယောက် အကျိုးရှိတဲ့ စကားတွေ ဆက်ပြောကြရအောင်"

သူ့ အသံက အဝေးကြီးမှ လာနေသလို တိုးတိုးကလေးဖြစ်သော်လည်း အင်အားများစွာပါ၏။ သူမ ဖြည်းဖြည်းလှည့်ကြည့်လိုက်သောအခါ စားပွဲနားမှာ မတ်တတ်ရပ်လျက် သူမ ရှိရာသို့ လှမ်းကြည့်နေသော ကိုမိုးဝေ၏ မျက်လုံးညိုများကို ရင်ဆိုင်လိုက်ရသည်။

"အကျိုးရှိတဲ့ စကား၊ ဟုတ်လား ကိုမိုးဝေ"

သူမ စိတ်လိုက်မာန်ပါ သူ ရှိရာသို့ လျှောက်သွားခိုက် သူက မပွင့်တပွင့်ပြုံးကာ သူမထံ လျှောက်လာသည်။ မောင့်ဆီကို လာတာ အကျိုးရှိတဲ့ စကားတွေပြောဖို့လာတာမှ မဟုတ်ဘဲ။

"ဘယ်သူ့အတွက် အကျိုးရှိမယ့်စကား အလျှင်ပြောမလဲ။ ကောင်းပြီ၊ ရှင့်အတွက် အကျိုးရှိမယ့်စကား အလျှင်ပြောရအောင်"

သူမစကားထဲမှ သရော်တော်တော် လေသံကို သူ မသိချင်ဟန်ဆောင်၍ မရပါ၊ သူ့မျက်နှာ နည်းနည်း ညိုသွား၏။

"ပထမဦးဆုံး ပြောရမှာကတော့ ကနေဒါနိုင်ငံက အလွန်အေးတဲ့အကြောင်းပဲလေ။ အနုတ်တစ်ဆယ်ဒီဂရီ စင်တီဂရိတ် ရောက်အောင် အေးတာဆိုတော့ ရှင်အဲဒီကိုသွားရင် သက္ကလတ် အထူစားဘောင်းဘီတွေ သိုးမွေးချည်နဲ့ထိုးတဲ့ အထူစားအင်္ကျီတွေကို အများကြီး သယ်သွားဖို့ မမေ့နဲ့ သိလား။ အခု မတ်လဆိုတော့ စနိုးဘု(တ်)(စ်)တွေဘာတွေတော့ ချက်ချင်းလိုမှာ မဟုတ်ဘူး။ ဒါပေမယ့် ခြေအိတ်အထူစားတွေ"

"ကေသီ"





အနားရောက်လာသော သူက စကားဖြတ်ဖို့ ကြိုးစားသည်ကို ကေသီ ဂရုမစိုက်ဘဲ ခပ်မဲ့မဲ့ပြုံးလျက် ဆက်ပြော[င်] ကြိုးစားမိ၏။

"တိုရန်တိုက စက်ရုံအလုပ်သမား တော်တော်များများက သိပ်ရိုင်းတယ်တဲ့၊ ဘုရားသိကြားမလို့ ရှင့်ကိုအပွိုင့်မင့်(တ်)ပေးတဲ့ ကွန်ပျူတာဌာနမှာ ဝန်ထမ်းတွေ မရိုင်းစိုင်းပါစေနဲ့လို့ ဆုတောင်းရမှာပဲ။ ဘာဖြစ်လို့လဲဆိုတော့ ရှင်က ဒေါသကြီးကြီးနဲ့ မိန်းမတစ်ယောက်ကို ပါးရိုက်ဖို့ကြိုးစားတာသာ တတ်မယ့်လူ ကြမ်းတမ်းတဲ့လူမျိုးစုံတွေနဲ့ ရင်ဆိုင်ရန်ဖြစ်ဖို့ကျတော့..."

"ကေသီ တစ်ဆိတ် ကျေးဇူးပြုပြီး ကိုယ်ပြောတာနားထောင်စမ်းပါကွာ"

တုန်လှုပ်သော သူ့လေသံ ခပ်ပျော့ပျော့ကြောင့် သူမ တင်းဆည်ထားသော နာကြည်းမှုများကို လျှော့ချပစ်လိုက်သောအခါ ဒူးများ ခွေညွှတ်ကျလုမတတ် ဖြစ်သွား၏။ သူမ အားတင်းကာ မတ်တတ်ရပ်လျက် မျက်နှာချင်းနီးကပ်စွာရှိနေသော သူ့မျက်လုံး[များ]ကို ရဲရင့်စွာ စိုက်ကြည့်လိုက်သည်။

"ကဲ ဒါဖြင့် ပြောတော့ ကိုမိုးဝေ။ နှစ်ယောက်လုံး အကျိုးရှိမယ့် စကား"

သူ့ မျက်ဝန်းညိုများမှာ အရောင်လဲ့လျက် [သူမ]ကိုငေးမော စူးစမ်းနေကြသည်။ သူ စကားစပြော၏။

"အလွန်ဆိုးရွားတယ်ဆိုတဲ့ ခံစားမှု [ဝေ]ဒနာတွေဟာ ဆင်ခြင်တုံ တရားနဲ့ ပေါင်းလိုက်တဲ့အခါ တော်တော်[က]လေး ဖြေသာသွားတတ်တယ် ကေသီ။ အဲဒါကို မယုံမရှိနဲ့၊ ကိုယ် ကို[ယ်]တိုင် အဲဒီလိုနည်းနဲ့ ခံစားမှုကို ဖြေသိမ့်ခဲ့ရတယ်"

သူမ ပြုန်းဆို ဟက်ဟက်ပက်ပက် ရယ်မော[လိုက်]မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခံစားမှု ဟုတ်လား။ ရှင့်ရဲ့ ခံစားမှုလား၊ ရှင်က ခံစားတတ်တယ်ပေါ့"

သူ့မျက်နှာ ဖြူဖွေးသွား၏။

"မသရော်နဲ့ ကေသီ၊ ကိုယ်က မင်းဘဝကို နှစ်သိမ့်တတ်အောင် ပြောမလို့ပါ" ထိုစကားကြောင့်ပင် ချုပ်တည်းထားရသော ဒေါသများ ပွင့်ထွက်သွား၏။

"အို... တယ်ဟုတ်ပါလား။ ကျေးဇူးအများကြီးတင်ပါတယ် ကိုမိုးဝေ။ ဒါပေမယ့် ကျွန်မကသတ္တိရှိပါတယ်။ ရှင့်လို သူရဲဘောကြောင်တဲ့လူ မဟုတ်ဘူး။ တွန့်ဆုတ်တဲ့လူ မဟုတ်ဘူး။ အကျိုးမဲ့တာတွေ အကျိုးရှိတာတွေနဲ့ သွယ်ဝိုက်ကွေ့ပတ်ပြီး ကိုယ့်ခံစားချက်ကို ရှောင်တိမ်းမပစ်တတ်ဘူး၊ နားလည်လား။ လွန်ခဲ့တဲ့ ဇန်နဝါရီ တစ်လလုံး ဘာကိုမျှော်လင့်ပြီး ကျွန်မ သွေးရူးသွေးတန်း ဖြစ်နေခဲ့သလဲ၊ ရှင်သိချင်မှာမဟုတ်ဘူး။ အဲဒီအချိန်မှာ ရှင်ဘာအကျိုးရှိတဲ့ အလုပ်တွေ လုပ်နေတယ်ဆိုတာလဲ ကျွန်မ မသိချင်ဘူး"

သူမ စိတ်ရှိလက်ရှိ အော်ဟစ် ရန်တွေ့ပြီးသော အခါကျမှ ထိန်းချုပ်ဖို့ သတိရသွား၏။ သို့သော် သူမ အလွန်များယွင်းသွားမှန်း နောက်ကျမှ သိရသည်။ ပြည့်လျှံလာသော မျက်ရည်များကို သူ့ မမြင်အောင် ချာခနဲနောက်သို့ လှည့်ပစ်လိုက်၏။

သူသက်ပြင်း ရှိုက်လိုက်သံကို သူမ ကြားရသည်။ထို့နောက် သူ့အသံ ညင်ညင်သာသာကလေး ထွက်ပေါ်လာ၏။

"ကိုယ့်စကားက မင်းကို ထိခိုက်သွားတယ်ဆိုရင် ကိုယ်ဝမ်းနည်းပါတယ် ကေသီ"

ဝမ်းနည်းရင် လဲသေလိုက်ပါလား မောင်။





"ဒါပေမယ့် ခံစားချက်ကို ရှောင်တိမ် မပစ်လို့ ကိုယ်ဘာလုပ်ရမှာလဲ။ ဘာနည်းလမ်းတွေ ရှိသေးလို့လဲ။ အားလုံးနောက်ကျသွားပြီ မဟုတ်လား။ မင်းက ဘယ်လိုဖြစ်စေချင်လို့လဲ။ မင်း ကိုယ့်ကို ဘယ်လို ပုံစံနဲ့ မြင်ချင်နေလို့လဲ။ ကိုယ့်ခံစားချက်ကို မင်းရှေ့မှာ ဖွင့်ထုတ်ပြီး ငိုပြရမှာလား။ အဲဒီလို ငိုပြရုံနဲ့ ကိုယ်တို့နှစ်ယောက်ကြားက တံတိုင်း ကြီးပြိုလဲသွားမယ်ဆိုရင် ကိုယ်မရှက်မကြောက် ငိုပြမှာပေါ့။ ဒါပေမယ့် အခုအချိန်မှာ ဆင်ခြင်တုံတရားတစ်ခုသာ မရှိရင် ရူးသွပ်သွားနိုင်တဲ့ လူတစ်ယောက်ကို မင်း မရယ်မောသင့်ပါဘူး"

သူ့အသံသည် တဖြည်းဖြည်း တိုးဝင်အက်ကွဲကာ နောက်ဆုံး၌ တိမ်ဝင်သွား၏။

သူမ သူ့ဘက်သို့ လှည့်ကြည့်လိုက်သောအခါ စိုလက်သော မျက်ဝန်းညိုများ၏ ညှိုးငယ်မှုကို ပထမဆုံးအကြိမ် မြင်တွေ့လိုက်ရသည်။ သူသည် ဖြူဖျော့ဖျော့ ဂျင်းဘောင်းဘီ၏ ဘေးအိတ်နှစ်ဘက်ထဲသို့ လက်နှစ်ဘက် ထိုးသွင်းလျက်က သူမထံမှ မျက်စိလွှဲကာ ကြမ်းပြင်ကိုစိုက်ကြည့်လိုက်သည်။

"ကျွန်မ ကျွန်မစိတ်မကောင်းပါဘူး ကိုမိုးဝေ"

သူမသည် အသံကို တည်ငြိမ် ရဲရင့်အောင် ဘယ်လိုမှ ကြိုးစားမရဘဲဖြစ်နေ၏။

"တစ်ယောက်ကို တစ်ယောက် အပြစ်ဖို့နေတာတွေကို ရပ်လိုက်ကြရအောင် ကေသီ"

သူ သူမကို ပြန်ကြည့်လိုက်သောအခါ နှုတ်ခမ်းကအနည်းငယ်ပြုံးရန် အားယူထားလျက် အပြုံး မပီပြင်သည်ကို ကေသီ မြင်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်တို့နှစ်ယောက်လုံး မှားခဲ့ကြတာပဲ။ ကိုယ့်အမှားက ကိုယ့်ရဲ့ ထိန်းချုပ်နိုင်စွမ်းအားအပေါ် အထင်ကြီးပြီး ကိုယ်မထိန်းချုပ်နိုင်ဘူးဆိုတာကို အချိန်လွန်မှ သိခဲ့ရတဲ့ အမှားပဲ"

ကျေးဇူးတင်ပါတယ် မောင်ရယ်။

"ကေသီ အမှားကတော့ ကိုယ်ထင်တာ ပြောရရင် ယောကျ်ားတစ်ယောက်ကို မျက်စိမှိတ်ပြီး လက်ထပ်ခဲ့မိတဲ့ အမှားပဲ"

ကျွန်မ မောင့်ကို နှစ်လတိတိ အခွင့်အရေးပေးခဲ့သားပဲ၊ မောင်ရှောင်ခဲ့တယ်လေ။

"တစ်နည်းပြောရရင် မင်းလဲမင်းရဲ့ ထိန်းချုပ်နိုင်စွမ်းအား အပေါ် အထင်ကြီးလွန်းခဲ့တယ်လို့ ကိုယ်ထင်တယ်"

သူမ ခေါင်းငုံ့လိုက်သောအခါ ပြည့်လျှံနေသော မျက်ရည်များ တစ်ပေါက်ချင်း ကျသွားလေသည်။

"ဒီကိစ္စမှာ ကိုယ့်ကိုယ်ကို အပြစ်မတင်ရက်ကြရင် ကံကြမ္မာကို အပြစ်တင်ဖို့ပဲ ရှိတော့တာပဲ"သူ့စကားသံက နည်းနည်းတည်ငြိမ်လာသည်။ သူမ သူ့ကို မျက်ရည်ကြားမှ မော့ကြည့်လိုက်သောအခါ စိုလက်သော မျက်ဝန်းများ၏ ရိဝေမှုန်မှိုင်းမှုကို ကြင်နာဖွယ်ရာ မြင်တွေ့နေရသည်။ သူက သူ့အကျႌအိတ်ထဲမှ လက်ကိုင်ပဝါခေါက်ကို ထုတ်ပေးပြီး ပြုံးပြ၏။

သူမ လှမ်းယူလျက် ပါးနှစ်ဘက်က မျက်ရည်စများကို ခပ်ဖွဖွ ထိသုတ်လိုက်ပါသည်။

"ကိုယ်တို့အဖြစ်မှန်အတိုင်း မညာမတာ ပြောကြည့်ကြရအောင် ကေသီ။ ကိုယ်တို့နှစ်ယောက်ဟာ တစ်ယောက်ရဲ့ ဂုဏ်သိက္ခာတွေကို တစ်ယောက်က ဖျက်ဆီးခြေမွပစ်ဖို့သက်သက် တွေ့ခဲ့ဆုံခဲ့ကြ





တာပဲ။ တစ်ယောက်ကိုတစ်ယောက် အပြစ်ပေးဖို့ သက်သက် တွေ့ခဲ့ကြတာပဲ။ ဒါကို မင်းလက်ခံရမယ်နော်"

သူမ ခေါင်းညိတ်လိုက်ပါသည်။

သူမ သူ့ကို ငေးမောကြည့်နေခိုက် သူကလည်း သူမကို ငေးမောကြည့်နေတာမြင်ရသည်။

ထို့နောက် နာကျင်မှုကြားမှ ရှန်းလက်နေသော မျက်ဝန်းညိုများသည် တဖြည်းဖြည်းပြုံးလာကြ၏။ သူမ သူ့ကို ပြန်လည်ပြုံးပြဖို့ အားယူလျက် မပြုံးနိုင်ဘဲ ကြေကွဲစွာ ရပ်တန့်နေမိသည်။ ထို့နောက် ဖြူန်းခနဲပင် နှစ်ယောက်သား နောက်သို့တစ်လှမ်းစီ ဆုတ်ခွာလိုက်ကြ၏။

"ဆရာ ဦးရန်နိုင် မပါလာဘူးလား"

သူမတို့နှစ်ယောက်လုံးကို လက်တွေ့ဘဝထဲသို့ ဆွဲခေါ်လိုက်သော သူ့စကားသံသည် ထစ်ငေါ့စွာ ထွက်ပေါ်လာသည်။ သူမ သူ့ကို စူးစူးရဲရဲကြည့်ကာ ခေါင်းယမ်းလိုက်သည်။

"သူ နောက်တစ်ပတ်မှ လိုက်လာလိမ့်မယ်။ ကျွန်မ တာစစ်ဖို့ သက်သက်လာတာ"

"ဩော်...ဘယ်မှာစစ်ရတာလဲ"

"ရာမညမှာပေါ့၊ ကျွန်မ ရန်ကုန်ရောက်နေတာ နှစ်ပတ်နီးပါးရှိပြီ။ ဒီနေ့တစ်ရက်ပဲ နားရတယ်။ နောက်ရက်တွေလဲ ညနေငါးနာရီအထိ အားမှာ မဟုတ်ဘူးလေ။ ဒီတော့ ရှင် ထွက်ခွာမယ်ဆိုတဲ့ ဧပြီလ ၅ ရက်နေ့ကို အခုကတည်းက ကျွန်မ နှုတ်ဆက်လိုက်ပါတယ်။ ဩော်...မေ့လို့"

သူမ သတိရသွားပြီး ယခုတိုင်ပွေ့ထားဆဲ ဖြစ်သော လက်ပွေ့အိတ်ထဲမှ စိပ်ပုတီးကလေး တစ်ကုံးကို ထုတ်ယူလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ကျွန်မ ဆယ်တန်းကတည်းက ကိုင်လာခဲ့တဲ့ စိပ်ပုတီးကလေးလေ။ နံ့သာဖြူသားနဲ့ ထွင်းထားတာ။ နောက်ပြီးသိမ်ဝင်ပြီးသား စိပ်ပုတီး"

သူ့ကို ကမ်းပေးလိုက်တော့ သူ ကြောင်တောင်တောင်ပြုံးလျက် လှမ်းယူသည်။

"ရှင် ဗုဒ္ဓဘာသာ မဟုတ်လား။ ဒီစိပ်ပုတီးဟာ ရှင့်အတွက် နိုင်ငံခြားမှာ အသုံးဝင်ပါလိမ့်မယ်။ ကျွန်မ ရှင့်ကို ဘာလက်ဆောင်ပေးရမလဲလို့ ခဏခဏ စဉ်းစားတယ်။ လင်ရှိ မိန်းမတစ်ယောက်အနေနဲ့ ပေးလို့သင့်တော်မယ့် ပစ္စည်းမျိုးပေါ့"

သူသည် သူ့မျက်နှာကွက်ခနဲပျက်သွားသည်ကို ဟန်ဆောင်ဖို့ မကြိုးစားဘဲ စိပ်ပုတီးကလေးကို လက်ဖြင့် ထိတို့ ကြည့်နေလေသည်။

"ပထမတော့ ဟိုလ်ဒါလင် စာအုပ်ကို လက်ဆောင်ပေးမလို့ပဲ၊ ရည်ညွှန်းချက်တောင် ရေးပြီးပြီ"

ကျွန်မ မတတ်တဲ့ ဂျာမန်ဘာသာစကားနဲ့ပေါ့။ အဲဒီစာအုပ်က ဂျာမန်လို တစ်ပိုဒ် အင်္ဂလိပ်လို တစ်ပိုဒ်ဆိုတော့ ဖတ်ပါများလာတော့ အသုံးအနှုန်းတွေ သဒ္ဒါတွေကို မတောက်တခေါက်တော့ ရိပ်မိသွားတာပဲ။

"ဒါပေမယ့် ဒါဟာ မလိုအပ်တဲ့ ဇာတ်ဆန်မှုပဲဆိုတာ ကျွန်မ အချိန်မီ သိလိုက်တယ်လေ"

သူ တော်တော်ကြာအောင် ငြိမ်သက်နေပြီးမှ 'ကျေးဇူးတင်ပါတယ်' ဟူသော စကားကို အားယူ၍ပြော၏။

"ကိုယ့်အတွက် အလွန်လိုအပ်ပြီး အသုံးဝင်မယ့် ပစ္စည်းကို လက်ဆောင်ပေးတာ ကိုယ်သိပ်ကျေးဇူးတင်တယ်" ဟု ထပ်ပြောပြန်၏။





"ဒါနဲ့ ဒီဖိတ်စာကို ကိုယ့်ကို ကနေဒါအထိ ယူသွားစေချင်သလား"

သူမ ကမန်းကတန်း ခေါင်းယမ်းပစ်လိုက်ပြီး သူ့စားပွဲပေါ်တင်ထားဆဲဖြစ်သော ဖိတ်စာကလေးကို သွားယူလိုက်သောအခါ သူက 'ကျေးဇူးတင်ပါတယ်' ဟု တိုးတိတ်စွာ ရေရွတ်ပြန်၏။

"လူတွေဟာ ကိုယ့်အရှုံးကိုယ် ဘယ်တော့မှ ပြန်မမြင်ချင်ကြဘူး ကေသီ"

သူက သူမရှိရာ စားပွဲသို့ လျှောက်လာသည်။ သူ့ကိုယ်သင်းနံ့ သင်းသင်းကလေးသည် သူမ၏ အာရုံများကို ရီဝေသွားအောင် ပြုစားလျက်ရှိ၏။

"ဒါနဲ့ မင်းဂီတကို ဝါသနာပါတယ်လို့ ကိုယ်ထင်တယ်"

သူမ လှည့်မကြည့်ဘဲ ခေါင်းညိတ်ပြလိုက်ပါသည်။

"ဒီတော့ ကိုယ် မင်းကို တိပ်ခွေသုံးခု အမှတ်တရ အဖြစ် လက်ဆောင်ပေးခဲ့မယ်။ နိုင်ငံခြားမှာ လွယ်ပေမယ့် မြန်မာနိုင်ငံမှာ ဝယ်ဖို့ခက်တဲ့ တိပ်ခွေတွေ"

ထို့နောက် စားပွဲပေါ်က စာအုပ်ပုံကြားမှာ သူ ဖွ , ရှာလျက် သူမထံ ထိုတိတ်ခွေများကမ်းပေးလေသည်။ ဘီထိုဗင်၏ ဆင်ဖိုနီကိုးခု။ မိုးဇာ့ (တ်) ဂရိတ်တက် (စ်) ဟစ် (တ်) (စ်)၊ ရှိုပင် ။

"အဲဒီတိပ်ခွေတွေပေါ်မှာ ကိုယ့်လက်ရေးတွေ ရှိ မနေစေချင်ဘူး မဟုတ်လား"

သူ မပြုံးမရယ်ဘဲ မေးသောအခါ သူမ ခေါင်းညိတ်ပြလိုက်ပါသည်။

"ရှင်ပြောသလိုပဲ ကျွန်မလဲ ကျွန်မအရှုံးကို ပြန်မမြင်ချင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူ တိုးတိုးတိတ်တိတ် ရယ်မောလေသည်။

"မင်းမရှုံးပါဘူး ကေသီ၊ ကိုယ်ရှုံးတာပါ။ ကိုယ်ဘယ်လောက်ထိရှုံးသလဲဆိုရင် ကနေဒါရောက်ရင် အင်မီဂရဲင့်(တ်) အဖြစ်ပြောင်းလျှောက်ဖို့ ကိုယ်စဉ်းစားမိရလောက်အောင် ရှုံးလိုက်တာပါ။ မြန်မာနိုင်ငံကို ကိုယ်သိပ်ချစ်လျက်နဲ့တောင် အဲဒီလောက်အထိ စိတ်ကူးမိတယ်လို့ ကိုယ်ဝန်ခံရင် မင်းကိုယ့်အရှုံးကို နားလည်နိုင်ပါလိမ့်မယ်"

သူမ သူ့ထံမှ မျက်နှာလွှဲလိုက်မိသည်။ စားပွဲပေါ်မှ စာအုပ်ပုံများကိုကြည့်ရင်း စာအုပ်အနှောင့်မှ နာမည်များကို လိုက်ဖတ်နေလိုက်ခြင်းဖြင့် မိမိ၏ကြေကွဲမှုကို မသိချင်ယောင်ဆောင်နေရပါသည်။

"ဒီတော့ စစ်ရှုံးတဲ့လူတစ်ယောက်က ပေးတဲ့ စစ်လျော်ကြေးကို မင်းဂုဏ်သရေရှိရှိ လက်ခံလိမ့်မယ်လို့ ကိုယ် မျှော်လင့်ပါတယ်"

သူမ ဇဝေဇဝါဖြင့် သူ့ကို လှည့်ကြည့်လိုက်တော့ သူက မပွင့်တပွင့်ပြုံးလျက် သူ့နာရီကြိုးပေါ်မှ သံလမ်းပုံ ရွှေကြိုးကလေးကို ဖြုတ်ယူလိုက်တာကို မြင်ရ၏။ သူမ ခပ်ကြောင်ကြောင်ငေးမောနေသောအခါ သူက ထိုကြိုးကလေးကို တန်းလန်းဆွဲလျက် သူမဆီကမ်းပေးသည်။

"ယူလေ"

သူမသည် ညို့ငင်ခြင်းကို ခံထားရသူ တစ်ယောက်ပမာ တွန့်ဆုတ်စွာ လှမ်းယူလိုက်၏။

"ဒါ ကျွန်မ ဘာလုပ်ရမလဲ"

"ဝတ်ရမှာပေါ့"

သူမ ဘယ်လက်လက်ဖျံ တွင်ပတ်ရန် ဟန်ပြင်ခိုက် သူက 'မဟုတ်ဘူး' ဟု ငြင်းလိုက်သဖြင့် ကြောင်သွား၏။ သူမကို ကြည့်နေသော သူ့မျက်ဝန်းများမှာ ထူးခြားစွာ စိုလက်နေလေသည်။





"ကျေးဇူးပြုပြီး မင်းရဲ့ ဘယ်ဘက် ခြေချင်းဝတ်မှာ ဝတ်လိုက်ပါ" ဟု အင်္ဂလိပ်လို ပြောသည်။

"အို..."

သူက သူမအနီးမှ ဆုတ်ခွာပြီး သံဆွဲတံခါးကို အကျယ်ကြီး ဆွဲဖွင့်ပေးလိုက်၏။ ထို့နောက် သူမကို ကျောပေးပြီး အကြာကြီး ငြိမ်သက်စွာ ရပ်နေသည်။

သူမသည် မျက်နှာကို ခပ်ရွှင်ရွှင် ဖြစ်အောင် ပြင်လျက်

"ရှင်ဟာ ကျွန်မကို ဂုဏ်ပြုလိုက်တာပါ" ဟုသော ဂျာမန်စကားဖြင့် လှမ်းပြောလိုက်မိသည်။

သူ ချာခနဲ လှည့်လာ၏။ ကျွန်မရဲ့ အမှားမှား အယွင်းယွင်း ဂျာမန်စကားဟာ မောင့်ကို ကြေကွဲမှုကနေ အံ့သြမှုဆီ ရောက်အောင် ဆွဲခေါ်လိုက်နိုင်ပါစေလို့ ကျွန်မ ဆုတောင်းပါတယ်။

မျက်မှန်အောက်မှ မျက်ဝန်းများ စောစောကလို စိုမနေဘဲ သွေ့ခြောက်သွားကြပြီ။ သူ သူမထံ လျှောက်လာ၏။ "ကျွန်မရဲ့ အသံထွက်တွေ တော်တော်မှ ညံ့ရဲ့လားဟင်"

"အင်း တော်တော်ညံ့တယ်၊ ဂျာမန်စကားလို့ မသိနိုင်လောက်အောင် ညံ့တယ်"

သူမ ယနေ့အဖို့ ပထမဦးဆုံးအကြိမ် အပြစ်ကင်းစင်စွာ ရယ်လိုက်၏၊ သူ လုံးဝ လိုက်မရယ်ပါ။

သူမ လက်ပွေ့အိတ်ကို ပခုံးမှာ လွယ်လိုက်သောအခါ သူက သူမ ထွက်သာရန် ဘေးဆုတ်၍ လမ်းဖယ်ပေးသည်။

"ဒါနဲ့ ကျွန်မတို့နှစ်ယောက်ကြားမှာ ဘာအာယာတတွေ များ ရှိသေးပါလိမ့်"

သူ မရယ်မပြုံး ခေါင်းယမ်းသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်တို့ နှစ်ယောက်ကြားမှာ ဘာအာယာတမှ မရှိတော့ပါဘူး ကေသီ" သူ့အသံ အဖျားဆွတ်၍ တိမ်ဝင်သွားသည်ကို သူမ မသိကျိုးကျွန် ပြုလိုက်၏။

"ဒါဖြင့် ကျွန်မ သွားမယ်၊ ကနေဒါမှာ၊ နောက်ပြီး စကော့တ်လန်မှာ ရှင် ကံကောင်းပါစေ"

သူမ လှည့်ထွက်လာသည်အထိ သူ့စကားသံ လုံးဝ မထွက်လာချေ။ သံဆွဲတံခါးကို သူမဘာသာ ပြန်ဆွဲစေပေးခိုက် သူက ချာခနဲ လှည့်ထွက်သွားကာ စားပွဲရှေ့က ကုလားထိုင်မှာ စောစောက ပုံစံအတိုင်း သူမကို ကျောပေး၍ထိုင်လိုက်သည်။

ထို့နောက် စားပွဲပေါ် တံတောင်ဆစ်နှစ်ဘက်ထောက်ကာ ဖြန့်ထားသော လက်ဖဝါးနှစ်ဘက်ပေါ်သို့ မျက်နှာကို ငုံ့ချလိုက်တော့သည်။

သူမ သံဆွဲတံခါး အပြင်ဘက်မှာ ခဏရပ်လျက် တွေဝေသွားပြီးနောက် ခေါင်းတစ်ချက်ခါယမ်းပစ်လိုက်ကာ အထက်လမ်းဘက်သို့ လှည့်ထွက်လာခဲ့သည်။ ခြေလှမ်း တစ်လှမ်း လှမ်းတိုင်း တစ်စုံတစ်ခုနှင့် လေးပင်စွာ ချည်နှောင်ထားသလို ခံစားရလေသည်။

၍ ၍ ၍



## အခန်း ၄း

ခွက်ကို ငါ့ဆီ မင်းကိုယ်တိုင် ကမ်းလိုက်ပါ။ မြင့်မြတ်တဲ့ ကယ်ဆယ်မယ့် အဆိပ်ကို လုံလောက်စွာ ငါသောက်နိုင်ဖို့ လီသီမြစ်ရေကို မင်းနဲ့အတူသောက်နိုင်ဖို့၊ အရာအားလုံး အမုန်းရောအချစ်ပါ မေ့ပျောက်နိုင်ဖို့လေ။

မြက်ခင်းပြင်ပေါ်သို့ ရေတမာရွက်ကလေးတစ်ရွက်ကြွေကျသွားသည်ကို ကတ်ကတ်သတ်သတ် မြင်ဖြစ်အောင် မြင်လိုက်ချိန်တွင် ဟိုလ်ဒါလင်၏ နှုတ်ဆက်ခြင်း (The Farewell) ဟူသော ကဗျာတပိုင်းတစကို စိတ်ထဲက သတိရသွား၏။

ဦးဝိစာရလမ်းပေါ်က ရေတမာရွက်တစ်ရွက်နဲ့ ဟိုလ်ဒါလင်နဲ့ ဘာများသက်ဆိုင်နေလို့ပါလိမ့်ကွယ်။

ဝရန်တာမှာ ငေးမောနေသော သူမ အနီးသို့တစ်စုံတစ်ယောက် ရောက်လာသည်ကို သတိထားလိုက်မိ၏။ လှည့်ကြည့်ပေမယ့် ဆရာပဲ ဟုသိသည်။ ဤအိမ်မှာ ဖေဖေရော ပြည်သူရော



www.burmeseclassic.com

www.burmeseclassic.com



ခြေလှမ်း ခပ်ကြမ်းကြမ်း လှမ်းတတ်သည်။ ဆရာကတော့ ဤအိမ်တွင် ခေည့်သည်ဖြစ်နေသောကြောင့်ချည်းမဟုတ်ဘဲ နဂိုက ခြေလှမ်း သိမ်မွေ့နူးညံ့သူ ဖြစ်သည်။

"ကေသီ၊ ငြိမ်လှချည်လား"

ဆရာက သူမအနီးတွင် ရပ်ကာ သူမလိုပင် ဝရန်တာကို လက်ထောက်လျက် လမ်းမဘက်သို့ လှမ်းကြည့်လေသည်။ သူမ လှမ်းကြည့်နေသော ရေတမာရွက်ကလေးကို ဆရာ ဘယ်မြင်နိုင်ပါ့ မလဲ။

"ဘာတွေ တွေးနေလဲ ကေသီ"

အမှန်အတိုင်းပြောရမလား၊ မုသားစကား ပြောရမလား။

အမှန်တရားဟာ တစ်ခါတစ်ရံမှာ လူတွေကို ကြေကွဲစေတတ်သည် ဟူသော ဆရာ့စကားကို ချက်ချင်း သတိရသွား၏။

"ဘာမှ မတွေးပါဘူး ဆရာ၊ ကားတွေကို ငေးနေတာပါ"

ဆရာ ယုံ မယုံ သူမ အကဲမခတ်ချင်ပါ။

"ဒီနေ့ညနေ ကေသီ အိမ်ပြန် နောက်ကျတယ်နော်"

ဆရာ့လေသံက သိမ်သိမ်မွေ့မွေ့ကလေး၊ အပြစ်တင်လိုသော အရိပ်အမြွက်မျှပင် မပါ။ သို့သော် ဆရာ၏ အပြစ်ဆိုမှုကို သူမ ခံစား၍ရနေသည်။

"ဟုတ်လား ဆရာ"

"ကေသီ ဘယ်ဝင်နေသလဲလို့ ကိုယ်စပ်စုရင် ရိုင်းများ ရိုင်းသွားမလား"

ဩော်… ဖြစ်မှ ဖြစ်ရလေ ဆရာ။

သူမသည် နာကျင်သော နှလုံးကို မသိချင်ယောင်ဆောင်၍ မရတော့ဘဲ ဝမ်းနည်းပမ်းနည်း ဆရာ့ကို လှည့်ကြည့်လိုက်၏။





"၁၂ ကားတွေ ပြတ်နေလို့ ဆရာ"

"ဩော်…"

ဆရာ့လေသံက သူမကို မယုံကြည်သလိုလို။

"နောက်ပြီး မဟာမြိုင်ကနေ ဒီရောက်အောင်လမ်းလျှောက်လာရတဲ့ ခရီးကို တွက်ကြည့်ဦးဆရာ။ နေဦး မနက်ဖြန်ကျရင် ဆရာ သိအောင် ကျွန်မကို ကျောင်းရှေ့မှာ လာကြိုပါလား"

ဆရာက ပြုံးစစနှင့် ကေသီ့ထံမှ မျက်နှာလွှဲသည်။

ဒါတွေဟာ အမှန်ပဲ ဆရာ။

ဒီမေးခွန်းကို မနေ့ကသာ ဆရာ မေးခဲ့ရင် ကျွန်မ ဒီနေ့လို လိပ်ပြာသန့်သန့် ဖြေနိုင်မယ် မထင်ဘူး။

မနေ့က တစ်မနက်လုံး ကျောင်းမသွားခင် တယ်လီဖုန်းများ လာမလားလို မျှော်လင့်ချက်ဖြင့် သူမ စောင့်နေခဲ့သေးသည်။ မောင်များ သွားခါနီး ဖုန်းနှင့်နှုတ်ဆက်ဦးမလား။

သို့သော် မောင်က သူမလို စိတ်ကူးယဉ်သူမှ မဟုတ်ဘဲ၊ ဘာမဆို လက်တွေ့ကျကျ ဖြေရှင်းမည့်သူဆိုတာ အိမ်ကအထွက်မှာပဲ လက်ခံယုံကြည် လိုက်ခဲ့သည်။ ကျောင်းမှာ အဖြေလွှာတွေ ခြစ်နေစဉ် စိတ်ကို အယောင်ယောင်အမှားမှား မဖြစ်အောင် တတ်နိုင်သမျှ ထိန်းချုပ်ထားခဲ့ရတာ၊ ညနေ ငါးနာရီထိုးပြီးချိန်ဆို တီ ဂျီလေယာဉ်ကြီးပေါ် ရောက်နေပြီဟု တွေးမိတာ၊ အဲဒါတွေများ ဆရာ့ကို ပြန်ပြောရင် ဘယ်လောက် ထိခိုက်ကြေကွဲလိုက်မလဲ။ ကျွန်မကို နားလည်ပါ ဆရာ၊ တစ်သက်လုံး ခွဲရတော့မယ့် ချစ်သူတစ်ယောက်ရဲ့ မြန်မာပြည်က ထွက်ခွာတဲ့နေ့မှာ ကျွန်မ ဒီလောက်တော့ စိတ်ထိခိုက်ခွင့် ရှိတယ် မဟုတ်လားဟင်။



www.burmeseclassic.com

www.burmeseclassic.com



မနေ့က အဓိပတိလမ်းပေါ် ရောက်သည်အထိ အေးအေး သွယ်က အနားမှာ ကပ်ပါလာခဲ့သည်။

"ကေသီ ငါ နင့်အိမ်အထိ လိုက်ပို့မယ်"

"ဟင့်အင်း"

သူမ ခေါင်းမာစွာ ငြင်းလိုက်၏။

"နင် ဖြစ်ပါ့မလားဟာ"

"ဖြစ်တယ် ဖြစ်တယ်။ ဒီနေ့ ငါ့ကို တစ်ယောက်တည်း လွှတ်ပေးလိုက်စမ်းပါ အေးသွယ်"

ထို့နောက် သူမ အသံထွက် ရယ်လိုက်သေးသည်။

"မဆန်းဘူးလား အေးသွယ်၊ ဒီနေ့ ဆရာ ရန်ကုန် ရောက်မယ်၊ ဒီနေ့ သူ မြန်မာနိုင်ငံက ထွက်မယ်"

ကျောင်းဝင်းထဲမှ ထွက်ပြီး တက္ကသိုလ်ရိပ်သာလမ်းပေါ် အရောက်တွင် ဘတ်စ်ကားကို ဟုတ်တိပတ်တိ ရပ်စောင့်နေသေး၏။ ငါးနာရီခွဲသောအခါ သူမ စိတ်ထဲမှာ နင့်ခနဲကြေကွဲသွားတော့သည်။ အခုအချိန်မှာ လေယာဉ်ထွက်ပြီနဲ့ တူတယ်၊ အလွန်စိတ်ဓာတ် မာကျောတဲ့ မောင်ဟာ လေယာဉ်ပေါ်မှာ မျက်ရည်ကျမသွားဘူးလို့ ဘယ်သူက သေချာပေါက် တွက်နိုင်မှာလဲ။

တကယ်လို့ ကျွန်မသာ ဆရာနဲ့ မိုက်မိုက်မဲမဲ လက်မထပ်ခဲ့ ဘူးဆိုရင် အခုလိုအချိန်မှာ ကျွန်မ လေဆိပ်အဆောက်အဦပေါ်မှာ မျက်ရည်ကျပြီး လွမ်းနေမှာပဲနော်၊ နောက်သုံးလေးနှစ်ကြာမှ ပြန်တွေ့ ရမယ့် ချစ်သူကိုလေ။

အခုတော့ မောင် လေယာဉ်ပေါ် ပါသွားတဲ့အချိန်မှာ အနားမှာ ဘတ်စ်ကားစောင့်နေတဲ့ လုပ်ဖော်ကိုင်ဖက် ဆရာ ဆရာမ တွေရှေ့မှာ ခပ်ကြောင်ကြောင် ပြုံးနေရပြီ။





သူမ ဖြုန်းခနဲ စိတ်ကိုပြောင်းကာ အရှေ့ဘက်သို့ ထွက် လျှောက် သွားခဲ့မိသည်။

ဒါ မိုက်မဲတာ မဟုတ်ဘူး၊ ဆရာ့ကို လက်ထပ်တာဟာ အလုပ်သင့်ဆုံးအလုပ်ကို လုပ်လိုက်တာပါ။

ကျွန်မ ဆရာ့ကို လက်ထပ်တာ သိပ်မှန်တာပဲလို့ တစ်ဆိတ် ထောက်ခံလိုက်စမ်းပါ မောင်။

ဟိုရောက်သည်ရောက် အတွေးစများဖြင့် သူမ စိတ်မှတ်မဲ့ လမ်းလျှောက်သွားခဲ့သည်မှာ ကျောင်းလမ်းမှတ်တိုင်အထိ...။

"ကေသီ"

ဆရာ့လက်က သူမပခုံးကို လာတို့သည့်အခါ သူမ ဖျတ်ခနဲ ခပ်မြန်မြန်ပြုံးလျက် ဆရာ့ကို လှည့်ကြည့်လိုက်၏။

"ဘာလဲဟင်"

ဆရာ့မျက်လုံးများမှာ စူးရှစွာ အေးစက်နေကြသည်။

"ကားတွေကိုလှမ်းကြည့်နေတာဆိုရင် ကိုယ်ပြောတဲ့စကား ကို ကေသီ ကြားကိုကြားရမယ်"

သူမ ကမန်းကတန်း ရယ်မောလိုက်ရ၏၊

"ဩော်...ဆရာကလဲ၊ ကားတွေဆီကနေ တစ်နေရာရာ စိတ်ရောက်သွားလို့ဖြစ်မှာပေါ့။ ဒါနဲ့ ဆရာဘာပြောလိုက်တာလဲ ဟင်"

ဆရာက စိတ်ပျက်စွာ ပခုံးတွန့်လိုက်၏။

"ကိုယ် ကျောင်းရှေ့မှာလာကြိုရင် မဆုံသင့်တဲ့လူနဲ့များ သွား ဆုံနေဦးမလား ကိုယ်တွေးမိတာနဲ့ ဒီနေ့ ကေသီ့ကို လာမကြိုရဲတာ လို့ ပြောလိုက်တာလေ"



www.burmeseclassic.com

www.burmeseclassic.com



ဆရာ၏ အတွေးခေါင်မှုကို သူမရင်နင့်ကြေကွဲစွာ ရယ်မောလိုက်ပြန်သည်။

"ဖြစ်မှဖြစ်ရလေ ဆရာရယ်"

သူမ ထိန်းချုပ်မထားနိုင်တော့ပါ။

"ဆရာတွေ့ချင်ရင်တောင် မတွေ့ရတော့ ပါဘူးဆရာ။ သူ မနေ့ထဲက ထွက်သွားပြီ။ အခုဆိုရင် အမေရိကန်အသွား လေယာဉ်ပေါ်တောင် ရောက်နေပြီ"

ဟုတ်ကော ဟုတ်ပါ့မလား။ နောက်ဆုံးအချိန်ကျမှ မြန်မာနိုင်ငံကနေ မထွက်ခွာချင်လို့ လေယာဉ်ခရီးစဉ်ကို ဖျက်ပြီး ရန်ကုန်မှာပဲ ဆက်နေတာရော မဖြစ်နိုင်ဘူးလားဟင်။

ဩော်...မိကေသီ၊ တော်တော် စိတ်ကူး ယဉ်တတ်နေပါပြီကောလား။

သူမ ငိုချင်စွာ ရယ်မောလိုက်ပြန်၏။

"ဒီတော့ ဆရာ စိတ်ချလက်ချနေလို့ရပါပြီ။ ပွဲပြီးသွားပြီလေ ဆရာ"

ဆရာက ခပ်မဲ့မဲ့ ပြုံးလိုက်သည်။ ညှော်ခန်းဆီမှ ဖန်ချောင်းမီးရောင်အောက်မှာ ဆရာ့အပြုံးကို သူမ မြင်နေရ၏။

"ဒါဟာ ကစားပွဲတစ်ခုမဟုတ်ဘူး ကေသီ။ အဲလို ပေါ့ပျက်ပျက် လေသံနဲ့ ကိုယ့်ကိုမလှည့်စားနဲ့"

ဝမ်းနည်းပါတယ် ဆရာ။

သူမ ဆံပင်ကြားထဲသို့ လက်ချောင်းများ ထိုးသွင်းကာ ဆွဲဖွပစ်လိုက်သည်။

"ဒါဖြင့် ကျွန်မ ဘယ်လိုစကားမျိုးပြောရမှာလဲ" သူမ၏ နှုတ်ခမ်းများ အနည်းငယ် မဲ့ကွေးနေသည်။





"သူ့အကြောင်းကို ပြောပေါ့"

"ဟင်"

ဆရာ့ မျက်နှာမှာ သရော်ဟန်မတွေ့ရသဖြင့် သူမ ပို၍ အံ့ဩသွားပါသည်။

ဆရာက လူကြီးတစ်ယောက်၏ အပြုံးမျိုးဖြင့် သူမကို ကြင်နာစွာကြည့်၏။

"ကဲ ကိုယ့်ကိုပြောစမ်း၊ သူ့ခရီးစဉ်တွေ၊ ဟိုရောက်ရင် သူ လုပ်မယ့်အလုပ်တွေ"

သူမ မျက်စိခဏမှိတ်ပြီး ပြန်ဖွင့်လိုက်၏။

"သူလား သူ ဒီနေ့ တစ်ညလုံး လေယာဉ်ပေါ်မှာ ရှိနေလိမ့်မယ် ဆရာ။ သူ့ရုံးခန်းက ကိုခင်မောင်ဇော် ပြောသလိုဆိုရင် သူ မနက်ဖြန်ညနေမှာ ဘော်လ်တီမိုးမှာသွားအိပ်မယ်။ ဒါနဲ့ ဆရာ ဘာဖြစ်လို့ သူ့အကြောင်း မေးတာလဲဟင်"

ဆရာက အသံမထွက်ဘဲ ရယ်မောလိုက်လေသည်။

"ဩော် လူတစ်ယောက်ဟာ သူ့အရှုံးကိုသူ သတ္တိရှိရှိ ရင်ဆိုင်ဖို့ လိုအပ်တယ်ဆိုတာ ကိုယ်တွေးမိလို့ပါ။ တဖြည်းဖြည်းချင်း အရှုံးနဲ့ ရင်းနှီးကျွမ်းဝင်ပြီး ဒါဟာ မထူးဆန်းဘူးလို့ မြင်နိုင်အောင်လေ၊ ဆက်ပြောပါဦး" သူမ သက်ပြင်းချလိုက်၏။ ဘုရားသိကြား မ, လို့ သူမ၏အသံများ မှုမပျက်ပါစေနဲ့။

"နောက်တစ်နေ့မနက် ဒက်ထရွိက်ကို ပြန်ပြီး လေယာဉ်စီးမယ်။ ကနေဒါကို အဲဒီနေ့ညမှရောက်မယ်။ အဲဒီမှာ သူ အလုပ်လုပ်မယ်။ နောက်ပိုင်းနှစ်ဝက်မှာ သူ စကော့တ်လန်ကို ကျောင်းသွားတက်ပြီး၊ ရှေ့ပိုင်း နှစ်ဝက်မှာ ကနေဒါမှာ ရှိနေမယ်။ အဲဒီလိုနဲ့ သူဟာ



www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံရော ကေသီဆိုတဲ့ မိန်းမကိုရော အာရုံထဲက ဖျောက်ထားနိုင်လိမ့်မယ်"

ရင်ထဲမှာ နင့်သီးစွာဖြင့် သူမ စကားကို ရပ်ထားပြီး ဆရာ့ကို ငေးကြည့်နေမိသည်။ ဆရာက သူမကို ပြန်ကြည့်သော မျက်ဝန်းများမှာ လှုပ်ခတ်သော ခန်းဆီး၏ အမှောင်ရိပ်ကြောင့် မသဲမကွဲ ဖြစ်သွားသည်၊ ဒါမှမဟုတ် သူမမျက်ဝန်းက မျက်ရည်စများကြောင့် မသဲကွဲတာလည်း ဖြစ်နိုင်သည်၊

"အဲဒါ ကျွန်မသိသလောက် သူ ဆက်ရပ်တည်မယ့်ဘဝပဲ ဆရာ။ ဒါနဲ့ ကျွန်မနဲ့ ဆရာကရော ဘာတွေ ဆက်ဖြစ်ကြမယ်လို့ ဆရာ ထင်လဲဟင်"

ဆရာ ခေါင်းယမ်းလိုက်၏။

"ကိုယ် မပြောတတ်တော့ဘူး ကေသီ" ဆရာ့အသံမှာ စိတ်ပျက်အားလျော့မှုများဖြင့် တိုးတိတ်လျက်ရှိသည်။

ဆရာဟာ ငါ့ခြေချင်းဝတ်က ရွှေကြိုးကလေးကြောင့်များ စိတ်ညစ်နေလေသလား။ ဒါဟာ အမှတ်တရပစ္စည်း မဟုတ်ပါဘူး ဆရာ။ စစ်ရှုံးတဲ့လူရဲ့ စစ်လျော်ကြေးပါတဲ့၊ နောက်ပြီး အလုအဆင်တန်ဆာတစ်ခုလဲ ဖြစ်တယ် ဆရာ။ ဒါနဲ့ ကျွန်မရဲ့အရှုံးအတွက်ရော ကျွန်မက ဘယ်သူ့ကို လျော်ကြေးပေးရမလဲဟင်၊ ဆရာ့ကိုလား၊ သူ့ကိုလား။

"ကျွန်မ စဉ်းစားမိသလောက်တော့ နောက် ၂နှစ် ၃နှစ် လောက်ကြာတဲ့အခါ ကျွန်မနဲ့ဆရာ ကွဲချင် ကွဲသွားနိုင်တယ်"

စိတ်ထိခိုက်စွာ ဆရာ့ကို သူမ နွဲ့မှိုပစ်လိုက်သောအချိန်တွင် သူမ မျက်လုံးအိမ်မှာ မျက်ရည်များ ရုတ်တရက် ပြည့်လျှံလာခဲ့သည်။





အမှောင်ထဲတွင် ရောက်နေသည့်အတွက် ဤ မျက်ရည်များသည် ဆရာ့ကို ထိခိုက်စေမှာမဟုတ်ဟု သူမ ဖြေသိမ့်လိုက်သည်။

"ဒါမှမဟုတ် ဆရာနဲ့ ကျွန်မမှာ သိပ်ချော၊ သိပ်ချစ်ဖို့ကောင်းပြီး ဉာဏ်ထက်မြက်တဲ့ သမီးကလေးတစ်ယောက်လဲ ရလာနိုင်တယ် ဆရာ... နော်"

ဆရာက သူမ၏ ပခုံးကို ညင်သာစွာ ပွေ့ဖက်လိုက်၏၊ ထိုအခါ သူမသည် မျက်ရည်ကြားမှပင် ရွှန်းရွှန်းစွာ ပြုံးရယ်လိုက်လေသည်။

ဂျူး



www.burmeseclassic.com